www.burmeseclassic.com



# တပြည်သူမရွှေထား

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။

ရှင်မဟာသီလဝံသ

## သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း – ၁

## နွေဦးအတိတ်–ချစ်နိမိတ်

“မောင့် . . . ထားသခင်
မြစိမ်းရှင်ထံ
မကြြင်သူအား
ကြြင်မိမှားမို့
သနားခွင့်ထူး
မပန်ဖူးပါ
နွေဦးအတိတ်
ချစ်နိမိတ်ဟု
ဖိုလ်ဟိတ်ထင်မှတ်
သည်လွမ်းဇာတ် ကား
တုပ္ပတ်စတင်
ဦးမှာပင်က
သက်ငင်ရှက်တို့ကြွေသောလ . . . ”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မိဘဟူသည် သားသမီးကို ချစ်သည်မျိုးမို့ ကောင်းနိုးရာရာ အမည်ပေးကြရိုးထင်သည်။ ကျွန်တော့်မိဘများကလည်း ကျွန်တော့်နာမည်ကို မြတ်ဆွေဟု လှလှပပ မှည့်ခေါ်သွားခဲ့ကြ၏။ ခက်သည်မှာ . . . မရွှေထားတစ်ယောက် ပြောင်လှောင်သရော်ခဲ့သကဲ့သို့ပင် ကျွန်တော် မောင်မြတ်ဆွေ၌ မြတ်သော ဆွေလည်းမရှိ။ မြတ်သော မျိုးလည်းမရှိ။ မြတ်သော ဘာဆိုဘာမှမရှိ . . .။ မရှိ . . .။

လူမှန်း ကောင်းကောင်း မသိခင်ကတည်းက မိဘမဲ့။ လူလားမြောက်ချိန်၌ တစ်ကောင်ကြွက် . . .။ လူကြီးဖြစ်လာပြန်တော့ အထီးကျန် . . .။

ခေတ်စားနေသောစကားနှင့် ကြီးကြီးကျယ်ကျယ် ကဗျာဆန်ဆန်ဆိုရသော် မုန်တိုင်းထန်သော (ဝါ) ခယောင်းတောပမာတူသော ကျွန်တော့်အတိတ်၌ မက်မော တသဖွယ်ရာတို့ မရှိပါ။ မက်မော တသဖွယ်ရာ မဟုတ်သော်လည်း မမေ့နိုင်သောအရာကို လွမ်းဖွယ်ရာဟု ဆိုခွင့်ရှိလျှင်မူ ကျွန်တော်၌ လွမ်းဖွယ်သောအတိတ် ရှိခဲ့ဖူးပါသည်။

မှန်သည် . . .။ လွမ်းဖွယ်သောအတိတ် . . .။

ကျွန်တော်၏ ချစ်လှစွာသော (ပိုမိုတိတိကျကျဆိုရလျှင်) ကျွန်တော် တစ်ဖက်သတ်ချစ်လှစွာသော ထားတစ်ယောက်ကို သံယောဇဉ်ဗဟိုပြုထားသည့် ကာမဂုဏ်သား ဆုံလည်နွားတစ်ကောင်၏ လွမ်းဖွယ်သောအတိတ် . . .။

ဆောင်းအိုကြွေလု နွေရတုလျှင် သစ်မည်မူးမူး . . .။

သည်စာစကားကို ကျွန်တော် ဘယ်မှာ ဖတ်ရဖူးသည်မမှတ်မိ။ ထားကို သတိရလျှင် . . . အထူးသဖြင့် ထားနှင့် စတင်ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြန်အောက်မေ့မိလေတိုင်း . . . သည်စကားက ကျွန်တော့်နှုတ်ဖျားတွင် ပေါ်ပေါ်လာသည်။

ဆောင်းအိုကြွေလု နွေရတုလျှင် သစ်မည်မူးမူး . . .။

ဟုတ်ကဲ့ . . .။ တစ်ခုသော . . . ဆောင်းအိုကြွေလု နွေရတုလျှင် သစ်မည်မူးမူး အချိန်မှာပါလေ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၂)

မြန်မာပြည်၏ အလှဆုံးမြို့များတွင် ကျွန်တော်၏ ဇာတိဌာနေ ပြည်မြို့လည်းပါသည်။

ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်ရသည် မဟုတ်ပါ။ ဗြိတိသျှစစ်သူကြီး ဖီးလ်မာရှယ် ဆာဝီလီယံဆလင်းက "အရှုံးမှသည် အောင်ပွဲဆီ" ဟူသော သူ့စာအုပ်တွင် သူမရှုမလှ ရှုံးရတော့မည့်ဆဲဆဲ ပြည်မြို့၏အလှကို မမေ့မလျော့ ဖော်ပြထားသည်။

ထို ၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ၏ တစ်နေ့သော ညနေမစောင်းတစောင်းတွင်ကား ဆာဝီလီယံဆလင်းတစ်ယောက် မြန်မာပြည်သို့ ရောက်မလာသေး။ ဆာဝီလီယံဆလင်းဟုခေါ်သော ပုဂ္ဂိုလ်တစ်ဦး ဤလူ့လောက၌ ရှိလေမှန်းပင် ကျွန်တော်မသိသေး။

ကျွန်တော့်အသက်က ၁၃ နှစ်။ ပညာက ၆ တန်း။

ဆာဝီလီယံဆလင်းကို မသိသကဲ့သို့ ကြောက်မက်ဖွယ်သော ဒုတိယကမ္ဘာစစ်မီးကြီးသည် မြစ်မင်းဧရာ ရေနံ့သာဦးမှ လှပသာယာသော ကျွန်တော်တို့၏ပြည်မြို့ကြီးကို ဝါးမျိုဖျက်ဆီးပစ်လိမ့်မည်ကိုလည်း ကြိုတင်မသိနိုင်သေး။

တပို့တွဲမို့ ပေါက်ပင်လဲပင်တို့ ပတ္တမြားပွင့်နီတို့ကို ကိုယ်စီဆင်စပြုနေပြီ။

သူမတူအောင် ရွှေရည်ဝင်းသော တမာရွက်တို့လည်း လေအလှူပ်တွင် မြေသို့ တဖြုတ်ဖြုတ်ကြွေဆင်းနေကြပြီ။

မြမြပြာသော ဧရာဝတီမြစ်ရေက ကြည်ကြည်လင်လင် ညင်ညင်သာသာစီးဆင်းနေသည်။

သည်ဖက်ကမ်း၌ သဲစည်းခုံပေါ်၌ သောင်ပီပီ ထွန်းစပြုပြီ။ ဟိုမှာဖက်ကမ်း၌မူ သောင်မထွန်း။ မြရေယဉ်ညိုသည် တန့်ကြည်တောင်တော်၏ အခြေမှ ခွေပတ်ကာ လွတ်လွတ်လပ်လပ်စီးနေ၏။

တန့်ကြည်တောင်မှသည် မြောက်ဖက် ဖိုးဦးတောင်ဆီအထိ ကြောဆန့်ပြေးနေသော တောင်တန်းများထက် မှုန်မှုန်ရီရီ မြူဝန်းရစ်သီရှိခဲ့ပြီ။

ရှုခင်းသာသော အေ–ဘီ–အမ် မိန်းကလေး အထက်တန်းကျောင်းကြီးဆီမှ တောင်ဖက်အတန်လှမ်းရာ ကတ္တရာလမ်းမကြီး၏ အနောက်ဖက် မြစ်ကမ်းနဖူး မန်ကျည်းပင်စုအရိပ်အောက်၌ ခြေတံရှည် တဲတန်းတစ်တန်းရှိသည်။

တောင်ဘက်အစွန်ဆုံးရှိ တဲတစ်လုံး၏ အရှေ့လမ်းဘေး၌ မြေစိုက်ဆိုင်းဘုတ်တစ်ခုရှိ၏။ ဆိုင်းဘုတ်သည် ဟောင်းနွမ်းအိုမင်းနေပြီ။ သံဖြူပြားပေါ်မှ နောက်ခံ အနက်ရောင်ဆေးသားသည် ပြယ်လွင့်စပြုပြီ။ အဖြူရောင်စာသားများကလည်း ခပ်ညစ်ညစ် . . .။ စာသားကို ဖတ်ကြည့်လျှင် . . .

"ပြည်ဆရာအေးကြီး၏ သား။ ဆရာမောင်ချမ်းသာ။ စောင်း၊ ဒုံမင်း၊ ပတ္တလား၊ ဘင်ဂျို တူရိယာစုံ သင်ပေးသည်။ အလှူ၊ မင်္ဂလာဆောင်၊ ပွဲနေ ပွဲထိုင် တီးဝိုင်းစုံစမ်းရန် . . . "

ဟု တွေ့ရမည်။

ယင်း ဆိုင်းဘုတ်နှင့် တဲမှာ ကျွန်တော်မောင်မြတ်ဆွေ၏ ကျေးဇူးရှင် ဂီတဆရာ ဆရာလေးဦးချမ်းသာ၏တဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းပြောင်သော ဝါးခြမ်းခင်းကြမ်းပြင်တွင် ထိုင်ရင်း ကျွန်တော်က မယ်ဒလင်တီးနေသည်။ ဆရာက ဝါးပိုးတိုင်တစ်လုံးကို မှီထိုင်ကာ စည်းတီးလျက် သီချင်းဆိုနေ၏။

သီချင်းမှာ ကျွန်တော့်အတွက်ရော၊ ဆရာ့အတွက်ရော၊ ကျွန်တော်နှင့်ဆရာကဲ့သို့ ဧရာဝတီမြစ်မင်း၏ကမ်းခြေတွင် မွေးဖွားကြီးပြင်းလာခဲ့သူတွေအတွက်ရော ဘယ်သောအခါမှ မရိုးနိုင်သော ယမုန္နာချီ သီတာသောင်ခြေဘွဲ့ ပတ်ပျိုးကလေးဖြစ်၏။

အချိန်မှာ သီချင်းစာသားတွင်း၌ပါသော တပေါင်းတန်ခူး မိုးသားကြူးချိန်မှု မဟုတ်သေး။ ဆောင်းနှင့်နွေလျှင် ခွဲဝေခြမ်းကြသော တပို့တွဲလနှောင်း–တပေါင်းမူးမူး။ လေရူးတော့ ဆော်လေပြီ။ နဒီတွင်း၌ ငါးကြင်းနှင့် ငါးတန်တို့ မဆန်လေသေး . . .။ သောင်ရေစီး၌ လေယာဉ်စီးနေသော ကိုတံငါတို့ကိုမူ တွေ့နိုင်သည်။ လည်ချင်းယှက်လို့ နွဲ့ခါပျော်စံဟုတော့ မဆိုနိုင်။ သို့ရာတွင် ကြင်ဖော်တွဲလို့ ဝဲကာပျံနေကြသည့် ဟသ်ာ၊ စင်ရော်၊ ရင်ဘောင်၊ ပိန်ညင်းစသော ငှက်များကိုကား မြင်နေရ၏။

မြင်နေရသည်ဆိုသည်မှာ ကျွန်တော့်အတွက်။ ကျွန်တော့်ဆရာအတွက်တော့မူမဟုတ်။ အကြောင်းကား ကျွန်တော့်ဆရာကိုချမ်းသာမှာ စက္ခုနှစ်ကွင်း အလင်းရသူ မဟုတ်လေရာသောကြောင့်တည်း . . .။

ဆရာသည် သီချင်းကို လွမ်းလွမ်းဆွေးဆွေးဆိုနေ၏။ သည်သီချင်းကို မဟုတ်။ ဘယ်သီချင်းကိုမဆို ဆရာက လွမ်းလွမ်းဆွေးဆွေးဆိုတတ်၏။ ဆရာ့ပင်ကိုယ်သံကိုယ်၌ ငိုသံအမြဲပါသည်။ ထို့ကြောင့်လည်း အလှူပွဲများတွင် အလှူရှင်တို့က ဆရာသီချင်းဆိုလျှင် မကြိုက်။ ထိုအခါမျိုးတွင် ကျွန်တော်ဖြစ်စေ၊ အခြားတပည့်တစ်ယောက်ဖြစ်စေ သီချင်းဆိုရသည်။ မျက်မှန်မည်းတပ်လျက် ဆရာက ပတ္တလားသော်လည်းကောင်း၊ စောင်းသော်လည်းကောင်း တီးရ၏။ မင်္ဂလာဆောင်ပွဲများကမူ အင်္ဂါမစုံသူ ဆရာ၏ဝိုင်းကို ငှားလေ့မရှိကြ။ ငှားသော အလှူများမှာလည်း မျက်နှာကြီး အလှူပွဲများမဟုတ်။ ဆင်းရဲသား လက်လုပ်လက်စားတို့၏ အလှူပွဲများသာ။ ထို့ကြောင့်လည်း ကျွန်တော့်ဆရာမှာ နာမည်မှလွဲ၍ ဘာမျှမချမ်းသာ။

သဖြန်အဆုံး သီချင်းအပြီး၌ ကျွန်တော်က ကျွန်တော်၏ ကျွန်းသားထွင်းအိုး မယ်ဒလင်ကလေးကို ကြမ်းပေါ်သို့ အသာချထားလိုက်၏။ ဆရာကမူ ထိုင်နေရာမှ မလှုပ်သေးပဲ မြစ်ဖက်သို့ မမြင်ရသောမျက်လုံးများဖြင့် ငေးကြည့်နေ၏။

“ဆရာ . . . ဆေးလိပ်ဖွာဦးမလား . . . ”

“သြော် . . . အေး . . . အေး . . . အကောင်းသား . . . ”

ကျွန်တော်က ငါးသေတ္တာဗူးခွံ ဆေးလိပ်ခွက်တွင်းမှ ဆေးလိပ်တိုကို မီးညှိပြီး ဆရာ့လက်တွင်း ထည့်ပေး၏။ ဆေးလိပ်ကို သုံးလေးခါ ဖွာရှိုက်လိုက်ပြီးမှ ဆရာက စကားဆို၏။

“ယမုန္နာကို ဆိုလိုက်ရမှ ငါ့ရင်ထဲက ချဉ်ခြင်းပေါ့သွားတယ် . . . မြတ်ဆွေရေ . . . မြစ်က စာထဲကအတိုင်း လှနေပြီမဟုတ်လား . . . ”

“လှနေပါပြီဆရာ . . . သြော် . . . သောင်ပေါ် ခါတိုင်းမရှိတာတွေလဲ တွေ့ရတယ် . . . ”

ကျွန်တော်က သည်ဘက်ကမ်းသောင်ပြင်ဆီကိုလည်းကောင်း၊ ဟိုတစ်ဘက်ကမ်းမှ ဆင်တဲဆိပ်ဆီငှင်း လှမ်းကြည့်ပြီး ပြော၏။

“ဟေ . . . ဘာတွေလဲဟ . . . ”

ကျွန်တော်သည် ချက်ချင်းမဖြေသေးပဲ ပြုံးနေမိ၏။

“ပြောလကွာ . . . မင်းဟာက ဘာလဲ . . . ”

“သြော် . . . ယမုန္နာသင်စတုံးက ကျွန်တော်ပြောခဲ့တာ ပြန်သတိရမိလို့ပါ . . . ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . လံကွတ်တီနဲ့ ကုလားတွေလား . . . "

"ဟုတ်တယ် . . . ယမုန္နာဆိုတာ ကုလားပြည်က မြစ်ပဲ . . . ဂျမုနမြစ်ပေါ့ . . . ဂျမုနမြစ်ထဲက ကိုတံငါဟာ လံကွတ်တီနဲ့ ကုလားပဲ . . . လံခြားဆွဲတဲ့ အပွနားတို့ . . . ဆာမိတို့ . . . မူတူးတို့လို . . . "

"မင်း တော်တော်မဟုတ်တာ ပြောတဲ့ကောင် . . . မူလ ယမုန္နာ (ဝါ) ယမုနမြစ်ကတော့ ကုလားပြည်က မြစ်ပေါ့ . . . နေမင်းရဲ့သား ယမစောင့်သောမြစ် . . . ဒီလို အဓိပ္ပာယ်ရသပေါ့ . . . ဒါပေမယ့် ယမုန္နာသီချင်းကတော့ တို့ရဲ့ ဧရာဝတီမြစ်ကိုပဲ ကြည့်ဖွဲ့ထားတာပါကွာ . . . ယမုန္နာတို့ . . . ယမုန်တို့ဆိုတာလဲ မြန်မာမှုက မွေးစားထားတဲ့စကားတွေပါ . . . မြစ်ပဲ . . . ရေပဲလို့ သာမာန်အဓိပ္ပာယ်ကောက်ရတယ် . . . "

"ဆရာ တစ်ခါပြောပြလို့ ရှင်းပါပြီ . . . ဒါပေမယ့် ကျွန်တော့်မျက်လုံးထဲ မြင်မြင်လာတာ ပြောရတာ . . . "

"မင်းမြင်ပုံကလဲကွာ . . . စာရဲ့ ရသ အလုပျက်လှတယ် . . . ကြုံကြုံဖန်ဖန် ကိုတံငါကို လံကွတ်တီနဲ့လို့ . . . "

"အခုလဲ ရသအလုပျက်အောင် ပြောရဦးမယ် . . . မြစ်ထဲက သောင်ခုံပေါ်မှာ လံကွတ်တီနဲ့ ကုလားတွေ . . . "

"ဘာ . . . မြစ်ထဲက သောင်ခုံပေါ်မှာ လံကွတ်တီနဲ့ ကုလားတွေ . . . "

"ဟုတ်တယ် ဆရာ . . . စစ်ပြေးကုလားတွေ . . . "

ထိုအချိန်၌ ရန်ကုန်မြို့ကို ဂျပန်က မကြာခဏ ဗုံးကြဲနေပြီ။ ကုလားစစ်ပြေးများစွာသည် ပြည်မြို့သို့ စုပြုံရောက်လာနေကြသည်။ ပြည်မြို့မှသည် မြစ်ကို ရရာနှင့်ကူး၍ တဖက်ကမ်းဆင်တဲဆိပ်သို့ သွားကြသည်။ ဆင်တဲမှ ပန်းတောင်းမြို့။ ပန်းတောင်းမြို့မှသည် တောင်ကုတ်လမ်းဖြင့် ရခိုင်ပြည်နယ်သို့။ ထိုမှတစ်ဆင့် ဘင်္ဂလားသို့ . . .။

ပြည်မြို့ဆိပ်ကမ်းနှင့် သောင်ခုံပေါ်တွင် မြစ်ကူးမည့်ကုလားတွေ လံကွတ်တီရောင်ကြောင့် ဖွေးနေ၏။ ဆင်တဲဆိပ်ဆီလည်း ဖွေးနေ၏။ ဆင်တဲမှ ပန်းတောင်းဆီသွားသောလမ်း၌လည်း ဖုန်တထောင်းထောင်းနှင့် . . .။

ဆရာသည် အတန်ကြာ ငြိမ်စဉ်းစားနေပြီးမှ မေး၏။

"ကုလားတွေ ပြေးလာပြီဆိုတော့ အင်္ဂလိပ်တွေ ဆုတ်တော့မယ်ထင်တယ် . . . မင်း စစ်သတင်းဘာကြားသေးလဲ . . . "

"သတင်းစာတွေထဲဖတ်ရတာကတော့ အင်္ဂလိပ်တွေရဲ့ စင်ကာပူခံတပ်ကြီးက သိပ်တောင့်သတဲ့ . . . စင်ကာပူကို ဂျပန်မဖြိုနိုင်ဘူးတဲ့ . . . စင်ကာပူမပြိုသမျှ ဂျပန်လဲ မြန်မာပြည်ကို မရောက်နိုင်ဘူးတဲ့ . . . "

"ဟာ . . . ဒါလောက်တော့ ငါလဲ ကြားဖူးတာပေါ့ . . . ငါမေးတာက တခြားသတင်း . . . "

"တခြားသတင်းတွေကတော့ စုံလို့ပဲ . . . အခု ယိုးဒယားမှာ ဂျပန်တပ်တွေချည်း မဟုတ်ဘူးတဲ့ . . . မြန်မာတပ်တွေလဲ ပါသတဲ့ . . . "

"ဟေ . . . မြန်မာတပ်တွေ . . . "

"ဟုတ်တယ် . . . အဲဒီမြန်မာတပ်တွေထဲမှာ ကျွန်တော်တို့ ပြည်ကလူတွေလဲ ပါသတဲ့ . . . "

"တကယ် . . . "

"ဒီလိုပဲ ကြားတာပဲ . . . မြို့ထဲမှာလဲ အခု အဖမ်းအဆီးသိပ်များတယ် . . . ကျွန်တော်တို့ အမျိုးသားကျောင်းက ကျောင်းအုပ်ကြီးတောင် ဖမ်းသွားပြီ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဖမ်းတာလဲ . . . "

"အင်္ဂလိပ်ကို ဆန့်ကျင်တဲ့လူမှန်သမျှ ဖမ်းတာပဲ . . . သခင်တွေကတော့ ထိပ်က အဖမ်းခံရတာပေါ့ . . . တချို့လဲ အဖမ်းမခံပဲ အိမ်က ပျောက်ကုန်ပြီ . . . သူတို့ကလဲ ဟောတာကိုး . . . အင်္ဂလိပ်အခက် မြန်မာ့အချက်တဲ့ . . . ဂျပန်နိုင်ရင် မြန်မာပြည် လွတ်လပ်ရေးရမယ်တဲ့ . . . ဆရာ့မို့ တိုးတိုးပြောရဦးမယ် . . . အခု လူတွေအားလုံးက ဂျပန်မျှော်နေကြတယ် . . . "

"ဂျပန်ကိုမျှော်တာ မဟုတ်ပါဘူးကွာ . . . မင်း ခုနင်ကပြောတဲ့ လွတ်လပ်ရေးဆိုတာကို မျှော်တာ . . . ဒါထက် မင်း . . . လကို ကြယ်ဖောက်တာ မြင်လိုက်သလား . . . "

"ဟာ . . . မြင်တာပေါ့ . . . "

ပြီးခဲ့သော ပြည်ရွှေဆံတော်ဘုရားပွဲ ကျင်းပနေစဉ်ကဖြစ်သည်။ ဘုရားရင်ပြင်ပေါ်၌လည်းကောင်း၊ ကုန်းတော်ပတ်ဝန်းကျင်၌လည်းကောင်း၊ လူပရိသတ် ကြိတ်ကြိတ်တိုး စည်ကားနေသည်။ ထိုအချိန်က ကျွန်တော်သည် သူငယ်ချင်းများဖြစ်ကြသော လှဦး၊ ဟုတ်ကျန်၊ အောင်ကြည်တို့နှင့်အတူ ရင်ပြင်ပေါ်တွင် ရှိသည်။ မည်သူက စသည်မသိ။ လူတို့သည် ကောင်းကင်သို့ မော့ကြည့်ကြကုန်သည်။ ဆောင်း၏ ပြာလဲ့သောကောင်းကင်တွင် လသည် ထိန်အောင်သာနေ၏။ ထိန်အောင်သာနေသော လဆီသို့ ကြယ်တစ်လုံးသည် တရွေ့ရွေ့ချဉ်းကပ်လာနေသည်။ မကြာမီပင် ကြယ်သည် လတွင်းသို့ဝင်သွားပြီး အခြားတစ်ဖက်မှ ထိုးဖောက်ပြန်ထွက်လာ၏။ ဘုရားပွဲတော်တစ်ခုလုံး ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့၏။

ကျွန်တော်တို့ပြည်မြို့တွင် လကို ကြယ်ဖောက်သည့်အကြောင်း ပြောရှုံ့မဆုံးကြအောင် ရှိသည်။ အတိတ်တဘောင်အမျိုးမျိုးလည်း ပေါ်လာ၏။

မျက်စိမမြင်ရှာသော ဆရာကား လကို ကြယ်ဖောက်သည်ကို ကိုယ်တိုင်မတွေ့ရ။ တစ်ဆင့်စကားတော့ ကြားပြီးပြီ။ ယခုဘာကြောင့်မေးပါသနည်း။

"ဆရာ ဘာလို့ မေးတာလဲ . . . "

"လကိုကြယ်ဖောက် ဂျပန်ရောက်လို့ ပြောနေကြတယ် မဟုတ်လား . . . ဂျပန်ရောက်လာမယ်မလာမယ်တော့ မသိဘူး . . . လနဲ့ ကြယ်နီးရင် မကောင်းဘူး . . . ပြည်ကြီးပျက်တတ်သတဲ့ . . . စစ်ကြီးများ တို့ဆီ ကူးလာဦးမလား မသိပါဘူးကွာ . . . ကူးလာရင်တော့ ဒုက္ခပဲကွာ . . . "

ကျွန်တော်သည် ဆရာ့ကို ဂရုဏာသက်စွာ ကြည့်မိ၏။

အမှန်က ကျွန်တော်သည် စစ်ကိုမကြောက်။ ကြောက်ရအောင်လည်း စစ်ဆိုသည်ကို တစ်ခါမျှ မကြုံဖူးသေး။ ဆရာကတော့ ကြောက်ရှာမည်။ မျက်မမြင်ဒုက္ခိတတစ်ဦးမည်သည် အားငယ်စိုးရိမ်တတ်မြဲ မဟုတ်လော။

ဆရာ စိတ်သက်သာစေရန် ကျွန်တော်က အားပေးစကားပြောရ၏။

"တွေးပူမနေပါနဲ့ ဆရာရယ် . . . စစ်ရောက်လာလဲ ခဏပေါ့ . . . လူတွေကတော့ ပြောနေတယ် . . . ဂျပန်မြန်မြန်ရောက်ရင် ကောင်းမယ်တဲ့ . . . ဂျပန်ရောက်လာရင် ကုန်ပစ္စည်းတွေ ခုထက်ပေါမတဲ့ . . . ဆရာသိသားပဲ . . . ဂျပန်ပစ္စည်းမှန်သမျှ ဈေးနည်းတာပဲ မဟုတ်လား . . . ဆင်းရဲသားတွေ ဟန်ကျမှာပေါ့ . . . "

ဆရာသည် အင်းရှည်ကြီးတစ်လုံးချလိုက်၏။

"အင်း . . . ရောက်လာလို့ ကောင်းမှာကနောက် . . . အင်္ဂလိပ်က ခံမတိုက်ဘူးတဲ့လား . . . ခံတိုက်ရင် စစ်တလင်းဖြစ်မှာသေချာတယ် . . . စစ်တလင်းဖြစ်တော့ ဘယ်ပြေးကြမလဲ . . . ဒါထက် စစ်ရောက်လာရင် မင့်အစ်မက ဘယ်ပြေးမယ်လို့ ပြောသလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် ကျွန်တော်မဖြေနိုင်။ စစ်ရောက်လာလျှင် ဘယ်ပြေးမည်နည်း။ ကျွန်တော်တို့၌ ပြေးစရာမြေမရှိ။ ပြည်ကလွဲ၍ အခြားအရပ်သို့ ကျွန်တော်မရောက်ဖူး။ အခြားအရပ်၌ ဆွေမျိုးဟူ၍လည်းမရှိ။ ပြည်၌ပင် ဆွေမျိုးဟူ၍မရှိ။ ကျွန်တော်နှင့် ကျွန်တော့် အစ်မ။ ဩော် . . . ကျွန်တော့်ယောက်ဖ . . .။

ကျွန်တော်က သက်ပြင်းရှိုက်ပြီးဆို၏။

"မမက ဘာမှမပြောဘူး . . . စဉ်းစားမိပုံလဲ မရဘူး . . . သူလဲ သူ့အပူနဲ့သူ မဟုတ်လား . . . "

"ဩော် . . . ဟုတ်ပါရဲ့ . . . အေး . . . အေး . . . ဒါထက် မင့်ယောက်ဖကော ဘယ်တော့ ထောင်ကလွတ်မလဲ . . . "

"လိုပါသေးတယ် . . . တစ်နှစ်ခွဲတောင် ကျသွားတာ . . . ခုမှ သုံးလပဲ ရှိသေးတာ . . . "

ဆရာသည် ဘာမျှ ဆက်မပြောတော့ပဲ ငြိမ်နေ၏။ အတန်ကြာမှ ပြုံးလိုက်ပြီးဆို၏။

"စစ်အကြောင်းပြောရတာနဲ့ စောစောက သီချင်းနဲ့ ကြည်နူးရတာလေးတွေ ပျောက်ကုန်ပြီ . . . ဒါထက် မင်း သီချင်း အသစ်တစ်ပုဒ် တက်ဦးမလား . . . "

"သီချင်းကြီးထဲကလား . . . တက်ချင်တယ် . . ."

"သီချင်းကြီး ထားဦးကွာ . . . မင်းတော်တော်ရပြီပဲ . . . ကာလပေါ်ထဲက လုပ် . . . ဟိုဒင်းကွာ . . . ပြည်လုဖေဆိုထားတဲ့ ဂုဏ်မြင့်သူ တက်ပါလား . . . "

"ဟာ . . . အဲဒါကြီးတော့ မတက်ချင်ပါဘူး . . . "

"ဘာဖြစ်လို့ . . . "

"မိန်းမကို ဒူးထောက်လွန်းတယ် . . . ကျွန်တော့်အတန်းက ဆရာဦးသိန်းအောင်က ပြောတယ် . . . ယောကျ်ားဈေးဖျက်တဲ့ သီချင်းတဲ့ . . . "

"မင်းဆရာက နဂါးနီတို့ . . . စကြာသိုက်တို့မှ ကြိုက်တဲ့လူကိုး . . . ပြောမှာပေါ့ . . . ဂုဏ်မြင့်သူက ကောင်းပါတယ် . . . အေးလေ . . . မင်းလူပျိုဖြစ်လာမှ ဒီသီချင်းကြိုက်မယ် . . . ဒီတော့မှသာ ငါ့လာမတက်ခိုင်းနဲ့ . . . "

"လူပျိုဖြစ်လာရင် ဘာလို့ ကျွန်တော်က ဒီသီချင်းကိုကြိုက်ရမှာလဲ . . . "

"အဲဒီတော့မှ မင်းဘာသာမင်း အဖြေရှာယူ . . . အခုတော့ ဂုဏ်မြင့်သူမကြိုက်ရင် မြတ်နိုးသူတော့ တက်ထားကွာ . . . ကိုယ်ကြိုက်တာ မကြိုက်တာထက် တို့က ကြေးစားလဲ လိုက်ဆိုရတီးရတယ်မဟုတ်လား . . . ဂုဏ်မြင့်သူတို့၊ မာနရှင်တို့၊ မြတ်နိုးသူတို့၊ မောင့်အချစ်တော်တို့၊ ပါးချိုင့်လေးတို့ . . . ဒီသီချင်းတွေက လူကြိုက်များတယ် . . . တက်ထားမှ . . . "

"မြတ်နိုးသူတော့ တက်ပါ့မယ်လေ . . . "

"ကဲ . . . တက်ရင်လုပ် . . . "

"အခုတော့ အချိန်မရှိတော့ဘူး ဆရာ . . . နက်ဖြန်ညနေမှ ဖြစ်ဖြစ် . . . "

"ဟ . . . အစောကြီးရှိသေးတယ် မဟုတ်လား . . . ဒီနေ့ မင်းကျောင်းလဲ ပိတ်တယ်ဆို . . . "

"ကျောင်းတော့ ပိတ်ပါတယ် . . . ဒါပေမယ့် ဟောဟိုမှာ မြိုင်ကြီးစိန် ဝင်လာပြီ . . . ကျွန်တော် သတင်းစာလိုက်ပို့ရဦးမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ဟုတ်သားပဲ . . . ငါမေ့နေလို့ . . . ကဲ . . . သွား . . . သွား . . . ”

“ဆရာတစ်ယောက်ထဲ ကျန်ခဲ့လို့ ဖြစ်ပါတယ်နော် . . . ”

“ဖြစ်ပါတယ်ကွာ . . . နေနေကျပဲ . . . ပြီးတော့ အမေလဲ ဈေးသွားတာပြန်လာကာနီးပြီပဲ . . . အေး . . . ဒုံမင်းသာငါ့အနား ချပေးထားခဲ့ . . . ”

ကျွန်တော်က ဒုံမင်းကိုယူပြီး ဆရာ့အနား ချထားပေးသည်။

“အေး . . . အေး . . . မင်းသွားချင် သွားတော့ . . . နက်ဖြန်ညနေ ဆက်ဆက်လာခဲ့ . . . မြတ်နိုးသူ ငါတက်ပေးမယ် . . . ”

“ဟုတ်ကဲ့ ဆရာ . . . ”

ကျွန်တော်သည် မယ်ဒလင်လေးကိုကောက်ယူပြီး ခြေတံရှည်တဲပေါ်မှ ဆင်းလာခဲ့၏။

တဲမှ ဝေးဝေးမရောက်မီပင် ဒုံမင်းသံနှင့် ဆရာ့အသံကို ကြားရသည်။

“. . . မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား . . . ရွှေစံပယ်ဖြူ . . . ပန်ချင်သူကများ . . . ”

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ဆရာတို့၏ မန်ကျည်းပင်စုအောက်ရှိ တဲတန်းမှသည် အေ–ဘီ–အမ် ကျောင်းကြီးဆီရောက်သည်အထိ ကတ္တရာလမ်း၏ တစ်ဘက်တစ်ချက်တွင် ဘာသစ်ပင်မျှမရှိ။ အရိပ်အာဝါသ ကင်းသောကြောင့် ချိုင့်ထူသော ကတ္တရာလမ်းသည် ကျနေ၌ပင် ပူပြင်းနေ၏။

မြို့တွင်းအထိ ကုန်းကြောင်းလျှောက်ရမည်ကိုစဉ်းစားပြီး ကျွန်တော်သည် သက်ပြင်းချမိ၏။ သို့သော် မတတ်နိုင်။ လျှောက်ရပေမည်။ မလျှောက်၍မဖြစ်။

သဲကြိုးတို့ စုတ်ဖွာနေပြီဖြစ်သော သားရေလွှာဖိနပ်ကိုစီးလျက် ကျွန်တော်သည် မြောက်ဖက်သို့ မှန်မှန်လျှောက်လာခဲ့သည်။

လက်ဝဲဘက်၌မြင်ရသော ဧရာဝတီမြစ်ရေကား ပြာမြဲပြာလျက်။ သဲသောင်တို့က ဖြူမြဲဖြူလျက်။ သဲသောင်ဖြူတို့ထက် စစ်ပြေးကုလားတို့မှာ လျှောက်မြဲလျှောက်လျက် . . .။

သူတို့၌ ဖိနပ်မပါကြ။ သဲသောင်သည် ကတ္တရာလမ်းထက် ပို၍ပူလိမ့်မည်။ သူတို့ထက်စာလျှင် ကျွန်တော်က ကံကောင်းပါသေး၏။

ဤသို့တွေးမိသည်နှင့် တစ်ပြိုင်နက်ပင် ဆရာ၏စကားကိုလည်း ပြန်သတိရမိသည်။

စစ်တလင်းဖြစ်လျှင် ဘယ်ပြေးကြမည်နည်း။ ကုလားတွေကတော့ ကုလားပြည်ပြန်ကြသည်။ ကျွန်တော်တို့ကတော့ ကိုယ့်ပြည်ကနေ ဘယ်ကိုများထွက်ပြေးရမည်နည်း။ တစ်နေရာရာကို ပြေးနိုင်သည်ထား။ ဘာလုပ်ကိုင်စားသောက်ရမည်နည်း။

အင်းလေ . . .။ စစ်တလင်းက ဖြစ်ချင်မှဖြစ်မည်။ ဖြစ်တော့လဲ အများနဲ့ပဲဟာ . . .။ ကမ္ဘာသကာပေါ့ . . .။

ဆက်လျှောက်လာခဲ့သော ကျွန်တော်သည် ရှေ့မှမြင်ကွင်းကြောင့် ခေတ္တ ခြေလှမ်းတုံ့သွားသည်။

လမ်းဘေး၌ ကျောက်ခဲပုံကြီးများ ရှိသည်။

လူတစ်သိုက်သည် ခက်မာလှသော ကျောက်ခဲကြီးများကို ထုခွဲနေကြရသည်။ အချို့က လမ်းခင်းနေရသည်။ အချို့က ကြီးမားလေးလံလှသော လမ်းကြိတ်သံဒလိမ့်လုံးကြီးကို ကျွဲများ၊ နွားများပမာ ရုန်းကန်ဆွဲနေရ၏။

သူတို့၏ အဝတ်အစားကိုကြည့်ပါ။ အင်္ကျီမှာ ကော်လံမပါ။ စွပ်ကျယ်ကဲ့သို့ လည်ဝိုင်း။ လက်က လက်တို။ ပုံပန်းမကျသော ဘောင်းဘီတိုက ဒူးအထက် တိုနံ့နံ့။ အင်္ကျီရော ဘောင်းဘီပါ ဖျင်ကြမ်းအညံ့စားဖြစ်၍ မူလအဖြူရောင်မှာ ချေးဖြင့် ညိုဝါဝါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့တလေမှာ လွတ်လပ်သော်လည်း အများစု၏ခြေတွင် သံခြေကျဉ်းများ ရှိသည်။ တစ်ဦး၏ သံခြေကျဉ်းနှင့် အခြားတစ်ဦး၏ သံခြေကျဉ်းကို သံကြိုးလိမ်နှင့် ဆက်တွဲထား၏။ သူတို့အလုပ်လုပ်စဉ် သံခြေကျဉ်းနှင့်သံကြိုးလိမ်များသည် တချွင်ချွင်မြည်လျက်ရှိ၏။

သူတို့ကား ပြည်ထောင်ကြီးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျ အကျဉ်းသမားများ ဖြစ်ကြ၏။

သည်ဘက်လာလျှင် သည်မြင်ကွင်းကို တွေ့ရမြဲဖြစ်၏။ တွေ့ရမြဲဖြစ်သော်လည်း ဘယ်တော့မှမရိုး။

ထောင်ကျအကျဉ်းသားဟူသည် လူဆိုးလူမိုက်များဖြစ်ကြောင်း ကျွန်တော်တို့သိသည်။ လူဆိုးလူမိုက်ဟူသည် ကြောက်စရာကောင်းမှန်းလည်း ကျွန်တော်တို့သိသည်။ အထူးသဖြင့် ကျွန်တော်သိသည်။ သို့ရာတွင် ဤပုံစံ ဤအခြေအနေမျိုး မြင်ရသောအခါ သူတို့အပေါ် ဂရုဏာမသက်ပဲ မနေနိုင်။

မဖွယ်ရာသော အဝတ်အစား။ ညိုမည်းကြုံလှီသော အသားအရေ။ ခြေတွင် သံခြေကျဉ်းတန်းလန်းနှင့် သံဒလိမ့်တုံးကြီးကို ဆွဲနေရသူများ၊ ပေါက်ပြဲဖူးယောင်သော လက်များဖြင့် ခက်မာလှသော ကျောက်ခဲကြီးများကို ထုနေရသူများ . . .။

သူ့ခများများမှာ ခိုကပ်နားနေခွင့်မရှိ။

ကာကီဖောင်းထုပ်၊ ကာကီအင်္ကျီတို ဘောင်းဘီတို၊ ကာကီခြေပတ်၊ သားရေဖိနပ်ကြီးများနှင့် ထောင်ဗာရာကုလားများကား စည်းကမ်းကြီးလှ၏။ ရက်လည်းရက်စက်သည်။ ခိုကပ်နားနေသူ အကျဉ်းသမားကို တုတ်ဖြင့် မညှာမတာရိုက်တတ်သည်။ ထွက်ပြေးခြင်း၊ ခုခံခြင်းတို့ကို တားဆီးမည့် သေနတ်ကိုင်ကုလားများလည်း ရှိကြသေးသည်။

ကျွန်တော်တို့ကလေးများသည် အကျဉ်းသမားများကို သနားကြသည်။ ကုလားများကိုလည်း မုန်းကြသည်။ ကုလားလစ်လျှင် ကျွန်တော်တို့က အကျဉ်းသမားများကို တတ်စွမ်းသမျှ ကိုယ်စားနေသော မုန့်ပဲသားရေစာများ၊ ဆေးလိပ်တိုများကို ပစ်ပေးလေ့ရှိကြသည်။ အထူးသဖြင့် ဆေးပြင်းလိပ်တို ပစ်ပေးလျှင် သူတို့က လျှင်မြန်စွာချိုးပြီး ပါးစပ်တွင်းသွင်း၍ ငုံတတ်ကြ၏။ ကျွန်တော့်အစ်မသည် မငယ်ဆေးပြင်းလိပ်ခုံ၌ ဆေးပြင်းလိပ်လိပ်ရသောကြောင့် ဆေးပြင်းလိပ်အပိုင်းအစများ ကျွန်တော့်၌မရှား။ ငယ်စဉ်ကဆိုလျှင် ကမ်းနားဘက်သို့ လာဆော့ကစားရင်း အကျဉ်းသမားများကို ကျွန်တော် ဆေးပြင်းလိပ်အတိုအစများ ပစ်ပေးလေ့ရှိ၏။ ကြီးမှ ဤသို့မလုပ်မိသည်မှာ ကြာပြီ။ သို့ရာတွင် အကျဉ်းသမားများမြင်တိုင်း ရင်၌ ဂရုဏာသက်မြဲ သက်ဆဲ။

ကျွန်တော် ဆက်လျှောက်လာခဲ့ရာ ကျောက်ခဲပုံကြီးတစ်ခုနားအရောက်၌ ကျွန်တော်၏နာမည်ကို ခပ်အုပ်အုပ်ခေါ်သံ ကြားရသည်။

"မြတ်ဆွေ . . . "

သည်ခေါ်သံကို ကျွန်တော်မှတ်မိသည်။ အမှန်ဆိုလျှင် သည်လောက၌ ကျွန်တော်အမုန်းဆုံး မဟုတ်သည့်တိုင်စေ မချစ်ဆုံးလူတစ်ဦး၏ အသံ . . .။ ကျွန်တော့်ယောက်ဖ၏ အသံ . . .။

ကျောက်ပုံနားတွင် သူ့ကိုမြင်ရ၏။

လူမှန်းသိတတ်ကတည်းက ကျွန်တော်မှတ်မိသမျှ သူ့အသွင်သည် အစဉ် မောက်မောက်မာမာ နိုင်၏။ မျက်နှာသည် အစဉ်ခက်ခက်ထန်ထန် နိုင်၏။ နှလုံးသားကလည်း ရက်စက်လှသည်။ တစ်ပါးသူကိုမဆိုနှင့် . . . သူ့လခကို မစားရသည့်အပြင် သူ့အရက်ဖိုးလောက်ရန် ဆေးပြင်းလိပ် လိပ်ကျွေးရရှာသည့် ကျွန်တော့်အစ်မကိုပင် ရက်ရက်စက်စက် ရိုက်တတ်သူ။ မိတဆိုးဖတဆိုးဖြစ်သူကျွန်တော့်ကို ကျွဲရိုက် နွားရိုက် ရိုက်တတ်သူ။

ယခုတော့ သူက သံခြေကျဉ်းဝတ်နှင့် အကျဉ်းသမားဖြစ်နေသည်။ ယခင်က သူ့မျက်နှာသည် အရက်ရှိန်ကြောင့် အစဉ်နီစပ်စပ် ထူအမ်းအမ်းနေသည်။ ယခုမူ အသားကမဲ့ပြာ ခြောက်ခန်းနေ၏။ မျက်တွင်းကျ၍ ပါးရိုးပေါ်အောင် ပိန်လှီနေ၏။ နဖူး၌လည်း ဒဏ်ရာ လတ်လတ်ဆတ်ဆတ်တစ်ခု ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဣန္ဒြေမပျက် ကျောက်ထုရင်း လှမ်းပြော၏။

"မြတ်ဆွေ . . . မင်းမှာ ပိုက်ဆံပါရင် လှမ်းပစ်ပေးလိုက်စမ်းပါ . . . အလစ်နော် . . . ကုလားတွေ မမြင်စေနဲ့ . . . "

ကျွန်တော်က သူ့ကို စိုက်ကြည့်နေသည်။ အထူးသဖြင့် ကျောက်ထုနေရသော သူ့လက်များကို . . .။ သူ့လက်များသည် ဖူးယောင်ပေါက်ပြဲနေ၏။

တစ်သက်နှင့်တစ်ကိုယ် သူ့အပေါ်တွင် ကျွန်တော်ဂရုဏာသက်သွား၏။

ကျွန်တော့်အိတ်တွင်း၌ ပိုက်ဆံသုံးမတ်ပါသည်။ ဤပိုက်ဆံသုံးမတ်မှာ တစ်လသုံး ကျွန်တော့်မုန့်ဖိုးမှ ကျန်သမျှ ဖြစ်သည်။ တစ်လလုံးမှ ကျွန်တော် မုန့်ဖိုးတစ်ကျပ်သာ သုံးနိုင်သည်။

ကျွန်တော်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။

ကုလားထောင်ဗာရာသည် ကျွန်တော်တို့ဘက် ကျောခိုင်းရပ်လျက်ဖြင့် ခပ်လှမ်းလှမ်းမှာ ရှိနေသည်။ ကျွန်တော့်ယောက်ဖအနီးတွင်မူ အသက်အတန်ငယ်ရွယ်သော အခြားအကျဉ်းသမားတစ်ဦး ရှိနေ၏။

ကျွန်တော်က အိတ်တွင်းမှ ငါးမူး(ရှစ်ပဲ)စေ့ တစ်စေ့ကို ထုတ်ယူပြီး ကျွန်တော့်ယောက်ဖဆီ ပစ်ပေး၏။ တမင် ချိန်ရွယ်ပစ်ပေးလိုက်ခြင်းကြောင့် ငါးမူးစေ့သည် လမ်းဘေး ဖုံပေါ်သို့ အသံမမြည်ပဲ ကျသွား၏။

ကျွန်တော့်ယောက်ဖသည် ငါးမူးစေ့ကိုကောက်ယူပြီး ဖုံပင်သုတ်မနေတော့ပဲ ပါးစပ်တွင်းသို့ လျှင်မြန်စွာသွင်းလိုက်၏။

ကျွန်တော့်ယောက်ဖအနီးမှ အကျဉ်းသမားသည် ကျွန်တော့်ကို လှမ်းကြည့်ရှာသည်။

သူ့အသက်မှာ နှစ်ဆယ်ခန့်သာရှိသေးပြီး မျက်နှာမှာ နုနယ်လှသေး၏။ နုနယ်သောမျက်နှာ၌ ဆိုးမိုက်သောအသွင်ကို မတွေ့ရ။ သူ့အသွင်မှာ ဘယ်မှာမဆိုတွေ့နိုင်သော သာမန်ဆင်းရဲသော လူငယ်တစ်ဦး၏ ရိုးသားသောအသွင်မျိုးတည်း။

သူ့နှုတ်ကတော့ ဘာမျှမဆိုရှာ။ သို့ရာတွင် သူ့အကြည့်မှာ အသနားခံသောအကြည့်။ မျှော်လင့်သောအကြည့်။

ကျွန်တော့်လက်မှာ အိတ်ဆီ ရောက်သွားပြန်ပြီး ကျန်ရှိနေသေးသော မတ်စေ့(လေးပဲစေ့)ကို နှိုက်ယူ၍ အကျဉ်းသားလူငယ်ထံ ပစ်ပေးလိုက်၏။ သူကလည်း မတ်စေ့ကိုကောက်ယူလိုက်ပြီး ပါးစပ်တွင်း ပစ်သွင်းလိုက်၏။

လျှို့ဝှက်လုပ်ရသောကိစ္စ ပြီးသဖြင့် ကျွန်တော်သည် သူတို့အနီး ချဉ်းကပ်သွား၏။

ကျွန်တော်က ယောက်ဖကို မေးသည်။

"ခင်ဗျားနဖူးက ဘာဖြစ်တာလဲ . . . "

"အကျဉ်းသားချင်း ရိုက်မိလို့ကွ . . . "

"ခင်ဗျား ထောင်ထဲအထိ နောင်တမရသေးဘူးလား . . . "

"မြတ်ဆွေ . . . ကြီးကျယ်ပြီး ငါ့ လာဆုံးမမနေနဲ့ . . . ငါပြောတာ နားထောင်စမ်း . . . မင်း ဒီဘက် နေ့တိုင်းရောက်သလား . . . "

"ကျောင်းပိတ်ရင် ရောက်တယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါလာရင် မင်းအစ်မဆီက ပိုက်ဆံတောင်းခဲ့ . . . ရသလောက်တောင်းခဲ့ . . . ဆေးပြင်းလိပ်လဲ ယူခဲ့ . . . ရသလောက်ယူခဲ့ . . . ကြားလား . . . "

"အင်း . . . "

"မင်းအစ်မက ငါ့ဘာလို့ ထောင်ထဲ လာမတွေ့တာလဲ . . . "

"ဟိုတစ်ပတ်က သွားသားပဲ . . . ခင်ဗျား တိုက်ပိတ်ခံနေရတယ်ဆို . . . "

"အေး . . . ထားတော့ . . . ပြောလိုက် . . . လာတွေ့ဦးလို့ . . . ပြီးတော့ စစ်တွေ ဘာတွေ ဖြစ်လာရင် ဘယ်မှ ထွက်မပြေးနဲ့လို့ . . . ကြားလား . . . "

"ဗျာ . . . "

"ထောင်ထဲမှာနေပေမယ့် တို့သိတယ်ကွ . . . စစ်နီးလာပြီ . . . စစ်ရောက်ရင် ငါထောင်ဖောက်ပြီး ရောက်အောင်ပြန်လာခဲ့မယ် . . . အေး . . . ငါပြန်မရောက်ခင် မင်းတို့ပြေးနှင့်ရင်တော့ အသိပဲ . . . ကြားလား . . . "

"စိတ်ချပါဗျာ . . . ခင်ဗျားက ပြေးခိုင်းတောင် ကျုပ်တို့မပြေးပါဘူး . . . ပြေးစရာမှ မရှိပဲ . . . "

ကျွန်တော့်လေသံမှာ အနည်းငယ်မာသွားသည် ထင်၏။ ကျွန်တော့်ယောက်ဖက ကျောက်ထုခြင်းကိုရပ်လိုက်ပြီး ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်သည်။ သူ့မူဟန်မှာ လွတ်လွတ်လပ်လပ်သာဆိုလျှင် ထ နားရင်းရိုက်မည့်ဟန်မျိုးဖြစ်၏။

ထိုအခိုက်တွင်ပင် ထောင်ဗာရာကုလား လှမ်းအော်သံကြားရသည်။

ထောင်ဗာရာများသည် အရပ်သားများက အကျဉ်းသမားများနှင့် ရပ်စကားပြောလျှင် မကြိုက်။

ကုလားသည် တုတ်ကြီးကိုဆွဲကာ အော်ရင်းဟစ်ရင်း ကျွန်တော်တို့ဘက်သို့လျှောက်လာ၏။

ကုလားအနီးသို့ ရောက်မလာမီပင် ကျွန်တော်သည် နေရာမှ ချာခနဲလှည့်ထွက်လာခဲ့၏။

ကျွန်တော့်ကျောဘက်ဆီမှ ကုလား၏ ဆူပူငေါက်ငန်းသံများကို ကြားရသည်။

ကုလားအသံ တိတ်သွားသောအခါ ကျောက်ထုသံများ ဆက်ထွက်လာနေ၏။ သံဒလိမ့်တုံးကြီးလိမ့်သံလည်း ဆက်ထွက်နေ၏။ အကျဉ်းသားများ၏ခြေမှ သံခြေကျင်းသံများလည်း တချွင်ချွင် ထွက်ပေါ်မြဲထွက်ပေါ်နေ၏။

ကျွန်တော့်မျက်စိထဲတွင် အကျဉ်းသားနှစ်ဦး၏ သဏ္ဌာန်တို့သည် မပျောက်။

တစ်ဦးမှာ ယခုတိုင် မိုက်သွေးမိုက်ရည်မပျောက်သေးသော ကျွန်တော်၏ယောက်ဖ။ အခြားတစ်ဦးကား သူ့အနီးမှ အကျဉ်းသားလူငယ် . . .။

ကျွန်တော် လှည့်မထွက်လာခင်ကလေးတွင် အကျဉ်းသားလူငယ်၏မျက်လုံးများကို သတိပြုမိခဲ့သည်။

သူ့မျက်လုံးများကား နှုတ်မှမပြောလိုက်ရသည့် ကျေးဇူးတင်စကားကို လှမ်းဖော်ပြနေသော မျက်လုံးများတည်း။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

ပြည်မြို့ ဈေးချိုတော်ကြီး၏ တောင်ဘက်တစ်လမ်းခြားရှိ တိုက်တန်းဆိုင်ခန်းများအနက် "တို့အမျိုး"ဟု ဆိုင်းဘုတ်တင်ထားသော စာအုပ်ဆိုင်ရှေ့ ကျွန်တော်ရောက်လာသည်။

ဆိုင်တွင်းမှ ဆိုင်ရှင် ကိုညွန့်အောင်က ဆီးမာန်သည်။

"ဟဲ့ကောင် မြတ်ဆွေ . . . မင်း နောက်ကျလှချည်လား . . . မြိုင်ကြီးစိန်ဝင်လာတာ ကြာလှပြီ . . . "

မြိုင်ကြီးစိန်၊ ရွှေဥဒေါင်း စသည်တို့မှာ ရန်ကုန်နှင့် ပြည် ပြေးဆွဲသော ဘတ်စ်ကားကြီးများ၏ အမည်ဖြစ်လေသည်။ ဤကားကြီးများသည် အချိန်လည်း အလွန်မှန်သည်။ ပြည်မြို့သို့ မီးရထားထက် များစွာစော၍လည်း ဆိုက်သည်။ ထို့ကြောင့် သတင်းစာတိုက်များမှ သတင်းစာများကို ဤကားကြီးများနှင့် ထည့်ပေးလိုက်ရိုးဖြစ်သည်။

ကျွန်တော်က ကိုညွန့်အောင်ကို တောင်းပန်၏။

"ကျွန်တော် အိမ်ကလာတာ မဟုတ်ဘူး . . . ဆင်စုဘက်ကတောင် လာရတာ . . . ဒါကြောင့်မို့ နည်းနည်းနောက်ကျသွားတယ် အစ်ကိုညွန့်အောင် . . . ဒါတောင် မြိုင်ကြီးစိန်ဝင်လာတာမြင်မြင်ချင်း ကျွန်တော် ပြေးလာခဲ့တာ . . . "

"အေးပါကွာ . . . သတင်းစာတွေသာ မြန်မြန်လိုက်ပို့ . . . လူတွေက စစ်သတင်း ဦးဦးဖျားဖျားဖတ်ချင်ကြတာ . . . "

ကျွန်တော်သည် လက်၌ပါလာသော မယ်ဒလင်ကို ဆိုင်အတွင်းဖက်ရှိ စားပွဲတစ်လုံး၌ တင်ထားလိုက်၏။ ထိုအခါမှ ကိုညွန့်အောင်က သတိပြုမိဟန် မေးသည်။

"ဘာလဲ . . . မင်း ဆရာလေးကိုချမ်းသာဆီက သီချင်းတက် ပြန်လာတာလား . . . "

"ဒီနေ့ မတက်ဖြစ်ပါဘူး . . . နက်ဖြန်ညနေမှ . . . "

"မင်း ဘာသီချင်းတက်မလို့လဲ . . . "

"ဆရာက ဂုဏ်မြင့်သူ တက်ခိုင်းတယ် . . . ကျွန်တော်က မတက်ချင်ဘူးလို့ . . . မြတ်နိုးသူတော့ တက်မယ်ပြောခဲ့တယ် . . . "

"အံ့မယ် . . . အံ့မယ် . . . မင်းက မြတ်နိုးသူတွေ ဘာတွေ ရှိနေလို့လား . . . "

"တောက်တီးတောက်တဲ့ဗျာ . . . သီချင်းရှိလို့တက်ရမှာ . . . ဘယ်ရှိရမလဲ . . . ပြီးတော့ မိန်းကလေးတစ်ယောက်ကိုကော ဘာလို့ မြတ်နိုးရမှာလဲ . . . "

"ကိုယ့်လူ . . . သိပ်လေမကျယ်နဲ့ . . . တော်တော်ကြာ မင်းလိုကောင်မျိုးလေးတွေပေါ့ . . . အသက်မက တစ်ဖက်သတ်နဲ့ ချစ်ရတာတို့ . . . သနားချစ်နဲ့ချစ်စမ်းပါတို့ . . . ဘာတို့ . . . ညာတို့ . . . "

ကျွန်တော်သည် ကိုညွန့်အောင်နှင့်ဖက်မငြင်းတော့ပဲ သတင်းစာပုံရှိရာသို့ သွားသည်။ သတင်းစာတစ်စောင်ကို ကောက်ယူပြီး အသေးစိတ်မဟုတ်ပဲ ဟိုလှန်သည်လှန် အမြန်ဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာဖရိကတိုက်၌ ဂျာမန်နှင့် အင်္ဂလိပ်တို့ တင့်ကားတိုက်ပွဲအကြောင်းလည်း ပါသည်။ ရန်ကုန်သို့ဗုံးလာကြဲသော ဂျပန်လေယာဉ်များကို ဗြိတိသျှတိုက်လေယာဉ်ပျံများက ပစ်ချလိုက်သည့်သတင်းလည်း ပါသည်။ ဟုမ်းဂါဒ်ခေါ် ပြည်စောင့်တပ်များကို မြန်မာပြည် အင်္ဂလိပ်ဘုရင်ခံမင်းကြီး ဆာဒေါ်မန်စမစ်က လိုက်လံစစ်ဆေးနေပုံလည်းပါ၏။

သတင်းများကို ဤသို့ အရင်မြည်းကြည့်ပြီးမှ ကျွန်တော်ဝေရမည့်သတင်းစာများကို စက်ဘီးနောက်ခုံ၌ ညှပ်တင်သည်။

စက်ဘီးမှာ မဒ်ကဒ်ခေါ် ရွှံ့ကာဖုံးလေးထောင့်နှင့် ပုံပန်းမလှသော ဟာကြူလီအမျိုးအစားဖြစ်၏။ ဟောင်းနွမ်းလုပြီဖြစ်သောကြောင့် ဆေးများကွာ၍ သံချေးရောင်နှင့် ညိုနေပြီ။ ယင်းစက်ဘီးအစုတ်သည်ပင် ကျွန်တော်ပိုင်မဟုတ်။ ဆိုင်ပိုင် ဖြစ်၏။ သတင်းစာလိုက်အပို့တွင် စက်ဘီးကို ကျွန်တော်သုံးခွင့်ရှိသည်။ အိမ်ပေါက်စေ့သတင်းစာပို့ပြီးလျှင် စက်ဘီးကို ဆိုင်၌ ပြန်အပ်ရသည်။ ထို့နောက် အိမ်သို့ ခြေလျင်ပြန်ရ၏။

ကျွန်တော်သည် စက်ဘီးစီး၍ ဆိုင်မှ ထွက်လာခဲ့သည်။

ပထမ အရှေ့ဘက်ရပ်ကွက်များကို ဖြတ်လာသည်။ ထို့နောက် အစိုးရဟိုက်စကူးကျောင်းကြီး၏ တောင်ဘက်ရှိလမ်းအတိုင်း ဆက်စီးသည်။

လမ်းဘေးသစ်ပင်များတွင် ဝါဒဖြန့်ပိုစတာကြီးများ ကပ်ထားသည်ကို တွေ့ရ၏။

ပိုစတာတစ်ခုတွင် ချောက်ကမ်းပါးခြားထားသော မြေပြင်ပုံ ဆွဲထား၏။ ချောက်ကမ်းပါးကို အင်္ဂလိပ်အက္ခရာ ဗီပုံ ထင်ရှားအောင် ဆွဲထား၏။ ကမ်းပါး၏တစ်ဘက် မြေပြင်ပေါ်တွင် "ယိုးဒယား"ဟု ရေးထားပြီး လက်ျာဘက်မြေပြင်ပေါ်တွင် "မြန်မာပြည်"ဟု ရေးထား၏။ ယိုးဒယားမြေဘက်တွင် စက်ဘီးအစုတ်စီးလာသော လူနှစ်ယောက်၏ ကာတွန်းပုံပါသည်။ လူတစ်ယောက်မှာ ကျွန်တော်တို့ကောင်းကောင်းသိနေပြီဖြစ်သော ဂျာမနီအာဏာရှင် ဟစ်တလာ၏ပုံ ဖြစ်သည်။ နှုတ်ခမ်းမွှေးစုစုနှင့် ဟစ်တလာက စက်ဘီးနောက်မှခွစီးရင်း မြန်မာပြည်ဘက်သို့ ညွှန်ပြနှင်းခိုင်းနေ၏။ ရှေ့မှစက်ဘီးနင်းသူကား မျက်မှန်ထူထူ သွားခေါခေါနှင့် မျောက်တစ်ကောင်ကဲ့သို့ အရုပ်ဆိုးအောင်ဆွဲထားသော ဂျပန်တစ်ကောင်ဖြစ်၏။ ဂျပန်၏ဟန်မှာ ရှေ့မှချောက်ကြီးကို ကြည့်၍ မျက်လုံးပြူးထိတ်လန့်နေပုံဖြစ်၏။ ပိုစတာအောက်၌ "သူ့ဆရာကခိုင်းသော်လည်း ဂျပန်တို့သည် ဗြိတိသျှ၏ ဗွီချောက်ကမ်းပါးကြီးကို မကျော်နိုင်"ဟု စာရေးထား၏။

ဂျပန်သည် နာဇီဟစ်တလာ၏ တပည့်အမှန်ဖြစ်သလော။

ကျွန်တော်သည် ခြောက်တန်းသာရှိသေးသော်လည်း နိုင်ငံရေးဗဟုသုတ အတန်ရှိပြီ။ ကျွန်တော်တို့၏အမျိုးသားကျောင်းက နိုင်ငံရေးဗဟုသုတကို အားပေးသည်။ ကျွန်တော်တို့ကျောင်းက ဆရာအများမှာ နာဇီနှင့် ဖက်ဆစ်မကောင်းကြောင်းပြော၍ ဆိုဗီယက်ရုရှကိုသာ ချီးမွမ်းကြသူများဖြစ်ကြသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ကိုညွန့်အောင်၏စာအုပ်ဆိုင်မှ စာအုပ်များကို အလကားဖတ်နိုင်သောကြောင့် နာဇီအကြောင်း၊ ဖက်ဆစ်အကြောင်းတို့ကို သိသင့်သမျှသိပြီးပြီ။ "ကမ္ဘာ့ရန်သူ" "လူ့မုန်တိုင်း" စသောဝတ္ထုများသည် နာဇီဖက်ဆစ်တို့၏ ရက်စက်ပုံများကို ရင်နင့်ဖွယ်ဖြစ်အောင် ရေးထားကြ၏။ "ဂျပန်သူလျှို"ခေါ်သော စာအုပ်ကား ဂျပန်သူလျှိုအဖြစ် မန်ချူးရီးယားတွင် လုပ်ခဲ့ဖူးသော အီတာလျံတစ်ဦး၏ ဂျပန်ရက်စက်ပုံကို ကိုယ်တွေ့ကြုံသမျှ ဖွင့်ချထားသော စာအုပ်ဖြစ်၏။

နာဇီ၏တပည့် ဖက်ဆစ်ဂျပန်တို့သည် မြန်မာပြည်ကိုသိမ်းတော့မည်လော။ သို့မဟုတ် ပိုစတာတွင် ဖော်ပြထားသကဲ့သို့ ဗြိတိသျှဗွီ ချောက်ကမ်းပါးကြီးကို မကျော်နိုင်ဘူးလော . . .။

အမှန်က ဒါတွေသည် ကျွန်တော့်အလုပ်မဟုတ်။ ကျွန်တော့်အလုပ်က သတင်းစာတွေကို သက်ဆိုင်ရာသို့ အမြန်ပို့ပေးရမည်။ သတင်းစာပို့ခနှင့် ကျွန်တော်ကျောင်းနေရသည် မဟုတ်ပါလော။

ကျွန်တော်သည် အစိုးရ ဟိုက်စကူးကျောင်းကြီးဘက် လှည့်ကြည့်မိသည်။

ယင်းဟိုက်စကူးကျောင်းကြီးကား ယခု ကျောင်းမဟုတ်တော့။ ကျောင်းကို မြို့တွင်းရှိ ရိုးကုမ္ပဏီတိုက်သို့ ရွှေ့ပြောင်းသွားပြီ။ ကျောင်းကြီးမှာ ယခု စစ်တပ်က သိမ်းထားသည်။ ကျောင်းဝင်းအတွင်း၌ ခေါင်းတို စစ်ထရပ်ကားများ ဆိုက်ထား၏။ မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ခေါင်းရှည်သာမြင်ဖူးသော ကျွန်တော်တို့အဖို့ ခေါင်းတိုကားများသည် ထူးထူးဆန်းဆန်းဖြစ်နေ၏။ ထို့အတူ ပူအိုက်ဟန်ဖြင့် ဘောင်းဘီတို၊ အင်္ကျီဗလာ၊ အသားနီနီ၊ မျက်လုံးပြာပြာနှင့် အင်္ဂလိပ်စစ်သားများမှာလည်း ထူးဆန်းနေ၏။ ယခင်က စစ်သားဆိုလျှင် ကုလားများသာ ကျွန်တော်တို့မြင်ဖူးသည်။

ဟိုက်စကူးကျောင်းကြီးထောင့်ရောက်သော် တောင်ဘက်သို့ချိုး၍ မီးရထားလမ်းကိုကျော်ကာ ရွှေဆံတော်ခြေရင်းသို့ ကျွန်တော် ဆက်လာခဲ့သည်။ ဆံတော်ဂါဒ် (ရဲဌာန) ဝင်းအတွင်းရှိ အိမ်အချို့တွင် ကျွန်တော် သတင်းစာလိုက်ချ၏။ တဖန် ဆံတော်ဈေးရှိ လက်ဖက်ရည်ဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များ၊ အိမ်အချို့တို့၌ လိုက်ချပြန်၏။ ဆံတော်ဈေးမှသည် ဆင်စုဘက်သို့ ခရီးဆက်ရပြန်၏။ ဆင်စုပြီးမှ နောက်ဆုံး မင်းကြီးတောင်ပေါ် တက်ခဲ့၏။

မင်းကြီးတောင်ပေါ်တွင် အရေးပိုင်၊ ရာဇဝတ်ဝန်၊ စက်ရှင်မင်းကြီး၊ သစ်တောဝန်၊ ယစ်မျိုးဝန်၊ တရားသူကြီး စသည့် အရာရှိကြီးများ နေကြသည်။ အချို့ မျက်နှာဖြူများဖြစ်ကြ၍ အချို့မှာ မြန်မာများဖြစ်ကြသည်။ မြန်မာအရာရှိများအိမ်သို့ ကျွန်တော် သတင်းစာပို့ရသည်။

မင်းကြီးတောင် တက်သောလမ်းမှာ ချောမွတ်သော်လည်း အကွေ့အကောက်များသည်။ အတက်မှာ ပင်ပန်းလှ၍ စက်ဘီးကို မတ်တပ်ရပ်နင်းရသည်။ အချို့နေရာ၌ ဆင်းတွန်းရသည်။

မည်သို့ဖြစ်စေ မင်းကြီးတောင်ပေါ်လာရသည်ကို ကျွန်တော်ပျော်သည်။ တောရိပ်တောင်ရိပ်ကို ကျွန်တော်က ချစ်သည်။ တောင်ပေါ်မှနေ၍ လှပသောကျွန်တော်တို့မြို့ကြီးကို စီးကြည့်ရသည်ကို ကျွန်တော်နှစ်သက်သည်။

နေက ကျစပြုပြီ။ တပို့တွဲညနေ၏လေသည် အေးမြနေ၏။ လေက အေးမြသော်လည်း ကျွန်တော်မချမ်း။ တစ်ကိုယ်လုံး ချွေးတို့ဖြင့်ရွှဲနေသည်။ အေးမြသောလေ၏အတွေ့ကို လည်ပင်းနှင့်မျက်နှာတို့ကသာ ထိတွေ့ခံစားနေရသည်။ ခံစားရသမျှကလည်း ရင်ကို အေးချမ်းစေသည်။

လှပသောညနေ။ လှပသော တောင်ကွေ့လမ်း . . .။

ရှေ့၌ တောင်ဆင်းလမ်းကိုတွေ့ရသည်။ လမ်းသည် နိမ့်လျှောသွားပြီး ပြန်မော့တက်ကာ တောင်စွယ်လေးကို ကွေ့သွား၏။

ကျွန်တော်သည် စက်ဘီးကို မတ်တပ်ရပ်နင်းကာ ကုန်းထိပ်သို့တက်၏။ ထို့နောက် နိမ့်လျှောသောလမ်းအတိုင်း ဘရိတ်လွှတ်ပြီး အရှိန်နှင့်ဆင်း၏။ အရှိန်နှင့်ဆင်းသွားသော စက်ဘီးသည် အရှိန်နှင့်ပင် ကုန်းကိုပြန်တက်၏။ ကုန်းထိပ်မရောက်တရောက် အရှိန် မသေ့တသေ၌ မျှော်လင့်သည်ဖြစ်လာတော့၏။

တောင်ချိုးလမ်းကွေ့မှ စက်ဘီးတစ်စီးသည် ရုတ်တရက်ပေါ်လာ၏။ အဆင်းဖြစ်သောကြောင့် အရှိန်လည်းပြင်းသည်။

ကျွန်တော်က ကြိုးစားရှောင်လိုက်ပါ၏။ သို့ရာတွင် မလွတ်။ စက်ဘီးနှစ်စီးသည် ဘေးချင်း ပွတ်တိုက်မိကြ၏။

စူးစူးရှရှအော်လိုက်သံကို ကျွန်တော်ကြားရသည်။ တစ်ပြိုင်နက်မှာပင် ကျွန်တော်လည်း မဟန်နိုင်ပဲ လူရောစက်ဘီးပါ ထိုးလဲ ၏။

သွေးရူးသွေးတန်းနှင့် ကျွန်တော်သည် လူးလဲထ၏။ ကျွန်တော်သည် ကိုယ့်ဒဏ်ရာကို မကြည့်မိ။ တစ်ဘက်သူ ဘာဖြစ်သွား သနည်းဟု လှည့်ကြည့်မိသည်။

ရှေးဦးစွာ တစ်ဘက်လမ်းဘေး တောင်နံရံတွင် ကပ်လျက်လဲနေသော မိန်းကလေးစီး စက်ဘီးလှလှကလေးတစ်စီးကို တွေ့ရ သည်။ မလှမ်းမကမ်းတွင်ကား . . .

မိန်းကလေးတစ်ဦးသည် မြေပြင်ပေါ်၌ မစောင်းတစောင်း လဲကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ကိုယ်၌ စိမ်းပြာနုရောင် ဂါဝန်အင်္ကျီလေးကို ဝတ်ထား၏။ ခြေတွင် ခြေအိတ်ဖြူနှင့် သားရေရှူးဖိနပ်အနက်ကို စီးထား၏။

လိပ်ချထားသော ခြေအိတ်ဖြူအထက်မှ ခြေသလုံးလေးများသည် ဖြူဝင်းချောညက်လှ၏။ ဂါဝန်လေးက လန်လျက်ရှိသောကြောင့် ဖြူဝင်းချောညက်သမျှ ပြည့်ဖြိုးဖွံ့ထွားသည့် ပေါင်တံလုလုကိုပါ မြင်မိလျက်သားရှိနေ၏။

မှင်တက်သလို ဖြစ်နေရာမှ သတိဝင်ပြီး လှုပ်ရှားလာလျက် ကျွန်တော်သည် မိန်းကလေးအနီးသို့ ပြေးကပ်သွား၏။

ထိုအချိန်တွင် မိန်းကလေးသည် မြေပြင်ကို လက်ကလေးနှစ်ဘက်ဖြင့်ထောက်ပြီး အားယူထစပြု၏။ ကိုယ်အထက်ပိုင်းက အရင်ကြွကာ တစောင်းလှည့်လာ၏။ လည်တိုင်လေးပါလှည့်လာပြီး ရှေ့သို့ဝဲကျနေသည့် ဆံပင်များကို နောက်သို့ ခေါင်းခါသိမ်းလိုက်သောအခါ ယခုအချိန်အထိ သည်လောကတွင် ကျွန်တော်တွေ့ခဲ့ဖူးသမျှ အချောမော . . . အလှပဆုံးသော မျက်နှာကလေးကို တွေ့ရသည်တကား။

"ထနိုင်ရဲ့လား . . . ထူပေးရမလားဟင် . . . "

ကျွန်တော်က လက်ကမ်းပေးသည်။ မိန်းကလေးက ကျွန်တော့်လက်ကို လှမ်းမယူ။ သူ့ဘာသာသူ နေရာမှထ၏။ သို့ရာတွင် မတ်မတ်မရပ်နိုင်သေး။ ခါးလေးကိုကိုင်းပြီး ဒူးတစ်ဖက်ကိုနာဟန် လက်တစ်ဖက်နှင့်နှိပ်နေ၏။

"ဒူးနာသွားသလားဟင် . . . "

မိန်းကလေး၏ကိုယ်သည် မတ်လာ၏။ အံကြိတ်လျက် ဒေါသထွက်သောမျက်လုံးများနှင့် ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သည်။

"စက်ဘီးအရမ်းစီးရသလား . . . မျက်လုံးကကော . . . ကန်းနေသလား . . . "

ကျွန်တော် မောင်မြတ်ဆွေ ဘယ်လိုမှ မမျှော်လင့်သော ရန်တွေ့သံပါ . . .။

"အရမ်းမစီးရပါဘူး . . . ကိုယ်က တောင်အတက်ပါ . . . ကိုယ့်စက်ဘီးမှာ အရှိန်မရှိတော့ပါဘူး . . . မင်းကသာ အဆင်းပါ . . . "

"အဆင်းသမားကို ဘာလို့ ကြည့်မရှောင်လဲ . . . "

"တောင်တက် တောင်ဆင်းလမ်းမှာ အဆင်းသမားကသာ ရှောင်ပေးရတာမျိုး . . . "

"အဲဒါက မော်တော်ကားတွေကို ပြောတာ . . . စက်ဘီးကိုများ ဥပဒေထုတ်ချင်ရတာ နင်က ဘာအရာရှိမို့လို့လဲ . . . "

"ဥပဒေထုတ်တာ မဟုတ်ပါဘူး . . . အဖြစ်ကို ပြောပြနေတာ . . . "

"အဲဒီအဖြစ်ကို ပြောနေတာပေါ့ . . . ကိုယ့်လမ်းက ကိုယ်စီးပါလား . . . အလယ်က စီးတာကိုး . . . တိုက်မိမှာပေါ့ . . . "

"ကိုယ်က အလယ်က စီးမိတယ်ထား . . . မင်းကလဲ အလယ်က မစီးဘူးဆိုရင် တိုက်မိပါ့မလား . . . "

"အလယ်က စီးတာမဟုတ်ဘူး . . . အကွေ့ဟဲ့ . . . အကွေ့ . . . နင့်မျက်လုံးက မမြင်ဘူးလား . . . "

သူနှင့်ဖက်၍ ကျွန်တော်မငြင်းတော့။

ချောမောလှပသောမျက်နှာလေးကိုသာ ငေးကြည့်မိသည်။ ရုပ်ကလေးချောသလောက် ဘာကြောင့် ဒေါသကြီးနေရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



အသက်က ကျွန်တော်နှင့်ရွယ်တူခန့် ရှိမည်။ ဝတ်စားထားပုံမှာ အထက်တန်းစား အရာရှိကြီးသမီးတစ်ဦးမှန်း သိသာသည်။ အရာရှိကြီးသမီးတစ်ဦးဖြစ်လေတော့ ဒေါသလည်း ကြီးပေမည်။ မာနလည်း ကြီးပေမည်။

ကျွန်တော်က အသံကို တတ်နိုင်သမျှ ချိုချိုထားပြီး တောင်းပန်ရ၏။

"ဘာပဲဖြစ်ဖြစ် ကိုယ်မှားပါတယ်လေ . . . ကိုယ်တောင်းပန်ပါတယ် . . . မင်းမကျေနပ်ရင် ကိုယ့်ပါးကိုရိုက် . . . "

မိန်းကလေးသည် နှုတ်ခမ်းကိုရွဲ့ကာ မဲ့ပြီး ကျွန်တော့်ကို မျက်စောင်းတစ်ချက်သာထိုးလိုက်၍ သူ့စက်ဘီးဆီလျှောက်သွား၏။ ကျွန်တော်က သူ့နောက်က ကပ်လိုက်သွားပြီးမေး၏။

"ကိုယ် ဘာကူရမလဲ . . . "

"မလိုပါဘူး . . . "

"မင်းစက်ဘီးများ ဘာများဖြစ်သွားသေးလဲ မသိဘူး . . . "

"ဘာပဲဖြစ်ဖြစ် မလိုပါဘူးလို့ ပြောနေတယ်မဟုတ်လား . . . "

သူ့နားဆက်နေလျှင် ခက်လိမ့်မည်ထင်သည်။ ကျွန်တော့်မှာလည်း အလုပ်ရှိသေးသည်။

ကျွန်တော်သည် ကျွန်တော့်စက်ဘီးလဲနေရာသို့ ပြန်လျှောက်ခဲ့သည်။

ကျွန်တော့်စက်ဘီးရှေ့ ရွံ့ကာအနည်းငယ်စောင်းယိုင်သွားသည်မှအပ အခြားဘာမျှမဖြစ်။

သတင်းစာများမှာမူ မြေပြင်သို့ လွင့်ကျနေ၏။ တော်ပါသေး၏။ လေးငါးစောင်သာ ကျန်တော့သဖြင့် အကောက်ရလွယ်သည်။

သတင်းစာများကောက်ရင်း မိန်းကလေးဘက်သို့ ကျွန်တော်လှည့်ကြည့်သည်။

သူလည်း အလုပ်များနေသည်။

စက်ဘီးလက်ကိုင် စောင်းသွားဟန်တူသည်။ မိန်းကလေးသည် စက်ဘီးရှေ့ဘီးကို ပေါင်ကြားညှပ်၍ လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး ညှိယူနေ၏။

ကျွန်တော်က သတင်းစာများကို သေသပ်အောင်ပြန်စီပြီး စက်ဘီးနောက်ခုံ၌ ပြန်ညှပ်၏။

ထိုစဉ် ခေါ်သံကြားရ၏။

"ဒီမှာ . . . ဟဲ့ကောင်လေး . . . "

အသံရှင်ကား မချောလေးပင်။

"ကိုယ့်ကို ခေါ်တာလား . . . "

"ဘယ်သူ့ခေါ်ရမလဲ . . . ဒီမှာလာလုပ်ပေးဦး . . . "

ကျွန်တော်က သူ့ဆီ ပြန်ကူးသွား၏။ အနီးရောက်သော် ပြဿနာကိုမြင်၏။

www.burmeseclassic.com

www.burmeseclassic.com



မချောလေး၏စက်ဘီးမှာ ချိန်းကြိုးပြုတ်နေ၏။ ရှေ့ခွေးသွားစိတ်မှသာမက နောက်ခွေးသွားစိတ်မှပါ ပြုတ်နေ၏။ သည်လို ပြုတ်နေပုံက ပြန်အတပ်ရလက်ဝင်သည်။ ပြီးတော့ ပြန်တပ်လျှင် လက်များ ဆီချေးနှင့်ပေရေညစ်ပတ်တတ်သေးသည်။ မိန်းကလေး သည် ဖြူဝင်းသော သူ့လက်ကလေးများကို ညစ်ပတ်စေလိုဟန်မတူ . . .။

မိန်းကလေးက စက်ဘီးကိုကိုင်၍ ထိန်းပေးသည်။ ကျွန်တော်က စိတ်ရှည်စွာဖြင့် ချိန်းကြိုးကို နေသားတကျ ပြန်တပ်ပေးရ၏။

ပြီးသောအခါ ကျွန်တော်က မတ်တတ်ရပ်လိုက်၏။

ကျွန်တော့်လက်တွင် ဆီချေးအမည်းတို့ ပေရေကုန်ပြီ။ ကိစ္စမရှိပါ။ သူကလေးကျေနပ်လျှင် တော်ပါပြီ။

ကျေနပ်လေပြီလားတော့မသိ . . .။ မျက်နှာလေးက မတင်းလှတော့။ မျက်လုံးတို့၌လည်း ဒေါသရောင်ကင်းသော မျက်လုံးတို့ သည် အလွန်ကြည်လင်လှပ၏။ မျက်လုံးသူငယ်အိမ်သည် တောက်ပသော အနက်ရောင်ဖြစ်၏။ မျက်သားတို့မှာ ဖြူစင်ယုံမက ပြာလွင် နေသည်။ မျက်တောင်တို့မှာ ကော့ရုံမက ရှည်လည်းရှည်လှ၏။

ခဏာ၌မူ နှုတ်ခမ်းများက ပြုံးယောင်သမ်းလာသည်။

"သိုင်းခယု . . . မိုင်ဘွိုင်း . . . "

"ဟင် . . . ဘာပြောတယ် . . . "

"အိုင်တဲလ်ယူ . . . သိုင်းခယု မိုင်ဘွိုင်း . . . "

မချောလေးသည် စက်ဘီးပေါ်တက်ကာ ရှေ့ဆက်စီးသွားတော့၏။

မခံချင်သလိုလို၊ ဝမ်းနည်းသလိုလို၊ ရင်ထဲ၌ဟာသလိုလို၊ ဘာလိုလိုနှင့် ကျွန်တော်ရပ်ကျန်ရစ်၏။

အတန်ကြာငိုင်နေပြီးမှ ကျွန်တော့်ခရီး ကျွန်တော်ဆက်ရ၏။

စက်ရှင်မင်းကြီးအိမ်၊ သစ်တောဝန်အိမ်၊ ယစ်မျိုးဝန်အိမ် စသည်ဖြင့် အိမ်စဉ်အလိုက် ကျွန်တော် သတင်းစာလိုက်ပို့သည်။

ကျွန်တော်နောက်ဆုံးဝင်သည့်အိမ်မှာ လမ်းအရေးပိုင်ခေါ် အစိုးရအင်ဂျင်နီယာ ဦးတင်လတ်၏အိမ် ဖြစ်သည်။

အိမ်ဝင်းအတွင်း မြက်ခင်းပေါ်၌ ဂေါက်သီးအစမ်းရိုက်နေသော ဦးတင်လတ်ကို ကျွန်တော်တွေ့ရသည်။

ဦးတင်လတ်သည် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ချောမောမွန်ရည်သူတစ်ဦး ဖြစ်သည်။ အသက်လေးဆယ်ခန့် ရှိပြီဖြစ်သော် လည်း ဗိုက်မရွဲသေး . . .။ ရင်အုပ်ကျယ်ကျယ် ခါးသေးသေးနှင့် ကိုယ်လုံးကိုယ်ထည် အချိုးအစားကျသည်။ ဘိလပ်ပြန်ဖြစ်၍ အနေ အထိုင်ဗိုလ်ဆန်သော်လည်း တည်တည်ကြည်ကြည်နှင့် စိတ်နှလုံးကောင်းသူတစ်ဦး ဖြစ်၏။

ဦးတင်လတ် ပြည်သို့ပြောင်းလာသည်မှာ ခြောက်လခန့်သာရှိသေးသည်။ ယခင်က သူ့ရာထူး၌ မျက်နှာဖြူများသာဖြစ်၏။ သူ ကမူ ဘိလပ်ပြန်မို့ ဤရာထူးကိုရသည်ဆို၏။

ဦးတင်လတ်နှင့် ကျွန်တော် အတန်ရင်းနှီးသည်။ ရင်းနှီးရသည်မှာ သူ့အိမ်၌ သတင်းစာပို့ရသူတစ်ဦးအနေနှင့်သာမဟုတ်။ ကျွန်တော့်ယောက်ဖသည် ဦးတင်လတ်အုပ်ချုပ်ရသော ပီဒဗလျူဒီ ခေါ် ပြည်သူ့လုပ်ငန်းဌာနမှ ထရပ်ကားမောင်းသူတစ်ဦး ဖြစ်သည်။ ယခု အရက်ဝိုင်း၌စကားများရာမှ ဓားခုတ်မှုဖြင့် ထောင်ကျနေသည်။

ဦးတင်လတ်သည် ကျွန်တော့်ယောက်ဖကို သံယောဇဉ်ရှိသည်ထက် ကျွန်တော့်အစ်မကို သနားပုံပေါ်သည်။ သတင်းစာပို့ခဖြင့် ကျောင်းနေရသော ကျွန်တော့်အပေါ်လည်း ဂရုဏာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုမြင်သောအခါ ဦးတင်လတ်က လှမ်းနှုတ်ဆက်သည်။

"မောင်မြတ်ဆွေ . . . ဒီနေ့ သတင်းစာလာသလားဟေ့ . . . "

ရန်ကုန် ဗုံးအကြဲခံရပြီးကတည်းက တစ်ခါတစ်ရံ သတင်းစာမမှန်သောကြောင့် ဦးတင်လတ်က မေးခြင်းဖြစ်၏။

"လာပါတယ်ခင်ဗျ . . . ဒါထက် ဒီနေ့ ဝန်မင်း ဝေါက်ကွင်း မသွားဘူးလား . . . "

"မသွားဘူးကွဲ့ . . . ဧည့်သည်တွေရောက်နေလို့ . . . အေးလေ . . . ဧည့်သည်လည်း မဟုတ်ပါဘူး . . . ငါ့ယောက္ခမတွေပါ . . . ရန်ကုန်က ရှောင်လာကြတာ . . . ဟိုမှာလည်း ကျောင်းတွေလည်းပိတ်ကုန်တော့ ငါ့ကလေးလည်း ပြန်ရောက်နေတယ် . . . ဒါထက် မင်းတို့ကျောင်းတော့ မပိတ်သေးဘူးနော် . . . "

"မပိတ်သေးဘူးခင်ဗျ . . . ဒါပေမယ့် ခိုင်းစရာရှိရင် ပြောပါ . . . အားတဲ့အခါ ကျွန်တော်လာလုပ်ပေးပါ့မယ် . . . "

ဦးတင်လတ်သည် ခေတ္တစဉ်းစားသယောင် ငြိမ်သွား၏။

"မောင်မြတ်ဆွေပြောလို့ သတိရတယ် . . . မင့်အစ်မ ဆေးလိပ်လိပ်တုန်းပဲလား . . . "

"မလိပ်လို့ ဘာနဲ့သွားစားမလဲခင်ဗျ . . . "

"တစ်နေ့ ဆေးလိပ်လိပ်ခ ဘယ်လောက်ရလဲ . . . "

"အမှန်မရှိဘူး . . . တစ်ကျပ် . . . ငါးမတ် . . . အဲဒီလောက်ပဲ . . . "

"တို့အိမ်မှာ အခုလူတိုးနေတယ် . . . ဘတ္တလာကုလားကလည်း သူများယောင်တာနဲ့ ကုလားပြည်ပြန်မယ်ချည်း ပြောနေတယ် . . . အဲဒါ မင်းအစ်မ လုပ်နိုင်မယ်ဆိုရင် တစ်လ ငါးဆယ်ပေးမယ် . . . ထမင်းလည်း တို့နဲ့အတူစားပေါ့ကွ . . . အိမ်သားလိုပေါ့ . . . "

"ဟုတ်ကဲ့ . . ကျွန်တော် မမကို ပြောပေးပါ့မယ် . . . "

"အေး . . . ဟုတ်ပြီ . . . ကဲ . . . သတင်းစာပေး . . . "

ကျွန်တော်က သတင်းစာတစ်စောင်ကို ဦးတင်လတ်၏လက်တွင်းသို့ ရိုသေစွာလှမ်းပေးသည်။

ဦးတင်လတ်က သတင်းစာကို ချက်ချင်းဖတ်နေသည်။

ကိစ္စကပြီးပြီမို့ ကျွန်တော်သည် စက်ဘီးကိုတွန်းကာ ခြံတွင်းမှ ထွက်လာ၏။

ခြံပြင်ရောက်၍ စက်ဘီးပေါ်တက်မည်အပြု၌ လမ်းပေါ်မှ စက်ဘီးတစ်စီးလာနေသည်ကို တွေ့ရ၏။

သူပင်တည်း။ စောစောက မမချောကလေး။

သည်တစ်ခါ ထပ်မတိုက်မိရန် ခြံဝ၌ ကျွန်တော်က ရပ်နေ၏။

မချောက ဆက်မစီးပဲ ခြံဘက်ကွေ့ဝင်လာသည်။ ကွေ့ဝင်လာရုံမက ကျွန်တော့်အနီး၌ ဆင်းရပ်လိုက်၏။

"သြော် . . . နင်က တို့အိမ်သတင်းစာပို့ပေးတဲ့ ကောင်လေးကိုး . . . "

"ဘာရယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"နင်က တို့အိမ်ကို သတင်းစာပို့တယ် . . . ဟုတ်လား . . . "

"ဒါ . . . မင့်အိမ်လား . . . "

"ဟုတ်တယ်လေ . . . "

"ဒါဖြင့် မင်း . . . ဝန်မင်းဦးတင်လတ်ရဲ့ သမီးလား . . . "

"ဟုတ်တယ် . . . ဝန်မင်းဦးတင်လတ်ရဲ့သမီး . . . ငါ့နာမည် 'ထား' တဲ့ . . . . "

"ထား . . . မင့်နာမည် ထား . . . ဟုတ်လား . . . "

"ဟုတ်တယ် . . . မသိဘူးလား . . . "

"အို . . . ဘယ်လိုလုပ် သိနင့်ရမလဲ . . . "

"အခု သိပြီမဟုတ်လား . . . "

"အင်း . . . သိပြီ . . . "

"သိရင်ပြီးရော . . . နောက်ကို ရိုရိုသေသေဆက်ဆံ . . . "

"ဘာရယ် . . . "

"နောက်ကို ရိုရိုသေသေဆက်ဆံလို့ . . . "

ကျွန်တော်က အသာပြုံးမိသည်။

"ရိုရိုသေသေဆက်ဆံဆိုတော့ . . . မင့်ကို ကိုယ်က မမထားလို့ ခေါ်ရမှာလား . . . "

"ဒါ ဘာလူပါးဝစကား ပြောတာလဲ . . . "

"လူပါးဝစကား ပြောတာ မဟုတ်ရပါဘူး . . . မင်းက ရိုရိုသေသေဆက်ဆံရမယ်ဆိုတာနဲ့ မမထားလို့ ခေါ်ရမလားလို့ မေးတာ . . . ကိုယ့်နာမည် အပါလို့လဲ မပြောရသေးဘူး . . . ကိုယ့်နာမည် အပါလဲ မဟုတ်ဘူး . . . ကိုယ့်နာမည်က မြတ်ဆွေတဲ့ . . . "

ထားသည် ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုးပြီး မျက်နှာထားခပ်စူစူဖြင့် ခြံတွင်းဝင်သွား၏။

ကျွန်တော့်ရင်မှာသာ လှုပ်ရှားကျန်ရစ်၏။ ကျွန်တော်နားမလည်သော ထူးဆန်းသည့်လှုပ်ရှားမှု။

ကုန်းအဆင်း၌ ကျွန်တော်သည် စက်ဘီးကို ခါတိုင်းကဲ့သို့ အမြန်မစီးပဲ မှန်မှန်လေးစီးလာခဲ့သည်။

ကျွန်တော့်ရင်တွင်းတစ်နေရာ၌လည်း ပဲ့တင်သံတစ်ရပ်သည် မှန်မှန်လေးပေါ်နေ၏။

ထား . . . ။ ထား . . .။ သူ့နာမည် ထား . . . တဲ့။

ပြော် . . . မာနရှင် မရွှေထား။

*********

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ထားနှင့် စတင်တွေ့ဆုံပြီး၍ ခုနစ်ရက်ခန့်အကြာ ညတစ်ည၌ဖြစ်သည်။

နောက်ဆုံးသီချင်းတစ်ပုဒ်ကို တက်အပြီး၌ ကျွန်တော်သည် ဆရာ့အိမ်ရှိရာမှ ကျွန်တော့်အိမ်ရှိရာသို့ ထုံးစံအတိုင်း ကုန်းကြောင်းလျှောက်ပြန်လာခဲ့သည်။

လမိုက်သောကြောင့် ညက မှောင်နေ၏။ ကာဖြူးခေါ် နေဝင်မီးငြိမ်းအမိန့်ကြောင့်လည်း တစ်မြို့လုံး၌ ဘာအရောင်မျှမရှိ။

ကျွန်တော့်လက်တွင်း၌ ကျွန်တော့်လက်စွဲတော် ထွင်းအိုး မယ်ဒလင်ကလေးပါ၏။ သို့ရာတွင် ကျွန်တော် ဘာသီချင်းကိုမျှ မဆို။ မတီး။ ယခင်ကမူ လမိုက်မိုက်၊ လသာသာ . . . ဤကဲ့သို့ အပြန်ခရီးတွင် ကျွန်တော် သီချင်းတစ်ပုဒ်ပုဒ် ဆိုတီးလာမြဲ ဖြစ်၏။

ကျွန်တော့်ရင်မှာ ခံစားမှုမျိုးစုံနှင့် လေးပင်နေ၏။

ဗြိတိသျှတို့ ကြွားလုံးအမျိုးမျိုးထုတ်ကာ အားအကိုးကြီးကိုးခဲ့သော စင်ကာပူခံတပ်ကြီးသည် တစ်နေ့က ဂျပန့်လက်ကျသွားသည်။ ထိုနေ့ကား ဖေဖော်ဝါရီလ ၁၅ ရက် ဖြစ်၏။

စင်ကာပူကျသွားသည့်သတင်းမှာ ရေဒီယိုကြောင့် တစ်မြို့လုံး သိနှင့်ကြပြီ။ မနေ့ညနေက ကိုညွှန့်အောင်တို့ဆိုင်သို့ ကျွန်တော်သွားသောအခါ ကိုညွှန့်အောင်က ကျွန်တော့်အတွက် နောက်ဆုံးအဖြစ် ဝေရမည့် သတင်းစာထုပ်ကို ပေးသည်။ လတစ်ဝက်သာရှိသေးသော်လည်း ကျွန်တော့်ကို လစာအပြည့် (ငွေတစ်ဆယ်တိတိ) ထုတ်ပေးသည်။ ထိုလစာမှာ ကျွန်တော့်အတွက် နောက်ဆုံးလစာ ဖြစ်လေ၏။ အကြောင်းမှာ ရန်ကုန်မှ နောက်ထပ်သတင်းစာတို့ လာရန်မရှိတော့။ ကိုညွှန့်အောင်တို့ပင် အကြောင်းပေါ်လာက ပြည်အရှေ့ဖက် ၁၂ မိုင်အကွာရှိသည့် ပေါင်းတလည်မြို့သို့ ရွှေ့ပြောင်းကြရန် ပြင်ဆင်နေကြပြီ။

ကျောင်းများပိတ်လိုက်ပြီဖြစ်သဖြင့် ကျွန်တော့်မှာ အားနေသည်။ ယခု အလုပ်လည်းမရှိပြီ။ ဗုံးကြဲလျှင် မြစ်ဆိပ်ကိုကြဲမည်ဟု သတင်းပြေးနေသောကြောင့် ဆရာတို့ပင် မနက်ဖြန်ဆိုက နိဗ္ဗိန္ဒချောင်သို့ ရွှေ့ပြောင်းတော့မည်။

ဖြည်းဖြည်းမှန်မှန်လျှောက်လာခဲ့သော ကျွန်တော်သည် ရွှေဆံတော်ဘုရားကြီး၏ ခြေတော်ရင်းကို ရောက်လာခဲ့၏။

ခြင်္သေ့ကြီးအနီး လှေခါးထစ်တွင်ထိုင်လျက် ကျွန်တော်ခေတ္တနားသည်။

ဘုရားကြီးကို မီးပူဇော်မထား။ ညသည် တိတ်ဆိတ်နေသောကြောင့် ညောင်ရွက်ခတ်သံ ဆည်းလည်းသံများကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ဈေးရှိရာ ဤမြောက်ဖက် ခြေတော်ရင်းသည် အခါတိုင်း၌ အလွန်စည်သည်။

ကလေးဘဝက ကျွန်တော်၊ လှဦး အစရှိသော သူငယ်ချင်းတစ်သိုက်သည် ဤခြေတော်ရင်း၌ ညတိုင်းကစားကြသည်။ စောင်းတန်းတလျှောက် ဆင်းလိုက်တက်လိုက် ပြေးကစားသည့်အခါ ကစားသည်။ လန်ခြားခိုးစီး၍ ပျော်သည့်အခါပျော်သည်။ လန်ခြားခိုးစီး ရသည်မှာ မလွယ်လှ။

လန်ခြား၏ အောက်ဝင်ရိုးတစ်ဖက်တစ်ချက်မှ ထိပ်တွင် ဘုလုံးရှိသော သံချောင်းရှည်နှစ်ချောင်း ထွက်နေသည်။ လန်ခြား ကုလားက လူခေါ်၍ အလုပ်များနေစဉ် ကျွန်တော်တို့က လန်ခြားနောက် တိတ်တိတ်ကပ်သွားသည်။ ခြေဖျားနှစ်ခုနှင့် ဝင်ရိုးတွင် ချိတ်သည်။ ထို့နောက် လက်နှစ်ဖက်က ဘုလုံးတပ်သံချောင်းရှည်ကို ဆုပ်ကိုင်ထားရ၏။ လူတင်ပြီး၍ ကုလားက လန်ခြားကို မလိုက်သော အခါ လန်ခြားကိုယ်သည် နောက်သို့လန်လာ၏။ ဖားပြုတ်ထိုင်ထိုင်၍ ပါလာသောကျွန်တော်တို့ခေါင်းကလည်း မြေကြီးဆီ စိုက်သွား၏။ ကျွန်တော်တို့နဖူးနှင့် မြေကြီးမှာ မဝေးလှ . . .။ ကျွန်တော်တို့မျက်လုံးများကလည်း ဘေးဘီကိုသိပ်မမြင်။ အောက်တည့်တည့်ရှိ ကတ္တရာလမ်းမည်းမည်းကိုသာ တရိပ်ရိပ် မြင်ရသည်။ မတော်တဆ လက်လွတ်ခြေလွတ်ကျသွားလျှင် အောက်သို့ တခြားဘာနှင့်မျှ မကျနိုင်။ မျက်ခွက်နှင့်သာ တည့်တည့်ကျမည်။ မည်သို့ဖြစ်စေ ဤသို့ အသည်းတယားယားခိုးလိုက်ရသည်ကို ကျွန်တော်တို့ ပျော်ကြ၏။ ကုလားမရိပ်မိလျှင် မြို့ထဲ လမ်းမတော်အထိ ကျွန်တော်တို့ ဤသို့ကသိကအောက် ဖောက်ထိုးဖားကုန်းကုန်း၍ ပါသွားတတ်ကြ၏။

ယခု ခြေတော်ရင်း၌ လန်ခြားများမရှိ။ လန်ခြားကုလား ဂေါ်ရင်ဂျီများလည်း အခြားကုလားများနှင့်အတူ ပြေးကြပြီထင်၏။

စောင်းတန်းပေါ်၌ ဘကြီးမောင်တစ်ယောက်တော့ ရှိလိမ့်ဦးမည်ထင်သည်။

ဘကြီးမောင်မှာလည်း ကျွန်တော့်ဆရာကဲ့သို့ပင် မျက်စိနှစ်ကွင်း အလင်းမရ။ ဘကြီးမောင်၏မျက်နှာတွင် ကျောက်ပေါက်မာ များရှိသည်။ စောင်းတန်း၏လက်ျာဖက် အခန်းတစ်ခန်းကို ဘကြီးမောင် အပိုင်စားသည်။ ဘကြီးမောင်၏အလုပ်မှာ ဝါးပတ္တလားတီး၍ ပိုက်ဆံတောင်းခြင်းဖြစ်၏။ သနားကြင်နာသော ဘုရားဖူးများက ပိုက်ဆံ တစ်ပဲ တစ်မူးပေးလျှင် ဘကြီးမောင်သည် ဝါးပတ္တလားကြီး ကို ခေါက်ကာ သီချင်းကြီးများကို ဆိုပြလေ့ရှိ၏။

ဘကြီးမောင်နှင့် ကျွန်တော် ခင်သည်။ ကျွန်တော့်ယောက်ဖ အရက်မူး၍ သောင်းကျန်းသောညဆိုလျှင် ကျွန်တော်သည် ဤ စောင်းတန်းသို့တက်လာကာ ဘကြီးမောင်နှင့် အိပ်လေ့ရှိသည်။

အင်း . . .။ ကာလမကောင်း၍ ဘုရားဖူးနည်းချိန်ဖြစ်သောကြောင့် ဘကြီးမောင်ခမျာလည်း ဝင်ငွေပါးရှာလေမည်။

တောင်တောင်အီအီစဉ်းစား၍ အမောပြေသောအခါ ကျွန်တော် ဆက်လျှောက်သည်။

ဆံတော်ဂါတ် အနောက်ဖက်လမ်းအတိုင်း လျှောက်လာစဉ် ဂါတ်ဝင်းတလျှောက် မန်ကျည်းပင်ကြီးများပေါ်မှ ဖျိုင်းတို့ အလန့် တကြားထအော်သံကို ကြားရ၏။

ကျွန်တော်တို့ပြည်မြို့မှာ တောတောင်များနှင့်နီးသောကြောင့် ထိုစဉ်က မြို့တွင်းသစ်ပင်ကြီးများတွင် ငှက်တို့နေ၏။ ဆံတော် ဂါတ်ဘေး မန်ကျည်းပင်ကြီးများတွင် ဖျိုင်းတို့ရှိသည်။ ဘူတာရုံရှေ့ သစ်ပင်ကြီးပေါ်တွင် လင်းဆွဲကြီးများ မရေတွက်နိုင်အောင် တိုးလိုး တွဲလောင်းနေကြ၏။

လျှောက်လာခဲ့သော ကျွန်တော်သည် မီးရထားလမ်းရောက်သော် မီးရထားလမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လာခဲ့ပြန်သည်။

ကျွန်တော့်အိမ်ရှိသော ပန်းပဲတန်းရပ်ကွက်သည် မီးရထားလမ်းဘေးတွင် ဖြစ်၏။ မီးရထားလမ်းဘေး ရပ်ကွက်ဖြစ်သော ကြောင့် အမှိုက်ရှုပ်၍ ညစ်ပတ်သည်။ ဆင်းရဲသားများသောကြောင့် အိမ်တို့က စုတ်ချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ်မှာ အိမ်ဟုသာဆိုရသော်လည်း ထရံမြေစိုက်တဲတစ်လုံးသာ ဖြစ်သည်။ အိမ်တစ်ခုလုံး၌ ကျွန်တော့်အစ်မနှင့် ယောက်ဖစံသော အတွင်းခန်းတစ်ခန်းသာ ရှိသည်။ အရှေ့ပိုင်း၌ ကျွန်တော်စံသော ဝါးကြမ်းခင်းအဆင့်တစ်ဆင့် ရှိသည်။

ဝါးကြမ်းခင်းအဆင့်ပေါ်သို့ ကျွန်တော်က မင်ဒလင်လေးကို တင်ထားလိုက်၏။ အတွင်းခန်း၌ မီးရောင်မှိန်မှိန် တွေ့ရသောကြောင့် အသံပြုပြီး ကျွန်တော်လျှောက်သွားသည်။

"မြတ်ဆွေလားဟေ့ . . . "

"ဟုတ်ကဲ့ မမ . . . "

"မင်းပြန်လာတာ မိုးချုပ်လှချည်လား . . . "

"မချုပ်သေးပါဘူး . . . ခုမှ ရှစ်နာရီလောက်ပဲ ရှိသေးတယ် . . . ခါတိုင်း ဒီ့ထက် နောက်ကျတာပဲဟာ . . . "

"ဟဲ့ . . . ခုက ခါတိုင်းနဲ့တူတာ မဟုတ်ဘူး . . . "

ကျွန်တော့်အစ်မ မသန်းလှသည် ဤမျှသာပြောပြီး သူ့အလုပ်သူဆက်လုပ်နေသည်။

အခန်းတွင်း၌ မီးလက်ဝါးတံဆိပ် လက်ဆွဲရေနံမီးအိမ်ကို အပြင်သို့အရောင်မထွက်ရန် ထောင့်ကွယ်တစ်ခု၌ ထွန်းထားသည်။

မီးရောင်မှိန်မှိန်၌ ကျွန်တော့်အစ်မ အလုပ်လုပ်နေသည်ကို ကျွန်တော်က ကြည့်မိ၏။

ခါတိုင်းကဲ့သို့ ဆေးပြင်းလိပ်လိပ်နေသည်မဟုတ်။ ဆေးပြင်းလိပ်လိပ်ရန်လည်း မလိုတော့။ အစ်မအလုပ်လုပ်သော မငယ်ဆေးပြင်းလိပ်ခုံမှာလည်း ပိတ်လိုက်ပြီဖြစ်၏။

ယခု ကျွန်တော့်အစ်မက အထုပ်ကလေးများကို စိတ်ရှည်စွာ ထုတ်နေ၏။

"အဲဒါ ဘာတွေလဲ မမ . . . "

"ဩော် . . . စားစရာသောက်စရာနဲ့ ဟိုဒင်းဒီဒင်းလေးတွေပါ . . . "

"ဘာလုပ်ဖို့လဲ . . . "

"မင့်အစ်ကိုဖို့လေ . . . ငါ နက်ဖြန်ထောင်ထဲသွားတွေ့မလို့ . . . ထောင်ဝင်စာ ရခဲ့တယ်ဟဲ့ . . . "

"အင်း . . . သူများတကာကတော့ စစ်ရောက်လာရင် ရှောင်ဖို့တိမ်းဖို့ပြင် . . . မရှိ ရှိတာလေးတွေစု . . . မမကတော့ ရှိစုမဲ့စုလေးနဲ့ ထောင်ထဲသွားပို့ဦးမယ် . . . "

"ဟယ် . . . မြတ်ဆွေရယ် . . . ငါ့လင်ဆီ ငါမပို့လို့ သူ့ဆီ ဘယ်သူက ပို့မလဲ . . . "

"အင်း . . . ပို့ . . . ပို့ . . . မမလင်က မမပေါ် ကောင်းရှာလွန်းလို့ . . . "

"နင် ဒီစကား ခဏခဏပြောတယ် . . . နင်ကတော့ ယောက်ဖကို . . . မုန်းနိုင်မယ် . . . ငါ့မှာတော့ လင်အရင်းခေါက်ခေါက်ကြီး . . . သမ္ဘူလဒေဝီဟာ နူနေတဲ့လင်ကို တောထဲလိုက်ပြီးတောင် လုပ်ကျွေးသေးတာ . . . "

"ဟိုက ဘုရားအလောင်း . . . မမလင်က . . . တယ် . . . ပြောလို့ မကောင်းပါဘူး . . . ပြီးတော့ မမအပေါ်များ ဘယ်တုံးက ကောင်းခဲ့ဖူးလို့လဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတုံးက ကောင်းခဲ့ပါတယ်ဟယ် . . . ဆိုးတဲ့အခါလဲ ဆိုးတာပေါ့ . . . ကောင်းတာဆိုးတာဟာ ပဓာနမဟုတ်ဘူး . . . လင်သားဟာ လင်သားပဲ . . . ဂျင်းစိမ်းနဲ့ မိဿလင် သူကြင်မှကိုယ်ကြင်ဆိုတာက စိတ်နာတုန်းခဏ ပြောကြတဲ့စကား . . . "

"အို . . . ကျွန်တော်တို့ကတော့ ဂျင်းစိမ်းနဲ့ မိဿလင်ပဲ . . . တစ်ပြားမှ မလျှော့ဘူး . . . "

"အပြောမကြီးပါနဲ့ မြတ်ဆွေရယ် . . . သူစိမ်းတယ် ကိုယ်စိမ်းတယ်ဆိုရင် မေတ္တာဆိုတဲ့စကားကို ဘယ်သွားထားရမလဲ . . . နင် ဒါတွေ နားမလည်နိုင်သေးပါဘူး . . . ကိုယ်တွေ့ကြုံမှ နောင်တရမယ် . . . "

"အမလေး . . . ကိုယ်တွေ့မကြုံပါရစေနဲ့ . . . ဒါတွေထားဦး . . . ကျွန်တော်တို့ ဘာလုပ်ကြမလဲ . . . ဆရာတို့တောင် နိဗ္ဗာန်သွားနေကြမလို့တဲ့ . . . "

"အဲဒါပြောမလို့ပေါ့ . . . ငါ မနက်က မင်းကြီးတောင်ပေါ်သွားတယ် . . . ဝန်မင်းဦးတင်လတ်အိမ်မှာ အလုပ်လုပ်ဖို့ လက်ခံလိုက်ပြီ . . . "

"တကယ် . . . "

"တကယ်ပေ့ါ . . . နို့ . . . ဘာနဲ့ သွားစားမလဲ . . . "

ဦးတင်လတ်ကမ်းလှမ်းသောစကားကို ကျွန်တော်ပြန်ပြောပြစဉ်က မမသည် စိတ်ပါလှဟန်မပြ။ အမှန်ကလည်း ဆေးလိပ်လိပ်စားရသည်မှာ ဆင်းရဲသော်လည်း အောက်တန်းအကျဆုံးဟု မဆိုနိုင်။ ဦးတင်လတ်၏အိမ်၌ လုပ်ရမည်မှာ ယဉ်ကျေးစွာဘယ်လိုပြောပြော စင်စစ်မူ အစေခံအလုပ်သာတည်း။ ထို့ကြောင့် မမက စိတ်ဝင်စားဟန်မပြခဲ့။ ကျွန်တော်ကလည်း မတိုက်တွန်းခဲ့။

ယခုမူ ကျွန်တော့်၌လည်း အလုပ်မရှိပြီ။ မမ၌လည်း အလုပ်လက်မဲ့။

မမကသာ ဆက်ပြော၏။

"ဝန်မင်းတို့အိမ်က ဘတ္တလာလည်းပြေးပြီ . . . မောင်ခေါ်တုန်း ထူးရတာကောင်းတာပေါ့ဟယ် . . . ဝန်မင်းရော၊ ဝန်မင်းကတော်ရော မဆိုးရှာကြပါဘူး . . . ငါ့ကို လခတစ်ဝက် ငွေအစိတ်ကြိုထုတ်ပေးတယ် . . . "

"ဒါကြောင့် မမ ထောင်ထဲသွားတွေ့မလို့ပေါ့လေ . . . "

"ဒါကြောင့်မဟုတ်ဘူး . . . အဲဒီကမရလဲ ကြံဖန်ရှာပြီး သွားတွေ့ရမှာပဲ . . . ဒီတော့ . . . မနက်ကို နင်ဝန်မင်းတို့အိမ် သွားစမ်းပါ . . . "

"ဘာလုပ်ဖို့လဲ . . . "

"ထောင်ဝင်စာနဲ့ သွားတွေ့ရတာက တစ်နေ့လုံးကုန်တယ် . . . ဒီတော့ ငါ့ကိုယ်စား နင် ဝန်မင်းတို့အိမ်သွားပြီး ကူညီလုပ်ပေးလိုက်ပါ . . . "

"ဗျာ . . . ကျွန်တော်က သူတို့အိမ်သွားပြီး . . . အစေ . . . အစေ . . . "

ကျွန်တော် စကားကိုမဆုံးလိုက်။ မမကို အားနာသောကြောင့်ဖြစ်သည်။ မမသည် အစေခံအလုပ်ကို လက်ခံခဲ့ပြီမဟုတ်လော။

မမက ဝမ်းနည်းစွာပြုံးလိုက်၏။

"နင့်စကားမဆုံးပေမဲ့ နင် ဘာပြောမလဲဆိုတာ ငါသိပါတယ် မြတ်ဆွေ . . . ဟုတ်တယ် . . . တို့ အစေခံအလုပ် လုပ်ရတော့မယ် . . . ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ မဖြစ်ဘူး . . . ကာလကြီးက ပျက်တော့မယ် . . . အားကိုးဖို့ လင်ကလဲ . . . အင်းလေ . . . နင်ပြောသလိုပါပဲ . . . ငါ့လင်ကကလဲ ဆိုးလှတယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



မမက တုန်ယင်သောအသံနှင့် စကားကို ဆုံးလိုက်ပြီး ခေါင်းငုံ့လျက် အထုပ်ဆက်ထုပ်သည်။

မမခေါင်းငုံ့သွားသည်မှာ သူ့အလုပ်သူဆက်လုပ်ဖို့အပြင် မျက်လုံးတွေကို ကျွန်တော့်ထံမှ လွှဲဖယ်လို၍ဖြစ်ရမည်။ မည်သို့ပင် လွှဲဖယ်စေ မမ၏မျက်လုံးများ၌ မျက်ရည်တို့လျှံနေသည်ကို ကျွန်တော်သိရ၏။

ကျွန်တော့်ရင်မှာလည်း အနည်းငယ်ဆို့သွားကာ မမကို သနားလှစွာ စိုက်ကြည့်မိသည်။

ကျွန်တော့်မမသည် မျက်ခုံးမျက်လုံးကောင်း၍ အသားလတ်သည်။ ကျွန်တော်ငယ်စဉ်က မမသည် ယခုထက် များစွာလှသည်ကို ကျွန်တော်မှတ်မိသည်။ ယခုတော့ မမ၏မျက်နှာမှာ ညှိုးနွမ်း၍ အသားအရေ အနည်းငယ်ခြောက်ခန်းသည်။ ကိုယ်ခန္ဓာက ပိန်လှသည် မဆိုနိုင်စေ မပြည့်တင်းလှ။

ကျွန်တော့်ယောက်ဖကို ကျွန်တော်မုန်းသော်လည်း ကျွန်တော့်မမကိုမူ ကျွန်တော်ချစ်သည်။ တကယ်ဆိုတော့လည်း ယနေ့အထိ သည်လောကဝယ် မမကလွဲ၍ ချစ်ရမည့်သူ ကျွန်တော့်၌ ဘယ်သူမှမရှိ။ လင်ကံပင် ဆိုးသော်လည်း မမခမျာ ကျွန်တော့်အပေါ် သူတတ်နိုင်သမျှ ကောင်းခဲ့ရှာသည်။

ကျွန်တော်သည် အသံကို တည်ငြိမ်စွာထားပြီး ပြောသည်။

"ခုနင်က ကျွန်တော်စကားမှားသွားတယ် . . . အင်းလေ . . . အစေခံပါပဲ . . . ဘာဖြစ်သလဲ . . . ခိုးစားတာလဲ မဟုတ်ဘူး . . . တောင်းစားတာလဲ မဟုတ်ဘူး . . . ကိုယ့်ဝမ်းရေးအတွက်ကိုယ် ကိုယ့်လက်နဲ့ကိုယ် လုပ်တာ . . . စိတ်ချ မမ . . . ကျွန်တော် မနက်စောစောထပြီး မင်းကြီးတောင်ပေါ်က ဝန်မင်းဦးတင်လတ်အိမ် သွားပေးပါ့မယ် . . . "

မမက မျက်ရည်လျှံသောမျက်လုံးများနှင့် ကျွန်တော့်ကို မော့ကြည့်ပြီး ပြုံးပြ၏။

"မောင်လေး နေ့တိုင်းသွားလုပ်ရမှာ မဟုတ်ပါဘူး . . . နက်ဖြန်တစ်ရက်တည်းပါ . . . နောက်နေ့တွေ မမပဲ သွားပါ့မယ် . . . "

"နက်ဖြန်တစ်ရက်ထဲဖြစ်ဖြစ် . . . နောက်နေ့တွေမှာပဲဖြစ်ဖြစ် လိုရင် ကျွန်တော် ကူလုပ်ပေးပါ့မယ် . . . မမ ဆင်းဆင်းရဲရဲ လုပ်ရပြီး ကျွန်တော်က ဖိမ်နဲ့ ဒူးနဲ့မစားနိုင်ပါဘူး . . . ကဲ . . . မမ လုပ်စရာရှိတာဆက်လုပ် . . . "

ကျွန်တော်သည် မမအနားမှ ခွာလာခဲ့သည်။

ကျွန်တော်စံရာ ဝါးကြမ်းခင်းအဆင့်ပေါ်၌ အတန်ကြာထိုင်နေမိသည်။ အိပ်ချင်စိတ်က မရှိ . . .။ စိတ်တို့က အမျိုးစုံ လှုပ်ရှားနေသည်။

နက်ဖြန်ဆိုလျှင် ဝန်မင်းဦးတင်လတ်တို့အိမ် သွားအလုပ်လုပ်ရတော့မည်။ လုပ်ရမည့်အလုပ်ကလည်း အစေခံအလုပ်။

မမပြောသကဲ့သို့ ဝက်ဖြစ်မှတော့ မစင်မကြောက်လိုတော့ပါ။ ခိုးစားခြင်း၊ တောင်းစားခြင်းတို့မှလွဲလျှင် ဘာလုပ်ရ လုပ်ရ ဟူသော ကျွန်တော့်သတ္တိသည်လည်း မပျက်ပါ . . .။ သို့ရာတွင် . . .။

ကျွန်တော်သည် သက်ပြင်းကို ရှည်စွာချလိုက်မိ၏။

မအိပ်ချင်သေးသောကြောင့် ကျွန်တော်က မယ်ဒလင်လေးကိုဆွဲယူပြီး အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ဖက် အတန်ကွာသော မီးရထားသံလမ်းပေါ်၌ ကျွန်တော်ထိုင်သည်။

ညက မှောင်မည်းနေ၏။ တိတ်လည်း တိတ်ဆိတ်နေ၏။ ကောင်းကင်၌ မျက်တောင်ခတ်နေသောကြယ်တို့သည် ခါတိုင်းထက် ဤကမ္ဘာမြေမှ ပိုမိုဝေးလှသည်ဟု ကျွန်တော်ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်က သိသိမှတ်မှတ်မစေစားရသေးမီ လက်တို့က သီချင်းတစ်ပုဒ်ကို တီးနေမိသည်။

ထိုသီချင်းမှာ . . . ကျွန်တော် နောက်ဆုံးတက်လာခဲ့သည့် သီချင်း . . .။ ဟိုး . . . တစ်နေ့က မတက်လိုပါဘူးဟု ကျွန်တော် ငြင်းပယ်ခဲ့ဖူးသော သီချင်း . . .။

သီချင်းနာမည်က . . .

"ဂုဏ်မြင့်သူ . . . "

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

နောက်တစ်နေ့ နံနက်စောစောတွင် ဝန်မင်းဦးတင်လတ်၏အိမ်ကြီး ဆင်ဝင်အောက်၌ ကျွန်တော် ရပ်နေမိသည်။

သတင်းစာပို့လုလင်အဖြစ် သည်အိမ်ကြီးကို ကျွန်တော် မကြာခဏရောက်ဖူးသည်။ အိမ်ကြီး၏ ဧည့်ခန်းအတွင်းသို့ သုံးလေးကြိမ် ဝင်ခဲ့ဖူးပြီ။

ယခုမူ အိမ်ကြီးကို ကျွန်တော်က စိုးရိမ်အားငယ်စိတ်ဖြင့် ကြည့်နေမိသည်။ ဆင်ဝင်မှတစ်ဆင့် အိမ်ကြီး၏အတွင်းသို့ဝင်ရန်ကို ဘာကြောင့်မသိ ကြောက်လန့်နေမိသည်။ ကျွန်တော့်ကိုယ်က အလွန်ငယ်သွားပြီး အိမ်ကြီးက အဆမတန်ကြီးနေသည်ဟုလည်း ထင်သည်။

ချီတုံချတုံနှင့် ကျွန်တော်ရပ်နေခိုက် အိမ်ဝတွင် ဝန်မင်းကတော် ပေါ်လာသည်။

"သြော် . . . မောင်မြတ်ဆွေလား . . . "

"ဟုတ် . . . ဟုတ်ကဲ့ . . . "

"လာလာ . . . အိမ်ထဲဝင်ခဲ့ . . . "

ထိုအခါကျမှ အိမ်တွင်းသို့ ကျွန်တော်ဝင်ခဲ့သည်။

ဝန်မင်းကတော်က ဧည့်ခန်းရှိ ဆိုဖာတစ်ခုပေါ်၌ ထိုင်သည်။

ကျွန်တော်က သူ့ရှေ့မလှမ်းမကမ်း၌ ကြမ်းပြင်ထက် ခြေစုံရပ်နေ၏။

ဝန်မင်းကတော်မှာ အသက်သုံးဆယ်ကျော်ပြီ ဖြစ်သော်လည်း အလွန်နုပျိုသည်။ အဆင်းသဏ္ဍာန်မှာ ကျွန်တော်တို့အရပ်ထဲတွင် ဗိုလ်ဆန်သည်ဟုပြောသော အဆင်းသဏ္ဍာန်မျိုး ဖြစ်၏။ မျက်လုံးရော၊ မျက်ခုံးရော၊ နှာတန်ရော၊ အသားအရေရော အားလုံးဗိုလ်ဆန်သည်။ လည်တိုင်နှင့် ပခုံးကျပုံကိုက ငွေဒင်္ဂါးပြား၌ ကျွန်တော်တို့တွေ့ဖူးသော ဝိတိုရိယဘုရင်မနှင့်တူသည်။ ပိုးအင်္ကျီဖြူ မထူမပါးနှင့် အပြာနုခံတွင် သဇင်ခက်ကဲ့သို့ ပန်းခက် အနက်သေးသေးများ ရိုက်ထားသည့်ထဘီကို ဝတ်ထားပုံမှာလည်း ရိုးရိုးရှင်းရှင်းနှင့် လှပသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုလ်ဆန်သည်ဆိုသည်မှာ ကပြားဆန်သည်ဟု ကျွန်တော်မဆိုလို။ ကျွန်တော်တွေ့ဖူးသမျှ ကပြားမလေးများမှာ တောင့်တောင့်၊ ကြမ်းကြမ်း၊ ဗိုးဗိုးဖတ်ဖတ်၊ ဆတ်ကော့လတ်ကော့ ဖြစ်၏။ ဝန်မင်းကတော်ကား ပျောင်းပျောင်းနွဲ့နွဲ့နိုင်သည်။ ထိုင်နေပုံလေးလည်း ပုံ့ပုံ့အိအိရှိသည်။ မျက်နှာထားရော မျက်လုံးများပါ နူးညံ့သိမ်မွေ့သည်။

အတန်ကြာ စကားမပြောပဲရှိရာမှ ဝန်မင်းကတော်က ပြုံးပြီးဆို၏။

"မောင်မြတ်ဆွေကိုလွှတ်လိုက်မယ်လို့ မနေ့က မင့်မမကတော့ အပြောသား . . . "

"ဟုတ်ကဲ့ . . . မမက လွှတ်လိုက်တာပါ . . . ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါ . . . "

"အင်း . . . အဲဒါနဲ့ မောင်မြတ်ဆွေဘာလုပ်တတ်သလဲ . . . "

"ခိုင်းချင်တာခိုင်းပါ . . . ကျွန်တော်လုပ်ပါ့မယ် . . . "

ဝန်မင်းကတော်က ဟင်းခနဲ တစ်ချက်ရယ်၏။

"အဲဒါ ခက်တာပဲ . . . ဘာခိုင်းရမလဲ ဒီကလဲမသိဘူး . . . နေဦး . . . ထမင်းချက်တတ်သလား . . . "

"ဟုတ်ကဲ့ . . . ချက်တတ်ပါတယ် . . . "

"ဟင်းကော . . . "

"လွယ်တဲ့ဟင်းတော့ ချက်တတ်ပါတယ် . . . "

"လွယ်တဲ့ဟင်းဆိုတာ ဘာကိုပြောတာလဲ . . . "

"ဘဲဥချဉ်ရေတို့ . . . ခရမ်းသီးအိုးကပ်တို့ . . . ကင်ပွန်းရွက်ဟင်းချိုတို့ . . . ပဲကြီးနဲ့ ဆူးပုတ်တို့ . . . "

ဝန်မင်းကတော်သည် မျက်လုံးလေးများ ဝိုင်းကာ ကျွန်တော့်ကိုကြည့်၏။

"ဟယ် . . . အဲဒါတွေတောင် ချက်တတ်တယ် . . . မောင်မြတ်ဆွေ ဘယ်မှာသင်တာလဲ . . . "

"မမနဲ့ဝိုင်းကူလုပ်ရင်း မမ မအားတော့ ဖြစ်သလိုလုပ်ကြည့်ရင်း ဒီလိုနဲ့ ကျွန်တော် တတ်တာပါ . . . "

ဝန်မင်းကတော်သည် ကျွန်တော့်ထံမှ မျက်လုံးများကိုမလွှဲ။ ပါးစပ်လေးလည်း ဟနေသည်။

ထိုစဉ် ဧည့်ခန်းတွင်းသို့ မိန်းမကြီးတစ်ဦး ဝင်လာသည်။

"အေး . . . ဘယ်သူနဲ့ စကားပြောနေတာလဲ . . . "

"မောင်မြတ်ဆွေနဲ့ မာမာ . . . သူ့အစ်မ ဘယ်သူ . . . အဲ . . . မသန်းလှ . . . မသန်းလှက ဒီနေ့ သူ့ကိုယ်စား လွှတ်လိုက်တာ . . . "

"အဲဒါနဲ့ ဘာစကားလက်ဆုံကျနေတာလဲ . . . "

"အို . . . သူသိပ်တော်တာပဲ မာမာ . . . ဟင်းတွေဘာတွေ ချက်တတ်တယ်တဲ့ . . . ဘာတဲ့ . . . ဘဲဥချဉ်ရေတဲ့ . . . ခရမ်းသီး ဘာရယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



ဝန်မင်းကတော်က ကျွန်တော့်ထံလှမ်းကြည့်ပြီး မေးသောကြောင့် ကျွန်တော်က ဝင်ဖြေပေးရ၏။

"ခရမ်းသီးအိုးကပ် . . . "

"အဲ . . . ခရမ်းသီးအိုးကပ် . . . ပြီးတော့ . . . . ကင်ပွန်းရွက်ဟင်းချို . . . နောက်ပြီး . . . ပဲကြီးနဲ့ ဆူးပုတ်တဲ့ . . . "

မိန်းမကြီးက သက်ပြင်းချဟန်လုပ်ပြပြီးဆို၏။

"အံမာလေး အေးရယ် . . . ဒါတွေချက်တတ်တာများ တအံ့တဩဖြစ်နေရသလား . . . "

"ဖြစ်တာပေါ့ . . . ဘတ္တလာတောင် မချက်တတ်ဘူး . . . "

"ဟဲ့ . . . ဘတ္တလာက မြန်မာဟင်း ဘယ်ချက်တတ်မလဲ . . . "

"ပြီးတော့ . . . မိုးကျရွှေကိုယ်လဲ မချက်တတ်ဘူး . . . "

"နင့်မိုးကျရွှေကိုယ် လုပ်တတ်တာ ဘာရှိလို့လဲ . . . "

ကျွန်တော်က သူတို့စကားများအနက် မိုးကျရွှေကိုယ်ဟူသောစကားဆန်းကို စဉ်းစားနေမိသည်။ လူနာမည်လော။ သူတို့ပြောပုံအရ လူနာမည်ဖြစ်နေ၏။

"ကဲ . . . ညည်းလုပ်စရာရှိတာ သွားလုပ် . . . ဒီသူငယ်ကို ငါကြည့်ခိုင်းမယ် . . . "

ဝန်မင်းကတော်သည် နေရာမှထ၍ ကျွန်တော့်ကိုပြုံးပြပြီး ဆို၏။

"အဲဒါ . . . ဒီက . . . မာမာ . . . အဲလေ . . . မေမေ . . . မောင်မြတ်ဆွေ မာမာခိုင်းတာကိုလုပ်နော် . . . "

"ဟုတ်ကဲ့ . . . ဝန်မင်းကတော် . . . "

ဝန်မင်းကတော် ထွက်သွားသောအခါ အခန်းတွင်း၌ ကျွန်တော်နှင့်မိန်းမကြီးသာ ကျန်ရစ်၏။

တစ်ခန်းလုံး တိတ်ဆိတ်နေ၏။ မိန်းမကြီးက ဆိုဖာပေါ်ထိုင်လျက် ကျွန်တော့်ကို အကဲခတ်နေပုံရသည်။ ကျွန်တော်ကလည်း သူ့ကို ပြန်အကဲခတ်၏။

မျက်နှာကျပုံက ဝန်မင်းကတော်နှင့်ဆင်သည်။ ဝန်မင်းကတော်လောက်မူ အသားမဖြူ။ ဝန်မင်းကတော်ကဲ့သို့လည်း မျက်နှာထားမချို။ ကုတ်ပိုး၌ အသားမတက်မတက်ရှိအောင် ဝသော်လည်း လေးလေးထိုင်းထိုင်းဟန်မရှိ။ ကျယ်ဝန်းသော မဟာနဖူး၌လည်း အကြောတစ်ချောင်းထောင်နေ၏။

"မင်းနာမည် မြတ်ဆွေ . . . ဟုတ်လား . . . "

"ဟုတ်ပါတယ် . . . "

"လူကြီးနဲ့ စကားပြောရင် သံပြတ်နဲ့မပြောရဘူး . . . 'ဟုတ်ကဲ့ ခင်ဗျာ' . . . ဒီလိုရိုရိုသေသေ ပြောရတယ် . . . "

"ဟုတ် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ခင်ဗျာ . . . "

"မင်း ထမင်းဟင်း တကယ်ချက်တတ်တယ်နော် . . . "

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ခင်ဗျ . . . "

www.burmeseclassic.com

www.burmeseclassic.com



"မိုးကျရွှေကိုယ် ဈေးကပြန်လာမှ မီးဖိုချောင်မှာ အလုပ်ရှိမယ် . . . အခု မင်းတံမြက်စည်း လှဲရမယ် . . . လှဲတတ်ကဲ့လား . . . "

"ဟုတ်ကဲ့ . . . "

မိန်းမကြီးက မကျေနပ်ဟန်စိုက်ကြည့်သောကြောင့် ကျွန်တော်က စကားကိုပြင်၍ ထပ်ပြောရ၏။

"ဟုတ်ကဲ့ ခင်ဗျ . . . "

"ကျန်တာတွေ မသင်ခင် မင်းကို အခေါ်အပြော သင်ရမယ် . . . "

"ခင်ဗျာ . . . "

"စောစောက ငါ့သမီး အေးကို ဝန်မင်းကတော်လို့ မင်းခေါ်တာ ကြားလိုက်တယ် . . . အဲဒါ အင်မတန် ရိုင်းတယ် . . . မမလို့ ခေါ်ရမယ် . . . ကြားလား . . . "

"ဟုတ်ကဲ့ ခင်ဗျာ . . . "

"အေးရဲ့အစ်မ ခင်လေးရှိသေးတယ် . . . သူ့ကိုလဲ မမပဲခေါ် . . . ငါ့ကိုတော့ မင်း မေမေကြီးလို့ ခေါ်ရမယ် . . . ကြားလား . . . "

"ဟုတ်ကဲ့ ခင်ဗျ . . . "

အဘွားကြီးက ကျွန်တော့်ကို ကြက်မွေးတစ်ချောင်းအရင်ပေးသည်။ စားပွဲများ၊ ကုလားထိုင်များ၊ ဘီဒိုများ စသည်ကို အစင်းမထင်ရန် ခပ်ဖွဖွ ကြက်မွေးနှင့်လှဲနည်း ပြသည်။ ထို့နောက် ကြမ်းပြင်ကို တံမြက်စည်းနှင့် အုပ်လှဲနည်း သင်ပြန်သည်။

"အိမ်အထိန်းမှာ တံမြက်ကောင်း . . . မီးဖိုချောင်မှာ ငရုပ်ထောင်း . . . . မင်း ငါသင်တာကို ကျကျနနလုပ် . . . ဒီအလုပ်မှာ မြဲချင်ရင် . . . "

ကျွန်တော်က အဘွားကြီးကို မော့ကြည့်မည်ကြံပြီးမှ မျက်လွှာဆက်ချထားရ၏။ ဤအလုပ်ကို ကျွန်တော်အမြဲလုပ်မည်ဟု အဘွားကြီးထင်နေပြီ။ ကိစ္စမရှိပါ . . .။ သူ့အကြိုက် "ဟုတ်ကဲ့ ခင်ဗျ . . . " ဟုသာ လိုက်လုပ်ရတော့၏။

အဘွားကြီး ထွက်သွားသောအခါ ပရိဘောဂများကို ကျွန်တော် ကြက်မွေးနှင့် စလှဲသည်။ အမှန်က ဖုံမရှိ။ သို့ရာတွင် ဝတ္တရားကုန်ရန် ပရိဘောဂမှန်သမျှကို ကျွန်တော် စိတ်ရှည်စွာ ကြက်မွေးနှင့်လိုက်လှဲသည်။ ထို့နောက် ကြမ်းပြင်ကို မြက်တံမြက်စည်းနှင့် စလှဲသည်။

လှဲရင်းလည်း ပြုံးမိ၏။ ကြမ်းပြင်၌ အမှိုက်ဝေး၍ ဖုံပင်မရှိ။ ကျွန်တော်တို့စံရာတဲနန်းနှင့် ကွာပါဘိခြင်း။ ကျွန်တော်တို့စံရာတဲ၌ ကြမ်းမှာ မဟာပထဝီမြေကြီးဖြစ်သောကြောင့် ဖုံမက သဲရော ခဲရောထူသည်။ အမှိုက်က ဗလပွ။

ဖုံမရှိသော ပရိဘောဂ။ အမှိုက်မရှိသော ကြမ်းပြင်ကို အလုပ်မရှိအလုပ်ရှာ တံမြက်လှဲရခြင်းအတွက် သဘောကျ၍ ပြုံးမိသည်။

မပင်ပန်းလှသော အလုပ်ကို စိတ်ဝင်စားစွာလုပ်နေခိုက် မမျှော်လင့်သောအသံကို ကြားရသည်။

ပီယာနိုသံ . . .။အပေါ်ထပ်မှလာသည်။

ပထမတွင်မူ ကျွန်တော်နားမလည်သော တေးသွားများဖြစ်၏။ ညာသံများကြားတွင် မှန်မှန်ခြား၍ ပေါ်လာနေသော ဘယ်သံ။ ဘရိတ်လွှတ် ဘရိတ်နင်းစနစ်တို့ကြောင့် အင်္ဂလိပ်သီချင်း တီးနေမှန်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် အသံများရောထွေးသွားရန် ပီယာနိုခလုတ်များကို မွှေ့လိုမ့်သံကြားရ၏။ ခဏအဲ့မှ ဝေစည်သာယာသော ဘွဲ့ခံတီးသံကြားရ၏။

တံမြက်လှဲခြင်းကို အမှတ်မထင်ရပ်ပြီး နားစွင့်ထောင်မိသည်။

ပီယာနိုသံကို ကျွန်တော် အလွန်နှစ်သက်သည်။ ပီယာနိုပါသောတီးဝိုင်းသည် အလွန်မျက်နှာကြီး၏။ ကျွန်တော့်ဆရာလေး၏ ဝိုင်းတွင် ပီယာနိုမထားနိုင်ပါ။ အခြားဝိုင်းတစ်ခုနှင့် တွဲတီးစဉ်က ပီယာနိုကို ကျွန်တော်က အထင်တကြီး တအံ့တဩ ငေးကြည့်မိဖူးသည်။

ယခု အိမ်ပေါ်မှ ပီယာနိုသံ ပေါ်ထွက်နေပြီ။

ကျွန်တော်က တံမြက်စည်းဆက်လှဲသည်။ နားနှင့်စိတ်ကမူ ပီယာနိုသံဆီရောက်နေ၏။

ဂန္ဓမာတောင်ခေါ် မဥ္ဇူသက နတ်ပန်းဘွဲ့ကို တီးနေမှန်း ကျွန်တော်သိသည်။ ဤဘွဲ့ကား ကျွန်တော် ဆိုတီးကောင်းကောင်းရသောဘွဲ့ဖြစ်၏။

ပီယာနိုသံသည် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ညက်ညောစွာကူးပြောင်းလာရာမှ 'မချူသာပြန်' အစတွင် ထစ်ငေါ့သွားသည်။ ထစ်ငေါ့သွားရုံမက ရှေ့မဆက်နိုင်ပဲ တစ်နေရာတွင် တဝဲလည်လည်ဖြစ်နေ၏။ အတန်ကြာသော် ပီယာနိုခလုတ်များကို ဆောင့်ဖိနှိပ်ရပ်လိုက်သံ ကြားရ၏။

ကျွန်တော်သည် ပြီးခါနီးပြီဖြစ်သော တံမြက်လှဲခြင်းအမှုကို သွက်သွက်ပြု၏။

တဆစ်ချိုးလှေကားထိပ်မှ ခြေသံပေါ်လာ၏။ လှေကားခုလတ်တွင် ခြေသံရပ်သွားသောကြောင့် ကျွန်တော် လှည့်၍မော့ကြည့်မိသည်။

"သြော် . . . "

လှေကားလယ်တွင် ထားကရပ်နေ၏။

လှေကားလက်တန်းထက် လက်ကလေးတစ်ဖက်တင်ကာ ကိုယ်ကို ခပ်နွဲ့နွဲ့ယိုင်လျက်ရပ်ရင်း ထားက ကျွန်တော့်ကို မျက်မှောင်လေး မကြုတ်တကြုတ်နှင့် စိုက်ကြည့်နေ၏။

ကျွန်တော်က မျက်လုံးလွှဲလိုက်သည်။ ခေါင်းကိုလည်း ငုံ့ပစ်လိုက်သည်။ သစ်သားလက်ကိုင်တပ် သံဖြူဂေါ်ပြားအတွင်းသို့ မရှိလှသော ဖုံနှင့်အမှိုက်ကို တံမြက်စည်းနှင့် သိမ်းထည့်နေ၏။

အောက်အထိဆင်းလာသော ထား၏ခြေသံကို ကြားရသည်။

"ဒီမှာ . . . "

ကျွန်တော်က မော့မကြည့်။

"ဒီမှာ . . . ခေါ်နေတယ် . . . သတင်းစာပို့တဲ့ ကောင်ကလေး . . . "

ဤအကြိမ်၌မူ ကျွန်တော်က ထားကို မော့ကြည့်သည်။

ထား၏မျက်နှာက ပြုံးသလို၊ မပြုံးသလို။ မချိုမချဉ်ဖြစ်၏။ အိပ်ရာထစ မျက်နှာသစ်ပြီး ဘာမျှဖီးလိမ်းထားခြင်းမရှိသေးသော်လည်း ထား၏မျက်နှာလေးသည် ပကတိ သန့်စင်ဖြူဝင်းလှကြောင်းကို အရေးထဲ၌ သတိပြုမိလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် သတင်းစာမပို့ပဲ အခု ဘာလာလုပ်နေတာလဲ . . . "

"တံမြက်စည်းလှဲနေတာလေ . . . "

"တံမြက်စည်းလှဲနေတာတော့ မြင်သားပေါ့ . . . အခု တို့အိမ် နင် ဘာလာလုပ်တာလဲ . . . "

"ကိုယ့်အစ်မ မအားလို့ ကိုယ် ခဏလာအလုပ်လုပ်ပေးတာ . . . "

"ဪ . . . ဒါဖြင့် နင်အခု ဒီမှာလှဲလို့ပြီးပလား . . . "

"ပြီးပြီ . . . "

"ဒါဖြင့် အပေါ်ထပ် တက်လှဲပါ . . . "

"ဘာရယ် . . . "

"အပေါ်ထပ်ကို တံမြက်စည်းလှဲဦးလို့ . . . "

"မမကြီးဆိုတာက အပေါ်ထပ်ကိုလှဲဖို့ မပြောခဲ့ဘူး . . . "

"အခု ငါက ပြောနေတယ်မဟုတ်လား . . . "

"လူကြီးက ခွင့်မပြုပဲ အိမ်ပေါ်ထပ်ကို မတက်ရဲဘူး . . . ကြိုက်မှန်း မကြိုက်မှန်း မသိပဲ . . . "

"ငါလဲ ဒီအိမ်မှာလူကြီးပဲ . . . မေးရင်ပြောလိုက် . . . ငါခိုင်းတာလို့ . . . "

ကျွန်တော်က ထားနှင့်ရန်မဖြစ်ချင်။ ရန်ဖြစ်ရန်လည်း စိတ်အားမရှိ။

"ကောင်းပြီလေ . . . ကိုယ် တက်လှဲပါမယ် . . . "

သူ့ရှေ့က အမြန်ခွာရလျှင်ပြီးရောဟု ကျွန်တော်သည် အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ထပ်အိပ်ခန်းဖြစ်ဟန်တူသော အတွင်းခန်းသုံးခုနှင့် ကျယ်ဝန်းသော အပြင်ခန်းကြီးတစ်ခု ရှိသည်။ အပြင်ခန်း၏ ပြောင်လက်သော ကျွန်းခင်းကြမ်းပေါ်၌ အမွေးမပွတပွ အပြာနုရောင် ကော်ဇောနှစ်ချပ်ကို အကွက်ကျကျ ခင်းထားသည်။ စာအုပ်ဘီဒိုနှင့် စာရေးစားပွဲတို့က တစ်ထောင့်၌ရှိသည်။ အလယ်တွင် ကုလားထိုင်နှင့် စားပွဲပုတစ်စုံ ရှိ၏။ အိမ်ရှေ့ဘက် ပြတင်းပေါက်ကြီးတစ်ခု အနီး၌ကား မဟော်ဂနီရောင် ဖိတ်ဖိတ်လက်နေသော မတ်ရပ်ပီယာနိုတစ်လုံး ရှိ၏။

အိမ်ကြီးက မြောက်ဘက်သို့ မျက်နှာပြုထားသည်ဖြစ်ရာ ပီယာနိုအနီးမှ မျှော်ကြည့်လျှင် တောင်အောက်ရှိ လှပသာယာသော ပြည်မြို့ကြီးတစ်ခုလုံး၏ ရှုခင်းကို စီးမြင်ရသည်။

အိမ်တွင်းခန်းများသို့ မဝင်အပ်ဟု ကျွန်တော်ဆုံးဖြတ်ပြီး အပြင်ခန်းရှိ စားပွဲကုလားထိုင် ဘီဒိုများကို ကြက်မွေးလှဲသည်။

ပီယာနိုကြီးအနီးတွင်မူ အတန်လေးကြာအောင် ရပ်ကြည့်နေမိသည်။

ပီယာနို ခလုတ်အံဖုံးက ပိတ်လျက်ရှိသည်။

ကျွန်တော်၏လက်များသည် အံဖုံးဆီရောက်သွား၏။ အံဖုံးကိုဖွင့်ပြီး ခလုတ်ကလေးများကို ကြည့်ချင်စိတ်ပေါက်လာ၏။ သို့ရာတွင် စိတ်ကိုထိန်းချုပ်လိုက်ပြီး ပီယာနိုကို ယုယညင်သာစွာ ကြက်မွေးနှင့်လှဲ၏။

www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ခြေသံဖွဖွကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ မရွှေထားကို တွေ့ရပြန်၏။

ထားက ကျွန်တော့်အနီးကပ်လာပြီး မေး၏။

"စောစောက အံဖုံးကို ဘာလို့ကိုင်တာလဲ . . . "

"ခလုတ်လေးတွေ ဖွင့်ကြည့်မလို့ . . . "

"ဘာလို့ ဆက်မဖွင့်တာလဲ . . . "

"ကိုယ့်အရာမဟုတ်ဘူးလေ . . . 'ကိုယ်နှင့်မဆိုင် ခွင့်မပိုင် ဆွဲကိုင်မကြည့်ရ' တဲ့ . . . ဆုံးမစာ ရှိတယ် မဟုတ်လား . . . "

ထား၏မျက်နှာ၌ မချိုမချဉ်အပြုံး ပေါ်လာပြန်၏။

ထားသည် ပီယာနိုအံဖုံးကို ဖွင့်လိုက်ပြီး လက်ချောင်းကလေးများနှင့် တို့ကစားလိုက်၏။

တန်းစီညီညာသည့် ခလုတ်မဲနှင့် ခလုတ်ဖြူကလေးများက လှပ၏။ ထိုနည်းတူစွာ ထား၏လက်ချောင်းကလေးများကလည်း လှပ၏။

ထားက အမူအရာဖြင့် ကျွန်တော့်ကို သူ့နားခေါ်သည်။

"ခလုတ်ကလေးတွေကို ကိုင်ကြည့်ချင်သလား . . . ကိုင်ကြည့်လေ . . . "

ကျွန်တော်က ခေါင်းခါပြသောအခါ ထားကမေး၏။

"ဘာပြုလို့ . . . "

"ကိုယ့်လက်နဲ့ ပီယာနိုဟာ မတန်ပါဘူး . . . ပြီးတော့ တူရိယာပစ္စည်းတစ်ခုဟာ မတတ်ပဲနဲ့ ဆော့ကစားစရာလဲ မဟုတ်ဘူး . . . "

ထားက ကျွန်တော့်ကို စိုက်ကြည့်၏ . . .။ မချိုမချဉ်တော့ မပြုံးတော့။

ကျွန်တော်က ကြမ်းပြင်ကို တံမြက်စည်းလှဲမည်ပြု၏။

"တော်ပြီ . . . မလိုတော့ဘူး . . . "

"ကြမ်းကို တံမြက်စည်းမလှဲရသေးဘူး . . . "

"လှဲဖို့မလိုဘူး . . . ကော်ဇောကို ဖွဲကီယံကလင်နာနဲ့ လှဲရတယ် . . . အဲဒါကို နင်ကိုင်တတ်မှာ မဟုတ်သေးဘူး . . . "

အောက်ထပ်မှ အဘွားကြီးတက်လာ၏။

"သြော် . . . ငါကလိုက်ရှာနေတယ် . . . ဒီသူငယ်က ဒီပေါ် ရောက်နေတာကိုး . . . "

ကျွန်တော် အကျိုးအကြောင်းမရှင်းပြရမီ ထားက ဝင်ပြော၏။

"သူ့ကို ထား ခေါ်ပြီး ခိုင်းနေတာ . . . "

"ဟဲ့ . . . ထားအလုပ်လား . . . "

www.burmeseclassic.com

www.burmeseclassic.com



"ထားလဲ ခိုင်းတတ်ပါတယ် . . . ဒီမှာ ဘွားဘွား . . . သူတော်တော်စည်းကမ်းရှိတယ် . . . "

"တော် . . . ဘာရယ် . . . "

ထားသည် သူ့ဘွားအေကို ပြန်မဖြေ။ ကျွန်တော့်ဘက်လှည့်ပြီးသာ အမိန့်ပေး၏။

"နင် ဒီမှာပြီးပြီ . . . အောက်ဆင်းသွားနိုင်ပြီ . . . "

"ကောင်းပါပြီခင်ဗျာ . . . "

ကျွန်တော် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ စိတ်တွင်း၌မူ ထားကို ရယ်လည်းရယ်ချင်မိသည်။ မခံချင်လည်း မခံချင်မိ။

မရှေးမနှောင်းမှာပင် အဘွားကြီး အောက်ဆင်းလိုက်လာ၏။

"မောင်မြတ်ဆွေ . . . ဒီကပြီးရင် မီးဖိုချောင်ဘက်လိုက်ခဲ့ . . . "

"ဟုတ်ကဲ့ . . . ကောင်းပါပြီခင်ဗျာ . . . "

ကျွန်တော်သည် သံဖြူဂေါ်ပြားတွင်း၌ ရှိသမျှအမှိုက်ကလေးများကို အိမ်ရှေ့ မြေပြင်တစ်နေရာရှိ ပုံးအနက်တစ်လုံးတွင်ထည့်သည်။

အိမ်တွင်း ပြန်ဝင်လာပြီး တံမြက်စည်း၊ ကြက်မွေး စသည်တို့ကို မူလနေရာတွင် ပြန်ထားသည်။ ထို့နောက် မီးဖိုချောင်ဘက်ထွက်လာခဲ့၏။

အိမ်မကြီးနှင့် မီးဖိုချောင်ကို အမိုးရှိသော စင်္ကြန်နှင့် ဆက်ထားသည်။

မီးဖိုချောင်ဆီမှ အသံဗလံများ ကြားရသောကြောင့် ဆက်မသွားပဲ ရပ်နားထောင်မိသည်။

"ဟဲ့ . . . မိုးကျရွှေကိုယ် . . . နင့်ဝက်သားက အဆီကြီးပဲ . . . "

ဤအသံက အဘွားကြီးအသံ။

"ဝက်တား ဝယ်တယ်နော် . . . အဆီးရမယ် . . . အတားလိုချင်တယ်နော် . . . အမဲဒါးဝယ် . . . "

ယင်းအသံကမူ ကုလားတစ်ယောက်၏အသံ။

"ဟဲ့ . . . ဝက်သားစားချင်လို့ ဝက်သားဝယ်ခိုင်းတာပေါ့ . . . နင့်ကို ပေါင်သားကောင်းကောင်းဝယ်ခဲ့လို့ ငါမမှာဘူးလား . . . "

"ဒါ ပေါင်ဒါးပဲ . . . ဝက်ပေါင်မှာလဲ အဆီရှိဒါပဲ . . . အဆီမရှိဒါ နားရွက်ပဲ . . . "

"နားရွက် နင်စားပါလား . . . "

"အား . . . ရှားတယ် . . . နားရွက်နော် . . . ထုတ်ထုတ် . . . ထုတ်ထုတ်နဲ့ အားကြီးကောင်းတယ် . . . မွေ့မွေ့ကြီး ရှားဘူးလား . . . "

"စားဖူးတာပေါ့ဟဲ့ . . . "

"ရှားဘူးတယ်နော် . . . ပီးဒါဘဲ . . . မရှားဘူးဘူးနော် . . . နောက်တစ်ခါ ဝယ်လာမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဝယ်မလာပါနဲ့ . . . ဘယ်မလဲ ဟင်းသီးဟင်းရွက်တွေ . . . "

"ဟိုမှာ . . . "

"အမလေးတော် . . . စားစရာတွေကို ကြမ်းပေါ်ချထားတယ် . . . ညစ်ပတ်ကုန်ပါပြီ . . . "

"ရေဆေးရင် စင်းဒါဘဲ . . . "

"နင်ပြောမှ ငါသိရမှာလား . . . ရေဆေးရင်စင်ပေမယ့် စားစရာကို ကြမ်းမှာမချရဘူး . . . "

"ကြမ်းမှာချတယ်နော် . . . ရွံတယ် . . . ဈေးမှာရောင်းတယ်နော် . . . မြေကြီးပေါ်မှာ . . . မရွံဘူး . . . ဘာအခိပ္ပါယ်ရှိဒလဲ . . . "

"ငါ့နယ် . . . စကားတောင်စားနဲ့ တွေ့နေပါပြီ . . . ဟောတော့ . . . ဝယ်လာတဲ့ဟာတွေကလဲ . . . "

"အားလုံး အကမ်းကြီးဘဲ . . . ပုပ်ထာမပါဘူး . . . "

"မပုပ်ပါဘူး . . . ဒါပေမယ့် နင့်ဟာတွေကြည့်စမ်း . . . "

"အား . . . ကြည့်တယ် . . . ဘာဖြစ်တလဲ . . . "

"ဟဲ့ . . . မန်ကျည်းရွက်ရယ် . . . ကင်မွန်းရွက်ရယ် . . . ချဉ်ပေါင်ရွက်ရယ် . . . အဲဒါတွေ ဘာလုပ်ရမှာလဲ . . . "

"ဟင်းချက်ရှားရတယ်လေ . . . "

"ဟင်းချက်စားရတာ နင်ပြောမှလား . . .တကတဲ . . . အချဉ်တွေကြီးပဲ . . . "

"ချဉ်တဲ့ဟင်းချက်ရှားဘို့ ဝယ်လာရို . . . "

"ငါသေပါတော့ဟယ် . . . မိုးကျရွှေကိုယ် . . . နင် နည်းနည်းမှ သောက်သုံးမကျဘူး . . . "

"မွေမွေးကြီး . . . ဒီလိုမပြောရဘူး . . ."

"ပြောတော့ ဘာပြုလဲ . . . ဒီကုလား သောက်သုံးကိုမကျဘူး . . . "

"မွေမွေးကြီး . . . မရှဲနဲ့နော် . . . တစ်ခါထဲ ဒွတ်ခရောက်သွားမယ် . . . "

"အောင်မယ် . . . အောင်မယ် . . . နင်က ဘာလုပ်ချင်လို့လဲ . . . "

"ဘာမှ မလုပ်ချင်ဘူး . . . ဈေးလဲ မတွားချင်ဘူး . . . မတွားပေးဘူး . . . "

"အံမယ် . . . နင်မသွားလို့ ရမလား . . . "

"ရတယ် . . . မိုးကျရွှေကိုယ်နော် . . . တာတက် ဈေးမတွားဘူး . . . တာတက် မီးဖိုချောင်ထဲ မလာဘူး . . . တာတက် ခံတမာမလုပ်ဘူး . . . တာတက် ဂျာဒူးဝါလားမလုပ်ဘူး . . . "

"ကဲ . . . ကဲ . . . ကြွကြွ . . . မြန်မြန်ကြွ . . . နင့် ငါလုပ်မိလိမ့်မယ် . . . "

"အား . . . မလုပ်မိနဲ့ . . . တွားမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်တွင်းမှ ကုလားတစ်ဦးထွက်လာသည်။ မိုးကျရွှေကိုယ်ဟူသော ပုဂ္ဂိုလ်ပင် ဖြစ်ရပေမည်။

အသက်က ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်ခန့်ရှိမည်။ အင်္ကျီလက်တိုအဖြူ၊ ဇင်သားဘောင်းဘီရှည် အဖြူ၊ ညှပ်ဖိနပ်တို့ကို ဝတ်ဆင်ထား၏။

အသားကမည်း၍ သွားကဖြူသည်။ ဆီရွှဲရွှဲလိမ်းထားသော ဆံပင်တို့က ပြောင်လက်နေ၏။

သူက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး လေချွန်လျက် ဟန်ပါပါနှင့် အိမ်ရှေ့ဘက်ဆက်ထွက်သွားသည်။

မီးဖိုချောင်တွင်း ကျွန်တော်ဝင်လိုက်သည်။

မေမေကြီးခများမှာ ဝက်သားနှင့် အချဉ်ရွက်ပေါင်းစုံကိုကြည့်ကာ စိတ်ရှုပ်နေပုံရ၏။

"ကျွန်တော် ဘာကူလုပ်ပေးရမလဲ မေမေကြီး . . . "

"အေး . . . ငါလဲ ဘာစကိုင်ရမလဲ မသိဘူး . . . တတ်နိုင်ဘူး . . ဒီနေ့တော့ ဖြစ်သလိုပဲ . . . ဝက်သားဆီပြန်နဲ့ မန်ကျည်းရွက်ဟင်းချို လုပ်ရမှာပဲ . . . မင်း ငရုတ်သီးထောင်းပေဟ့ . . . "

"ဟုတ်ကဲ့ခင်ဗျာ . . . "

ငရုတ်သီးခြောက်များကား ရေစိမ်ထားပြီး ရှိနေ၏။ ခက်သည်မှာ ငရုတ်ဆုံရှာမတွေ့။

"ငရုတ်ဆုံကော မေမေကြီး . . . "

"အေး . . . ဟုတ်ပါရဲ့ . . . ဒီအိမ်မှာ ငရုတ်ဆုံမရှိဘူး . . . ဘတ္တလာက ကုလားလိုပဲ ကြိတ်တာ . . . ဟောဟိုမှာ ကျောက်ပြားနဲ့ ကျောက်ဒလိမ့် . . . မင်းကြိတ်တတ်ရဲ့လား . . . "

"စမ်းလုပ်ကြည့်ရမှာပဲ မေမေကြီး . . . "

"အေး . . . အေး . . . ဩော် . . . ဒီလိုလုပ်ကွာ . . . ကြက်သွန်တွေဘာတွေ အရင်လှီးပြီးမှ ပေါင်းကြိတ်ပေါ့ . . . "

"ဟုတ်ကဲ့ ခင်ဗျာ . . . "

"တခြား ဘာတွေမှမကိုင်ခင် မင်းလက်ကို စင်အောင်ဆေး . . . ဆပ်ပြာနဲ့တိုက်ဆေးနော် . . . "

"ကောင်းပါပြီ မေမေကြီးခင်ဗျာ . . . "

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

ရှေးယခင်က ရန်ကုန်မြို့ကိုရောက်လာကြသော နိုင်ငံခြားသားများသည် ရန်ကုန်မြို့သည် ကာလကတ္တားမြို့ကဲ့သို့ပင် ကုလားမြို့ကြီးတစ်မြို့ဟု ထင်ကြသည်။ မြန်မာဟူသည်ကိုလည်း ကုလားတစ်မျိုးဟု ထင်သွားကြသည်။ အကြောင်းမှာ သင်္ဘောဆိပ်နှင့်မြို့လယ်ရပ်ကွက်မှန်သမျှ၌ ကုလားတို့ လွှမ်းမိုးနေကြသောကြောင့် ဖြစ်၏။ ကူလီကလည်း ကုလား။ လန်ချားသမားကလည်း ကုလား။ ပုလိပ်ကလည်း ကုလား။ ဈေးဆိုင်တိုက်ဆိုင်တွေမှာလည်း ကုလား။ ရုံးတွေကနွားတွေမှာလည်း ကုလား။

ဤကား နောင်ကြီးပြင်းမှ ကျွန်တော်ကြားဖူးခြင်းဖြစ်သည်။

၁၉၄၂ ခုနှစ် နွေဦး၌ ကျွန်တော်တို့ပြည်မြို့ကို နိုင်ငံခြားသားတစ်ဦးဦးရောက်လာခဲ့လျှင် ပြည်မြို့ကြီးကိုလည်း ကုလားမြို့ကြီးဟု အမှန်ပင် ထင်ပေလိမ့်မည်။

နွေရင့်လာလေ ပြည်မြို့သည် ပူပြင်းလာလေဖြစ်သည်။ ရေကလည်း ရှားသည်။ အထူးသဖြင့် သောက်ရေက ရှားသည်။

ကျွန်တော်တို့က မြစ်ရေသောက်ကြသည်။ မြစ်ရေကား ရေစက်မှလာသည်။ မိုးအခါဆိုလျှင် ရေကနောက်လှသဖြင့် ပြည်မြို့တစ်ဝိုက် တောတောင်များမှထွက်သော 'ရေကြည်စေ' သွေးထည့်ပြီး ရေကြည်လာမှ သောက်ကြသည်။ နွေ၌မူ မြစ်ရေက ကြည်ပါ၏။ သို့ရာတွင် ယခုနှစ်နွေ၌ ကာလဗရုတ်ဗရက်ကြောင့် ရေစက်ကြီး ကောင်းကောင်းမလည်သောကြောင့် သောက်ရေရှားသည်။ ရေတွင်းများကား ရှိပါ၏။ သို့ရာတွင် တွင်းရေကို ကျွန်တော်တို့ မသောက်။ တွင်းရေမှာ ငန်ပြာပြာနေ၍ သောက်၍မကောင်း။ ချိုးဖို့ ဖွတ်ဖို့သာ ကောင်းသည်။

ရေရှား၍ ပူပြင်းသောနွေတွင် ပြည်မြို့တစ်မြို့လုံးမှာ စစ်ပြေးကုလားများနှင့် ပြည့်နှက်နေ၏။

ကုလားတို့ရောက်လာပုံမှာ ဂရုဏာသက်ဖွယ်ပင်တည်း။

ရထားတွဲတိုင်းတွင် ငါးပိသိပ် ငါးချဉ်သိပ် ပါလာကြ၏။ တွဲကြားအဆက်များတွင် ကြဲကြဲဖန်ဖန် ရပ်၍လည်းကောင်း၊ ခွ၍လည်းကောင်း ပါလာကြသည်။ တွဲများ ခေါင်မိုးများပေါ်တွင် ထိုင်၍တစ်မျိုး၊ အိပ်၍တစ်ဖုံ ပါလာကြသည်။ တံတားအဝင်များ၌ သံဘောင်သံတန်းတို့နှင့် ရိုက်မိကာ စင်ကျသေဆုံးကြသည့်သတင်းများကား မဆန်းတော့။

မီးရထား၊ မော်တော်ကားများနှင့် မလာနိုင်ကြသူများကား ရန်ကုန်မှ ပြည်အထိ ကုန်းကြောင်း လျှောက်လာကြသည်။

ပြည်-ရန်ကုန် ကားလမ်းမှာ သွားကြည့်ကြည့်၊ ရထားလမ်းမှာ သွားကြည့်ကြည့် ခြေလျှင်လျှောက်လာကြသည့် ကုလား အုပ်တန်းကြီးကား မဆုံးနိုင်။ သားတွဲလွဲ၊ သမီးတွဲလွဲနှင့် အထုပ်အပိုးများကို ပခုံးထမ်းလျက်တစ်မျိုး၊ ကျောပိုး၍တစ်ဖုံ၊ ခေါင်းရွက်လျက် တလီ နံနက်မှသည် နေလုံးဝင်၍ မိုးစုပ်စုပ်ချုပ်သွားမည်။ ယင်းမြင်ကွင်းကား မဆုံးနိုင်။

သူတို့အတွက် ကံကောင်းကြသည်မှာ လမ်းတလျှောက်ရှိမြန်မာရွာများ၊ မြို့များက ထမင်းထုပ်များ၊ သောက်ရေများ ပေးကမ်းလှူဒါန်းကြခြင်းဖြစ်၏။ ကျွန်တော်တို့ ပြည်မြို့ပေါ်တွင်လည်း ထမင်းထုပ်ကမ်းခြင်း၊ ရေလှူခြင်းတို့ကို တွေ့ရသည် . . .။ ဘယ်အခါမှ မခန်းမခြောက်သော မြန်မာ့သဒ္ဓါနှင့် မေတ္တာတရားပေတည်း . . .။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ ပြည်မြို့တစ်မြို့လုံးမှာ ကုလားမျိုးစုံနှင့် ကျပ်ခဲနေ၏။ သခွားချိုသီးစသော ဝမ်းနူးစာတို့ကလည်း ပေါလှသည်။ ယင်းတို့ကိုစား၊ ရရာရေသောက်နှင့် မကြာမီ ကုလားစစ်ပြေးတို့ကြား ဝမ်းရောဂါ ဖြစ်ပွားတော့၏။ ဝမ်းရောဂါနောက် ကျောက်ရောဂါက လိုက်လာသည်။

ပြည်မြို့သည် သတ္တန္တရကပ်ကို မကြုံမီ ရောဂန္တရကပ်ကို စတင်မြင်တွေ့ရပြီ။

စစ်ပြေးကုလားဒုက္ခိတများ၏ အဖြစ်ကိုမြင်တိုင်း မင်းကြီးတောင်ပေါ်ရှိ ထားတို့အိမ်မှ မိုးကျရွှေကိုယ်ကို သတိရမိသည်။ မိုးကျရွှေကိုယ်ကား အမှန်ပင် မိုးကျရွှေကိုယ်တည်း။ ထူးလှ၏။ ကံကောင်းလှ၏။ အင်္ကျီဖြူ ဘောင်းဘီဖြူ ဆံပင်ဆီလေးရွှဲရွှဲနှင့် စတိုင်ဖြောင့်လှ၏။ သူ့ကို တစ်နေ့တာသာ ကျွန်တော် တွေ့ခဲ့ရသည်။

နံနက်ခင်း၌ ဝန်မင်း ရုံးသွားသောအခါ စာခြင်းကိုပိုက်လျက် မော်တော်ကားနောက်ခန်းမှ ဟန်နှင့်ပန်နှင့် လိုက်ပါသွား၏။ ညနေ ဝန်မင်း ရုံးဆင်းလာပြီးသော် သူ့ကို တစ်ပုံစံမြင်ရ၏။

ကာကီအင်္ကျီလက်တို၊ ဘောင်းဘီတို၊ ဂျော်ကီဦးထုပ်၊ ကင်းဘတ်(စ်)ဖိနပ်ညိုနှင့် ဂေါက်အိတ်ကို စတိုင်တင်းတင်းလွယ်သည်။ စတိုင်တင်းတင်းဖြင့်ပင် ကားနှင့် ဂေါက်ကွင်းသို့ ပါသွား၏။

နံနက်က သူပြောခဲ့သည့်အတိုင်း မီးဖိုချောင်ဘက် ယောင်၍ပင် လှည့်မလာ။

မီးဖိုချောင်ရှိ မေမေကြီးနှင့် ကျွန်တော်သာ အလုပ်လုပ်ကြရသည်။ ဝန်မင်းကတော်နှင့် ဝန်မင်းကတော်၏အစ်မ မခင်လေးတို့လည်း တစ်ခါသာ ပေါ်လာ၏။

မခင်လေးမှာ ဝန်မင်းကတော်ထက် အနည်းငယ်ပိန်ပြီး အနည်းငယ်ရှည်သွယ်သည်မှအပ မိန်းမချောတစ်ယောက်ပေတည်း။ ဝန်မင်းကတော်ထက် ဖြူဖျော့ကာ ပိုလည်း ပျော့ဟန်ရှိသည်။ အမူအရာမှာ ရောဂါသည်ဟန် အတန်ပေါက်သော်လည်း ရောဂါတော့ ရှိဟန်မတူ။ အသားအရေသည် ကြည်လင်လန်းဆန်းလှ၏။

ညီအစ်မနှစ်ဦးလုံး မီးဖိုချောင်ဆီလာသည်မှာ ကြောင်ထမင်းစားလာသည်နှင့် တူလှ၏။ ကြောင်မည်သည် ထမင်းပုံကို မတို့ချင်သလို၊ တို့ချင်သလို . . . မစားချင်သလို၊ စားချင်သလို မရှုံ့မရဲဟန်ရှိ၏။ သူတို့ညီအစ်မသည်လည်း မီးဖိုချောင်တွင်း မရှုံ့မရဲ ဝင်သည်။ ဟိုအိုးလှန်ကြည့်မလို။ သည်အိုးလှန်ကြည့်မလိုနှင့် ဘယ်အိုးမှ လှန်မကြည့်။ ဟိုကိုင်ကြည့်မလို သည်ကိုင်ကြည့်မလိုနှင့် ဘာမျှကိုင်မကြည့်ကြ။ ပြီးတော့ ပြန်ထွက်သွားကြသည်။

ထားတစ်ယောက်သာ မီးဖိုချောင်တွင်း ဖိုးဖိုးဖတ်ဖတ်ဝင်သည်။ ဝက်သားဟင်းတစ်တုံး ဆယ်ခပ်စားကြည့်ပြီး ကောင်းသည် ဆို၏။ မန်ကျည်းရွက်ဟင်းချိုတစ်ဇွန်း ခပ်သောက်ကြည့်ပြီး ပေါ့သည်ဟု မှတ်ချက်ချ၏။ ပြီးတော့ ဇွန်းကို ကျွန်တော့်ဆီပစ်ပေးပြီး 'စင်စင်ဆေး' ဟု အမိပ္ပါယ်မရှိ အမိန့်ပေးသွားသည်။

ထိုနေ့တစ်နေ့သာ ထားတို့အိမ်၌ ကျွန်တော် အလုပ်လုပ်ခဲ့ရသည်။ နောက်တစ်နေ့ မနက်မှစ၍ မသွားသည်။

ကိုယ့်အိမ်၌ ဘာမျှအလုပ်မရှိသောကြောင့် ကျွန်တော်က တစ်မြို့လုံးလျှောက်လည်သည်။

ပြည်မြို့ လမ်းမတော်ကြီးတလျှောက်မှာ စည်ကားလှသော ဈေးတန်းရှည်ကြီးဖြစ်နေ၏။ ညနေနှင့်ညဆိုလျှင် ပို၍စည်ကား၏။ ကာဖြူးပြန်လည်ရပ်သိမ်းထားလေသလောမသိ ညဆိုလျှင် မီးတထိန်ထိန်နှင့်။

ရန်ကုန်မှပြေးလာကြသော ကုလားကုန်သည်တို့သည် ပန်းတောင်းဖက်မကူးမီ ပါလာသမျှ ကုန်တို့ကို ပလက်ဖောင်းပေါ်၌ လျှော့ဈေးနှင့် ရောင်းနေကြခြင်းဖြစ်၏။

လူသုံးကုန်ပစ္စည်းအမျိုးမျိုး။ အထည်အလိပ်အမျိုးမျိုး စသည်ဖြင့် ပစ္စည်းမျိုးစုံလှ၏။ ဈေးကလည်း အလကားပေးပစ်သည်နီးပါး ချိုလှ၏။ ကျွန်တော်မှတ်မိသမျှ ပဒုမ္မာပိတ်ပါး တစ်အုပ်လုံးမှ တစ်ကျပ်ခွဲ နှစ်ကျပ် . . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် နေ့တွက်ကိုက်သော အလုပ်နှစ်ခုရလာ၏။

လမ်းပန်းအဆက်အသွယ်ပြတ်သောကြောင့် ပြည်မြို့၌ ဆားရှားသွားသည်။ ဆားဟူသည် တစ်နေ့မရှိလျှင် တစ်နေ့မဖြစ်သော အမျိုး။

ဆားကို ရာရှင်စနစ်နှင့် ထုတ်ပေးသည်။ တန်းစီ၍ တိုးကြရသည်။ ကျွန်တော်တို့ ဘုရားကြီးအပိုင်းတွင် ရွာဘဲရပ် ပွဲစားကြီး ဦးသဲ ဒေါ်ညီမတို့အိမ်၌ ဆားထုတ်ကြရသည်။

ကျွန်တော်သည် ဆားဝင်တိုး၍ လက်ဆင့်ကမ်းပြန်ရောင်းခြင်းဖြင့် တစ်ကျပ်မျိုးနှစ်ကျပ်မျိုး မြတ်သည်။

ညဈေးတန်း၌ လူရည်လည်လာသောအခါ ကုန်ပစ္စည်းလက်လွှဲရောင်းရုံ။ သို့မဟုတ် ကုလားတစ်ဦးဦးကိုကူရုံနှင့် သုံးလေးကျပ်ရသည်။

မူလက မမပေးခဲ့သော ပိုက်ဆံလေးနှင့် အိမ်တွင် ကိုယ့်ဘာသာကိုယ် ထမင်းချက်စားရန် ဖြစ်သည်။ ယခု ကျွန်တော်က ဆိုင်တွင် စိတ်တိုင်းကျ ဝယ်စားသည်။ နံနက်ဆိုလျှင် ကျွန်တော်အလွန်ကြိုက်သော ညှပ်ပလာတာနှင့် ကြက်သားဟင်းကို တဝတွယ်သည်။ ယခင်က တစ်ခွက်တစ်မူးမို့ တစ်လနေ၍ တစ်ခါမစားနိုင်။

ကျွန်တော့်အတွက် ရတနာပုံဆိုက်နေသည်။ ကာလဗရုတ်ဗရက်ဖြစ်သည်မှာ ပျော်စရာကြီးဟု ထင်မိသည်။

တစ်ညတွင် ညဈေးတန်းမှ အိမ်သို့ ပြန်ခဲ့၏။ ညဆယ်နာရီခန့် ရှိပြီ။

ညဈေးတန်းဘက်၌စည်သမျှ ကျွန်တော်တို့ဘက်၌ တိတ်ဆိတ်ခြောက်ကပ်နေသည်။ မှောင်မှောင်မည်းမည်းတွင် ခွေးအူသံများက မင်းမူနေ၏။

ရထားလမ်းပေါ်လျှောက်ရင်း ကျွန်တော် အနည်းငယ် ကျောစိမ့်မိ၏။ ဝမ်းရောဂါကြောင့် ကုလားတွေ သေနေကြသည်ကို သတိရမိ၏။

ကျွန်တော် အိမ်အနီးရောက်သွားသောအခါ အိမ်တွင်း၌ မီးရောင်တွေ့ရ၏။

"အထဲက ဘယ်သူလဲ . . . "

"ငါဟဲ့ . . . မြတ်ဆွေ . . . "

ကျွန်တော့် မမ၏ အသံဖြစ်သည်။ ကျွန်တော် အိမ်တွင်းရောက်သောအခါ ရှိစုမဲ့စု ပစ္စည်းလေးများကို သိမ်းဆည်းနေသော မမကို တွေ့ရ၏။

"မမ . . . ဘာပြန်လာလုပ်တာလဲ . . . "

"ပစ္စည်းတွေ တစ်ခါတည်း လာသိမ်းတာ . . . နင့်ပစ္စည်းတွေလဲ သိမ်း . . . "

"ပစ္စည်းတွေသိမ်းရမယ် . . . ဘာလုပ်ဖို့လဲ . . . "

"တို့တောင်ပေါ် တစ်ခါတည်း ပြောင်းနေကြမယ် . . . "

"မမရယ် . . . သူတို့က မမကိုသာ ဟိုဒင်း . . . အဲ . . . ငှားတာမဟုတ်လား . . . ကျွန်တော် ဘာဖြစ်လို့ လိုက်ရမှာလဲ . . . "

"နင် . . . ဘာလဲ . . . ဝန်မင်းတို့အိမ် လိုက်မနေချင်ဘူးလား . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မဖြေ။ ဘာဖြေရမှန်းလည်း မသိ။

မမက ရယ်လိုက်သည်။ ပြီးမှ အေးချမ်းချိုသာစွာ ရှင်းပြသည်။

"ငါကလဲ လိပ်ပတ်လည်အောင် မပြောပြမိဘူး . . . ဒီလို မောင်လေး . . . ဝန်မင်းတို့အိမ်သားတွေက ဒီက ရှောင်ပြေးတော့မယ် . . . ထုံးဘိုဘက်ကို . . . အဲဒီတော့ ငါလဲ လိုက်ရမှာပေါ့ . . . "

"ဘာပြုလို့ ရှောင်ပြေးကြမှာလဲ . . . "

"ဝန်မင်းကတော်ဆီက ကြားတယ် . . . ဂျပန်တွေ စစ်တောင်းကို ဖြတ်ပြီးပြီတဲ့ . . . ရန်ကုန်တောင် နေ့ကျမလား ညကျလား မသိဘူးတဲ့ . . . ရန်ကုန်ကျရင် အင်္ဂလိပ်တွေက ပြည်မှာ ဆုတ်ခံမှာတဲ့ . . . စစ်တလင်းဖြစ်နိုင်တယ် . . . စစ်တလင်းမဖြစ်တောင် ဂျပန်က ရန်ကုန်ရပြီးရင် ဒီကိုဗုံးကြဲနိုင်တယ် . . . "

"အဲဒီတော့ . . . "

"အဲဒီတော့ . . . ရှောင်ပြေးကြမှာပေါ့ . . . ဝန်မင်းကတော်တို့တွင် မကဘူး . . . အစိုးရအရာရှိအိမ်သားတွေ အားလုံး . . . ယောကျာ်းတွေကသာ ဒီမှာ ဟန်မပျက်ခဏနေခဲ့ကြမှာတဲ့ . . . "

"အဲဒါနဲ့ ကျွန်တော်ကပါ ဘာလို့လိုက်ရမှာလဲ . . . "

"သူတို့နဲ့ ငါလိုက်သွားတော့ မင်းပါ လိုက်ရမှာပေါ့ . . . နို့ . . . မင်းဘယ်သူနဲ့ နေခဲ့မလဲ . . . မင်းနေခဲ့မယ်ဆိုလဲ ငါက မထားခဲ့နိုင်ဘူး . . . ငါ့မှာ မောင်ဆိုလို့ နင်တစ်ယောက်ထဲ ရှိတာ . . . "

မမပြောသည်မှာ မှန်သည်။ ကျွန်တော့်အတွက်လည်း အားကိုးစရာဟူ၍ မမတစ်ယောက်ပဲ ရှိသည်။

ကျွန်တော်က သက်ပြင်းတစ်ချက်ရှိုက်ပြီး မေးရ၏။

"ကျွန်တော်လိုက်နေမှာ သူတို့က ကြိုက်ပါ့မလား . . . "

"ဘာလို့ မကြိုက်ရမှာလဲ . . . ဒါနဲ့ မေမေကြီးကတောင် နင့်ကို မေးနေသေးတယ် . . . မိုးကျရွှေကိုယ်နဲ့ နင်နဲ့ တခြားစီပဲတဲ့ . . . နင့်ကို တော်တော်သဘောတွေ့ပုံရတယ် . . . "

"အဲဒီလိုဆိုရင်လဲ ပြီးတာပဲလေ . . . သူများအိမ်နေရမှာ အိမ်ရှင်ကြည်ဖြူမှကောင်းတာ . . . "

"ကြည်ဖြူပါတယ်ဟယ် . . . ကဲ . . . ကဲ . . . ပစ္စည်းသိမ်း . . . မနက်စောစော တောင်ပေါ်ပြန်ရမယ် . . . "

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံ၏ သမိုင်းစဉ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရသည်ဟု ဆိုကြ၏။

ခြောက်ပြားမှမတန်သော ကျွန်တော့်ဘဝသည်လည်း ဒုတိယကမ္ဘာစစ်ကြီးကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရပါသည်ဟုဆိုလျှင် ကြီးကျယ်လှသည်ဟု အပြစ်တင်က ကျွန်တော်ခံရပါမည်။

သည်စစ်သာ ဝင်မဖွေလျှင် ထားနှင့်ကျွန်တော် ဆုံရမည်မဟုတ်။ ဆုံမိစေဦး ခဏသာဖြစ်မည်။

ထားက ဝန်မင်းသမီး။ ကျွန်တော်က သတင်းစာပို့တဲ့ကောင်ကလေး။ သည်မျှ . . .။ သည်လောက် . . .။ သည်တွင် . . .။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူကား . . .။

သြော် . . .။ ဖြစ်မှ ဖြစ်ခဲ့ရပါလေသည် မရွှေထား . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၈)

ထားတို့အိမ်ကြီးနောက်ပိုင်း ဩဇာပင် သုံးလေးပင် ဝန်းရံထားရာတွင် အစေခံတန်းလျားရှိသည်။

တန်းလျားသာဆိုသည် နှစ်ခန်းတွဲအိမ်ငယ် ဖြစ်၏။ အင်္ဂတေဖိနပ်ခံ ခြေတံတို၊ ကျွန်းကာ၊ ကျွန်းခင်း၊ အုတ်ကျွတ်မိုး အိမ်က လေးဖြစ်၏။

တစ်ဖက်ခန်းကို မိုးကျရွှေကိုယ် အပိုင်စားသည်။ သည်ဘက်ခန်း၌ ယခင်က ဘတ္တလာနေသည်ဆို၏။ ယခု ကျွန်တော်နှင့်မမ နေရ၏။

ရောက်သည့်နံနက်မှစ၍ ကျွန်တော် ဈေးသွားဝယ်ရသည်။ မိုးကျရွှေကိုယ်ကို ခိုင်း၍ရဟန် မတူ။ ရလည်း မေမေကြီးက ခိုင်းဟန်မတူ။ ပထမအကြိမ်မှစ၍ မေမေကြီးစိတ်တိုင်းကျ ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံ ကျွန်တော်ဝယ်ပေးခဲ့နိုင်သည်။

ထိုနေ့နံနက်ပိုင်းတွင် မေမေကြီးနှင့် မမကို မီးဖိုချောင်၌ ကျွန်တော် ကူလုပ်ပေးရသည်။

နေ့လည်ပိုင်း၌ တစ်အိမ်သားလုံး အလုပ်ပိုများကြသည်။ ထုံးဘိုဘက်ရောင်ရန် ထုပ်ကြပိုးကြ သိမ်းကြဆည်းကြ ရှိလေရာ မမ ပါ ဝိုင်းကူရသည်။

ကျွန်တော်ကမူ အဝတ်လျှော်ရသည်။

ယောကျ်ားလေး အဝတ်လျှော်သည်မို့ တမင်ရွေးပေးထားဟန် တူသည်။ အမျိုးသမီး အဝတ်အစားမပါ။ လက်သုတ်ပဝါ၊ စားပွဲခင်း၊ ခန်းဆီး၊ ခေါင်းအုံးစွပ်၊ ဝန်မင်း၏ အင်္ကျီလက်တိုနှင့် စွပ်ကျယ်များသာ ဖြစ်သည်။ ပေးထားသောဆပ်ပြာကို ကြည့်၍ ကျွန်တော် သဘောကျမိသည်။

ကျွန်တော်တို့အိမ်တွင်မူ အဝတ်လျှော်လျှင်ဖြစ်စေ၊ ကိုယ်တွန်းလျှင်ဖြစ်စေ ဆင်ချေးတုံးဆပ်ပြာကို သုံးသည်။ ယခုပေးထား သည်မှာ စိမ်းဝါဝါနေသော ဆန်းလိုက်ဆပ်ပြာဖြစ်၏။ ရနံ့ကလေးကလည်း မွှေးပါဘိသနှင့်။

ဆန်းလိုက်ဆပ်ပြာ ကြော်ငြာဇာတ်ကားကို ကြည့်ဖူးသည်။ အမည်က 'အောင်သွယ်တော်' ဟူ၍ဖြစ်၏။

မင်းသားက ချစ်အမျှ၊ ဖာတစ်လုံးခေါင်းကြား စသော ကားများ၌ ဒုတိယဇာတ်လိုက်လုပ်သော မြင့်ဆွေဖြစ်၍ မင်းသမီးက မေနုထင်သည်။ မေနုက သူဌေးအိမ်မှ အစေခံမကလေးဖြစ်သည်။ အဝတ်လျှော်ရာ မဖြူသဖြင့် သူဌေးကတော် ဒေါ်ဖွားနှစ်ကြီးက မကြာ ခဏကြိမ်း၍ စိတ်ဆင်းရဲနေရှာသည်။ မင်းသားမြင့်ဆွေက သူငယ်ချင်းတစ်ဦး အကြံဉာဏ်ပေးသောကြောင့် ဆန်းလိုက်ဆပ်ပြာ ဝယ်ပေးသည်။ အဝတ်များ အလွန်ဖြူသောကြောင့် ဒေါ်ဖွားနှစ်ကြီး ကျေနပ်သွားသည်။ မင်းသမီးကလည်း မင်းသားကိုကြိုက်သွား သည်။ သူတို့နှစ်ဦး လက်ထပ်ပြီး ပျော်ပျော်ရွှင်ရွှင်နှင့် လူကြီးများကို ဆန်းလိုက်ဆပ်ပြာနှင့် ကန်တော့ကြသည်။ ဆန်းလိုက်ဆပ်ပြာ ကား အောင်သွယ်တော်ကြီးတည်း။ ဤမျှစွမ်းသော ဆန်းလိုက်ဆပ်ပြာကို ကျွန်တော် အထင်ကြီးနေသည်၊ ဆန်းလိုက်ဆပ်ပြာကို သုံးဖူးချင်နေသည်။ သို့ရာတွင် ကိုယ့်ဘဝနှင့် တန်ရာတန်ရာမို့ ဆင်ချေးတုံးဆပ်ပြာနှင့်သာ တင်းတိမ်ခဲ့ရသည်။ ယခု ဆန်းလိုက်ဆပ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆပ်ပြာတုံးကို ယုယညင်သာစွာပွတ်၍ သုံးသည်။ နည်းနည်းတိုက်ရုံနှင့် များများထွက်သော အမြှုပ်ဖြူဖြူ ကလေးများကိုလည်း နှစ်သက်စွာကြည့်မိသည်။ မြင့်ဆွေနှင့် မေနတို့၏ ကြည်နူးဖွယ် (ကျွန်တော့်စိတ်အထင်) ဇာတ်လမ်းကလေး ကိုလည်း မျက်စိတွင်း မြင်ယောင်နေမိသည်။

နောက်ပါးမှ ခြေသံကြားရသောကြောင့် မော့ကြည့်မိသည်။

ထား . . .။

ရုတ်တရက်သော် အံ့အားပင်သင့်မိသည်။

ထားကို ယခင်တွေ့ခဲ့ရသမျှ ဂါဝန်လေးနှင့်ဖြစ်၏။

ယခုတော့ ထဘီနှင့်။ နွေ၌ အမြင်အေးသော ကောင်းကင်သို့လွင်လွင်ပြာသော ထဘီကလေးနှင့် အင်္ကျီကလေးကလည်း ထဘီ ထက် သိသာစွာနုသော အပြာရောင်ပင်။ ဖြူဝင်းကြည်လင်သော အသားကလေးများသည် ထဘီအင်္ကျီမှ အပြာရောင်ဟပ်၍ ပိုမိုဖြူဝင်း ကြည်လင်သောအသားထက် ဆင်ထားသည်မို့ အဝတ်အစား၏ အပြာနုရောင်သည် ပို၍ လဲ့လဲ့လွင်သည်။

မြန်မာအဝတ်အစားသည် ထား၏အရပ်ကို ပို၍ ရှည်သွယ်သည်ထင်စေ၏။ ဖွံ့ဖြိုးစ ကိုယ်ကျော့ကျော့လေးကိုလည်း အချိုးကျ သမျှ ပေါ်လွင်အောင် ဖော်ပြပေးနေသည်။

အပျိုကြီးဖားဖား မဟုတ်သေးသော်လည်း ထားသည် ကလေးတော့မဟုတ်တော့ပါ . . .။ မဟုတ်တော့ပါ။

“လူကို ဘာလို့ စိုက်ကြည့်နေတာလဲ . . . ”

“ဩော် . . . အင်း . . . ဟင်း . . . ”

ကျွန်တော့်၌ ရုတ်တရက် အဖြေမရှိ။ ထားကို စိုက်ကြည့်မြဲတော့ ကြည့်နေမိသည်။

“မေးတာဖြေလေ . . . ”

“ကိုယ် အမှန်ဖြေရမလား . . . ”

“ဖြေမှာပေါ့ . . . ”

“မြန်မာအဝတ်အစားနဲ့ ထားကသိပ်လှတယ် . . . လှလို့ ကြည့်မိတယ် . . . ”

ထား၏မျက်နှာ၌ တင်းမာမှုလျော့၍ ပြုံးရိပ်ငွေ့ငွေ့ပေါ်လာသည်။

“ဗိုလ်လိုဝတ်တော့ မလှဘူး . . ဟုတ်လား . . . ”

“ဟင့်အင်း . . . ကိုယ် အဲဒီလို မပြောပါဘူး . . . ”

ထား၏မျက်နှာပေးသည် အရာရာကို အမှုမဲ့သဘောထားသည့်ပုံ ပြောင်းသွားပြန်၏။

“အဝတ်လျှော်နေတာလား . . . ”

“ဟုတ်တယ် . . . ”

“ဒါဖြင့် ဒါတွေလဲ လျှော်လိုက်နော် . . . ”

www.burmeseclassic.com

www.burmeseclassic.com



အနောက်၌ ပစ်ထားသော ထား၏လက် ထွက်လာသည်။

လက်တွင်းမှာက ဂါဝန် သုံးလေးထည်။

ထားသည် ဂါဝန်များကို ကျွန်တော့်အနီး ပစ်ချလိုက်၏။

"ကောင်းကောင်းလျှော် . . . ရိုက်မလျှော်နဲ့ . . . စုတ်ကုန်မယ် . . . "

သည်ဟာခိုင်းဖို့ လာသည်။ သည်ဟာပြောပြီး လှည့်ထွက်သွားသည်။

ဝက်ဖြစ်မှ မစင်မကြောက်နိုင်ပါ။ အဝတ်လျှော်ရမှ ဂါဝန်ကို မရွံနိုင်ပါ။

ဂါဝန်လေးများကို ကျွန်တော်ကောက်ကိုင်မိသည်။ အားလုံး ပေပေရေရေမရှိ။ ရေမွှေးနံ့လေးများပင် သင်းနေသေး၏။

ဂါဝန်ကလေးများကို ကိုင်လျက် ကျွန်တော်ငိုင်နေခိုက် မမျှော်လင့်သောအသံ ပေါ်လာ၏။

"အားပါးပါး . . . မြတ်ရှာပါးယား . . . ဒွတ်ခတွေ့နေပြီ . . ."

အခြားမည်သူမျှမဟုတ်။ မိုးကျရွှေကိုယ် ကိုယ်တော်တိုင် ဖြစ်၏။

သုံးဆယ့်နှစ်ချောင်းစလုံးသော သွားတို့သည် ဖွေးစင်ညီညာစွာ ဖော်နေ၏။

"နင် ဂါဝန် လျှော်မလို့လား . . . "

"လာပေးတာ လျှော်ရမှာပေါ့ . . . "

"ဂါဝန်လျှော်ရင် နင်ဖွန်းနိမ့်ကုန်မှာပေါ့ . . . "

"ဖုန်းမနိမ့်ပါဘူး . . . ဂါဝန်က ထဘီမှမဟုတ်ပဲ . . . ပြီးတော့ မညစ်ပတ်ဘူး . . မွှေးတောင် မွှေးနေသေးတယ် . . . ရော့ . . . နင်နမ်းကြည့်ပါလား . . . "

"ထပ်သရီ . . . နင်မရွံးဘူး . . . အေး . . . ကမ်းကမ်းလျှော . . . နောက်တစ်ခါ နင် ဖင်းဂျားညပ်တဲ့ ဗန်းဗီလျှောရမယ် . . . "

"ဘာရယ် . . . "

"ဂါဝန် ဝတ်တယ်နော် . . . . ဟိုခုန်းဒီခုန်း လုပ်တယ်နော် . . . ဖင်မပေါ်အောင် ဖင်းဂျားညပ်တဲ့ ဗန်းဗီဝတ်တယ် . . . အဲဒါလျှောခိုင်းတယ်နော် . . . နင်တစ်ခါထဲ ဒွတ်ခပဲ . . . မမွှေးဘူး . . . "

"အဲဒီ ဘောင်းဘီမမွှေးတာ နင် ဘယ်လိုလုပ်သိသလဲ . . . နင် လျှော်ပေးရဖူးလို့လား . . . "

"ထပ်သရီ . . . မိုးကျရွှေကိုယ်နော် . . . တာတက် အဝတ်မလျှောဘူး . . . ကမ်းဂလေး . . . နင် အဝတ်မလျှောချင်ဘူးနော် . . . နာ ပြမယ် . . . "

ပြောပြောဆိုဆိုနှင့် မိုးကျရွှေကိုယ်သည် ရေနှင့်တစ်ထပ်လျှော်ပြီးသော စွပ်ကျယ်တစ်ထည်ကို ဆွဲယူလိုက်သည်။ ထို့နောက် ဆန်းလိုက်ဆပ်ပြာတုံးကို ကောက်ကိုင်လိုက်ကာ အားနှင့်ဖိတွန်းသည်။

"ဟ . . . ဟ . . . ဆပ်ပြာကုန်တော့မှာပဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ကိတ်ရှားမရှိဘူး . . . မြန်မြန်ကုန်းတယ်နော် . . . ကမ်းတယ် . . . နင် ရှပ်ပြားတိုက်တာ နာ ကြည့်တယ် . . . အတ်စတေး . . . အတ်စတေး . . . ဖြေးဖြေး . . . ဖြေးဖြေး . . . တတ်ခါးထဲ . . . မွိန်းမတွေ မက်နှားကို ပန်ဒါးနဲ့ လုပ်တလိုးဘဲ . . . "

"ပန်ဒါးနဲ့ လုပ်တာ . . . ဘာပြောတာလဲ . . . "

"မွိန်းမတွေ တတ်နာခါးလိမ်းတယ် . . . ပီးတယ်နော် . . . အဝတ်စနဲ့ ပန်ဒါးနဲ့ မက်နှားကိုလုပ်တယ် . . . နင်မတိဘူးလား . . . "

"သြော် . . . သြော် . . . ပေါင်ဒါဖို့တယ် ခေါ်တယ် . . . "

"ပန်ဒါးဖို့တယ် . . . ဘာလို့ဖို့ဒါလဲ . . .မက်နှားမှာ တွင်းမရှိဘူး . . . "

"ဟာ . . . ဒုက္ခပါပဲ . . . ဒီလိုပဲ ပြောတယ်ဟ . . . "

"ကိတ်ရှားမရှိဘူး . . . ပန်ဒါးဖို့တယ် . . နင်ရှပ်ပြားတိုက်တာ မွိန်းမပန်ဒါးဖို့တလိုးဘဲ . . . တတ်ခါးထဲ ဖြေးဖြေး . . . ဖြေးဖြေး . . . ရှပ်ပြာ မကုန်ဘူး . . . "

"အေး . . . မကုန်အောင် တိုက်ရတာဟ . . . "

"မကုန်အောင်တိုက်တာ . . . ကျွတ်ကျွတ် . . . ကျွတ်ကျွတ် . . . နင့်မှာ ညန်းမရှိဘူး . . . နင် တာတက်လုံး ဒိုဘီဝါလား ဖြစ်နေမယ် . . . "

"ဘာဖြစ်လို့ . . . "

"နင့်မှာ ညန်းမရှိဘူး . . . နာနော် . . . ညန်းရှိတယ် . . . နာ့ကို အဝတ်လျှော်ခိုင်းတယ် . . . တတ်ခါးထဲနော် . . . တတ်ခါးထဲ ရှပ်ပြားတစ်တုံး ကုန်းတွားတယ် . . . နောက်တစ်ခါး လျှောခိုင်းတယ် . . . တတ်ခါးထဲ ရှပ်ပြာတစ်တုံး ကုန်းတွားတယ် . . . နောက်တစ်ခါး လျှောခိုင်းတယ် . . . တတ်ခါးထဲ ရှပ်ပြာတစ်တုံး ကုန်းတွားတယ် . . . သူတို့ ညန်းရှိတယ် . . . တတ်ခါးထဲ မိုးကျ ရွှေကိုယ် တာတက် အဝတ်မလျှောရဘူး . . ."

"နင် မီးဖိုချောင်ထဲလဲ မလုပ်ဘူး . . . "

"ခံတမာ . . . နိမ်းဟဲ . . . နင်တိတလား . . . ဘတ္တလာလေ . . . တူနာမည် ဂျွန်လို့ ခေါ်တယ် . . . အခု ဘင်းဂလား ပြေးပြီ . . . နာမလုပ်ချင်ပဲ တူခိုင်းတယ် . . . နာ ပဂန်းတွေ တတ်ခါးထဲ ခဏခဏ ခွဲပစ်လိုက်တယ် . . . နာ တာတက် မီးဖိုချောင်ထဲ မလုပ်ရဘူး . . . "

"နင် ဈေးတော့ သွားပေးရတယ် မဟုတ်လား . . . "

"နာ တာတက် မတွားပေးဘူး . . . ခွေးမဒါး ဂျွန် မရှိဘူးနော် . . . နာ တနားဒါနဲ့ ဈေးတွားပေးတယ် . . . မွေမွေးကြီးနော် . . . တာခင်မရှိတယ်မို့လား . . . တာခင်မလို တဘောမကမ်းဘူး . . . ကြက်တားဝယ်တယ်နော် . . . ပိန်တဲပြောတယ် . . . မကမ်းဘူး . . . ရိတ်တားဝယ်တယ်နော် . . . အာရိုးများတဲပြောတယ် . . . မကမ်းဘူး . . . နားဝယ်တယ်နော် . . . ပုပ်တဲပြောတယ် . . . ဘာကမ်းတလဲ . . . နာ ရောက်မြင်ကတ်တယ်နော် . . . ဝက်တားကို အဆီကြီးဝယ်တယ် . . . ချဉ်တဲ့အရွက် ရှိတယ်နော် . . . နာ အာကုန်လုံးဝယ်တယ် . . . ကိတ်ရှားမရှိဘူး . . နာ တာတက် ဈေးမတွားရတော့ဘူး . . . "

"ဒါဖြင့် နင် ဘာလုပ်တာရှိသလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



“ဟရေး . . . ရှိတယ် . . . နာ တာခင်ကြီးနဲ့ ရုံးတွားတယ် . . . နာ ရာတွေ ကမ်းကမ်းပို့တယ် . . . တာခင်ကြီးရုံးခန်းရှေ့မှာ နော် . . . နာ ကမ်းကမ်းထိုင်တယ် . . . တာခင်ကြီး ဂေါက်သီးရိုက်တယ်နော် . . . နာ ကယ်ဒီကမ်းကမ်းလုပ်တယ် . . . နာ မရှိဘူး နော် . . . တာခင်ကြီး ဒွတ်ခပဲ . . . တူ ပါးမဝင်ဘူး . . .”

“ဘာ မဝင်ဘူး . . . ”

“နင် နားမလည်ဘူး . . . ဒါ ဘွတ်ရှဂါး . . . ဘွတ်တားတွေနော် . . . ဂေါက်တီးရိုက်တယ် . . . မြန်မာ့တားတွေနော် . . . ခြင်းလုံးခတ်တယ် . . . ပါးမဝင်ဘူး . . . ဒါ ဘွတ်ရှဂါး . . . ကမ်းကမ်းမရိုက်နိုင်ဘူး ပြောဒါ . . . နာ ပါတယ်နော် . . . တာခင်ကြီး ပါးဝင်တယ် . . . အန်ဒါပါးဝင်တယ် . . . ဘွတ်ဂီရတယ် . . . ဘာဒီရတယ် . . . နင် ဘားပြောချင်သေးသလဲ . . . ”

“နင် ဒီနေ့ ဝန်မင်းနဲ့ ဘာလို့ရုံးမလိုက်သွားလဲ . . . ”

“အိမ်မှာ ပစ်ရီးတွေတိမ်းနေတယ် . . . အားရှိတဲ့ ယောကျာ်းလိုနေတယ် . . . နာ ရုံးမတွားဘူး . . . ”

“နင်ကော ဘတ္တလာလို ဘာလို့ ဘင်္ဂလားမပြေးလဲ . . . ”

“နာ့အဖေနဲ့ အမေနော် . . . ကာလား . . . နာ ကာလားမဟုတ်ဘူး . . . နာ့အဖေနော် . . . တာခင်ကြီးဆီမှာ မယ်စရီလုပ်တယ် . . . ဝမ်းတွားတဲ့ရောဂါ ဖြစ်တယ်နော် . . . နာ့အဖေရော . . . အမေရော . . . ကမ်းကမ်းတေးတွားတယ် . . . နာ ရှယ်နှစ်တား ရှိဘီ . . . တာခင်ကြီးနဲ့ တာခင်မနော် . . . နာ့ကို တားတမီးလို ကမ်းကမ်းမွေးထားတယ် . . . နာ ကာလားတား မဟုတ်ဘူး . . . မြန်မာ့တား . . . ”

“နင့် တခြားနာမည် မရှိဘူးလား . . . ”

“နာငယ်ငယ်နော် . . . မရမ်းဒီးလို့ ခေါ်တယ် . . . နာ မကြိုက်ဘူး . . . နာ့နားမယ် . . . မိုးကျရွှေကိုယ် . . . တာခင်မတို့ ခေါ်ဒါ . . . နာ ကြိုက်တယ် . . . ”

သူ၏အတ္တုပ္ပတ္တိနှင့် ဂုဏ်ထူးလုပ်ငန်းများကို မိန့်မြွက်တော်မူပြီးနောက် . . . မိုးကျရွှေကိုယ်သည် အိတ်တွင်းမှ ကပ်ကြေးတံဆိပ် စီးကရက်ဗူးကို ထုတ်ယူ၏။ စီးကရက်တစ်လိပ်ကို မီးညှိ၍ မျက်လုံးတစ်ဖက်မှိတ်ကာ ဟန်နှင့် ရှိုက်ဖွာနေ၏။

အိမ်တွင်းမှ ‘မိုးကျရွှေကိုယ် . . . မိုးကျရွှေကိုယ်’ဟု ခေါ်သံကြားရ၏။ မေမေကြီး၏အသံပင် ဖြစ်သည်။

မိုးကျရွှေကိုယ်သည် မဲ့လိုက်ပြီး မှတ်ချက်ချ၏။

“နာ့ကို ခွေးကာလား . . . ဘာအတုံးကျလဲ ပြောတယ် . . . အခု နားမရှိဘူးနော် . . . နာ့ကို ခေါ်တယ် . . . ဘာကမ်းတလဲ . . . နာ အိမ်တာထဲမှာ ရီးကလက် တွားတောက်နေဦးမယ် . . . ရှပ်ပြားကိုနော် . . . နာတင်းတလိုနင်တိုက် . . . နင် ဂါဝန်တွေ ဘားတွေ တာတက်မလျှော်ရဘူး . . . ”

ယင်းသို့ ဩဝါဒပေးပြီး မိုးကျရွှေကိုယ်သည် အစေခံတန်းလျား အိမ်သာဖက်ဆီသို့ စီးကရက်ခဲလျက် စတိုင်နှင့် လျှောက်သွားလေသတည်း . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ထိုနေ့ညနေက ညပိုင်းတွင် ဆက်လက်ထုပ်ပိုးပြင်ဆင်စရာရှိသောကြောင့် တစ်အိမ်သားလုံး ညစာကို စောစောစားကြသည်။

မီးဖိုချောင်ကိစ္စများအားလုံး ပြီးစီးသောအခါ အိမ်ကြီးပေါ်၌ ကျွန်တော့်အတွက် ဘာအလုပ်မှမရှိ။ သူတို့ သိမ်းကြ ဆည်းကြသော လုပ်ငန်းအတွက် ကျွန်တော့်ကို ခေါ်မခိုင်းကြ။

မိုးကျရွှေကိုယ်ပင်လျှင် ခြံတစ်ထောင့် သစ်ပင်အောက်၌ ကုလားဖုံလေးတီးကာ သီချင်းတအေးအေးနှင့် အနားယူနေသည်။

ထိုစဉ် ထူးဆန်းသောမြင်ကွင်းကို တွေ့ရသည်။

ကျွန်တော်က ကျွန်တော်တို့၏ အစေခံတန်းလျား အခန်းကလေးရှေ့မှ ကြည့်နေခြင်းဖြစ်သည်။

မိုးကျရွှေကိုယ်က အိမ်ကြီး၏ခေါင်းရင်းဖက် ဥယျာဉ်တွင်း တစ်နေရာ၌ ဖုံတီးနေခြင်းဖြစ်သည်။ သူ့နေရာနှင့် အစေခံတန်းလျားမှာ ကိုက်သုံးဆယ်ခန့် ဝေးသည်။

ပထမသော် မိုးကျရွှေကိုယ်တစ်ယောက်တည်း သီချင်းဆိုဖုံတီးနေခြင်းဖြစ်၏။ မကြာမီပင် အလွန်လှပသော ကုလားမလေး တစ်ဦး ပေါ်လာ၏။

နေဝင်စဖြစ်သော်လည်း ညနေခင်းသည် များစွာ လင်းနေသေးသည်။ ကောင်းကင်ပြာ၌ ကြယ်တို့စုံနေသည်။ လေချိုကလည်း တသွေးသွေးနှင့်။

ကုလားမလေးကို အံ့ဩစိတ်နှင့်ကြည့်နေသော ကျွန်တော်သည် မျက်နှာကိုမြင်သောအခါ ပို၍ အံ့အားသင့်မိ၏။

ထား . . .။ ကုလားမလေးကဲ့သို့ ဝတ်ထားသော ထား . . .။ ဆာဒီအပြာနုကလေးကို အချိုးကျကျ လှလှပပခြုံထားသည်။

မိုးကျရွှေကိုယ်သည် သူ့သွားဖြူဖြူများပေါ်အောင်ပြုံးလျက် ခေါင်းကလေးကို ငဲ့ကာငဲ့ကာနှင့် သီချင်းဆိုရင်း ဖုံလေးကိုတီး၏။ ထားက ကုလားမလေးကဲ့သို့ ကသည်။

မိုးကျရွှေကိုယ် ဆိုနေသောကုလားသီချင်းကို ကျွန်တော်လည်း ရသည်။ 'ခါဆန်ဂျီ' သီချင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခါဆန်ဂျီမှာ အလွန်လူကြိုက်များသော ကုလားဇာတ်ကားဖြစ်၏။ ကုလားတွေသာမက မြန်မာတွေပါ ကြိုက်ကြသည်။ ခါဆန် ဂျီဇာတ်ကားတွင်းမှ ဇာတ်လိုက်၏နှမ ကုလားမလေးမှာ အဓိကဇာတ်ဆောင်တစ်ဦး ဖြစ်သည်။ ယင်းကုလားမလေးဆိုသော သီချင်းမှာ လူတိုင်းနှုတ်ဖျား၌ စွဲကျန်ရစ်သည်။

"ဇာဝနေ . . . ကနချဒေးဟိုင်း . . . ဟာယ . . . ဟားဟာ . . . ကလီယာ ခယော ခမေ . . . မဂျာနကီဆဒေးဟိုင်း . . . "

မိုးကျရွှေကိုယ်က စိတ်ဝင်စားစွာ ဆိုတီးသည်။ ထားကလည်း အဟုတ်တကယ် ကနေသည်။

ခါဆန်ဂျီကို ကျွန်တော်ကြည့်ဖူးသည်။ ကုလားမလေး၏အကမှာ အမှန်ပင်ကောင်းသည်။ ယခု ထားသည် အဖြစ်ကနေသည် မဟုတ်ပေ။ မေးထိုးမေးငင်၊ ကိုယ်သိမ်းကိုယ်ယိမ်း၊ ဆတ်ခနဲအရပ်၊ ယို့ခနဲအလှည့်၊ ကြော့ခနဲအကော့ . . .။ အားလုံးကို ဇာတ်လိုက် ကုလားမလေးနီးတူ စနစ်တကျ ကနေ၏။

"အာ့ဟာဟာ . . . အာ့ဟာဟာ . . . ဆိုဂျလေ . . . ဆိုဂျလေ . . . ဆိုဂျလေ့ . . . ဆိုဂလေ . . . ပူရာ့ ကုယောခမေ . . . မေဂျာနကီ ဆဒေးဟိုင်း . . . "

ဆိုနိုင်ပေသည့် မိုးကျရွှေကိုယ် . . .။ တတ်နိုင်ပေသည့် မရွှေထား။ နှစ်ယောက်သား အဟုတ်တကယ် ကဲနေကြ၏။

ထားကနေပုံမှာ ကျွန်တော့်အတွက် ရှုမငြီး။ သို့ရာတွင် ရဲရဲလည်းမကြည့်ဝံ့။ ကိုယ့်နေရာမှကိုယ် ခပ်ကွယ်ကွယ် ချောင်းကြည့် နေရသည်။

သည်ပုံမြင်နေရပြန်တော့ ထားသည် အပြစ်ကင်းသော ကလေးငယ်ပမာ။ ချစ်စဖွယ်၊ နှစ်သက်စဖွယ်။ ကျွန်တော့်ကို ဆက်ဆံ စဉ်တွေ့ရသော မာနနှင့်မောက်မာမှုတို့ ဘယ်ပြေးကုန်ပြီနည်း။

ကျွန်တော်သည် ဝမ်းနည်းသကဲ့သို့လည်း ဖြစ်မိသည်။ မိုးကျရွှေကိုယ်ကို မနာလိုသကဲ့သို့လည်း ဖြစ်မိသည်။

ကျွန်တော့်ဘဝသည် မိုးကျရွှေကိုယ်ထက် နိမ့်ကျလေသလော။

သူတို့ ပျော်ပျော်ရွှင်ရွှင် ဆိုနေကနေကြသည်မှာ အတန်ကြာသည်။ အလင်းရောင် လုံးဝပျောက်မှ ပြီးသွားကြ၏။

ကြမ်းပြင်၌ခင်းထားသော အိပ်ရာထက် ကျွန်တော်လှဲသည်။ တစ်နေ့လုံး တောက်တောက်နှင့် လုပ်ခဲ့ရသောကြောင့် လူသည် အနည်းငယ် ညောင်းနေ၏။ လူညောင်းသည်ထက် စိတ်ကညောင်းသည်။

ယခုနေရသောအိမ်မှာ ယခင်နေရသောအိမ်ထက် များစွာကောင်းပါ၏။ သို့ရာတွင် စိတ်က မလွတ်လပ်။

ကျွန်တော်သည် အခန်းနံရံ၌ထောင်ထားသော မယ်ဒလင်ကလေးကို ငေးကြည့်နေမိ၏။

အခန်းပြင်မှ ခြေသံပေါ်လာသည်။ ခေါ်သံလည်း ပေါ်လာ၏။

"ကမ်းဂလေး . . . "

ကျွန်တော်က မထူး။

"ဟဲ့ . . . ကမ်းဂလေး . . . နင် အိပ်ပွလား . . . "

အသံတွင်မက အခန်းဝ၌ မိုးကျရွှေကိုယ် ကိုယ်ထင်ပြပေါ်လာ၏။

ကျွန်တော်က စကားပြန်မပြောပဲ သူ့ကိုစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း . . . နင် မွှအိပ်တေးဘူး . . . နာခေါ်ဒါ ဘားလို့ မထူးလဲ . . . "

"ငါ့ကို ကောင်ကလေးလို့ မခေါ်နဲ့ မိုးကျရွှေကိုယ် . . . "

"နင့်နာမယ် နာမတိဘူး . . . "

"ငါ့နာမည် မြတ်ဆွေ . . . "

"ဟား . . . မြတ်ဆွေ . . . နာ နားမယ်တိတယ်နော် . . . နားမယ်ခေါ်တယ် . . . မတိဘူးနော် . . . နားမယ်မခေါ်ဘူး . . . ဟမ်း . . . ဟမ်း . . . အပ်ချား . . . မြတ်ဆွေ . . . နာ နားမယ်ခေါ်တယ် . . . "

ကျွန်တော်က ထထိုင်၏။ မိုးကျရွှေကိုယ်လည်း ကျွန်တော့်အနီး ဝင်ထိုင်၏။

မိုးကျရွှေကိုယ်သည် သူ့သွားဖြူဖြူများကို ဖြဲပြပြီး မေး၏။

"မြတ်ဆွေ . . . နင် ကမ်းမလေးကို ကြိုက်တလား . . . "

မြတ်စွာဘုရား . . .။ ကျွန်တော် မျက်လုံးပြူးသွား၏။

"မိုးကျရွှေကိုယ် . . . နင် ဘာစကားပြောတာလဲ . . . "

"နား ကမ်းကမ်းပြောဒါ . . . ကမ်းမလေး ကတယ်နော် . . . နင် မကြိုက်ဖူးလား . . . "

တော်ပါသေး၏ . . .။

"သြော် . . . အေး . . . အေး . . . ထားက သိပ်အကကောင်းတာပဲ . . . "

"အား . . . ကမ်းတယ် . . . ကာလားလိုလဲ ကတတ်တယ် . . . ဗိုလ်လိုလဲ ကတတ်တယ် . . . နာနဲ့တူနော် . . . . နယ်နယ်လေးထဲက နေးတယ် . . . နာနဲ့နော် . . . တူကမ်းကမ်းကတယ် . . . "

စကားအဆုံး၌ မိုးကျရွှေကိုယ်၏မျက်လုံးများသည် ကျွန်တော်၏မယ်ဒလင်ကလေးဆီ ရောက်သွား၏။

"ဒါ နင်တီးတယ်နော် . . . "

"အေး . . . "

မိုးကျရွှေကိုယ်က မယ်ဒလင်ကလေးကို လှမ်းယူလိုက်ပြီး ဟိုခေါက်ဒီခေါက် လုပ်ကြည့်၏။

"နင် ဘာတားချင်းတီးတလဲ . . . "

"ငါ မြန်မာသီချင်းတီးတာပေါ့ . . . "

"နာ့ကို တီးပြမလား . . . "

ကျွန်တော်က ပြုံးနေသည်။ အမှန်က ကျွန်တော်လည်း ဆိုတီးချင်နေသည်။ မယ်ဒလင်ကလေးသည် ကျွန်တော်၏ တစ်ဦးတည်းသောအဖော်။ ပျင်းရိငြီးငွေ့ဖွယ်အချိန်များ၌ တစ်ဦးတည်းသော သူငယ်ချင်း။

"ငါ မြန်မာသီချင်းတီးတော့ နင်နားလည်ပါ့မလား မိုးကျရွှေကိုယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း . . . နားလဲတယ် . . . နာ မြန်မာတားချင်း ကမ်းကမ်းရတယ် . . . "

"နင် ဘာသီချင်းရလဲ . . . "

"နာ ဂမ်းမင့်ဒူ ရတယ် . . . "

"ဘာ . . . "

"ဂမ်းမင့်ဒူ . . . နင် မတိဘူးလား . . . ဂမ်းမင့်ဒူ . . . မတ်နိုးဒူ . . . မားနရှင် . . . တိတ်ကမ်းတဲ့ တားချင်းတွေ . . . "

"ဩော် . . . ဩော် . . . ဂုဏ်မြင့်သူ . . . မြတ်နိုးသူ . . . မာနရှင် . . . ဟုတ်လား . . . "

"ဟား . . . ဟုတ်တယ် . . . "

အာဂ မိုးကျရွှေကိုယ်ပင်တည်း။

"နင်တီးမလား . . . "

"အေး . . . တီးမယ် . . . "

"တီးမယ်နော် . . . အပြင်တွားမယ် . . . ဒီထဲမှာ ပူးတယ် . . . "

အမှန်ပင် အခန်းကျဉ်းကလေးအတွင်း၌ အိုက်နေ၏။

ကျွန်တော်သည် မယ်ဒလင်ကလေးကို ယူပြီး မိုးကျရွှေကိုယ်နောက် လိုက်ခဲ့၏။

မိုးကျရွှေကိုယ်က သူနှင့်ထား စောစောက တီးကြ ကကြသောနေရာသို့ ခေါ်သော်လည်း ကျွန်တော်ကငြင်းရ၏။ ယင်းနေရာက အိမ်ကြီးနှင့်နီးလွန်းသည်။ နီးလွန်းသည်ဆိုသည်ထက် ကျွန်တော်တို့နှင့် မအပ်စပ်ဟုဆိုလျှင် ပိုမှန်မည်။

ကျွန်တော်က ကျွန်တော်တို့အစေခံတန်းလျား နယ်နိမိတ်ရှိ သြဇာပင်ပျိုအောက်၌သာ ထိုင်၏။

မိုးကျရွှေကိုယ်ကလည်း ဝင်ထိုင်လိုက်ပြီး မေး၏။

"နင် ဘားတီးမလဲ . . . "

"နင်ကြိုက်တာပြော . . . "

"နာ ဂမ်းမင့်ဒူပဲ ကြိုက်တယ် . . . "

ကျွန်တော်က ဂုဏ်မြင့်သူသီချင်းကို တီးသည်။ လိုက်တော့မဆို။ အခြေအနေအရ မဆိုအပ်ဟု ထင်သည်။

အလိုက်မသိသော မိုးကျရွှေကိုယ်က တိုက်တွန်း၏။

"နင့်ပါးဂျပ်ကလဲရှိုး . . . "

ကျွန်တော်က ခေါင်းခါပြသောအခါ မိုးကျရွှေကိုယ်က မကျေနပ်ဟန်နှင့် ပြော၏။

"နင်မရှိုးရင် နာရှိုးမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခေါင်းညိတ်ပြ၏။

အမှန်မှာ အလေ့အကျင့်မရှိလျှင် တူရိယာနှင့်တီးနေစဉ် သီချင်းဝင်ဆိုရန် မြန်မာတစ်ယောက်အတွက်ပင် မလွယ်။

မိုးကျရွှေကိုယ်ခမျာမှာ ဆိုသာဆိုချင်သည်။ ဘယ်လိုဝင်ရမှန်းမသိ။ ကျွန်တော်က အသံတိုးတိုးနှင့် လိုက်ကြောင်းပေးရ၏။ ကျန်အပိုဒ်များ၌ မဟန်သော်လည်း ထပ်ကြော့ရသော အပိုဒ်၌ကား မိုးကျရွှေကိုယ် ဝင်ဆိုတတ်သွား၏။

"မန့်အပေါ်ဝယ် . . . ဂန်ရေမဒူလွတ်လား . . . ရွှေစပဲ့ဖြူပန်ရှူင်ဒူကညား . . . မတနားဘဲ အက်စက်တယ် . . . "

ပြည်မြို့ မင်းကြီးတောင်ပေါ်တွင် ပြည်သားအစစ် မိုးကျရွှေကိုယ်ဆိုသံကို ကြားရသော် သီချင်းရှင် ပြည်လှဖေခမျာ မည်သို့ ခံစားရရှာမည်မသိ။

တော်ပါသေး၏။ တစ်ပုဒ်လုံး မိုးကျရွှေကိုယ် လိုက်မဆိုနိုင်။ 'မောင့်အပေါ်ဝယ် ဂုဏ်ရေမတူလို့လား' ဟူသော အပိုဒ်၌သာ ပါးဖြဲနားဖြဲနှင့် ဝင်၍ 'မတနားဘဲ အက်စက်' နိုင်သည်။

သီချင်းအဆုံး၌ ကျွန်တော်က သူ့ကို ပြုံးကြည့်၏။ သူက မှန်သောသစ္စာစကားကို ဆို၏။

"နာရှူးဒါ မကမ်းဘူး . . . "

"ကောင်းပါတယ်ကွာ . . . "

"မကမ်းပါဘူး . . . နာဒီတိုင်းနော် . . . ကမ်းကမ်းရှူးတတ်တယ် . . . ဒန်ဒန် . . . ဒန်ဒန်နဲ့ နင့်အုပ်ရှာ အော်နေတယ်နော် . . . နာ ဒွတ်ခတွေ့တယ် . . . "

"အေး . . . အတီးနဲ့ လူတိုင်းလိုက်မဆိုတတ်ဘူး . . . နောက်တော့ တတ်သွားမှာပါ . . . ငါ သင်ပေးပါ့မယ် . . . "

"နင် တကယ်တင်ပွေးရင် နာကမ်းကမ်းရှူးမယ် . . . "

"အေး . . . သင်ပေးပါ့မယ် . . . "

"အေး . . . တင်ပွေး . . .အခု နင်တစ်ခုရှူးအုံး . . . "

"ဘာဆိုရမလဲ . . . "

"မတ်နိုးဒူ ရှူ . . . "

"ဒီအိမ်မှာ မိန်းကလေးရှိတယ် . . . ဒါမျိုးတွေ ဆိုလို့မကောင်းပါဘူး . . . "

"ဘာလို့ မကမ်းလဲ . . . ကမ်းမလေးတွေရှိတယ်နော် . . . ရှူလို့ပိုကမ်းတယ် . . . "

"တခြားနေရာမှာတော့ဟုတ်တယ် . . . ဒီမှာက ကောင်မလေးက ဝန်မင်းသမီး . . . ငါက ခိုင်းတဲ့လူမဟုတ်လား . . . မကောင်းဘူး . . . "

မိုးကျရွှေကိုယ် အတန်ကြာ စဉ်းစားနေ၏။ ထို့နောက် သဘောပေါက်သွားဟန် ခေါင်းညိတ်ညိတ် လည်ညိတ်ညိတ်နှင့် ပြော၏။

"ဟမ်းဟမ်း . . . မကမ်းဘူး . . . နာတိဘီ . . . နင်ရှူးတယ်နော် . . . ကမ်းမလေးက ရှိတ်ရှူးတွားမယ် . . . ကမ်းမလေးက ဂန်းမင့်ဒူ . . . "

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ် . . . ဒါပေမယ့် နင်နားထောင်ချင်ရင် ငါ တစ်ခြားသီချင်းတစ်ပုဒ် ဆိုတီးပြမယ် . . . "

"အတ်ခြား . . . "

ကျွန်တော်က ပတ်ပျိုးခံကို စတီးသည်။ ထို့နောက် ယမုန္နာပတ်ပျိုးကိုပင်တီးပြီး မတိုးမကျယ် ဆို၏။ ယမုန္နာပတ်ပျိုးမှာ ကျွန်တော်၏ အသည်းစွဲပတ်ပျိုးလည်း ဖြစ်သည်။ သီတာသောင်ခြေဘွဲ့ဖြစ်သောကြောင့် အနှောင့်အသွားလည်း လွတ်သည်။

ညက အတန်မှောင်နေပြီ။ ကျွန်တော်နှင့် မိုးကျရွှေကိုယ် ထိုင်နေရာ၌ အရိပ်လည်းကျနေ၏။

အိမ်ကြီးအတွင်းမှမူ မီးရောင်များ လျှံထွက်နေ၏။

သီချင်းအလယ်လောက်တွင် အိမ်ကြီးအပေါ်ထပ် အိပ်ခန်းပြတင်းတစ်ခုမှ ခန်းဆီးပွင့်သွားသည်ကို ကျွန်တော်မြင်ရသည်။ ထို့နောက် အလင်းရောင်ကို ကျောပေးရပ်လာသော လူသဏ္ဌာန်လေးတစ်ခု ပေါ်လာသည်။

ကျွန်တော်က မိုးကျရွှေကိုယ်ဘက် ငဲ့ကြည့်၏။

မိုးကျရွှေကိုယ်က အိမ်ကြီးဆီ မြင်ဟန်မတူ၊ ခေါင်းလေးစောင်းကာ သီချင်းသံကို မှိန်း နားထောင်နေ၏။

ကျွန်တော့်မျက်လုံးများက ပြတင်းဆီ ပြန်ရောက်သွားသည်။

ပြတင်းဝမှ သဏ္ဌာန်၏ရုပ်ရည်ကို သဲကွဲစွာမမြင်ရသော်လည်း အရပ်အမောင်းက သိသာသည်။ ထိုထက် လည်ဆီဝိုင်းဝဲကျနေသော ဆံပင်ပုံစံက ပိုသိသာသည်။

ထား . . .။

ပြတင်းဝ၌ ထားသည် ငြိမ်ငြိမ်လေးရပ်နေ၏။ သီချင်းကို နားထောင်နေမှန်း သိသာလှသည်။

ကျွန်တော့်ရင်က မသိမသာခုန်လာသည်။ အသံမတုန်ရန်နှင့် စည်းမမှားရန် မနည်းကြိုးစားယူရ၏။

ပတ်ပျိုးအဆုံး သဖြန်ပြီး၍ အတန်ကြာသည့်အထိ ထားသည် ပြတင်းဝ၌ ရပ်နေခဲ့သည်။ ထို့နောက် ခန်းဆီးလေးကို အသာပြန်ချ၍ နေရာမှ ပျောက်ကွယ်သွားသည်။

ကျွန်တော်ကမူ ပြတင်းဆီသို့ ငေးကြည့်မြဲ ကြည့်နေမိ၏။ ရင်တွင်း၌လည်း တလှပ်လှပ် . . .။

"မြတ်ဆွေ . . . "

"ဟေ . . . အာ . . . "

"နင့်တားချင်းနော် . . . အားကြီးတာနားဖို့ကမ်းတယ် . . . "

"ဩော် . . . အင်း . . . နင် ဘာကို သနားတာလဲ မိုးကျရွှေကိုယ် . . . "

"နင့်တားချင်းထဲမှာနော် . . . နားတွေပါတယ် . . . "

"ဘာတွေ . . . "

"နားတွေ . . . နာဂျင်းတွေ . . . နာဒန်တွေ . . . နာရန့်တွေ နာရူတွေတော့ မပါဘူး . . . "

"အဲဒါ ဘာဖြစ်သလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ . . . နာ တနားတယ် . . . နာဂျင်းတွေ နာဒန်တွေ . . . တငါလဲ ရှိတယ် . . . ပိုက်ကြီးလဲရှိတယ် . . . တတ်ခါးထဲ တူးတို့မိမယ် . . . မိတယ်နော် . . . တတ်ခါးထဲ ဒွတ်ခပဲ . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . "

ကုန်ပါ၏ . . . ။ ကုန်ခဲ့ပါ၏။

ယင်းည၏ ကြည်နူးဖွယ် . . . သာယာဖွယ် မှန်သမျှမှာ မိုးကျရွှေကိုယ်၏မှတ်ချက်ကြောင့် ကုန်ရပါ၏ . . .။

* * *

နောက်တစ်နေ့နံနက်၌ အိမ်ကြီး၏အောက်ထပ်ကို ကျွန်တော် တံမြက်စည်းလှဲနေ၏။

ကျွန်တော့်ကို မည်သူကမှ ထပ်မံညွှန်ကြားခြင်းမရှိသော်လည်း ယင်းဝတ္တရားကို ကျွန်တော် ဆက်လက်ထမ်းဆောင်သည်။ ပထမ တံမြက်စည်းလှဲသည်။ ထို့နောက် မီးဖိုချောင်ဆီသွား၍ မေမေကြီးဆီမှ အမိန့်ခံယူပြီး ဈေးသွားပေးမည်။

အောက်ထပ်ကို တံမြက်စည်းလှဲနေခိုက် တစ်ခါတုန်းကကဲ့သို့ပင် ခြေသံသည် လှေကားလယ်၌ ရပ်သွား၏။

"ဒီမှာ . . . "

ကျွန်တော်က မော့ကြည့်၏။ ထားးက ကျွန်တော့်ကို ဆက်အမိန့်ပေးသည်။

"အိမ်ပေါ်တက်ခဲ့ . . . "

အောက်ထပ်ကို ကျွန်တော် တံမြက်စည်းလှဲ၍ မပြီးသေး။ သို့ရာတွင် ထားးကအမိန့်ပေးလျှင် ဆင်ခြင်မပေးပဲ ချက်ချင်းနာခံခြင်းသည် အကောင်းဆုံးဟု ကျွန်တော် သဘောပေါက်နေပြီ။

"ကောင်းပါပြီ . . . "

တံမြက်စည်းကို ချထားလိုက်ပြီး ထားးနောက်မှ ကျွန်တော် တက်လိုက်ခဲ့သည်။

ထားးက စန္ဒရားခုံတွင် ဝင်ထိုင်၏။

ဘာလုပ်ရမည်မသိသော ကျွန်တော်က ထားးအနီးတွင် ခြေစုံရပ်နေ၏။

ထားးက ထဘီ၊ အင်္ကျီနှင့် မြန်မာလိုပင် ဝတ်ထားသည်။ ထားး၏အင်္ကျီကလေးမှာ ကြက်သွေးရောင်ရဲရဲလေး ဖြစ်၏။

ဘာကြောင့်မှန်းမသိ အနီရောင်ဆိုလျှင် ကျွန်တော်မုန်းသည်။ အနီရောင်ဆိုလျှင် လှသည်ဟု တစ်ခါမှ ထင်၍မရ။

ယခုတော့ ထားး၏အင်္ကျီ အနီကလေးက လှနေသည်။ အင်္ကျီအနီထက်မှပေါ်နေသော ထားး၏ လည်ပင်းသား၊ မျက်နှာသားလေးများကလည်း လှနေ၏။ ဝါဝင်းသော လည်တိုင်မှ နီရဲသော အင်္ကျီ၏ ရှေ့ပိုင်းဆီ ကျဆင်းနေသော ရွှေဆွဲကြိုးမျှင်မျှင်ကလေးကလည်း လှနေသည်။

ထားးက ကိုယ်ကို ကျွန်တော့်ဆီ ဘေးတိုက်ပြုထား၏။ လည်တိုင်လေးကိုငဲ့ကာ ခေါင်းလေးကို အသာစောင်း၍ ထားးက ကျွန်တော့်ကို အတန်လေးကြာအောင် ကြည့်နေသည်။

ကျွန်တော် အနေရကျပ်လာသည်။

"ပြောလေ . . . ကိုယ့်ကို ဘာခိုင်းမလို့လဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



ထားက ပြုံးသည်။ သည်အပြုံးလေးကတော့ ကြည်ကြည်လင်လင်နှင့် သန့်စင်သည်။

"ညက နင်သီချင်းတီးတယ်မဟုတ်လား . . . "

ကျွန်တော့်ရင်မှာ ထိတ်သွားသည်။ ထားမကြိုက်ဘူးလော။

"မိုးကျရွှေကိုယ်က ခိုင်းတာနဲ့ ကိုယ်တီးပြမိပါတယ် ထား . . . "

ထားက ပြုံးပြန်၏။

"အပြစ်တင်နေတာ မဟုတ်ဘူး . . . မေးနေတာ . . . "

"ဟုတ်ပါတယ် . . . ကိုယ်တီးပါတယ် . . . "

"ညက ယမုန္နာတီးတယ် . . . နင် သီချင်းကြီးတွေ တော်တော်ရသလား . . . "

"ကိုယ် အတန်အသင့်ရပါတယ် . . . "

"ဂန္ဓမာတောင် ရသလား . . . "

"သင်ရိုးအခြေခံဘွဲ့တစ်ခုပါ . . . ကိုယ်ရပါတယ် . . . "

ထားသည် ဘာမျှဆက်မပြောတော့ပဲ စန္ဒရားအံဖုံးကို ဖွင့်သည်။ ထို့နောက် ခလုတ်ဖြူဖြူလေးများကို စနှိပ်သည်။

ထား၏လက်ချောင်းကလေးများက လှသကဲ့သို့ လက်ထားဟန်နှင့် သွားဟန်ကလည်း လှသည်။

ယခင်က စန္ဒရားတီးကြသည်ကို ကျွန်တော် တွေ့ဖူးသည်။ များသောအားဖြင့် လက်ချောင်းလေးချောင်းလောက်နှင့်သာ တီးကြသည်။

ယခု ထား၏ လက်ချောင်းဆယ်ချောင်းစလုံးက လှုပ်ရှားနေသည်။ လှုပ်ရှားနေပုံက သွက်သော်လည်း ညင်သာသည်။ ပေါ့ပါး၍ သက်သက်သာသာနိုင်သည်။

တစ်နေ့ကကဲ့သို့ပင် ထားက ဂန္ဓမာတောင်ဘွဲ့ကို တီးနေသည်။ တစ်နေ့ကကဲ့သို့ပင် ချောချောမွတ်မွတ်တီးနေရာမှ တစ်နေရာတွင် ရှေ့မဆက်နိုင်ပဲ ရပ်သွား၏။

ထားက ကျွန်တော့်ဘက်လှည့်ကြည့်ပြီး ပြော၏။

"ရှေ့ဆက်ဖို့ အကွက်မေ့နေတယ် . . . အဲဒါ နင်ပြပေးနိုင်မလား . . . "

"ကိုယ် စန္ဒရားမတီးတတ်ဘူး . . . ဘယ်လိုသင်ပြရမလဲလည်း မသိဘူး . . . ဒါပေမယ့် ကိုယ် ရှေ့က မယ်ဒလင်နဲ့ တစ်ကွက်ချင်းတီးပြရင် ထားလိုက်တီးနိုင်မလား . . . "

"ရမယ်ထင်တယ် . . . နင့်မယ်ဒလင်သွားယူ . . . "

ကျွန်တော်က နေရာမှမလှုပ်ပဲ ထားကိုသာ ပြန်ကြည့်မိသည်။

"ဘာကြည့်နေတာလဲ . . . သွားယူလေ . . . "

"ကိုယ် တံမြက်စည်းလှဲလို့ မပြီးသေးဘူး . . . ပြီးတော့ ဈေးလဲ သွားပေးရဦးမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



ထားက ခေတ္တစဉ်းစားဟန် ငြိမ်နေ၏။

"ကောင်းပြီ . . . နေ့ခင်းကျတော့ နင်လာခဲ့ . . . ကြားလား . . . . "

"နေ့ခင်းကျတော့ ကိုယ်အဝတ်လျှော်ရဦးမလား မသိဘူး . . . "

"အဲဒါကို ဘွားဘွားကို ငါ ပြောလိုက်မယ် . . . "

"ကောင်းပါပြီ . . . "

"နင် သွားနိုင်ပြီ . . . "

ကျွန်တော်သည် အောက်ထပ်သို့ ပြန်ဆင်းခဲ့၏။

တံမြက်စည်းလှဲပြီး မီးဖိုချောင်သို့ ကျွန်တော်သွားသည်။ မေမေကြီးထံမှ အမိန့်ခံပြီး ဈေးသွားရ၏။

ဈေးမှအပြန်တွင် မီးဖိုချောင်၌ အထူးကူလုပ်ပေးစရာမရှိသောကြောင့် အဝတ်ဟောင်းများတောင်းပြီး ခါတိုင်းထက်စော၍ အဝတ်လျှော်သည်။

ကျွန်တော်အဝတ်လျှော်နေစဉ် မျက်နှာရှုံ့ရှုံ့မဲ့မဲ့နှင့် မိုးကျရွှေကိုယ်ပေါ်လာ၏။

"မြတ်ဆွေး . . . နင်တွားတော့ . . . နာ အဝတ်လျှော့မယ် . . . "

"ဘာပြောတယ် . . . "

"နာ အဝတ်လျှော့မယ် . . . "

"နို့ . . . နင်တစ်သက် အဝတ်မလျှော့ဘူးဆို . . . "

"ဟမ်း . . . ဟမ်း . . . တာတက်မလျှော့ဘူး . . . ထား ရိုတယ်နော် . . . နာ တာတက်လျှော့ရမယ် . . . မကမ်းဘူး . . . အားဂျီးမကမ်းဘူး . . . "

"ဘာဖြစ်လို့လဲ . . . "

"မွေမွေးကြီးခိုင်းတယ်နော် . . . နာ မလျှော့ဘူး . . . ကိတ်ရှမရှိဘူး . . . ထား ခိုင်းတယ်နော် . . . ဒွတ်ခပဲ . . . နာမရှော ဘူးနော် . . . ထားရိုတ်ရှိုးမယ် . . . ရိုတ်ကောက်မယ် . . . နာနဲ့ ရှာကားမပြောဘူး . . . နာ ဒွတ်ခပဲ . . . "

ကျွန်တော်သည် မိုးကျရွှေကိုယ်ကို သနားသွားသည်။ အင်မတန် ဆင်ခြေများ ဈေးထူသော မိုးကျရွှေကိုယ်အပေါ် အာဏာတည်သော ထားကိုလည်း အံ့ဩမိသည်။

"ဒီလိုလုပ်ကွာ . . . တို့နှစ်ယောက် လျှော်မယ် . . . မြန်မြန်ပြီးတာပေါ့ . . . "

"နာပဲလျှော့မယ် . . . နင်ပါလျှော့တယ်နော် . . . ထားက ကူလီကူမာလုပ်တယ် ပြောမယ် . . . နာ ကူလီကူမာမလုပ်ဘူး . . . "

မိုးကျရွှေကိုယ်သည် ကျွန်တော်လျှော်နေသော အဝတ်တို့ကို ဆွဲယူလျှော်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဈေးကို စက်ဘီးနှင့်သွားခဲ့ရသောကြောင့် ကျွန်တော့်ကိုယ်မှာ ချွေးစိုလျက် နံစော်နေသည်။ ထို့ကြောင့် မိုးကျရွှေကိုယ် အဝတ်လျှော်နေခိုက် ကျွန်တော်က ရေအမြန်ချိုးသည်။ ရေချိုးပြီး အဝတ်အစားလဲကာ မယ်ဒလင်လေးကိုကိုင်လျက် အိမ်ကြီးဘက်သို့ ကူးလာခဲ့သည်။

အိမ်တွင်းရောက်သော် အပေါ်ထပ်သို့ ကျွန်တော်မတက်ရဲ။

တံမြက်စည်းကိုင်၍မှ အိမ်အပေါ်ထပ်သို့ ကျွန်တော်တက်ရဲသည်။ မယ်ဒလင်ကိုင်၍ တက်ရမှာက . . . ။

လှေကားထိပ်၌ ထားပေါ်လာသည်။

"ဘာလို့ ရပ်ကြည့်နေတာလဲ . . . တက်ခဲ့လေ . . . "

ထားနောက်လိုက်၍ ကျွန်တော် တက်ခဲ့သည်။

ထားက စန္ဒရားထိုင်ခုံတွင် ဝင်ထိုင်၏။ ကျွန်တော့်ကိုလည်း အနီး၌ရှိသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရန် အမူအရာနှင့်ပြ၏။

ထားက မျက်တောင်ကော့များကို ပင့်လှန်လျက် ကျွန်တော့်ကိုကြည့်ပြီး မေးသည်။

"ဘယ်လို စသင်မလဲ . . . "

"ထားက မှတ်မိသလောက် တီးပါ . . . ပြတ်သွားတဲ့နေရာကစပြီး ကိုယ်က တီးပြပါမယ် . . . အသံညှိရအောင် ကိုယ့်ကို သံမှန်ပြပေးပါ . . . "

ထားက သံမှန်ခလုတ်ကို ခေါက်ပြ၏။ ယင်းသံမှန်ပေါ် မူတည်၍ ကျွန်တော်က မယ်ဒလင်ကြိုး ညှိယူသည်။

ကြိုးညှိပြီး ကျွန်တော်က ခေါင်းညိတ်အချက်ပြသောအခါ ထားက ဘွဲ့ခံမှ စတီး၏။

ကျွန်တော်က ထား၏အမူအရာကို ကြည့်သည်။

ထားသည် ကိုယ်ကို မတ်မတ် ကြော့ကြော့ထားသည်။ မျက်နှာထားမှာ ရဲရင့်၍ မျက်လုံးလေးများ၌ စိတ်ဝင်စားမှုပေါ်နေသည်။ ရက်စွဲ့မှု၏ အရိပ်အရောင်ကို လုံးဝမတွေ့ရ။

မချူသာပြန် အရောက်တွင် ထားက ရပ်လိုက်ပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်က စည်းနရီလေးလေးဖြင့် မယ်ဒလင်တီးပြ၏။ တစ်ဝါးစာ တီးပြပြီးသောအခါ ရပ်၍ ထားကို ကြည့်သည်။

"ပြန်တီးပြဦး . . . "

ကျွန်တော်က သုံးလေးကြော့ ပြန်တီးပြသည်။ ထားက အသံကို နား၌စွဲရန် မှတ်ယူနေသည်။ အသံ နား၌ စွဲသောအခါ ထားက စန္ဒရားနှင့် စမ်းတီးကြည့်သည်။ ထား တီးကွက်ပျောက်သော် ကျွန်တော်က မယ်ဒလင်နှင့် ပြန်တီးပြသည်။

စကြစဉ်တုံးကမူ တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းနိုင်သည်။ ပြောကြ ဆိုကြ ဆက်ဆံကြသည်မှာလည်း လုပ်ငန်းသဘောဆန်လှသည်။ သို့ရာတွင် တဖြည်းဖြည်း ရင်းနှီးမှုက ဝင်လာ၏။

ကျွန်တော်က သုံးလေးခါ ပြပေးပြီးလျက်နှင့် တီးကွက်ကိုမမှတ်မိလျှင် ထားသည် သက်ပြင်းရှိုက်ရင်း ရယ်လိုက်ပြီးနောက် ကျွန်တော့်ကို ပြုံးပြုံးလှည့်ကြည့်တတ်သည်။ ဤအပြုံးက ချိုသာသည်။ သဘောကောင်းသောဆရာကို အလိုလိုက်ခံရသောတပည့်တစ်ဦးက ပြုံးပြသည့်အပြုံးမျိုး။ နွဲ့ဆိုးဆိုး၍ တောင်းခံသော အပြုံးမျိုး . . .။ တီးကွက်ကို ရသွားပြန်သော် ထားသည် ကလေးပမာ ရွှင်မြူးတတ်သည်။ လက်ခုပ်ကလေးတီးကာ အသံထွက်အောင်ရယ်လျက် အားရဝမ်းသာဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်ကြာသောအခါတွင် ထားသည် 'မချူသာပြန်' စသော အပိုဒ်တွင်သာမက 'တမျှော်မျှော်' စသော အပိုဒ်ကိုပါ ရသွားသည်။

"ဝေဘူလျှံလန်း ဆက်တက်မယ်နော် . . . "

"များနေမှာပေါ့ ထား . . . "

"အို . . . မများပါဘူး . . . "

"များတယ် ထား . . . တစ်နေ့ကို တစ်ပိုဒ်လောက်ပဲ ကောင်းတယ် . . . ဒါမှ ကြေမယ် . . . "

"ထား ကြေပါရောလား . . . "

"တစ်ပိုဒ်ချင်းတော့ ဟုတ်တာပေါ့ . . . ပေါင်းပြီးတီးရင် တစ်မျိုးဖြစ်နေမယ် . . . မယုံရင် ထား အစကပြန်တီးကြည့် . . . "

"ဘယ်အစကလဲ . . . "

"ဘွဲ့ခံကပေါ့ . . . "

"အမလေး . . . ဘွဲ့ခံကတောင် . . . "

ထားက စိတ်ပျက်ချင်ယောင်ဆောင်၍ ညည်းညူပြလိုက်ပြီး ဘွဲ့ခံက စပြန်တီးသည်။

ကျွန်တော် ကြိုတင်ပြောထားသည့်အတိုင်းပင် မူလရပြီးသော အပိုဒ်များနှင့် နောက်ထပ်တက်ရသောအပိုဒ်များ ဆက်တီးသော အခါ ထား၏လက်များ ခလုတ်တိုက်ယိမ်းယိုင်တော့၏။

"ကိုယ်မပြောဘူးလား . . . "

ထားသည် ဝန်ခံသည့်အလား ရယ်နေသည်။

"အခု တက်ထားတာကိုပဲ ကြေအောင်လုပ်ထားပါ . . . ဒီနေ့တစ်နေ့လုံးကျင့်ပေါ့ . . . နက်ဖြန်ကျ ကိုယ် စည်းယူလာခဲ့မယ် . . . ဘွဲ့ခံကနေ ဒီနေ့တက်ပေးတဲ့အထိ စည်းမလွတ်ပဲ တီးနိုင်မှ ကိုယ် ရှေ့ဆက်ပြပေးမယ် . . . "

"ကောင်းပါပြီတဲ့ . . . "

ထား၏အနီး၌ ကျွန်တော် ဆက်နေချင်သေးသည်။ သို့ရာတွင် ယနေ့အဖို့ ကိစ္စက ပြီးနေပြီ။

ကျွန်တော်က နေရာမှထသည်။

"ဒါဖြင့် ကိုယ်သွားမယ် . . . ထမင်းစားခါနီးပြီ . . . ကိုယ်က လုပ်ပေးစရာတွေ ရှိသေးတယ် . . . "

"နေဦး . . . ထား မေးဦးမယ် . . . "

"ဘာလဲ ထား . . . "

"ဟိုဒင်းလေ . . . ထားတို့ကျောင်းမှာ အိတ်(စ်)ထရား ဆိုတာရှိတယ် . . . ပီယာနိုကို ထား . . . အိတ်(စ်)ထရား သင်တာ . . . ပိုက်ဆံအပိုပေးရတယ် . . . ပြီးတော့ . . . ဒီနှစ်အစမှာ ဘွားဘွားက မြန်မာသီချင်းကြီး စသင်ရမယ်ဆိုပြီး . . . ဆရာငှားပေးတယ် . . . သူ့လဲ ပိုက်ဆံပေးရတာပဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ . . . "

"အဲဒီတော့ . . . အခုလဲ ထားက ဘယ်လောက်ပေးရမလဲ . . . "

ကျွန်တော် ဝမ်းနည်းသွား၏။ မခံချင်လည်း ဖြစ်မိ၏။

"ကိုယ့်ကို တစ်ပြားမှပေးဖို့ မလိုပါဘူး . . . ကိုယ့်ကို ဒီပညာသင်ပေးခဲ့တဲ့ ဆရာကလဲ ကိုယ့်ဆီက တစ်ပြားမှ မယူခဲ့ဘူး . . . "

"အို . . . ထားကို အလကား သင်ပေးမယ် . . . "

"ထား ကြိုက်သလိုယူဆပါ . . . ကိုယ်ကတော့ ထားက သင်ပေးဆို သင်ပေးပါ့မယ် . . . ထားက မသင်နဲ့တော့ဆို မသင်တော့ပါဘူး . . . ကိုယ်က ထားတို့အိမ်က အလုပ်သမားပါ . . . "

ထားက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သည်။ ဤအကြည့်က မျက်လုံးများမှတစ်ဆင့် ကျွန်တော့်ရင်တွင်းကို စာဖတ်ကြည့်သောအကြည့်ဟု ထင်သည်။

ကျွန်တော့်အခန်းဆီ ကျွန်တော်ပြန်လာခဲ့၏။

မယ်ဒလင်ကလေးကို ထားခဲ့ပြီး မီးဖိုချောင်ဆီ ပြန်သွား၏။

နံနက်စာအတွက် မမရူးခပ်ထည့်ပေးသော ထမင်းဟင်းပန်းကန်များကိုသယ်ကာ ကျွန်တော် ထမင်းစားပွဲပြင်နေစိုက် ကျွန်တော်တက်ပေးခဲ့သောတီးကွက်ကို အပေါ်ထပ်၌ ထားက လေ့ကျင့်တီးနေသည်။

ထား၏ပီယာနိုသံအလိုက် ကျွန်တော်က ရင်တွင်းမှ လိုက်ဆိုမိ၏။

"မချူသာပြန် . . . ယူရန် ကြံရေး . . . ခက်လှလေး . . . တမျှော်မျှော်ညှိုးလျှော် ခွေပြောင်း . . . နွမ်းလျလျလေး . . . "

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

မင်းကြီးတောင်ပေါ်၌ ကျွန်တော် နှစ်ပတ်ခန့် နေခဲ့ရသည်။ ယင်းနှစ်ပတ်သည် ကျွန်တော့်အတွက် ကြည်နူးသာယာဖွယ်ကောင်းသော အချိန်လေးများဟုဆိုရသော် မှားအံ့မထင်ပါ။

ဈေးသွားပေးရခြင်း၊ မမနှင့် မေမေကြီးကို ကူရခြင်း စသော အိမ်အလုပ်များမှာ ကျွန်တော့်အတွက် အထူးပင်ပန်းလှသော အလုပ်များမဟုတ်။ နံနက်ပိုင်း သို့မဟုတ် နေ့လည်ပိုင်း၌ ထားကို သီချင်းတက်ပေးရသောအလုပ်ကား ကျွန်တော် စိတ်အချမ်းသာဆုံး အလုပ်တည်း။

ဂီတကို ကျွန်တော် ခုံမင်မြတ်နိုးသည်။ ကြီးလာလျှင် ဆရာလေးကိုချမ်းသာကဲ့သို့ပင် ဂီတနှင့် အသက်မွေးမည်ဟု စိတ်ကူးယဉ်ထားသည်။ ထားကို ဂီတသင်ပေးရသည်မှာ ကိုယ်ခုံမင်သော အလုပ်ဖြစ်သောကြောင့်လည်း စိတ်ချမ်းသာသည်။ ဩော် . . . ထားကြောင့်လည်း စိတ်ချမ်းသာရပါလေသည်။

ထားက ကျွန်တော့်ကို 'ကောင်ကလေး' ဟု စီးစီးပိုးပိုးမခေါ်တော့။ မြတ်ဆွေဟု အမည်ကို ခေါ်လာသည်။ 'နင်' အစား 'ယူ' ဟု သုံးလာသည်။

မြန်မာချင်း စကားပြောရာ၌ 'ယူ' ဟု သုံးနှုန်းသည်ကို ယခင်က ကျွန်တော်မကြားဘူး။ ဤအိမ်တွင်မှ ဝန်မင်းနှင့် ဝန်မင်းကတော်ကလည်း 'ယူ' နှင့် 'အိုင်' နှင့် စကားပြောသည်။ ဝန်မင်းနှင့် ဝန်မင်းမရီး မခင်လေးတို့လည်း 'ယူ' နှင့် 'အိုင်' နှင့်ပင် ပြောကြသည်။ ကြားစကတော့ နား၌ ခပ်ဆန်းဆန်း။ နောက်တော့ ရိုးလာသည်။ ထားက ကျွန်တော့်ကို 'ယူ' နှင့် ပြောလာသောအခါ၌ကား . . . ကျွန်တော်မောင်မြတ်ဆွေ၏နားမှာ ချိုလာ၏ . . . ။ ချိုလာပါ၏။

ဂန္ဓမာတောင်ဘွဲ့ကို ထားကြေညက်သည်အထိ သုံးရက်မျှ ကျွန်တော်သင်ပေးရသည်။ ဂန္ဓမာတောင် ရပြီးသောအခါ ဂန္ဓမာတောင်ဘွဲ့နှင့် တီးကွက်ချင်းမကွာလှသော 'သည်ဆောင်းဟေမန်' ချီ သဖင်ပန်းဘွဲ့ကို ကျွန်တော်က ဆက်တက်ပေးသည်။

ဂန္ဓမာတောင်ထက် သည်ဆောင်းဟေမန်ကို ထားက ပိုကြိုက်သည်ဆိုပြန်တော့ ကျွန်တော် အကြိမ်ကြိမ် ဆိုတီး . . . ဆိုပြရသည်။

"သည်ဆောင်းဟေမန် . . . မြောက်ပြန် . . . လေညင်း . . . ဆော်တယ်ကို . . . နတ်တော် . . . ပြာသို . . . ခွာညိုသည့်နှင်း ဖုံ . . . ဖုံ . . . "

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်ကား . . . ကျွန်တော်တို့ ကြုံနေရသော အခါလရာသီမှာ မြောက်ပြန်လေညှင်းဆော်သော ဆောင်းဟေမန်မဟုတ် . . .။ လေရူးပွေသော ဂိမန်နွေဦး . . .။ နှင်းအဖုံဖုံဝယ် သဇင်နှင့် ခွာညိုသင်းသော နတ်တော်ပြာသိုမဟုတ် . . .။ ရွက်ဝါကြွေသော တပေါင်း . . .။ နေ့ပူ၍ ညချမ်းသော တပေါင်းလသရမ်း . . .။

မင်းကြီးတောင်ပေါ်၌ အေးချမ်းသာယာ၍ ဣန္ဒြေမပျက်သမျှ ပြည်မြို့တွင်း၌မူ ယောက်ယက်ခတ်၍ ရှုပ်ထွေးစပြုပြီ။

ဈေးဝယ်ရန် မြို့တွင်းသို့ ကျွန်တော် တစ်နေ့တစ်ကြိမ် မှန်မှန်ရောက်သည်။ မြို့တွင်း၌ စစ်ပြေးကုလားတို့ များသထက်များလာသည်။ အင်္ဂလိပ်နှင့် ကုလားစစ်ပြေးတို့သာမက တရုတ်စစ်သားတချို့တလေကိုပါ တွေ့ရသည်။ ယခင်က ကျွန်တော် မတွေ့ဘူးသော ကလေးကစားစရာနှင့်တူသည့် 'ဂျစ်' ဟုခေါ်သော ကားကလေးများကိုလည်း တွေ့ရသည်။

ဝန်မင်းတို့၏ အိမ်ကြီး၌လည်း အရေးကြီးသော ပစ္စည်းများအားလုံး ထုပ်ပိုးပြင်ဆင်ပြီးနေပြီ။

မတ်လ ၁၀ ရက်နေ့ နေ့လည်ပိုင်းတွင် ဝန်မင်း ရုံးမှ ရုတ်တရက်ပြန်လာသည်။ မျက်နှာလည်း မကောင်းလှ။

ထိုနေ့ညနေပိုင်း၌ ပစ္စည်းများကို ကားတစ်စီးဖြင့် မြစ်ဆိပ်သို့ အပူတပြင်း သယ်ချကြရသည်။ ကျွန်တော်တွင်မက ခါတိုင်းဆိုလျှင် ဈေးထူသော မိုးကျရွှေကိုယ်ပါ ထမ်းဟယ်ပိုးဟယ်နှင့် အလုပ်များကြသည်။

ကမ်းနားဆင်စုဆိပ်၌ ရာပါဘောက်တူကြီးတစ်စီး ဆိုက်ထားသည်။ ကျွန်တော်တို့သည် ပစ္စည်းများကို ဘောက်တူကြီးပေါ် တင်ကြရသည်။ ပစ္စည်းများတွင် လေးလေးပင်ပင်ဆို၍ ထား တီးသော ပီယာနိုကြီးသာပါ၏။ အခြားပရိဘောဂ ဘာမျှမပါ။

ထုံးဘိုသို့ သွားကြမည်။ ဤမျှသာ ကျွန်တော်သိသည်။ အခြားဘာမျှ ပိုမသိ။ ဘာမျှ ပိုမသိသော်လည်း စိတ်တွင်း၌မူ လှုပ်ရှားနေ၏။ တစ်ခုခုတော့ဖြစ်ပြီ။ ဤမျှမူ နားလည်နေ၏။

ကမ်းနားမှပြန်လာ၍ ထမင်းကိုသုတ်သုတ်စားပြီးနောက် ကျွန်တော်သည် ကျွန်တော်တို့၏ တန်းလျားဝရန်တာတွင် ရည်ရွယ်ချက်မရှိ ရပ်နေမိသည်။ တဖက်ခန်းတွင်မူ မိုးကျရွှေကိုယ်သည် မောသည်ဟုဆိုကာ အိပ်နေ၏။

ညနေခြောက်နာရီခန့် ရှိပြီ။ နေသည် မဝင့်တဝင်ရှိနေ၏။ ပြာလွင်သောကောင်းကင်ပြင်တွင် မွန်းတည့်မှတ်မှ အရှေ့ဘက် အတန်စောင်းရာ၌ စက်ဝန်းတစ်ခြမ်းကျော်ပြီဖြစ်သော ငွေလသည် ဖွေးဖွေးကြီးပေါ်နေ၏။ အရောင်မလက်သေးသော ကြယ်များကိုလည်း တိမ်သားရှင်းသောကြောင့် မြင်နေရသည်။

ရည်ရွယ်ချက်မဲ့ငေးနေသော ကျွန်တော်သည် ခြံကြီး၏မျက်နှာစာဘက်၌ လမ်းဆင်းလျှောက်နေသော ထားကို တွေ့ရသည်။ ညနေတိုင်း ခြံတွင်း၌ လမ်းဆင်းလျှောက်နေသော ထားကို ကျွန်တော် မကြာခဏတွေ့ဖူးသည်။ ထိုအခါမျိုး၌ ထားနားသို့ ကျွန်တော် ဘယ်အခါမှမချဉ်းကပ်။ ထားကို ဂီတသင်ပေး၍ ရင်းနှီးလာပြီဖြစ်လင့်ကစား ကျွန်တော်မချဉ်းကပ်။ ဒူးနေရာဒူး တော်နေရာတော်ကို ကျွန်တော်နားလည်သည်။ ဂီတသင်ပေးစဉ် အနီးကပ်နေရသည်က တကဏ္ဍ။ တာဝန်တစ်မျိုး၊ ဝတ္တရားတစ်မျိုး ဖြစ်၏။

ထားရှိရာ ကျွန်တော်ငေးကြည့်နေခိုက် ကျွန်တော့်ကို ထားမြင်သွားသည်။ ခေတ္တသော် ထားသည် ကျွန်တော့်ကို ပြန်ရပ်ကြည့်နေ၏။ ထို့နောက် လက်ယပ်ပြ၍ ကျွန်တော့်ကို ခေါ်၏။

ထားကခေါ်ပြန်တော့ ထားအနီး ကျွန်တော်သွားရသည်။

ခြံတွင်းပန်းခင်းများအနီးတွင် ကုလားထိုင်နှစ်လုံးရှိသည်။

ထားက ကုလားထိုင်တစ်လုံးပေါ် ထိုင်လိုက်၏။ ကျွန်တော်က အနီးတွင်သာ ရပ်နေ၏။

ထားက လွတ်နေသော ကုလားထိုင်ကို ညွှန်ပြပြီးဆို၏။

"ဟိုမှာထိုင်လေ . . . "

"ကိစ္စမရှိပါဘူး . . . ကိုယ်ရပ်နေပါ့မယ် . . . "

ထားက ကျွန်တော့်ကို စေ့စေ့ကြည့်သည်။ ဘာမျှ ဆက်မပြောတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာလုပ်ဖို့ခေါ်တာလဲ . . . "

"စကားပြောချင်လို့ . . . "

"ပြောလေ . . . ဘာပြောမလို့လဲ . . . "

"ထားတို့ နက်ဖြန် ထုံးဘိုကို သွားကြတော့မယ် . . . "

"အင်းလေ . . . ကိုယ်သိပြီးပါပြီ . . . "

"ယူ တကယ်ဘာသိလို့လဲ . . . အမှန်က ပြေးကြရမှာ . . . "

"ဘာရယ် . . . ပြေးကြရမှာ . . . "

"ဟုတ်တယ် . . . ဒယ်ဒီကပြောတယ် . . . မနေ့က ရန်ကုန်ကျသွားပြီတဲ့ . . . အဲဒါကော ယူသိသလား . . . "

"ကိုယ် ဘယ်လိုလုပ် သိနိုင်ပါ့မလဲ . . . "

"ရန်ကုန်ကျသွားပြီဆိုတော့ ပြည်လဲ ကျချင်ကျမှာပေါ့ . . . မကျတောင် ဒီမှာ တိုက်ပွဲတွေဘာတွေ ဖြစ်မှာ . . . ဒါကြောင့် ထုံးဘိုကိုပြေးမှာ . . . အခု မာမီငိုနေတယ် . . . သိလား . . . "

"မမအေး ငိုနေတယ် . . . ဘာဖြစ်လို့လဲ . . . "

"ထားတို့ချည်း အရင်သွားနှင့်ရမှာ . . . ဒယ်ဒီက မလိုက်သေးဘူး . . . လိုက်လို့လဲ မဖြစ်သေးဘူးလေ . . . ဒီမှာက အစိုးရ ရှိနေသေးတယ် မဟုတ်လား . . . နောက်မှ အဆင်ကြည့်ပြီး လိုက်လာမှာ . . . တဲ့ . . . "

"အင်းပေါ့လေ . . . ထုံးဘိုနဲ့ ပြည်ကလဲ ဘာဝေးတာမှတ်လို့ . . . "

"ယူ . . . ထုံးဘိုရောက်ဖူးလား . . . "

"ဟင့်အင်း . . . "

ထားသည် စကားမဆက်ပဲ ငြိမ်သွား၏။ ငြိမ်သာနေသော်လည်း အမူအရာက တစ်စုံတစ်ခုကို ပြောချင်နေသေးမှန်း သိသာနေ၏။

"ကိုယ့်ကို ဒါပြောမလို့လား . . . "

"ဟင့်အင်း . . . ရှိသေးတယ် . . . "

"ပြောလေ . . . "

"ဟိုဒင်း . . . အဲ . . . ယူ ဂျပန်တွေ စစ်နိုင်မယ်လို့ ထင်သလား . . . "

"နိုင်လို့ ရန်ကုန်တောင် ကျသွားပြီမဟုတ်လား . . . "

"မဟုတ်ဘူးလေ . . . ရန်ကုန်ကျပေမယ့် မြန်မာတစ်ပြည်လုံး သူတို့သိမ်းနိုင်မလား . . . အဲဒါကိုမေးတာ . . . "

"စင်ကာပူတို့ ရန်ကုန်တို့တောင် သိမ်းနိုင်သေးတာ . . . မြန်မာတစ်ပြည်လုံးကိုလဲ သိမ်းနိုင်မှာပေါ့ . . . "

"အဲဒီလိုဆိုရင်တော့ ဒုက္ခပါပဲနော် . . . "

"ဘာဖြစ်လို့လဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီက ပြောတယ် . . . ဂျပန်တွေဟာ အရှေ့တိုင်းသားလူရိုင်းတွေ . . . တဲ့ . . . တရုတ်ပြည်မှာဆိုရင် သိပ်ရက်စက်တာပဲ . . . တဲ့ . . . "

ဖက်ဆစ်ဟူသည် မကောင်းကြောင်း၊ ဂျပန်သည်လည်း ဖက်ဆစ်ဖြစ်၍ မကောင်းကြောင်း ကျွန်တော်ဖတ်ဖူးသည်။ သို့ရာတွင် ထား၏စကားကို ကြားရသောအခါ ရင်တွင်း၌ တစ်မျိုးကြီးဖြစ်မိ၏။

အရှေ့တိုင်းသားလူရိုင်းတွေ . . .။ သည်စကားပြောခဲ့သော ဝန်မင်းဦးတင်လတ်သည် အရှေ့တိုင်းသားမဟုတ်သလော။ ယခု ပြောနေသော ထားသည် အရှေ့တိုင်းသူမဟုတ်သလော။

ထိုစဉ် ထားက မေးခွန်းထုတ်၏။

"မြတ်ဆွေ . . . ယူ ဂျပန်နိုင်တာကို သဘောကျသလား . . . "

ကျွန်တော် ရုတ်တရက်မဖြေနိုင်။ အတန်ကြာ စဉ်းစားပြီးမှ ဖြည်းဖြည်းပြောရ၏။

"ဂျပန်နိုင်တာ . . . အင်္ဂလိပ်နိုင်တာဟာ ကိုယ့်အပူမဟုတ်ဘူး . . . ကိုယ်တော့ စစ်ဆိုတာကို မကြိုက်ဘူး . . . အခုကြည့်လေ . . . ထားရော . . . ကိုယ်ရော . . . ကျောင်းမတက်ကြရတော့ဘူး . . . ငယ်ငယ်မှာ စာမသင်ရရင် ကြီးလာတော့ ဘာလုပ်စားရမလဲ . . . အင်းလေ . . . ထားအတွက်ကတော့ ကိစ္စရှိမယ် မထင်ဘူး . . . ကိုယ့်အတွက်ကတော့ . . . "

"ယူ ကျောင်းပြန်တက်ချင်ရင် အင်္ဂလိပ်စစ်နိုင်အောင် ဆုတောင်းပေါ့ . . . "

"အဲဒီလိုလဲ ဆုမတောင်းနိုင်ဘူး . . . "

"ဘာပြုလို့ . . . "

"အခုတိုက်နေတာက အင်္ဂလိပ်နဲ့ ဂျပန်တင်မဟုတ်ဘူး . . . ဂျပန်ဘက်က ကိုယ်တို့မြန်မာတွေလဲ ပါတယ်တဲ့ . . . "

"နေဦး . . . အဲဒါ ထားလဲကြားတယ် . . . မြန်မာတွေက ဂျပန်နဲ့ ဘာလို့ပေါင်းတိုက်ရတာလဲ . . . "

"လွတ်လပ်ရေးလိုချင်လို့ . . . "

"ဘာလဲ . . . လွတ်လပ်ရေးဆိုတာ . . . "

ကျွန်တော်သည် ထားကို အံ့သြစွာကြည့်မိသည်။ လွတ်လပ်ရေးဆိုသည်ကို ထားက နားမလည်ဟန်တကား။

"လွတ်လပ်ရေးဆိုတာဟာ ကိုယ့်မင်းကိုယ့်ချင်းဖြစ်ဖို့ . . . ကျွန်ဘဝကလွတ်ပြီး သခင်ဖြစ်ဖို့ . . . "

ထားက နှာခေါင်းလေးရှုံ့ပြီး ဆို၏။

"ကိုယ့်မင်းကိုယ့်ချင်းဖြစ်ဖို့ . . . အမလေး . . . ကြောက်စရာကြီး . . . "

"ဘာပြောတယ် ထား . . . "

"မြန်မာတွေ ရှင်ဘုရင်လုပ်မှာကို ပြောတာမဟုတ်လား . . . မြန်မာရှင်ဘုရင်ဆိုတာ သိပ်ရက်စက်တာ . . . လူတွေသတ်တယ် . . . မိန်းမတွေ အများကြီးယူတယ် . . . ပိုးတွေ ကတ္တီပါတွေဆိုရင် သူတို့ပဲဝတ်တယ် . . . တခြားလူတွေ မဝတ်ရဘူး . . . "

"ထားကို ဘယ်သူပြောသလဲ . . . "

"အို . . . ဒီလိုပဲ ပြောတာပဲ . . . "

"ထား . . . အနော်ရထာတို့၊ ကျန်စစ်သားတို့၊ ဘုရင့်နောင်တို့၊ သာလွန်မင်းတို့ဆိုတဲ့ မြန်မာမင်းကောင်းမင်းမြတ်တွေ အကြောင်း ကြားဖူးလား . . . "

www.burmeseclassic.com

www.burmeseclassic.com



"မကြားဖူးပေါင် . . . "

"ထား ငါးတန်းမဟုတ်လား . . . ရာဇဝင်မသင်ရဘူးလား . . . "

"ဗြိတစ်(ရှ်)ဟစ်တြီ သင်ရတယ် . . . "

"မြန်မာရာဇဝင်မှာ ကောင်းတဲ့ရှင်ဘုရင်တွေ အများကြီးပဲ . . . ဆိုးတာလဲ ရှိတာပေါ့ . . . အင်္ဂလိပ်ရာဇဝင်မှာကော ဂျွန်ဘုရင်တို့ ဘာတို့လို ဆိုးတဲ့လူ မရှိဘူးလား . . . "

ဘာသဘောကျသည်မသိ . . . ထားကပြုံး၏။

"ထား ဘာပြုံးတာလဲ . . . "

"ယူက မြန်မာရှင်ဘုရင်လာစေချင်လို့လား . . . "

"ဒီလိုလဲ မဟုတ်ဘူးလေ . . . လွတ်လပ်ရေးရရင် ရှင်ဘုရင်ရှိချင်မှရှိမှာ . . . တချို့နိုင်ငံတွေမှာ သမ္မတက အုပ်ချုပ်တယ် . . . သမ္မတဆိုတာ ရှင်ဘုရင်မဟုတ်ဘူး . . . "

"အဲဒါတော့ ထားသိပါတယ် . . . ဂျော့ဝါရှင်တန်တို့ . . . အေဘရာဟင်လင်ကွန်းတို့ . . . ရူးစဘဲ့တို့ . . . အဲဒါမျိုး မဟုတ်လား . . . "

"ထား သိသားပဲ . . . ဟုတ်တယ် . . . အဲဒါမျိုး . . . "

ထားသည် ခေတ္တငြိမ်စဉ်းစားနေသည်။ ထို့နောက် ခေါင်းကလေးခါပြီး ပြော၏။

"ဘာပဲဖြစ်ဖြစ်လေ . . . မြန်မာတွေ မင်းဖြစ်လာရင် ဒယ်ဒီတို့တော့ ဒုက္ခပဲ . . . ဒယ်ဒီတို့က အင်္ဂလိပ်အစိုးရ အရာရှိမဟုတ်လား . . . ပြီးတော့ ဒယ်ဒီက ဘိလပ်ပြန် . . . "

ထားပြောဟန်က ညည်းညူဟန်ဆန်သည်။ အသံ၌ အားငယ်မှုလည်းပေါ်နေသည်။

မြန်မာ သို့မဟုတ် ဂျပန်က အင်္ဂလိပ်ဘက်သားအရာရှိများကို ဘာလုပ်မည်နည်း။ ဤအထိ ကျွန်တော်ဉာဏ်မမီ။ ထို့ကြောင့် ထားကို အားမငယ်ရန် ကျွန်တော် မည်သို့အားပေးစကား ပြောရမှန်းမသိ။

ကျွန်တော်သည် ထား၏မျက်နှာလေးကို စူးစိုက်ကြည့်မိသည်။

ထား၏မျက်နှာလေးမှာ ညှိုးငယ်နေသည်။ မျက်လုံးများ၌ မျက်ရည်မသိမသာဝဲနေ၏။ထားအပေါ် ကျွန်တော် ဂရုဏာသက်သွားမိသည်။ ထား အားရှိမည်ထင်သည့် စကားများကိုလည်း ကြံဖန်ပြောမိ၏။

"သိပ်မစိုးရိမ်ပါနဲ့ ထားရယ် . . . ထားပြောသလို မြန်မာတပြည်လုံးကို ဂျပန်က သိမ်းချင်မှ သိမ်းနိုင်မှာပါ . . . ကိုယ်တို့ အခု ထုံးဘိုဘက်သွားရတာ ခဏရှောင်ရတာ ဖြစ်ချင်ဖြစ်မှာပေါ့ . . . "

ထားသည် ဤစကားမျိုးကို ကြားချင်နေဟန်ရှိသည်။ ကျွန်တော့်စကားအဆုံး၌ မျက်နှာလေး အနည်းငယ်ပြန်လန်းလာသည်။

"ဟုတ်တယ် . . . အဲဒီလိုဖြစ်ပါစေလို့ ထားတော့ ဆုတောင်းတယ် . . . အဲဒါထက် သူတို့က ပီယာနိုကြီးကို ထားခဲ့မလို့တဲ့ . . . ထား အတင်းပူဆာလို့ . . . ဟိုရောက်ရင် ယူ . . . ထားကို သီချင်းတွေ ဆက်သင်ပေးရမယ်နော် . . . "

"ကိုယ်ပြောခဲ့ပါရောလား . . . ထားက သင်ပေးဖို့ခိုင်းသမျှ ကိုယ် သင်ပေးပါ့မယ်လို့ . . . "

ထားက ကျွန်တော့်ကို စိုက်ကြည့်ပြန်သည်။ ရိုးရိုးကြည့်ရာမှ မျက်စောင်းလေး လှပစွာထိုးသည်။

"မြတ်ဆွေ . . . ယူ သိပ်ကြီးကျယ်တာပဲ . . . "

"ကိုယ် ဘာကြီးကျယ်လို့လဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ယူ စကားပြောတာကလေ . . . ဟိုဒင်း . . . လူကြီးနဲ့ သိပ်တူတာပဲ . . . ယူ့အသက် ဘယ်လောက်ရှိပြီလဲ . . . "

"ဆယ့်သုံးနှစ် . . . "

"တကယ် . . . "

"တကယ်ပေါ့ . . . "

"ဒါဖြင့် ယူ . . . ထားထက် တစ်နှစ်ပဲကြီးတယ် . . . "

ကျွန်တော်က ဘာမျှပြန်မပြော။ ပြုံးတော့ ပြုံးမိသည်။

"ယူ ဘာပြုံးတာလဲ . . . "

"ဪ . . . ဟိုဒင်း . . . တွေးမိလို့ပါ . . . "

"ဘာတွေးမိတာလဲ . . . "

"တွေ့စတုန်းက ထားက ကိုယ့်ကို ကောင်ကလေးလို့ ခေါ်တာ . . . "

ထားက အသာအယာရယ်မောသည်။

"ယူက အဲဒါကို ခုထိမကျေသေးဘူးလား . . . "

"မဟုတ်ပါဘူး . . . သတိရမိတာကို ပြောရတာ . . . "

"အဲဒီတုံးက ယူ့ကို ထားက စိတ်ဆိုးနေတာကိုး . . . ယူက ထားကို စက်ဘီးနဲ့ ဝင်တိုက်ထားတာကိုး . . . "

"ဪ . . . ထားရယ် . . . တမင်တိုက်ရတာမှ မဟုတ်ပဲ . . . "

"ထားပါတော့ . . . ပြီးတော့ အဲဒီညနေက ခြံဝမှာ ယူပြောသွားတဲ့စကားကကော မှတ်မိလား . . . "

ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ထို့ကြောင့် ပြန်မဖြေပဲ ပြုံးသာနေရ၏။

"ယူ အားကြီးမုန်းဖို့ကောင်းတာပဲ . . . "

ကျွန်တော်က ထား၏မျက်နှာလေးကို စူးစမ်းကြည့်သည်။

ထား၏မျက်နှာ၌ မုန်းရိပ်ကိုမတွေ့။ အလွန်ချစ်စဖွယ်သော အပြုံးလေးကိုသာ တွေ့ရသည် . . .။ တွေ့ရပါသည်။

စကားလက်ဆုံကျပြီး၍ အိမ်ကြီးဆီသို့ ထားပြန်သွားသည့်အချိန်၌ နေ လုံးဝ ဝင်သွားပြီ။ လမင်းထိန်ထိန်သာနေပြီ . . .။

ကျွန်တော်က ကောင်းကင်ကိုမော့ကြည့်ပြီး ကျွန်တော့်တန်းလျားဆီ ပြန်လာခဲ့၏။

နက်ဖြန် ထုံးဘိုဘက် သွားကြရမည်ကို ကျွန်တော်သတိမရတော့။ နေ့လည်က ပစ္စည်းများ ထုတ်ပိုးသယ်ချရ၍ ပန်းနေသည့် ဒဏ်ကိုလည်း မခံစားရတော့ . . .။ ဪ . . . ကမ္ဘာစစ်ကြီးတစ်ခု ဖြစ်နေသည်ဆိုခြင်းကိုလဲ အမှတ်မရတော့ . . .။

ငွေလသာသောနွေညက အလွန်လှပနေသည်။

ညတိုင်းသည် လှပသော ငွေလသာသည့် နွေညသာဖြစ်ပါစေတော့ . . .။ ဖြစ်ပါစေတော့ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ထုံးဘို . . .။

သည်မြို့ကလေးဆီ မရောက်ဖူးသူ၏မျက်စိတွင်း၌ သည်မြို့ကလေး၏အသွင်ကို အဘယ်သို့ မြင်ယောင်မည်မသိ။

နာမည်က မလှပါ။ (ဝါ) ယခုခေတ်စကားနှင့်ဆိုလျှင် ကဗျာမဆန်ပါ . . .။

သို့ရာတွင် မြို့ကလေးက လှသည်။ ကဗျာဆန်သည်။

မြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။

မြို့၏တောင်ဘက်တွင် တောင်တန်းတစ်သွယ်၊ အနောက်ဘက်တွင် တောင်တန်းတစ်သွယ် ရှိသည်။ အနောက်ဘက်မှတောင်တန်းကို ကြည်းတောင်ဟုခေါ်၍ တောင်ဘက်မှတောင်တန်းကို အကောက်တောင်ဟု ခေါ်သည်။ အကောက်တောင်နှင့် ကြည်းတောင်သည် ထောင့်မှန်မကျတကျပြု၍ ဆုံကြသည်။ အကောက်တောင်သည် ကြည်းတောင်နှင့်ဆုံရာမှ အရှေ့ဘက်ဆီ သွယ်တန်းလာပြီး ဧရာဝတီမြစ်လယ်အထိ စွန်းထွက်နေသည်။

ဧရာဝတီမြစ်သည် ထုံးဘိုမြို့အပေါ် သဘောကောင်းသည်။ မြို့ဆိပ်ကမ်း၌ ကျောက်ဆောင်မရှိ။ သောင်မထွန်း။ ထို့ကြောင့် သင်္ဘောကြီးငယ် လှေသမ္ဗာန်ကြီးငယ်တို့ ရာသီမရွေး ကောင်းမွန်စွာ ဆိုက်ကပ်နိုင်သည်။

ထုံးဘိုမြို့နှင့် မျက်နှာချင်းဆိုင် မြစ်တစ်ဘက်တွင်ကား သောင်ထွန်းသည့် ကျွန်းကြီးတစ်ကျွန်း ရှိသည်။

ကျွန်တော်တို့ ထုံးဘိုမြို့သို့ ရောက်သည့်အချိန်မှာ . . . နွေဦးဖြစ်သည်။

မြစ်ရေက စိမ်းလဲ့လဲ့ကြည်နေသည်။ မျက်နှာချင်းဆိုင်ရှိကျွန်းမြေက မြမြလွင်၍ ကျွန်းအခြေ ငွေသောင်ခုံက လွလွဖြူနေသည်။

ထုံးဘိုမြို့၏ မြစ်ကမ်းလမ်းဘေးတစ်လျှောက်ရှိ ကုက္ကိုပင်ကြီးများက ရွက်ဝါကြွေနေကြသည်တကား။

ပြည်မှထွက်လာစဉ်ကမူ ကျွန်တော်တို့ တစ်အိမ်သားချည်းထင်သည်။ ထုံးဘိုရောက်မှ ဘဝတူအများကို တွေ့ရသည်။ ကျွန်တော်တို့ကဲ့သို့ပင် ပြည်မှ လှေကြီးလှေငယ်တို့ဖြင့် ရှောင်တိမ်းလာကြသူများတည်း။ အရာရှိပိုင်းမှလည်း ပါသည်။ ကြေးရတတ် သူဌေးသူကြွယ်ပိုင်းမှလည်း ပါကြသည်။

အရာရှိပိုင်းမှ လူသိုက်သည် ထုံးဘို ပုလိပ်ဌာနဝင်းအတွင်း၌ စတည်းချကြ၏။

ထုံးဘိုဌာနအုပ်မှာ ဦးသန်းဟုခေါ်သည်။ အရပ်အမောင်းကောင်းကောင်း၊ ရင်အုပ်ကျယ်ကျယ်၊ ခါးသေးသေးနှင့် လူချောလူလှတစ်ဦးဖြစ်သည်။ အသားအတန်ဖြူရာ ရုတ်တရက်ဆိုလျှင် ဗိုလ်ကပြားတစ်ဦးဟု ထင်ရသည်။

ပြည်မှ ထုံးဘိုသို့ စစ်ပြေးရှောင်တိမ်းလာကြသူမှန်သမျှကို ဦးသန်းက အစစအရာရာ ကူညီစောင့်ရှောက်ပေးသည်။ သူ့မျက်နှာသည် အစဉ်ပြုံးနေပြီး စစ်ပြေးရှောင်တိမ်းလာသူများနှင့် ဆက်ဆံနေသူတစ်ဦးနှင့် မတူ။ မိမိရပ်ရွာဆီ အလည်ရောက်လာသူများကို လက်ခံကြိုဆိုနေသည့် ရပ်ရွာအကြီးအကဲတစ်ဦးနှင့်သာ တူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှကျွန်တော်သိရသည်မှာ ဦးသန်းသည် လူချစ်လူခင်ပေါ၍ ရပ်ရွာနှင့် နယ်အပေါ်၌ ဩဇာရှိသည်ဟု ဆို၏။ ပုလိပ်ဌာနအုပ်တစ်ဦးဖြစ်သော်လည်း မျိုးချစ်စိတ်ဓာတ်ရှိသောကြောင့် သခင်စသော နိုင်ငံရေးသမားများနှင့်လည်း အကျွမ်းဝင်ခင်မင်သည်ဟုဆို၏။ ထို့ကြောင့် စစ်ပြေးအရာရှိအပေါင်းမှာ ဦးသန်းအုပ်ချုပ်ရာမြို့သို့ တမင်လာကြကြောင်း သိရ၏။

ကျွန်တော်တို့သည် ပုလိပ်ဌာနအတွင်းရှိ အိမ်လွတ်တစ်ခုတွင် နှစ်ညအိပ်ကြရသည်။ ထို့နောက် မြို့တွင်း၌ငှားရသော အိမ်တစ်လုံးဆီ ရွှေ့ခဲ့ကြသည်။ ကျွန်တော်တို့ငှားရသောအိမ်မှာ ကမ်းနားလမ်းမပေါ်တွင် ရှိ၍ မြစ်တစ်ဘက်သို့ မျက်နှာမူထားသော လေးပင်သုံးခန်း နှစ်ထပ်ကျွန်းအိမ်ဖြစ်၏။ အိမ်မှာ ဈေးနှင့်လည်း ကိုက်နှစ်ရာခန့်သာ ဝေးသည်။

ကျွန်တော်တို့ကဲ့သို့ပင် စစ်ရှောင်လာကြသူများအနက် တတ်နိုင်သူတို့က အိမ်ငှားနေကြသည်။ မတတ်နိုင်သူတို့က ကိုးဆောင်တွဲကျောင်း၊ လယ်ပြင်ကျောင်းစသော ဘုန်းကြီးကျောင်းများတွင် နေကြ၏။

ထုံးဘိုဈေးမှာ နံနက်ဈေးသာဖြစ်၏။ နေ့လည်နှင့် ညနေတွင် ဈေးမရှိ။

နံနက်ဈေးတွင် စစ်ပြေးရောင်လာသူချင်း ဆုံတွေ့ကြ၏။ အသိမိတ်ဆွေတွေသာ ဖြစ်နေသောကြောင့် ပျော်ပျော်ရွှင်ရွှင်ဖြစ်ကြကာ စစ်ပြေးဘဝကို မေ့ကြသည်။ အစိုးရအမှုထမ်း အရာထမ်း စစ်ပြေးများတွင် မိန်းမသားနှင့်အခြားအိမ်သားများ ပါသည်။ လင်ယောကျ်ားများ မပါကြ။ လင်ယောကျ်ားများမှာ ဦးတင်လတ်ကဲ့သို့ပင် ပြည်၌ နေရစ်ကြသည်။

မနေရစ်ကြ၍လည်း မဖြစ်။ ထားပြောသကဲ့သို့ အင်္ဂလိပ်အစိုးရက ရှိနေသေးသည်။

ထိုအချိန်တွင် အင်္ဂလိပ်တပ်များသည် သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ရှိနေသေးသည်။ နောင်အခါ၌ မြန်မာပြည်ကို ပြန်သိမ်းသည့် ၁၄ နံပါတ် တပ်မတော်ကြီး၏ သေနာပတိကြီးဖြစ်လာမည့် ဂျင်နရယ် ဆလင်းသည် မတ်လ ၁၃ ရက်နေ့၌ ပြည်မြို့သို့ ဆိုက်ရောက်လာသည်။ အုတ်ဖို၌ရှိနေသောတပ်မှာ မေဂျာဂျင်နရယ် ကိုဝင် အုပ်ချုပ်သည့် အမှတ် ၁၇ ဒီဗီဇံတပ်မကြီး ဖြစ်သည်။ ပဲခူးရိုးမ၏ ဟိုတစ်ဘက် တောင်ငူဆီ၌ မေဂျာဂျင်နရယ် ဘရု(စ်)စကော့ အုပ်ချုပ်သည့် အမှတ် ၁ မြန်မာပြည် ဒီဗီဇံ တပ်မကြီးကလည်း ရှိနေသေးသည်။ ချန်ကေရှိတ်၏ အမှတ် ၅ တရုတ်တပ်မတော်ကြီးတစ်ခုလုံးကလည်း တောင်ငူစစ်မျက်နှာ၌ တာဝန်ယူရန် ချီတက်လာနေသည်။

ထိုစဉ်က မြန်မာပြည်စစ်မျက်နှာတစ်ခုလုံး၏ သေနာပတိချုပ်မှာ ဥရောပ ဒန်းကတ်စစ်ပွဲ၌ နာမည်ရလာသူ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဖြစ်၏။

ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား၏အမိန့်ဖြင့် ဗိုလ်ချုပ်ကြီး ဆလင်းသည် အမှတ် ၁၇ ဒီဗီဇံတပ်မကြီးနှင့် အမှတ် ၁ မြန်မာပြည် ဒီဗီဇံတပ်မကြီးတို့ကို ပေါင်းစည်းကာ ဘားမားကိုး ခေါ် တပ်ပေါင်းစုကြီးတစ်ခု ဖွဲ့စည်းရန် စိုင်းပြင်းနေသည်။ တောင်ငူဘက်၌ ရှိနေသော အမှတ် ၁ မြန်မာပြည် ဒီဗီဇံတပ်မကြီးကို ပြည်မြို့အထက်ဖက်ရှိ အောင်လံ၊ ဒရယ်ပိုဆီသို့ ရွှေ့ယူနေ၏။ ဘားမားကိုးတပ်ပေါင်းစုကြီး စုပြီးလျှင် အချက်အချာကျသော ပြည်မြို့ဆီမှ ကြံ့ကြံ့ခံရန် ဖြစ်၏။

ဤအခြေအနေကို ထိုစဉ်က ကျွန်တော်မသိပါ။ ကြီးပြင်းလာမှ လေ့လာ၍ သိရခြင်းဖြစ်သည်။ ထိုစဉ်က ထား၏ဖခင်ကဲ့သို့ အစိုးရအရာရှိကြီးများကမှု သိကြဟန်တူသည်။ စစ်ဟူသည် ကြွေတစ်လှည့် ကြက်တစ်ခုန်မျိုးဖြစ်၏။ အင်္ဂလိပ် စစ်ပြန်နိုင်သွားလျှင် တာဝန်မှ ထွက်ပြေးမိသူတို့ အပြစ်ရနိုင်သည်။ ထို့ကြောင့်ထင်သည်၊ အစိုးရအရာရှိများသည် ပြည်မြို့တွင် ချန်နေရစ်ကြသေး၏။

ထုံးဘိုရောက်မှ ကျွန်တော့်အတွက် အလုပ်ပိုသက်သာသည်။

ဈေးမှာ အိမ်နှင့်ကပ်နေသောကြောင့် မေမေကြီးကိုယ်တိုင် သွားသည်။ ဈေးခြင်းတောင်းကို မိုးကျရွှေကိုယ် လိုက်ဆွဲသည်။

မိုးကျရွှေကိုယ်သည် ဈေးခြင်းတောင်း လိုက်ဆွဲရုံမက မီးဖိုချောင်၌လည်း ကူလုပ်လေပြီ။

မိုးကျရွှေကိုယ် ပြောင်းလဲလာသည်မှ ပြည်မှ လေ့ခွာကတည်းက ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးတောင်ပေါ်နေစဉ်က မိုးကျရွှေကိုယ်သည် ခါးမှဘောင်းဘီကို ဘယ်အခါမှမချွတ်။ ပြည်မှ လေ့နှင့်ထွက်လာသော နံနက်က မိုးကျရွှေကိုယ်သည် ပုဆိုးဝတ်ထားရုံမက ပင်နီကြမ်းတိုက်ပုံအင်္ကျီတစ်ထည်ကိုပင် ဝတ်ထားလိုက်သေး၏။

"မိုးကျရွှေကိုယ် . . . ဘာလို့ ဘောင်းဘီမဝတ်တော့တာလဲ . . . "

ကျွန်တော်က ဤကဲ့သို့မေးမိသည်ကို မိုးကျရွှေကိုယ်က ပြန်ခံပက်သေး၏။

"နာ့တော့ နင်မွေးတယ် . . . ထားကိုနော် . . . နင်မမွေးဘူး . . . "

"ထားကို ငါက ဘာမေးရမှာလဲ . . . "

"ဂါဝန်ဘာလို့ မဝတ်တလဲ နင်မွေးပါလား . . . "

"ထားက မြန်မာပဲ . . . ထဘီဝတ်တာ ဆန်းသလား . . . "

"နာလဲ မြန်မာ့တားပဲ . . . နာ ကာလားတားလဲ မဟုတ်ဘူး . . . ဘွတ်တားလဲ မဟုတ်ဘူး . . . "

ထိုးဘိုရောက်ပြီး ဈေးခြင်းလိုက်ဆွဲ၊ မီးဖိုထဲကူနှင့် လုပ်သည့်အတွက် မေးမိသောအခါ၌ကား သနားဖွယ်ဖြေ၏။

"နင် တသက် ခံတမာမလုပ်ဘူးဆို . . . မိုးကျရွှေကိုယ် . . . "

"နာ ခံတမာမလုပ်ဘူးနော် . . . မွေမွေးကြီးက ရောက်မြင်းကပ်မယ် . . . ရောက်မြင်းကပ်တယ်နော် . . . မောင်းထုတ်မယ် . . . နာဘယ်တွားမလဲ . . . "

"နင်လဲ ကုလားပြည်ပြန်ပါလား . . . "

"ဘင်ဂလားမှာ ဘယ်ဒူရှိဒလဲ . . . နာ ဒီမှာပဲနေတယ် . . . နာ ဒီအိမ်က ဂျောင်းရတယ်နော် . . . ဟို . . . နင်တို့ ရှဂါးဘွန် ရှိတယ်မဟုတ်လား . . . "

"အံမာ . . . ဆိုပါဦး စကားပုံ . . . "

"ခွေးကို တဲထဲ မောင်းတာလေ . . . "

"ဘာရယ် . . . တဲထဲ . . . "

"မြစ်မှာ တဲရှိတယ်လေ . . . နင် သိတယ် . . . "

"မြစ်မှာတဲ . . . ဩော် . . . သဲ . . . ဩော် . . . သောင် . . . သောင် . . . ဟုတ်တယ်မို့လား . . . "

"အဲ . . . တောင်း . . . တောင်း . . . ဘာလဲ . . . တောင်းမှာ ခွေးမောင်းတာ . . . "

"သောင်မှာ ခွေးမောင်းတာ မဟုတ်ပါဘူး . . . သောင်ပြင်လွှတ်တဲ့ခွေး . . . နင်ဒါပြောတာ မဟုတ်လား . . . "

"ဟမ်း . . . ဟမ်း . . . တောင်းဗင်းလွှတ်တဲ့ခွေး . . . တောင်းဗင်းလွှတ်တဲ့ခွေးနော် . . . ကိတ်ရှမရှိဘူး . . . ရေငတ်တယ်နော် . . . ရေအများကြီး ရှိတယ် . . . ရှာတယ်နော် . . . ဘာမှမရှိဘူးနော် . . . ချီးရှားမယ် . . . ကိတ်ရှမရှိဘူး . . . နာ့လွှတ်တယ်နော် . . . နာ ဘာရှားမလဲ . . . ဒွတ်ခဘဲ . . . "

ဤမည်သော ဘဝအသိ။ ဘဝအမြင်နှင့် မိုးကျရွှေကိုယ်သည် ယခင်က သူရှောင်ခဲ့သော အလုပ်များကို ကြိုးစားပမ်းစားလုပ်ရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ လူပိုကဲ့သို့ဖြစ်နေသည်။ မေမေကြီးခိုင်းသော တောက်တိုမယ်ရ အလုပ်ကလေးများသာ လုပ်ရတော့သည်။

အိမ်အလုပ်နည်းလာသောအခါ ကျွန်တော်သည် ထားတစ်ဦးတည်း၏ ပုဂ္ဂလိက အသုံးတော်ခံပမာ ဖြစ်လာခဲ့၏။

ထုံးဘို၌ တစ်မြို့လုံးလိုလို အဝတ်လျှော်ခြင်း၊ ရေချိုးခြင်း စသည်ကို မြစ်ဆိပ်ဆင်းပြုကြသည်။ ကျွန်တော်တို့အိမ်သားစုမှာလည်း ထိုနည်းတူပင် . . .။ မြစ်၌ ရေကူးရသည်ကိုက ပျော်မြူးဖွယ်ဖြစ်၏။ ထားက ရေမကူးတတ်။ မိုးကျရွှေကိုယ်လည်း ရေမကူးတတ်။ သို့ရာတွင် မိုးကျရွှေကိုယ် ကြောက်တတ်သမျှ ထားက ရဲသည်။ ရေသာမကူးတတ်သည်။ ရေထဲ၌ အလွန်ဆော့ချင်၏။

ထားရေကူးဆော့တော့မည်ဆိုလျှင် မြစ်ကမ်းရေတွင်းသို့ ကျွန်တော် အရင်ဆင်းကြည့်ရသည်။ ရေတိမ်ချောက်ကင်း၍ အန္တရာယ်ရှင်းသော နေရာကို ကျွန်တော်က ရွေးပေးရသည်။ ထို့နောက် ထား ရေဆော့၍ မဝမချင်း မနီးမဝေးမှ ကျွန်တော်က ထိုင်စောင့်ပေးရသည်။ သာမာန်အားဖြင့်မူ ပျင်းစရာအလုပ်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်ကမပျင်း၊ နွေ၏ ကြည်လင်သော မြစ်ရေပြင်တွင် ငွေငါးမလေးပမာ ထား ရွှင်မြူးဆော့ကစားနေသည်ကို ကြည့်ပြီး ကျွန်တော်ကလည်း ရွှင်မြူးရ၏။

ထားသည် တစ်ခါတစ်ရံ ကျွန်တော့်ပေါ် အနိုင်ကျင့် အကြပ်ကိုင်တတ်၏။

ထားဆော့ကစားရမည့် နယ်နိမိတ်ကို ကျွန်တော်က သတ်မှတ်ပေးမြဲဖြစ်၏။ ယင်းနယ်နိမိတ်ကို ကျော်၍ ထားကဆင်းသည်။

"ထား . . . အဲဒီဘက်ကို မဆင်းနဲ့ . . . နက်တယ် . . . "

"အို . . . ခြေထောက်နဲ့ စမ်းဆင်းတာ . . . ဒီမှာကြည့် . . . တိမ်တိမ်လေး . . . "

ထားက ကိုယ်ကို မတ်ပြသည်။ ရေက ဖြူဝင်းသော ရင်ညွန့်ခန့်မှာ ရှိနေ၏။

"အဲဒီနေရာတော့ ဟုတ်တယ် . . . ဒါပေမယ့် ဟိုဘက်နားလေးမှာ ချောက်ရှိတယ် . . . "

"ဘယ်မှာလဲ . . . ဟိုနားလား . . . "

ထားသည် တမင်မေးပြီးမှ ချောက်ရှိသည့်ဘက်သို့ ဖြည်းဖြည်းရွေ့နေပြန်သည်။

"ထား . . . ပြောလို့ မရဘူးလား . . . ကိုယ် အတင်းဆင်းဆွဲမယ်နော် . . . "

"လာ . . . လာလေ . . . လာခဲ့ . . . "

ကျွန်တော်က ဆင်းဆွဲမည့်ဟန်နှင့် ထသည်။ ထိုအခါကျမှ ထားက ပြန်နောက်ဆုတ်လာပြီး ရေကို လက်ခုပ်ဖြင့်ခပ်၍ ကျွန်တော့်ကို ပက်သည်။

တစ်ကြိမ်၌ ထား ရေနစ်သည်။

ထိုနေ့ညနေက မြစ်ဆိပ်၌ ရေချိုးသူများနေသည်။

ထားသည် အသိအကျွမ်းလည်း ရှိနေပြီဖြစ်သည်။

အဖော်ရှိလျှင် ရေကို ကောင်းကောင်းချိုးကြသည်မဟုတ်၊ ရေထဲ၌ စိန်ပြေးတမ်း ကစားကြသည်။

မြင့်၊ နော်မာ၊ မတင်ကြည်စသော ပြည်မှစစ်ပြေးလာကြသော အပျိုပေါက်များနှင့်အတူ ထားသည် ရေထဲ၌ စိမ်ပြေးတမ်း ကစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ရေချိုးသည်။ မိန်းကလေးများနှင့် မလှမ်းမကမ်းမှချိုးသော်လည်း သူတို့ထံမှ မျက်စိမခွာရဲ၊ သူတို့အားလုံး ရေမကူးတတ်ကြ။

ရေအတန်ကူးပြီးနောက် ကျွန်တော်သည် ရေနက်ရာ၌ ဆိုက်ထားသော ကတ္တူကြီးတစ်စီး၏ ပဲ့တက်ရွက်ကြီးပေါ်တွင်ထိုင်လျက် ဆပ်ပြာတိုက်နေ၏။

ထားက နော်မှာကို လိုက်ဖမ်းသည်ကို တွေ့ရ၏။ နောက်ဆုတ်နောက်ဆုတ်ပြေးရာမှ နော်မာ စုပ်ခနဲ မြုပ်သွား၏။ နောက်တစ်ချီ ပေါ်အလာ၌ နော်မာ ဆွဲမိဆွဲရာ ထားကို လှမ်းဆွဲ၏။ ထားရော နော်မာပါ မြုပ်သွားကြ၏။

နောက်တစ်ခဏ၌မူ နော်မာတစ်ဦးတည်း ပြန်ပေါ်လာသည်။ ခြေထောက်မှီရာ ပြန်ရောက်နေသော နော်မာမှာ တစ်ခွတ်ခွတ်နှင့် ရေသည်းနေ၏။

ထားရော . . .။ ကြောင်နေရာမှ ကျွန်တော်သည် သူတို့ရေနစ်ရာဆီသို့ ကူးသွားသည်။

ဆံပင်လေးများ ဖွားရရားပေါ်ရုံ ထားသည် တစ်ချီပြန်ပေါ်လာပြီး ပြန်မြုပ်သွားပြန်၏။

ရေမှာ ကြည်လှသည်။ ရေအောက်၌ ရုန်းကန်လှုပ်ရှားနေသော ထား၏သဏ္ဍာန်ကို ကျွန်တော်မြင်ရသည်။

ကျွန်တော်က ရေငုပ်ပြီး ထားဆီသွားသည်။ ရေထဲ၌ ထားက ကျွန်တော့်ကို ကြောက်အားလန့်အားနှင့် ဖက်၏။ ထားရော ကျွန်တော်ရော လုံးထွေးသွားကြ၏။

ရေမှာ လူတစ်ရပ်ကျော်ရုံလေးသာ နက်သည်။ ကျွန်တော့်ခြေထောက်က အောက်မှမြေကြီးကို ထောက်မိနေသည်။

ထားနှင့် လုံးထွေးလျက်ရှိနေရာမှ ကျွန်တော်သည် မြေကြီးကို ခြေထောက်နှင့် တအားကန်လျက် တွန်းလိုက်သည်။ ကျွန်တော်တို့နှစ်ဦးလုံး ရေပေါ်သို့ ဘွားခနဲပေါ်လာသည်။ အရှိန်ကုန်၍ ပြန်အမြုပ်တွင်ကား ခြေကောင်းကောင်းထောက်မိနေကြပြီ။

မပြေတပြေဖြစ်နေသော ထဘီကို လက်ဖြင့်ထိန်းလျက် ထားသည် ပါးစပ်မှရော နှာခေါင်းမှပါ ရေများအန်ကာ သီးနေ၏။

အတန်ကြာမှ ပုံမှန်ဖြစ်သွားပြီး ထားသည် မျက်လုံးလေးများပြူး၍ ဆို၏။

"အမလေး . . . ထားတော့ သေပြီအောက်မေ့တာ . . . "

"အင်း . . . ကြပ်ကြပ်ကဲ . . . နောက်တစ်ခါဆို သေလိမ့်မယ် . . . "

"ဘာပြောတယ် . . . "

"နောက်တစ်ခါဆို သေလိမ့်မယ်လို့ . . . "

ထားသည် ဒေါသထန်သော မျက်လုံးကလေးများနှင့် ကျွန်တော့်ကို စူးစိုက်ကြည့်၏။ ထို့နောက် ဘာမှဆက်မပြောတော့ပဲ ကုန်းပေါ်တက်ပြေး၏။

"ဟေး . . . ထား . . . တော်ပြီလား . . . လာပါ . . . အစောကြီး ရှိသေးတယ် . . . "

အပျိုမများက လှမ်းခေါ်ကြသည်။

"ဟင့်အင်း . . . တော်ပြီ . . . နောက်လဲ ဘယ်တော့မှ ရေမကူးတော့ဘူး . . . "

ထားသည် ထဘီလျှင်မြန်စွာလဲကာ မျက်နှာသုတ်ပုဝါခြုံ၍ အိမ်ဆီ တက်ပြေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေက ထမင်းစားသောက်အပြီး၌ ကျွန်တော်သည် မယ်ဒလင်လေးကို ကိုင်ကာ အိမ်အပေါ်ထပ်သို့ တက်သွား၏။

ထား၊ မခင်အေး၊ မခင်လေးနှင့် မေမေကြီးတို့က အပေါ်ထပ်၌ နေကြသည်။ ကျွန်တော်၊ မမနှင့် မိုးကျရွှေကိုယ်တို့က အောက်ထပ်၌ နေကြရ၏။

ပီယာနိုကြီးကိုလည်း အပေါ်ထပ်၌ ထားသည်။

ညနေတိုင်း ကျွန်တော်က ထားကို သီချင်းတက်ပေးသည့်အခါ ပေးသည်။ ရပြီးသားများကို တီးကြဆိုကြသည့်အခါ ဆိုကြသည်။ ဘာမျှ အလုပ်မရှိကြသော မခင်အေးနှင့် မခင်လေးတို့သည် ကျွန်တော်တို့အနားထိုင်ကာ နားထောင်တတ်ကြသည်။

ပီယာနိုကြီးကို မြစ်ဖက်သို့ မျက်နှာပေး၍ နေရာချထားသည်။ နွေဦး၏ ဧရာဝတီမြစ်ပြင်ကို ကြည့်ရင်း တီးရဆိုရသည်ကို ကျွန်တော်နှစ်ခြိုက်လှ၏။

ယနေ့ညနေ ကျွန်တော်အပေါ်ထပ်သို့ရောက်သွားသောအခါ ပီယာနိုခုံ၌ ထားမရှိ။ ခါတိုင်းဆိုလျှင် ထားက ရှိနှင့်နေရိုးဖြစ်၏။

အနီးရှိ ပက်လက်ကုလားထိုင်တစ်လုံးတွင် မခင်လေးသာ ဝတ္ထုတစ်အုပ် ထိုင်ဖတ်နေ၏။

"ထားရော . . . မမလေး . . . "

"အခန်းထဲမှာ စာဖတ်နေတယ် . . . "

ဤသို့ဖြေပြီး မခင်လေးလည်း "ထား . . . ထား . . . " ဟု လှမ်းခေါ်သည်။

ထား ထွက်မလာ၊ ထူးသံလည်း မကြားရ။

"နေဦး . . . အိပ်နေလား မသိဘူး . . . မမ သွားကြည့်ပေးမယ် . . . "

မခင်လေး ထသွားပြီး တအောင့်လောက်အကြာ၌ ပြန်လာသည်။

"ထားက ဒီနေ့မတီးချင်ဘူးတဲ့ . . . "

"ဩော် . . . ဩော် . . . "

ကျွန်တော် အိမ်အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ထား စိတ်ကောက်နေမှန်းတော့ ရိပ်မိသည်။

နောက်တစ်နေ့နံနက်၌ ရေနံဆီသံပုံးနှစ်လုံးနှင့် ရေထမ်းနေသော မိုးကျရွှေကိုယ်ကို တွေ့ရသည်။ အမှန်မှာ မိုးကျရွှေကိုယ် ရေထမ်းသည်မှာ ဤအိမ်သို့ ရောက်ကတည်းက ဖြစ်သည်။ တစ်အိမ်သားလုံး မြစ်ဆိပ်၌ ရေဆင်းချိုးကြသည်ဖြစ်ရာ ရေများများစားစား မထမ်းရ။ မီးဖိုချောင်သုံးရေ၊ သောက်ရေ၊ မျက်နှာသစ် ခြေဆေးရန်ရေ စုစုပေါင်း တစ်နေ့ ရေလေးငါးထမ်းသာ ထမ်းရသည်။

ယနေ့၌ မိုးကျရွှေကိုယ်၏မျက်နှာသည် ခါတိုင်းနှင့်မတူ ရှုံ့မဲ့နေ၏။

"ဘာဖြစ်နေတာလဲ မိုးကျရွှေကိုယ် . . . "

မိုးကျရွှေကိုယ်သည် နံနက်၌ဖြစ်စေကာမူ နဖူးတွင်သီးနေသော ချွေးတို့ကို လက်ခေါက်နှင့်သုတ်ပစ်ပြီး ဖြေ၏။

"နာ ဒွတ်ခကမ်းကမ်း ရှတွေ့ပြီ . . . ဒါ . . . နင် မတိဘူး . . . "

"ရေထမ်းရတာလား . . . နင် နေ့တိုင်းထမ်းတာပဲဟာ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း . . . ဟမ်း . . . နေ့တိုင်းထမ်းတယ် . . . တာထမ်း . . . နှာထမ်း . . . တုံးထမ်း . . . ကိတ်ရှမရှိဘူး . . . အခု . . . ထားနော် . . . ရေးမကူးတော့ဘူး . . . အိမ်မှာရှိုးမယ် . . . တူရှိုးတယ်နော် . . . တစ်နေ့ နှာခါး . . . တာထမ်းနော် . . . မရဘူး . . . နှာထမ်းနော် . . . မရဘူး . . . တုံးထမ်းနော် . . . မရဘူး . . . နှာ ဒွတ်ခပဲ . . . ကမ်းကမ်းဒွတ်ခပဲ . . . "

ကျွန်တော်သည် မိုးကျရွှေကိုယ်ကို သနားသွားသည်။ သူက ကုလား။ ကျွန်တော်က မြန်မာ။ ဤသည်သာ ကွာခြားသည်။ အမှန်မှာက ဤအိမ်၌ ကျွန်တော်တို့ ဘဝတူ။ ပြီးတော့ ထုံးဘိုရောက်မှ မိုးကျရွှေကိုယ် မြေပေါ်ဆင်းသောကြောင့် ကျွန်တော် အလုပ်သက်သာရသည်။ ထို့အပြင် ထား ရေမကူးတော့သည်မှာ ကျွန်တော့်ပယောဂမကင်း။ ကျွန်တော့်ကို စိတ်ကောက်၍ မဟုတ်ပါလော။

"သိပ်မညည်းပါနဲ့ မိုးကျရွှေကိုယ် . . . ခါတိုင်းအတွက်ကျ နင်ထမ်း . . . ထား ချိုးဖို့ကို ငါထမ်းပါ့မယ် . . . "

"ဟရေး . . . နင် တကယ်ထမ်းမယ် . . . "

"အေးပေါ့ . . . "

"တကယ့်ကို တတ်ခါထဲထမ်းမယ် . . . "

"ဩော် . . . ထမ်းပါ့မယ်ဆိုနေမှ . . . "

"မြတ်ဆွေး . . . "

"ဘာလဲ . . . "

"နင် ထားကို တိတ်ချစ်တယ်နော် . . . "

"ဘာ . . . "

"နင် . . . ထားကို တိတ် . . . ချစ်တယ် . . . နှာ တိတယ် . . . "

ကျွန်တော်က မလုံမလဲဖြစ်ကာ မိုးကျရွှေကိုယ်ကို ကြည့်မိသည်။ မိုးကျရွှေကိုယ်က ရိုးသားတည်ကြည်စွာ ပြောနေပုံရသည်။ သူ့မျက်နှာက စပ်ဖြဲဖြဲမဟုတ်။

"နင် ဘာလို့ ဒီလိုပြောတာလဲ မိုးကျရွှေကိုယ် . . . "

"မွိန်းမရှိုးဖို့ ရေထမ်းတယ်နော် . . . နင် ဖွန်းနိမ့်မယ် . . . နင် မကြောက်ဘူး . . . "

"ရို့ . . . နင်ကတော့ ဘာလို့ ထမ်းမယ်လုပ်သလဲ . . . "

"နှာက ကာလား . . . ကာလားရော ဖွန်းနိမ့်မလား . . . "

"ဘုန်းနိမ့်ရင် ကုလားရော မြန်မာရော နိမ့်မှာပဲ . . . မနိမ့်ရင်လဲ ကုလားရော မြန်မာရော မနိမ့်ဘူး . . . "

"နင် တကယ်ပြောတာလား . . . "

"တကယ်ပြောတာပေါ့ . . . ကုလားရော မြန်မာရော လူပဲဟာ . . . အတူတူပဲ . . . ဒါထက် . . . နင် ကုလားမဟုတ်ဘူးဆို . . . "

မိုးကျရွှေကိုယ်သည် ရေထမ်းကိုင်းများမှ ထမ်းပိုးကိုဖြုတ်လိုက်ပြီး မြေပေါ်၌ ကျကျနနထိုင်၏။ ကျွန်တော့်ကိုလည်း ထိုင်ခိုင်း၏။

www.burmeseclassic.com

www.burmeseclassic.com



"နာ ကာလားတားမဟုတ်ဘူး . . . မြန်မာတား . . . ဒါပေမယ့် နာ့မျက်နှာနော် . . . ကာလားပဲ . . . နင်က အခု အတူတူပဲ ပြောတယ် . . . နင်တို့ပါယားကလဲ အတူတူပဲ ပြောမလား . . . "

"ဘာ . . . ပါယား . . . "

"ပါယား . . . ပါယား . . . နင်တို့ရှစ်ခိုးတဲ့ပါယား . . . "

"သြော် . . . ဘုရား . . . ဘုရား ဘာဖြစ်သလဲ . . . "

"နာ ရှင်းရှားဒါနော် . . . အတ်ကြားကြီးပဲ . . . နင့်ကို မွေးမယ်ရိတ်ကူးဒါနော် . . . အတ်ကြားကြီးပဲ . . . "

"အံမာလေး . . . ဘာတွေများ အကြာကြီးစဉ်းစားပြီး ဘာတွေများ မေးမလို့လဲ . . . ကဲ . . . ဆိုစမ်းပါဦး . . . "

"နာ့မွေးတဲ့အဖေးနဲ့ အမေးနော် . . . ကာလားပဲ . . . ကာလားနော် . . . ကာလားပါးယားရှစ်ခိုးမှာပဲ . . . နာနော် . . . ဘာပါယားရှစ်ခိုးရမလဲ . . . ကာလားပါးယားနော် . . . နာမတိဘူး . . . နာ့ကိုနော် . . . ကာလားပါးယား မတိဘူး . . . မြန်မာပါးယားနော် . . . နာကမ်းကမ်းတိတယ် . . . ရွှေဆန်းတော်နော် . . . နာတိတယ် . . . အိမ်ပေါ်မှာနော် . . . မြန်မာပါးယား ကမ်းကမ်းနေတယ် . . . ပါယားနဲ့ နာ နေ့တိုင်းတွေ့တယ် . . . "

"အင်း . . . အဲဒါ ဘာဖြစ်သလဲ . . . "

"နာ ပါယားကို ရှစ်ခိုးမယ် ရိတ်ကူးတယ် . . . ဒါပေမယ့် . . . တူနော် . . . ရိတ်ရှိုးမလား နာမတိဘူး . . . "

"ဘယ်သူလဲ စိတ်ဆိုးမှာ . . . "

"ပါယား . . . ပါယားရိတ်ရှိုးမလား . . . "

"ဘုရားက ဘာလို့ စိတ်ဆိုးရမှာလဲ . . . "

"ကာလားကမွေးတဲ့လူနော် . . . မြန်မာပါယားကိုရှစ်ခိုးရင် မြန်မာပါးယားနော် . . . ရိတ်ရှိုးမလား . . . "

ခုမှ ကျွန်တော်သည် မိုးကျရွှေကိုယ်၏ အခက်အခဲကို ရိပ်မိသည်။ သူ့ရင်၌ ဇရာမကိုးကွယ်ဆည်းကပ်ရေးဆိုင်ရာ သဘော တရားပြဿနာကြီး ဖြစ်နေရာ၏။

"ရှိခိုးလို့ ဘုရားက စိတ်မဆိုးဘူး . . . ဘုရားက မြန်မာပဲ . . . တရုတ်ပဲ . . . ကုလားပဲ မခွဲဘူး . . . လူမှန်ရင် အတူတူ ချည်းပဲ . . . "

"တကယ်ရိတ်မရှိုးဘူး . . . "

"မဆိုးတဲ့အပြင် သာဓုတောင် ခေါ်ဦးမယ် . . . "

"မဲတီလတွေကို ဆန်းပေးတယ်နော် . . . တားဒုခေါတယ် . . . အဲဒါ ဘားပြောတားလဲ . . . "

"အဲဒါ ကောင်းတယ်လို့ပြောတာ . . . "

"ပါးယားလဲ ပြောဒါပဲလား . . . "

"ပြောတယ် . . . "

"နင် ဘယ်လိုလုပ်တိလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အဲ . . . စာထဲမှာ ဖတ်ဖူးတာပေါ့ . . . "

"ဒါဖြင့် နာရှစ်ခိုးတယ်နော် . . . ပါးယားရိုတ်မရှိုးဘူး . . . တားဒုပြောမယ် . . . "

"အေး . . . ဟုတ်တယ် . . . "

"ဒါဖြင့် နာရှစ်ခိုးမယ် . . . "

"နေပါဦး . . . နင်က ဘာလို့ ဘုရားရှိခိုးချင်နေတာလဲ . . . "

"နာ မြန်မာပါယား ရှစ်ခိုးတယ်နော် . . . နာမြန်မာတား ပိုးဖြစ်တွားမယ် . . . "

"အေး . . . ကောင်းတယ် . . . ရှိခိုး . . . ဒါထက် နင် ဘုရားရှိခိုးတတ်လား . . . "

မိုးကျရွှေကိုယ်က ခေါင်းညိတ်ပြပြီး လက်အုပ်လည်း ချီပြ၏။

"မဟုတ်ဘူး . . . ပါးစပ်နဲ့ကော ရှိခိုးတတ်လား . . . "

"နာ မတတ်ဘူး . . . နင် တင်ပွေးမလား . . . "

"အေး . . . သင်ပေးမယ် . . . "

မိုးကျရွှေကိုယ်သည် ထိုင်ရာမှထပြီး ရေထမ်းကိုင်း၌ ထမ်းပိုးပြန်လျှို၏။

"မြတ်ဆွေ . . . ထားရှိုးဖို့နော် . . . နင် မထမ်းနဲ့ . . . နာပဲ ထမ်းမယ် . . . ကိတ်ရှမရှိဘူး . . . "

"မဟုတ်ဘူး . . . ငါပဲထမ်းမယ် မိုးကျရွှေကိုယ် . . . "

"နာထမ်းမယ်လို့ ပြောတယ်နော် . . . နင် ဘာလို့ထမ်းမလဲ . . . "

"ကိစ္စမရှိဘူး . . . ငါ့မှာ အကြောင်းရှိတယ် . . . ငါပဲထမ်းမယ် . . . "

မိုးကျရွှေကိုယ်က ခေါင်းရမ်းရင်း ကျွန်တော့်ကို သနားဟန် ကြည့်သည်။

"မြတ်ဆွေး . . . နင်တော့ ဒွတ်ခပဲ . . . "

"ဘာဒုက္ခလဲ . . . "

"နာတိတယ် . . . နင်နော် . . . ထားကို တိတ်ချစ်တယ် . . . တိတ်ချစ်တယ်နော် . . . နင် တိတ်ရေထမ်းမယ် . . . ဒွတ်ခပဲ . . . နင်တော့ ဒွတ်ခပဲ . . . "

မိုးကျရွှေကိုယ်သည် ငိုက်စိုက် ငိုက်စိုက်နှင့် မြစ်ကမ်းဆီ ဆင်းသွား၏။

ထိုနေ့နံနက်ပိုင်း၌ မီးဖိုချောင် စသည်ရှိ အိုးတို့ကို မိုးကျရွှေကိုယ်ရေဖြည့်ပြီးနောက် ကျွန်တော်က ရေဆက်ထမ်းသည်။

ရေချိုးခန်းတွင် ဒေသအလိုက် အသုံးပြုသော အဝကျယ် စဉ့်အိုးကြီးနှစ်လုံးရှိသည်။ တစ်လုံးလျှင် ရေသုံးထမ်းဆန့်သည်။ ထိုနေ့နံနက်က နှစ်အိုးပြည့် ရေခြောက်ထမ်း ကျွန်တော် ထမ်းလိုက်ရ၏။

တနံနက်လုံး အိမ်ပေါ်မှ ထား မဆင်း။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း နံနက် ၁၀ နာရီဆိုလျှင် ထားရေကူးရန်ဆင်းသည်။ လိုရမယ်ရ ကျွန်တော်သည် အောက်ထပ်၌ စောင့်နေသေး၏။ ထားသည် ဆင်းတော့လာပါ၏။ ကျွန်တော့်ကို နှုတ်မဆက်။ အိမ်နောက်ဖေးရှိ ရေချိုးခန်းဆီသို့သာ ထွက်သွားသည်။

ထိုနေ့ နေ့လည်က ဝတ္ထုရားအတိုင်း မယ်ဒလင်လေးကိုင်၍ အပေါ်ထပ်တက်သွားသည်။ ထားထွက်မလာ။ ပြန်ဆင်းခဲ့ရ၏။ ညနေပိုင်း ထမင်းစားအပြီး၌လည်း တစ်ခါ တက်သွားပြန်၏။ ဤအချီလည်း ထားထွက်မလာ။ ပြန်ဆင်းခဲ့ရပြန်၏။ ကျွန်တော့်ရင်မှာ ဟာနေ၏။ ဘာကြောင့်မသိ။ ဝမ်းလည်းနည်းနေမိ၏။

ရင်ဟာ . . . ဝမ်းနည်းနေသည့်ကြားမှ ညတွင် မိုးကျရွှေကိုယ်ကို 'ဩကာသ' မှစကာ ဘုရားရှိခိုးသင်ပေးရလေသေး၏။

ထုံးစံအတိုင်း မိုးကျရွှေကိုယ်က စကားများ၍ စပ်စပ်စုစုနိုင်သည်။

ဘုရားရှိခိုး ဆုတောင်း၌ ပါသော အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး . . . စသည်တို့ကို နားလည်အောင်ရှင်းပြရသည်။

ကျွန်တော်သည် အမျိုးသားကျောင်း၌ မနေရသေးခင်က ပွင့်လှသိမ်ကုန်းဘုန်းကြီးကျောင်း၌ နေခဲ့၍ သုတ္တံ ပါဠိများ သင်ယူဖူးသည်။ အမျိုးသားကျောင်း၌လည်း ဘာသာရေးအချိန်တွင် ဘာသာရေးစာပေကို စနစ်တကျသင်ရသည်။ ဘုရိဒတ်လင်္ကာကြီးကို ငယ်ငယ်ရွယ်ရွယ်နှင့် စပ်သည်ဆိုသော ရှင်မဟာရဋ္ဌသာရကို အားကျသောကြောင့် နွေရာသီကျောင်းပိတ်လျှင် ဘုန်းကြီးကျောင်းပြန်သွား၍ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ စသည်တို့ကို သင်ခဲ့သည်။ သဒ္ဒါကို ကာလ၊ နယ၊ ယောဂ၊ ကိန်း။ အများအားဖြင့် ကြိယာ၌ ပစ္စည်း၊ ဝိဘတ် တပ်တတ်သည်အထိ သင်ဖူး၏။

ထို့ကြောင့်လည်း အခြေခံဘုရားရှိခိုးကို မိုးကျရွှေကိုယ်အား ကျကျနန သင်ပေးနိုင်သည်။

မိုးကျရွှေကိုယ်ကို ရန်သူမျိုးငါးပါးအကြောင်း ရှင်းပြရင်းက ယခင်က သတိမပြုမိခဲ့သည့် အချက်တစ်ချက်ကို သတိပြုမိသည်။

မချစ်မနှစ်သက်သူကား ရန်သူမျိုးငါးပါး၌ ပါဝင်၏။ မချစ်မနှစ်သက်သူနှင့် နေရသောဒုက္ခကို ရွှေယောက်ဖ၏ကျေးဇူးကြောင့် ကျွန်တော် ကောင်းကောင်းသိခဲ့ပြီ။

ချစ်နှစ်သက်သူနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခဟု ဓမ္မစကြာ၌ သင်ရဖူးသည်။

မချစ်မနှစ်သက်သူနှင့် ကင်းလွတ်ရပါရန် ဘုရားရှိခိုး ဆုတောင်း၌ ပါသည်။ ချစ်နှစ်သက်သူနှင့် မကွေမကွာ နေရပါလို၏ ဟူသော ဆုတောင်းက မပါ . . .။

ချစ်နှစ်သက်သူနှင့် ကွေကွင်းရသော် စိတ်ဆင်းရဲရမည်။ ယခု ကျွန်တော့်ရင်မှာ ဟာ၍ ဝမ်းကနည်းနေသည်။

အလိုလေး . . .။ ကျွန်တော် . . . ကျွန်တော် . . . တစ်စုံတစ်ယောက်ကို ချစ်နေမိပြီလော . . .။

* * *

နောက်တစ်နေ့နံနက်၌လည်း ကျွန်တော်သည် ရေထမ်း၍ အိုးတို့ကိုဖြည့်သည်။

နောက်ဆုံးအထမ်းပြီး၍ ရေချိုးခန်းမှထွက်အလာတွင် ထားနှင့် ရင်ဆိုင်တိုးသည်။

ထားသည် ထဘီကို ရင်လျားထား၏။ မျက်နှာသုတ်ပုဝါတစ်ထည်ကို ပခုံးမှ ခြုံချထား၏။ လက်တစ်ဖက်က ထဘီတစ်ထည် ကိုင်ထားပြီး အခြားတစ်ဖက်က ဆပ်ပြာခွက်ကို ကိုင်ထား၏။

ထားက ရေပုံးထမ်းလျက်ရှိနေသော ကျွန်တော့်ကို စိုက်ကြည့်၏။

သည်အကြည့်ကို ကျွန်တော်မှတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဦးစ သတင်းစာပို့အပြီး ခြံဝ၌ဆုံစဉ်ကလည်း သည်အကြည့်။ အိမ်အောက်ထပ်၌ တံမြက်စည်းလှဲနေစဉ် လှေခါးလယ်မှ ကြည့်သော အကြည့်ကလည်း သည်အကြည့်။

အကြည့်ဟောင်း။ မပြောင်းသယောင် အကြည့်ဟောင်း။ ကျွန်တော့်ရင်သည်သာ ဟိုတုန်းက ရင်မျိုးမဟုတ် . . .။ မဟုတ်။

"ဒီရေတွေ ယူ ခပ်ထားတာလား . . . "

တော်ပါသေး၏။ နင်ဟု ပြန်မသုံး။

"ဟုတ်ပါတယ် ထား . . . "

"မနေ့ကကော ယူခပ်ထားတာပဲလား . . . "

"ဟုတ်ပါတယ် ထား . . . "

"ယူ့ကို ဘယ်သူရေထမ်းခိုင်းသလဲ . . . "

"ဘယ်သူမှ မထမ်းခိုင်းဘူး ထား . . . "

ထားက ကျွန်တော့်ကို စိုက်ကြည့်ပြန်သည်။ သည်အကြည့်ကိုတော့ ကျွန်တော်နားမလည်။

ထားသည် ဘာမျှဆက်မပြောတော့ပဲ ရေချိုးခန်းဆီ လျှောက်သွား၏။

ကျွန်တော်လည်း နေရာမှ ဖြည်းညှင်းစွာ ခွာခဲ့၏။

ထိုနေ့ နေ့လည်ကလည်း မယ်ဒလင်လေးကိုင်၍ အပေါ်ထပ်သို့ ကျွန်တော်တက်သွားသည်။ မနေ့ကကဲ့သို့ပင် ထား ထွက်မလာ။ ခေါင်းငိုက်လျက် ကျွန်တော် ပြန်ဆင်းခဲ့ရပြန်၏။

ညနေပိုင်း၌ ကျွန်တော်သည် အပေါ်ထပ်သို့မသွားတော့။ သို့ရာတွင် ရင်ကဟာနေသည်။ မခံမရပ်နိုင်အောင် ဟာနေသည်။

မခံနိုင်သည့်အဆုံးတွင် မယ်ဒလင်လေးကိုဆွဲပြီး မြစ်ကမ်းဘက်သို့ ထွက်လာခဲ့မိ၏။

ကျွန်တော်တို့အိမ်၏ အရှေ့ဖက် မလှမ်းမကမ်း၌ မြေအင်းတစ်ခုရှိသည်။ မိုးတွင်းက ရေတိုက်စားရာ၌ မပဲ့ပဲ ကျန်ခဲ့သော ကြောင့် အင်းဖြစ်နေဟန်ရှိသည်။ မြေငူထက်၌ အရိပ်ကောင်းသော ကုက္ကိုပင်ကြီးတစ်ပင် ရှိ၏။ မြေ၌ပေါ်နေသော အမြစ်ကြောကြီး တစ်ခုမှာ လူတစ်ကိုယ်စာရှိ၍ တစ်တောင်ကျော်ကျော်မြင့်သည်။

အမြစ်ကြောပေါ်၌ ကျွန်တော်ထိုင်လိုက်သည်။

နွေ၏မြစ်ပြင်တစ်ခွင်လုံးသည် လွမ်းဖွယ်ရှိနေ၏။

မှန်သည် . . .။ လွမ်းဖွယ် . . .။

လွမ်းဖွယ်ဟူသော နာမဝိသေသနစကား၏ အဓိပ္ပါယ်ကို ယနေ့ ပထမဆုံး ရင်နှင့် နားလည်မိသည်။

စိမ်းမြမြ မြစ်ရေစီးနေခြင်းကို မျက်လုံးနှင့်သာ မြင်ရသည်မဟုတ်။ ရင်နှင့်ပါ ခံစားရသည်။ ရင်တွင်းမှ တစ်စုံတစ်ရာသည် မြစ်ရေနှင့် လိုက်ကာ ဟိုတောင်ဘက်ဆီ၌ မြူဝန်းခိုသော အကောက်တောင်ဆီပင် ပါသွားလေသယောင်။ ဇင်ယော်တောင် ရှက်ဖြူကြီး ကိုဖွင့်ကာ တည်ငြင် ဆန်တက်လာသော ပိန်းကောမကြီးနှင့်ပင် ပြန်လိုက်လာသယောင် . . .။

www.burmeseclassic.com

www.burmeseclassic.com



မြကျွန်းနှင့် သဲသောင်ဖြူဆီပင် စိတ်က ပြေးသွားချင်၏။ လေ၌ ဝဲလိုက်။ ရေဆီစိုက်ဆင်းလိုက်နှင့် မြူးနေသော ဇင်ယော်၊ ရင်ဘောင်ငှက်တို့နှင့်လည်း သွားပေါင်းချင်သည်။ သို့ရာတွင် သူတို့လို ကျွန်တော့်မှာ အတောင်မရှိ။ ပြီးတော့ . . . သူတို့လို အဖော်လည်း မရှိ . . .။

လွမ်းဖွယ်သော ညနေရီမှသည် မြစ်ပြင်သည် ယမုန္နာပတ်ပျိုးမှ မြစ်ပြင်ဖြစ်သည်။ ဆရာ့ကို အထူးတောင်းပန်ကာ ခက်ရာခက်ဆစ် တက်ခဲ့ရသော ရွှေရင်ဘောင် . . . ငွေရင်ဘောင် ပတ်ပျိုးလေးမှ မြစ်ပြင်လည်း ဖြစ်၏။

ကျွန်တော်သည် သီချင်းတစ်ပုဒ်ကို စတီး၏။

ယမုန္နာလည်း မဟုတ်ပါ။ ရွှေရင်ဘောင် . . . ငွေရင်ဘောင်လည်း မဟုတ်ပါ . . .။

“အဟုတ် . . . မေတ္တာစစ်နဲ့ . . . ချစ်ရစ်သားနဲ့ . . . ငြင်းပယ်တော်မူအား . . . တယ် . . . တကယ် . . . မေတ္တာစစ်နဲ့ ချစ်ရက်သား . . . နဲ့ . . . ပစ်ပယ်တော်မူအား . . . တယ် . . . အထင်တော် . . . လွဲ . . . လို့ကွယ် . . . ချစ်တဲ့သူရယ် . . . ခွဲနိုင်ရှာရက်တယ် . . . ”

ဂုဏ်မြင့်သူပါ . . .။ ကျွန်တော်မကြိုက်သော်လည်း ဆရာလေးက တက်ပေးခဲ့သော ဂုဏ်မြင့်သူပါ . . .။

“မောင့်အပေါ်ဝယ် . . . ဂုဏ်ရည်မတူလို့လား . . . ရွှေစံပယ်ဖြူ . . . ပန်ချင်သူကများ . . . မောင့်အပေါ်ဝယ် . . . ဂုဏ်ရည်မတူလို့လား . . . ရွှေစံပယ်ဖြူ ပန်ချင်သူကများ . . . တယ် . . . မသနားပဲ ရက်စက်တယ် . . . ”

ကျွန်တော်သည် သီချင်းဆိုနေသည့်အဖြစ်ကို မေ့သွားသည်။ အမှန်က ကျွန်တော် စကားပြောနေခြင်းသာ ဖြစ်သည်။ ဘယ်သူ့ကိုပြောနေမှန်းတော့ မသိ။

“ဂုဏ်ရှိန်မြင့်တဲ့သူရယ် . . . ချစ်စေကြောင်းနဲ့ တောင်းပန်ချင်ပါတယ် . . . တကယ်ပင် မုန်းတော့ရင်ကွယ် . . . ဘဝတုံးအောင် အဆုံးစီရင်နိုင်တယ် . . . ဖြေသော် . . . မပြေပဲ . . . အစွဲကြီး . . . စွဲခဲ့တယ် . . . မောင့်အပေါ်ဝယ် . . . ဘယ်လိုသဘောနဲ့ဖယ် . . . ချစ်မိသူမှာ ခင်ရယ် . . . အလွမ်းပိုအောင် စီမံလေတော့တယ် . . . ”

နောက်ပိုင်းမှ ခြေသံကြားသောကြောင့် ကျွန်တော်လှည့်ကြည့်မိသည်။

ရွှေရောင် ကုက္ကိုရွက်ကြွေတို့ထက် . . . ထားက ရပ်နေ၏။

ကျွန်တော့်မှာ အံ့အားသင့်သွားသည်။ အံ့အားသင့်လွန်းသောကြောင့် ဆိုခြင်းတီးခြင်းတို့ကို ရပ်ပစ်လိုက်သည်။

ထားက ကျွန်တော်ရှိရာသို့ ဆက်လျှောက်လာပြီး သစ်မြစ်ကြောကြီးပေါ် ဝင်ထိုင်၏။

ထားသည် မြစ်ပြင်ဆီ တစ်ချက် ငေးကြည့်လိုက်ပြီးနောက် ကျွန်တော့်ဘက် လှည့်ကြည့်သည်။

သည်အကြည့်က ကြည်လင်နေသည်။ မျက်နှာထားကလည်း ကြည်လင်နေသည်။ တစ်နေ့တုံးက ဘာမျှမဖြစ်ခဲ့သယောင်။ မနက်တုန်းကလည်း ဘာမျှ မဖြစ်ခဲ့သယောင်။

ကြည်လင်သောမျက်နှာသည် ပြုံးလာ၏။

“ညနေက ယူ ဘာလို့တက်မလာတာလဲ . . . ”

“ကိုယ် မနေ့က ညနေကလဲ တက်လာတယ် . . . နေ့လည်ကလဲ တက်လာတယ် . . . ထား ထွက်မလာဘူး . . . ဒီနေ့ ညနေတော့ ကိုယ် တက်မလာရဲတော့ဘူး . . . ”

“ဘာလို့ မရဲရတာလဲ . . . ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အစကတည်းက စကားခံပြောထားခဲ့တယ် . . . ထားက သင်ပေးဆို သင်ပေးမယ် . . . ထားက မသင်နဲ့ဆို မသင်ဘူးလို့ ကိုယ်မပြောခဲ့ဘူးလား . . . "

"ထားက ခိုင်းရင်လုပ်မယ် . . . ထားက မခိုင်းရင်မလုပ်ဘူး . . . ယူ ဒီလိုပြောတာလား . . . "

"အဲဒီလို ဆိုပါတော့လေ . . . "

"ဒါဖြင့်ရင် ထားမခိုင်းပဲ ယူ ဘာလို့ ရေထမ်းရသလဲ . . . "

"ဒါကတော့ ထား ချိုးဖို့ပေါ့ . . . ထားကို ချိုးစေချင်လို့ . . . "

ထား၏မျက်နှာလေး၌ ကျေနပ်နှစ်သိမ့်မှုကို ကျွန်တော် တွေ့လိုက်ရ၏။

"နေ့လည်က ယူတက်လာတော့ ထား ဘာလုပ်နေတယ် မှတ်သလဲ . . . "

"ကိုယ် ဘယ်သိပါ့မလဲ . . . "

"ထား ငိုနေတာ . . . "

"အို . . . ထား ငိုနေတယ် . . . ဘာပြုလို့ . . . "

"ဘာပြုလို့ ရမလဲ . . . ယူ့ကို သနားလို့ . . . "

"အို . . . ကိုယ့်ကို သနားလို့ . . . "

"ဟုတ်တယ် . . . ယူရေထမ်းနေတာမြင်တော့ ထား စိတ်မကောင်းဘူး . . . သနားတယ် . . . ဒါပေမယ့် ဟိုနေ့ကတော့ သိပ်မုန်း . . . ယူ့ကို သိပ် . . . မုန်း . . . "

"အို . . . ထား မုန်းအောင် ကိုယ်ဘာလုပ်ခဲ့လို့တုံး . . . "

"ယူပြောတာ ပြန်စဉ်းစားစမ်း . . . နောက်တစ်ခါဆို သေလိမ့်မယ်တဲ့ . . . တစ်ခါထဲ မဟုတ်ဘူး . . . နှစ်ခါတောင် ထပ်ပြောတယ် . . . ယူ ထားကို သေစေချင်လို့လား . . . "

"ဖြစ်ရလေ ထားရယ် . . . ထားကို ကိုယ်က ဘာလို့ သေစေချင်ရမှာလဲ . . . သေဖို့မပြောနဲ့ . . . ထားတစ်ခုခုဖြစ်သွားမှာကိုတောင် ကိုယ် သိပ်စိုးရိမ်တယ် . . . "

"အွန်း . . . အဲဒါ . . . ပိုတာ . . . "

"မပိုဘူး ထား . . . ကိုယ် လိမ်မပြောတတ်ဘူး . . . အထူးသဖြင့် ထားကို ကိုယ်မလိမ်ဘူး . . . "

ထားထံမှ လုပသော မျက်စောင်းလေးတစ်ခုကို ကျွန်တော် ကျေနပ်စွာ လက်ခံယူလိုက်ရ၏။

"တော်ပါ . . . ထားသိပါတယ် . . . တမင်ပြောနေတာ . . . သိပြီလား ယူရဲ့ . . . "

ကျွန်တော်က သဘောကျလွန်း၍ ရယ်မောမိသည်။ ရယ်မောမိသောအခါ ရင်မှာ ပေါ့ပါးသွား၏။

"ယူ ဒီမှာ တစ်ယောက်ထဲ ဘာလို့လာတီးနေတာလဲ . . . "

"ဒီနေရာက လွမ်းဖို့ကောင်းတယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"လွမ်းဖို့ကောင်းတယ် . . . လွမ်းဖို့ကောင်းတယ်ဆိုတာ ဘာကို ပြောတာလဲ . . . "

"ကိုယ်လဲ အစက မသိဘူး . . . လွမ်းဖို့ကောင်းတယ်ဆိုတာဟာ ငိုချင်တာတစ်မျိုးပဲ . . . "

"ဘာရယ် . . . ငိုချင်တာတစ်မျိုး . . . "

"ဟုတ်တယ် . . . ငိုချင်တာတစ်မျိုး . . . ဒါပေမယ့် ရင်ထဲမှာတင် ငိုချင်တာ . . . ပြီးတော့ ရင်ထဲမှာတင် တိတ်ချင်တာ . . . "

ထားကရယ်သည်။ ထားရယ်လျှင် အလွန်လှပသည်။

"ထားလဲ လွမ်းကြည့်ချင်လိုက်တာ . . . ထားကို သီချင်းတစ်ပုဒ် ဆိုတီးပြ . . . "

"တကယ်ပြောတာလား . . . "

"အို . . . လွမ်းကြည့်ချင်ပါတယ်ဆိုမှ . . . "

"ဒါဖြင့် ယမုန္နာတော့ ထားကို ကိုယ် တစ်ခါဆိုတီးပြပြီးပြီ . . . အခု ရွှေရင်ဘောင် . . . ငွေရင်ဘောင် ဆိုပြမယ် . . . "

"ဆိုပြလေ . . . "

ကျွန်တော်က မယ်ဒလင်ကို အောက်ပြန်သံညှိယူသည်။ ပတ်ပျိုးခံကို ခင်းပြီးနောက် လွမ်းကြည့်ချင်သည်ဆိုသော ထားအတွက် လွမ်းဖွယ်သော ရွှေရင်ဘောင် . . . ငွေရင်ဘောင် ပတ်ပျိုးကလေးကို တိုးတိုးညင်ညင် ဆိုတီးပြခဲ့သည်။

"ရွှေ . . . ရင် . . . ဘောင် . . . ငွေ . . . ရင် . . . ဘောင် . . . သဲ . . . ခုံပြန့် . . . ကျွန်းရွှေ . . . သောင် . . . ပျော် . . . မြူး . . . ကြ . . . ငှက်မယ်မောင် . . . လည်ချင်းတွဲလို့ . . . သဲငွေသောင် . . . လွမ်း . . . လွမ်းလို့ဆောင် . . . ဖိုးခေါင်လေ . . . ဇင်ယော်လေ . . . ငှက်တော်မြစ်တွေး . . . ပူဖို့ဖန် . . . သဲကန် . . . ရေယဉ်ဇမှာ လလေ . . . ငှက်မောင်နှံ . . . လွမ်းရန်သည်ဝယ်ကြွေး . . . လို့လေး . . . "

ထားက လွမ်းကြည့်ချင်သည်ဆို၍သာ ကျွန်တော်က ဆိုတီးပြသည်။

သည်တုန်းကတော့ ကျွန်တော် မလွမ်းပါ . . .။

ကျွန်းငွေသောင်နှင့် ဧရာမြစ်ပြင်ကိုဖြတ်ကာ တိုက်လာသော ညင်းလေကြောင့် နဖူးထက် ဆံယဉ်စလေးများ လွင့်ပါးလူပ်ရှားနေကြသည့် ထား၏မျက်နှာ . . . အသားဝါနုနုလေးကို ငေးရင်း သီဆိုနေရသည့် . . . အဲသည်တုန်းက . . . ကျွန်တော်မလွမ်းပါ . . .။

လွမ်းရသည်ကနောက် . . .။

ဪ . . . ထားရယ် . . . နောက်။ နောက်တော့ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

စစ်သတင်းများကား တစ်မျိုးပြီးတစ်မျိုး ထွက်နေကြသည်။

ဟသ်ာတကျသွားပြီး ဂျပန်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်တို့သည် မြန်အောင်သို့ရောက်လာပြီ ကြားသည်။ မြန်အောင် အထက်ဆိုလျှင် ကြံခင်း . . .။ ကြံခင်းနှင့် ထုံးဘိုမှာ အကောက်တောင်တန်းသာ ခြားသည်။

ထုံးဘိုမှ လူငယ်လူရွယ်တို့ မြန်မာ့တပ်မတော်သို့ဝင်ရန် အကောက်တောင်ကျော်၍ ကြံခင်းဘက်သို့ ကူးကြသည်ဟု ကြားရသည်။

ထုံးဘိုဆိပ်ကမ်းမှကြည့်လျှင် အင်္ဂလိပ် ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီပိုင်သင်္ဘောတို့ မြစ်ကိုဆန်ကာ နေ့ရောညပါ အပြင်းမောင်းတက်နေသည်ကို တွေ့ရသည်။ ပြည်ဘက်မှသည် တောင်ဘက်ဆီစုန်လာသော သင်္ဘောဟူ၍ တစ်စီးမှမရှိ။ လှေနှင့်ဖောက်တူတို့သာ ရှိ၏။

မကွေးနှင့်ပြည် ဗုံးကြဲခံရကြောင်း သတင်းတို့ရောက်လာသည်။

မမအေးခများမှာ မစားနိုင်မအိပ်နိုင်တော့ . . .။ ထားပင်လျှင် မျက်နှာလေးငယ်ကာ ပူပန်စကားလေးများ ဆိုလာ၏။

သည်တုန်း ဟသ်ာတကို အင်္ဂလိပ်တပ်က ပြန်သိမ်းသလိုလို ကြားရသည်။ တဖန် အုပ်ဖို၌ တပ်စွဲထားသော အင်္ဂလိပ်တပ်များ ပြည်ဘက်ဆုတ်သွားပြန်ပြီ ကြားရပြန်၏။

သတင်းအားလုံးကို ခြုံစဉ်းစားကာ အဖြေတစ်ရပ်ကား တိတိကျကျပေါ်လာသည်။

အင်္ဂလိပ်တပ်များသည် ပြည်ကို စွန့်မည်မဟုတ်။ ပြည်မှ ကြံ့ကြံ့ခံကြလိမ့်မည်။

အမှန်မှာ ပြည်မြို့သည် ဗဟိုအလွန်ကျသည်။ အရှေ့ဘက်တွင် ပေါက်ခေါင်းမှတစ်ဆင့် ပဲခူးရိုးမကိုကျော်၍ တောင်ငူနယ်ဆီ ပေါက်သည်။ အနောက်ဘက်တွင် ပန်းတောင်းမှတစ်ဆင့် ရခိုင်ဆီသို့ ပေါက်သည်။ မြောက်ဘက်ရှိ ရေနံမြေများကိုကာကွယ်ရန် ပြည်မြို့သည် အချက်အချာအကျဆုံး နောက်ဆုံးနေရာဟုလည်း ပြောကြသည်။

မတ်လကုန်ခါနီး တစ်ည . . . ညရှစ်နာရီခန့်၌ ကျွန်တော်တို့အိမ်တံခါးကို အပြင်မှ လာခေါက်၏။

တောမြို့ကလေးလည်း ဖြစ်ပြန် . . . ကာလကလည်း မကောင်းသောကြောင့် မောင်စဆိုကတည်းက အိမ်တံခါးကြီးများကို မင်းတုံးကြီးများချ၍ ပိတ်ထားသည်။

အပြင်မှ တံခါးခေါက်သံကြားသောအခါ အောက်ထပ်ရှိ နှစ်ဦးတည်းသော ဧရာမယောကျာ်းကြီး နှစ်ဦးအနက် တစ်ဦးဖြစ်သော မိုးကျရွှေကိုယ်က မျက်လုံးအဝိုင်းသားနှင့် ဆို၏။

www.burmeseclassic.com



"မြတ်ဆွေး . . . အရမ်းမဖွင့်နဲ့ . . . ဒန်မြလာခိုးတယ်နော် . . . တတ်ခါထဲ ဒွတ်ခရောက်တွားမယ် . . . "

"အေးပါဟ . . . ငါသိပါတယ် . . . ဓားပြဆိုတာကလဲ မခိုးဘူး . . . တိုက်တာ . . . "

"ဟမ်း . . . ဟမ်း . . . တိုက်တာ . . . တိုက်တယ်နော် . . . တေတယ် . . . "

"ဟာ . . . ပါးစပ်ကလဲ နိမိတ်မရှိ . . . နမာမရှိ . . . "

ကျွန်တော်သည် တံခါးနားကပ်သွားပြီး မေးသည်။

"တို့ပါ . . . ပြည်က . . . ဦးဟန်စိန် . . . စီစီ (စာရေးကြီး) ပါ . . . ပြီးတော့ မန္တလေးက ဦးတင်လေးလဲ ပါတယ် . . . "

ကျွန်တော်က မိုးကျရွှေကိုယ်ဘက် လှည့်ကြည့်သည်။

"ဟမ်း . . . ဟမ်း . . . ဦးဟန်းရှိန်း . . . ရှီရှီ . . . နာတိတယ် . . . "

ထိုစဉ် အပေါ်ထပ်မှ ဝန်မင်းကတော် မခင်အေး ပြေးဆင်းလာသည်။

မခင်အေး၏မျက်နှာမှာ မျှော်လင့်ခြင်းဖြင့် ဝင်းထိန်နေ၏။

"ပြည်ကတဲ့လား . . . ဟုတ်လား မောင်မြတ်ဆွေ . . . "

"ဟုတ်တယ် . . . စီစီ ဦးဟန်စိန်နဲ့ မန္တလေးက ဦးတင်လေးတဲ့ . . . "

"အို . . . ဦးဟန်စိန်က မောင့်ရုံးက စီစီ . . . လေးလေးက မောင့်ညီပဲ . . . "

ဝန်မင်းကို ဝန်မင်းကတော်က မောင်ဟုခေါ်မှန်း ခုမှ ကျွန်တော်သိသည်။ အမှန်ဝန်ခံရလျှင် ရုပ်ရှင်ထဲမှအပ အပြင်တွင် လင်နှင့်မယား မောင်ဟုသုံးသည်ကို ကျွန်တော် တစ်ခါမျှ မကြားဖူးသေး။ ဝန်မင်းနှင့် မခင်အေးတို့လည်း ယခင်က ယူနှင့်အိုင်နှင့် ပြောသံသာ ကြားဖူးသည်။

မခင်အေးသည် အပြင်သို့ လှမ်းအသံပြုသည်။

"စီစီလား . . . "

"ဟုတ်တယ် မမ . . . ကျွန်တော်ပါ . . . "

အခြားယောကျာ်းတစ်ဦး၏အသံလည်း ကပ်ပါလာ၏။

"မမအေး . . . ကျွန်တော်လဲပါတယ် . . . တင်လေးရယ် . . . "

မခင်အေးက တံခါးဖွင့်ပေးခိုင်းသောကြောင့် ကျွန်တော်နှင့် မိုးကျရွှေကိုယ်တို့က ဖွင့်ပေးရ၏။

ပထမ အသက်လေးဆယ်ခန့် လူကြီးတစ်ဦး။ နောက် . . . အသက်သုံးဆယ်ခန့် လူရွယ်တစ်ဦး ဝင်လာကြသည်။

"မောင်ကော . . . မောင်ကော . . . ဟင် . . . "

မခင်အေးက ရေငတ်သကဲ့သို့ မေးသည်။

ဦးဟန်စိန်က အရင်ဖြေသည်။

"ဝန်မင်း ကျန်းကျန်းမာမာပဲ မမ . . . ပြည်မှာပဲ နေရစ်ရသေးတယ် . . . ကျွန်တော်တို့ကို အရင်လွှတ်လိုက်တာ . . . "

"နို့ . . . လေးလေးကကော . . . "

www.burmeseclassic.com

www.burmeseclassic.com



“မန္တလေးက လာရတာ . . . ကိုကိုက အရေးတကြီး လာခဲ့ရမယ်ဆိုလို့ . . . ပြည်ရောက်တော့ မမအေးတို့ကို စောင့်ရှောက်ဖို့ ဆက်လွှတ်လိုက်တာနဲ့ လိုက်ခဲ့ရတာ . . . ”

“မောင်က ဘာလို့ တစ်ခါတည်း လိုက်မလာသေးတာလဲ . . . ”

“ဒီစတြိတ်အဆင့် ဌာနအကြီးအကဲတွေ ဘယ်သူမှ မပြေးကြသေးဘူး . . . ပြေးလို့လဲ မဖြစ်သေးဘူးလေ . . . တချို့ဆို စစ်ဘက် အဆင့်ပေးထားတယ် . . . ကိုကိုတောင် အခု ကပ္ပတိန် . . . ”

“အို . . . မောင်က စစ်တိုက်ရမှာလား . . . ”

“မဟုတ်ပါဘူးလေ . . . အဆင့်ပေးထားတာကို ပြောတာ . . . ကဲ . . . နောက်မှ ရှင်းပြမယ် . . . ကိုကို့ဆီက စာလဲပါတယ် . . . ကဲ . . . ဦးဟန်စိန် . . . လှေပေါ်က ကျန်တဲ့လူတွေ ခေါ်ဦးမှ . . . အိမ်တွေ့ပြီပဲ . . . မမအေး . . . ကျွန်တော်တို့ ဂတ်တဲ အရင် ဝင်စုံစမ်းရတာ . . . အဲဒီက ပုလိပ်တစ်ယောက်ထည့်ပေးလိုက်လို့ . . . ”

ဦးဟန်စိန်သည် မြစ်ဆိပ်သို့ ပြန်ဆင်းသွားသည်။

အိပ်ရာမှ နိုးလာဟန်တူသော ထားသည် အပေါ်မှ ဆင်းလာ၏။

ဦးတင်လေးကို တွေ့သောအခါ ‘အန်ကယ်’ ဟု ခေါ်လျက် ကလေးပမာ လည်ပင်းကို ခိုစီးတော့၏။

ဦးဟန်စိန်နှင့်အတူ မြစ်ဆိပ်မှ လူဆယ်ဦးခန့် တက်လာကြသည်။ မိန်းမသုံးဦးနှင့် ကလေးနှစ်ဦးလည်း ပါသည်။

သူတို့နှင့်အတူ အိပ်ရာလိပ်၊ သေတ္တာ စသည်တို့အပြင် နှစ်လုံးပြူးသေနတ်၊ ခြောက်လုံးပြူးသေနတ် စသည်တို့လည်း ပါလာသည်။

မိုးကျရွှေကိုယ် ပြောပြသဖြင့် နောက်ရောက်လာကြသူများမှာ ဝန်မင်းဦးတင်လတ်၏ရုံးမှ အရာရှိငယ်များဟု သိရသည်။

မိုးကျရွှေကိုယ်သည် နှစ်လုံးပြူးသေနတ်ကြီးတစ်လက်ကို မောင်းချိုးလိုက်၊ ကျည်ထုတ်လိုက်၊ ကျည်သွင်းလိုက်နှင့် လုပ်ပြ၏။

“ဒါ ရှိတယ်နော် . . . နာ . . . ဒန်မြလာခိုးလဲ မကြောက်ဘူး . . . လာတိုက်လဲ မကြောက်ဘူး . . . ”

“ဂျပန်ရော . . . ”

“ဂျာပန်းလဲ မကြောက်ဘူး . . . ဂျာပန်းအမွေးလင်လဲ မကြောက်ဘူး . . . ”

“အေး . . . အေး . . . ကြည့်သေးတာပေါ့ . . . ”

* * *

မိုးကျရွှေကိုယ် မကြောက်ဘူးဆိုသော ဂျပန်သည် နောက်တစ်နေ့ညနေမှာပင် ထုံးဘိုမြို့သို့ ဆိုက်ရောက်လာသည်။

နံနက် အိပ်ရာမှထကတည်းက တစ်မြို့လုံး ထူးထူးခြားခြား ခြောက်သွေ့နေသည်ကို သတိပြုမိ၏။

ထုံးဘိုဈေးမှာ ခါတိုင်း၌ နံနက် ၆ နာရီဆိုလျှင် ဈေးသည်တို့ စုံစပြုပြီ။ ယနေ့ ဈေးခင်းတွင် လူတစ်ဦးမျှမရှိ။

နေအတန်မြင့်သော် တစ်ယောက်တစ်ပေါက်နှင့် သတင်းစကားကြားရသည်။

ထုံးဘို၌ မြန်မာ့လွတ်လပ်ရေးတပ်မတော် ရောက်နေပြီဟု ဆိုသည်။ အချို့မှာ တောင်ဖျား၌လည်းကောင်း၊ အချို့မှာ မြောက်ဖျား၌လည်းကောင်း၊ အချို့မှာ ဂတ်တဲဝင်းအတွင်း၌လည်းကောင်း စခန်းချနေသည်ဟု ဆို၏။

နံနက် ၉ နာရီခန့်၌ လူတစ်ဦးသည် မောင်းကြီးတစ်လုံးထု၍ လိုက်ကြေငြာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့သူမြို့သား၊ မြို့မိမြို့ဖ အပေါင်းတို့ခင်ဗျား . . .

ထုံးဘိုမြို့ကို မြန်မာ့လွတ်လပ်ရေးတပ်မတော်က သိမ်းပိုက်လိုက်ပြီ။

မြို့သူမြို့သားအပေါင်းတို့ မကြောက်မရွံ့ ရောင်းဝယ်ဖောက်ကားမပျက် ရှိကြစေလိုသည်။

သူခိုး၊ ဓားပြ၊ လူဆိုးတို့ ဆိုးသွမ်းမည် မကြံနှင့်။ ဆိုးသွမ်းက သေဒဏ်ပေးမည်။

သေနတ်လက်နက်ရှိသူများ မြန်မာ့လွတ်လပ်ရေးတပ်မတော်သို့ ချက်ချင်း လာအပ်ကြရမည်။ ထိန်ချန်လျှို့ဝှက်မူ မိပါက ပြင်းထန်သောအပြစ်ကို ပေးလိမ့်မည်။

မြန်မာ့လွတ်လပ်ရေးတပ်မတော်။"

ကျွန်တော်တို့အိမ်၌ ညကမှ ရောက်လာသူများတွင် သေနတ်များပါကြ၏။

သေနတ်များကို ချက်ချင်းပင် ဂတ်တဲဝင်းအတွင်း၌ စခန်းချနေသော မြန်မာ့တပ်မတော်ဆီ သွားအပ်ကြသည်။

မြန်မာ့လွတ်လပ်ရေးတပ်မတော်ဆိုသည်ကို မြင်ဖူးချင်လှသောကြောင့် ကျွန်တော်လည်း လိုက်သွားသည်။

စခန်းချနေသောတပ်များကို မြင်ရသောအခါ ကျွန်တော့်အထင်နှင့်အမြင်မှာ ပါစင်အောင်လွဲသွား၏။

စစ်သားဆိုလျှင် ခါကီဝတ်စုံကောင်းကောင်း တစ်မျိုးမျိုးဝတ်ထားရမည်ဟု ကျွန်တော်ထင်ခဲ့သည်။

ယခုတော့ကြည့်ပါ။

ပုဆိုးနှင့်လူတွေလည်း ပါသည်။ ဘောင်းဘီတို၊ ဘောင်းဘီရှည်နှင့် လူတွေလည်း ပါသည်။ အချို့၌ ဖိနပ်ပါ၍ အချို့၌မပါ။ ဦးထုပ်မပါသူက မပါ။ သံခမောက်ဆောင်းသူက ဆောင်းထားသည်။ ဖော့ဦးထုပ်ဆောင်းသူက ဆောင်းထား၏။

အဝတ်အစားသာ မကောင်းသည်မဟုတ်။ သူတို့၏လက်နက်များကလည်း မကောင်းကြ။ သူတို့၏ သေနတ်အများမှာ အဟောင်းအနွမ်းတွေဖြစ်ကြောင်း လက်နက်အကြောင်း ဘာမှနားမလည်သော ကျွန်တော်၏မျက်စိများကပင် သိနေသည်။ ထိုဟောင်းနွမ်းသော သေနတ်များမှာ အရွယ်အစားလည်း မညီကြ။ အချို့ကရှည်၍ အချို့ကတိုသည်။ အချို့မှာ ရိုင်ဖယ်ဖြစ်၍ အချို့မှာ နှစ်လုံးပြူးများဖြစ်ကြသည်။ ယင်းသို့သဘောရှိသော သေနတ်များကိုပင် လူစေ့တက်စေ့ ကိုင်ထားသည်ကို မတွေ့ရ၊ အချို့သောတပ်သားတို့မှာ သေနတ်အစား ဓားရှည်များကို လွယ်ထားကြ၏။

သို့ရာတွင် သူတို့၏အမူအရာကား တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်ရှိသည်။ မျက်နှာထားများသည် တည်ကြည်လွန်း၍ တင်းမာသည့်ဖက် လုနေသည်။ မျက်မှောင်များနှင့် မျက်လုံးများတွင် ဘာမဆို မတွန့်မဆုတ်လုပ်မည့် သတ္တိများကား ပေါ်လွင်နေ၏။

တပ်သားအတော်များများ၏ စကားသံမှာ ဝဲသည်။ သူတို့ချင်းပြောသော အခါမှုကား ဘာမှ ကျွန်တော်တို့ တစ်လုံးမှနားမလည်။ နောက်မှသိရသည်ကား . . . သူတို့သည် တိုက်ပွဲပေါင်းအလီလီ နွှဲခဲ့ပြီးကြသော ထားဝယ်သားဟု အများသိကြသည့် တနင်္သာရီ တိုင်းသားများတည်း။

မြန်မာ့လွတ်လပ်ရေးတပ်မတော်သားအနည်းငယ်သာ မြို့အုပ်ချုပ်ရေးအတွက် နေရစ်သည်။ အများစုမှာ ပန်းတောင်းဖက်သို့ ထိုနေ့မှာပင် ဆက်လက်ချီတက်သွားကြသည်။ အချို့က ကုန်းကြောင်း၊ အချို့က ရရာလှေများဖြင့် မြစ်ကြောင်း။

မင်းပြောင်းမင်းလွှဲဖြစ်သွားပုံမှာ မြန်လှသည်။ ပြီးတော့ ညင်လည်းညင်သာလှသည်။ တိုက်ပွဲတစ်ပွဲမှမဖြစ်။ သေနတ်သံတစ်ချက်ပင် မကြားလိုက်ရ . . .။

ဧရာဝတီမြစ်ဘေးတွင် ထုံးဘိုမြို့ကလေးသည် အေးချမ်းသာယာမြဲ အေးချမ်းသာယာလျက် ရှိသည်။

ထိုနေ့ညနေ သုံးနာရီခန့်တွင် တောင်ဘက်မြစ်ပြင်ဆီမှ မော်တော်စက်သံများ ကြားရသည်။ မော်တော်စက်သံများကား ခါတိုင်းကြားရသော မော်တော်စက်သံမျိုးမဟုတ်။ တစ်မျိုးကွဲပြားသည်။ တစ်စင်းနှစ်စင်း၏ စက်သံလည်းမဟုတ်။ စင်းရေအများ၏ အသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားသို့ လူတွေထွက်ကြည့်ကြသည်။ ကျွန်တော်လည်း ထွက်ကြည့်၏။

မြစ်လယ်သို့ ထိုးထွက်နေသော အကောက်တောင်အကွယ်မှ မည်းမည်းသဏ္ဌာန်ကလေးများ ပေါ်ထွက်လာကြသည်။

မည်းမည်းသဏ္ဌာန်လေးများသည် အတန်တော့မြန်သည်။ တရိပ်ရိပ်နှင့် မြို့ဆီ ရေးရှုလာကြသည်။

သဲ့သဲ့မှန်မှန်ကြားနေရသော စက်သံများသည် ပို၍ ကျယ်ကျယ်လာသည်။ မကြာခင်ပင် ဆူညံလာ၏။

"ဂျပန်မော်တော်တွေဟေ့ . . . ဂျပန်မော်တော်တွေ . . . "

"ဂျပန်တွေ လာပြီဟေ့ . . . ဂျပန်တွေ . . . "

လူတွေက ဘယ်ပုံသိနှင့်ကြသည်မသိ။ တစ်ဦးကိုတစ်ဦး အော်ပြောနေကြသည်။

ကမ်းနားမှလူအချို့က တက်ပြေးကြသည်။ အချို့လည်း ခုမှ ဆင်းလာကြည့်ကြသည်။

တစ်စုံတစ်ယောက်က အော်၍ သတိပေးသည်။

"ပြန်တက်ကြ . . . သေနတ်နဲ့ လှမ်းပစ်လိမ့်မယ် . . . "

အခြားတစ်ယောက်က အားပေးသည်။

"မပစ်ပါဘူး . . . ဒီမှာ ရန်သူမှ မရှိပဲ . . . "

"ဘယ်လိုလုပ် သူတို့က သိမလဲ . . . "

"မြန်မာ့လွတ်လပ်ရေးတပ်မတော်က လှမ်းအကြောင်းကြားပြီးပြီ . . . မြန်မာတပ်က ညထဲက ဒီအရင်ရောက်နေတာ မဟုတ်လား . . . "

"အေး . . . ဟုတ်ပါရဲ့ . . . သူတို့က ဘာလို့ နောက်မှလိုက်လာတာလဲ . . . "

"အရင် မလာရဲလို့ပေါ့ဗျ . . . "

"အဲဒီလို မပြောပါနဲ့ . . . ဂျပန်က သတ္တိရှိတယ် . . . "

"မြန်မာက ပိုရှိတယ်ဗျ . . . "

ကျွန်တော်က ငြင်းခုန်နေသူနှစ်ဦးထံ လှမ်းကြည့်သည်။ လူကြီးတစ်ဦးနှင့် လူရွယ်တစ်ဦး ဖြစ်သည်။ မြန်မာက ပိုသတ္တိရှိသည်ဟု ပြောသူမှာ လူရွယ်ဖြစ်၏။

ကျွန်တော်ရပ်နေရာမှကြည့်လျှင် တောင်ဘက် အတန်လှမ်းသော ဂတ်တဲဆိပ်လောက်ရှိ ကမ်းခြေ၌ အလံနှစ်ခုပေါ်လာသည်။ တစ်ခုမှာ သုံးရောင်ခြယ်နှင့် ဒေါင်းအလံဖြစ်၏။ တစ်ခုမှာ အဖြူခံတွင် အနီဝိုင်းပါသော ဂျပန်အလံဖြစ်၏။

အလံနှစ်ခုကို မော်တော်များမှ မြင်နိုင်ရန် လေထဲတွင် ဝှေ့ရမ်းပြနေကြ၏။

မော်တော်များသည် မြို့ဆိပ်ကမ်း၌ ဆိုက်ကပ်ကြ၏။ အားလုံးပေါင်း အစီး ၂၀ ခန့် ရှိမည်။

ဂျပန်မော်တော်၏စက်သံသည် ကြားနေကျမော်တော်စက်သံနှင့်မတူကြောင်း ကျွန်တော်ဆိုခဲ့ပြီ။ ကြားနေကျ မော်တော်ဘုတ်၏ စက်သံသည် 'ဘုတ် . . . ဘုတ် . . . ဘုတ် . . . ' နှင့် မြည်၍ မြန်လည်းမြန်သည်။ ဂျပန်မော်တော်ဘုတ်၏စက်သံကား 'ထုံ . . . ထုံ . . . ထုံ . . . ' နှင့် မြည်၍ ခပ်မှန်မှန် ကြဲကြဲဖြစ်၏။

စက်သံသာမက မော်တော်ဘုတ်၏ ကိုယ်ထည်သဏ္ဌာန်ကလည်း တစ်မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဇရာဝတီမြစ်တွင်း၌ ကျွန်တော်တွေ့ဖူးသော မော်တော်ဘုတ်များမှာ သွယ်သွယ်ပျောင်းပျောင်းနှင့် အလျား၊ အနံ၊ အမြင့် အချိုးကျ၍ ကြည့်ကောင်းသည်။ ပါးပါးလျားလျားနှင့် သွယ်သောအသွင်ရှိသည်။ လူစီးခန်းသည် မှန်ပြတင်းနှင့် သပ်သပ်ရပ်ရပ် လုံလုံခြုံခြုံရှိသည်။ ကိုယ်ထည်မှာ ဆေးဖြူဆေးဝါနှင့် လှပသည်။

ဂျပန်မော်တော်ဘုတ်ကား ကြည့်ရသည်မှာ အချိုးမကျ။ ဦးကမော့၍ အတန်မြင့်သည်။ ကုန်းပတ်တစ်ခုလုံးသည် ရေပြင်ထက် အတန်ကိုမြင့်နေသည်။ ထူထူပိန်းပိန်းနှင့် ထုံတုံတုံအသွင် ရှိသည်။ လူစီးခန်းဟူ၍မပါ။ မှန်ပြတင်းဆို ဝေးရော့။ အမိုးသာပါသည်။ အကာမရှိ။ ကိုယ်ထည်ကို ထင်းရှူးသားကဲ့သို့ ခပ်ပွပွအသားနှင့် တည်ဆောက်ထားသည်။ အရောင်က မွဲခြောက်ခြောက် ပြာနှမ်းနှမ်း။

ပါလာသော လူသဏ္ဌာန်များကိုလည်း ကြည့်ပါဦး။

ကာတွန်းအဆွဲခံရသည်ကဲ့သို့ အားလုံးမှာ သွားမခေါ၊ သို့ရာတွင် အတော်များများမှာ သွားခေါနေသည်။ သို့မဟုတ် ရှေ့သွားဖုံး မောက်ခုံးသည်။ လူတိုင်း မျက်မှန်တပ်မထားသော်လည်း မျက်မှန်တပ်ထားသူများသည်။ အားလုံးလိုလိုပင် အရပ်ပု၍ ကွတတ နိုင်သည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများကဲ့သို့မဟုတ်ပဲ ကာကီရောင် ယူနီဖောင်းကိုယ်စီ ဝတ်ထားနိုင်သော်လည်း သူတို့၏ ယူနီဖောင်းများမှာ ပြည်မြို့တွင် ကျွန်တော် ကောင်းကောင်းတွေ့ဖူးသော အင်္ဂလိပ်စစ်သားတို့၏ ယူနီဖောင်းများကို မမီ။ အရောင် အသွေးအားဖြင့်လည်း မမီ။ လည်ကုတ်ပေါ်တွင် ဖုံးအောင် မြွာချထားသည့် အဝတ်စနောက်ပိုင်း၌ တပ်ထားအပ်သော ချည်ကပ်ဦးထုပ် ချွန်းချွန်းတို့ကလည်း မလှ။ အချို့စစ်သားတို့က ခြေပတ်စည်းထားသည်။ အချို့က စည်းမထား။ ခြေပတ်စည်းမထားသူတို့၏ ဘောင်းဘီများမှာ ဒူးအောက်မျှသာရှည်၍ အဖျားတိုကာ ကျဉ်းကျပ်နေသည်။ ကျွန်တော့်မျက်စိထဲ၌ မလှ။

မော်တော်ဘုတ်များ ကမ်း၌ ကပ်မိလျှင်ပင် ကြည့်နေကြသောပရိသတ်ထဲမှ လေးငါးဦးက စအော်သည်။

"နိပွန် . . . ဘိရုမာ . . . ဘန်ဇိုင်း . . . "

ပရိသတ်ဟူသည် တစ်ယောက်ယောက်က စပေးလျှင် နောက်ကလိုက်တတ်သည်။

"နိပွန် . . . ဘိရုမာ . . . ဘန်ဇိုင်း . . . "

အားလုံး သံပြိုင်ဝိုင်းအော်ကြသည်။ ကျွန်တော်လည်း ရောယောင်အော်၏။

မော်တော်ပေါ်မှ ဂျပန်များလည်း ပြန်အော်ကြသည်။

"ဘန်ဇိုင်း . . . ဘန်ဇိုင်း . . . "

ကျွန်တော်က အနီးရှိ လူတစ်ဦးကို မေးမိသည်။

"အဲဒါ ဘာအော်တာလဲ . . . "

"နိပွန်ဆိုတာက ဂျပန် . . . ဂျပန်ကို ဂျပန်လို့ခေါ်ရင် မကြိုက်ဘူး . . . နိပွန်ဆိုမှ ကြိုက်တာ . . . ဘိရုမာဆိုတာက မြန်မာကို ဂျပန်လို ခေါ်တာ . . . "

"ဘန်ဇိုင်းဆိုတာကရော . . . "

"အောင်ပြီ ဆိုလား . . . အောင်ပါစေ ဆိုလား . . . အောင်တော့ အောင်ပဲ . . . "

ဂျပန်စစ်သားတစ်ချို့ ကမ်းပေါ်ဆင်းကြသည်။ မြန်မာအချို့က သောက်ရေများ၊ ငှက်ပျောသီး၊ ထန်းလျက် စသော စားစရာများ လာပေးကြ၏။

ဂျပန်တစ်ယောက်သည် ကျွန်တော့်နား ကပ်လာ၏။

သူက အင်္ကျီကြယ်သီးဖြုတ်၍ ရင်ဖွင့်ထားသည်။ အင်္ကျီအောက်၌ စွပ်ကျယ်မပါ။ ဝါသောအသားသည် ပေါ်နေ၏။ ကျွဲကော် ကိုင်းမျက်မှန်တပ်ထားပြီး မျက်နှာထားက ပြုံးချိုချို။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်တစ်ဖက်ကို တံတောင်မှကွေးပြသည်။ လက်မနှင့် လက်ညှိုးကို ကွေးထိကာ နှုတ်သီးပုံလုပ်ပြ၏။ ပါးစပ်မှလည်း အော်ပြ၏။

"အော့ . . . အီး . . . အီး . . . အွတ် . . . "

တစ်ဖန် ခါးကိုကိုင်း၍ ကုန်းပြသည်။ ပါးစပ်က 'အော့ . . . အီး . . . အီး . . . အွတ် . . . ' ဟု အော်ရင်း လက်တစ်ဖက်က စအိုဆီပို့သည်။ ပြီးမှ ယင်းလက်ကိုရုပ်ကာ လက်ညှိုးနှင့်လက်မ ဝိုင်းပြပြီး 'အော့ . . . အီး . . . အီး . . . အွတ် . . . ' ဟု ထပ်အော်ပြန်၏။

သူတွင်မက အခြားဂျပန်များကလည်း မြန်မာများဆီကပ်ကာ သူ့နည်းတူစွာ လုပ်ပြနေ၏။

"ကြက်တောင်းတာဟ . . . ကြက်တောင်းတာ . . . "

"–ငံနှိုက်ပြီး ဝိုင်းပြတာကကော . . . "

"အဲဒါ ကြက်ဥတောင်းတာ . . . "

ကလေးအချို့သည် ကြက်အရှင်များနှင့် ကြက်ဥများယူလာကြသည်။ ဂျပန်တို့က ငွေစက္ကူထုတ်ပေးကြသည်။

လူကြီးတစ်ဦးက ငွေစက္ကူများကို လိုက်ကြည့်ကာ မှတ်ချက်ချ၏။

"ဟာ . . . ကော်တာပဲ . . . ကြက်ဥဆယ်လုံးကို ငွေတစ်ဆယ်တောင် ရတယ် . . . "

အခြားတစ်ဦးက အားကျမခံ ဝင်ပြော၏။

"အံမယ် . . . ဒီမှာကြည့် . . . ကြက်ကလေးတစ်ကောင်ထဲ . . . ငွေငါးဆယ်တောင် ရတယ် . . . "

ကျွန်တော်ပင်လျှင် ဂျပန်များကား ရက်ရောလှပါသည်ဟု အထင်ကြီးသွားမိသည်။

ကျွန်တော်သည် ကြက်လည်းရှာမပေးတတ်။ ကြက်ဥလည်း ရှာမပေးတတ်။ ထို့ကြောင့် မယောင်မလည်နှင့် မော်တော်များအနီး ချဉ်းကပ်ကာ အကဲခတ်ကြည့်မိသည်။

စက်သေနတ်ဟုထင်ရသော လက်နက်ကြီးများအနီးတွင် သေနတ်ကိုင်လျက် စောင့်နေသူများမှအပ မော်တော်ပေါ်တွင် ကျန်ရစ်သူဂျပန်များသည် ထမင်းဟင်းချက်နေကြ၏။

သံဖြူခွက်တစ်ခုတွင်း၌ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ မှျစ်၊ ပဲသီး ရရာအကုန်ထည့်ကြ၏။ ထို့နောက် ရေထည့်၏။ ပြီးတော့ ထန်းလျှက်များကို အခဲလိုက်ထည့်ကြ၏။

တစ်နေရာတွင်မူ ကြွေရေသုတ်အဖုံးနှင့် ကြွေရေသုတ်အိုးကြီးတစ်လုံးတွင် ဆန်ထည့်ကာ ထမင်းချက်နေကြ၏။

ကြွေရေသုတ်အဖုံးပေါ်မှ ဖုကလေးက အပြာရောင်။ လက်ကိုင်ကိုင်းကလည်း အပြာရောင်။

ကျွန်တော်သည် မျက်လုံးပြူးသွားမိသည်။ ကျွန်တော့်အနီးရှိ လူတစ်ယောက်ကိုလည်း လက်တို့ပြမိ၏။ ထိုသူက လှမ်းကြည့်ပြီး အော်၏။

"ဟိုက် . . . အဲဒါ သေးအိုး . . . "

အမှန်ပင် . . . အိမ်တို့၌ ညရေးညတာအသုံးပြုသော ချေးအိုး . . . သို့မဟုတ် သေးအိုး။

ထိုစဉ်မှာပင် ဂျပန်သုံးလေးယောက်သည် ကမ်းထိပ်မှ ဆင်းလာကြသည်။

ကျွန်တော်တို့အိမ် တောင်ဖက် မလှမ်းမကမ်း၌ ပြည်မှရှောင်ပြေးလာသော သူဌေးဦးအောင်ခနေသည့် နှစ်ထပ်ကျွန်းအိမ်ကြီး ရှိသည်။ ယင်းအိမ်ကြီးနှင့် ကပ်လျက်ရှိသော အိမ်တစ်လုံး၏အပေါ်ထပ်မှာ လူနေ၍ အောက်ထပ်ကား တရုတ်ခေါက်ဆွဲဆိုင်ဖြစ်သည်။

www.burmeseclassic.com



အဘိုးကြီး၏နာမည်ကို မမှတ်မိတော့သော်လည်း သမီးအပျိုလေး၏နာမည်မှာ မသောင်းဖြစ်သည်။ ကျွန်တော်နှင့်ရွယ်တူ သားနှစ်ယောက်၏နာမည်များကား ကွက်ရှင်နှင့် ရောင်ရှင်ဖြစ်၏။ ယင်းခေါက်ဆွဲဆိုင်၌ ထုံးစံအတိုင်း ချက်အရက်ရသည်။

ဂျပန်သုံးလေးယောက်သည် ယင်းဆိုင်ဘက်မှ ဆင်းလာကြခြင်းဖြစ်သည်။ သူတို့လက်တွင်း၌ ချက်အရက်ပုလင်းများ ပါလာကြသည်။

အရက်သောက်ကြပြီး မကြာမီပင် ဂျပန်များသည် မြူးလာ ကြွလာကြ၏။

သူတို့ချည်း မြူးကြ ကြွကြသည်မဟုတ်။ အနီးရှိ လူကြီးလူငယ်မရွေး အတင်းဆွဲကာ ဝိုင်းကြီးပတ်ပတ်ကစားသကဲ့သို့ ဝိုင်း၍ကခိုင်းသည်။ သူတို့လည်း ကကြ၏။ သူတို့မော်တော်အနီးတွင် ရပ်နေမိသော ကျွန်တော်ပါ အဆွဲခံရပြီး မရက်သာ မရွံ့သာ ကရ၏။

တစ်ချီကအပြီး၌ ဂျပန်တစ်ယောက်က ကျွန်တော်တို့ကို စီးကရက်တစ်လိပ်စီ ပေးသည်။ စီးကရက်ဘူးကို ကျွန်တော်သေသေချာချာကြည့်လိုက်မိ၏။ အိမ်မြှောင်တစ်ကောင်၏ အရုပ်ပါ၍ အင်္ဂလိပ်စာဖြင့် 'လစ်ဇတ်' ဟု ရေးထား၏။

စီးကရက်ဝေပေးပြီး ကခိုင်းပြန်၏။

သုံးလေးချီကပြီးနောက် ကျွန်တော်မောလာသည်။ ဂျပန်က စီးကရက်လည်း နောက်ထပ် မပေးတော့။

ကျွန်တော်နှင့် လူရွယ်နှစ်ဦးသည် ဝိုင်းမှခွာရာ ဂျပန်ကလိုက်ဆွဲ၏။

သူ့မျက်နှာက စောစောကကဲ့သို့ စပ်ဖြဲဖြဲမဟုတ်တော့။ ခက်ထန်တင်းမာကာ ဘီလူးသဘက်ရုပ် ပေါက်နေသည်။

သူက လက်ဟန်ခြေဟန်ဖြင့် ဆက်ကရန်ပြော၏။ ကျွန်တော်တို့က ခေါင်းခါပြကြ၏။

ဘာမပြောညာမပြောနှင့် ဂျပန်သည် သူ့နားအနီးဆုံးရှိ လူရွယ်၏ပါးကို ဘယ်ပြန်ညာပြန် တီးတော့၏။

လူရွယ်ခမျာသည် မြေပေါ်သို့ ပုံလဲကျသွား၏။

ပြန်ထလာသောအခါ၌ သူ့နှုတ်ခမ်းများမှာ ကွဲနေပြီး ပါးစပ်မှ သွေးများစီးကျနေ၏။

ဂျပန်က ကျွန်တော်တို့ဘက် လှည့်လိုက်၏။

'လက်ဝါးပြင်လျက် ဂျပန်စက်' ဟူသည်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသော ကျွန်တော်နှင့် ကျန်လူရွယ်သည် မဆိုင်းမတွဝိုင်းတွင်းဝင်ကာ ကွေးနေအောင် ကကြရတော့သည်။

ပါးစပ်မှ သွေးစီးလျက်နှင့်ပင် ပထမလူရွယ်မှာလည်း ဝင်ကရရှာသည်။ သူ့မျက်နှာကို ကျွန်တော် သေချာစွာကြည့်မိသည်။ စောစောက 'မြန်မာက ဂျပန်ထက် ပိုသတ္တိရှိတယ် . . . ' ဟု ပြောခဲ့သော လူရွယ်ဖြစ်နေ၏။

သူ့အဖော်များက ထမင်းစားရအောင် ခေါ်တော့မှ ဂျပန်သည် မော်တော်ပေါ်တက်သွား၏။ ထိုအခါမှ ကထားရသောကြောင့် ညောင်းနေသောခြေများဖြင့် ကမ်းထက်တက်ကာ ကျွန်တော် အိမ်ပြန်ခဲ့သည်။

ထားကို အရင်တွေ့သည်။

ထားသည် မျက်လုံးလေးများ ဝိုင်းဝိုင်းနှင့် မေး၏။

"ယူ . . . ဂျပန်တွေ တွေ့ခဲ့လား . . . "

"အင်း . . . "

"ဘယ်လိုနေလဲ . . . "

"လူရိုင်းတွေ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် . . . "

"လူရိုင်းတွေ . . . တိရိစ္ဆာန်တွေ . . . "

ဤမျှသာဖြေပြီး ကျွန်တော်က လှည့်ထွက်ခဲ့၏။ ကျွန်တော့်အိတ်တွင်းမှ စီးကရက်ကို သတိရသည်။ ကျွန်တော်သည် စီးကရက်ကို ခြေမွချိုးပစ်မည် ကြံသည်။ နောက်မှ မိုးကျရွှေကိုယ်ကို သွားသတိရသည်။ မိုးကျရွှေကိုယ်သည် စီးကရက်ကို အလွန်ကြိုက်သည်။ ထုံးဘိုရောက်မှ သူ့ခမျာ ဗန့်ဖွေးဖက်လိပ်သာ ရှူနေရရှာ၏။

ကျွန်တော်က စိတ်ပြောင်းလိုက်ပြီး မိုးကျရွှေကိုယ်ကို လိုက်ရှာသည်။ တစ်အိမ်လုံး ဘယ်မှ မတွေ့။ ဘယ်သူ့မေး၍မှလည်း မသိ။

နေစောင်းခဲ့ပြီ။ ထား ရေချိုးချိန်ဖြစ်၏။

ထားသည် စိတ်ကောက်ပြေ၍ ရေပြန်ဆင်းကူးပြီ။ ကျွန်တော်လည်း ရေမထမ်းရတော့။

ယနေ့ညနေ ဂျပန်မော်တော်တွေကြောင့် ထား ရေဆင်းကူး၍မဖြစ်။ အိမ်တွင် ချိုးရန်ရေ ရှိပါ၏လော . . .။

ကျွန်တော်သည် ရေချိုးခန်းရှိရာ ထွက်လာခဲ့သည်။ တော်ပါသေး၏။ စဉ့်အိုးတစ်လုံး၌ ရေအပြည့်ရှိနေသေးသည်။

ရေချိုးခန်းနှင့် မလှမ်းမကမ်းတွင် 'ပုတ်စင်' ရှိ၏။ ပုတ်စင်ပေါ်တွင် စပါးပုတ်ကြီးများ ရှိ၏။ ကျွန်တော်တို့ငှားနေသော အိမ်ရှင်မှာ လယ်ပိုင်ရှင်တစ်ဦးဖြစ် စပါးလှောင်သည်။

စပါးပုတ်ကြီးတစ်ခုအတွင်းမှ ကျွန်တော့်နာမည်ကို ခေါ်သံကြားရ၏။

"မြတ်ဆွေး . . . "

မိုးကျရွှေကိုယ်၏အသံတည်း။

ကျွန်တော်က ပုတ်စင်ထက်တက်သွားပြီး လူတစ်ရပ်နီးပါးရှိသောပုတ်တွင် ငုံ့ကြည့်၏။

မိုးကျရွှေကိုယ် . . .။

မိုးကျရွှေကိုယ်ဟုသာ ဆိုရသည်။ သူ့ခေါင်းနှင့် လည်ပင်းကိုသာတွေ့ရသည်။ ရွှေကိုယ်စင်စစ် ခန္ဓာအတ္တဘော တစ်ခုလုံးကား စပါးအောက် မြုပ်နေသည်။ မျက်နှာနှင့် ဆံပင်တို့၌ပင် စပါးစေ့များ ခိုကပ်နေသည်။

ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်သွားသည်။

"မိုးကျရွှေကိုယ် . . . အဲဒါ ဘာလုပ်နေတာလဲ . . . "

မိုးကျရွှေကိုယ်က မဖြေပဲ ပြန်မေး၏။

"ဂျာပန်းတွေ တွားပလား . . . "

"မသွားသေးဘူး . . . "

"မတွားဒေးဘူး . . . "

"အေး . . . နင် ဘာလဲ . . . ဂျပန်ကြောက်လို့ ပုန်းနေတာလား . . . "

မိုးကျရွှေကိုယ်က ရိုးသားစွာ ဝန်ခံ၍ ခေါင်းညိတ်ပြ၏။

"နင် ဂျပန်မကြောက်ဘူးဆို . . . ဂျပန်အမေ့လင်တောင် မကြောက်ဘူးဆို . . . "

www.burmeseclassic.com

www.burmeseclassic.com



"နာ့မှာ တာနပ်မှ မရှိတော့တာ . . . "

"ဆင်ခြေကြီးပဲ . . . ကဲ . . . လာ . . . ထွက်တော့ . . . "

"ဂျာပန်မတွားဒေးဘူးနော် . . . နာ မထွက်ဘူး . . . "

ကျွန်တော်က သတိရပြီး အိတ်တွင်းမှ စီးကရက်ကို ထုတ်ပြသည်။

"ဒီမှာ ဘာလဲ . . . လာ . . . ထွက်ခဲ့တော့ . . . "

"အား . . . ရှီးကလက် . . . ရှီးကလက် ဘားဖြစ်တလဲ . . . ရှီးကလက်မကဘူး . . . ရှီးကလက်အမွှေးလင်ပေးတယ်နော် . . . နာမထွက်ဘူး . . . "

"ကဲ . . . ဒီလောက်တောင်ဖြစ်တာ . . . နေရစ် . . . "

* * *

ထိုနေ့ နေဝင်စ၌ ဂျပန်မော်တော်များ ကမ်းမှခွာကာ မြောက်ဖက်သို့ ဆက်လက်ဆန်တက်သွားသည်။

မြင်မြင်ချင်း မေတ္တာတုံးခဲ့ပြီဖြစ်သော ကျွန်တော်က ထွက်မကြည့်တော့။ ဘန်ဇိုင်းဟုလည်း ထွက်မအော်တော့။

မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများ နောက်တစ်နေ့နံနက်စောစော ချီတက်ကြသည်ကိုမူ ထွက်ကြည့်မိသည်။

နောက်ထပ်ရောက်လာသော တပ်သားများနှင့် မနေ့က နောက်ချန်နေရစ်သော တပ်သားများ ဖြစ်ကြ၏။

မြို့သူမြို့သားများက ထမင်းထုပ်များလည်း ထွက်ပေးကြသည်။ အောင်နိမိတ်ယူ၍ သပြေပန်းများလည်း ကမ်းကြသည်။

နှစ်ယောက်တစ်တွဲ ချီတက်လာသော သူတို့ကို သေချာစွာကြည့်မိ၏။ တစ်တွဲလျှင် တစ်ဦး၌သာ သေနတ်ပါသည်။ ကျန်တစ်ဦးက ဓားကိုင်ထားသည်။ သေနတ်မရှိလျှင် ဓားနှင့်တိုက်မည်။ တစ်ဦးကျလျှင် တစ်ဦး၏သေနတ်ကိုယူ၍ ဆက်တိုက်မည်။ မပြောပဲနှင့် သည်သဘောက ပေါ်လွင်နေသည်။

ပရိသတ်သည် အော်ဟစ်၍လည်း ကြွေးကြော်ကြ၏။

"သခင်မျိုးဟေ့ . . . တို့ဗမာ . . . "

"အရေးတော်ပုံ . . . အောင်ပြီ . . . "

ရှေးယခင်ကလည်း သည်ဆန်ဆန် ကြွေးကြော်ဖူးကြသည်။ ထိုအခါတုန်းကမူ 'အရေးတော်ပုံ အောင်ပါစေ . . . ' ဟု ကြွေးကြော်သည်။ ယခုတော့ . . . အောင်ပြီ ဟူ၏။

နောက်ဆုံးမှအတွဲကို မြင်မိသောအခါ ကျွန်တော် အံ့အားသင့်သွားသည်။

သေနတ်နှင့်ရဲဘော်၏ဘေးမှ ဓားကိုင်ထားသော တပ်သားသစ်ကား . . .။

သူ့ပါးနှင့် နှုတ်ခမ်းမှာ ဖူးယောင်နေဆဲ။ ကွဲနေသော နှုတ်ခမ်းများတွင် သွေးစေးခြောက်များ မပျောက်သေး . . .။

မနေ့ညနေက ဂျပန်၏လက်ဝါးဒဏ်ကို ခံခဲ့ရသော လူရွယ်တကား . . .။

ပရိသတ်ကား အောင်သံကြွေးဆဲ . . .။

"သခင်မျိုးဟေ့ . . .တို့ဗမာ . . . "

"အရေးတော်ပုံ . . . အောင်ပြီ . . . "

www.burmeseclassic.com

www.burmeseclassic.com



နွမ်းသောအဝတ်အစား၊ မစုံသောလက်နက်၊ ဖိနပ်မပါသောခြေထောက်များ။ သို့ရာတွင် သံမဏိဌာန်အဟုန်ဖြင့် တင်းမာသော မျက်နှာထားများ . . .။ ဤသည်တို့ဖြင့် ချီတက်သွားသောသူတို့ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျွန်တော့်ရင်၌ မေးခွန်းတစ်ခုပေါ်လာသည်။

အရေးတော်ပုံ အောင်ပြီ။ သည်လို ကြွေးကြော်နေကြ၏။

အရေးတော်ပုံ အောင်ပြီလော . . .။

အမှန်ပင် မြန်မာ့အရေးတော်ပုံသည် အောင်ခဲ့ပါပြီလော . . . ။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

ကျွန်တော်တို့၏ အိမ်အခြေအနေမှာလည်း တစ်မျိုးပြောင်းသွားသည်။

ယခင်က အိမ်အောက်ထပ်တွင် မမ၊ ကျွန်တော်နှင့် မိုးကျရွှေကိုယ် ပေါင်းသုံးယောက်သာ အပိုင်စားသည်။ ယခုမူ နောက်ရောက်လာသူများကြောင့် ကျပ်လာသည်။ ကလေးများလည်း ပါသောကြောင့် ယခင်ကကဲ့သို့ ဆိတ်ဆိတ်ငြိမ်ငြိမ်မရှိတော့။

ဝန်မင်းကတော် မခင်အေး၏မျက်နှာမှာ ယခင်ကလောက် မရွှင်တော့။ စစ်ကာလတွင် လင်သားနှင့်ခွဲနေရသူ ဇနီးမယား တစ်ယောက်အတွက် အဘယ်မှာလျှင် ရွှင်လန်းနိုင်ရာပါမည်နည်း။ အထူးသဖြင့် မိမိက စစ်မျက်နှာ၏သည်ဘက်။ လင်ယောကျ်ားက စစ်မျက်နှာ၏ဟိုဘက်။ ရေမြေခြားရုံမက အစိုးရပါခြားလေပြီ။ မခင်အေး၏နှလုံးသားတွင် ဘယ်သို့ရှိရာမည်မသိ။ သြော် . . . မခင်အေးကဲ့သို့ မိန်းမမျိုးလည်း ဘယ်နှဦးရှိရာမည်မသိ။

ဦးတင်လေးမှာ ဦးတင်လတ်၏အောက် ညီတစ်ယောက်ဖြစ်သည်ဟု ထားထံမှ သိရသည်။ ဦးတင်လတ်တွင် စုစုပေါင်း ညီအစ်ကိုလေးဦးရှိသည်ဆို၏။ အကြီးဆုံးက ဦးတင်ကြီး၊ နောက် . . . ဦးတင်လတ်။ နောက် . . . ဦးတင်လေး။ နောက် . . . ဦးတင်ထွေး . . .။

သူတို့မှာ မန္တလေးမြို့မှ သစ်စက်သူဌေးများဖြစ်ကြသည်။ ဦးတင်လတ်တစ်ယောက်သာ အစိုးရအမှုထမ်းဖြစ်၍ ကျန်ညီအစ်ကိုများက မိဖရိုးရာလုပ်ငန်းကို ဦးစီးနေကြသည်ဆို၏။

ယခု ဦးတင်လေးက ထားတို့မိသားစုကို စောင့်ရှောက်ရန် အချိန်မီရောက်လာ၏။ ဦးတင်လေးသာ တစ်နေ့စောရောက်မလာပါက ယခုကဲ့သို့ ထုံးဘိုမြို့ ဂျပန်လက်အောက် ရောက်သွားချိန်တွင် မခင်အေးတို့ ပို၍ အားငယ်ရာကြမည်။

ဦးတင်လေးမှာ ဦးတင်လတ်ထက် အသားညိုသည်။ ဦးတင်လတ်က ဘိလပ်ပြန်ဝန်မင်း ဖြစ်၍လားမသိ ဗိုလ်ဆန်ဆန် ဣန္ဒြေကြီးသည်။ ဦးတင်လေးကမူ ကုန်သည်ပီပီ ဖော်ရွေသော မျက်နှာနှင့် လွတ်လပ်သော အမူအရာရှိသည်။

ဦးတင်လေးအတွက် ဤအိမ်၌ မလွတ်လပ်သည်မှာ တစ်ချက်သာရှိသည်။

မခင်လေး . . .။

ဦးတင်လေးမှာ လူပျိုကြီးဖြစ်သည်ဆို၏။ မခင်လေးကလည်း အပျိုကြီး။ နာမည်တွေကလည်း တင်လေးနှင့် ခင်လေး။ အသက်မှာမူ မခင်လေးက အနည်းငယ် ပိုကြီးမည်။

ဦးတင်လေးရှေ့၌ မခင်လေးက ရှိုးတိုးရှန့်တန့်နိုင်သည်။ မခင်လေးရှေ့၌ ဦးတင်လေးက မရွံ့တရွံ့ရှိသည်။

ကျွန်တော်နှင့် ဦးတင်လေးမှာ ခဏချင်း ခင်မင်သွားသည်။ မန္တလေးသား ဦးတင်လေးသည် ဂီတနှင့် သီချင်းကြီးများကို ဝါသနာပါသည်။ ပီယာနိုပင် မတောက်တခေါက် တီးတတ်၏။ ထားနှင့် ကျွန်တော် တီးကြဆိုကြလျှင် ဦးတင်လေးက အနားလာထိုင်သည်။ သီချင်းဝင်ဆိုသည့်အခါ ဆိုသည်။ ခက်သည်ကား ထိုအခါမျိုးတွင် မခင်လေး အခန်းတွင်းမှ မထွက်တော့ . . .။

ထုံးဘိုမြို့ကလေးကား စည်ကားမြဲစည်ကားလျက် ကျန်ရစ်သည်။ ကမ္ဘာစစ်ကြီးဖြစ်သည်မှာ သည်မြို့ကလေးနှင့် မဆိုင်သယောင် ဖြစ်နေ၏။

ဂျပန်တွေရောက်လာပြီး တစ်ရက်ခြားသော တစ်ညနေ၌ တစ်ချိန်ကကဲ့သို့ပင် ကမ်းနားမြေအငူရှိ ကုက္ကိုပင်ကြီးအောက်၌ ထားနှင့် ကျွန်တော် ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တစ်နေ့ကကဲ့သို့ပင် ထားကို သီချင်းတစ်ပုဒ် ဆိုတီးပြရသည်။ သည်တစ်ကြိမ်တွင်မူ ရွှေရင်ဘောင် . . . ငွေရင်ဘောင်မဟုတ်။ မရွှေထား ဖွတ်ပူဆာသောကြောင့် ဆိုတီးပြခဲ့ရသော သီချင်းကား . . . မြတ်နိုးသူ . . .။

"မြတ်နိုးသူရယ် . . . အချစ်မိုးစွေခဲ့တယ် . . . ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် . . . သြော် . . . မျက်မာန်တော် . . . မညိုးလိုက်ပါနဲ့ . . . မျှော်ကိုးသူ စောင့်စားလို့သာ မောင့်မှာ ပူမိတယ် . . . ခင်ပျိုနှမရယ် . . . ပင်ကိုယ်လှတယ် . . . ရွှေအားတော်ငယ်ငယ် . . . သနားချစ်နဲ့ ချစ်စမ်းပါကွယ် . . . "

"ယူရေ . . . "

"ဘာလဲ ထား . . . "

"ယူ ကာလပေါ်သီချင်းဆိုတာ သိပ်ကောင်းတာပဲ . . . ပြည်လှဖေထက် ကောင်းတယ် . . . "

"တကယ် . . . "

"အို . . . တကယ်ပေါ့ . . . ယူ အိမ်မှာတော့ ဘာလို့ အဲဒါတွေ ဆိုမပြတာလဲ . . . "

"သြော် . . . ထားကလဲ . . . "

"ဘာ . . . . သြော် . . . ထားကလဲလဲ . . . မေးတာကိုဖြေ . . . "

"ခက်လိုက်တာ ထားရယ် . . . မကောင်းလို့ပေါ့ . . . "

"ဘာမကောင်းတာလဲ . . . "

"သြော် . . . မကောင်းပါဘူးဆိုမှ . . . "

"သိသားပဲ . . . နောက်ပိုးသီချင်းမို့ မဟုတ်လား . . . "

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။

ထားက ရယ်လိုက်သည်။

"ယူ အဲဒီသီချင်းကို အိမ်က အပါကြီးကို သင်ပေးဖို့ကောင်းတယ် . . . "

"အိမ်က အပါကြီး . . . "

"အပါနဲ့ မမထားလေ . . . တွေ့စတုန်းက ထားကို ယူခွပ်တာ . . . "

"ဘာဆိုင်လို့တုန်း ထားရ . . . "

"ဆိုင်တာ ပြောမလို့ . . . အိမ်ကအန်ကယ် လေးလေးက အန်တီလေးလေးထက် အသက်ငယ်တယ် . . . ဒါပေမယ့် ဇာတ်ကားထဲက အပါက ငယ်ငယ်လေး . . . အန်ကယ်က ကြီးပြီ . . . အပါကြီးပေါ့ . . . မမထားကြီးကလဲ ကြီးပြီ . . . ဟဲ . . . ဟဲ . . . ဆူပါ အပါကြီးနဲ့ ဆူပါ မမထားကြီး . . . "

ထားပြောပုံကို သဘောကျသောကြောင့် ကျွန်တော်ပါ လိုက်ရယ်မိ၏။

"ဟော့ ယူ . . . "

"ဆိုလေ ထား . . . "

"ယူ့သီချင်းထဲမှာ ထားမသိတဲ့စကားတွေ ပါတယ် . . . ယူ ရှင်းပြမလား . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟာတွေလဲ . . . "

"ဟိုဒင်း . . . ဘုံကြိုးပြတ်တယ်ဆိုတာ ဘာလဲ . . . "

"ဗုံကြိုးပြတ်တာသိချင်ရင် စိန်ဗေဒါကြီးသွားမေးပေါ့ . . . "

"လုပ်ပြီ ယူက . . . ထား အကောင်းမေးနေတာ . . . "

"ဘုံကြိုးပြတ်တယ်ဆိုတာက ဥပမာပြောတာ . . . သီချင်းဆိုတဲ့လူက သူ့ချစ်သူလေးဟာ ဘယ်လောက်လှသလဲဆိုရင် လူမဟုတ်ဘူးတဲ့ . . . နတ်ဘုံပေါ်က နတ်သမီးလေး ကြိုးပြတ်ပြီး မြေကြီးပေါ်ကျလာတယ်ထင်တယ် . . . တဲ့ . . . "

"နတ်သမီးလေးတွေက နတ်ဘုံပေါ်မှာ ကြိုးနဲ့တွဲလောင်းဆွဲနေသလား . . . ဟုတ်လား . . . "

"အဲဒါတော့ ကိုယ်မသိဘူး . . . "

"ထားတို့ကျောင်းမှာ သင်ရတဲ့နတ်သမီးလေးတွေက ကြိုးနဲ့မဟုတ်ဘူး . . . အတောင်ပံနဲ့ . . . ကောင်းကင်တမန်လို့လဲ ခေါ်တယ် . . .ဖဲယားရီးတဲ့ . . . ကွန်ဆတ်မှာ ထားလဲ ဖဲယားရီးလုပ် ကရဖူးတယ် . . . အတောင်ပံလေးနဲ့ပဲ . . . ဟုတ်တယ် . . . အတောင်ပံကို ကြိုးလေးနဲ့ ချည်ထားရတယ် . . . "

"ဒါဖြင့် အခု ထုံးဘိုမှာ ဘုံကြိုးပြတ်တဲ့ နတ်သမီးလေးရောက်နေတာပေါ့ . . . "

"အဲဒါ ယူ . . . ထားကိုမြှောက်ပြောတာ . . . "

"မမြှောက်ပါဘူး ထားရယ် . . . ကိုယ် အဟုတ်ပြောတာ . . . "

"ပိုပြန်ပြီ . . . "

"ပိုတယ်ထင်လဲ ထားသဘော . . . "

"အဲဒါက ဘာလဲ . . . စိတ်ဆိုးသွားတာလား . . . "

"ခက်ရချည်ရဲ့ . . . ထားကို ကိုယ်က စိတ်ဆိုးဝံ့မတဲ့လား . . . "

"ဟွန်း . . . ပိုပြန်ပြီ . . . အဲဒါလဲ ပိုတာပဲ . . . ယူပိုတာနဲ့ ထားမေးချင်တာတစ်ခုတောင် ပျောက်သွားပြီ . . . "

"မေးလေ . . . ဘာမေးမလို့လဲ . . . "

"အချစ်မိုးစွေတယ်ဆိုတာ ဘာလဲ . . . "

"အဲဒါမှ ဒွတ်ခပါပဲ . . . "

"ဘာရယ် . . . "

"မိုးကျရွှေကိုယ် ညည်းသလိုညည်းတာ . . . ဒုက္ခပါပဲလို့ . . . "

"ဘာလို့ ညည်းရတာလဲ . . . "

"ထားက ကပ်သီးကပ်သတ်မေးတာကိုး . . . နေဦး . . . မိုးစွေတယ်ဆိုတာ ဘာလဲ . . . ထားသိသလား . . . "

"မိုးရွာတာပေါ့ . . . "

www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာတာက ရွာရုံပဲ . . . တိတ်ချင်တိတ်သွားမယ် . . . မိုးစွေတယ်ဆိုတာက အကြာကြီး . . . မတိတ်ပဲ အရှည်ကြီးဆွဲရွာတာ . . . ချစ်မိုးစွေတယ်ဆိုတာကလဲ ခဏလေးချစ်တာ မဟုတ်ပဲ . . . အကြာကြီးအရှည်ကြီး . . . မမုန်းတမ်းချစ်တာကို ပြောတာပေါ့ . . . "

"အဲဒီ အကြာကြီး အရှည်ကြီးဆိုတာက ဘယ်လောက် အကြာကြီး အရှည်ကြီးလဲ . . . "

"အဲဒါတော့ ကိုယ်ဘယ်လိုသိနိုင်မလဲ . . . တစ်ခုတော့ ကိုယ်သတိရမိတယ် . . . ထားကိုတော့ တစ်ခါမှ ဆိုမပြရသေးဘူး . . . မြူဝန်းလို့ခို ဆိုတဲ့ ပတ်ပျိုးကလေး . . . ကိန္နရာချောင်းခြားလေးလို့လဲ ခေါ်တယ် . . . အဲဒီသီချင်းတက်ပေးတုန်းက ဆရာလေးက ရှင်းပြဖူးတယ် . . . ကိန္နရီမောင်နှံဟာ မုန်တိုင်းမိပြီး တစ်ညကွဲသွားကြသတဲ့ . . . ပြန်တွေ့တဲ့အခါမှာ နှစ်ပေါင်းခုနစ်ရာငိုလို့မပြီးကြဘူးတဲ့ . . . "

"အဲဒါက အကြာကြီးငိုတာပဲဟာ . . .အကြာကြီးချစ်တာမှ မဟုတ်ပဲ . . . "

"သြော် . . . ထားရယ် . . . အကြာကြီးငိုတာဟာ အကြာကြီးချစ်ခဲ့ရလို့ ဖြစ်မှာပေါ့ . . . "

"အကြာကြီးချစ်လို့ . . . အကြာကြီးငိုရတယ်ဆိုရင် ထားတို့တော့ မချစ်ချင်ပေါင် . . . အကြာကြီးမချစ်ချင်ပေါင် . . . "

"ဒါဖြင့် ခဏလေးပဲချစ်ချင်တယ်ပေါ့ . . . ဟုတ်လား . . . "

"အိုး . . . ခဏလေးလဲ မချစ်ချင်ပေါင် . . . ခဏလေးလဲ မငိုချင်ပေါင် . . . "

ထားသည် မျက်နှာလေးကို စူမဲ့မဲ့လုပ်ပြီး တစ်ဘက်သို့လှည့်သွား၏။

ကျွန်တော်က ကိုယ်ပြောမိသောစကားများကို ပြန်စဉ်းစားနေမိသည်။ ထား၏နောက်ဆုံးစကားကလည်း နား၌ ပဲ့တင်ထပ်နေသည်။

ကျွန်တော်ငိုင်နေခိုက် ထားက ကျွန်တော့်ဘက် ပြန်လှည့်လာသည်။ မျက်နှာလေးက ပြုံးယောင်ယောင်။

"ယူ . . . ဘာငိုင်သွားတာလဲ . . . "

"သြော် . . . ထားပြောတာကို စဉ်းစားမိလို့ပါ . . . ဟုတ်တယ် . . . ငိုရတာဟာ မကောင်းဘူး . . . ဒီတော့ ငိုရဖို့ ချစ်ရတာလဲ မကောင်းဘူး . . . "

"ယူ တကယ်ပြောနေတာလား . . . "

"နို့ . . . ထားကကော တကယ်ပြောခဲ့တာ မဟုတ်ဘူးလား . . . "

"အို . . . ထားဘယ်သိမလဲ . . . နေဦး . . . ယူသိလား . . . မာမီတော့ ငိုနေရတယ် . . . "

ကျွန်တော် မည်သို့မှ မှတ်ချက်ပြန်မပေး။ ပြန်ပေးရန်လည်း မလို။

"ထားလဲ ငိုချင်တာပဲ . . . သိလား ယူ . . . ဒယ်ဒီ ဒီဘက်ကို ပြန်လာနိုင်ပါတော့မလား . . . "

"နိမိတ်မရှိ နမာမရှိ ထားကလဲ . . . ပြန်လာနိုင်တာပေါ့ . . . "

"ဘယ်တော့လဲ . . . "

"အဲဒါတော့ အတိအကျမပြောနိုင်ဘူး . . . ဒါပေမဲ့ ဂျပန်တွေဟာ ပြည်ကိုတိုက်တော့မှာပဲ . . . ခုလောက်ရှိရင် ပန်းတောင်းတို့ ရွှေတောင်တို့ရောက်နေပြီ . . . ဂျပန်နိုင်သွားလို့ အင်္ဂလိပ်တွေဆုတ်သွားရင် ထားဖေဖေဟာ နောက်ချန်ပုန်းနေရစ်ပြီး ရောက်လာနိုင်တာပဲ . . . အင်္ဂလိပ်နိုင်သွားလို့ ဂျပန်ဆုတ်သွားရင်လဲ ထားဖေဖေဟာ ရောက်လာနိုင်တာပဲ . . . "

"တိုက်ပွဲကြီးကြီးတော့ ဖြစ်ဦးမှာပေါ့ . . . ဟုတ်လား . . . "

www.burmeseclassic.com

www.burmeseclassic.com



ထား၏အမေးကို ကျွန်တော် မဖြေလိုက်ရပါ။

ကျွန်တော်တို့ထိုင်နေရာမှ ကျွန်းကိုကျော်ပြီး မြစ်၏အရှေ့ဘက်ကမ်းဆီရှိ တောတန်းကို ရေးရေးမြင်နိုင်သည်။ နေဝင်ပြီမို့ တောတန်းထိပ်ကောင်းကင်ပြင်မှာ မြူရိပ်မှောင်နေသည်။

ယင်းကောင်းကင်ပြင်၌ လျှပ်လက်သကဲ့သို့ ဝင်းခနဲအရောင်တစ်ချက်ကို မြင်လိုက်ရသည်။ ထို့နောက် မိုးခြိမ်းသံကဲ့သို့ အသံကြီးတစ်သံ . . .။

ထားက ထိတ်လန့်တကြားမေးသည်။

"အဲဒါ ဘာသံကြီးလဲ . . . "

အသံကြီးများသည် ဆက်ကာလာသည်။ စည်းနရီမှန်မှန်နှင့် ဆက်ကာလာသည်။

"အမြောက်သံထင်တယ် ထား . . . "

ခပ်ခွာခွာထိုင်နေရာမှ ထားသည် ကျွန်တော့်အနား ရုတ်တရက်ကပ်လိုက်သည်။ လက်ကလေးများကလည်း ကျွန်တော့်လက်ကို ဆုပ်ကိုင်လာ၏။

"ယူ . . . ထ . . . ပြေးမယ် . . . ပြေးကြမယ် . . . "

"ဖြည်းဖြည်း . . . ထား . . . အမြောက်သံတွေက အဝေးကြီးကပါ . . . "

"ဟင့်အင်း . . . ဝေးဝေး . . . တော်တော်ကြာ အမြောက်ဆံတွေ ကျလာလိမ့်မယ် . . . "

ဘယ်လောက်ဝေးဝေးက အမြောက်ပစ်နေသည်မသိ။ ပြီးတော့ အမြောက်ဆံသည် ဘယ်လောက်ဝေးဝေး ရောက်နိုင်မှန်းလည်း မသိ။

ထားကိုသာ အားပေးရသည်၊ အတွေ့အကြုံလည်းမရှိသော ကျွန်တော့်မှာလည်း အနည်းငယ်မဟုတ်။ အတန်လေး ထိတ်လန့်နေမိသည်။

"ကဲ . . . လာ . . . အိမ်ပြန်ကြမယ် . . . ထား ရှေ့ကသွား . . . "

"ဟင့်အင်း . . . မသွားရဲဘူး . . . ကြောက်တယ် . . . "

"ဒုက္ခပါပဲ . . . ကဲ . . .လာ . . . အတူသွားမယ် . . . "

ကျွန်တော်က အမှတ်မထင်ပဲ ထား၏လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်မိသည်။ ထားက မရုန်းသည့်အပြင် ကျွန်တော့်လက်ဖဝါးကို သူ့လက်ဖဝါးလေးများနှင့် မြဲအောင် ပြန်ဆုပ်ထားသည်။

တစ်ဦးလက် တစ်ဦးတွဲပြီး ထားနှင့်ကျွန်တော်သည် အိမ်ဆီသို့ ပြေးလာကြ၏။

* * *

ထားနှင့် ကျွန်တော် ကြားခဲ့ရသော အမြောက်သံများမှာ နာမည်ကျော်ရွှေတောင်တိုက်ပွဲကြီး၏ နိဒါန်းအဖွင့် အမြောက်သံများတည်း . . .။

ကျွန်တော် အထက်တစ်နေရာ၌ အစီရင်ခံခဲ့သည့်အတိုင်း မြန်မာပြည်တပ်ပေါင်းစုကြီးဖွဲ့ကာ ပြည်မြို့တစ်ဝိုက်မှ ကြွကြွခံရန် ဗိုလ်ချုပ်ကြီးဆလင်းသည် စီမံစိုင်းပြင်းနေသည်။

ဗိုလ်ချုပ်ကြီးဆလင်း၏ စစ်ဗျူဟာအောင်မြင်ရေးအတွက် အဓိကသော့ချက်မှာ ပဲခူးရိုးမ၏ အရှေ့ဖက်စစ်မျက်နှာ၌ ဂျပန်တပ်များ ရှေ့ဆက်မတက်နိုင်ရန် တရုတ်တပ်များက တောင်ငူတွင် ကြွကြွခံနေမှု ဖြစ်သည်။

www.burmeseclassic.com



ချန်ကေရှိတ်၏ တရုတ် အမှတ် (၅) တပ်မတော်ကြီးမှ အမှတ် (၂၀၀) ဒီဝီဇံတပ်ကြီးက တောင်ငူတွင် ရောက်ရှိနေပြီ။ ကျန် တပ်ရင်းများက လားရှိုးမြို့မှ မခွာရသေး။ တတိယမြောက် ဒီဝီဇံတပ်ကြီးဖြစ်သည့် အမှတ် (၉၆) က မြန်မာပြည်နယ်စပ်ကိုပင် မကျော် ရသေး။

သည်အခြေအနေတွင် မတ်လ ၂၄ ရက်နေ့၌ ဂျပန်တို့၏ အမှတ် (၅၅) ဒီဝီဇံတပ်မကြီးကို မြောက်ဖက်မှ အဆက်သွယ်များနှင့် ဖြတ်တောက်၍ ဝိုင်းထားလိုက်၏။

တရုတ်တပ်တို့ အသက်ရှုပေါက်ရရန် ပဲခူးရိုးမ၏ အနောက်ဘက်၌ရှိနေသော အင်္ဂလိပ်တပ်တို့က လျှပ်တပြက်ထိုးစစ်ဆင်ရန် အရေးတကြီး လိုက်လာ၏။

ချန်ကေရှိတ်၏ တိုက်တွန်းချက်ကြောင့် မြန်မာပြည်စစ်မျက်နှာ ဗြိတိသျှ သေနာပတိကြီး အလက်ဇန္ဒားက သူ့လက်အောက်ခံ တပ်မှူးကြီး ဗိုလ်ချုပ်ကြီးဆလင်းကို ထိုးစစ်ကြီးတစ်ရပ်ဆင်ရန် မတ်လ ၂၈ ရက်နေ့၌ အမိန့်ပေးရတော့၏။

ခံစစ်အတွက် ပြင်ဆင်နေရသော ဗိုလ်မှူးကြီးဆလင်းမှာ ထိုးစစ်နွှဲနိုင်လောက်အောင် အခြေအနေမရှိ။ သူ့တပ်များကို အုတ်ဖိုမှ သည် ပြည်ဘက်သို့ ပြန်ဆုတ်ခိုင်းထားပြီ။ သို့ရာတွင် အထက်အမိန့်ကို သူ မလွန်ဆန်သာ။

သူကတစ်ဆင့် ဗိုလ်ချုပ်ကိုဝင်ကို အုတ်ဖိုအထိ ပြန်သိမ်းရန်နှင့် ဧရာဝတီမြစ်အနောက်ဘက်မှ လာမည့် ရန်သူတို့ကို ဟန့်တား ရေးအတွက် ညောင်စာရေးမြို့ကလေးကို သိမ်းပိုက်ထားရန် တာဝန်ပေးတော့၏။ (ညောင်စာရေးကား ထုံးဘိုမြို့နှင့် ဟိုဘက်ကမ်း သည်ဘက်ကမ်း မျက်နှာချင်းဆိုင် မရှိတရှိဖြစ်၏။) မရင်းတပ်သားများ၊ ကွန်မန်ဒိုတပ်သားများ၊ မြန်မာပြည် နယ်ခြားစောင့်တပ်များနှင့် ဖြစ်သလိုဖွဲ့စည်းထားရသော တိုက်ကင်းတပ်ကလေးများကိုလည်း ဧရာဝတီအနောက်ဖက်ကမ်း၌ လှုပ်ရှားစေရမည် ဆို၏။

အရေးပေါ် ထိုးစစ်မိန့် မထုတ်မီကလေးတွင်ပင် ဗိုလ်ချုပ်ကိုဝင်၏လက်အောက်ရှိ ဂလောက်စက်စတား ဗြိတိသျှတပ်သားတို့ သည် သတ္တိစွမ်းပြသည့်အနေနှင့် ဂျပန်သိမ်းထားသော ပေါင်းတည်မြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ ခေတ္တ သိမ်းပိုက်ထားခဲ့သည်။ ထို့နောက် စစ်ပရိယာယ်အရ ပြန်လည်စွန့်ပစ်ဆုတ်ခွာလာကြပြန်သည်။ အရေးပေါ် ထိုးစစ်မိန့်ထွက်လာသောအခါ အုတ်ဖိုအထိ ပြန်ချီ တက်ရေးအတွက် ပထမခြေလှမ်းအဖြစ် ပေါင်းတည်ကို တဖန်သိမ်းရန် ဗိုလ်ချုပ်ကိုဝင်က ဗိုလ်မှူးချုပ်အင်းစတတ်(စ)ကို တာဝန်ပေး သည်။

ဗိုလ်မှူးချုပ်အင်းစတတ်(စ)လည်း တင့်ကားတပ်ရင်းတစ်ရင်း၊ အမြောက်တစ်စုတစ်စု၊ ခြေလျင်တပ်ရင်းသုံးရင်း၊ အင်ဂျင်နီယာ တပ်ခွဲသုံးခွဲတို့ကို ဖြစ်သလိုစုစည်း၍ ပေါင်းတည်မြို့ဆီ အပြင်းချီသည်။

ပေါင်းတည်မြို့မရောက်မီ နောက်ကျောမှ ဂျပန်တပ်တစ်တပ် ပေါ်လာသောကြောင့် ရင်ဆိုင်ရန် တပ်အချို့ ခွဲထားခဲ့ရပြီး ရှိသ မျှအင်အားနှင့် ပေါင်းတည်မြို့ကို ဆက်တိုက်သည်။ ရှုပ်ရှုပ်ထွေးထွေး အကြိတ်အနယ်တိုက်ရပြီး ပေါင်းတည်မြို့ကို ခေတ္တသိမ်းပိုက် နိုင်သော်လည်း နောက်ဆုံး၌ တပ်လန်ဆုတ်ရပြန်၏။

ဗိုလ်မှူးချုပ်အင်းစတတ်(စ)ထံမှ ဒီဝီဇံဌာနချုပ်သို့ သတင်းပို့ရန်ပြန်လာခဲ့သော အရာရှိတစ်ဦးမှာ ရွှေတောင်တစ်မြို့လုံး ရန်သူ တပ်များနှင့် ပြည့်နေကြောင်း တွေ့ခဲ့လေရတကား ဗိုလ်မှူးချုပ် အင်းစတတ်(စ)ကို ပြည်သို့ အမြန်ပြန်ဆုတ်ရန် ဗိုလ်ချုပ်ကိုဝင်သည် ညွှန်ကြားရတော့၏။

ရွှေတောင်မြို့သည် ပြည်အောက် ဆယ်မိုင်ခန့်ရှိ၍ ပေါင်းတည်အထက် မိုင်နှစ်ဆယ်ကျော်ကျော် ရှိသည်။ ရွှေတောင်သည် ကြက်လျှာစွန်းသဏ္ဍာန် လမ်းဆုံလည်း ဖြစ်သည်။ တစ်လမ်းက ပေါင်းတည်ဆီပြေးသော ပြည်–ရန်ကုန် လမ်းမကြီးဖြစ်၍ တစ်လမ်းက အနောက်တောင်ဘက်ရှိ ဧရာဝတီမြစ်ကမ်းမှ ညောင်စာရေးမြို့ဆီပြေးသော နှစ်ဆယ့်သုံးမိုင်ခန့်ရှိ လမ်းတိုတစ်ခု ဖြစ်လေ၏။

ဂျပန်နှင့် မြန်မာ့လွတ်လပ်ရေးတပ်သားတို့သည် ညောင်စာရေးလမ်းမှလည်းကောင်း၊ မြစ်ကြောင်းအတိုင်း ရွှေတောင်ဆိပ်ကမ်း အရောက်လည်းကောင်း ချီတက်ပြီး ရွှေတောင်မြို့ကို သိမ်းထားလိုက်ဟန် တူသည်။

ထိုနေ့ညနေခြောက်နာရီတွင် ရွှေတောင်တိုက်ပွဲကြီး စတော့၏။

ပေါင်းတည်မှဆုတ်လာသော ဗိုလ်မှူးချုပ်အင်းစတတ်(စ)၏တပ်များက မြို့၏တောင်ဘက်မှ တိုက်သည်။ ပြည်မှ ဗိုလ်ချုပ် ကိုဝင်လွှတ်လိုက်သော အိန္ဒိယတပ်ရင်းနှစ်ရင်းက မြို့၏မြောက်ဖက်မှ တိုက်သည်။

ခါးလည်ကိုဝင်ဖြတ်သူတို့ မြို့လယ်တွင် နှစ်ဖက်ညှပ်အတိုက်ခံရသော စစ်ပွဲကြီးဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတစ်ညလုံးနှင့် နောက်တစ်နေ့တစ်နေ့လုံးလိုလို အပြင်းတိုက်ကြသည်။ နှစ်ဖက်အမြောက်ဒဏ်ကြောင့်ရော၊ ဂျပန်လေယာဉ်တို့၏ ဗုံးဒဏ်ကြောင့်ရော ရွှေတောင်မြို့ကြီးမှာ မီးဟုန်းဟုန်းတောက်လောင်၍ ပျက်စီးရသည်။

ဂျပန်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများ မရှုမလှ အတုံးအရုံးကျဆုံး၍ မီးလောင်နေသော မြို့ပျက်ကြီးမှ ခွာပြေးကြရသည်။

ဗြိတိသျှတပ်နှစ်တပ်မှာ ပေါင်းမိသွားပြီး ပြည်မြို့ဆီသို့ ဆုတ်တက်သွားနိုင်ကြ၏။ ယင်းသည့်တိုင်အောင် သူတို့ဖက်မှလည်း အကျအဆုံးမနည်း။ တင့်ကားဆယ်စီး၊ အမြောက်နှစ်လက်၊ မော်တော်ယာဉ်အများ ဆုံးရှုံး၍ လူပေါင်းသုံးရာ့ငါးဆယ်ကျော် သေကြေဒဏ်ရာရရသည်ဟူ၏ . . .။

ယင်းတိုက်ပွဲကြီးတွင် ဂျပန်ထက် မြန်မာ့လွတ်လပ်ရေးတပ်မတော်သားအများ မရှုမလှ အတုံးအရုံး ကျဆုံးကုန်ရသည်။ ထုံးဘို၌ ကျွန်တော်တွေ့ခဲ့ရသော လူရွယ်တပ်သားသစ်ကလေးရော ပါသွားလေသည်လောမသိ . . .။

ဒေါက်တာမောင်မောင်တည်းဖြတ်သော 'မြန်မာပြည်ကြီး၏ သားကောင်းရတနာ အောင်ဆန်း' ဟူသော စာအုပ်တွင် ဗိုလ်မှူးချုပ်ဟောင်း မောင်မောင်က ရွှေတောင်တိုက်ပွဲကို 'ထောင်ချောက်' ဟု မှတ်ချက်ချထားသည်။ စစ်ရည်မဝသေးသော မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများကို သေတွင်းပို့ခဲ့သော သေမင်းထောင်ချောက် . . .။

သူတို့ကို သေမင်းထောင်ချောက်အတွင်း ပို့ခဲ့သူမှာ မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို မျက်မုန်းကျိုးနေပြီဖြစ်သော ဖက်ဆစ်ဂျပန်လော . . .။

ပုဂ္ဂလိက ကျော်ကြားရေးအတွက် မိမိ၏လက်အောက်မှ တပ်သားများကို အသက်သွေး စတေးစေခဲ့သော သူတို့၏တပ်မှူးပင်လော . . .။

သူတို့၏တပ်မှူးကား ဗိုလ်ရန်နိုင် . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ရွှေတောင်တိုက်ပွဲ ဖြစ်နေစဉ်အတွင်း ထုံးဘိုမြို့ကလေးမှာ အထိတ်တလန့်ဖြစ်နေ၏။

နေ့ဆိုလျှင် အမြောက်သံကြီးများကို တအိမ့်အိမ့် တဟိန်းဟိန်း ကြားနေရသည်။ ညဆိုလျှင် အသံသာမက မြစ်၏အရှေ့ဘက်ကမ်း မိုးကောင်းကင်တွင် လျှပ်လက်သကဲ့သို့လည်း မြင်နေရသည်။ မီးတောက်မီးလျှံတို့၏ အရောင်များကိုလည်း တွေ့နေရသည်။

ထုံးဘိုမြို့မှ လူအချို့သည် အကောက်တောင်နှင့် ကြည်းတောင်ဆုံရာရှိ 'မြောင်' ဟု ခေါ်သော တောင်ကြားရွာလေးဆီ ရှောင်ပြေးကြသည်။

ကျွန်တော်တို့ကတော့ ထုံးဘိုတွင်သာ ဆက်နေကြသည်။ သို့ရာတွင် ကျီးလန့်စာစားနှင့် . . .။

အမှန်မှာ သည်တုန်းက ဘာဖြစ်နေလို့ ဘာဖြစ်နေမှန်း ကျွန်တော်တို့ မသိကြ . . .။

ရွှေတောင်တွင် တိုက်ပွဲကြီးတစ်ခု ဖြစ်နေသည် . . . သည်လောက်သာသိသည်။

ဘယ်သူနိုင်၍ ဘယ်သူရှုံးသည်ကို ရတ်တရက်မသိ။

သတင်းမျိုးစုံကမူ ထုံးစံအတိုင်း ထွက်ပေါ်နေ၏။

တရုတ်စစ်ကူတပ်များ ပြည်သို့ ရောက်နေပြီလိုလို . . .။

အင်္ဂလိပ်တပ်များသည် ပန်းတောင်းဘက်ကမ်းကူးပြီး ထုံးဘိုမြို့ဆီပင် ချီလာကြသလိုလို . . .။

ထုံးဘိုနှင့် ကြံခင်းကြားတွင် အကောက်တောင်တန်းကြီး ခံနေသောကြောင့် ဂျပန်တို့က ပထဝီအနေအထားကျသော ထုံးဘိုမြို့ကပင် ခံစစ်တိုက်မယောင်ယောင်။ ယင်းသို့ဆိုလျှင် ယနေ့အထိ စစ်ကြောင်းသာအဖြတ်ခံရ၍ စစ်ဒဏ်မခံရသေးသော ထုံးဘိုမြို့ကလေးမှာ စိစိညက်ညက် ကြေလေတော့မည် . . .။

သို့ရာတွင် တဖြည်းဖြည်းနှင့် အမြောက်သံများသည် မြောက်ဘက်ဆီသာ ရွေ့သွားသည်။ တောင်ဘက်သို့ ရွေ့မလာ . . .။

ဂျပန်နိုင်၍ အင်္ဂလိပ်ဆုတ်ရသော သဘောတည်း။

ရွှေတောင်တိုက်ပွဲမှာ တစ်ညနှင့်တစ်နေ့သာ ကြာသော်လည်း ကျွန်တော်တို့သည် အမြောက်သံများကို သုံးရက်ခန့် ဆက်တိုက်ကြားနေရသေးသည်။ အကြောင်းကား ရွှေတောင်ကျသော်လည်း တိုက်ပွဲကမပြီး။ အင်္ဂလိပ်တို့က မော်ဇာ၊ ပြည်၊ တမာခေါက် သုံးနေရာမှ အလုံးအရင်းနှင့်ခံနေသောကြောင့် ဖြစ်လေသည်။ တိုက်ပွဲ ပြင်းပြင်းထန်ထန်များ ဖြစ်ပြီးမှ အင်္ဂလိပ်တို့သည် အာလံ (အောင်လံ) မြို့ဘက်သို့ ဧပြီလ ၃ ရက်နေ့တွင် အပြီးအပိုင် ဆုတ်ပေးသည်ဆို၏။

မရေရာသော ထိုရက်များအတွင်း ထုံးဘိုမြို့တွင် စိုးရိမ်စိတ်လွှမ်းမိုးနေသည်။ ထိုထက် ကျွန်တော်တို့အိမ်မှာ စိုးရိမ်စိတ် ပိုမိုလွှမ်းမိုးနေသည်။

မခင်အေးမှာတော့ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေ၏။ ထမင်းဟင်းလဲ မှန်မှန်မစားတော့ . . .။

နံနက်၊ နေ့ခင်းနှင့် ညနေဆိုလျှင် မခင်အေးသည် မြစ်ဆိပ်ဦးထိုင်ကာ မျှော်နေလေ့ရှိသည်။ မြောက်ဘက်မှစုန်လာသောလှေဆိုလျှင် မျှော်လင့်တကြီးနှင့် ကြည့်လေ့ရှိသည်။ ဦးတင်လတ်ကား ပေါ်မလာ။ ပေါ်မလာတော့ မခင်အေးမျက်ရည်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ထားသည်လည်း သူ့မိခင်နှင့်အတူ မြစ်ဆိပ်ဆင်းမျှော်ရှာသည်။ ထားမြစ်ဆိပ်ဆင်းတော့ ကျွန်တော်လည်း လိုက်ဆင်းသည်။ သူ့မိခင်မျက်ရည်ကျတော့ ထားလည်း မျက်ရည်ကျသည်။ ထားမျက်ရည်ကျပြန်တော့ ကျွန်တော် မောင်မြတ်ဆွေပါ မျက်ရည်ဝဲရပါ၏ . . . ဝဲရပါ၏။

ချစ်တော့ ငိုရသည်။ ထားနှင့်ကျွန်တော် ဟိုတစ်ညနေက အမှတ်မထင်ပြောမိသော စကားလေးများ . . .။

ချစ်တော့ ငိုရသည်။ မှန်သည် . . . နိမိတ်နွမ်းသည့် သည်သင်ခန်းစာကို စောစောစီးစီးကတည်းက ကျွန်တော် ကြုံခဲ့ရပါသည်။

အဲသည်တုန်းကတော့ သင်ခန်းစာကို သင်ခန်းစာမှန်း ကျွန်တော်မသိ။ တစ်စုံတစ်ယောက်အပေါ် ငိုရဖို့ ကျွန်တော်ချစ်နေမိပြီ ဆိုသည်ကိုလည်း သည်တုန်းက ငယ်ငယ်ရွယ်ရွယ် ကျွန်တော့်နှလုံးသားက နားမလည် . . .။

ထားမိခင်နှင့် ထားမျက်ရည်ကျသည်ကို ကျွန်တော်သိသည်။ မျက်ရည်ဝဲရသည့် ကျွန်တော့်အဖြစ်ကိုတော့ ဘယ်သူမျှမသိ။

ငေါင်းဆူ လူမသိ၊ အုံ့ပုန်းပူ လူမမိပဲ တိတ်တိတ်လေး ကြိတ်မျက်ရည်ကျနေရှာသူ တစ်ဦးလည်း ရှိလေသေးသည်။

တစ်နေ့တွင် မြစ်ဆိပ်မှ ကျွန်တော်သည် ထားတို့နှင့်အတူ ပြန်တက်လာသည်။

နံနက် ထမင်းစားချိန်လွန်ပြီ။

တစ်အိမ်သားလုံး စားပြီးကြပြီ။ ထားနှင့်ကျွန်တော်လည်း စားပြီးကြပြီ။ မခင်အေးသာ မစားရသေး။

မေမေကြီးက မမကို ထမင်းပြင်ရန် ပြောခိုင်းသောကြောင့် မီးဖိုချောင်ဆီ ကျွန်တော် ထွက်လာခဲ့၏။

မမကို မီးဖိုချောင်၌ ကျွန်တော် မတွေ့ရ။

မီးဖိုချောင်နောက်သို့ ကျွန်တော်ထွက်လာခဲ့သည်။

ဂျပန်မော်တော်များလာစဉ်က မိုးကျရွှေကိုယ် တက်ပုန်းနေခဲ့သော ပုတ်စင်ရှိ ပုတ်တစ်ခုအကွယ်မှ ရှိုက်ငိုနေသံကို ကျွန်တော် ကြားရသည်။

အသံလာရာဆီသို့ ကျွန်တော် လျှောက်သွားသည်။

"အို . . . "

ငိုနေသူကား ကျွန်တော့်မမ။

"အို . . . မမ ငိုနေတယ် . . . ဘာဖြစ်လို့လဲဟင် . . . "

မျက်ရည်ပြည့်သော မျက်လုံးများနှင့် မမသည် ကျွန်တော့်ကို မော့ကြည့်သည်။

မမ၏မျက်လုံးများ၌ ကျွန်တော့်အပေါ် အပြစ်တင်လိုဟန် ပြနေသည်။

"ပြောလေ . . . ဘာဖြစ်လို့ ငိုနေတာလဲလို့ . . . "

"ဘာဖြစ်လို့ငိုနေတာလဲ . . . ဟုတ်လား မြတ်ဆွေ . . . နင် မေးရက်တယ် . . . "

"ဗျာ . . . "

"နင်မေးရက်တယ်လို့ . . . "

မမ၏အသံ၌ နာကျည်းမှုပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ . . . အခြောက်တိုက် . . . မမက ဘာလို့ ကျွန်တော့်ကို အပြစ်ရှာရတာလဲ . . . "

"အပြစ်ရှာတာ မဟုတ်ဘူး . . . နင် ကိုယ်ချင်းမစာတာကို ပြောတာ . . . "

အသားလွတ် အစွပ်စွဲခံနေရသောကြောင့် ကျွန်တော် အနည်းငယ် စိတ်တိုလာသည်။

"နင် ငါ့ဒုက္ခကို မသိဘူး . . . "

"မမဒုက္ခက ဘာဒုက္ခလဲ . . . "

"ဘာဒုက္ခရမှာလဲ . . . ငါ့မှာ လင်တစ်ယောက်လုံးနဲ့ ကွဲနေရတယ် . . . ငါ့လင်က စစ်ဖြစ်နေတဲ့နေရာမှာ . . . ပြေးနိုင်ရှောင်နိုင်အောင် လူများလို လွတ်လွတ်လပ်လပ်လဲ မဟုတ်ဘူး . . . ထောင်ထဲမှာ . . . သေစရာရှိ အရင်သေမှာ . . . ဝေ်စရာရှိရင် အရင်ဝေ်မှာ . . . "

ကျွန်တော့်ရင်၌ စိတ်တိုမှုက ရှိနှင့်နေသည်။ မမစကား ကြားရသောအခါ ငိုအားထက် ရယ်အားသန်သွားသည်။

"အို . . . ဟို . . . ဟို . . . အား . . . ဟား . . . ဟား . . . ဖြစ်မှ ဖြစ်ရလေ မမရယ် . . . အား . . . ဟား . . . ဟား . . . "

ကျွန်တော်က အော်ရယ်သည်။ ဟက်ဟက်ပက်ပက်ရယ်သည်။

ငိုနေရာမှ မမ၏မျက်နှာသည် တင်းမာလာသည်။

"မြတ်ဆွေ . . . နင်က ငါ့ကို လှောင်တယ်ပေါ့ . . . ဟုတ်လား . . . "

"အို . . . ဟို . . . လှောင်တာ မဟုတ်ဘူး . . . ရယ်ကို ရယ်ချင်တာ . . . "

"နင်က ဘာလို့ ရယ်ချင်ရတာလဲ . . . "

"မရယ်လို့ ကျွန်တော်က လိုက်ငိုရမှာလား . . . မမလင် သူတော်ကောင်း အဖိုးတန် . . . မမနဲ့ ကျွန်တော့်အပေါ်မှာ ချစ်ရှာသနားရှာ ကောင်းရှာ . . . "

ကျွန်တော့်စကား မဆုံးလိုက်ရ။

အကြောင်းမှာ . . . မမ၏လက်တစ်ဖက်က မြောက်တက်လာပြီး ကျွန်တော်၏ပါးကို တအားရိုက်လိုက်သောကြောင့်တည်း။

ကျွန်တော့်မျက်လုံးများအတွင်း၌ မီးပွင့်များကို မြင်လိုက်ရ၏။ ပါးတစ်ဖက်မှာ ပထမ၌ ပူထူသွားသည်။ ထို့နောက် နာကျင်လာ၏။

ကျွန်တော်က မမကို စေ့စေ့ ပြန်ကြည့်မိသည်။

ထူးဆန်းစွာပင် မမက ကျွန်တော့်ပါးကို ရိုက်လိုက်သောအခါ ကျွန်တော်ဒေါသမထွက်တော့။ မူလက ရှိနေသောဒေါသတွေပင် ဘယ်ပြေးကုန်သည်မသိ။

ပထမ ရင်မှာ အံ့ဩမိသည်။ နောက်တော့ ဆို့နင့်ဝမ်းနည်းလာသည်။

တစ်သက်နှင့်တစ်ကိုယ် ကျွန်တော့်ကို တစ်ခါဖူးမှ မရိုက်ခဲ့ဘူးသော မမ . . .။ ရိုက်ရန်ဝေးစွ စကားကိုပင် ထန်ထန်မာမာ မပြောခဲ့ဖူးသော မမ . . .။ ယခုတော့ ရိုက်လေပြီ။ ရိုက်မယ့်ရိုက်တော့ ပါးကိုမှ . . .။

ကျွန်တော့်ကို ဆက်မရိုက်တော့သော်လည်း မမ၏မျက်နှာ၌ ဒေါသအရိပ်အယောင်တို့ မပြေသေး။

ကျွန်တော်သည် နောက်ကို အသာဆုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမကို စိတ်ဆိုးအောင်ပြောမိတာ ကျွန်တော် တောင်းပန်ပါတယ် . . . ဟုတ်တယ် . . . ကျွန်တော် ကိုယ်ချင်းမစာမိဘူး . . . ဘာကို ကိုယ်ချင်းစာရမှန်းလဲ ကျွန်တော်မသိဘူး . . . မမကို ကိုယ်ချင်းစာနိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ် . . . "

လာရင်းကိစ္စကိုပင် မပြောပြနိုင်တော့ပဲ ကျွန်တော်သည် မမအနားမှ ပြေးထွက်လာခဲ့မိသည်။

ထိုနေ့ညနေက ကျွန်တော်ထိုင်နေကျ မြေအငူရှိ ကုက္ကိုပင်ကြီးနောက်၌ ကျွန်တော်သွားထိုင်နေမိသည်။

ကျွန်တော့်လက်တွင် မယ်ဒလင်မပါ။ ကျွန်တော့်အနားတွင် ထားလည်းမရှိ။

တစ်နည်းအားဖြင့် ကောင်းပါသည်။ ကျွန်တော်၏ရင်မှာ နေ့လယ်က မမနှင့်ဖြစ်ခဲ့ရသော ကိစ္စကြောင့် မချမ်းသာ . . .။ တစ်ကိုယ်တည်း ငေးချင်နေသည်။ တစ်ကိုယ်တည်း တွေးချင်နေသည်။

အမြောက်သံများကို မကြားရတော့။ နွေ၏ညနေသည် အေးချမ်းသာယာနေ၏။ ဥသြသံကလေးကိုပင် ကြားနေရ၏။

မြစ်ရေသည် ခါတိုင်းကဲ့သို့ ညင်ညင်ခွေခွေ စီးနေ၏။

ခါတိုင်းကဲ့သို့ ညင်ညင်ခွေခွေစီးနေသော မြစ်ရေ၌ ခါတိုင်းမတွေ့ရသော အရာများကား မျောပါလာနေ၏။

လူသေအလောင်းများတည်း။

အင်္ဂလိပ်အလောင်းများလည်း ပါသည်။ ဂျပန်အလောင်းများလည်း ပါသည်။ မြန်မာအလောင်းများလည်း ပါသည်။ မဆီမဆိုင် မိန်းမနှင့် ကလေးအလောင်းများလည်း ပါသည်။

ယခင်က လူသေကောင် ရေ၌မျောပါသည်ကို ကျွန်တော်မတွေ့ဘူး။ ယခုတော့ ရိုးနေပြီ။ ကြဲကြဲဖန်ဖန် သဘာဝကိုပင် သိရပြီ . . .။

ယောကျာ်းအသေကောင်က မှောက်လျက်မျောသည်။ မိန်းမအသေကောင်က ပက်လက်မျောသည်။

ပုတ်ပွသော အသေကောင်များမျောလာလျှင် တစ်မြစ်လုံးဟောင်၍ ရေချိုးသူများ တက်ပြေးရသည်။ အဆိုးဆုံးမှာ ပွရုံပွ၍ မပုပ်သေးသော အသေကောင်များဖြစ်၏။ ဝဲမိ၍ တလည်လည်ဖြင့် ကမ်းနားရေချိုးသူတွေကြား ဝင်တိုးတတ်သည်။ ထိုအခါမျိုးတွင် မိန်းမနှင့် ကလေးများက ထိတ်လန့်တကြား တက်ပြေးတတ်ကြသည်။ ယောကျာ်းအချို့ကမူ ဒုတ်နှင့်ထိုးလှန်ကာ ရှာဖွေစုံစမ်းတတ်ကြသည်။ အကြောင်းကား အချို့အသေကောင် . . . အထူးသဖြင့် အင်္ဂလိပ်စစ်ဗိုလ်အသေကောင်များ၏ကိုယ်၌ လက်စွပ်နှင့် လက်ပတ်နာရီများ ပါလာတတ်သောကြောင့်တည်း . . .။

ယခု ကျွန်တော် ငေးကြည့်နေဆဲမှာပင် မြစ်လယ်၌ လူသေကောင်တစ်လောင်း မျောလာသည်။

မှောက်ခုံဖြစ်သောကြောင့် ယောကျာ်းမှန်း သိသည်။ ယူနီဖောင်းနှင့်ဖြစ်သောကြောင့် စစ်သား သို့မဟုတ် စစ်ဗိုလ်မှန်း သိသည်။ ဂျပန်လား အင်္ဂလိပ်လားတော့ မသိ။

အိပ်တန်းတက်ချိန်နီးပြီ ဖြစ်သော်လည်း ကျီးကန်းနှစ်ကောင် လူသေကောင်၏ကျောထက် စီးနင်းလိုက်ပါရင်း ထိုးဆွစားသောက်နေကြသည်။

လူသေကောင်သည် ဘယ်အထိမျောမည်နည်း။ ကျီးနှစ်ကောင်ကလည်း ဘယ်အထိ လိုက်မည်နည်း။

ကျီးထိုး ငါးတွတ်နှင့် သည်အလောင်းကောင်သည် တစ်ကြိမ်က လူ၊ အသက်နှင့် လူ . . .။ ဂျပန်ပဲ ဖြစ်ဖြစ်၊ အင်္ဂလိပ်ပဲ ဖြစ်ဖြစ်၊ မြန်မာပဲ ဖြစ်ဖြစ်။ အသက်နှင့် လူ . . .။

အသက်နှင့်လူဆိုတော့ ချစ်သူခင်သူ မြတ်နိုးသူတော့ ရှိရှာပေလိမ့်မည်။ ယခု သည်ပုံအဖြစ်မျိုးကို ချစ်သူခင်သူ မြတ်နိုးသူတို့ မြင်ရလျှင် အဘယ်သို့ ရှိရှာမည်နည်း။ ချစ်သူခင်သူ မြတ်နိုးသူတို့ကလည်း သူ သည်အချိန်ဝယ် သည်အဖြစ်မျိုး ဖြစ်နေပုံကို သိရှာကြမည်မဟုတ်။ တစ်နေရာရာတွင် တစ်နေ့မှာ ပြန်လာနိုးနှင့် စောင့်မျှော်နေရှာကြမည်။ ငို၍လည်းကောင်း . . . မျက်ရည်ကျ၍လည်းကောင်း . . . မျက်ရည်ဝဲ၍လည်းကောင်း . . . စောင့်မျှော်နေရှာကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက မှောင်မှ ကျွန်တော် အိမ်ကိုထပြန်သည်။

ညက မှောင်နေသကဲ့သို့ ကျွန်တော့်ရင်တွင်း၌လည်း မှောင်နေသည်။

ဘာကြောင့်မသိ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သင်္ကြန်သည် အမှတ်မထင် လွန်သွား၏။

ဧပြီနှင့် မေလများလည်း တစ်စတစ်စ ကုန်သွား၏။ မိုးဖြိုင်ဖြိုင်ရွာသောဇွန်လသည် ဆိုက်ရောက်လာ၏။

မိစ္ဆာအင်္ဂလိပ်များကို မဟာမိတ်ဂျပန်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်က မြန်မာ့မြေမှ အပြီးအပိုင် မောင်းထုတ်လိုက်ပြီဟု ဆိုနေကြသည်။

ခရီးလမ်းပန်းအဆက်အသွယ်များ ပြန်ကောင်း၍ မြို့ကြီးပြကြီးများ ပြန်လည်စည်ပင်လာပြီ ဆို၏။

ဗိုလ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ အမည်များသည် ကျော်ကြားထင်ရှားလာ၏။

အောင်ဆန်းဟူသောအမည်မှာ ဆန်းနေသောကြောင့် ငြင်းသူခုံသူရှိကြ၏။ အချို့က အောင်စန်းဟု ဆိုသည်။ အချို့က အောင် သန်းဟု ဆို၏။ သတင်းစာများရောက်လာမှ ရှင်းကြ၏။

ဇွန်လအတွင်း ထုံးဘိုသို့ သတင်းစာများ ရောက်လာသည်။ ဒေါက်တာဘမော်ဦးစီးသော အစိုးရအဖွဲ့ ဖွဲ့သည့်သတင်းနှင့် ဓာတ်ပုံများ ပါလာ၏။

ဗိုလ်အောင်ဆန်းဟူသည်မှာ လူရွယ်လေးတစ်ဦးသာ ဖြစ်သောကြောင့် အံ့သြကြသည်။ သူ့မေးရိုးနှင့် သူ့ငယ်ထိပ်၏ ထူးခြားပုံကို သတိပြုမိကြသည်။

ဒေါက်တာဘမော် ခေါင်းဆောင်တက်ဖြစ်သည်ကိုမူ နားမလည်နိုင်ကြ။ သခင်မြက ဌာနလက်ကိုင်မရှိ ဝန်ကြီးဖြစ်သည့် အတွက်မူ ဝမ်းသာကြသည်။ သခင်မြကား ထုံးဘိုအထက် ထုံးဘိုနှင့် ဘာမျှမဝေးသော သူရဲတန်းရွာသားမဟုတ်လော . . .။

သတင်းစာများလည်းရောက်၊ အစိုးရအဖွဲ့လည်း ဖွဲ့ပြီးပြီဆိုတော့ တိုင်းပြည်ကြီးတစ်ခုလုံးမှာ ပုံမှန်ပြန်ဖြစ်နေပုံပေါ်၏။

ထုံးဘိုမြို့ကလေးကမူ ပုံမှန်ပြန်ဖြစ်နေပါပြီ။

ဂတ်တဲနှင့်နယ်ကို ဦးသန်းနှင့် သူ့ပုလိပ်အဖွဲ့ကပင် ပြန်လည်အုပ်ချုပ်နေသည်။

ကျွန်တော်တို့အိမ်နှင့် မဝေးလှသော နှစ်ထပ်ကျွန်းအိမ်ကြီး၌နေသည့် ကျောက်ပေါက်မာသက်သက်နှင့် သဘောကောင်း အေးချမ်းသူ သခင်မြဒင်က မြို့သူကြီး ဖြစ်လာသည်။

အင်္ဂလိပ်ပိုက်ဆံနှင့် ဂျပန်ပိုက်ဆံတို့ကို ရောသုံးကုန်ပြီ။ ထိုအခါကျမှ မော်တော်များဆိုက်စဉ်က ဂျပန်များပေးသွားသည်မှာ တစ်ဆယ်တန်နှင့် ငါးဆယ်တန်မဟုတ်။ ဆယ်ဆင့်တန်နှင့် ဆင့်ငါးဆယ်တန်မှန်း သိကြရသည်။ ဆယ်ဆင့်ကို တစ်မူးနှင့်တန်းတူသုံး သောကြောင့် တစ်ဆင့်မှာ တစ်ပြားပင်မတန် . . .။

မြို့ကြီးပြကြီးများ ပြန်လည်စည်ပင်လာပြီဖြစ်သောကြောင့် ထုံးဘိုရောက်စစ်ပြေးအများ ပြန်ကုန်ကြပြီ။

ကျွန်တော်တို့အိမ်သားများသာ နောက်ဆုံးကျန်နေတော့၏။ ဦးတင်လေးနှင့် ပါလာသူတို့ပင် ပြည်သို့ ပြန်ကြပြီ။ ဦးတင်လေးက ထားတို့ကို မန္တလေးသို့ ခေါ်ချင်သည်။ မေမေကြီးက သူတို့ဘက်မှ ဆွေမျိုးများရှိရာ ရန်ကုန်သို့ပြန်ချင်သည်။ မခင်အေးက ထုံးဘိုမှမခွာလို။ သူ့ခင်ပွန်းကို မျှော်ဆဲ။ သူ့ခင်ပွန်း ထုံးဘိုသို့လိုက်လာလျှင် မတွေ့ပဲလွဲနေမည်ကို စိုးရိမ်နေ၏။ မခင်

www.burmeseclassic.com



အေး၏ ဖျော်လင့်ချက်၌ အခြေအမြစ်ရှိသည်။ မြန်မာအရာရှိကြီးအများတို့မှာ အင်္ဂလိပ်နှင့်အတူ ရွှေဘို၊ မြစ်ကြီးနားစသည်အထိ ပါသွားကြပြီးမှ နေရင်းဒေသသို့ ပြန်ရောက်လာကြသော သတင်းများကို ကြားနေရသည်။

ဖွန်လအတွင်းတစ်နေ့၌ ကျွန်တော်သည် ထုံးစံအတိုင်း ထားရေကူးနေသည်ကို စောင့်ကြည့်နေ၏။

ထားရေကူးတတ်နေပြီ . . .။ ဟိုတစ်ကြိမ် ထားရေနစ်ပြီးနောက် ကျွန်တော်က ငှက်ပျောတုံးများ လိုက်ရှာ၏။ တောမြို့လေးဖြစ်သောကြောင့် ငှက်ပျောပင်က မရှား။

ငှက်ပျောတုံးကြီးကြီးသည် လူတစ်ဦး၏အလေးဒဏ်ကို ရေထဲ၌ခံနိုင်၏။ ငှက်ပျောတုံးကို မီခိုအားပြု၍ ကိုယ်ဖော့နည်းကျင့်ပြီး ရေကူးသင်သော် မြန်၏။

ထားရေချိုးဆင်းပြီဆိုလျှင် ငှက်ပျောတုံးထမ်းပြီး နောက်မှ ကျွန်တော်လိုက်ရ၏။ ထားရေချိုးပြီးပြီဆိုလျှင် ငှက်ပျောတုံးထမ်းပြီး နောက်မှ ကျွန်တော်တက်ရ၏ . . .။ ငှက်ပျောတုံး ထားလက်မှ ချောလွတ်၍ ရေမျောပါသွားပြီဆိုလျှင် နောက်တစ်နေ့နံနက်၌ ကျွန်တော် မောင်မြတ်ဆွေ ဓားမတိုတစ်ချောင်း ခါးမှာထိုး၍ ငှက်ပျောပင်ခုတ်ထွက်ရ၏။

ဦးတင်လေးရောက်လာသောအခါ ဦးလေးနှင့် တူမဖြစ်သောကြောင့် ထားကို လက်ပွန်းတတီး ရေကူးသင်ပေးနိုင်သည်။ ထို့ကြောင့်လည်း ထား ရေကူးတတ်ပိုမြန်သည်။

ထားရေကူးတတ်စတွင် ထားကို ဦးတင်လေး သိပ်ဂရုမစိုက်နိုင်တော့။ သူ့မှာ ဂရုစိုက်ရမည့်သူတစ်ဦး တိုးလာသည်။

မခင်လေးက အစတွင် ဦးတင်လေးကို ရက်ရက်စွဲ့စွဲ့ဆက်ဆံသည်။ ကြာတော့လည်း ရင်းနှီးခင်မင်လာသည်။ တစိမ်းဆိုပေသည့် ဘာမျှမဆိုင်သောတစိမ်းတို့ မဟုတ်ကြ။ ပြီးတော့ ကာလပျက်ကြီးတွင် ထီးထီးမားမား အားကိုးစရာဟူ၍ ဦးတင်လေးတစ်ယောက်သာ အိမ်မှာရှိသည်။

အစက ရက်တတ်သော အပျိုကြီးမခင်လေးသည် ညီအစ်ကို မသိတသိမှောင်စပျိုးအချိန်ကျမှ မြစ်ဆီ ရေချိုးဆင်းလေ့ရှိသည်။ နောက်တော့ . . . ကျွန်တော်တို့၊ ထားတို့၊ ဦးတင်လေးနှင့်အတူ လိုက်လာ၏။ နောက်ဆုံးတော့ ဦးတင်လေး ရေကူးသင်ပေးသည်ကို ကြည်ကြည်ဖြူဖြူ ခံတော့၏။

ထားခေါ်သကဲ့သို့ အပါကြီးနှင့် မမထားကြီးတို့ ရေထဲတွင် ရေရေလည်လည် ပြေလည်နေကြသောအခါ ထားကို ဂရုစိုက်ရမည့်တာဝန်မှာ ဒုံရင်းအတိုင်း ကျွန်တော့်ဆီ ပြန်ဆိုက်လာခဲ့၏။

ဆိုခဲ့သည့်အတိုင်း ဖွန်လ၏နောက်ပိုင်းရက်တစ်ရက်၏ တစ်ညနေတွင် ထားရေကူးသည်ကို ကျွန်တော်စောင့်ကြည့်နေသည်။

မြစ်ပြင်သည် ရေတို့ဖြင့် ဖောင်းပြည့်နေ၏။ တောင်လေခပ်ပြင်းပြင်းလာနေသောကြောင့် မြစ်လယ်၌ လှိုင်းခေါင်းဖြူတို့ ထနေသည်။

“ထားရေ . . . လှိုင်းခေါင်းဖြူတွေတောင် ထနေပြီ . . . တော်တော့ . . . တက်တော့ . . . ”

“အင်းပါ . . . ခဏလေး . . . ထား ဆပ်ပြာတွန်းလိုက်ဦးမယ် . . . ”

“အပေါ်ကျမှ ရေကြည်ချိုးရင်း တွန်းပါလား . . . ”

“အဲဒီတော့ ရေကြည်ပိုကုန်ပြီး ယူပင်ပန်းမှာစိုးလို့ . . . ”

ဒါကတော့ မရွှေထား ကျွန်တော့်ပေါ် ‘ပို’ ခြင်းဖြစ်သည်။

မိုးတွင်းဆိုတော့ မြစ်ရေကနောက်သည်။ မြစ်ရေနောက်ချိုး၍ အသားမမည်းရန် အိမ်၌ ရေကြည်တစ်ထပ် ထပ်ချိုးရသည်။ ရေကြည်ရရန် မြစ်ရေကိုသိုလှောင်ပြီး အနယ်ထိုင် ရေကြည်ခံထားရ၏။ ရေကြည်ချိုးသောအခါ ဆပ်ပြာပြန်တွန်းရိုးဖြစ်၏။ ထို့ကြောင့် မရွှေထား ‘ပို’ သည်ဟု ကျွန်တော်ဆိုရသည်။ အမှန်က ထား၏ သည် ‘ပို’ လုံးလေးတွေသည် ကျွန်တော့်ရင်မှာ ချိုပါ၏ . . .။ ချိုလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆပ်ပြာတွန်းရင်လဲ မြန်မြန်တွန်း . . . မိုးသက်လေလာပြီ . . . "

"ဟုတ်ကဲ့ရှင့် . . . "

ထား ဆပ်ပြာတွန်းနေခိုက် ဖောက်တူတစ်စီးသည် ရွက်လွှင့်၍ ညောင်စာရေးဘက်မှ သည်ဘက်ကူးလာနေသည်။

ထား ပြီး၍ ကုန်းပေါ်တက်လာကာ မျက်နှာသုတ်ပုဝါလေးကို ခြုံနေခိုက် ဖောက်တူသည် အနီး၌ ဆိုက်လာသည်။

လှေပေါ်မှနေ၍ မမျှော်လင့်ပဲ ကျွန်တော်၏အမည်ကို ခေါ်သံပေါ်လာ၏။

"ဟော့ . . . ဟိုကောင် . . . ဟိုကောင် မြတ်ဆွေမဟုတ်လား . . . "

သည်အသံသည် သည်လောက၌ တစ်သံသာရှိသည်။ သည်ခေါ်ဟန်မျိုးသည်လည်း သည်လောက၌ သည်တစ်မျိုးသာရှိသည်။

ကျွန်တော် အံ့အားသင့်နေခိုက် ကျွန်တော့်ယောက်ဖသည် ဖောက်တူပေါ်မှ ဆင်းလာ၏။

"ဩော် . . . ခင်ဗျားကိုး . . . "

"အေး . . . ငါ . . . ဘာလဲ . . . မင်းတို့က ငါ့ကို သေပြီထင်လို့လား . . . "

တွေ့မည်မှ မကြံသေး။ မေတ္တာရှိဖွယ်စကားကို စဆို၏။

မျက်နှာသုတ်ပုဝါလေးကို ပခုံးထက်လွှမ်းခြုံလျှက် ထားက ကျွန်တော့်နားကပ်ရပ်သည်။

ကျွန်တော့်ယောက်ဖက ထားကိုကြည့်ပြီး မေး၏။

"သူ ဘယ်သူလဲ . . . "

"ထား . . . ဝန်မင်းဦးတင်လတ်သမီး . . . "

ကျွန်တော့်ယောက်ဖ၏မျက်နှာသည် ပြုံးချိုသွားသည်။ လေးစားရိုသေသောအသွင်လည်း ပေါ်လာ၏။

"ထား . . . ဟုတ်လား . . . သတင်းကောင်းပါလာတယ် . . . ထားတို့ ဖေဖေ . . . အဲ . . . ဒယ်ဒီဆီက . . . "

ထား၏မျက်လုံးလေး ပြူးသွားသည်။ မျက်နှာလေးသည် ဝင်းသွားသည်။

"ဘာ . . . ဒယ်ဒီဆီက . . . ဒယ်ဒီမသေသေးဘူးနော် . . . ဟုတ်လား . . . "

"အို . . . ဘယ်က သေရမလဲ . . . ဒီမှာ စာပါလာတယ် . . . "

ကျွန်တော့်ယောက်ဖက သူ့ရင်ဘတ်ကို ပုတ်ပြ၏။

ထားထံမှ ရှင်မြူးအော်ဟစ်သံလေး ပေါ်လာ၏။

ထားသည် ကုန်းပေါ်သို့ တက်ပြေးမည်ပြင်၏။ သို့ရာတွင် ကျွန်တော့်ယောက်ဖက လျှင်မြန်လှစွာဖြင့် ထားကို ဆွဲထား၏။

"တိုးတိုးတိတ်တိတ် ကလေးမ . . . လူမသိစရာတွေ ပါတယ် . . . "

"လူမသိစရာ . . . ဘာတွေမို့လဲ . . . "

"အိမ်ကျမှ ဦးလေးရှင်းပြမယ် . . . ကဲ . . . လာ . . . လာ . . . သွားကြစို့ . . . "

www.burmeseclassic.com

www.burmeseclassic.com



* * *

စာကိုဖတ်သူမှာ ဦးတင်လေးဖြစ်သည်။

“အေးရော . . . မေမေရော . . . လေးလေးရော သည်စာကို သေသေချာချာဖတ်ပြီး သဘောပေါက်စေလိုတယ် . . . အထူးသဖြင့် သမီး ထားကို နားလည်ပါစေ . . . အေးနဲ့ထား အားငယ်မှာကို မောင် အစိုးရိမ်ဆုံးပဲ . . . ”

“အေးတို့ ဒီစာကို ဖတ်နေရတဲ့အချိန်မှာ မောင်ဟာ ကလာကတ္တားမှာဖြစ်စေ . . . အနည်းဆုံး အင်ဖာမှာဖြစ်စေ ရောက်နေပြီ . . . ဒီစာကိုတော့ ကလေးမြို့က ရေးလိုက်တယ် . . . ကလေးမြို့မှာ မောင်တို့နဲ့အတူ ဗိုလ်ချုပ်ကြီးဆလင်းရော . . . ဗိုလ်ချုပ်ကိုဝင်ရော . . . ဘေးမသီရန်မခပဲ ရောက်ရှိနေကြတယ် . . . ဂျပန်တွေက ဘယ်လိုဝါဒဖြန့်နေမလဲတော့ မသိဘူး . . . ဒါပေမယ့် မြန်မာပြည်တပ်ပေါင်းစုကြီးရဲ့ စစ်ဦးစီးတစ်ဖွဲ့လုံးဟာ နက်ဖြန်ဆိုရင် တမူးကနေ အိန္ဒိယပြည်ဆီ အုပ်စည်းမပျက် ဝင်သွားတော့မယ် . . .

အစကတော့ မောင်ဟာ သူတို့နဲ့လိုက်ဖို့မဟုတ်ဘူး . . . လိုက်မယ်စိတ်ကူးရင်လဲ အေးတို့ကို ထုံးဘိုမှာမထားခဲ့ဘူး . . . မန္တလေးပို့ခဲ့မှာပေါ့ . . . ဒါပေမယ့် စစ်တို့သဘောဟာ ဘာမှ ကြိုတင်ခန့်မှန်းထားလို့ မရဘူး . . .

ပြည်က မောင်တို့ ဆုတ်သွားရမယ်မထင်မိဘူး . . . အမှန်ကလဲ တောင်ငူဘက်က ချန်ကေရှိတ်ရဲ့ တရုတ်စုတ်တွေသာ အသုံးကျခဲ့ရင် ဒီအချိန်မှာ ဒီစာကို မောင်ရေးနေဖို့ မလိုဘူး . . . တပ်ပျက်ဗိုလ်လုပ်နေတဲ့ စတီးဝဲ(လ်)ဆိုတဲ့ အမေရိကန်ငနဲနဲ့ သူ့တရုတ်ဘိန်းစားတွေအကြောင်း ဆက်မပြောချင်ဘူး . . . ဒီလောက်ပဲ . . .

မောင်ဟာ မန်ချက်စတာတက္ကသိုလ်က ဘွဲ့ရထားသူတစ်ယောက် . . . ပြီးတော့ ဂျော့ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ကို ခံယူထားသူတစ်ဦး . . . ဘုရင်မင်းမြတ်ရဲ့ တပ်မတော်ကြီး အကျပ်ရိုက်ချိန်မှာ တစ်ကိုယ်ကောင်းဆန်လို့ မောင်မရဘူး . . . မောင်တွင်မကဘူး . . . သစ်တောဘက်ကလူတွေနဲ့ ဖရန်တီယာဖို့(တ်)ကလူတွေ အများကြီးဟာ ကျရာတာဝန်ထမ်းခဲ့ကြတယ် . . . ဒါကြောင့်လဲ အခု မောင်တို့တပ်တွေဟာ စနစ်တကျနဲ့ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ကြတယ် . . .

အောင်မြင်စွာဆုတ်ခွာတယ်ဆိုတဲ့စကားကို စစ်အကြောင်း ဘာမှနားမလည်သူတွေက ရယ်ကြတယ် . . . ရယ်ကြပါစေလေ . . . ဒီဂျပန်ငပုတွေ ဆုတ်ရတဲ့အခါမှ ကြည့်ကြသေးတာပေါ့ . . . အောင်မြင်စွာ ဆုတ်ခွာနိုင်မလား . . . ခွေးပြေးဝက်ပြေး ပြေးရမလား ဆိုတာ . . .

‘အောင်မြင်စွာ ဆုတ်ခွာသွားတယ် . . . ’ ဒီစကားကို အေးမြဲမြဲမှတ်ထားပါ . . . ဒီစကားကိုနားလည်ရင် မောင်ဟာ ဘာကြောင့် အိန္ဒိယကို လိုက်ပါသွားဖို့ဆုံးဖြတ်လိုက်တယ်ဆိုတာကို အေး နားလည်လိမ့်မယ် . . .

ဒီအရိုင်းအစိုင်း ဖက်ဆစ်ဂျပန်တွေနဲ့ မောင်နဲ့ ဖြစ်မှာလဲ မဟုတ်ဘူး . . . သူတို့ ဘယ်လောက်ရိုင်းတယ်ဆိုတာ ကံကောင်းလို့ သူတို့လက်ထဲက လွတ်ပြေးလာကြတဲ့ စစ်သားတွေက ပြောပြကြတယ် . . . သုံ့ပန်းတွေကိုတောင် သစ်ပင်မှာကြိုးချည်ပြီး အရှင်လတ်လတ် ဘဲ့နက်ထိုးကျင့်ကြတဲ့ လူရိုင်းတွေ . . . ဂျီနီဗာစာချုပ်ကိုတောင် မလေးစားတဲ့ အရိုင်းကောင်တွေ . . .

ဂျီနီဗာစာချုပ်လို ကမ္ဘာ့ပဋိဉာဉ်စာချုပ်ကြီးကိုတောင် မရိုသေတဲ့ ဖက်ဆစ်တွေကိုယုံတဲ့ မြန်မာ့နိုင်ငံရေးသမားတွေကိုလဲ သနားမိတယ် . . . ဂျပန့်ဆီက သူတို့ ဘာမျှော်လင့်ထားပါသလဲ . . . လွတ်လပ်ရေးဆိုတာကိုလား . . . ကိုရီးယားနဲ့ မန်ချူးရီးယားကို ကျွန်လုပ်ထားရုံနဲ့ မကျေနပ်သေးပဲ တရုတ်ပြည်ကြီးတစ်ခုလုံးကိုပါ ကျွန်ဇာတ်သွင်းဖို့ကြံနေတဲ့ ဂျပန့်ဆီက ရပါလိမ့်မယ် . . . သူတို့လွတ်လပ်ရေး . . .

အခု မောင် မေဂျာအဆင့်ရပြီ . . . စစ်တောင်းမှာ စရခဲ့တာပဲ . . .

တစ်နေ့ မောင်ပြန်လာခဲ့မယ် . . . မောင်ဆိုတာက မောင်နဲ့ ဘုရင့်တပ်မတော်တွေပဲ . . . အကြာဆုံး နှစ်နှစ်ပေါ့ . . .

နှစ်နှစ်ဆိုတာဟာလဲ ဘာမှမကြာပါဘူး . . . ထား မွေးစက မောင် လားရှိုးပြောင်းရတော့ အေးကို မေမေတို့နဲ့ ခွဲထားခဲ့ရတာ တစ်နှစ်ကျော်ကျော်ပဲ မဟုတ်လား . . . အခုလဲ ဒီလိုသဘောထားပါ . . .

တင်လေးလဲ အေးတို့ဆီမှာ ရှိနေမှာပဲ . . . ဒီစာရရင် မန္တလေးပြောင်းနေကြပါ . . . ဟိုမှာ ကိုကိုကြီးရော . . . တင်လေးရော . . . တင်ထွေးပါဆိုတော့ အေးရော၊ ထားရော စိတ်ငယ်စရာမရှိတော့ဘူးပေါ့ . . .

www.burmeseclassic.com

www.burmeseclassic.com



မန်းတောင်ရိပ်ခိုပေါ့ အေး . . . မောင်တို့လဲ တောင်ရိပ်တောရိပ်ကို ခိုတော့မယ် . . . ဒီကနေ လှမ်းမြင်ရတဲ့ တမူးဖက်က တောင်တန်းကြီးတွေဟာ အမြင့်ကြီးပဲ . . . တောတွေကလဲ ထူပါဘိသနဲ့ . . .

ဒီတောဒီတောင်တွေကိုဖြတ်ပြီး မောင်တို့ သွားကြတော့မယ် . . . ဒီတောဒီတောင်တွေကိုဖြတ်ပြီး မောင်တို့ ပြန်လာခဲ့မယ် . . .

အဲဒီရက်ကို အေးနဲ့ သမီးထား မျှော်နေကြပါ . . . "

ဦးတင်လတ်၏စာက ဆုံးသွားသည်။

ကျွန်တော်က မခင်အေးဆီ လှမ်းကြည့်သည်။

မခင်အေး၏မျက်လုံးများမှ မျက်ရည်တို့ ပေါက်ပေါက် ပေါက်ပေါက်သာ ကျနေသည်။ ဘာစကားမျှမပြော။ အံကြိတ်ထားပုံလည်းရသည်။ သူ့အမေနားကပ်ထိုင်၍ ထားလည်း ရှိနေ၏။

စာအဆုံး၌ အားလုံးငြိမ်နေကြသည်။ အားလုံးဆိုသည်မှာ ဦးတင်လေး၊ မခင်အေးနှင့် ထားအပြင် ကျန်ရှိသော အိမ်သားအတွင်းလူများ ဖြစ်ကြ၏။ လူသစ်ဟူ၍ ကျွန်တော့်ယောက်ဖသာ ရှိနေသည်။

ဦးတင်လေးက မီးခြစ်ပြီး စာကိုပြာကျသည်အထိ ရှို့ပစ်လိုက်၏။

ဦးတင်လေးက ကျွန်တော့်ယောက်ဖကိုကြည့်ပြီး မေးသည်။

"ဒါဖြင့် ခင်ဗျား ကလေးဝကတောင် လာခဲ့တာပေါ့ . . . "

"ကလေးဝမဟုတ်ဘူးဗျ . . . ကလေးမြို့က . . . "

"ထားပါတော့လေ . . . ခင်ဗျား ဘယ့်နှယ်ပါသွားတာလဲ . . . "

"ပြည်ကလူတွေရော . . . အစိုးရအမှုထမ်းတွေပါ ပြေးကြတော့ အင်္ဂလိပ်စစ်တပ်က ထောင်သားတွေ ရွေးထုတ်တယ် . . . အပြစ်ကြီးတဲ့ နှစ်ကြီးသမားတွေနဲ့ ဆိုးတဲ့လူတွေကို အချုပ်နဲ့ပဲ သင်္ဘောပေါ်တင်ပြီး မန္တလေးထောင်ကြီးပို့တယ် . . . ကျန်တဲ့ ထောင်သားတွေကိုတော့ မြို့ထဲမှာ အလုပ်လုပ်ခိုင်းတယ် . . . ကောင်းကောင်းလုပ်တဲ့လူဆိုရင် လေးငါးရက်လုပ်ပြီးရင် ဆုအဖြစ်နဲ့ တစ်ခါတည်း လွှတ်ပေးတာပဲ . . . "

" သြော် . . . ခင်ဗျား ဒီလိုလွှတ်လာတာလား . . . နို့ . . . "

"မဟုတ်ဘူး . . . ကျွန်တော်က အထဲကျမှ ထပ်တစ်မှုတိုးလို့ မန္တလေးပါသွားမလို့ . . . ပါသွားရင်လဲ ဒီလောက်ရှိ အဝီစိရောက်နေပြီ . . . ဘာဖြစ်လို့လဲဆိုတော့ အချုပ်သားဘေးတွဲကို ဂျပန်က ဗုံးနဲ့ကြဲ . . . စက်သေနတ်နဲ့ပစ်တာ သောက်သောက်လဲ သေကုန်ကြတာပဲတဲ့ . . . ကျွန်တော့်ကို ဝန်မင်းဦးတင်လတ်က တာဝန်ခံထုတ်ယူထားလိုက်လို့ . . . ပထမ ပြည်မှာပဲ ခိုင်းတာလုပ်နေရတယ် . . . တပ်တွေဆုတ်တော့ ကျွန်တော်လဲ ကျေးဇူးရှင်နဲ့ မခွဲဘူးဆိုပြီးလိုက်သွားတာ ကလေးမြို့ရောက်မှ ဝန်မင်းက ပြန်လွှတ်လို့ . . . ငွေလဲ တစ်ထောင်တောင် ပေးလိုက်သေးတယ် . . . အမှန်က ရောက်ဖူးတယ်ရှိအောင် အိန္ဒိယတောင် လိုက်သွားချင်တာ . . . "

ကျွန်တော်က သူ့အနီး၌ မျက်လွှာချထိုင်နေသော မမကို လှမ်းကြည့်မိသည်။ မမကတော့ လွမ်းရရှာသလေ။ သူကတော့ ယခုပြန်လာသည်မှာ မလွဲသာလို့ . . .။

"သြော် . . . ဖြစ်မှ ဖြစ်ရပလေ . . . ဒါနဲ့ ခင်ဗျား မန္တလေးရော မဝင်ခဲ့ဘူးလား . . . "

"ဝန်မင်းက လိပ်စာပေးလိုက်လို့ ဝင်ခဲ့သေးတယ် . . . စစ်ကိုင်းဘက် ရှောင်နေတာက ပြန်မလာသေးလို့ ဘယ်သူနဲ့မှ မတွေ့ခဲ့ရဘူး . . . ကျွန်တော်လဲ ကားကြုံရှိတုန်းမို့ စောင့်မနေပဲ ဒီတန်းလာခဲ့တာ . . . ဝန်မင်းပြောတော့ မန္တလေးကမခွာခင် အိမ်သားတွေ ဒီထုံးဘိုမှာရှိတာ သူ့အစ်ကိုကို မှာထားခဲ့တယ်တဲ့ . . . "

စကားစပြတ်သွား၏။ အားလုံးမှာ ငြိမ်နေကြပြန်၏။ ကျွန်တော့်ယောက်ဖကသာ လေချဉ်တက်နေ၏။

ဦးတင်လေးက ခေါင်းမော့လာကာ မခင်အေးကို ကြည့်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မမအေး . . . ဖြစ်သမျှအကြောင်း အကောင်းကြီးပဲ မှတ်ရတော့မှာပဲ . . . ကိုလတ်ဆုံးဖြတ်တာ မှားတယ်လို့ မပြောနိုင်ဘူး . . . မသေမပျောက်ရှိတာကိုပဲ ဝမ်းသာရမှာ . . . ကျွန်တော်လဲ ထင်တယ် . . . စစ်ဦးမှာ ဘယ်လောက်လုလု . . . အရှည်မှာတော့ ဂျပန်မခံနိုင်ပါဘူး . . . အခုတော့ လောလောဆယ်ကိစ္စကိုပဲ စဉ်းစားကြရအောင် . . . ရန်ကုန်ပဲ သွားကြမလား . . . မန္တလေးပဲ လိုက်ကြမလား . . . ကျွန်တော်ကတော့ အားလုံး မန္တလေးလိုက်ခဲ့စေချင်တယ် . . . ကိုလတ်စာထဲမှာကလဲ မန္တလေးမှာ နေကြစေချင်တဲ့ သဘောပဲ . . . "

မခင်အေးက ခေါင်းကိုမော့လိုက်သည်။ မျက်ရည်များက ကျဆဲ။

"လေးလေးတို့လုပ်ကြ . . . အေးကို ဘာမှ မပြောကြနဲ့တော့ . . . အေး ဘာမှ မစဉ်းစားချင်ဘူး . . . ဘာမှလဲ မစဉ်းစားနိုင်ဘူး . . . "

မခင်အေးသည် နေရာမှထကာ အတွင်းခန်းဆီပြေးသည်။ သူ့နောက်မှ ထားနှင့်မေမေကြီးတို့ ထလိုက်သွားကြ၏။

မိုးကျရွှေကိုယ်သည် ကျွန်တော့်ကိုလက်ကုတ်ကာ တိုးတိုးဆို၏။

"ဒွတ်ခပဲ . . . တတ်ခါထဲ ဒွတ်ခပဲ . . . "

ကျွန်တော့်ယောက်ဖသည် လေချဉ်တက်လိုက်ပြီး ဆို၏။

"စကားဆက်ပြောကြဦး . . . ကျွန်တော်တော့ အောက်ခဏ ဆင်းဦးမယ် . . . မြတ်ဆွေ . . . ငါနဲ့ ခဏလိုက်ခဲ့စမ်း . . . "

ကျွန်တော့်ယောက်ဖက ပြောပြောဆိုဆိုနှင့် အောက်ထပ်သို့ဆင်းသောကြောင့် ကျွန်တော်လိုက်လာခဲ့ရသည်။ ကျွန်တော့်နောက်က မမနှင့် မိုးကျရွှေကိုယ်တို့ပါ လိုက်လာကြ၏။

ပြုံးရွှင်ချိုသာလှသော မျက်နှာပေးနှင့် ကျွန်တော့်မမက မေးသည်။

"ကိုကြင်မောင် . . . ထမင်းဆာပြီလား . . . ကျွန်မရှူးလိုက်မယ်လေ . . . "

"နေစမ်းပါ . . . ငါ ဒီအချိန် ဘယ်တုန်းက စားဖူးလို့လဲ . . . "

ကျွန်တော့်ယောက်ဖက ကျွန်တော့်ဘက်လှည့်မေး၏။

"ဟေ့ကောင် မြတ်ဆွေ . . . အရက်ဆိုင် ဘယ်နားရှိလဲ . . . "

ကျွန်တော်က သူ့ကို တစ်ချက်စိုက်ကြည့်မိ၏။

ဤသူကား ဒုက္ခဘယ်မျှတွေ့ခဲ့တွေ့ခဲ့ . . . အကျင့်မပျောက်သူပါတကား . . .။

"ဟိုဘက်နားလေးမှာ ခေါက်ဆွဲဆိုင်ရှိတယ် . . . အဲဒီမှာ ရတယ် . . . "

"လာ . . . ဒါဖြင့် ငါ့ဆိုင်လိုက်ပြစမ်း . . . "

မမက ကိုကြင်မောင်၏လက်ကိုဆွဲလိုက်ပြီး တောင်းပန်သည်။

"ကျွန်မတောင်းပန်ပါတယ် ကိုကြင်မောင်ရယ် . . . အိမ်မှာတွင် သောက်ပါ . . . ကျွန်မ အမြည်းလုပ်ပေးပါ့မယ် . . . တစ်ရပ်တစ်ကျေးဆိုတော့ ဆိုင်မသွားပါနဲ့ . . . ဩော် . . . မောင်လေး . . . နင့်အစ်ကိုဖို့ အရက်တစ်လုံး သွားဝယ်ပေးနော် . . . ရော့ . . . ရော့ . . . ပိုက်ဆံ . . . "

ကျွန်တော်သည် ကျွန်တော့်ယောက်ဖကို ချဉ်နေပြီ။ မမကို ပိုချဉ်သွားပြီ။

"ကျွန်တော် ဝယ်မပေးနိုင်ဘူး . . . "

ကျွန်တော့်ယောက်ဖက မျက်မှောင်ကြုတ်ကာ ကျွန်တော့်ကိုကြည့်ပြီး "ဘာပြောတယ်ကွ . . . " ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



မမက ကျွန်တော့်ကို ဆက်တောင်းပန်သည်။

"မောင်လေးရယ် . . . သွားလိုက်ပါ . . . နင်မသွားရင် မမကိုယ်တိုင် သွားရမလား . . . "

မမျှော်လင့်ပဲ မမကို ကူညီမည့်သူပေါ်လာ၏။

မိုးကျရွှေကိုယ်က မမလက်ထဲမှ ပိုက်ဆံကို ယူလိုက်၏။

"မိုးကျရွှေကိုယ်နော် . . . တာတက် ကာလူးမစုပ်ဘူး . . . တာတက် ကာလူးမဝဲဘူး . . . အာခုဝဲပွေးမယ် . . . နင့်ယော့ကျားနော် . . . နာ့အဖေရှီးက . . . ဒါဒင်းကမ်းကမ်းပြောပွေးလာတယ် . . . နာကာလူးဝဲပွေးမယ် . . . "

မိုးကျရွှေကိုယ် ကာလူး(အရက်)ဝယ်ရန် ထွက်သွား၏။

သူ့လင် ကိုကြင်မောင်ကို မမက မီးဖိုချောင်ဘက် ဆွဲခေါ်သွားသည်။

တစ်ယောက်တည်း ကျန်ရစ်ရာမှ ကျွန်တော်သည် ရည်ရွယ်ချက်မရှိပဲ အိမ်ရှေ့သို့ ထွက်လာသည်။

မိုးချုပ်စပြုပြီ။ လေပြင်းငြိမ်၍ မိုးဖွဲဖွဲစိမ့်စိမ့်ကျနေ၏။

ကျွန်တော်ရပ်နေရာ ထိပ်တည့်တည့်၌ အပေါ်ထပ်၏ ဝရန်တာစွန်းရှိနေ၏။

ဝရန်တာက မမြင့်သောကြောင့် ထောင့်စွန်းမှ စကားပြောသံတို့ကို ကြားရ၏။

"မွတ္တလေးပဲ လိုက်ခဲ့တော့ပေါ့ . . . နော် . . . လေး . . . "

"လေးက လိုက်ချင်တာပေါ့ မောင်ရ . . . မေမေက ရန်ကုန်ဆိုလို့ . . . "

"မွတ္တလေးကျတော့ လက်ထပ်ပြီးမှ ရန်ကုန်ဆင်းကြတာပေါ့ . . . ဆွေပြ မျိုးပြ . . . "

"ဒီအရွယ်ကျမှ လက်ထပ်ရမှာ ရှက်စရာကြီး . . . "

"ဒါဖြင့် တိတ်တိတ်လေးပဲ ဒီမှာ ကိစ္စငြိမ်းလိုက်ရအောင် . . . "

"ဟင်းနော် . . . ဒါက ဘာစကားလဲ . . . "

"လူပျိုစကား . . . "

"ဟွန်း . . . သူ့ကိုယ်သူ လူပျိုတဲ့ . . . "

ကျွန်တော်က သက်ပြင်းရှိုက်လိုက်မိသည်။

ညမှောင်မှောင်ဝယ် မိုးက တစိမ့်စိမ့်။

မိုးစိမ့်သော ညမှောင်မှောင်တွင် ကြည်နူးသူတို့က ကြည်နူးနေသည်။ ငိုသူတို့ကလည်း ငိုနေကြသည်။

ကျွန်တော့်အတွက်တော့ကော . . .. ။

ကျွန်တော် မောင်မြတ်ဆွေ တစ်ကောင်အတွက်တော့ကော . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

မခင်လေးက သဘောတူပြီး မေမေကြီးကလည်း မကန့်ကွက်သောကြောင့်လောမသိ . . .။ ထားတို့ တစ်အိမ်သားလုံး မန္တလေးသို့ ဦးတင်လေးနှင့်လိုက်ရန် ဆုံးဖြတ်ကြသည်။

ခရီးလမ်းပန်းအဆက်အသွယ် ပြန်ကောင်းပြီဆိုသော်လည်း မြစ်တွင်း၌ ရေးကကဲ့သို့ သင်္ဘောများ မရှိတော့။ သို့ရာတွင် ကုဏ္ဍလံမြောက်ကိုလှည့်ချိန်မို့ ရွှေညာဆန် လှေကြီးလှေငယ်တို့တော့ ရှိနေကြသည်။

ထား၏ပီယာနိုကြီးအပါအဝင် လေးပင်သောပစ္စည်းများကို ငါးပိငါးခြောက် တင်လာသော တပါလှေကြီးတစ်စင်းနှင့် တင်ပေးလိုက်ကြရသည်။ လူတွေကတော့ ညောင်စာရေးဘက်ကမ်းကူးပြီး ညောင်စာရေးမှ ရွှေတောင်သို့ မြင်းလှည်းနှင့် သွားကြရသည်။

ပေါင်းတည်ဘက်ခွဲသော လမ်းနှင့်အဆုံ မြို့ဝင်ကတည်းက စစ်ပွဲတွင် ကျဆုံးသူတို့အတွက် စိုက်ထူထားသော အထိမ်းအမှတ်တိုင်ကလေးများကို တွေ့ရသည်။

အတော်အတန်ကြီးမားသော တိုင်တစ်ခုကိုပြပြီး ကျွန်တော်တို့စီးလာသော မြင်းလှည်းသမားက ဆို၏။

"အဲဒါ ဗိုလ်မှတ်ဆိတ် ကျသွားတဲ့နေရာ . . . "

"ဗိုလ်မှတ်ဆိတ်ဆိုတာ ဘယ်သူလဲ . . . "

"ဗိုလ်မှတ်ဆိတ်ကို မသိဘူး . . . "

"ဟင့်အင်း . . . "

"ဗိုလ်မှတ်ဆိတ်ဆိုတာ နီပွန်ဗိုလ်ကြီးပေါ့ . . . သိပ်သတ္တိကောင်းတာပေါ့ . . . ဓားဆွဲပြီး ရှေ့ကတက်တာ . . . သူကျသွားတာနဲ့ ခဏ နောက်ဆုတ်ပေးလိုက်ရသတဲ့ . . . "

ဗိုလ်မှတ်ဆိတ်အကြောင်း ကျွန်တော် ယခုမှ ရှေးဦးစွာကြားဖူးခြင်း ဖြစ်သည်။ နောင်တစ်ခါတွင်မူ ကျွန်တော်တို့ပြည်တစ်ဝိုက်တွင် ရွှေတောင်တိုက်ပွဲအကြောင်းပြောတိုင်း ဗိုလ်မှတ်ဆိတ်အကြောင်း ပါပါလာတတ်သည်။ ရာထူးအတန်ကြီးသောဂျပန်ဗိုလ်တစ်ဦးဖြစ်ဟန်ရှိသည်။

"ဆက်ပါဦး ဗိုလ်မှတ်ဆိတ်အကြောင်း . . . "

"အင်းလေ . . . သူကျသွားတယ် . . . အင်္ဂလိပ်တွေကလဲ တင့်ကားတွေ၊ သံချပ်ကာကားတွေနဲ့ တိုက်တာကိုး . . . ကျုပ်တို့မြန်မာတွေကလဲ တိုက်တာပဲ . . . အရပ်သားတွေနဲ့ ကလေးတွေတောင် ပါတယ် . . . ဘာမှမရှိရင် ပုလင်းထဲ ဓာတ်ဆီထည့်ပြီး သစ်ပင်ပေါ်ကနေ လှမ်းထုတာ . . . ရိုးရိုးကားတွေတော့ မီးလောင်ကုန်တာပဲ . . . "

"ဓာတ်ဆီပုလင်းနဲ့ပစ်ရုံနဲ့ မီးလောင်တယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . သြော် . . . "

"တင့်ကားတွေကိုတော့ ဘယ်ရမလဲ . . . ဒါနဲ့ ဗိုလ်မှတ်ဆိတ်လဲကျရော . . . နီပွန်စစ်ဗိုလ်တစ်ယောက်က ချုံတစ်ခုထဲဝင်သွားပြီး လက်ပတ်နာရီကြည့် . . . လေယာဉ်ပျံတွေ ခေါ်လိုက်တာ . . . "

"ဘာဖြစ်လို့ လက်ပတ်နာရီကြည့်တာလဲ . . . "

"လက်ပတ်နာရီက လက်ပတ်နာရီအစစ်မဟုတ်ဘူး . . . ဓာတ်ခွက် . . . မှန်လေးဖြုတ်လိုက်ပြီး အဲဒီဓာတ်ခွက်ကနေ တိုးတိုးခေါ်လိုက်တာ . . . ဂျပန်လေယာဉ်ပျံတွေ ချက်ချင်းရောက်လာတယ် . . . "

မြင်းလှည်းဆရာသည် အစစကို သူကိုယ်တိုင် မြင်ခဲ့ရသည့်အလား ပြောနေ၏။

"ပြီးတော့ ဗုံးနဲ့ကြဲ . . . စက်သေနတ်နဲ့ပစ်ပေါ့ . . . ရိုးရိုးမဟုတ်ဘူး . . . ဒိုင်ဗင်တွေ ကျွမ်းတွေထိုးပြီး ကြဲတာ . . . ပစ်တာ . . . ဒီတော့မှ အင်္ဂလိပ်တွေ ဆုတ်ပြေးတာ . . . တစ်မြို့လုံးတော့ လောင်လိုက်တဲ့မီးတွေဆိုတာ မပြောနဲ့တော့ . . . "

သူပြောဖို့မလိုပါ . . . မြင်းလှည်းသည် ဖြည်းဖြည်းမှန်မှန်သာ သွားသောကြောင့် လမ်းတစ်ဘက်တစ်ချက်မှ ရှုခင်းတို့ကို မြင်နေရသည်။

သစ်ပင်ကြီးတို့မှာ အကိုင်းတွေကျိုး၍ ဘာရွက်မျှမရှိ။ ပင်စည်တို့မှာလည်း မီးကျွမ်း၍ မည်းနေသည်။

မီးလောင်ထားသော အိမ်တို့၏ပြာပုံများ။ ပြိုပျက်နေသော တိုက်များ။ မားမားမတ်မတ် ထီးထီးငေါငေါနေသော မီးကျွမ်းအိမ်တိုင်များ . . . ။ လှလှပပရှုခင်းဟူ၍ ဘာမျှမကျန်။

မြို့လယ်ရှိ ချောင်းတွင်း၌ တင့်ကားပျက်တစ်စီးကို တွေ့ရသည်။ တင့်ကားပျက်နောက်တွင် တန်းနေသော ထရပ်ကားပျက်လေးငါးစီးတွေ့ရ၏။

"အဲဒီတင့်ကားပေါ့ . . . တံတားကကျိုးနေတော့ ချောင်းထဲကဆင်းမောင်းတာ . . . သဲကျွံပြီး ရှေ့ဆက်မတက်နိုင်ဘူး . . . နောက်ကကားတွေလဲ ထိုးရပ်ကုန်တာပေါ့ . . . ဒီတုန်း ဗုံးကြဲခံရတော့ အကုန်လုံး ခြေကျင်ဆင်းပြေးရတာ . . . ပန်ချာပီကြီးတွေဆို ခေါင်းပေါင်းတောင် ကျွတ်ကျန်ရစ်တယ် . . . "

မြင်းလှည်းဆရာ၏ ရွှေတောင်တိုက်ပွဲ ပါးစပ်ရာဇဝင်မှာ နားထောင်၍ကောင်းသော်လည်း ဈေးအရောက်တွင် ဆင်းကြရသည်။

နံနက်စာဝယ်စားကြပြီးနောက် မြင်းလှည်းများပြောင်းကြပြန်ကာ ပြည်ဘက်သို့ ဆက်လာကြသည်။

ပြည်ရောက်တော့ . . . ကျွန်တော်ရင်ဆို့ရသည်။

ရွှေတောင်မြို့ပျက်စီးနေသည်ကို တွေ့ရစဉ်က သည်လောက်မတုန်လှုပ်။ ကျွန်တော့်မြို့၊ ကျွန်တော့်ကမ္ဘာ၊ ကျွန်တော့်လူ့ဘုံပင်ဖြစ်နေသော ပြည်မြို့ကြီး ပျက်စီးနေသည်ကို မြင်ရသောအခါ မျက်ရည်ဝဲမိသည်။

ပြည်မှာ ထားတို့သည် ထုံးဘိုတွင် စစ်ပြေးစဉ်က အိမ်နီးပါးချင်းဖြစ်ခဲ့သော သူဌေးဦးအောင်ခတို့၏ ရွာဘဲရပ်အိမ်၌ တစ်ညတည်းခိုကြသည်။ ဦးအောင်ခသည် ရပ်ရွာမျက်နှာဖုံးဖြစ်သောကြောင့် ကျွန်တော်က အစကတည်းက သိသည်။ ဦးအောင်ခ၏သမီး ချောမောသမျှ သဘောကောင်းသော မမသန့်မှာ ကျွန်တော့်အတွက် အစ်မသဖွယ်ပင် ဖြစ်သည်။

ကျွန်တော့်ယောက်ဖနှင့် အစ်မက ကျွန်တော်တို့၏ အိမ်နေရာဟောင်းကို သွားကြည့်ကြသည်။ ကျွန်တော်ကမူ ထားတို့ကိုကူရင်း ရွာထဲမှာပင် နေရစ်သည်။

ထိုနေ့ညနေတွင် ကျွန်တော်၊ ထားနှင့် မိုးကျရွှေကိုယ်တို့သည် ရွှေဆံတော်ဘုရားကုန်းတော်ပေါ်သို့ တက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆံတော်ရင်ပြင်ပေါ်ရောက်တိုင်း ချစ်သူနှင့်အတူ ရယူလိုသော စိတ်ကူးယဉ်မှုကလေး ကျွန်တော့်မှာရှိသည်။

ဗိုလ်အောင်ဒင်ဇာတ်ကားတွင် မေမေဝင်းနှင့် ဘချစ်တို့ ရွှေဆံတော်ရင်ပြင်တွင် တွဲထိုင် ဦးချ ဆုယူသောအခန်း ပါသည်။ ဇာတ်ကားရိုက်စဉ်ကလား တိုးတိုးခွေ့ခွေ့နှင့် ကျွန်တော် လုကြည့်ဖူးသည်။

သည်ထဲက စိတ်ကူးယဉ်ထားမိသည် . . .။ ငါလဲ ကြီးလာရင် . . .။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ညနေကလည်း ကျွန်တော်တို့သည် မေမေဝင်းနှင့် ဘချစ်တို့ ရှိခိုးသောနေရာ၌ပင် ထိုင်မိကြသည်။

စုံတွဲတော့မဟုတ်။ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာ . . .။ ကျွန်တော်တို့ ရှေ့တည့်တည့်တွင်ကား ဘုရားရှိခိုးရကာစမို့ ဘုရားမြင်တိုင်း အလွန်ရှိခိုးချင်နေသော ဥပသကာ . . . မိုးကျရွှေကိုယ် . . .။

"အပါယ်လေးပါး . . . ကား . . . တုံးပါး . . . ရားပြစ်ရှစ်ပါး . . . ရန်ဒူမျိုးနားပါး . . . "

မိုးကျရွှေကိုယ်က မြိန်ရေယှက်ရည်အော်၍ ဘုရားရှိခိုးနေ၏။

ထားက တိုးတိုးလေးရှိခိုးသည်။ ပြီးတော့ သိပ်မရည်၊ ကျွန်တော်ရှိခိုးမပြီးမီ နေရာမှ ထသွားနှင့်၏။

ငါးပါးသီလ ခံယူအပြီး၌ ကျွန်တော်က ဘာဆုတောင်းရမည်ကို စဉ်းစားသည်။

ဆုတောင်းလိုသည်က အများကြီး။ များလွန်းတော့ ဘယ်က စတောင်းရမှန်းမသိ။

နောက်ဆုံးတော့ ရင်တွင်းမှ ရှေးဦးစွာတိုးထွက်လာသော ဆုကိုသာ တောင်းလိုက်မိသည်။

"တပည့်တော် . . . ထားနှင့် ဘယ်သောအခါမှ မခွဲပါရစေနှင့် အရှင်ဘုရား . . . "

ဘုရားကို ဦးသုံးကြိမ်ချပြီး ထားနောက်သို့ ကျွန်တော်လိုက်ခဲ့သည်။

မြောက်ဘက် တံတိုင်းစပ်မှ ထားသည် မြို့ဘက်သို့ ငေးကြည့်နေသည်။

ညနေလည်း ဖြစ်ပြန်။ မိုးလည်း အုံ့နေပြန်သောကြောင့် နေရောင်က ဖျော့သည်။ ထား၏မျက်နှာလေးကလည်း နွမ်းလှ၏။ ထိုတစ်ညနေ ဦးတင်လတ်ထံမှ စာကိုရပြီးကတည်းက ထား၏ရယ်မောသောမျက်နှာလေးကို ကျွန်တော်မတွေ့ရတော့။

စကားမရှိ၍ စကားရှာပြီး ကျွန်တော်ကမေး၏။

"ထား . . . ဘုရားမှာ ဘာတွေဆုတောင်းခဲ့လဲ . . . "

"ဘာတွေ ဆုတောင်းရမလဲ . . . ဒယ်ဒီ အမြန်ဆုံးပြန်လာနိုင်ပါစေလို့ ဆုတောင်းတာပေါ့ . . . "

"ဒါဖြင့် အင်္ဂလိပ်တွေ ပြန်နိုင်ပါစေလို့ ထားဆုတောင်းတာပေါ့ . . . "

ထားသည် ဆတ်ခနဲ ကျွန်တော့်ဘက်လှည့်လိုက်သည်။ ထား၏မျက်လုံးများမှာရော . . . မျက်နှာမှာပါ ဒေါသကို ကျွန်တော်မြင်ရသည်။

"အင်းလေ . . . ဘာဖြစ်သလဲ . . . ယူက မကြိုက်ဘူးလား . . . "

မမျှော်လင့်သည်မို့ ထား၏ဒေါသကို ကျွန်တော်အံ့သြသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ထားရယ် . . . ကိုယ့်ကို ဘာလို့ ရန်တွေ့ရတာလဲ . . . "

"ဘာဖြစ်လို့တွေ့ရမှာလဲ . . . ထား သိသားပဲ . . . ယူလဲ တခြားမြန်မာတွေလိုပဲ ဂျပန်နိုင်တာကို ဝမ်းသာနေတာမဟုတ်လား . . . "

"ဂျပန်နိုင်တာကို ကိုယ် ဝမ်းမသာပါဘူး . . . ဂျပန်ကို မြင်မြင်ချင်း ကိုယ်မေတ္တာတုံးတာ ထားကို ပြောပြခဲ့သားပဲ . . . "

"အင်း . . . ဟုတ်တယ် . . . ဒါပေမယ့် မြန်မာနိုင်တာကိုတော့ ယူဝမ်းသာနေတယ် မဟုတ်လား . . . "

"မြန်မာနိုင်တာကို ဝမ်းမသာရင် ကိုယ် ဘာအတွက် ဝမ်းသာရမှာလဲ . . . "

ထား၏မျက်နှာ၌ သရော်ပြုံးနှင့် မဲ့ပြုံး ရောပေါ်လာသည်။

"ဝမ်းသာပါလေ . . . ယူတစ်ခါပြောတဲ့ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေရဖို့လဲ ဆုတောင်းပေါ့ . . . ထား တော့ အင်္ဂလိပ်ပြန်နိုင်ပါစေလို့ ဆုတောင်းတယ် . . . တခြားဘာမှ ဆုမတောင်းဘူး . . . အင်္ဂလိပ် မြန်မြန်ပြန်နိုင်ပါစေ . . . "

ထားသည် နေရာမှ ချာခနဲခွာပြီး စောင်းတန်းဆီသို့ သုတ်သုတ်သွား၏။

ထားနောက်လိုက်သော ကျွန်တော့်ကို မိုးကျရွှေကိုယ် မီလာ၏။

"မြတ်ဆွေး . . . ထား ဘာဖြစ်တွားတလဲ . . . "

"ဘာမှ မဖြစ်ပါဘူးကွာ . . . နင်ကလဲ ဘုရားရှိခိုးတာ ကြာလိုက်တာ . . . "

"ရှစ်ခိုးတာနော် . . . မကြာဘူး . . . ရှုတမ်းတာနော် . . . ကြားတယ် . . . ရှစ်ခိုးတာနော် . . . ရှုတမ်းဖို့ . . . "

"သြော် . . . သြော် . . . နင် ဘာတွေ ဆုတောင်းခဲ့လဲ . . . "

"နာနော် . . . ကမ်းကမ်းရှုတမ်းတယ် . . . ရှစ်ဖြစ်ထာနော် . . . မြန်မြန်ပွီးပါရှေ . . . တတ်ခါထဲ မြန်မြန်ပွီးပါရှေ . . . တတ်ဘေးတတ်တာ . . . တတ်တွာ . . . တွေ . . . ဒွတ်ခ တတ်ခါထဲ ကုန်းပါရှေ . . . နာ ဒီးလိုပဲ . . . ကမ်းကမ်း ရှုတမ်းလိုက်တယ် . . . "

* * *

ထားတို့ ပြည်မှ ခွာသည့်နံနက်၌ မိုးတွေက ညိုနေသည်။

ဟို . . . ယခင် ခါများကတော့ မိုးတွေညိုလျှင် ပျော်ရသည်။ ညိုသောမိုး ပြိုလာမည်ကို မျှော်ရသည်။ ယခုတော့ . . . မိုးက ညိုသလို ကျွန်တော့်ရင်က မှိုင်းနေသည်။ မိုးမရွာမီ ဝိုင်းဝိုင်းလည်နေသော ကျွန်တော့်မျက်ရည်တွေ လူသိအောင်မကျပါစေနှင့်။ အထူးသဖြင့် ထားသိအောင် မကျပါလေနှင့်။

ဘတ်(စ)ကားကြီးက ဆံတော်ဆိပ်တွင် ရပ်ထားသည်။

ရှေးယခင်ကတော့ ကားဆိပ်တွင် ပြည်၊ အာလံ၊ တောင်တွင်းကြီး၊ မကွေးပြေးသော ကားတို့ များလှသည်။ ခရီးသည်ကို ချော့ခေါ်ရသည်။ တစ်ခါတရံ မြို့ကိုပတ်၍ ကြွေးကြော်ခေါ်ရသည်။

ယခုတော့ စုစုပေါင်းမှ ကားတစ်စီးတည်း။

ဘီးလိုမ့်၍ ဘယ်နှမိုင်မရောက်မီ ရေဆူမည့်ကားမျိုးမှန်းမသိ၊ ဘယ်အချိန်ဘီးကွဲ၍ ဘယ်အချိန်ဝင်ရိုးကျိုးမည့် ကားမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တွေကို ငါးပိသိပ် ငါးချဉ်သိပ် တင်ထားသည်။ သည်ကြားထဲက ဒရိုင်ဘာနှင့် စပယ်ယာကို တောင်းတောင်းပန်ပန် ပြောစီးကြရသေးသည်။

မမနှင့် ကျွန်တော်က ဘတ်(စ)ကားဂိတ်အထိ ထားတို့အိမ်သားတွေကို လိုက်ပို့ကြသည်။

ကားကိုကြည့်ပြီး ထားက ကျွန်တော့်ကို တိုးတိုးပြောသည်။

"ဒီကားမျိုး ထား တစ်ခါမှ မစီးဖူးဘူး . . . "

မိုးကျရွှေကိုယ်ကလည်း မျက်နှာကိုမဲ့ပြီး ဆို၏။

"နာလဲ တတ်ခါမှ မရီးဖူးဘူး . . . "

ကျွန်တော်က ရှင်းပြရ၏။

"ကားကောင်းတွေမှန်သမျှ စစ်တပ်ကချောဆွဲသွားလို့ ကုန်ပြီတဲ့ ထားရဲ့ . . . ဒါပေမယ့် ထားတို့ မကွေးအထိပဲ ဒုက္ခခံရမှာပါ . . . မကွေးကနေ မန္တလေးဘက်ကျတော့ ကားကောင်းကောင်း ရချင်ရမှာပေါ့ . . . "

ထားက ဘာမျှပြန်မပြော . . . နွမ်းနေသည့် ထား၏မျက်နှာလေးမှာ စိတ်ပျက်မှုနှင့် ယော်၍လည်းနေသည်။

ဒရိုင်ဘာသည် ထားတို့၏ အသွေးအမွေးကိုကြည့်ပြီး အားနာသည်နှင့် တူ၏။

"နောက်ခန်းမှာတော့ ကျပ်တယ် . . . အဲ . . . ရှေ့ခန်းက နှစ်ယောက်တော့ လိုက်နိုင်မယ် . . . "

ဦးတင်လေး၊ မခင်လေး၊ မခင်အေးနှင့် မိုးကျရွှေကိုယ်တို့က နောက်ခန်းက လိုက်ကြသည်။ မေမေကြီးနှင့် ထားက ရှေ့ခန်းသို့ တက်ကြ၏။

မေမေကြီးက အရင်တက်သည်။ ထားက တက်မည်ပြုပြီးမှ ဘာစိတ်ကူးရသည်မသိ . . . ကျွန်တော့်ဆီ ခေတ္တပြန်လှည့်လာ၏။

"သွားမယ်နော် ယူ . . . "

သွားမယ်နော် ယူ . . .။ ယူ . . .။ ယူ . . .။

ဒီအသံကို နောက် ဘယ်တော့မှ ကြားရတော့မည်မဟုတ်ကြောင်း ပထမဦးစွာ ကျွန်တော် သတိပြုလိုက်မိသည်။ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရပြီဆိုသည်ကိုလည်း သိလိုက်မိသည်။

"ဟေး . . . ယူ . . . ယူ ဘာဖြစ်နေတာလဲ . . . ထားနှုတ်ဆက်တာကို မကြားဘူးလား . . . "

ထားက သတိပေးတော့မှ ကျွန်တော် လှုပ်ရှားလာ၏။

"ကြားပါတယ် ထား . . . ကြားပါတယ် . . . ဒါပေမယ့် ထားကို နှုတ်မဆက်ဘူး . . . ထားကို ကိုယ် နှုတ်မဆက်လိုက်ပါဘူး . . . "

"အို . . . ဘာပြုလို့ . . . "

"ဘာပြုလို့လည်းဆိုတော့ ထားဟာ ကိုယ်နဲ့ နေရစ်မှာမို့လို့ပဲ . . . ဘယ်မှာနေရစ်မလဲ . . . ဘယ်လိုနေရစ်မလဲ . . . အဲဒါကို မမေးနဲ့ . . . ကိုယ်မပြောတတ်ဘူး . . . "

ထားက ကျွန်တော့်ကို မမေ့နိုင်သော မျက်လုံးများနှင့် စိုက်ကြည့်သည်။ ပြီးတော့ ပြုံးသည်။ ပြုံးလိုက်ပုံကတော့ လှသည့် ကျွန်တော်မှတ်မိသမျှ အလှဆုံး ထား၏အပြုံး . . .။

"ယူက လူကြီးစကားပြောတယ် . . . ဒီတော့ ထားကလဲ လူကြီးစကားပြောခဲ့မယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ထား . . . "

"အိပ်မက်ကောင်းရင် မနိုးရဘူးတဲ့ . . . ဆက်မက်နေရသတဲ့ . . . နိုးရင် ငိုရတတ်သတဲ့ . . . "

"ဒါပေမယ့် ထားရယ် . . . အခု ကိုယ်က နိုးနေပြီ . . . "

"အဲဒီလိုဆိုရင် ယူ ငိုရစ် . . . ဒါပေမယ့် ထားကိုတော့ အပြစ်မတင်နဲ့ . . . ထားတော့ သွားပြီ . . . ယူ့ကို နှုတ်ဆက်တယ် . . . "

ထားသည် ကားရှေ့ခန်းပေါ် တက်သွား၏။

ကားကြီး ထွက်သွားသောအခါ ရှေ့ခန်းမှထားကို ကျွန်တော်မမြင်ရတော့ပါ။

နောက်ခန်းမှ မိုးကျရွှေကိုယ်တစ်ယောက်ကသာ ကျွန်တော့်ကို မမေ့မလျော့ လက်ပြနှုတ်ဆက်သွားရှာသည်။

ကားကြီး မျက်စိအောက်မှပျောက်သွားသည်အထိ ကျွန်တော်ရပ်ကျန်ရစ်သည်။

မမက နှိုးဆော်သည်။

"ကဲ . . . မြတ်ဆွေ . . . တို့လဲ သွားကြမယ် . . . "

"မမ သွားနှင့် . . . ကျွန်တော်နေခဲ့ဦးမယ် . . . "

"ဟဲ့ . . . ဘာလုပ်မလို့တုန်း . . . "

"ဘာလုပ်လုပ်ဗျာ . . . သွားမှာ သွားနှင့် . . . "

မမက ကျွန်တော့်ကို အကဲခတ်သယောင်ကြည့်သည်။ ထို့နောက် လေအေးလေးနှင့် ဆို၏။

"အေးလေ . . . နှင့်သဘောပါပဲ . . . ငါသွားနှင့်ပါမယ် . . . "

မမထွက်သွား၍ မကြာမီမှာပင် မိုးက ပေါက်ပေါက်ကျလာသည်။ မိုးပေါက်တွေအောက်မှာ ကျွန်တော် ဆက်ရပ်နေသည်။

တိမ်တို့ ပြိုဆင်းလာသည်။ မိုးပေါက်တွေက မိုးရေတွေ ဖြစ်လာသည်။ မိုးသဲသဲရွာလေပြီ။

ထိုအခါမှာ ကျွန်တော် စငိုသည်။

ထားက ငိုရစ်ဟု ဆိုခဲ့သည့်အတိုင်း ငိုဖြစ်အောင် ကျွန်တော်ငိုရစ်ပါသည်။

ဩော် . . . ထားရယ်။ မငိုလို့ကော ဖြစ်မတဲ့လား။ ကိုယ်က ချစ်မိပြီကိုး . . .။

ငယ်ငယ်ရွယ်ရွယ်နှင့် ကိုယ်က ထားကို စချစ်မိပြီကိုး . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း – ၂

## နွေပလီမှ – မိုးညှို့သည်

“ချစ်၍ငိုသည်
မပိုလေဖူး
မောင့်ကြော့မှူး
သည်းဦးရာသီ
နွေပလီမှာ
ညှို့သည်ချစ်မိုး
အိမ်ရှင်ယိုးတော့
ရေခိုးအပြယ်
နေကရယ်သို့
ရင်ဝယ်ခန်းခြောက်
သဲချောင်းပေါက်မှ
နောက်ကျ၍ငို
ချစ်၍ငိုသည်
ဆောင်းလိုသီးခန့်
မေတ္တာသန့်ကို
မဖြန့်ကိုယ့်မှာ နိုင်သောကြောင့်။”

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ပြည်မြို့ ရွှေဆံတော်ဘုရားတွင် မိုးကျရွှေကိုယ်က သဗ္ဗေသတ္တာ သတ္တဝါတွေ ဒုက္ခအပေါင်းမှ ကင်းလွတ်ချမ်းသာစေရန် ဆုတောင်းသွားသည်။

အခြားသတ္တဝါတွေတော့မသိ။ ကျွန်တော် မောင်မြတ်ဆွေဟူသော သတ္တဝါတစ်ကောင်အတွက်မူ မိုးကျရွှေကိုယ်၏ ဆုနှင့်မပြည့်။

ထိုနည်းတူစွာ ကျွန်တော်တို့ ပြည်မြို့သူမြို့သားတို့အတွက်လည်း ကြီးမားသော ဒုက္ခဘေးမှ ကင်းဝေးခွင့်မရခဲ့။

"လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏" ဟူသော ဥမ္မာဒန္တီပျို့ဆရာ၏စကားကို ယခုခေတ်၌ သစ္စာစကားအဖြစ် လူတို့ သိပ်မသုံးကြတော့ပြီ . . .။ ကျွန်တော်တို့ ငယ်စဉ်ခေတ်ကမူ (အတွေးအခေါ်ပင် ညံ့သေး၍လားမသိ) လူအတော်သုံးသည်။ အထူးသဖြင့် ဝတ္ထုရေးဆရာတွေက သုံးကြသည်။ အသံတိတ်ရုပ်ရှင်၌ပင် လွမ်းခန်းရောက်က သည်စကားကို စာတန်းထိုးပြတတ်သည်။ ထို့ကြောင့်လည်း သည်စကားကို ငယ်ငယ်ကတည်းက ကျွန်တော် အလွတ်ရနေသည်။ ဥမ္မာဒန္တီပျို့မှ လာသည်ဟုမူ မသိသေးပါ . . .။

ထားနှင့်ခွဲရပြီးစ မိုးကာလ၏ရက်များအတွင်းတွင် ကျွန်တော့်အတွက် လွမ်းရေးမှာ ခက်လှပါသည်။

မိုးမရွာပဲ အနောက်ဘက်ကောင်းကင်တစ်ခွင်ဝယ် နီရဲအောင် တိမ်တွေတောက်သော ညနေများတိုင်လျှင် မြစ်ဆိပ်သို့ အရောက်သွားပြီး ကမ်းနဖူး၌ ထိုင်ထိုင်ငိုင်နေမိသည်။ လက်တွင်း၌ လက်စွဲတော် မယ်ဒလင်ကလေးတော့ ပါသည်၊ သို့ရာတွင် တီးဖြစ်ခဲသည်။

ဂီတနှင့် အလွမ်းဖြေသည်ဟု ပြောကြသည်။ လွမ်းရန်ပို . . . ငိုချင်သား . . .။ ရှင်နိုင်အား . . . နှင့် များပူအင် . . .။ ဇာတ်ဆရာဦးကျောက်ခဲ၏ သည်ပတ်ပျိုးနှင့်လွမ်းကြသော ဇာတ်လိုက်များအကြောင်းကို ဝတ္ထုတွေထဲတွင် ဖတ်ဖူးသည်။ ကိုယ်လဲ လွမ်းခွင့်ကြုံလာလျှင် သည်ပုံမျိုးနှင့်လွမ်းပစ်လိုက်မည်ဟု ခဲတုန်းက ခဲထားမိသည်။ လွမ်းခွင့်ရယ် တကယ်ကြုံလာတော့ သီဖို့ကမလွယ်။ ဆိုဖို့က အခက်ကြီး။

တွေးသာတွေးနေချင်သည်။ ငေးသာ ငေးနေချင်သည်။

သြော် . . .။ 'ညနေရီ လေချိုသန်းပြန်တော့ . . . လုဒေဝီ မေပျိုဖြန်းရယ်ကြောင့် ဖေငိုခန်းကြုံရတယ် . . . '။ သည်လိုတစ်ဖုံ . . .။ 'ဆွေးသူ့မောင်အပွေမျှားကိုဖြင့် . . . မေရတောင်နေရထားတွင်မှ . . . ချွေစကားမှာလိုက်မယ် . . . ကြပါတွင်းကိုလ . . . နေမင်းမိုန်မိုန်ညိုလို့ . . . ချိန်ပဟိုရ်ဗျာန်ယာဉ်ပြောင်းပြန်တော့ . . . ခင်ခင့်ထံမှာရန်ကြောင်းကို . . . နှောင်းလေရဲ့ကွယ် . . . ' သည်လိုတစ်မျိုး။ တိုးတိုးတော့ ရင်ထဲမှာ ညည်းနိုင်သည်။ ညည်းမိသည် . . .။

တစ်ခါတရံတော့ ဂီတကို စိတ်နာသလိုလည်း ဖြစ်မိသည်။ ဂီတနှောင့်၍ ယခု အသည်းအောင့်ရသည်မဟုတ်ပါလား။ ကျွန်တော်က ဂီတမတတ်၊ ထားကလည်း ဂီတဝါသနာ မပါဘူးဆိုလျှင်၊ ထားနှင့်ကျွန်တော် သည်လောက် နီးစပ်ခဲ့ရမည်မဟုတ်။ ထားက ဝန်မင်းသမီး။ ကျွန်တော်က 'အိမ်ကခိုင်းတဲ့ ကောင်ကလေး'။ တံမြက်စည်းလှဲသည့် ကောင်ကလေး။ မီးဖိုချောင်မှာ ကူလုပ်ရသည့် ကောင်ကလေး။ သည်ထက် ဘာမှမပိုနိုင်။ ပိုစေဦးတော့လည်း ကျွန်တော့်အသက်မှာ ဆယ့်လေးနှစ်ထဲမှာမို့ ကျောင်းနေစဉ်က ရွယ်တူ

www.burmeseclassic.com



ကောင်မလေးတွေ့လျှင် 'စပယ်ဖြူပန်လှသမို့ . . . အရွယ်တူကြဲကြသဖို့ . . . ' ဟု ပါးစပ်သရမ်း၍ စိတ်ကမြင်းကြောစမ်းကြည့်ယုံထက် လွန်မည်မဟုတ်။

ယခုတော့ လွန်ပြီ . . .။လွန်ခဲ့ပြီ။

ထားကိုသာ အောက်မေ့နေသည်။ အိပ်သည့်အခါ မျက်ရည်စိုစိုနှင့် အောက်မေ့အိပ်သည်။ နိုးသည့်အခါ ရင်ဝယ်ဆို့ဆို့နှင့် အောက်မေ့နိုးသည်။

ခွေးမျိုးလေး။ အရွယ်နှင့် မလိုက်တာတွေ . . .။ သေလိုက်စမ်းဟယ် ဟု အပြစ်တင်လျှင်လည်း ကျွန်တော်မောင်မြတ်ဆွေ ခံပါမည်။ ခံရပါမည် . . .။

ကိုယ့်နှလုံးသားက စောစောနိုးပြီး စောစောရှာလာလေသည့်အဖြစ်ကိုမူ မတတ်နိုင်ပါ။ ဘာမျှ မတတ်နိုင်ပါ။

မြတ်နိုးသူကို ကျွန်တော်မရှာခဲ့ရပါ၊ မြတ်နိုးသူသီချင်းကိုပင် ခုံခုံမင်မင်တက်ခဲ့သူ ကျွန်တော်မဟုတ်ပါ။

သည်ဟာကိုတော့ ဆရာလေးအသိ။ ကျွန်တော့်ဆရာလေး ကိုချမ်းသာအသိ။

ပြည်သို့ ပြန်ရောက်ပြီး ဆရာလေးနှင့်ကျွန်တော် ချက်ချင်း ပြန်မတွေ့ရသေးပါ။

ကမ်းနားရှိ ဆရာလေးတို့၏ အိမ်စုလေးမှာ မရှိတော့ပါ။ မိုးရေနှင့် မျောခဲ့ပြီဖြစ်သောကြောင့် ပြာပုံပင် အနည်းငယ်သာ ကြွင်းကျန်ရစ်တော့သည်။

ဆရာလေးတို့ရှောင်ပြေးသွားရာ နိဗ္ဗိန္ဒချောင်အထိ လိုက်ရှာရန်မှာလည်း ခရီးက အတန်ဝေးသည်။ ပြီးတော့ . . . ကျွန်တော်က ကိုယ့်အပူနှင့်ကိုယ် . . .။

သို့ရာတွင် မကြာခင်မှာပင် ဆရာလေးကိုချမ်းသာနှင့် ပြန်တွေ့ရသည်။

မမျှော်လင့်သောအဖြစ်နှင့် ပြန်တွေ့ရတော့လည်း ကျွန်တော့်မှာ ရင်ဝယ်ဆို့ရပါသေးသည်။

* * *

ကျွန်တော်တို့အိမ်ကလေးမှာလည်း ပျက်စီးနေသောကြောင့် ပြန်အသစ်ဆောက်ရသည်။

တော်ပါသေး၏။ မမ၌ စစ်ပြေးစဉ် အစေခံလုပ်ရင်း စုဆောင်းထားသောငွေလေးများ ရှိသည်။ ကျွန်တော့်ယောက်ဖမှာလည်း ငွေတစ်ထောင်ပါလာသည်ဆို၏။

အိမ်သစ် (ဝါ) တဲသစ် ပြန်ဆောက်ပြီးနောက် ဝမ်းရေးအတွက် ကြံကြရသည်။ ကြံကြရသည်ဆိုသည်မှာ မမနှင့်ကျွန်တော်သာဖြစ်ပါ၏။ ကျွန်တော့်ယောက်ဖမှု ဘာမျှ ဟုတ္တိပတ္တိ လုပ်တတ်သူမဟုတ်။ လုပ်ချင်သူလည်းမဟုတ်။

သူလုပ်တတ်သည်မှာ ကားမောင်းခြင်းသာဖြစ်သည်။ စစ်ခေတ်ကြီးမှာ ကားကလည်း အရှားသားမို့ ဒရိုင်ဘာအလုပ်ရဖို့က မလွယ်။ အလုပ်ရှိတောင် သူ့လို ထောင်ထွက်အရက်သမားကို မည်သူကမျှ ငှားမည်မဟုတ်။

သူက အိမ်မှ တစ်နေကုန်တစ်နေခန်းတော့ ထွက်သည်။ ညမှ မူးရူးပြန်လာသည်။ သူ့၌ ပါလာသည်ဆိုသော ငွေတစ်ထောင်အနက် ကျန်သမျှမှာလည်း သူ အရက်သောက် ဖဲရိုက်ပစ်သည်နှင့် ကုန်သည်။

တစ်ညတွင် အရက်မူးပြန်လာပြီး လင်မယားစကားများရာမှ မမကို ရိုက်သည်။

မမ အရိုက်ခံရသည်မှာ မဆန်းတော့။ သည်လင်က သည်လိုရိုက်လို့လည်း သည်မယားက စိတ်နာတတ်သည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မမအရိုက်ခံရသည်ကို ဘယ်လိုမျှဝင်မစွက်ပဲ ကျွန်တော် ကိုယ့်နေရာကိုယ် ထိုင်နေသည်။

ကျွန်တော့်ယောက်ဖက သူ့မယား သူရိုက်၍မပြီး။ ကျွန်တော့်ဘက် လှည့်လာသည်။

"ဟေ့ကောင် . . . မင်းကကော အခုတလော ဘာလုပါးဝနေတာလဲ . . . "

"ကျုပ် ဘာလုပ်လို့လဲ . . . "

"ဘာလုပ်ရမလဲ . . . မင်းအချိုး ငါမသိဘူး မှတ်နေလား . . . "

"ဩော် . . . သိရင်လဲ ပြီးတာပဲ . . . "

"ဘာပြောတယ် . . . ကွ . . . "

ကျွန်တော့်ယောက်ဖက ကျွန်တော့်အနီးကပ်လာသည်။ သူ့လက်တွင်းဝယ် မမကိုရိုက်သော ဝါးခြမ်းပြားကြီးပါသည်။

ကျွန်တော့်ဘေးတွင်လည်း အိမ်ဆောက်စဉ်က ပိုသော ဝါးလုံးပိုင်းတစ်ပိုင်းရှိ၏။

ကျွန်တော်က အေးအေးဆေးဆေးပင် ဝါးလုံးပိုင်းကို ကောက်ကိုင်လိုက်၏။

"အံမယ် . . . မင်းက ငါ့ ပြန်ချမလို့ပေါ့လေ . . . ဟုတ်လား . . . "

"ဟုတ်တယ် . . . "

"မင်းက ဘယ်လောက် သတ္တိရှိလို့လဲ . . . "

"ခင်ဗျားထက် ရှိတယ် . . . ခင်ဗျားလုပ်ရဲတာ ကျုပ်သိတယ် . . . ခင်ဗျားလုပ်ရဲသလို ကျုပ်လဲလုပ်ရဲတယ် . . . ခင်ဗျားထက်ပိုတာက ကျုပ်က သေလဲသေရဲတယ် . . . ဒီလောကမှာ ကျုပ်အတွက် မထူးဘူး . . . သေရလဲ မထူးဘူး . . . ကဲ . . . စမ်းချင်စမ်း . . . "

ကျွန်တော်သည် ဒေါသသံမပါပဲ သူ့ကို အေးဆေးစွာပြောသည်။ ပြီးတော့ အေးဆေးစွာပင် နေရာမှထ၍ အဆင်သင့်ပြင်လိုက်သည်။

သူက ကျွန်တော့်ကို ခေတ္တစိုက်ကြည့်နေသည်။ ထို့နောက် ဒယီးဒယိုင်နှင့် မမဆီ ပြန်လှည့်သွားသည်။

"ဟဲ့ကောင်မ . . . နင့်မောင်ကို ကြည့်ဆုံးမထား . . . နောက်တစ်ခါဆို ငါလုပ်မိမယ် . . . "

မမက ဘာစကားမျှမပြော။ ကြိတ်သာငိုနေသည်။ မမသည် လင်ကရိုက်လျှင် အသံထွက်မအော်ပဲ ကြိတ်ခံ ကြိတ်ငိုသည့် မိန်းမစားဖြစ်၏။

သူက မမကို ခြေတစ်ဖက်ဖြင့် လှမ်းကန်ခဲ့ပြီး အိပ်ရာဝင်သည်။

ထိုနေ့နံနက်က သူပျောက်သွားပြီး သုံးလေးရက်အကြာမှ ပြန်ပေါ်လာသည်။ တစ်ဖန် အဝတ်အစားအနည်းငယ်ယူပြီး ထွက်သွားပြန်၏။

ကျွန်တော်က မမေးသော်လည်း မမကပြောသည်။

သူ ဂျပန်စစ်တပ်၌ အလုပ်ရသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ပြည်မြို့နှင့် အနီးတစ်ဝိုက်တွင် ဂျပန်တပ်အများ ရှိသည်။ သူတို့သည် လေယာဉ်ကွင်းတစ်ခုကိုလည်း အမြန်ဖောက်နေကြသည်။ ပန်းတောင်း–တောင်ကုတ်လမ်းကိုလည်း အပြင်းပြုပြင်နေကြသည်။ ပြည်အရှေ့ဘက်ရှိ ပေါင်းတလည်မြို့တွင်လည်း အခြေစိုက်စခန်းပြုပြီး ပေါင်းတလည်နှင့် ပေါက်ခေါင်းကြားရှိ တောင်ရိုးလေးတွင်လည်း နံရံများကိုဖောက်ကာ ဥမင်လိုဏ်ခေါင်းတူးနေကြသည်ဆို၏။

ကျွန်တော့်ယောက်ဖ အလုပ်ရသည်ဆိုခြင်းမှာ ပြည်မြို့ပေါ်တွင်တော့ မဟုတ်တန်ရာ။ ပေါင်းတလည်ဘက်လော၊ ပန်းတောင်းဘက်လော။ အသေအချာတော့ မသိ . . .။

မည်သို့ရှိစေ။ သူ့လုပ်စာကို ကျွန်တော်တို့ မျှော်လင့်ချက်မထားနိုင်။

ဆေးပြင်းလိပ်ခုံများ ပြန်ဖွင့်ပြီဖြစ်သော်လည်း ရေ့ကလောက် လူအင်အားမသုံးတော့။

ကျွန်တော်နှင့်မမသည် ဈေးရောင်းစားရန် ဆုံးဖြတ်ကြသည်။

အမှန်ကလည်း မမသည် ဈေးဆိုင်ကလေးတစ်ခု တည်ထောင်နိုင်ရန် အစဉ်စိတ်ကူးရှိခဲ့ရှာသည်။ ငွေရင်းမရှိ၍သာ ဆေးပြင်းလိပ် လိပ်စားခဲ့ရရှာသည်။ ကိုယ့်ဈေး ကိုယ့်ဆိုင်နှင့်ဆိုတော့ ကိုယ့်ဘဝကိုယ်ပိုင်ပြီး ကိုယ့်အချိန်ကိုယ်အစိုးရသည်။

မမ၌ ငွေအနည်းငယ် ကျန်ရှိနေသေးသည်။ ရှိသောငွေမှာ အခြားလုပ်ငန်းမလုပ်နိုင်စေ၊ စားသောက်ဆိုင်လေးတစ်ခုတော့ ဖွင့်နိုင်သည်။

မမနှင့် ကျွန်တော်သည် ပြည်ဆံတော်ဈေး၌ ဆီထမင်းနှင့် ပြန်ပေါင်းရောင်းကြ၏။ ငါးကြော်၊ ကြက်ကြော်နှင့် အမဲကြော်များလည်း တွဲဖက်ရောင်းသည်။ အဆက်အသွယ်ရလာသောအခါ စာကလေးကြော်၊ စနိုက်ကြော်၊ ချိုးကြော်များလည်း ရောင်းသည်။

ကြည့်တော့သာ ဘာမျှမဟုတ်သည်။ တစ်နေ့လျှင် ငွေငါးဆယ်ဖိုးမျှ ရင်းရသည်။ အမြတ်ကလည်း ခြောက်ကျပ်မှ တစ်ဆယ်အထိ ကျန်သည်။

ပြည်မြို့ကြီးမှာ ပြန်လည်စည်ပင်လာသည်ဆိုသော်လည်း ရေးကိုတော့ မမီတော့၊ စည်ပုံမှာလည်း ကွက်ကြားဖြစ်ရာ ဆံတော်ဈေးရှိသည့် ဘုရားခြေတော်ရင်းတစ်ဝိုက်မှာ အစည်ဆုံးနေရာတစ်ခု ဖြစ်လေ၏။

မမသည် ဆိုင်ကို နံနက်စောစော ခြောက်နာရီခန့်မှ နေ့လယ် သွားရေစာစားချိန် နာရီပြန်တစ်ချက်အထိသာ ဖွင့်သည်။ ကျန်ညနေပိုင်း၌ နောက်တစ်နေ့အတွက် ဝယ်ရခြမ်းရ ပြင်ဆင်ရသည်။

ကျွန်တော့်အတွက်မှာ ညနေမှ ညကိုးနာရီအထိ မမကို ကူညီရသဖြင့် အလုပ်များသည်။ နံနက်စောစော ဆိုင်ဖွင့်ရန် ကူညီသယ်ပိုးပေးပြီးသည့်နောက်၌ ကျွန်တော်အားနေသည်။

ကျောင်းတွေကလည်း ဟုတ္တိပတ္တိ ပြန်မဖွင့်ကြ။ ဖွင့်ဦးတော့လည်း ကျွန်တော့်၌ ကျောင်းပြန်တက်နိုင်သော အခြေအနေမရှိ။

ကျွန်တော်တို့ဆိုင်နှင့်ကပ်လျက် စာအုပ်ဆိုင်တစ်ဆိုင်ရှိသည်။ ကိုညွန့်အောင်တို့၏ 'တို့အမျိုး' စာအုပ်ဆိုင်ကဲ့သို့ ကြီးကြီးကျယ်ကျယ်မဟုတ်။ ထရံမြေစိုက် အင်ဖက်မိုး တဲဆိုင်တစ်ခုသာ ဖြစ်သည်။ ဆိုင်နာမည်ကိုမူ ကြီးကြီးကျယ်ကျယ် 'မဟာအာရှ' ဟု မှည့်ခေါ်ဆိုင်းဘုတ်တင်ထားသည်။ ဆိုင်ရှင်၏အမည်မှာ ကိုလှရှောင်ဟု ခေါ်သည်။

ရှေးယခင်က စာအုပ်ဆိုင်ရှင်ဆိုသည်မှာ စာပေဝါသနာရှင်များသာ ဖြစ်သည်။ ဒို့အမျိုး ကိုညွန့်အောင်ဆိုလျှင် ဂျာနယ်ကျော်၊ နဂါးနီစသည်တို့တွင် ဆောင်းပါးများပင် ရေးသူဖြစ်၏။ ယခု မဟာအာရှကိုလှရှောင်ကား စာပေဝါသနာမပါ။ မူလတွင် ကိုလှရှောင်သည် အလုပ်မရှိသောကြောင့် ရှေးယခင်က ကုလားများသာလုပ်သော စက္ကူဟောင်းစုဆောင်း၍ ပိဿာချိန်နှင့်ရောင်းသော အလုပ်ကိုလုပ်သည်။ ပထမတော့ သူသည် သတင်းစာအဟောင်းများသာ စုသည်။ နောင်အခါ သတင်းစာအဟောင်းများ ရှားလာသဖြင့် ရရာစက္ကူစုသည်။ စက္ကူက အလွန်ရှားရာ ရသမျှစက္ကူသည် အဖိုးတန်နေ၏။ အထူးသဖြင့် စာအုပ်ဟောင်းများ၏တန်ဖိုးကို ကိုလှရှောင် နားလည်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ စက္ကူရှားပါးခြင်းကြောင့် စာအုပ်သစ်များ မထွက်သလောက်ဖြစ်ရာ ကိုလှရောင် ပိဿာချိန်နှင့်ဝယ်ထားသည့် စာအုပ်ဟောင်းများမှာ ဈေးကောင်းလာ၏။ သူစာအုပ်ဆိုင်ရှင်ဖြစ်လာပုံကို ကိုလှရောင်က အောက်ပါအတိုင်း ရှင်းပြ၏။

"ငါ့ကွာ . . . တစ်နေ့ . . . ဆေးလိပ်ခုံ ဖင်စီခံပတ်ရောင်းဖို့ စာအုပ်တွေချိန်နေတုံး လူတစ်ယောက်က စာအုပ်တစ်အုပ် ဝင်ဆွဲယူပြီး အဲဒါ သူ့ရောင်းပါတဲ့ . . . ဆင့်နှစ်ရာပေးပါ့မယ်တဲ့ . . . စာအုပ်မူလဈေးက အဖုံးမှာရိုက်ထားတယ် . . . ရှစ်ပဲတဲ့ . . . ဆင့်ငါးဆယ်တန်ပေါ့ကွာ . . . ပိဿာချိန်နဲ့ ငါကဝယ်ထားတော့ နှစ်ဆင့်တောင် မတန်ပါဘူး . . . ဒါနဲ့ ငါလဲရောင်းလိုက်တာပေါ့ . . . နောက် အကြံရတာနဲ့ မျက်နှာဖုံးကောင်းကောင်းနဲ့စာအုပ်ဆို ကြိုးတန်းလေးတန်းပြီး ပြထားကြည့်တယ် . . . စွံတယ်မောင်ရေ့ . . . အဲဒါနဲ့ စာအုပ်ဆိုင် ဖြစ်လာတာပဲ . . . "

ယခုတော့ ကိုလှရောင်၏ဆိုင်မှာ အရောင်းဆိုင်ထက် အဝယ်နှင့် အငှားဆိုင်ပိုဖြစ်နေသည်။ စာအုပ်ဟောင်းများဝယ်သည်။ စာအုပ်ဖတ်လိုသူများက အခပေးပြီး ငှားဖတ်နိုင်သည်။ ဆိုင်ရှေ့သင်ပုန်းတစ်ချပ်ပေါ်တွင် 'ဝတ္ထုတစ်ခါငှား ဆင့်အစိတ်။ မဂ္ဂဇင်းတစ်ခါငှား ဆယ်ဆင့်၊ သုံးရက်အတွင်း ပြန်အပ်ရမည် . . . ' ဟု ရေးထားသည်။

ဆိုင်နီးချင်းလဲဖြစ်၊ ကျွန်တော်ကလည်း အားနေသောကြောင့် ကိုလှရောင်ကို ကျွန်တော် ဝိုင်းကူလုပ်ပေးရသည်။ အဖိုးအခကတော့ တစ်ပြားမှမရ။ သို့ရာတွင် ဆိုင်ရှိစာအုပ်တွေကို အလကားဖတ်ခွင့်ရသည်။

ပထမတော့ ဝတ္ထုတွေချည်းဖတ်သည်။ ဝတ္ထုတွေကုန်တော့ ရှိရာစာအုပ်ဖတ်သည်။

တစ်နေ့တွင် ဖတ်ရန်စာအုပ်ရှာရင်း ကဗျာနှင့်ပတ်သတ်သော စာအုပ်နှစ်အုပ်ကို သွားတွေ့သည်။ ငှားသူမရှိသောကြောင့် ဖုံတွေတက်နေသည်။

တစ်အုပ်ကား ဒဂုန်မဂ္ဂဇင်းအယ်ဒီတာဟောင်း ဦးဖိုးသစ်ပြုစု၍ ဦးစန်းငွေတည်းဖြတ်သော 'ကဗျာရေးနည်း နိဿရည်း' ဖြစ်၏။ အခြားတစ်အုပ်ကား 'တောင်ငူဘုရင် နတ်သျှင်နောင်ဆိုရတု' ဟု အမည်ရိုက်ထားသည်။ တည်းဖြတ်သူ မောင်ချမ်းမြ (မဟာဝိဇ္ဇာတွဲ့ရ) ဟု ပုံနှိပ်ထားသည်။

သည်စာအုပ်နှစ်အုပ်က ကျွန်တော့်ရောဂါဟောင်းကို ပြန်ဆွပေးသည်။

ကျွန်တော်တို့ပြည်မြို့သည် နဝဒေးကြီး၏ဇာတိမြေဟု ကျွန်တော်သိထားသည်။ ရှင်မဟာရဋ္ဌသာရလည်း ပြည်မြို့တွင် ခေါင်းချသွားခဲ့လေသည်။

ကျွန်တော့်ကို ဆန်း၊ အလင်္ကာ စသည် သင်ပေးခဲ့သော ဦးပဥ္စင်း ဦးကုဏ္ဍလသည် ရှင်မဟာရဋ္ဌသာရကို အသည်းစွဲတည်း။ ကိုးခန်းပျို့ကို အလွတ်ရသည်။ ကိုးခန်းပျို့မရသူကို စာတတ်သူဟုမထင်။ ဦးပဥ္စင်း ဦးကုဏ္ဍလ၏ လွှမ်းမိုးချက်ကြောင့် ကျွန်တော်လည်း ရှင်မဟာရဋ္ဌသာရကို အထင်ကြီးသည်။ ရှင်မဟာရဋ္ဌသာရကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် စာဆိုဖြစ်ရမည်ဟု စိတ်ကူးထားခဲ့သည်။

နဝဒေးကိုတော့ ကျွန်တော် ဘာအားကျရမှန်း ကျွန်တော်မသိသေး။ နဝဒေး၏ရတုများ ရှိမှန်းသိသော်လည်း မဖတ်ဖူးပါ။ (ကိုးခန်းပျို့၊ ဘူရိဒတ်ပျို့စသည်တို့ကိုလည်း မဖတ်ဖူးသေးပါ)

ယခု နတ်သျှင်နောင်၏ရတုတွေနှင့် တွေ့ပေပြီ။

နတ်သျှင်နောင်နှင့် ကျွန်တော် မစိမ်းလှပါ။ ပြည်လှဖေဆိုသော နတ်သျှင်နောင်သီချင်းကို ကြားဖူးသည်။ ယင်းသီချင်းတွင်ပါသော 'ပေါ်နွှေလလျှင်' ချီ ရတုပိုဒ်ကို ကျွန်တော် နားယဉ်နေပြီ။ အထူးသဖြင့် . . . 'တိမ်စွန်လေလျှင် ဖူးရောက်ချင်သည် ငှက်သွင်ပျံကြွမတတ်သော် . . . ' ဟူသည့် စာပိုဒ်က ကျွန်တော့်နှလုံးသားကို လာခိုက်နေသည်။

ဩော် . . . ကျွန်တော်မောင်မြတ်ဆွေလည်း ငှက်သွင်ပျံကြွမတတ်သော် ဖြစ်နေရသည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နတ်သျှင်နောင်၏ရတုများကို ကျက်သည်။ ဦးပဥ္စင်း ဦးကုဏ္ဍလလည်း ပြည်တွင် မရှိတော့သောကြောင့် ဆရာဦးဖိုးသစ်၊ ဆရာဦးစန်းငွေတို့ကိုပင် ဆရာသခင်အဖြစ် ဦးထိပ်ထားကာ သူတို့၏စာအုပ်ပါ နိဿရည်းများအတိုင်း ကဗျာစပ်လေ့ကျင့်သည်။

မိုးမရွာပဲ အနောက်ကောင်းကင်တွင် တိမ်ရောင်စုံတောက်သည့် ညနေများ၌ ဧရာမြစ်ကမ်းနဖူးထက်ထိုင်စဉ် ကဗျာတိုကဗျာစ စမ်းရွတ်မိသည်။

'ဆွေးသူ့မောင် အပွေများကိုဖြင့် . . . မေရတောင် နေရထားတွင်မှ . . . ချွေစကားမှာလိုက်မယ် . . . ' ဟူသော သဖြန်ပုလဲ ပေါက်ကို တုပြီး . . .

'ငမြတ်ဆွေ အပွေများကိုဖြင့် . . . တစ်ရပ်နေ မေသက်ထားဆီသို့ . . . ချွေစကားမှာလိုက်ချင် . . . ' ဟု ညည်းမိညည်းရာ ညည်းတတ်လာသည်။

ယင်းသို့ သမုဒယမြေအခံတွင် ကဗျာပါရမီမျိုးစေ့ ရှင်သန်စအချိန်မှာပင် ကျွန်တော့်ဆရာလေး ဦးချမ်းသာနှင့် ပြန်ဆုံတွေ့ရပါသည်။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

မခွဲခွာကြရမီ တစ်ညနေက ထားနှင့်အတူ ရောက်ခဲ့ကြပြီးသည့်နောက် ရွှေဆံတော်စေတီရင်ပြင်ပေါ် ကျွန်တော် ထပ်မရောက်။

နံနက်ခင်းမှာက မမကို ကူရသဖြင့် မအား။ နေ့လယ်ပိုင်းမှာတော့ စာနှင့်ကဗျာနှင့် အလုပ်ရှုပ်နေသည်။ မိုးမရွာသော ညနေများမှာတော့ မြစ်ကမ်းဘေးသွားတွေး၊ သွားငေးရသည့် မဟာကိစ္စကြီးက ရှိနေ၏။ နေဝင်ချိန်မှ ညကိုးနာရီအထိမှာကား ရှင်မဟာရဋ္ဌသာရကို အားကျ၍ တောင်ငူဘုရင် နတ်သျှင်နောင်၏ရတုများကို နှုတ်တိုက်ကျက်နေသူ ကျွန်တော် ခေတ္တရာမောင်မြတ်ဆွေမှာ ကောက်ညှင်းဆန်မှ ကျောက်ခဲ၊ စပါးလုံး ရွေးရသည်။ စာကလေး အမွေးနှုတ်သည့်အခါ နှုတ်ရသည်။ ကြက်ကြော်၊ အမဲကြော်သည်ကို မတူးအောင် မခြစ်အောင် စောင့်မွှေရသည်။

သည်အကြောင်းတွေကြောင့် ရွှေဆံတော်စေတီပေါ် မရောက်ခဲ့။

ရွှေဆံတော်စေတီပေါ်သာ မရောက်သည်၊ နတ်သျှင်နောင်၏ ရွှေဆံတော်ဘုရားတိုင်ရတုမှ အောက်ပါစာပိုဒ်ကိုတော့ မကြာခဏ ကျွန်တော်ရွတ်မိပါသည်။

"သောင်းခွင်ရပ်သူ၊ နတ်လူညွတ်ခ၊ တောင်းတိုင်းရသည်၊ လောကထွတ်တင်၊ မြတ်ချစ်ရှင်လျှင်၊ ဆံမျှင်မြူရှိ၊ ကြွင်းမဲ့သိလော့၊ ဂတိဖြူထွတ်၊ ကျွန်ပ်မှတ်ကား၊ လွမ်းဆွတ်ချစ်ပန်း၊ ညှိုးမမြန်းသည်၊ ရံဝန်းနေသာစွတကား . . ."

နတ်သျှင်နောင်မှာ သည်စာမျိုးတွေကြောင့် ကျော်သည် ဖြစ်ရမည်။ လူ့ဘဝမှာ သမုဒယနှင့် မကင်းသမျှ၊ ဩော် . . . ကျွန်တော့်လိုပင် "လွမ်းဆွတ်ချစ်ပန်း၊ ညှိုးမမြန်း" လေသမျှ၊ ဘယ်သူတွေဘာပြောပြော နတ်သျှင်နောင်၏အမည်ကား လူသားတို့၏ရင်ဝယ် ထာဝစဉ်စွဲ၍ နေမည်။ မြဲ၍နေမည်။

ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင်ကား ညနေပိုင်းတွင် ရွှေဆံတော်ဆီ ကျွန်တော် ခြေဦးလှည့်ခဲ့သည်။

ရှေးယခင်ကာလကောင်းစဉ်က ဝါဆိုလပြည့်ကျော် တစ်ရက်ဆိုလျှင် ရွှေဆံတော်တစ်ဝိုက်မှာ ကြည်နူးဖွယ်အတိတည်း။

ပြည်မြို့တစ်ဝိုက်တွင် တောတောင်တို့က ပေါများလှ၏။ တောပန်းတောင်ပန်းတွေကလည်း လှိုင်လှ၏။ တောပန်းခိုင် တောင်ပန်းခိုင်တွေနှင့် ဆံတော်ရှင်စေတီထက်တက်ကာ လှူကြ၊ ကန်တော့ကြသည့် ခေတ္တရာမြို့သူ ရွှေပြည်သူတို့ ဆုယူစည်းဝေး ဖြူဖြူဖွေးဘိသည်။

ယခုတော့ ရှေးယခင်ကလောက်မူ မစည်၊ ခြောက်ကပ်သည်လည်း မဟုတ်။

လွမ်းသလိုလို၊ ဆွေးသလိုလို၊ ဘာလိုလိုနှင့် စောင်းတန်းအတိုင်း တက်လာသူကျွန်တော့်မှာ တစ်စုံတစ်ရာအသံကို ကြားရသောကြောင့် ခြေလှမ်းတုန့်သွားသည်။

ဟို . . . ရှေးယခင်က သည်နေရာရောက်လျှင် ဘကြီးမောင်၏ ပတ္တလားသံကို ကြားရမြဲ။ အသံအက်အက်နှင့် ထူးမခြားနားကို ဖြစ်စေ၊ စိန်ကြောင်နီလာကိုဖြစ်စေ ဘကြီးမောင်ဆိုသံကို ကြားရမြဲ။ စစ်ရှောင်ရာမှပြန်အရောက်တွင် ဘကြီးမောင်ကို မတွေ့ရတော့။ ဘယ်ဆီကို ပြေးလေသည်မသိ။

ယခု ကျွန်တော်ကြားရသောအသံက ဒုံမင်းသံ၊ သီချင်းဆိုသံက မအက်မကွဲ၊ ဆွေးဆွေးမြေ့မြေ့နှင့် ငိုသံပါသည်။ သီချင်းက ဖြေလျော့ခွေ . . .။

ကျွန်တော်ကြားမိချိန်တွင် သီချင်းက သဖြန်တီးတော့နေပြီ။

www.burmeseclassic.com



"သုံးဘုံတိုက်ပြင်၊ ယမိုက်လျှင် ရောင်ခြည်ဝေသည့် စိန္တေယျာဖျား . . . "

သဖြန်ဟူသည် အတွဲ့များပြီး စည်းထောင့်ဝါးထောင့်ခက်သောကြောင့် အဆိုရခက်သည်။ ဆိုတတ်ပြန်တော့ ပတ်ပျိုးတစ်ခုလုံး၏အဆုံး၊ နောက်ပိတ်ဆုံး အိတ်နှင့်လွယ်ဟူသကဲ့သို့ ရင်နှလုံးကို ကျုံးယူဆွဲဆောင်နိုင်သည်။

ယခု သဖြန်ဆိုနေဟန်က ထိုသို့ ကျုံးယူဆွဲဆောင်နိုင်သည်။ အထူးသဖြင့် ကျွန်တော့်နှလုံးသားကိုသာမက ဝိဉာဉ်ကိုပါ ဆွဲဆောင်နိုင်သည်။ အကြောင်းကား သည်အသံက မမှားနိုင်။ မျက်မှန်မည်းတပ်၍ သီဆိုနေသူ၏အသွင်ကလည်း မမှားနိုင်။

ကျွန်တော့်ဆရာလေး . . .။ ကျွန်တော့်ဆရာလေး ကိုချမ်းသာ . . .။

ကျွန်တော်သည် သူ့ထံသို့ မပြေးရုံတမယ် လျှောက်သွားသည်။

စောင်းတန်းလေ့ကားထစ်များဘေးတွင် ဆိုင်ခန်းကဲ့သို့ ဆင့်ထိုးထားရာ ကြမ်းပေါ်၌ သူက ဆိုတီးနေခြင်းဖြစ်၏။

အောက်ထပ်တွင် ရပ်လျက်လည်းကောင်း၊ ဆင့်ပေါ်ထိုင်လျက်လည်းကောင်း လူလေးဦးခန့်က နားထောင်နေကြသည်။

"ယိမ်းလှည့်မကြုံ၊ စိမ်းမယ့်ပုံ သူပေါ်ပေ၊ အမှုတော်ဟန်ပန်ရအောင်၊ မှိုင်းမပါဘုရား . . . ဘုရား . . . ဘုရား . . . "

နားထောင်နေသူများက အနီးတွင်ချထားသော ဖလားတစ်လုံးအတွင်းသို့ ဂျပန်ငွေစက္ကူများ ထည့်ကြ၏။

"သာဓုပါခင်ဗျာ . . . သာဓု . . . သာဓု . . . ဂီတသုခုမ အနုပညာနဲ့ တောင်းစားသည် မဟုတ်ပါ . . . တောင်းစားရန်လဲ သည်ပညာသင်ခဲ့သည့် ကျွန်တော်များမဟုတ်ရပါ . . . အကုသိုလ်ကံဝင်ကြွေးကလဲ မကင်းခဲ့တာမို့ စက္ခုနှစ်ကွင်းကလဲ အလင်းမရ . . . အဖဆိုတာ ပျို့ရွယ်စဉ်မှာဆုံးပြီးတော့ အမိခများ မွေးမာတာဟာလဲ သည်စစ်ထဲမှာ ရင်ကွဲမကွဲ သေကွဲ ကွဲခဲ့ပြီမို့ ကံမွဲသည့် ဒုက္ခိတ ကျွန်တော်မောင်ချမ်းသာ . . . တတ်သည့်ပညာ မနေသာ . . . ဝမ်းစာအတွက် ရွှေနားတော်ဆက်ရပါသည် . . . နှစ်သက်ရွှင်လန်း မနောမှာ ပီတိပန်းများ ဝေဆာတော်မူကြပါလျှင် သဒ္ဓါကြည်ဖြူ စိတ်အလိုတူသျှ ပေးလှူချီးမြှင့် မေတ္တာပန်းပွင့်ခဲ့ပါစေ . . . လို့ . . . "

လူလေးဦးသည် နေရာမှခွာပြီး ဘုရားပေါ် ဆက်တက်သွား၏။

ကျွန်တော့်ရင်မှာ ဆို့နေ၏။ ရင်ဆို့လွန်းသောကြောင့် ရုတ်တရက်အသံမပြုနိုင်။

အတန်ကြာမှ တံတွေးကိုမြိုချပြီး ချောင်းဟန့်ရ၏။

"ဩော် . . . ရောက်လာကြပြန်ပြီလား . . . ဘယ်နှစ်ယောက်လဲ . . . နားထောင်ချင် ခဏဆိုင်းကြဦးနော် . . . ဆရာလေး မောသေးလို့ . . . "

ဆရာလေးမှာ အမှန်ပင် မောဟန်ပေါက်နေသည်။ ဘယ်နှစ်သုတ်လာ၍ ဘယ်နှစ်ပုဒ် ဟဲထားရရှာသည် မသိ။

"ဆရာ . . . "

"ဗျို့ . . . ဟာ . . . ဟေ . . . "

ကျွန်တော့်အသံကို ဆရာလေး ကောင်းစွာမှတ်မိပုံရသည်။

"ကျွန်တော်ပါဆရာ . . . မြတ်ဆွေပါ . . . "

"မြတ်ဆွေ . . . ဟင် . . . မြတ်ဆွေ . . . "

ဆရာလေး၏လက်များသည် တုန်တုန်ယင်ယင်နှင့် ရှေ့ထွက်လာသည်။

ကျွန်တော်ကလည်း ဆရာလေး၏လက်များကို ယုယရိုသေစွာ ပြန်ဆုပ်ယူလိုက်ရ၏။

"မြတ်ဆွေရယ် . . . ငါ့အဖြစ်ကို မင်းမြင်လို့ ကောင်းသေးရဲ့လား . . . "

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးသည် ကျွန်တော်၏ပခုံးကိုဖက်ကာ ငိုကြွေးပါတော့၏။ ဆရာလေးငိုတော့ ကျွန်တော်ပါ မျက်ရည်ကျသည်။

ဆရာတပည့် အားရအောင် ကြေကွဲ ငိုကြွေးပြီးကြမှ စကားဆက်နိုင်ကြသည်။

"ဘယ်ပုံဖြစ်ရတာလဲ ဆရာလေးရယ် . . . "

"ဘယ်ပုံဖြစ်ရမှာလဲ မြတ်ဆွေရယ် . . . နိဗ္ဗိန္ဒမှာ နေကြတာ အကောင်းသား . . . အမေရယ်လေ . . . အမေရယ် . . . သေမင်းငင်တာပါချင်တော့ တစ်နေ့မှာ မြို့ထဲ ပြန်ထွက်တယ် . . . တို့ဘဝကလဲ တစ်နေ့လုပ်မှ တစ်နေ့စားမဟုတ်လား . . . အဲဒါ ပန်းကန်တွေဆိုလား . . . ပိတ်တွေဆိုလား . . . မြို့ထဲမှာ အချောင်ဝယ်ရထားတဲ့လူက ချောင်ကိုသယ်ဖို့ လူငှားတော့ အဖော်သုံးလေးယောက်နဲ့ အမေ မြို့ထဲလိုက်သွားတယ် . . . ဗုံးကြဲတာနဲ့တိုးတော့ . . . မြတ်ဆွေရယ် . . . "

ဆရာလေး၏အသံမှာ တိမ်ဝင်သွားပြန်၏။

"မြတ်ဆွေရယ် . . . အလောင်းတောင် ငါမမြင်လိုက်ရပါဘူး . . . အေးလေ . . . ဒီသောက်ကန်းဘဝမှာ ဘယ်မြင်နိုင်ပါ့မလဲ . . . ငါပြောတာက လက်နဲ့တောင် မတို့လိုက်ရပါဘူး . . . သင်းတောင် မသံဂြိုဟ်လိုက်ရပါဘူး . . . တစ်ယောက်ထဲ မသေပဲကျန်နေတဲ့အဖော်ကပြောတော့ . . . ခြေပြတ်လက်ပြတ် မရှုမလှ မမြင်မရဲပေါ့ . . . သူတို့စစ်ဖက်ကနေ အမှိုက်ကျုံးသလို ကားနဲ့တိုက်ပြီး သယ်သွားကြသတဲ့ . . . မမြင်မကန်းနဲ့ ဘယ်လိုက်ရမှန်းလဲ ငါမသိ . . . ကာလပျက်ထဲ ကိုယ့်ဒုက္ခ ကိုယ့်အပူနဲ့ဆိုတော့ ငါ့ကို ဘယ်သူက ဂရုစိုက်ပြီး ဘယ်လိုက်ပို့ကြမှာလဲ . . . ရက်လည်ဆွမ်းကလေးသာ ငါ့မှာ တတ်အားသမျှသွတ်ပြီး အမျှဝေရတော့တယ် . . . မြတ်ဆွေရယ် . . . "

"ဖြစ်မှဖြစ်ရလေ ဆရာရယ် . . . ဒါနဲ့ ဒီကို ဆရာဘယ်လိုရောက်လာတာလဲ . . . "

"ဘယ်လိုရောက်လာရမလဲ . . . ချောင်မှာဆက်နေတော့ ငါ့ဘယ်သူက ကျွေးထားမလဲ . . . တစ်ရက်ဆိုဟုတ်ရဲ့ . . . နှစ်ရက်ဆိုဟုတ်ရဲ့ . . . တစ်လဆိုတော့ လူငြိုငြင်တယ် . . . ကျွေးထားဖို့မပြောနဲ့ . . . အိမ်ပေါ်တင်ထားဖို့တောင်မှ ငါ့ရုပ်က အမင်္ဂလာ . . . တီးဝိုင်းလေး ဘာလေးလိုက်စားဖို့ကလဲ စစ်ကာလကြီး . . . ဘယ်မှာလဲ အလှူအတန်း . . . ဟယ် . . . တတ်နိုင်ဘူး . . . ကံစီမံသမျှခံ . . . ကံပစ်ချရာနေ . . . သဗ္ဗေသတ္တာ ကမ္မသကာဘဝမှာ ကမ္မထည့်ကာ၊ ကမ္မသကြားလုပ်မနေတော့ဘူးဆိုပြီး ရှိသမျှပစ္စည်းလေး သိမ်းထုတ်လို့ ဒီရောက်လာတာပဲ . . . ကျန်တာတော့ မင်းမြင်သမျှ . . . ကြားသမျှပဲ တပည့်ရေ . . . "

ကျွန်တော်သည် ဆရာစံရာ စောင်းတန်းဆင့်ကို မျက်စိကစားကြည့်သည်။ အလျား ဆယ့်ငါးပေ၊ အနံ ဆယ်ပေခန့်ဖြစ်၍ အကျယ်ဝန်းသား။ ဘီရိုဟောင်းကြီးတစ်လုံး၊ သံသေတ္တာတစ်လုံး၊ အိပ်ယာလိပ်၊ သောက်ရေအိုးတစ်လုံး . . .။ ပစ္စည်းဟူ၍ ဒါပဲရှိသည်။ ကျန်သည်မှာ ဆရာပိုင်ဖြစ်၍ ဘီရိုဟောင်းကြီးမှာမူ မူလကတည်းက ဤစောင်းတန်းတွင် ရှိနှင့်ဟန်တူသည်။

"နို့ . . . ဆရာ့နေရေးထိုင်ရေးက ဘယ်လိုလုပ်သလဲ . . . "

"ဟောဟိုက ပန်းသည်မနန်းကြိုင်တို့ . . . ဟိုဘက်က ဗေဒင်ဆရာ ဦးစိန္တတို့က ဝိုင်းစောင့်ရှောက်ကြပါတယ် . . . ထမင်းတော့ မနန်းကြိုင်တို့ထဲ တစ်လသုံးဆယ်ထည့်စားတယ် . . . "

ကျွန်တော် ငြိမ်စဉ်းစားနေခိုက် ဆရာလေးသည် ဖလားတွင်းမှ ငွေတို့ကို ရေကြည့်နေသည်။

ဆယ်ဆင့်တန်သုံးရွက်။ ဆင့်အစိတ်တန် တစ်ရွက် . . .။

"ငါးဆယ့်ငါးဆင့်ဟဲ့ မြတ်ဆွေ . . . ဒီညနေ မဆိုးဘူး . . . "

ကျွန်တော်က ဆရာလေးကို အံ့သြမိသည်။ မျက်စိမမြင်ပဲ ငွေစက္ကူကို မှန်ကန်စွာ ရေတွက်နိုင်သည်။

ဆရာလေးသည် ငွေစက္ကူများကို အိတ်တွင်းထည့်လိုက်ပြီး ဆေးပေါ့လိပ်ကို မီးညှိဖွာ၏။

"မင့်အကြောင်းလဲ ပြောဦးလေ မြတ်ဆွေ . . . "

ကျွန်တော့်အကြောင်း။ ဩော် . . . ကျွန်တော့်အကြောင်းဆိုတော့ ထားက ပါလာမည်။ ထားကို သတိရပြန်တော့ . . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အနည်းငယ်ရက်စိတ်ဝင်မိသည်။ မူလကတော့ ကိုယ့်အပူကိုယ်သည်းပြီး ကိုယ့်ဒုက္ခကိုယ်ကြီးသည် ထင်မိသည်။ ယခု မျက်စိရှေ့မှ ဆရာလေး၏ကမ္ဘာမီးကို မြင်ရတော့ ကျွန်တော့်ဆီမီးခွက်သည် ဘာမျှမဟုတ်။ ဘာလေးမျှ မဟုတ် . . .။

ကျွန်တော်သည် သက်ပြင်းရှိုက်လိုက်ပြီး ဖြေသည်။

"ကျွန်တော့်အကြောင်းကတော့ ထူးထူးထွေထွေရယ် မရှိပါဘူးဆရာ . . .ထုံးဘိုဘက်ကို စစ်ရှောင်သွားပြီး ပြန်ရောက်လာတယ် . . . အခု ဆံတော်ဈေးမှာ မမနဲ့ကျွန်တော် ဆီထမင်း၊ ပြန်ပေါင်း အသားကြော်ဆိုင် ထွက်နေကြတယ် . . . ဒါပါပဲ . . . ဒါလောက်ပါပဲ . . . "

"ဒါထက် . . . မင်းယောက်ဖကော . . . "

"သူလဲ ထောင်က မသေမပျောက် လွတ်လာပါတယ် . . . အခု ဂျပန်စစ်တပ်မှာ အလုပ်ရတယ် . . . ဘာအလုပ်လဲတော့ ကျွန်တော် မသိဘူး . . . "

"မင်း ကျောင်းမနေတော့ဘူးလား . . . "

"ကျောင်းတွေလဲ ဟုတ်ဟုတ်ဟတ်ဟတ် ပြန်မဖွင့်နိုင်သေးဘူး . . . ဆရာမစုံ ပစ္စည်းမစုံနဲ့ . . . ပြီးတော့ ဆရာရယ် . . . ကျွန်တော့်လဲ ကျောင်းပြန်တက်နိုင်တဲ့ အခြေမှာ မရှိပါဘူး . . . "

"ဒါဖြင့် မင်းဘာလုပ်မလဲ . . . "

"ကျွန်တော် အခုကဗျာတွေ လေ့လာနေတယ် . . . ကဗျာစပ်လဲ ကျင့်နေတယ် . . . "

"အံမယ် . . . တယ်ဟုတ်လိုက်ပါလား . . . အခု မင်း ဘယ်ကဗျာတွေ လေ့လာနေလဲ . . . "

"နတ်သျှင်နောင်ရတုတွေ . . . "

"ဟယ် . . . ချီကတည်းက မင်းက တကယ့်ဟာကိုင်တာကိုး . . . မင်း နားကောလည်ရဲ့လား . . . "

"တချို့ စကားလုံးတွေကို နားမလည်ဘူး . . . အဲ . . . စကားတစ်လုံး နားမလည်တာနဲ့ အဆက်အစပ်လဲ စဉ်းစားလို့ မရတော့ဘူး . . . "

"ဘယ်လိုစကားလုံးတွေလဲ . . . "

"ဥပမာ . . . ပေါ်နွေလလျှင်၊ မြော်ချေကလျှင်၊ ဖျော်ဖြေမှလျှင် သုံးပိုဒ်မှာ ကျန်တဲ့အပိုဒ်တွေကို နားအလည်သား . . . ဖျော်ဖြေမှလျှင် ချီတဲ့အပိုဒ်ကျတော့ ကျူးပိုက်ဖြားတို့၊ ကျိုင်းစင်မြခဲတို့၊ စစ်ပွဲရန်နည်တို့ ဆိုတဲ့စကားတွေ သွားတွေ့တယ် . . . ဘာတွေမှန်း ကျွန်တော် နားမလည်ဘူး . . . "

ယနေ့ညနေအဖို့ ဆရာလေးသည် ရှေးဦးစွာအဖြစ် ရယ်သည်။

"မင်း ပေါရာဏတွေနဲ့ သွားတွေ့နေတာကိုး . . . "

"ခင်ဗျာ . . . "

"ပေါရာဏတွေ . . . ပေါရာဏဆိုတာ ရှေးဟောင်း အသုံးစကားတွေ . . . မင်း သတိမထားမိလို့ပါ . . . သီချင်းကြီးတွေမှာလဲ ပါတယ် . . . နေဦး . . . လွမ်းခလေ့ပတ်ပျိုးမှာ 'မိုးယံဝဝယ် လကိုမြင်' ဆိုတာ ပါတယ်မဟုတ်လား . . . မိုးယံ ဆိုတာက ပေါရာဏ၊ ကောင်းကင်ကို ခေါ်တာ . . . အဲဒီပတ်ပျိုးမှာပဲ စောရွယ်လူးဆိုတာ ပါပြန်တယ် . . . စောဆိုတာက မင်း . . . ရွယ်လူးဆိုတာက ပျိုတာရွယ်တာကို ခေါ်တာ . . . 'ရွယ်လူးခင်ညို၊ သွေးကြည်းဆိုသော် . . . ' စသည်ဖြင့် ရှင်မဟာသီလဝံသတို့လဲ စပ်တယ် . . . ပပဝင်းဝင်းက 'မျက်လုံးတော်ရှောင် . . . သောက်ရှုးကြယ်ညီနောင်' ဆိုတာမှာလဲ သောက်ရှုးဟာ ပေါရာဏပဲ . . . မိုးလင်းခါနီးမှာ တောက်ပတဲ့ သောကြာကြယ်ကို ခေါ်တာ . . . အေးလေ . . . ငါကလဲ မင်းကို အဆိုအတီးသာ သင်ပေးရသေးတာကိုး . . . စာသားအဓိပ္ပါယ်ကို ဟုတ္တိပတ္တိမှ မသင်ပေးရသေးပဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် စောစောက ကျွန်တော်ပြောတဲ့ ကျူးပိုက်ဖြား၍ဆိုတာတွေကရော . . . "

"နေဦး . . . မင့်စာကို ငါရဖူးပါတယ် . . . ဘာတဲ့ . . . ဖျော်ဖြေမှုလျှင်၊ ယုယသံချို၊ ပြေလိုစိမ့်သား၊ ကျူးပိုက်ဖြား၍၊ ချီသွားမူးမူး၊ ရှေ့ရက်ဦးက၊ မကျူးထင်ထင်၊ ကဆုန်တွင်ကို၊ ကျိုင်းစင်မြဲ၊ စစ်ပွဲရန်နှည်၊ ပြန်လျှင်းမည်ဟု။"

ဆရာလေးသည် စိတ်ပါလာဟန်ဖြင့် ရတုကို သံနေသံထားနှင့် ဆိုနေ၏။ သူ့လက်ရှိဘဝကိုလည်း သူမေ့ပြီထင်၏။

ကျွန်တော်ကသာ ရင်ထုမနာဖြစ်မိ၏။ သည်လိုပညာ၊ သည်လိုဗဟုသုတတွေနှင့် သည်နေရာမှာ . . .။

ဆရာလေးကမူ ဆေးလိပ်ကိုဖွာလိုက်ပြီး စကားဆက်၏။

"ကျူးဆိုတာက သာသာယာယာဆိုတာ . . . မြွက်ထာ၊ ပိုက်ဖြား ဆိုတာက စိတ်ထဲမှာ မှတ်ထင်တာ . . . ကျိုင်းဆိုတဲ့စကားကတော့ အဓိပ္ပါယ်များသား . . . ထီးလို့ အဓိပ္ပါယ်ရတဲ့အခါရ၊ ထွားတယ်လို့ ရတဲ့အခါလဲရ၊ မြတ်ခြင်း၊ နှစ်သက်ခြင်းလို့ ရတဲ့အခါလဲရ၊ ဒီနေရာမှာတော့ ယောကျာ်းပီပီ ထွားထွားယားယားလို့ ယူရမယ် . . . ကျိုင်းဆိုတဲ့စကားကို နတ်သျှင်နောင် အားကြီးသုံးတယ် . . . 'ကျိုင်းမြည်ိုရောင် . . . . ညီများေနာင်လျှင် . . . ' ဒီလိုလဲ တွေ့ဖူးတယ် . . . ရန်နှည်ဆိုတာကတော့ မင်း (ဝါ) ရှင်ဘုရင်ကို ခေါ်တာ . . . ကျိုင်းစင်မြဲ၊ စစ်ပွဲရန်နှည် ဆိုတာကို စကားစပ်နဲ့ ရှင်းရရင် စစ်ပွဲဆီချီသွားတဲ့ ယောကျာ်းပီပီ စိုစိုလန်းလန်းနဲ့ ငါဘုရင်ဟာ နတ်သျှင်နောင်ကိုယ်တိုင်ပေါ့ကွာ . . . . ရတုတစ်ပိုဒ်လုံးရဲ့ အဓိပ္ပါယ်ကတော့ . . . "

ဆရာလေးသည် ဆေးပေါ့လိပ်ကို ချလိုက်သည်။ ဒုံမင်းကြိုးများကို ရတုအဆိုဖြင့် မျှောကြောင်းပေးသကဲ့သို့ တီးရင်းဆက်ပြော၏။

"စစ်မြေပြင်ဆီထွက်ခွာလာခါနီး . . . ဟိုတစ်ရက်တုန်းက ချော့ခဲ့ရတယ် . . . ကျန်ရစ်သူကလေး စိုးရိမ်စိတ်ကလေးမှ ပြေပါစေလို့ နှလုံးမှာထားပြီး ယုယုယယနဲ့ ကတိစကား မြွက်ကြားခဲ့ရတယ် . . . မပူပါနဲ့ ချစ်ရသူရယ် . . . မိုးမင်းပဇ္ဇုန် ရွှေအမွှန် ရစ်ကာ ဝိုင်းလို့ မသိုင်းခြုံမီ . . . လကဆုန်နွေရက် နွမ်းမကျွမ်းခင်မှာ . . . မယ့်သခင် မောင်ဆက်ဆက် . . . ချစ်သူထံမပျက် အရောက်ချီမြန်းပြန်ကာလေ လှမ်းခဲ့မယ် . . . "

ဆရာလေးက လွမ်းလွမ်းဆွေးဆွေးနှင့် ပြောနေ၏။ ကျွန်တော်ကလည်း လှိုက်လှဲသောနှလုံးဖြင့် နားထောင်နေ၏။

"မြတ်ဆွေရေ . . . "

"ခင်ဗျာ . . . "

"နူတ်တစ်ရာ စာတစ်လုံးတဲ့ . . . စာတစ်အုပ် တစ်ပိုဒ်ကဗျာ တဲ့ . . . မင်း မှတ်ထား . . . "

"ဟုတ်ကဲ့ ဆရာ . . . "

"ကဗျာဆိုတာကလဲ ပညာရှိ ကဝိပစ္စည်းတဲ့ . . . ပညာရှိပိုင်ပေါ့ကွာ . . . အဟဲ . . . ဟဲ . . . ငါ့လက်ထက်ကျမှ သူတောင်းစားပိုင်များ ဖြစ်နေပြီလား မပြောတတ်ဘူး . . . "

ဆရာလေး၏စကားသည် ပစ္စုပ္ပန်ဘဝဘက်ဆီ လှည့်လာပြန်၏။

စိတ်မကောင်းဖွယ်စကားများ ဆရာလေးမဆက်ရန် ကျွန်တော်က လိုးလွှဲမေး၏။

"ဆရာ . . . ပေါရာဏစကားတွေ အကုန်တတ်သလား . . . "

"ဘယ် အကုန်တတ်မလဲကွာ . . . သြော် . . . ခုမှသတိရတယ် . . . ဟောဟိုဘီရိုဖွင့်ပြီး သွားရှာစမ်း . . . ပေါရာဏဒီပဏီ . . . နှစ်တွဲရှိတယ် . . . အဲ . . . ရှိဦးမယ်ထင်တာပဲ . . . "

ကျွန်တော်ကထပြီး ဘီရိုတွင်းရှာသည်။ မဟာဂီတ၊ ဂီတဝိသောဓနီတို့နှင့်အတူ မှော်ဘီ ဆရာသိန်းကြီး၏ ပေါရာဏဒီပဏီကို တွေ့သည်။

စာအုပ်ကိုသာမက တယောသေတ္တာလေးတစ်လုံးကိုပါ တွေ့သည်။ ကျွန်တော်သည် တယောသေတ္တာကလေးကိုပါ ယူလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"စာအုပ် တွေ့လားဟေ့ . . . "

"တွေ့ပါတယ်ဆရာ . . . "

"အေး . . . မင်းယူတော့ . . . ငါလဲ အစက ကဗျာတွေ ဘာတွေ လိုက်သေးတာပေါ့ . . . အသက်အစိတ်ကျမှ ကျောက်ပေါက်ပြီး မျက်လုံးကန်းသွားလို့ . . . ငါ့အတွက် စာအုပ်က အသုံးမဝင်တော့ပါဘူး . . . "

"ဟုတ်ကဲ့ ဆရာ . . . ဩော် . . . ဒီတယောသေတ္တာလေးက ဘာလုပ်ထားတာလဲ . . . "

"ဩော် . . . အေး . . . အေး . . . ကာလအပျက်မှာ တိုက်ဖောက်တဲ့လူတွေဆီက အချောင်ရလို့ ဝယ်ထားလိုက်တာ . . . အတော်လတ်ပုံ ရသေးတယ် . . . ငါ နှစ်ဆယ်ပဲ ပေးလိုက်ရတယ် . . . မင့်ပြောရဦးမယ် . . . အဲဒီ 'ဖောက်သယ်' တွေရောင်းတာ စန္ဒယားတစ်လုံး တစ်ရာတဲ့ကွာ . . . ငါ့လက်ထဲ ငွေမရှိလို့ . . . နို့ဖြင့် တစ်လုံးလောက် ဝယ်ထားလိုက်ပါရဲ့ကွာ . . . "

"ဒီတယော ဆရာမတီးဘူးလား . . . "

"တစ်ခါတလေတော့ တီးတာပေါ့ . . . ဒါပေမယ့် မင်းသိသားပဲ . . . ငါက ဒုံမင်းမှ အားရတာ . . . အေး . . . အဲဒီတယောလဲ မင်းယူ . . . ငွေတော့ နောက် ကြည့်ပေးကွာ . . . ငါ မင်းကို တယောထိုးလဲ သင်ပေးမယ် . . . မယ်ဒလင်က သိပ်လူရာမဝင်ဘူးကွ . . . "

ကျွန်တော် ဝမ်းသာ၍မဆုံး။

ဆရာလေးနှင့် ပြန်တွေ့ရသည်မှာ ကျွန်တော့်အတွက် တက္ကသိုလ်ရောက်သကဲ့သို့ ရှိနေ၏။

တွေ့စက စိတ်မကောင်းဖွယ်ရာများကို သတိမေ့ကာ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် ကြည်နူးနေကြ၏။

ကျွန်တော်တို့၏ ကြည်နူးမှုကို ရှေ့မှခြေသံများက ဖျက်လိုက်၏။

ဘုရားဖူးရင်း သီချင်းနားထောင်လိုသူများတည်း။

"ဗျို့ . . . ဆရာလေး . . . လုပ်စမ်းပါဦး တစ်ပုဒ် . . . "

ဆရာလေးသည် မျက်မှန်မည်းနောက်မှ မမြင်ရသောမျက်လုံးများနှင့် ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ထို့နောက် သက်ပြင်းရှိုက်ပြီး ဖြေ၏။

"ဒီနေ့ တော်ပါပြီကွယ် . . . ဆရာလေး မောလို့ . . . "

"ဟာ . . . ဆရာလေးကလဲ လုပ်ပြီ . . . နားထောင်ချင်ပါတယ်ဆိုမှ . . . နားမထောင်ဖူးသေးတဲ့ မိတ်ဆွေတွေကို ကျွန်တော် တမင်ခေါ်လာရတာ . . . ဟောဒီမှာ ထည့်လိုက်ပြီ . . . ဆင့်တစ်ရာ . . . လုပ်ပါ အလွမ်းလေး . . . "

ကျွန်တော်သည် ဆရာလေး၏ အမူအရာကို အကဲခတ်ကြည့်သည်။

မောနေသည်ဆိုခြင်းမှာ ဟုတ်ချင်လည်းဟုတ်မည်။ တပည့်ဟောင်းတစ်ဦးရှေ့တွင် လက်ရှိအလုပ်ကို လုပ်ပြရမည်ကို ရှက်နေဟန်လည်း တူသည်။

စောစောက ဆရာလေး ငါးဆယ့်ငါးဆင့်သာ ရသေးကြောင်း ကျွန်တော် သတိရသည်။ မနန်းကြိုင်တို့ကို ထမင်းဖိုး တစ်လ သုံးဆယ်ပေးရသည်ဆိုခြင်းကိုလည်း အမှတ်ရမိသည်။ သည်အတိုင်းဆိုလျှင် ဆရာလေး နေ့တွက် မကိုက်သေး။

ကျွန်တော်က ဝင်ပြောပေး၏။

"လုပ်ပါ ဆရာ . . . ဆရာမောနေရင် တီးပေးပေါ့ . . . ကျွန်တော် ဆိုပေးမယ် . . . "

"ဘာ . . . မင်းက ဆိုမယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . "

"မင်း . . . မင်း . . . တကယ်ဆိုမလို့ . . . "

"ဩော် . . . ဆရာရယ် . . . အရင်တုန်းကရော ဆရာတီးရင် ကျွန်တော် မဆိုဘူးလား . . . "

"ဒါပေမယ့် အခုဟာက အရင် . . . အရင် . . . အရင်နဲ့ တူတာမဟုတ်ဘူး . . . "

"ကျွန်တော့်အတွက်တော့ အတူတူပါပဲဆရာ . . . သီချင်းကို ဘယ်နေရာ . . . ဘယ်မှာဆိုရဆိုရ . . . ခြားနားချက်ကို ကျွန်တော်မမြင်ဘူး . . . "

ဆရာလေးက တုန်ယင်သောလက်များနှင့် ဒုံမင်းကို ကိုင်သည်။

"မင်း . . . မင်း ဘာဆိုမလဲ . . . "

"ဟောဒီက နောင်ကြီးတွေက အလွမ်းတဲ့ . . . "

"ဒီတော့ . . . "

"စောစောက လွမ်းခလေ့ပတ်ပျိုးအကြောင်း ဆရာပြောတယ် . . . ရတုအကြောင်းလဲ ကျွန်တော်တို့ ပြောကြတယ် . . . ဒီတော့ ရတုလဲ ပါတဲ့ လွမ်းခလေ့ကိုပဲ ဆိုရအောင် . . . "

မျက်စိမမြင်သော ဆရာလေး၏ သောတာရုံနှင့် ဖောဋ္ဌဗ္ဗာရုံသည် သူတကာထက် ပိုကောင်းလေသလောမသိ။ ဆရာလေး၏ ဒုံမင်းလက်သံသည် အလွန်နု၊ အလွန်စိတ်၍ အလွန်လည်း မြိုင်သည်။ လိုမ့်ချင်တိုင်းလိုမ့်၊ ညွှန့်ချင်တိုင်းညွှန့်၊ ကွန့်ချင်တိုင်းကွန့်၍ ရသောကြောင့်လည်း ဆရာလေးက ဒုံမင်းကိုသာ ခုံခုံမင်မင်တီးလေ့ရှိသည်။ ဆရာလေး ဒုံမင်းတကယ်တီးလျှင် သူ့လက်ကျတပည့်ရင်း ကျွန်တော်တို့သာ လိုက်ဆို၍ရသည်။ ဆရာလေး အတီးနှင့်ဆိုရသည်ကို ကျွန်တော်ကလည်း နှစ်ခြိုက်သည်။

ယခုလည်း ဆရာလေးက ညွှန့်နေ ကွန့်နေလေပြီ။

"လွမ်း . . . ခလေ့ . . . မျှော် . . . ရှုငယ်စေပင် . . . မိုး . . . ယံဝဝယ် . . . လကို . . . မြင် . . . "

ကျွန်တော်က ပတ်ပျိုးကို စဆိုသည်။

"ကြွေမည့်ရွက်လည်း" ချီရတုကို ဆိုစဉ်တော့ တမာရွှေဝါရွက်တို့ တဖြုတ်ဖြုတ်ကြွေခိုက် ဆုံလေ ကြိုက်ရသော ထားကို လွမ်းလွမ်းဆွတ်ဆွတ် သွားသတိရမိသည်။

ထို့ကြောင့်လည်း သီချင်းအဆုံး၌ မူလပတ်ပျိုးပါ "မှိုင်းမှိုင်းငယ်လေမို့မို့" ချီသဖြန်ကို ကျွန်တော်မဆို၊ သဖြန်သစ်ကို ဆိုသည်။

ဆိုရိုးဆိုစဉ် မဟုတ်သည်ကို ကျွန်တော်ဖောက်ဆိုသောကြောင့် ဆရာလေး ဆတ်ခနဲ မော့ကြည့်လိုက်သည်ကို ကျွန်တော် သတိပြုမိပါသည်။

သည်သဖြန်ကား ဂီတဝိသောဓနီမှာလည်း မပါပါ။ မဟာဂီတမှာလည်း မပါပါ။ အကြောင်းမှာ ကျွန်တော်မောင်မြတ်ဆွေ၏ ရေးဦးလက်ရာ . . . ကဗျာ ဖြစ်ပါသောကြောင့် . . .။

"ငိုရစ်တော့ဆို . . . ဘယ်လိုတည့်ရည်တော်ညွှန်း . . . တန်ခူးငဲ့လေ . . . ရော်ရွက်အသာရွှေသို့ . . . မညှာပေ ချစ်ဇာတ် သိမ်းရက်တယ် . . . . (ထားရေ) စိမ်းတဲ့နှုတ်ခွန်း . . . "

*********

www.burmeseclassic.com

အခန်း (၁၉)

မိုးရာသီ ကုန်ဆုံးချိန်၌ ပြည်မြို့တစ်ဝိုက်တွင် ဂျပန်တပ်များ ပိုများလာသည်။

ယခင်က ကုလားစစ်ပြေးများနှင့် ပြည့်နက်သော ပြည်မြို့ဆိပ်ကမ်းမှာ ယခု ဂျပန်တပ်သားများနှင့် စည်ကားနေသည်။

ဂျပန်ကားတပ်များ၊ မြင်းတပ်များနှင့် ခြေလျင်တပ်သားများသည် ပန်းတောင်းဘက်ကူးကာ တောင်ကုတ်လမ်းမှ ရခိုင်ပြည်နယ်ဘက်သို့ တစ်သုတ်ပြီးတစ်သုတ် ချီတက်နေကြ၏။

ရခိုင်တစ်ပြည်နယ်လုံးကို ဂျပန်သိမ်းပြီးသည်မှာ ကြာပြီဖြစ်ရာ ယခုချီတက်နေကြခြင်းမှာ အိန္ဒိယအထိ ဆက်လက်ချီတက်သိမ်းပိုက်ရန်ဟု လူတိုင်းနားလည်ထားကြ၏။

ဂျပန်၏ စစ်အောင်မြင်မှုမှာ အထွတ်အထိပ် ရောက်နေချိန်ဖြစ်ရကား ဂျပန်တပ်ဟူသည် တိုက်တိုင်းနိုင်သောတပ်၊ ရန်သူကို လူမထင်သောတပ်၊ ရန်မှန်သမျှကို ခြေမှုန်းနိုင်သောတပ်၊ သံမဏိတပ်၊ နေမျိုးနွယ်တပ် . . .။ ယင်းသို့ လူအထင်ကြီးခံနေရသည်။

နေမျိုးနွယ်တပ်သားများအကြောင်းရော၊ တပ်သားမဟုတ်သည့် နေမျိုးနွယ်များအကြောင်းရော လူတွေသည် ကောင်းကောင်းသိလာကြပြီ။

ဂျပန်ဝင်ပြီးစက သီချင်းတွေပေါ်လာသည်။

"သုံးရောင်ခြယ် မြန်မာ့အလံတော်ကြီးနဲ့ . . . ဂျပန်နေဝိုင်းဟာ ဘန်ဇိုင်း . . . ဘန်ဇိုင်းကွယ် . . . ပူးကြကာ ချစ်ခင်ဖွယ် . . . နှစ်ဦးမျှကာ စစ်ဆင်တယ် . . . အောင်လံနှစ်ဆူ လွှင့်ထူကြပါမယ် . . . "

သည်သီချင်းအရဆိုတော့ မြန်မာနှင့် ဂျပန် (ဝါ) နီပွန်သည် တန်းတူရည်တူဖြစ်၏။ နီပွန် . . . ဘိရုမာ အော်နားကျို (ဂျပန် . . . မြန်မာ အတူတူပဲ) ဖြစ်နေ၏။ မဟာအရှေ့အာရှ သာတူညီမျှစနစ်ကြီး ပေါ်ထွန်းနေသယောင်ရှိ၏။ 'ဒိုက်တိုဝကျို့အေကင် . . . ဘန်ဇိုင်း . . . ' ဟု အော်သူတွေပင် ရှိနေပြီ။

မြန်မာအစိုးရအဖွဲ့ခေါင်းဆောင် ဒေါက်တာဗမော်ကလည်း အာဏာရှင်ဘွဲ့ကို ခံယူလိုက်၏။ အာဏာရှင် ဒေါက်တာဗမော် . . .။ ဂျပန်၏မဟာမိတ် ဂျာမနီကို အာဏာရှင် ဟစ်တလာ အုပ်စိုးသည်မဟုတ်ပါလော။ သည်တော့ အာဏာရှင် ဒေါက်တာဗမော် အုပ်စိုးသော မြန်မာနိုင်ငံမှာလည်း ဂျပန်၏ မဟာမိတ်။ နီပွန် . . . ဘိရုမာ အော်နားကျို။

"ကမ္ဘာမှာလည်း အာဏာရှင် . . . တို့လဲ အာဏာရှင် . . . ကမ္ဘာမှာလဲ ခေတ်သစ်ထွင် . . . တို့လဲ ခေတ်သစ်ထွင် . . . စွမ်းဥာဏ်ရည်ပညာရှိတဲ့ မြန်မာ . . . မြန်မာ . . . မြန်မာ . . . အာဏာရှင် . . . " ဤသို့ သီချင်းလည်း ပေါ်လာ၏။

ဂျာမနီအာဏာရှင် ဟစ်တလာက သူများထက်ထူးအောင် ဆံပင်တစောင်းဖြီးသည်။ အင်္ဂလိပ်လက်ထက်က ခေါင်းပေါင်းတစောင်းပေါင်းသော ဒေါက်တာဗမော်သည် ယခု အာဏာရှင်ဖြစ်မှ ဦးထုပ်အနက် တစ်မျိုးထွင်ပြီး တစောင်းဆောင်းသည်။ သူလည်း မြန်မာ ဟစ်တလာ မဟုတ်လော . . .။

မြန်မာဟစ်တလာ အာဏာရှင် ဒေါက်တာဗမော်နှင့် ဗိုလ်မှူးလေးရန်နိုင်၏ပုံကို တွဲ၍ သတင်းစာများက မကြာခဏ ဖော်ပြပေး

www.burmeseclassic.com

www.burmeseclassic.com



ပြည်မှာ ကျောင်းနေသွားသော အာလဲသားဗိုလ်ရန်နိုင်ကို ကိုထွန်းရှိန်ဟု ကျွန်တော်တို့ သိကြသည်။ ခုတော့ ဗိုလ်မှူးလေး ရန်နိုင် . . .။

ဗိုလ်မှူးလေးရန်နိုင်သည် ရွှေတောင်တိုက်ပွဲကို အောင်မြင်သူအဖြစ် ကျော်ကြားနေသည်ဆို၏။ ရန်ကုန်၌ ယခင်က စကော့မား ကတ်ကို ရန်နိုင်ဈေး။ အထက်မီးအောက်မီးမုန့်ကို ရန်နိုင်မုန့်။ ဤသို့ ပြောင်းလွဲခေါ်ဝေါ်နေကြသည်ဆို၏။ အာလဲသားကိုထွန်းရှိန်တို့ ကြီးပွားနေပုံများနယ် . . .။

ခက်သည်ကား . . . ကျွန်တော်တို့ ပြည်တစ်ဝိုက်က ရွှေတောင်တိုက်ပွဲနှင့်ပတ်သတ်လာလျှင် ဗိုလ်ရန်နိုင်ကို မသိ။ ဗိုလ်မုတ် ဆိတ်ကိုသာ သိသည်။ ဗိုလ်မုတ်ဆိတ်နှင့် ရွှေတောင်တိုက်ပွဲ . . .။ ရွှေတောင်တိုက်ပွဲနှင့် ဗိုလ်မုတ်ဆိတ် . . .။

မည်သို့ဖြစ်စေ မြန်မာအာဏာရှင် ဟစ်တလာ ဒေါက်တာဗမော်နှင့် ဗိုလ်မှူးလေးရန်နိုင်၏ ဓာတ်ပုံကို သတင်းစာများက တွဲ၍ အသားပေးဖော်ပြကြ၏။ သတင်းစာတစ်စောင်ကဆိုလျှင် 'အာဏာရှင်ကြီးက ဗိုလ်မှူးလေးရန်နိုင်ကို အထူးအရေးပေးကြောင်း' ဟု ဖြောင်း ကြော်ငြာပေး၏။

ကျွန်တော်တို့ အများသိချင်ကြသည်က . . . မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီးကော . . . ဘယ်မှာလဲ . . .။

ကျွန်တော်တို့ပြည်တစ်ဝိုက်တွင် ဂျပန်တပ်တွေသာ ကြီးစိုးချင်တိုင်း ကြီးစိုးနေသည်။ သုံးရောင်ခြယ် မြန်မာ့အလံအစား ဂျပန် နေဝိုင်းတစ်ခုတည်းသာ 'ဘန်ဇိုင်း' လုပ်နေ၏။

နီပွန်ဘိရှမာလည်း အော်နားမကျိတော့ပြီ၊ နီပွန်မှန်သမျှကို စစ်ဗိုလ်စစ်သားမရွေး မြန်မာမှန်သမျှက 'မာစတာ'ဟု ခေါ်ရသည်။ မာစတာမခေါ်လျှင် ပါးရိုက်သည်၊ မာစတာမှန်သမျှကိုမြင်လျှင် ခါးကိုင်း ခေါင်းညွတ် အလေးပြုရသည်။ အလေးမပြုက ပါးရိုက်ပင် ခံရသည်။

ဂျပန်ပါးရိုက်သည်မှာ မဆန်းတော့။ တစ်ကြောင်းကြောင်းကြောင့် ဂျပန်အဖမ်းခံရလျှင် လက်သည်းအခွာခံရခြင်း၊ ရေနွေးပူ အလောင်းခံရခြင်း စသည်တို့မှာလည်း မဆန်းတော့။ ထိုနည်းတူစွာ နေမျိုးနွယ် မဟာနီပွန်တို့ လူမြင်ကွင်းတွင် လံကွတ်တီနှင့် ရေချိုး သည်မှာလည်း မဆန်းတော့။

ဂျပန်လံကွတ်တီမှာ ဂေါ်ရင်ဂျီလံကွတ်တီထက်ဆိုး၏။ ဂေါ်ရင်ဂျီလံကွတ်တီသည် များစွာကြီးပြီး များစွာဖုံးသေး၏။ ဂျပန်လံကွတ်တီဆိုသည်မှာ ခါး၌ စည်းထားသော ကြိုးတစ်ချောင်းတွင် တန်းလန်းချထားသည့် လက်တစ်ဝါးခန့်ရှိ ပိတ်ပါးတစ်ခုသာ ဖြစ်သည်။ အနောက်ကကြည့်လျှင် တင်ပါးတစ်ခုလုံး ပေါ်နေသည်။ အရှေ့ကကြည့်လျှင် အဓိကပစ္စည်းသာ မပေါ်ရုံရှိသည်။ အမွေးအမျှင်တွေက အတိုင်းသား။

ဂျပန်စစ်သားတိုင်းက ဤသို့ရိုင်းသည်။ ကင်ပေတိုင်ဆိုသည်ကတော့ ရက်စက်လွန်း၍ လူတိုင်း ဖိန့်ဖိန့်တုန်အောင်ကြောက် ကြသည်။ ကင်ပေတိုင်ဆိုသည်မှာ စစ်ပုလိပ်ဆိုလည်း ဟုတ်သည်။ ဂျာမနီ နာဇီဂက်စတာပိုတစ်မျိုးဆိုလျှင် ဟုတ်သည်။ ကင်ပေတိုင် အဖမ်းခံရပြီဆိုလျှင် ဟုတ်ဟုတ်မဟုတ်ဟုတ် ပြန်လမ်းနည်းသည်။ ကံကောင်း၍ ပြန်လွတ်လာလျှင်လည်း ခြေသည်းလက်သည်း မပါ လာတော့။ ပါလာလျှင်လည်း နီနီရဲရဲ အသစ်စက်စက် ပြန်ပေါက်စ . . .။

ပြည်မြို့ ကင်ပေတိုင်တပ်မှူး ဂျပန်ဗိုလ်ကား 'စိန်မျက်ခုံး' ဟု ကျော်ကြားသည်။ သာမာန်အားဖြင့် ကြည့်ပျော်ရှုပျော်ရှိသော ဂျပန်တစ်ဦးဖြစ်သည်။ မျက်ခုံးမျက်လုံး အထူးသဖြင့် မျက်ခုံးကောင်းသောကြောင့် မြန်မာများက သူ့ကို 'စိန်မျက်ခုံး' ဟု ခေါ်ကြသည်။

စိန်မျက်ခုံးသည် အစိုးရ။ အစိုးရသည် စိန်မျက်ခုံး။

စိန်မျက်ခုံးနှင့် ကင်ပေတိုင်ဆိုလျှင် လူတိုင်းသည် ရွံကြောက်ကြီး ကြောက်ကြသည်။

အင်း . . .။ စိန်ကြည်တို့တော့ ပါပုံမရ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်အမျိုးသားသီချင်းကို လူတိုင်းလိုလို ရလာကြသည်။ ရဆို . . . ကမ္ဘာလုံး၊ ကမ္ဘာကြည်၊ မာယာသောင်း စသော အငြိမ့် မင်းသမီးတို့ကလည်း ဆိုကြသည်။ နေရှင်နယ် ထွန်းတင်ဇာတ်မှ လူပျက် ဥပန်းတို့ကလည်း ဆိုပြကြသည်။

"မိယော်တော်ဟုခအိနော် . . . စောရအာခေတေ့ . . . ခင့်နော်မူ ဂေရှိယူရှ ခီနာခီ . . . စိန်ခီနော်စိန်ခီ . . . အာဒနတ်ဆုနော . . . "

မူလသီချင်းက သည်အတိုင်းရှိသည်။

သို့ရာတွင် ဂျပန်နှင့်တွဲသူ မိန်းမများ၊ ဂျပန်ကတော်များကို သရော်ချင်သောကြောင့် မြန်မာများက ဂျပန်စကား စိန်ခီကို မြန်မာအမည် စိန်ကြည်လုပ်ပစ်သည်။ ပြီးတော့ မူလသီချင်းအလိုက်အတိုင်း ဖျက်ဆိုကြသည်။

"စိန်ကြည်နော် စိန်ကြည် . . . လင်ယူပက်စက်သည် . . မာစတာကြီးတို့ကျုံပြန် . . . ဗိုက်တစ်လုံးနဲ့ ကျန် . . . "

ဂျပန်နှင့်တွဲသူ မိန်းမများကိုလည်း အနွတ္တမဟုတ်ပဲ ရုဋ္ဌိအမည် သမုတ်ကြသည်။

စိန်မျက်ခုံးနှင့် သူ့ကင်ပေတိုင်များကို ယောကျာ်းထဲမှ နှစ်နှစ်လိုလိုတွဲသူ ရှားလှ၏။ ထို ရှားပါးသော ယောကျာ်းများထဲတွင် ကျွန်တော့်ယောက်ဖ ကိုကြင်မောင် ထိပ်ကပါသည်။

ကျွန်တော့်ယောက်ဖသည် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဂျပန်တပ်များနှင့် လိုက်အလုပ်လုပ်သည်။ ခြောက်လခန့် ကြာသောအခါ၌ကား ဂျပန်စကားကို မွတ်အောင်ပြောတတ်နေပြီ။

ကိုကြင်မောင်သည် အစက ရိုးရိုးဂျပန်စစ်သား တစ်ယောက်စနှစ်ယောက်စကို အိမ်ခေါ်လာသည်။ 'ဆာကေး' ခေါ် ဂျပန် အရက်ကို စာကလေးကြော်၊ ချိုးကြော်၊ အမဲကြော်တို့နှင့် မြည်းပြီး သောက်ကြ၏။ နောင်အခါ ဂျပန်စစ်ဗိုလ်များပါ ပါလာသည်။

ဆောင်းလယ်ခန့် ရောက်သောအခါ၌ကား ကိုကြင်မောင်သည် ယခင်ကိုကြင်မောင် မဟုတ်တော့ . . .။

ကိုကြင်မောင်သည် ဤခေတ်ကြီးတွင် ရှားပါးလှသော ပိုးရပ်အင်္ကျီ၊ ပိုးတိုက်ပုံကိုသာ ဝတ်သည်။ သူတကာတွေ ဖျင်ကြမ်းလုံချည်စ ဝတ်နေချိန်၌ သူက ပလေကပ်ခေါ် ချည်ချောလုံချည်ကို ထည်လဲနှင့်ဝတ်သည်။ သူ့မျက်လုံး ဘာမျှမဖြစ်ပဲနှင့် ရွှေကိုင်းမျက်မှန် တပ်လာသည်။ တစ်ဘူးလျှင် ဂျပန်ငွေအစိတ်ကျသော နှစ်ဆယ်လိပ်ဝင် 'ကူးဝါး' ခေါ် ဂျပန်စီးကရက်ဘူးကို လက်ကမချ။ စီးကရက်ကို ဂျပန်တွေလိုပင် ဆယ်စွယ်စွပ်တံနှင့် သောက်၏။

ပြည်မြို့တွင် စိန်မျက်ခုံး နာမည်ကျော်သကဲ့သို့ စကားပြန် ကြင်မောင်လည်း နာမည်ကြီးလာလေသတည်း . . .။

ကိုကြင်မောင်သည် ကျွန်တော်တို့နေသောတဲကို လက်လုပ်လက်စားတစ်ဦးကို ငှားလိုက်၏။ ကျွန်တော်တို့ကတော့ ရွာဘဲရပ်ရှိ နှစ်ထပ်ကျွန်းအိမ်ကောင်းကောင်းတစ်လုံးဆီ ရွှေ့လာခဲ့ကြရသည်။

မမလည်း ဆီထမင်းပြုန်ပေါင်း မရောင်းရတော့။ ကြော့ကြော့မော့မော့ သပ်သပ်ယပ်ယပ်ဝတ်ကာ အိမ်လာသောဧည့်သည်ကို ဧည့်ခံရသောအလုပ်သာ ရှိတော့သည်။ အိမ်လာသော ဧည့်သည်များမှာလည်း ဂျပန်စစ်ဗိုလ်များနှင့် ဂျပန်အဝယ်ဒိုင်မှ အရပ်သား ဂျပန် အရာရှိများသာတည်း . . .။

ယခင်က သန်းလုဟုခေါ်သူများက မသန်းလုဖြစ်လာကြသည်။ မသန်းလုခေါ်သူတို့ကလည်း ဒေါ်သန်းလုဟု ပြောင်းခေါ်ပြီ . . .။

အနေကောင်းလာပါ၏ . . .။ အစားကောင်းလာပါ၏။ သို့ရာတွင် ကျွန်တော်က စိတ်မချမ်းသာ . . .။

တစ်နေ့တွင် မမကို ဖွင့်ပြောမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမရယ် . . . ကိုကြင်မောင်ကို သတိမပေးတော့ဘူးလား . . . "

"ဘာလဲ . . . ငါက ဘာသတိပေးရမှာလဲ . . . "

"သူ ဘာတွေ လုပ်နေတာလဲ . . . "

"ဘာလုပ်လုပ် နင့်အပူလား . . . "

"ကျွန်တော့်အပူပေါ့ဗျာ . . . လူတွေက ပြောကုန်ပြီ . . . "

"လူတွေက ဘာပြောသလဲ . . . "

"ပြောတာတော့ စုံလို့ပေါ့ဗျာ . . . တည့်တည့်တော့ မဟုတ်ဘူး . . . စောင်းပါးရိပ်ခြည်ပေါ့ . . . ကောင်းတာတော့ မဟုတ်ဘူး . . . "

"အဲဒီပြောတဲ့လူတွေက ဘယ်သူတွေလဲ . . . "

"ဟာ . . . ဒါတော့ ဘယ်ပြောလို့ဖြစ်မလဲ . . . "

"နင် မပြောပေမယ့် ငါသိပါတယ် . . . နင်တို့ အာရှလူငယ်ဆိုတဲ့ အကောင်တွေ မဟုတ်လား . . . "

ထိုအချိန်က ပြည်မြို့တွင် အာရှလူငယ်အဖွဲ့ ဖွဲ့ပြီးကြပြီ။ ဥက္ကဋ္ဌကား ကိုရှိန်ဖြစ်၏။

ကျွန်တော်သည် အာရှလူငယ်ရုံးသို့ မကြာခဏရောက်သည်။ သူတို့၏လှုပ်ရှားမှုတွင်လည်း ပါဝင်သည်။

အာရှလူငယ်တို့သည် ဂျပန်ကို ကြည့်၍မရကြ။ ဂျပန်ကလည်း အာရှလူငယ်ကို မျက်စိစပါးမွေး စူးနေပုံရသည်။

တလောက အာရှလူငယ်အသင်းဝင် ဆံပင်ညှပ်ဆိုင်ရှင် ကိုရွှေဝင်းဆိုသူနှင့် ဂျပန်စစ်သားတစ်ယောက် ထိုးကြသည်။ ဂျပန်စစ်သားက ဆံပင်လာညှပ်ပြီး ပိုက်ဆံမပေးသောကြောင့် စကားများရာမှ စဖြစ်၏။ ကိုရွှေဝင်းက ပိန်ပိန်သေးသေး။ ဂျပန်စစ်သားက ဂင်တိုတို၊ တုတ်ခိုင်ခိုင်။ ဂျူဂျစ်ဆုလည်း တတ်သည်။ ဂျပန်စစ်သားက ကိုင်ပေါက်သွားသောကြောင့် ကိုရွှေဝင်းမှာ နှုတ်ခမ်းကွဲ၍ ခါးစောင်းကျန်ရစ်သည်။ ဂျပန်ကား ဘာမှမဖြစ်။ သည်ကြားထဲက ညနေတွင် ကိုရွှေဝင်းကို ကင်ပေတိုင်က လာဖမ်းသွားသည်။ အာရှလူငယ် ဥက္ကဋ္ဌ၊ မြို့မိမြို့ဖများ ရှိခိုးမတတ် လိုက်တောင်းပန်မှ ကိုရွှေဝင်းကို လွှတ်ပေးသည်။ ဒါတောင် ကင်ပေတိုင်အချုပ်၌ သုံးညကြာခဲ့သည်။

ပြန်လွတ်လာသော ကိုရွှေဝင်း၏မျက်နှာတွင် သဖန်းသီးကဲ့သို့ အဖုကြီးများ သီးနေသည်။ သပြေသီးမှည့်ရောင်လည်း ပေါက်နေ၏။ ကျန်တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေနှင့်။

"နီပွန်စစ်သားကို အဲတုလို့ ဆုံးမတာတဲ့ . . . ထုပ်မှာ ကြိုးနဲ့ ဖောက်ထိုးဆွဲပြီးရိုက်တာ . . . မြတ်ဆွေ . . . မင်းယောက်ဖလဲ အနားမှာရှိတယ် . . . သူတောင် ဝင်အုပ်လိုက်သေးတယ် . . . "

ကိုရွှေဝင်းနှုတ်မှ ကျွန်တော်ကြားခဲ့ရသောစကား . . .။

မှန်သည် . . .။ အာရှလူငယ်တွေက ဂျပန်ကို မေတ္တာတုံးနေသည်။ ဂျပန်ကလည်း အာရှလူငယ်တွေကို မျက်စိစပါးမွေး စူးနေပြီ။

ထို့ကြောင့်လည်း မမ၏စွပ်စွဲသံ ကြားရသောအခါ ပျာပျာသလဲ ကျွန်တော်ငြင်းရ၏။

"ဟာ . . . မဟုတ်ပါဘူးဗျာ . . . သူတို့ကပြောတာ မဟုတ်ရပါဘူး . . . မမကလဲ . . . စွပ်စွပ်စွဲစွဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူတွေလဲ . . . "

"ကျွန်တော်ပြောပါရေလား . . . ဟိုလူ ဒီလူပါဆိုနေ . . . "

"အေး . . . နောက်တစ်ခါ ပြောတဲ့လူမှတ်ထားစမ်း . . . ပြီးတော့ ငါ့ပြန်ပြော . . . ကြားလား . . . "

"အင်း . . . ဟုတ်ကဲ့ . . . "

ယခင်က ကျွန်တော်သည် ကျွန်တော့်ယောက်ဖကိုသာ မုန်းသည်။ မမကိုတော့ အစ်မအရင်းခေါက်ခေါက်မို့လည်း ချစ်သည်။ ယောက်ဖ၏ အနှိပ်စက်ခံနေရသည်ကို မြင်သောကြောင့်လည်း သနားသည်။

ယခုတော့ မမကို မမုန်းနိုင်သည့်တိုင်စေ သနားစိတ်က ကျွန်တော့်မှာကွယ်ပြီ။

မမသည် စိန်ကြည်တော့မဟုတ်ပါ။ သို့ရာတွင် မမသည် စိန်ကြည်တွေထက် ပိုဆိုးသည်။ အကြောင်းမှာ စိန်ကြည်မဖြစ်ရသေးသူများ မမ၏အိမ်ပေါ်တွင် နေ့ချင်းညချင်း စိန်ကြည် ဖြစ်ဖြစ်သွားသောကြောင့်တည်း။

အိမ်သည် ကျွန်တော့်အတွက် သဲကန္တာရပမာ ဖြစ်လာသည်။ အိမ်က သဲကန္တာရပမာဖြစ်လာတော့ ဆရာလေး၏စောင်းတန်းမှ အခန်းသည် ကျွန်တော့်အတွက် အိုအေစစ်ပမာ ဖြစ်လာခဲ့၏။

တစ်နေ့လုံးလိုလို ကျွန်တော်သည် ဆရာလေးနှင့် သွားနေ၏။

ဆရာလေး၏ စံရိပ်သာမှာလည်း တစ်နည်းတစ်ဖုံ ပြောင်းလဲလာပြီ။

ဘယ်ခေတ်မဆို ဂီတဝါသနာအိုးတို့က ရှိမြဲ။ အထူးသဖြင့် ကျွန်တော်တို့အရွယ် လူပျိုမပေါက်တပေါက်တွေသည် ဂီတဝါသနာပါတတ်သည်။ တီးတတ်ချင်ကြသည်။ ဆိုတတ်ချင်ကြသည်။ ဂျပန်ခေတ်တွင် ကျောင်းဟူ၍ တက်စရာလည်းမရှိသောကြောင့် လူငယ်တော်တော်များများသည် အတီးအမှုတ်ဘက် လိုက်ကြသည်။

ဆရာလေးဆီတွင် အတီးအမှုတ်လာသင်သူ လူငယ်တို့ တစတစ များလာကြသည်။ အများအားဖြင့် မယ်ဒလင်သင်ကြသည်။

စစ်မဖြစ်မီက ဘင်ဂျို ပိုခေတ်စားသည်။ ယခုတော့ ဘင်ဂျိုတွေက ဝယ်ရမလွယ်။ အလုပ်ရလဲ ခက်သည်။

ကျွန်တော်ကိုင်သော ထွင်းအိုးမယ်ဒလင်မျိုးက ဘင်ဂျိုထက်စာလျှင် အလုပ်ရလွယ်သည်။ ပြီးတော့ ထွင်းအိုးမယ်ဒလင်သည် အသံလုံပြီး တီးတတ်ပါက စောင်းသံပေါက်သည်။

စောင်းတန်းတွင် ပန်းပုထုတတ်သူတို့ ရှိသည်။ ရှေးယခင်ကတော့ ဆင်ရုပ်၊ မြင်းရုပ်၊ နတ်ရုပ်ထုကြသည်။ ယခု သူတို့က ဆရာလေး၏ ကြီးကြပ်မှုအောက်၌ ကျွန်းသားကိုထွင်းပြီး မယ်ဒလင်အိုး လုပ်ကြသည်။ ဖင်းဂါးဘုဒ်ခေါ် လက်နှိပ်ပြားတန်ကို ပျဉ်းကတိုး သို့မဟုတ် ပိတောက်သားနှင့် လုပ်ကြသည်။ ကီးခေါ် ကြိုးညှိခလုတ်များကား ခွေးသွားစိတ်ပါသော သတ္တုခလုတ်မဟုတ်။ တယောကြိုးကဲ့သို့ အကျပ်ကီး (ဝါ) စို့ကီးများ ဖြစ်ကြ၏။

လက်နှိပ်ပြားတန်ထက် အကွက်ပိုင်းပြီး ဖရက်(တ်) ခေါ် ကြေးဘားလေးများ မြှုပ်ရသည်က ခက်လည်းခက်သည်၊ ဌက်လည်းဝင်သည်။ ဖရက်(တ်)အမြှုပ်မှားလျှင် အသံမမှန်နိုင်တော့။ တိုက်ထွက် မယ်ဒလင်၌မူ စက်နှင့်တိုင်းပြီး ဖရက်(တ်)မြှုပ် အကွက်ပိုင်းပုံရသည်။ ကျွန်တော်တို့၏ ထွင်းအိုးမယ်ဒလင်များ၌မူ ဆရာလေးက စက်ထက် ထက်မြက်သော သူ့နားကို အသုံးပြုပြီး အကွက်ပိုင်းပေးသည်။ အကွက်ပိုင်းရာတွင်သာမက ထွင်းအိုးအထူအပါးနှင့် အသံတုန်ခါမှုစက်ကိုပါ ဆရာလေးက သူ့နားကိုအသုံးပြုပြီး သတ်မှတ်သည်။ အာဂ ကျွန်တော့်ဆရာလေးတည်း။ နောင်တွင် ထွင်းအိုးမယ်ဒလင် လိုက်တုလုပ်သူများ ရှိလာသည်။ သို့ရာတွင် ဆရာလေး၏ မယ်ဒလင်များကို မမီကြ။

နောက်သလိုလိုနှင့် ဆရာလေးက အမှန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မယ်ဒလင်လို ကောင်းချင်ရင် သူတို့လဲ ငါ့လိုကန်းအောင် ကြိုးစားကြလေ . . . "

ကျွန်တော့်၌ သင်ခန်းစာတစ်ခုရသည်။

တစ်ခါတရံ ဘဝ၏ချို့ယွင်းချက်သည် ဘဝ၏အသုံးဝင်မှုပင် ဖြစ်နေတတ်သည်ဟူ၍ . . .။

ထွင်းအိုးမယ်ဒလင်တစ်လုံးကို ဂျပန်ငွေ ငါးဆယ်မှ ခုနစ်ဆယ်ခန့်ရသည်။ ကြီးကြပ်ခနှင့် ပညာဖိုး ဆရာလေးက တစ်ဝက်ယူသည်။

လူငယ်တို့က ဤထွင်းအိုးမယ်ဒလင်များကိုဝယ်ပြီး ဆရာလေးထံမှာပင် သီချင်းတီးသင်ကြသည်။ ထိုအခါ ဆရာလေး၏ဝင်ငွေမှာ မဆိုး . . .။

ကျွန်တော်က တယောထိုးသာ ဆက်သင်သည်။ ဆရာလေးကိုကူညီပြီး တပည့်သစ်များကိုလည်း မယ်ဒလင် သင်ပေးရ၏။

ဝါသနာပါရာ လုပ်နေရသောကြောင့် ဆရာလေး၏ စောင်းတန်းရိပ်သာခန်းဝါတွင် ကျွန်တော် စိတ်ချမ်းသာ၏။

ဆရာလေး၏ဘဝမှာလည်း သာယာပါ၏။

ဆရာလေး၏ အိပ်ယာမှာ အစဉ် သပ်ရပ်စင်ကြယ်နေသည်။ ကြမ်းပြင်မှာဆိုလျှင်လည်း အမှိုက်မရှိ။ ဖုံမရှိ . . .။

ဆရာလေး၏ 'မွေမနိတ်' မှာ မနန်းကြိုင်ဖြစ်၏။

ဆရာလေးထံမှပင် သိရသည်။ ရာဇဓိရာဇ်မင်းသည် အိမ်နိမ့်စံ ဗညားနွဲ့မင်းသားဘဝက တစ်ခုလပ်ပန်းသည်မလေး မွေမနိတ်ကို ဒဂုံဆံတော်ရှင်မှာ တွေ့သည်။ ရာဇဓိရာဇ်ဘွဲ့နှင့် နန်းတက်သောအခါ မွေမနိတ်ကို ပိယရာဇာဒေဝီဘွဲ့နှင့် မိဖုရားကြီး မြှောက်သည်။

မွေမနိတ်က ဒဂုံဆံတော်ရှင်မှ ပန်းသည်။ မနန်းကြိုင်က ပြည်ရွှေဆံတော်မှ ပန်းသည်။ မွေမနိတ်ကဲ့သို့ပင် အပျိုမဟုတ်။ မုဆိုးမကလေး။ အသက်က အစိတ်။ ဆရာလေးထက် ဆယ်နှစ်မျှငယ်သည်။ အသားမည်း၍ ရုပ်မလှသော်လည်း ကိုယ်က တောင့်တင်းပြည့်ဝသည်။ အသံက ချိုသည်။

ရုပ်မလှ၍ ဆရာလေးအတွက် ကိစ္စမရှိပါ။

"မြတ်ဆွေရေ . . . မှတ်ထား . . . ရုပ်ဆိုတာ အရေကြိုသောက်ရတာ မဟုတ်ဘူး . . . "

ဆရာလေးက ဤသို့ဆိုသောအခါ ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်ရသည်။

ထိုနှစ်နွေ၌ ဘာမျှ ကြီးကြီးကျယ်ကျယ်မလုပ်ရပဲ မနန်းကြိုင်မွေမနိတ်မှာ ဆရာလေး မယ်ဒလင်ဓိရာဇ်၏ ပိယရာဇာဒေဝီ ဖြစ်သွားပါတော့သည်။

ဆရာလေးတို့၏စုံတွဲကိုကြည့်ပြီး ကျွန်တော့်မှာ ကြည်နူးရပါ၏။ ကြည်နူးရာက ကြေကွဲလွမ်းဆွတ်လည်း ဖြစ်ရသည်။

အကြောင်းမှာ . . . နွေကပေါက်လာပြီ။ ရွက်ဝါတို့ကလည်း ကြွေပြန်ပါပြီ။

ရွက်ဝါကြွေပြန်တော့ ထားကို သတိရသည် . . .။ ထားကို အောက်မေ့သည်။ ပို၍ အောက်မေ့သည်။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

ပြီးခဲ့သောနွေဦးက ပြည်မြို့သည် စစ်ကို တွေ့ခဲ့ရသည်။ သည်နှစ်နွေဦး၌ စစ်နိမိတ်တို့ ပြန်ထင်၍ စစ်အရိပ်တို့ ပြန်မိုးလာသည်။

ဗြိတိသျှတို့ အောင်မြင်စွာဆုတ်ခွာသွားပြီး၍ တစ်နှစ်မြောက်သောသည်အချိန်တွင် မပြီးဆုံးလေသေးသည့် ကမ္ဘာစစ်၏ အသစ်ဖွင့်လာသော ရန်းကန်အားပြိုင်မှုကဏ္ဍကို ပြည်မြို့က မြန်မာပြည်၏အခြားမြို့ကြီးများထက် စော၍ မြင်တွေ့ရသည်။

ဆောင်းဦးဆီကတည်းက ဂျပန်တပ်များ တစ်သုတ်ပြီးတစ်သုတ် တောင်ကုတ်လမ်းမှ ရခိုင်ပြည်ဘက်သို့ ချီတက်သွားသည်ကို မြင်တွေ့ကြရသည်။ ကြုံးဝါး ဟစ်ကြွေးထားသည်ကမူ အိန္ဒိယပြည်အထိ ချီတက်သိမ်းပိုက်ရေး . . .။ ကြွားဝါ ဖြန့်လွှင့်ထားသည်ကတော့ အာဖရိကမှသည် စူးအက်(စ်)ကိုဖြတ်ကာ ချီလာမည့် မဟာမိတ် ဂျာမနီတပ်များနှင့် နယူးဒေလီမြို့တွင် ပေါင်းဆုံရေး . . .။

နွေသာ ပေါက်လာသည်။ တိုက်တိုင်းအောင် နေမျိုးနွယ် နီပွန်တပ်တို့ အိန္ဒိယပြည်အတွင်း ချင်းနင်းဝင်ရောက်မိသည်ဟု သတင်းပေါ်မလာ . . .။

ပေါ်လာသည်ကမူ ဗြိတိသျှလေယာဉ်ပျံများ . . .။

အစပထမကမူ လေယာဉ်ပျံတစ်စီးစ နှစ်စီးစသည် မြစ်ရိုးအတိုင်း နိမ့်နိမ့်လေးပျံ၍ အလစ်တွင် လှေများ၊ သင်္ဘောများကို စက်သေနတ်နှင့် ရမ်းသွားတတ်သည်။ သူတို့ကိစ္စပြီးလျှင်ကား မှိုင်းပြာမှောင်ရီသော ရခိုင်ရိုးမဆီ ဦးတည်ပျံသန်းပျောက်ကွယ်သွားတတ်သည်။

တစ်ကြိမ်က ကောင်းကင်ကိုစိုးမိုးသည့် နီပွန်လေယာဉ်ပျံများ ဘယ်ရောက်ကုန်ပြီနည်း။ ရွှေတောင်တိုက်ပွဲ ပါးစပ်ရာဇဝင်ဆရာကြီး ပြောသည့် လက်ပတ်နာရီစာတ်ခွက်မှ ခေါ်လိုက်ရုံနှင့် ပေါ်လာသည်ဆိုသော နီပွန်လေယာဉ်ပျံများ ဘယ်ဆီပျောက်နေသနည်း။

အမှန်မှာ ကျွန်တော်တို့သာ မသိသည်။ ကမ္ဘာစစ်ကြီး၏အခြေအနေက တစ်မျိုးပြောင်းနေပြီ။

နီပွန်တပ်မတော်နှင့် ဂျာမနီတပ်မတော် ဒေလီမှာဆုံကြမည်ဆိုခြင်းမှာ ဝါဒဖြန့် ညာလုံးသက်သက်ဖြစ်၏။

၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ ရစ်ရက်ကြာတိုက်ပွဲကြီးအပြီးတွင် ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီဦးစီးသည့် နံပါတ် (၈) တပ်မတော်ကြီးက ဂျာမန်စစ်သူကြီး ရွှမ်းမဲလ်၏တပ်များကို အာဖရိကတိုက် အယ်လ်မိုင်းအရပ်မှ အောင်မြင်စွာမောင်းထုတ်လိုက်ပြီ . . .။ ၁၉၄၃ ခုနှစ် နွေရာသီ ဧပြီလ ၁၀ ရက်တွင်ကား မြန်မာပြည်စစ်သေနာပတိဟောင်း ယခုအခါ အာရှအလယ်ပိုင်း၏ သေနာပတိချုပ် အလက်ဇန္ဒား၏လက်အောက်ခံ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏တပ်များသည် တူနစ်ဆီးယား၌ ဂျာမန်တပ်ကြွင်းတပ်ကျန်များကို တစ်နေ့ သုံ့ပန်း ၁၀၀၀ ဖမ်းမိသောနှုန်းဖြင့် ကောက်သင်းကောက်နေပြီ။

ရုရှစစ်မျက်နှာတွင်လည်း ၁၉၄၃ ဖေဖော်ဝါရီလတွင် စတာလင်ဂရက်တိုက်ပွဲကြီးတွင် ဂျာမန်တပ်ကြီးများ သိန်းချီပြုတ်အောင် ဆိုဗီယက်တပ်နီတော်ကြီးက ချေမှုန်းလိုက်ပြီ။

နေမျိုးနွယ် နီပွန်တို့ကိုယ်တိုင်လည်း ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဆော်လမွန်ကျွန်းစု 'ဂွာဒဲလ်ကင်နယ်' ကျွန်းတိုက်ပွဲရှည်ကြီးတွင် အရေးနိမ့်လျက် ၁၉၄၃ ခုနှစ် ဇန်နဝါရီလတွင် ဆုတ်ပြေးနေရပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် စစ်မျက်နှာတွင်ကား ဗိုလ်ချုပ်ကြီးဆလင်း၏ လက်အောက်ခံ အမှတ် (၁၅) တပ်ပေါင်းစုကြီးမှ ဗိုလ်ချုပ်လွိုက်ဒ်၏ အမှတ် (၁၄) ဒီဗီဇတပ်မကြီးက ရခိုင်ပြည်နယ်၌ ထိုးစစ်ဆင်လာသည်။ မူလက ဗြိတိသျှတပ်တို့သည် ကုမ္ပီလား၊ စစ်တကောင်း၊ ကော့စ်ဘဇား စသော ဘင်္ဂလားနယ်တွင်းမှ ခံစစ်ပြုနေသည်။ ၁၉၄၂ ဒီဇင်ဘာလအတွင်း၌မူ စစ်တွေမြို့ကို ပြန်သိမ်းရန်အလို့ငှာ မေယု (မရူ) တောင်တန်း၏ တစ်ဖက်တစ်ချက်မှ အလုံးအရင်းနှင့် ဆင်းလာပြီး မောင်းတောဆိပ်ကမ်းမြို့လေးကို သိမ်းယူသည်။ ဂျပန်တပ်များက ဒုံဘိတ်နှင့် ရသေ့တောင်က ခံတိုက်နေရသည်။

ပြည်မြို့မှ ချီတက်သွားနေကြသော ဂျပန်တပ်များကား ယင်းခံစစ်ဆီ အားဖြည့်သွားသော တပ်များသာတည်း။

ထိုသို့သော အခြေအနေအရပ်ရပ်ကို မြန်မာပြည်သူပြည်သားများ မသိကြ။ သတင်းစာလွတ်လပ်ခွင့်ဟူသည်က မရှိ။ နိုင်ငံခြားသတင်းဟူသည်များလည်း ဂျပန်၏ ဒိုမေသတင်းဖြန့်ချိရေးမှ ပေးသမျှသာရသည်။ ရေဒီယိုများကလည်း ရှားပါးလှသည်။ ရှိသမျှ ရေဒီယိုများ၏ လှိုင်းတိုဖမ်းနိုင်မှုကိုလည်း ဖျက်ဆီးထားသည်။ အဖျက်မခံပဲ ဝှက်ထားသော ရေဒီယိုနှင့် နိုင်ငံခြားအသံလွှင့်ချက်များကို ခိုးနားထောင်ရန်မှာလည်း မိက စပိုင်ဟုဆိုကာ သေဒဏ် . . .။

ဂျပန်တို့ ဖုံးဖိမထားနိုင်သည်မှာကား ဗြိတိသျှလေယာဉ်ပျံများကိုသာတည်း။

ဗြိတိသျှလေယာဉ်ပျံများက တစ်စထက်တစ်စ အတင့်ရဲလာသည်။ မြစ်ရိုးတစ်လျှောက်တွင် ကျွဲညီနောင်ဟုခေါ်သော လေယာဉ်ကြီးနှစ်စီးသည် အခုအခံမရှိ မင်းမူတော့သည်။ သူတို့၏ ကိုယ်ထည်ကြီးများက စိမ်းပြာပြာဖြစ်၍တစ်ကြောင်း၊ အတောင်ပံကားကားကြီးများက ချိုကြီးများနှင့် တူ၍လည်းကောင်း ကျွဲညီနောင်ဟု အမည်ရခြင်းဖြစ်သည်။

မည်မျှ အတင့်ရဲကြသနည်းဆိုသော် ပြည်မှ ဘာမျှမဝေးသည့် ရွှေတောင်အောက် ကျီးသဲမြို့မအနီး မြစ်လယ်၌ ဂျပန်ရေနံတင်သင်္ဘောတစ်စီးကို နေ့လည်ကြီးတွင် မနှစ်မချင်း စက်အမြောက်များဖြင့် ပစ်ခတ်နှစ်မြုပ်ကြသည်။ မီးလောင်နေသောသင်္ဘောကို စိမ်ပြေနပြေ ဝဲကာပတ်ကာ ကြည့်ကြသည်။ စိတ်တိုင်းကျအားရမှ ရိုးမဆီ ရှေးရှုပျံသွားကြသည်။

နောက်ဆုံးတော့ ပြည်မြို့ကြီးကို ဗုံးကြဲသည်။

အစတွင် တစ်ပတ်တစ်ခါခန့်။ ဗုံးကြဲလေယာဉ်ဦးရေကလည်း နည်းသည်။

ဂျပန်က ကြွကြွဖန်ဖန် ကြွားသေးသည်။ ပြည်မြို့တွင် လေယာဉ်တိုက်ပွဲဖြစ်လျှင် မြို့နာမည်စိုးသောကြောင့်ရိုးမပေါ်ကျမှ ဗြိတိသျှလေယာဉ်ပျံများကို နီပွန်တိုက်လေယာဉ်များက ပစ်ချသည်ဟူသတတ်။ ပြည်မြို့အတွက် လက်စားချေသည့်အနေနှင့် နီပွန်လေယာဉ်ပျံများက ကာလာကတ္တားမြို့ကို ဗုံးသွားကြဲသည်ဟု သတင်းစာများ၌ ဖော်ပြပေးသည်။ ပြည်မြို့သူမြို့သားများက ကျေးဇူးတင်ဝမ်းသာလှကြောင်းလည်း ဖော်ပြပေး၏။

ဝမ်းသာမသာတော့ မသိ၊ ပြည်မြို့သူမြို့သားအများသည် အင်ကြင်းမြောင်၊ နိဗ္ဗိန္ဒစသော ချောင်များသို့ ရှောင်ပြေးကြရပြီ။

၁၉၄၃ ခုနှစ် သီတင်းကျွတ်တွင်ကား ဗြိတိသျှဗုံးဒဏ် မခံနိုင်တော့သဖြင့် ပြည်မြို့ပေါ်ရှိ အရေးပိုင်ရုံး၊ ရာဇဝတ်ဝန်ရုံး၊ စက်ရှင်ရုံးနှင့်တကွ ရှိသမျှ အစိုးရရုံးမှန်သမျှသည် ပြောင်းပြေးကုန်ရသည်။ နီးနီးနားနားသို့ မဟုတ် . . .။ ရွှေတောင်မြို့အောက်ရှိ ရွှေနတ်တောင်စေတီရှိရာ တောထဲတောင်ထဲသို့ . . .။

ပြည်မြို့ကြီးသည် မြို့အဖြစ်မှ ရပ်စဲသွားသည်။

စာတွေထဲတွင် တွေ့ဖူးသော ကန္တာရ ခရီးလမ်းမနှစ်ခုကြားမှ စခန်းတစ်ခုသာ ဖြစ်လာတော့သည်။

* * *

ထိုနှစ်ဆောင်းတွင်း တစ်နေ့လည်တွင် ဆရာလေးတို့၏ စောင်းတန်းစခန်းရိပ်သာတွင် ဆရာလေးနှင့်ကျွန်တော် ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့တစ်မြို့လုံး၌ လူကုန်သလောက်ရှိနေပြီ။ ရွာဘဲနှင့် ဘုရားတစ်ဝိုက်တွင်သာ လူအနည်းငယ်ရှိတော့၏။

ဘုရားတစ်ဝိုက်ကား လမ်းဆုံဖြစ်သည်။ မြောက်ဖက် တောင်တွင်းကြီး၊ အာလဲ စသည်မှ လာသော ကားများသည်လည်းကောင်း၊ အရှေ့ဘက် ဝက်ထီးကန်၊ ပေါင်းတလည်ဘက်မှ လာသော မြင်းလှည်းများသည်လည်းကောင်း ရွာဘဲနှင့် ဆံတော်ဈေးတွင် ဆိုက်ကြသည်။ တောင်ဘက် ရွှေတောင်မှလာသော ကားနှင့်မြင်းလှည်းများကလည်း သည်မှာပင် ဆိုက်ကြသည်။

ဤနေရာ၌ . . . ကားများဟုသာ သုံးရသည်။ ကားများများစားစားရှိသည်မဟုတ်။ တစ်စီးတလေသာ။ ထိုတစ်စီးတလေမှာလည်း သားသတ်ရုံပို့ရမည့် နွားအိုကြီးများပမာ ချူချာလွန်းလှ၍ ဂျပန်စစ်တပ်ကပင် မသိမ်းပဲ ပစ်ထားသောကားစုတ်ကြီးများ ဖြစ်ကြ၏။ မြန်မာဒရိုင်ဘာတို့သာ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဘီးလိုမ့်ရုံ လှုပ်ရှားစေနိုင်သော ဘုရားစူး မော်တော်ကားများ ဖြစ်ကြ၏။ အဓိကသယ်ယူပို့ဆောင်ရေးယာဉ်မှာ မြင်းလှည်းဖြစ်၏။ တစ်မြို့နှင့်တစ်မြို့ကို မြင်းလှည်းပြောင်းစီးပြီး ခရီးသွားကြရ၏။

စစ်ကာလဖြစ်သော်လည်း ကုန်သည်တွေကပေါသည်။ အစိုးရဌာန များများစားစားမရှိသောခေတ်။ ကုမ္ပဏီလုပ်ငန်းဟူ၍ ဘာမျှမရှိသောခေတ်ဖြစ်ရကား လူတိုင်းလိုလို ကုန်သည်လုပ်ကြသည်။ ဂျပန်ငွေစက္ကူတန်ဖိုးမှာလည်း တစ်နေ့ထက်တစ်နေ့ ကျလျက်ရှိရာ ကုန်ဈေးတွေက နေ့တိုင်းတက်နေသည်။ တနယ်နှင့် တနယ် စွန့်၍သာ သွားရဲစေ။ ဘာကုန်ကူးကူး အရှုံးမရှိ၊ မြတ်သည်ချည်း . . .။

ပြည်မြို့ကြီးပျက်နေသော်လည်း ပြည်ခရိုင်က ချမ်းသာသည်။ ပဲထွက်သည်၊ နှမ်းထွက်သည်၊ ထန်းလျက်ထွက်သည်၊ ဆီထွက်သည်၊ ဆန်ထွက်သည်၊ ဝါဂွမ်းလည်း ထွက်သောကြောင့် အထည် (ဖျဉ်ကြမ်း) ကောင်းကောင်းထွက်သည်။

အောက်ပြည်အောက်ရွာ၌ ဆီရှား၍ ဝက်ဆီစားနေကြရသည်။ အဝတ်ရှားသောကြောင့် အချို့ရွာများတွင် သပေါ့ဖျာပတ်၍ပင်နေကြရသည်။

ပြည်အထက်ပိုင်းဒေသများ၌ကား ဆန်ရှားသည်၊ ဆားရှားသည်၊ ငါးပိငါးခြောက်ရှားသည်၊ ငံပြာရည်ရှားလှရာ ခရမ်းချဉ်သီးရည်နှင့် ဆားရောစ၍ ခရမ်းချဉ်သီးငံပြာရည်ကို ရသေ့စိတ်ဖြေ လုပ်စားကြရသည်။

မြစ်ကြောင်း၌ လေယာဉ်ပျံရန်ကြီးသောကြောင့် ကုန်းလမ်းခရီးကိုသုံးကြရာ ပြည်မြို့ကြီးမှာ အညာကုန်သည်၊ အောက်ကုန်သည်တို့ ဆုံရာစခန်းဖြစ်လာသည်။ ဆုံကြသည်မှာလည်း ရွှေဆံတော်ခြေတော်ရင်းတစ်ဝိုက် . . .။

ရွှေဆံတော်ခြေတော်ရင်း၌ နံနက်ပိုင်းဆိုလျှင် စည်ကားသည်။ ရောင်းကြဝယ်ကြ၊ ဆိုင်ဖွင့်ကြ . . .။ လေယာဉ်ပျံတွေလာတတ်သော နေ့လည်ပိုင်းမတိုင်မီ လုပ်စရာရှိသည်လုပ်ကြ။ ဖြတ်သန်းသွားစရာရှိသည် ဖြတ်သန်းသွားကြသည်။

မွန်းတည့်ချိန်လောက်မှစ၍ လူလည်းစဲ၊ မြင်းလှည်းလည်းစဲ၊ ကားလည်းစဲ၍ ခြောက်ကပ်သွားသည်။

လူအများမှာ နံနက် အလုပ်လုပ်စရာရှိလျှင်သာ လာလုပ်ကြသည်။ နေတော့ မြို့ပြင်တောတောင်များမှ ဘုရားကျောင်းကန်ဇရပ်တန်ဆောင်းတို့တွင် မှီခိုကပ်ရပ်နေကြသည်။ အချို့ကတော့ ဘုရားကြီး၏ ရင်ပြင်တော်နှင့် စောင်းတန်းများကို အိုးအိမ်ပြုနေကြ၏။

ခေတ်ကြီးကမကောင်းတော့ ဘုရားရိပ်တရားရိပ် ခိုသည်ဟုပင် နောက်ပြောင်ပြောကြသည်။

ကျွန်တော့်ယောက်ဖနှင့် မမတို့ကသာ ဘယ်မှမပြောင်း။

ပြောင်း၍လည်းမဖြစ်။ သူတို့အလုပ်က မြို့တွင်းမှာသာရှိသည်။ ပြီးတော့ . . . သူတို့အလုပ်က ဘုရားရိပ်တရားရိပ်နှင့် မဖြစ် . . .။

ဆိုခဲ့သည့်အတိုင်း တစ်နေ့လည်တွင် စောင်းတန်းရိပ်သာ၌ ဆရာလေးနှင့် ကျွန်တော် ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပျက်၍ လူတွေပြေးပြီမို့ ဆရာလေးထံ ဂီတလာသင်သူ မရှိပြီ။ ထိုနည်းတူစွာ ဘုရားပေါ်မှာ အိမ်ယာလုပ်နေကြပြီမို့ ဘုရားဖူးသူ အထူးမရှိပြီ။ ထို့ကြောင့် မနန်းကြိုင်မှာလည်း ပန်းသည်မဟုတ်ပြီ။ ပန်းရောင်း၍လည်း ဘယ်သူကမျှ ဝယ်မည်မဟုတ်။ ယခု မနန်းကြိုင်က ယခင် မမလုပ်သကဲ့သို့ပင် နံနက်၌ မြင်းလှည်းဆိပ်တွင် ဆီထမင်း ပြန်ပေါင်း ရောင်းသည်။ ဆရာလေးသည် ယခင်ကကဲ့သို့ မယ်ဒလင်လုပ်နေသေးသော်လည်း မယ်ဒလင်အရောင်းက သိပ်မတွင်တော့ . . .။ မနန်းကြိုင်လုပ်စာကို ထိုင်စားနေရသည်။

ကျွန်တော်တို့ထိုင်နေစဉ် မနန်းကြိုင်သည် ကုန်းအောက်မှ ဆိုင်သိမ်း၍တက်လာသည်။

"ရော့ ကိုချမ်း . . . ရှင်သောက်ဖို့ . . . "

"ဘာတုန်းဟ . . . မနန်း . . . "

"စီးကရက်ရှင့် . . . ကူးဝါး . . . ကူးဝါး . . . "

"ကွယ် . . . မင်းကလဲ . . . ဈေးကြီးနာကြီးဟာ . . . "

"ဝယ်ရတာ မဟုတ်ပါဘူး . . . ဂျပန်တစ်ကောင် ဝင်စားပြီး ပိုက်ဆံမပါလို့ ထင်ပါရဲ့ . . . အဲဒါပေးသွားတယ် . . . ဘူးအပြည့်တော့ မဟုတ်ဘူး . . . သူသောက်လက်စ လေးငါးလိပ်တော့ ကျန်သေး . . . "

မနန်းကြိုင်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ ဆရာလေး၏ပါးစပ်၌ တပ်ပေးခဲ့ပြီး စောင်းတန်းကြောဘက်ရှိ မီးဖိုချောင်အဖီဆီ ထွက်သွား၏။

"ဆရာ . . . "

"အေ . . . "

"ဆရာ သိပ်ကံကောင်းတယ်နော် . . . "

"အေးပေါ့ကွာ . . . မင်း ဟိုတေးထပ်ရတယ် မဟုတ်လား . . . ရှင်ရဲထွတ် ဆင်ဖြူရှင်ဘွဲ့ဟာလေ . . . "

"ဩော် . . . 'ဖွားဖက်တော် လူကလေးဘဝကနေ မင်းရှေထီးနမပျို ရဲလို့ကြာခို . . . ' အဲဒီလိုဆိုထားတဲ့ ဘုရင့်နောင်အကြောင်းလား . . . "

"အေးလေ . . . ဘာတဲ့ . . . 'ဆင်ဖြူရှင်စံနှုန်းဆိုလျှင် ကံဘုန်းကို သိဘူးဖျာလေး . . . ' တဲ့ . . . ယောကျာ်းတစ်ယောက်ရဲ့ ဘုန်းကံဆိုတာဟာ မပြောနိုင်ဘူးကွ . . . မင်းလဲ အားမလျှော့နဲ့ . . . ငါလိုသောက်ကန်းတောင်မှ တန်ရာတန်ရာဖြစ်သေးတာ . . . "

ကျွန်တော်ကရယ်သည်။

"မင်း ဘာရယ်တာလဲ . . . "

"ဆရာက ရှင်ရဲထွတ်ဘွဲ့တေးထပ်က ဘုရင့်နောင်ဆင်ဖြူရှင်နဲ့ နှိုင်းတယ် . . . ကျွန်တော့်အဖြစ်က အောင်ပယ်လယ်ဆင်ဖြူရှင်နဲ့ တူနေပြီ . . . "

"ဘယ်လို . . . ဘယ်လို . . . "

"'ရတနာပူရမှာ၊ ဆင်ဖြူများသခင်၊ တဒင်္ဂသမင်ကို၊ မဆင်ခြင်လိုက်မှား၊ မန်းသိန္ဓုတောင်စဉ်နွယ်သည်၊ အောင်ပယ်လယ်တော၌ကစား . . . ' အချုပ်တန်းဆရာဖေ ရေးတဲ့တေးထပ်လေ . . . "

"အေး . . . အဲဒါဘာဖြစ်လဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ . . . အောင်ပယ်လယ်မှာ တောကစားရင်း နတ်သမီးနဲ့တွေ့တယ် . . . နတ်သမီးလေးပျောက်သွားတော့ ဘုရင် ဘာဖြစ်သလဲ . . . 'ရသတီကွယ်ပလို့၊ တဒင်္ဂဆင်ဖြူရှင်၊ ရှူးလေသည့်သွင်၊ သည်ကသို့ ဖြစ်ထုံးတင်လျှင်၊ ချစ်တုန်းတွင် ခွဲပါနှင့်လေး . . . ' တဲ့ . . . "

သည်တစ်ကြိမ်တွင်မူ ရယ်သူမှာ ဆရာလေး။

"အဟဲဟဲ . . . ဆိုလိုက်တဲ့စာ . . . မင့်ဘယ်သူ . . . အဲ . . . ထားဆိုတဲ့ကောင်မလေးက တကယ်ပဲ နတ်သမီးကလေးလို လှသလား . . . "

"ကျွန်တော့်မျက်စိထဲတော့ လှတာပေါ့ဆရာ . . . သိပ်လှ . . . "

"အင်း . . . မျက်စိထဲ သိပ်လှတော့ မင်း သိပ်ချစ် . . . သိပ်ချစ်တော့ မင်း . . . သိပ်ခံရ . . . အဟင်း . . . ငါတော့ မျက်လုံးကန်းနေတာ ကံကောင်းသလိုတောင် ဖြစ်နေပြီ . . . "

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် စကားကောင်းနေကြစဉ် ရှေ့၌ လူတစ်ယောက်လာရပ်သည်။

ဆရာလေး၏ စောင်းတန်းအခန်းမျက်နှာစာတွင် ရောင်းရန် မယ်ဒလင်ကလေးများ ဆွဲချိတ်ထား၏။

ထိုသူသည် မယ်ဒလင်ကလေးများကို ငေးကြည့်နေသည်။ ပြီးမှ . . . "ဒါတွေရောင်းဖို့လား . . . " ဟု မေး၏။

"ဟုတ်ပါတယ် . . . ရောင်းဖို့ . . . "

ဖြေလိုက်ပြီးနောက် ကျွန်တော်က သူ့ကို သေချာစွာကြည့်မိသည်။

"သြော် . . . "

သူကလည်း ကျွန်တော့်ကိုပြန်စိုက်ကြည့်နေပြီးမှ မျက်နှာတွင် အံ့သြဝမ်းသာဟန်နှင့် ဆိုသည်။

"သြော် . . . ခင် . . . ခင်ဗျား . . . ဟို . . . ကိုကြင်မောင်ရဲ့ ယောက်ဖနော် . . . "

သူ့အသက်က နှစ်ဆယ့်နှစ်နှစ်ခန့်ရှိ၍ ကျွန်တော့်ထက်ကြီးသည်။

ယင်းသို့တိုင်စေ သူက ယဉ်ကျေးလှစွာဖြင့် ကျွန်တော့်ကို 'ခင်ဗျား' သုံး၍ စကားပြော၏။

"ဟုတ်ပါတယ် . . . ခင်ဗျားလဲ . . . "

ကျွန်တော်က စကားကိုမဆက်။ ဆက်ရန်က ခက်နေ၏။

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . ခင်ဗျား မှတ်မိသားပဲ . . . အတော်ပဲဗျာ . . . ကျွန်တော်လဲ ကိုကြင်မောင်ကို တွေ့ချင်တာနဲ့ အိမ်လိုက်ရှာနေတာ . . . "

"အေးဗျာ . . . လာ . . . ဝင်ထိုင်ပါဦး . . . "

ဆရာလေးကလည်း ဖိတ်ခေါ်၏။

"မောင်မြတ်ဆွေ အသိလား . . . လာပါ . . . ဝင်ထိုင်ပါ . . . "

သူက ဝင်ထိုင်သည်။ ကျွန်တော်က သူ့ကိုမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုနင်က ကျွန်တော့်ယောက်ဖကို ခင်ဗျားလိုက်ရှာတယ် ပြောတယ် . . . ဘာကိစ္စလဲ . . . "

"တည်းခိုဖို့ပါ . . . မူလကတော့ ရွှေတောင်အထိတင် လာတာ . . . ရောက်မှတော့ ဒီဘက်လဲ ဝင်ဦးမယ်ဆိုပြီး ဆက်လာခဲ့တာ . . . ဒီမှာက အသိဆိုလို့ သူတစ်ယောက်ပဲ ရှိဖူးတယ်လေ . . . သူပြောထားလို့ မီးရထားလမ်းဘေးကအိမ် သွားရှာတော့ မရှိဘူး . . . ပြောင်းသွားပြီဆိုတယ် . . . အခု ခင်ဗျားနဲ့တွေ့တာ အခန့်သင့်ပဲ . . . "

"နေဦး . . . သူ ဂျပန်စကားပြန်ဖြစ်ပြီး ကြီးပွားနေတာ ခင်ဗျားသိလား . . . "

"ဂျပန်စကားပြန် . . . ဟင့်အင်း . . . မသိဘူး . . . "

"ကျွန်တော်က စကားကုန်ပဲ ပြောရမယ် . . . သူ့အိမ်မှာက ဂျပန်စစ်ဗိုလ်တွေ ဘာတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် . . . လွတ်တော့ မလွတ်လပ်ဘူး . . . ခင်ဗျား ဘယ်နှစ်ရက်တည်းမလို့လဲ . . . "

"ဟာ . . . တစ်ညအိပ်လောက်ပါ . . . နေပါစေဗျာ . . . ဂျပန်တွေ ဘာတွေနဲ့ဆို မတည်းတော့ဘူး . . . "

သူသည် စကားမှားသွားသည်ကို သတိရဟန်ဖြင့် ချက်ချင်း ပြင်ပြော၏။

"တခြားမဟုတ်ပါဘူးလေ . . . ဂျပန်တွေ ဘာတွေဆိုတော့ ကျွန်တော်က ကြောက်တယ် . . . မတော် အနေအထိုင်မတတ်၊ ပြောမှားဆိုမှားရှိမှဖြင့် . . . "

"ခင်ဗျား အခု ဘာလုပ်နေလဲ . . . "

"ကျပန်းအရောင်းအဝယ်ပေါ့ဗျာ . . . ဩော် . . . ဒီမှာ နည်းနည်းပါးပါးတောင် ပါသေးတယ် . . . "

သူက လွယ်အိတ်တစ်လုံး လွယ်ထားသည်။ ယခု သူ့လွယ်အိတ်တွင်းမှ ပစ္စည်းများကို ထုတ်ပြသည်။

သူ့ပစ္စည်းကလေးများမှာ သေးသော်လည်း ဂျပန်ခေတ်တွင် ရှားပါး၍ အဖိုးတန်သော ပစ္စည်းများဖြစ်၏။

စက်ချုပ်အပ်၊ အဝတ်ချုပ်အပ်၊ အပ်ချည်လုံး၊ ချိတ်၊ မုတ်ဆိတ်ရိပ်ဘလိတ်ဓား၊ မီးခြစ်ကျောက်၊ လက်နှိပ်ဓာတ်မီး မီးသီး၊ ကြယ်သီးအမျိုးမျိုး၊ လက်ပတ်နာရီကြိုး၊ ဖောင်တိန်နှင့် ကလောင်နစ်သွားများ၊ မယ်ဒလင် တယော စသည်၌တပ်သော သံမဏိကြိုးလေးများ . . .။ စုံလည်း စုံလှသည်။

"မယ်ဒလင်ကြိုးလေးတွေတော့ သဘောကျသဗျာ . . . ကျွန်တော်တို့ ဒီမှာ ဓာတ်ကြိုးထဲက ဝါယာကြိုး ဖြတ်သုံးနေရတယ် . . . ဒုံးကြိုးတွေတော့ နှစ်ပင်ပူးပြီး ဖြစ်သလိုချနေရတယ် . . . "

"ခင်ဗျားလိုချင်ရင်တော့ တစ်စုံ ကျွန်တော် လက်ဆောင်ပေးခဲ့ပါမယ် . . . "

"ဟာ . . . မလုပ်ပါနဲ့ဗျာ . . . ခင်ဗျားဟာက အဖိုးတန်တွေ . . . ကျွန်တော်တို့ ဝယ်ပါ့မယ် . . . မဟုတ်ဘူးလား ဆရာ . . . "

"အေးကွ . . . သုံးလေးစုံ ဝယ်ထားရအောင် . . . "

"ခင်ဗျား ရန်ကုန်က လာတာလား . . . "

"ဟုတ်ကဲ့ . . . "

"ရန်ကုန်မှာ အဲဒီပစ္စည်းတွေ အစုံရတာပဲလား . . . "

www.burmeseclassic.com

www.burmeseclassic.com



“ဟိုမှာလဲ ရှားတာပေါ့ . . . ဒီလိုပဲ လိုက်စုရတာ . . . ဟိုမှာတွင် ရောင်းလဲ ရပါတယ် . . . ကျွန်တော်က ဒီဘက်ရောင်းပြီး အပြန်သင့်မယ့် ကုန်လေးသယ်သွားမယ် စိတ်ကူးတာ . . . ”

“ဘယ်လိုကုန် သင့်မလဲ . . . ”

“ချည်ထည်လေး ဘာလေးပေါ့ဗျာ . . . ”

“ခင်ဗျားပစ္စည်းလေးတွေက ရှားရှားပါးပါးဟာမို့ ရောင်းရင် စွံမှာပါပဲ . . . ဒီမှာတော့ မဟုတ်ဘူးဗျ . . . ဒီကတော့ မြင်တဲ့အတိုင်းပဲ . . . ကားဆိပ်လှည်းဆိပ်သာသာရယ် . . . ပေါင်းတလည်ဘက်သွားပါလား . . . ဟိုမှာက ဈေးနဲ့ဘာနဲ့ စည်စည်ကားကားပဲ . . . အထည်လဲ ကောင်းကောင်းရတယ် . . . ”

“အဲဒီဘက်မရောက်ဖူးဘူးဗျ . . . အသိအကျွမ်းလဲ မရှိဘူး . . . ”

ကျွန်တော် အကြံတစ်ခုရလာသည်။

“ဒီလိုလုပ်ဗျာ . . . ဟိုမှာ ကျွန်တော့်အသိတွေ ရှိတယ် . . . ကျွန်တော်နဲ့လိုက်ခဲ့ . . . ဩော် . . . ဆရာရေ . . . ကျွန်တော် မယ်ဒလင်လေးငါးလုံး ယူသွားမယ် . . . ဘယ့်နှယ်လဲ . . . ”

“အေး . . . အေး . . . မင်းအကြံမဆိုးဘူးဟ . . . ကောင်းတယ် . . . ကောင်းတယ် . . . ”

သူက ကျွန်တော့်ကိုကြည့်ပြီး မေး၏။

“ကျွန်တော် ဘယ်တည်းရမလဲ . . . ခင်ဗျားယောက်ဖအိမ်တော့ဗျာ . . . ”

ကျွန်တော်မဖြေရက်၊ ဆရာလေးက ဝင်ပြော၏။

“ကျုပ်တို့ဆီပဲ တည်းပါဗျာ . . . လူတစ်ယောက်စာနေရာတော့ ရှိပါတယ် . . . ”

ဤသို့ဖြင့် အစစ အဆင်ပြေသွားကြ၏။

ညနေအိမ်အပြန်တွင် သူက ကျွန်တော်နှင့် ဘုရားခြေရင်းအထိ လိုက်လာသည်။

သူက ကျွန်တော့်ကို တောင်းပန်သည်။

“ခင်ဗျားဆရာလေးကို . . . ကျွန်တော် . . . ဟိုဒင်း . . . ဟို . . . ဟိုထဲ ရောက်ဖူးတာ မပြောပါနဲ့ဗျာ . . . ”

“ဘာဖြစ်လို့လဲ . . . ”

“ဒါသိရင် လူတွေက အထင်သေးချင်တယ်ဗျာ . . . ကျွန်တော် အခု ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာပါ . . . ”

“ဟိုတုန်းက ဘာကိစ္စနဲ့ အဲဒီဟိုဟာထဲ ရောက်တာလဲ . . . ”

“ကျွန်တော့်ဇာတိက ခနေဖြူကပါ . . . လေ့ထိုးလိုက်လာရင်း လေ့သူကြီးကညစ်တာနဲ့ ဒီပြည်ဆိပ်ကမ်းမှာ စကားများကြတယ် . . . ကိုယ့်ကိုယ်ကို ကာကွယ်ရင်း ဓားခုတ်မှုဖြစ်ရတာ . . . ”

“အင်းလေ . . . ကောင်းပါပြီ . . . ဒါထက် ခင်ဗျားနာမည် ဘယ့်နှယ်ခေါ်လဲ . . . ”

“ကံလှတဲ့ခင်ဗျ . . . ခင်ဗျားနာမည်ကရော . . . ”

www.burmeseclassic.com

www.burmeseclassic.com



"မြတ်ဆွေပါ . . . "

သူနှင့်ခွဲပြီး ပြန်လာစဉ် သူ့နာမည်ကိုတွေး၍ သဘောကျလာမိသည်။

ကံလှ။ အင်း . . . နာမည်နှင့်လူက လိုက်လိုက်သေးတော့။

ကံလှ (ဝါ) ကိုကံလှကား အခြားသူမဟုတ် . . .။

ဟိုးတစ်နှစ်။ လွန်လေပြီးသော ဟိုးတစ်နှစ်ွေက ပြည်မြို့ကမ်းနားလမ်းတွင် ကျွန်တော့်ယောက်ဖနှင့် အတူတွဲ၍ ကျောက်ထုနေခဲ့ရရှာသော အကျဉ်းသား . . .။

ကျွန်တော်ပစ်ပေးသော မတ်စေ့ကလေးကို ပါးစပ်တွင်းပစ်သွင်းပြီး ကျွန်တော့်ကို ကျေးဇူးတင်သည့်မျက်လုံးများနှင့် ငေးကြည့်ကျန်ရစ်ရှာသော အကျဉ်းသားလူငယ် . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

ကိုကံလှနှင့် ကျွန်တော်တို့ ပေါင်းတလည်သို့သွား၍ ကုန်ရောင်းကုန်ဝယ်ပြုကြသည်မှာ ပထမတစ်ခေါက်ကတည်းက ဟန်ကျ အဆင်ပြေသည်။

ကျွန်တော်တို့သည် ကျွန်တော်၏ကျေးဇူးရှင်ဟောင်း ကိုညွန့်အောင်၏ အိမ်၌တည်းကြ၏။ အဆင်ပြေချင်တော့ ကိုညွန့်အောင်မှာလည်း ပေါင်းတလည်တွင် အထည်ဆိုင်ဖွင့်ထားသည်။ တစ်ဖက်က အထည်ဆိုင်ဖွင့်လျက် တစ်ဖက်ကလည်း အာရှလူငယ်အစည်းအရုံးတွင် လုပ်နေသည်။ ပို၍ အဆင်ပြေပုံကား ကျွန်တော်တို့အမျိုးသားကျောင်းမှ အားကစားနည်းပြဆရာ ဦးလှမောင်သည် ပထမ အာရှလူငယ်အစည်းအရုံး၌ ကာယဗလမှူးလုပ်သည်။ နောက် . . . ဥက္ကဋ္ဌဖြစ်လာသည်။

မိတ်ဟောင်းဆွေဟောင်း ဆရာဟောင်းတွေ၏ စောင်မပေးမှုကြောင့် ကျွန်တော်ယူလာသော မယ်ဒလင်လေးများကိုလည်း ရောင်းရသည်။ ကိုကံလှ၏ ပစ္စည်းကလေးများလည်း ဈေးကောင်းကောင်းရပြီး စွံသည်။ အပြန်တွင် ကိုကံလှသည် ကိုညွန့်အောင်၏ ဆိုင်မှပင် ဖျဉ်ကြမ်းလုံချည်များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ဝယ်ရ၏။

ပထမတစ်ခေါက် အဆင်ပြေပြီးကတည်းက ကိုကံလှလည်း ရန်ကုန်နှင့် သည်ဆီ အခေါက်ခေါက် ကုန်ကူးသည်။ အခေါက်ခေါက်ဆိုရသော်လည်း လမ်းပန်းအခက်အခဲကြောင့် တစ်ကြောင်း၊ ရန်ကုန်မှပြန်အတက်တွင် ကိုကံလှယူလာတတ်သော ပစ္စည်းကလေးမျိုးများမှာ စုဆောင်းရှာဖွေရသည်မှာ ကြာတတ်သောကြောင့်တစ်ကြောင်း တစ်ခေါက်နှင့်တစ်ခေါက်ကြား တစ်လကျော်ကြသည်။ ကိုကံလှလာလျှင် ကျွန်တော်က ပေါင်းတလည်ဘက် အမြဲရောက်သည်။ တစ်ခါတရံ မြောက်ဖက် ဝက်ထီးကန်သို့လည်းကောင်း၊ အရှေ့ဘက် ပေါက်ခေါင်းဆီသို့လည်းကောင်း ကျွန်တော်တို့ ခရီးကွန့်ကြသည်။

အိမ်၌မပျော်သော ကျွန်တော်သည် ကိုကံလှလာ၍ ခရီးထွက်ရလျှင် စိတ်ချမ်းသာသည်။ ပြီးတော့ ဝက်ထီးကန်၊ ပေါင်းတလည်၊ ပေါက်ခေါင်းတို့မှာဆိုလျှင် နေ့လည်း ဖိမ်နှင့်နေရ၏။ ညလည်း ဖိမ်နှင့်အိပ်ရ၏။

ပြည်မှာကတော့ နေ့လည်း ကျီးလန့်စာစား၊ ညဆိုလျှင်လည်း ဖြောင့်ဖြောင့်မအိပ်ရ။ ဘယ်အချိန် ဗုံးလာကြဲမည်ကို လန့်နေရသည်။

၁၉၄၃ ခုနှစ်၊ ဆောင်းတွင်းပိုင်း၌ ပြည်ကိုဗုံးကြဲသည်မှာ သိသိသာသာ ပြင်းထန်လာ၏။

သည်ကြားထဲက ဂျပန်တို့က ရခိုင်စစ်မျက်နှာတွင် နိုင်လိုက်သည်ဆို၏။ နယူးဒေလီအထိ ချီတက်ရေး ဟူသော အသံမှာလည်း ပိုမြည်လာ၏။

တစ်နှစ်လုံး ပြည်တစ်ဝိုက်၌ ဂျပန်တပ်တွေ တိုးလာသည်။ ခါတိုင်းထက်တိုးလာသည်။ ဘယ်က ရောက်လာကြသည်မသိ။

ပေါင်းတလည်မြို့တွင် ဂျပန်တို့၏ ကားတပ်စခန်းကြီး ရှိနေသည်။ ပေါင်းတလည်မှ စစ်ကားကြီးများသည် ပြည်ကိုဖြတ်ပြီး မြစ်ကို ဖောင်ဖွဲ့ကူးကြသည်။ ကားတွေသာမက လူတွေပါ နေ့ရောညပါ ကူးကြသည်။ မြင်းတပ်၊ လားတပ်များလည်း ကူးကြသည်။

အစစ်အဆေးများလည်း အလွန်ထူလာ၏။

အာလံဘက်မှလာလာ၊ ပေါင်းတလည်ဘက်မှလာလာ၊ ရွှေတောင်ဘက်မှတက်တက် ပြည်အဝင်ဆိုလျှင် ရဲဌာနမှထုတ်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့သည် ကျောက်၊ ပလိပ်၊ ဝမ်း သည်ရောဂါ သုံးခုကို အလွန်ကြောက်ကြသည်။ စစ်အတွင်း၌ ကျွန်တော်တို့ ပြည်ခရိုင်မှာလည်း သည်ရောဂါသုံးမျိုးက တစ်ရာသီလျှင် တစ်မျိုးစီ လှည့်မင်းမူသည်။

နွေဆိုလျှင် ကျောက်၊ မိုးတွင်းမှာ ဝမ်း၊ ဆောင်း၌ ပလိပ်။

ရောဂါကာကွယ်ဆေးများကို ဂျပန်များကိုယ်တိုင် ထိုးပေးသည်။ ခရီးသွား၍ ဆေးထိုးလက်မှတ်မပါလျှင် အဖမ်းလျှင်လည်း ခံရမည်။ အရိုက်လျှင်လည်း ခံရမည်။ မလွဲမသွေကတော့ မိသည့်နေရာတွင် ဆေးထိုးကျောက်ထိုးခံရမည်။ ဆေးထိုးကျောက်ထိုးပုံကိုလည်း ကြည့်ပါဦး။

မိန်းမများက အင်္ကျီကျပ်ကျပ်ဝတ်သော ခေတ်ဖြစ်သည်။ ဂျပန်က အင်္ကျီတော့ ချွတ်မခိုင်း၊ လူရှေ့တွင်ပင် ထဘီလှန်ခိုင်းပြီး ပေါင်သားတင်သားဖွေးဖွေးကို ပါးဖြဲနှာဖြဲကြည့်ပြီး ဆေးထိုး၏။ ကျောက်ထိုး၏။ ထို့ကြောင့် သွားလေရာ ဆေးထိုးပြီးကြောင်းလက်မှတ် ပါရသည်။ ကိုယ်တိုင်ထိုးမထားတောင် ထိုးထားသူထံမှ လက်မှတ်ဝယ်ထားရ၏။ အသားနာခံ၍ ဆေးထိုးခံပြီး လက်မှတ်ရောင်းစားသူတွေကလည်း ရှိ၏ . . .။ လက်မှတ်တစ်စောင်ကလည်း နှစ်ဆယ်အစိတ် ပေါက်ဈေးရှိသကိုး . . .။

ကျွန်တော် ဟိုသွားဒီသွားလုပ်နေခြင်းကို ယထမတော့ မမက သိပ်မပြော။ သွားသည်ကလည်း တစ်လမှ တစ်ခါမျှသာ။ သို့သော် . . . ကြာတော့ များလာသည်။ များတော့ မမဆူလာသည်။

"နင် ဘယ်တွေ ဘာလျှောက်လျှောက်လုပ်နေတာလဲ . . . "

"ဒီလိုပေါ့ဗျာ . . . စာမှမသင်ရပဲ . . . ကုန်သည်လေး ဘာလေး စမ်းလုပ်ကြည့်နေတာပေါ့ . . . "

"အံမာ . . . ကြီးကျယ်လိုက်တာ . . . နင့် . . . တို့က အငတ်ထားလို့လား . . . "

"မထားပါဘူးလေ . . . ဒါပေမယ့် တစ်သက်လုံး ဒီလိုနေသွားရမလား . . . တစ်ခုခုတော့ တတ်အောင် သင်ထားရမှာပေါ့ . . . "

"နင် ဒီလောက်တတ်ချင်ရင် နေဦး . . . ငါ ကိုကြင်မော်ပြောပြီး မာစတာ နီကော နီကောဆံဆီအပ် . . . ဂျပန်စကား သင်ခိုင်းရမယ် . . . ဒါမှ နင်လဲ စကားပြန် ဖြစ်လာမယ် . . . "

"အို . . . မသင်ချင်ပါဘူး . . . "

"နင် မသင်လို့ ရမတဲ့လား . . . "

ကျွန်တော်သည် မမနှင့်ဖက်မငြင်း။ သို့ရာတွင် ဂျပန်စကားပြန်လုပ်ခိုင်းလျှင် အိမ်မှထွက်ပြေးမည်ဟု သံမိဋ္ဌာန်ချထား၏။ ဘယ်ကိုပြေးရမှန်းတော့ မသိသေး . . .။

၁၉၄၄ ခုနှစ် နွေရက်များ၌ကား ပြည်မြို့သည် နေချင်ဖွယ်မရှိအောင် ကြောက်ရွံ့ဖွယ်ကောင်းလာ၏။

ဗြိတိသျှလေယာဉ်များက ညတိုင်းလိုဗုံးကြဲသည်။ ရိုးရိုးကြဲသည်မဟုတ်။ မီးကျည်ချကြသည်။

ဗုံးမကြဲမီ မီးကျည်ကို လေထီးနှင့်ချလိုက်၏။ မီးကျည်တစ်လုံးဆိုလျှင် အလွန်ထိန်လင်းသည်။ မိမိရပ်ကွက်ပေါ် မီးကျည်ကျပြီဆိုလျှင် ဖုံးခိုကျင်းထဲ၌ တစ်ဦးမျက်နှာ တစ်ဦးမြင်နိုင်သည်။ လေယာဉ်ပျံပေါ်မှ မီးကျည်တစ်လုံးတည်း ချသည်မဟုတ်။ အများကြီးချသည်။ လေထီးနှင့် ချသည်ဖြစ်သောကြောင့်လည်း တဖြည်းဖြည်းကျသည်။ မီးကျည်များ ကျနေချိန်တွင် ပြည်မြို့ပျက်ကြီး တစ်ခုလုံးမှာ လမင်း လေးငါးဆယ်စင်းသာနေသကဲ့သို့ ထိန်ထိန်လင်းနေ၏။ သည်လို ထိန်ထိန်သာသာတွင် ဗုံးတွေကို စိတ်တိုင်းကျ သွန်ချကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသူမရှိတော့သော မြို့ပျက်ကြီးကို ဘာကြောင့် သည်မျှသဲသဲမဲမဲ ဗုံးမိုးရွာချနေပါသနည်း . . .။ ကိုကံလှပြောပုံအရ ရန်ကုန်ပင်လျှင် ဤမျှ ဗုံးကြဲမခံရ။

နောင်မှ လေ့လာ၍သိရသည်။

၁၉၄၄ ခုနှစ် ဇန်နဝါရီလအတွင်း၌ ဗြိတိသျှဗိုလ်ချုပ် ခရစ်စတီဆွန်၏ အမှတ် (၁၅) တပ်ပေါင်းစုကြီးမှ နံပါတ် ၇ နှင့် နံပါတ် ၅ ဒီဗီဇတပ်မကြီးတို့သည် ရခိုင်ပြည်နယ်ကို ဒုတိယအကြိမ် စစ်ဆင်သည်။ ရခိုင်ပြည်နယ်၌ ရောက်နှင့်နေသော နံပါတ် (၅၅) ဂျပန်ဒီဗီဇတပ်မကြီးမှာ မရှုမလှခံရသည်။ ပြည်မြို့တွင် ကျွန်တော်တို့ တွေ့နေရသော ဂျပန်တပ်များကား ယိုးဒယားမှတစ်ဆင့် စစ်ကူလာသော နံပါတ် (၅၄) ဂျပန်ဒီဗီဇတပ်မကြီးပင် ဖြစ်၏။ ယင်းတပ်မကြီးလည်း မသက်သာ၊ လက်နက်အင်အား အထူးသဖြင့် လေတပ်အင်အား အဆမတန်သာလွန်နေသည့် ဗြိတိသျှတို့၏ အထောင်းအနှက်ကို ဝက်ဝက်ကွဲအောင် ခံရသည်။

တစ်ကြိမ်တုံးက ကောင်းကင်ပြင်တွင် နာမည်ကြီးလှသော ဂျပန်တို့၏ 'ဇီးရိုး' ခေါ် မစ်ဆူဘီရှီ အမှတ် ဝ၊ 'ဇီကီ' ခေါ် ပုံစံ ၅၂ တိုက်လေယာဉ်ပျံတို့မှာ ဗြိတိသျှတို့၏ 'စပစ်ဖိုင်းယား' တိုက်လေယာဉ်သစ်တို့နှင့် ရင်ဆိုင်ရသောအခါ လင်းယုန်နှင့် လဒပမာ ဖြစ်ကုန်ကြ၍ တစ်စင်းလျှင် ဆယ်စင်းနှုန်း ပစ်ချခံကုန်ရသည်ဆို၏။

မဟာဗျူဟာလေတပ်ဖွဲ့၊ နည်းဗျူဟာလေတပ်ဖွဲ့၊ စစ်သည်သယ်ပို့လေတပ်ဖွဲ့၊ ဓာတ်ပုံရိုက် ကင်းထောက်လေတပ်ဖွဲ့ ဟူ၍ စနစ်တကျ ပြန်လည်ဖွဲ့စည်းထားသော ဗြိတိသျှနှင့် မဟာမိတ်တို့၏ အရှေ့ပိုင်းလေတပ်မတော်သည် မိုးပျံခံတပ်ခေါ် ဘီ ၁၇ လေယာဉ်ကြီးများကိုပင် သုံး၍ မြန်မာပြည်ပေါ် အထူးသဖြင့် ပြည်မြို့ပေါ် ဗုံးမိုးရွာနိုင်လေပြီ။

သေမြေကြီး ရှင်ရွှေထီးဟု သဘောပိုက်ထားသော ဂျပန်သည် ရခိုင်စစ်မျက်နှာ၌ အရေးနိမ့်နေသည့်ကြားထဲက သူတို့၌ ရှိသမျှတပ် အလုံးအရင်းနှင့် ထိုနှစ်နွေ၌ မြန်မာပြည် အနောက်မြောက်မှနေ၍ အိန္ဒိယပြည်တွင်းသို့ ထိုးစစ်ဆင်သည်။

ကမ္ဘာကျော် 'အင်ဖား' တိုက်ပွဲကြီး ဖြစ်သတည်း . . .။

* * *

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တစ်ညနေစောင်းတွင် ရွှေဆံတော်စေတီရင်ပြင်ပေါ်၌ ကျွန်တော်သည် ကိုကံလှနှင့်အတူ ရပ်နေ၏။

ကိုကံလှ သည်ကိုလာသည်မှာ ဆယ့်ငါးခေါက်ထက် မနည်းပြီ။ သူက ယခုအခေါက်ကို နောက်ဆုံးအခေါက်ဟု ပြော၏။

ကျွန်တော်သည် ကုန်းတော်ပေါ်မှ စီးမြင်ရသော မြို့ပျက်ကြီးကို ငေးကြည့်နေမိ၏။

သရေခေတ္တရာ . . .။ ကျွန်တော်တို့က မိမိတို့မြို့ကို မိမိတို့ ချစ်မြတ်နိုးစွာ မမေ့မလျော့ ခေါ်သော အမည်ဖြစ်၏။ သရေ . . . သို့မဟုတ် သီရိဟူသော ပါဠိက တင့်တယ်ခြင်း။ ခေတ္တရာက . . . လယ်၊ လယ်ကွင်း။ ဤသို့ အနက်ရသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော လယ်ကွင်းအပေါင်း၏ မြို့တော် . . . သည်ကဲ့သို့ ဖွင့်ဆိုရမည်ထင်သည်။

ယခုတော့ ကြည့်ပါ။ သီရိကျက်သရေသည် အဘယ်မှာပါနည်း။

တိုက်ပြိုတိုက်ပျက်၊ အိမ်ပြိုအိမ်ပျက်တို့ထက် နွယ်တို့တက်နေသည်။ ဗုံးကြဲခံရ၊ မီးလောင်ခံရသည့်ကြားက တောရိုင်းခြုံပင်တို့ ရှင်သန်ပေါက်ရောက်နေသည်။ တောရချောင်များတွင် ရှောင်နေရသူတွေက မြို့တွင်းပြန်လာ ထင်းခွေရသည်။ သစ်သီးဝလံ လာရှာရသည်။

ကျွန်တော်သည် သက်ပြင်းရှိုက်ပြီး ကိုကံလှကို မေးသည်။

"ခင်ဗျား . . . တကယ် နောက်တစ်ခေါက်မလာတော့ဘူးပေါ့ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အခုတစ်ခေါက်တောင် ခင်ဗျားနဲ့တွေ့ချင်လွန်းလို့ လာခဲ့တာ . . . လမ်းမှာက သိပ်အန္တရာယ်များတာပဲ . . . ပြီးခဲ့တဲ့အခေါက် အပြန်တုန်းကလဲ နေ့ခင်းကြီး မော်ဘီနားမှာ စက်သေနတ်နဲ့ အပစ်ခံရတယ် . . . အင်္ဂလိပ်လေယာဉ်ပျံပေါ့ . . . မော်ဘီဆိုတာ ဂျပန်လေယာဉ်ပျံကွင်းရှိတဲ့နေရာ . . . အင်္ဂလိပ်လေယာဉ်ပျံတွေ ဘယ်လောက်အတင့်ရဲနေတယ်ဆိုတာ စဉ်းစားကြည့်တော့ . . . "

"ဂျပန်လေယာဉ်ပျံတွေက တက်မလိုက်ဘူးလား . . . "

"တက်လိုက်ဖို့ နေနေသာသာ . . . သူတို့ရှိတဲ့ လေယာဉ်ပျံအစုတ်ကလေးတွေကို ရော်ဘာပင်တောထဲမှာ ဖွက်ထားတယ် . . . "

"ရန်ကုန်ကိုလဲ ဗုံးကြဲတာပဲလား . . . "

"ကြဲတော့ ကြဲတယ် . . . ဒါပေမယ့် မေ့သလောက်ရှိမှ တစ်ခါပါ . . . ပြီးတော့လဲ လူနေရပ်ကွက်တွေထဲ မကြဲဘူးဗျ . . . မင်္ဂလာဒုံလောက် ဘာလောက်ပဲ . . . တချို့ကတောင် ပြောနေတယ် . . . "

ကိုကံလှသည် စကားကို မဆုံးပဲရပ်ထား၏။

"တချို့က ဘာပြောလဲ . . . "

ကိုကံလှက လေသံကိုတိုးပြီး ဆို၏။

"တချို့ကပြောတယ် . . . သူတို့ ပြန်လာတော့မှာမို့ . . . တဲ့ . . . သူတို့ပြန်လာရင် သိပ်မပျက်စီးအောင်တဲ့ . . . "

"အင်္ဂလိပ်တွေ တကယ်ပြန်လာတော့မှာလား . . . "

"ပြန်လာတော့မှာ မဟုတ်ဘူး . . . ပြန်ရောက်နေပြီ . . . "

"ဗျာ . . . ပြန်ရောက်နေပြီ . . . "

"အင်းလေ . . . ခင်ဗျားက ငယ်လဲငယ်သေး . . . သတင်းစကား ကောင်းကောင်းမကြားရတဲ့ နေရလဲနေဆိုတော့ ဘယ်သိမလဲ . . . အင်္ဂလိပ်တွေက အခု မုံရွာတို့ ပခုက္ကူတို့တောင် ရောက်နေပြီတဲ့ . . . မန္တလေးတောင် ဘယ်တော့သိမ်းမလဲ မသိဘူး . . . မြန်မာ့တပ်မတော်တချို့တောင် အင်္ဂလိပ်နဲ့ပေါင်းသွားလို့ သူပုန်လို့ ကြေညာထားတယ် . . . "

"တကယ် . . . "

"တကယ်ပါ . . . အဲဒါ ထားတော့လေ . . . ကျွန်တော် အခုလာတာက ခင်ဗျားကို လာခေါ်တာ . . . "

"ဗျာ . . . ကျွန်တော့်ကို လာခေါ်တာ . . . "

"ဟုတ်တယ် . . . ခင်ဗျားကျေးဇူး ကျွန်တော့်မှာ တစ်ပုံကြီးရှိတယ် . . . အခု ကျွန်တော် ကုန်ကူးလို့မြတ်တာ နှစ်သောင်းတောင်ရှိပြီ . . . "

"ဗျာ . . . နှစ်သောင်းတောင် . . . "

ကိုကံလှက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်သောင်းဆိုတာ သိပ်များတယ် ထင်လို့လား . . . ရန်ကုန်မှာ ကူးဝါးစီးကရက်တစ်ဗူး တစ်ရာ . . . အိုက်စကလင်တစ်ခွက် ငါးဆယ် . . . အင်္ဂလိပ်ခေတ်က အကောင်းဆုံး အိုက်စကလင်မှ တစ်ခွက်တစ်မတ် . . . ထားပါတော့ ငါးမူး . . . ငါးမူးနဲ့ ငါးဆယ် တူတော့ တစ်ရာမှာ တစ်ကျပ်တန်တယ် . . . ဂျပန်ငွေနှစ်သောင်းဆိုတာဟာ အင်္ဂလိပ်ငွေနှစ်ရာလောက်ပဲ တန်ဖိုးရှိတာ . . . "

ကျွန်တော်သည် ဤမျှတော့ စီးပွားရေးနားမလည်။ ဂျပန်ငွေ တန်ဖိုးမရှိမှန်းတော့ သိသည်။

ကိုကံလှက ဆက်ပြော၏။

"ကျွန်တော် အခု မြင်းလှည်းတစ်စီး ဝယ်ထားခဲ့တယ် . . . မြင်းလဲ ကြည့်ထားတယ် . . . ရန်ကုန်မှာ မြင်းလှည်းမောင်းစားရင် တစ်နေ့ ပစ်စလက်ခတ် ဂျပန်ငွေတစ်ရာတော့ ရတယ် . . . အခု ကုန်ကူးရတာလို အသက်ဆံဖျားလဲ မရှိဘူး . . . "

"အဲဒါနဲ့ ဘာလို့ ကျွန်တော့် လာခေါ်ရတာလဲ . . . "

"မြင်းလှည်းမောင်းစားရင် နှစ်ယောက်ဆိုတော့ အလုပ်ဖြစ်တယ် . . . ကျွန်တော်ကလဲ ခင်ဗျားလိုပဲ တစ်ကောင်ကြွက် . . . ကိုယ့်ဒူးကိုယ်ချွန်ပဲ . . . ခင်ဗျားနဲ့ ကျွန်တော်က ကံလဲစပ်ကြတယ် . . . တစ်သက်လုံး မြင်းလှည်းမောင်းစားဖို့လဲ မဟုတ်ပါဘူး . . . စပ်ကူးမတ်ကူးအချိန်တွင်ပေါ့ဗျာ . . . နောက်တော့ အခြေအနေကြည့်ပြောင်းကြမယ် . . . ဘယ့်နှယ်လဲ . . . "

ကျွန်တော် ငြိမ်စဉ်းစားနေသည်။ ကိုကံလှက ကျွန်တော် ဘာစဉ်းစားနေသည်ကို ရိပ်မိပုံရ၏။

"ခင်ဗျားမှာ အုပ်ထိန်းသူမကင်းသေးတာ ကျွန်တော်သိတယ် . . . ဒါပေမယ့် ခင်ဗျားယောက်ဖနဲ့ဆိုရင် ခင်ဗျားသာ အန္တရာယ်ကြီးတယ် . . . ခင်ဗျားယောက်ဖကို လူဘယ်လောက်မုန်းတယ်ဆိုတာ ကျွန်တော်ရိပ်မိတယ် . . . ဒါကတော့ ဂျပန်စကားပြန်ဆို လူတိုင်းမုန်းတာပဲ . . . တစ်ခုခုဖြစ်ရင် ဂျပန်စကားပြန်တွေကို အရင်သတ်ကြမှာ . . . "

"တစ်ခုခုဖြစ်ရင်ဆိုတာက ဘာပြောတာလဲ . . . "

ကိုကံလှ အနည်းငယ်မျက်နှာပျက်သယောင် ဖြစ်သွား၏။

"မဟုတ်ဘူးလေ . . . ဟိုဒင်း . . . အဲ . . . စကားအဖြစ် ပြောတာပါ . . . ပြီးတော့ ပြည်ကိုလဲကြည့်စမ်း . . . ဟိုတစ်ခါ တုန်းကလဲ ဒီမှာ တိုက်ပွဲအကြီးအကျယ်ဖြစ်တာပဲ . . . ကျွန်တော် ဒီတုန်းက ထောင်ထဲကလွတ်စ . . . ယောင်လယ်လယ်နဲ့ . . . တွေးမိရင် သွေးတောင်ပျက်ချင်တယ် . . . ခုတစ်ခါဆိုလဲ ဒီမှာ တိုက်ကြဦးမှာပဲ . . . ရခိုင်ဘက်က လာလာ . . . မြောက်ဘက်က လာလာ . . . ဒီမှာတော့ ဆုံကြဦးမှာပဲ . . . အခု ဗုံးဖိကြနေတာကြည့်လေ . . . "

ကိုကံလှပြောသည်တို့မှာ အကြောင်းအကျိုး ဆီလျော်နေသည်ထင်၏။

"အေးဗျာ . . . ကျွန်တော်စဉ်းစားဦးမယ် . . . ခက်တာက ကျွန်တော့်အစ်မက ရှိသေးတယ် မဟုတ်လား . . . ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက်ထဲ . . . "

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . ဒါကြောင့်လဲ ဇွတ်တော့ ကျွန်တော် မတိုက်တွန်းပါဘူး . . . ခင်ဗျားစဉ်းစားပေါ့ . . . သန်ဘက်ခါ ကျွန်တော်ပြန်မယ် . . . "

"ဟုတ်ကဲ့ . . . စဉ်းစားပါ့မယ် . . . "

ကိုကံလှနှင့် ကျွန်တော်သည် ဘုရားရင်ပြင်တော်ပေါ်မှ ဆင်းလာခဲ့ကြ၏။

ထိုနေ့ညနေ . . . နေဝင်စ၌ ကျွန်တော်သည် အိမ်သို့ ပြန်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ်မှာ အခြားအိမ်တို့နှင့် အတန်ကွာလှမ်းပြီး သီးသီးသန့်သန့်ရှိသည်။ အခြားအိမ်တို့သာ ဆိုရသည်။ အိမ်တိုင်းမှာ လူမရှိ။ အိမ်စုတ်စုတ်ချာချာများကို အိမ်ရှင်တို့က သည်အတိုင်း စွန့်ပစ်ထားခဲ့သည်။ ယခင်က ပွဲစားများ၊ သူဌေးများနေသော အိမ်ကောင်းများနှင့် တိုက်ကောင်းများတွင် တပည့်တပန်းတစ်ယောက်စ နှစ်ယောက်စကိုသာ အိမ်စောင့်အဖြစ် ချန်ထားရစ်သည်။ အိမ်ရှင်တို့ကမူ ပေါင်းတလည်၊ ဝက်ထီးကန်စသော မြို့ငယ်များဆီ၌ သွားရောက်ရှောင်တိမ်းနေကြသည်။ ဥပမာ . . . ဘဘကြီး ဦးအောင်ခ၊ မမသန့်၊ ဦးအောင်ခ၏ယောက်ဖ ဦးသဲ၊ ဒေါ်ညီမတို့မှာ ဝက်ထီးကန်၌ ပြောင်းနေကြပြီ။

ရှိသမျှအိမ်တို့မှာလည်း နေဝင်လျှင် တံခါးပိတ်ပြီ။ လေယာဉ်ရန်ကြောင့် မီးကို မှိန်မှိန်ကွယ်ကွယ် ထွန်းကြရာ ဘယ်အိမ်ကမှ မီးရောင်မထွက် . . .။

ကျွန်တော်တို့အိမ်ဆီကသာ မီးရောင်အနည်းငယ် လျှံထွက်နေသည်။

ခြံဝင်းအတွင်း ကျွန်တော်ရောက်သောအခါ အိမ်ရှေ့တွင် ဂျပန်စစ်ဗိုလ်တို့သာစီးသော ဆလွန်းကားလေးတစ်စီး ဆိုက်ထား၏။

မူလက ဆလွန်းကားများသည် မြန်မာသူဌေးများစီးသော ကားများဖြစ်၏။ ယခု ဂျပန်တို့က ဆလွန်းကားမှန်သမျှကို လိုက်သိမ်းပြီး သူတို့စီးသည်။ အချို့သူဌေးများက မိမိတို့ကားကို ဂျပန်မသိမ်းရန် ဘုန်းကြီးကျောင်းများသို့ပို့ပြီး ဝှက်ထားကြသည်။ ဆရာဘုန်းကြီးများကလည်း မော်တော်ကားကို သင်္ကန်းနှင့်ပတ်ဖုံးပြီး သိမ်းပေးဝှက်ပေးကြပါ၏။ သည်ကြားထဲက ဂျပန်သိသွားလျှင် အသိမ်းခံရသည်။ ကားပါမက . . . ကားသုတ်ရန် သင်္ကန်းပါ အဆစ်ပါသွားတတ်သည်။

ယခု ကျွန်တော်တို့အိမ်ရှေ့တွင် ဆိုက်ထားသောကားမှာ ဤသို့သိမ်းထားသော ဂျပန်စစ်ဗိုလ်စီး ကားဖြစ်၏။

ကားအနီးတွင် ရိုင်ဖယ်ကိုင်အစောင့် ဂျပန်စစ်သားတစ်ဦးကို တွေ့ရ၏။

စစ်သားက ကျွန်တော့်ကို စူးစူးဝါးဝါးနှင့် တားသည်။ စိန်မျက်ခုံး၏တပည့် မဟုတ်တန်ရာ။ စိန်မျက်ခုံး၏ တပည့်ကောင်များနှင့် ကျွန်တော့်မှာ မျက်မုန်းတန်းမိနေပြီ။

“မာစတာ . . . ဝါတာကူရှိဝ . . . ကြင်မောင်ဆံနော . . . နိဆန်ဒက်စ် . . . ”

ရှေးခေတ်က မြန်မာတို့သည် ဂေါ်ရင်ဂျီစကား ထမင်းစားရေသောက် ပြောတတ်ကြသကဲ့သို့ ယခု ဂျပန်စကားပြောတတ်ကြသည်။ ကျွန်တော်လည်း ပြောတတ်သည်။ ကျွန်တော်က ကျွန်တော်သည် ကိုကြင်မောင်၏ညီဖြစ်ကြောင်း ပြောလိုက်ခြင်းဖြစ်၏။

သည်တော့မှ ဂျပန်ကောင်က ကျွန်တော့်ကို အိမ်တွင်း ဝင်ခွင့်ပြုသည်။

အိမ်တွင်းရှိ စားပွဲကိုဝိုင်းလျက် ဂျပန်သုံးကောင်နှင့် မြန်မာမသုံးဦး ထိုင်နေကြသည်။ မြန်မာမတစ်ဦးကတော့ ကျွန်တော့်အစ်မ မသန်းလှ . . .။

ဂျပန်နှစ်ကောင်က စစ်ဗိုလ်လိုဝတ်ထားပြီး ရင်ဘတ်၌ သရီးလိုင်း သရီးစတား (မျဉ်းသုံးကြောင်း ကြယ်သုံးပွင့်) တပ်ထားသောကြောင့် ကပ္ပတိန်အဆင့်ရှိကြမှန်း သိကြသည်။

တစ်ကောင်ကမူ ဗိုလ်ကေအရှည်နှင့် ဖြစ်၏။ ဂျပန်စစ်သား စစ်ဗိုလ်မှန်သမျှကား ကတုံးနှင့် ဖြစ်ကြ၏။ ဗိုလ်ကေထားသော ဂျပန်တို့မှာ အဝယ်ဒိုင်မှ အရပ်သားဂျပန်များသာ ဖြစ်ကြ၏။

ယခု ဤဂျပန်ကား ဗိုလ်ကေနှင့်ဖြစ်သည့်ပြင် ပိုးရုပ်အင်္ကျီဖြူကို ဝတ်ထား၏။ ကြယ်သီးများက ရွှေကြယ်သီး။ ခါးတွင် ရွှေဖလားရောင် ဗန်ကောက်လုံချည်ကို မြန်မာလို ကျကျနန သပ်သပ်ယပ်ယပ် ဝတ်ထား၏။

အသက်က အစိတ်ခန့်သာရှိဦးမည်။ နှာတန်မပြား။ မျက်ပေါက်မကျဉ်းပဲ ရုပ်ရည်အတန်ချောသည်။ မျက်နှာထားကလည်း ပြုံးချိုချို။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော်သိသည်။ ကျွန်တော့်အစ်မ မကြာခဏပြောတတ်သည့် မာစတာ နီကော . . . နီကောစံ။

သူက ပေါက်ခေါင်းရှိ အဝယ်ဒိုင်ကြီးမှ မန်နေဂျာဖြစ်၏။ သူ့နာမည်ရင်းက ဥရေးချီ။ သို့ရာတွင် သူ့ကို ကျွန်တော့်အစ်မက နီကော . . . နီကောစံ ဟု ခေါ်သည်။ နီကောဆိုသည်မှာ ပြုံးခြင်းဟု အဓိပ္ပါယ်ရသည်။ ဖိုးပြုံးချို . . .။ မာစတာဖိုးပြုံးချိုရယ်ပါ . . .။

ဂျပန်တွေက အရက်သောက်နေကြသည်။ သူတို့ 'ဆာကေး' အရက်မဟုတ်။ ရန်ကုန်တွင် မြန်မာချက်သော တင့်ကားတံဆိပ် ဝီစကီဖြစ်၏။ တင့်ကားတံဆိပ် ဝီစကီသည် အတန်ကောင်းသည် ဆို၏။ ကျွန်တော့်ယောက်ဖ ကိုကြင်မောင်က အိမ်တွင် တစ်ဒါဇင် ထက်မနည်း ဆောင်ထား၏။

ဘေးတွင် သောက်ပြီးသား ပုလင်းခွံတစ်ခု တွေ့သောကြောင့် သူတို့သောက်နေကြသည်မှာ ကြာပြီထင်၏။ စားပွဲပေါ်၌လည်း ဖောက်ပြီးစ ပုလင်းသစ်တစ်လုံး ထောင်လျက် . . .။

မိန်းမနှစ်ဦးကလည်း စီးကရက်ခဲရင်း အရက်သောက်နေသည်။ ကျွန်တော့်အစ်မကတော့ အရက်မသောက်။

ကျွန်တော့်ကိုမြင်သော် ကျွန်တော့်အစ်မ မျက်နှာပျက်သွားသည်။

"နင် ဒီနေ့ အစောကြီးပြန်လာပါလား . . . "

"ဟုတ်တယ် . . . ကိုကြင်မောင်မရှိတော့ ဒါမျိုးမရှိဘူးထင်လို့ပါ . . . "

မနက်က ကိုကြင်မောင်သည် စိန်မျက်ခုံးနှင့် ပန်းတောင်းဘက်လိုက်သွားမှန်း ကျွန်တော်သိသည်။ ကိုကြင်မောင်ရှိ၍ သည်ပွဲ မျိုးရှိသော ညမျိုးဆိုလျှင် ကျွန်တော်သည် မိုးအလွန်ချုပ်မှ ပြန်လာရိုးဖြစ်၏။

မာစတာနီကောက ကျွန်တော့်ကိုပြုံးကြည့်ပြီး လက်ယပ်ပြခေါ်သောကြောင့် ကျွန်တော် အနီးကပ်သွားရ၏။

သူနှင့်ကျွန်တော် သုံးလေးခါ တွေ့ဖူးသည်။ စကားတော့ မပြောဖူး . . .။

"ရာပါ . . . ထိုင်ပါ . . . "

သူက မြန်မာလိုပြောသည်။

ကျွန်တော့်မမသည် မာစတာနီကောနှင့် အနီးကပ်ဆုံးထိုင်နေသည်။ ကျွန်တော်က မမအနီး၌ ဝင်ထိုင်လိုက်သောအခါ နေရာရွှေ့ ပေးရသောမမသည် မာစတာနီကောနှင့် လက်မောင်းချင်းထိလု ပိုနီးကပ်သွား၏။

မမက ပြုံးပြီးပြော၏။

"နီကောစံ . . . ဒါ ကျွန်မမောင်လေး . . . "

မမက မာစတာနီကောကို မာစတာဟု မခေါ်ပဲ 'စံ' ဟု သုံးခေါ်သည်ကို ကျွန်တော် သတိပြုမိ၏။ 'စံ' ဟူသည် သူတို့ဘာသာ အရ 'မောင်' ဟု အဓိပ္ပါယ်ရသည်။ အလွန်ရင်းနှီးမှ ခေါ်ခွင့်ရှိသော အသုံးတည်း။

"ဟိုက် . . . ဟိုက် . . . တွေ့ရတာ ဝမ်းသာတယ် . . . အား . . . ဝမ်းသာပါးတယ် . . . "

နီကောစံသည် မြန်မာစကားတတ်ခါစနှင့် တူ၏။

မမက ဆက်ပြော၏။

"နီကောစံကို ကျွန်မပြောထားတာ သူ . . . နီပွန်စကားသင်ပေးဖို့လေ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် . . . ဟိုက် . . . တူ . . . အင်္ဂလိပ်စကားပြောတယ် . . . အဲ . . . ပြောတယ်လား . . . အာ . . . ပြော . . . တတ် . . . တ . . . လား . . . "

"သူ နည်းနည်းပြောတတ်တယ် . . . "

နီကောစံသည် ကျွန်တော့်ဘက်လှည့်ပြီး အလွန်ပီသသော အင်္ဂလိပ်စကားနှင့် မေး၏။

"ဒူးယူ စပိခ် အင်းဂလိရှ် . . . "

"အာ . . . လစ်တဲလ် . . . "

"ရိုက်တ် . . . ဝှတ်အစ်စ်ရွာနိမ်း . . . "

"မြတ်ဆွေ . . . "

"မရတ် . . . ဝှတ် . . . "

"မြတ်ဆွေ . . . "

"အို . . . ရက်စ် . . . မရတ်ဆွေ . . . မရတ်ဆွေ စံ . . . နောင်း . . . တဲလ်မီး . . . ဝှတ် အာရ်ယူ . . . ဒူးဟင်း . . . နောင်း . . . "

ကျွန်တော် ဘာဖြေရမှန်းမသိ။ စကားကို နားမလည်သောကြောင့်မဟုတ်။ သူကမေးသည်ကို တိတိကျကျမသိသောကြောင့် ဖြစ်၏။

ကျွန်တော့်အခက်အခဲကို နီကောစံ ရိပ်မိပုံရသည်။ ထပ်မေး၏။

"ယူဒုန့်ဂိုးတူစကူးလ် . . . ဒူးယူ . . . "

"နိုး . . . "

"သဲန်း . . . ဝှတ် အာရ်ယူ ဒူးဟင်း . . . နောင်း . . . "

"အိုး . . . ရက်စ် . . . မြူးဇစ်ခ် . . . အိုင် ပလေး မြူးဇစ်ခ် . . . "

နီကောစံသည် အံ့ဩဟန်နှင့် မျက်လုံးပြူးပြ၏။

မိန်းမနှစ်ယောက်နှင့် လက်မောင်းပုတ်၊ တင်ပုတ် စကားပြောနေသော ဂျပန်နှစ်ကောင်သည် ကျွန်တော့်ဘက် ပြိုင်တူလှည့်ကြည့်ကြ၏။ တစ်ကောင်က နီကောစံကို ဂျပန်လိုမေးသောကြောင့် နီကောစံက ပြန်ဖြေသည်။

ဂျပန်စစ်ဗိုလ်သည် အလွန်သဘောကျသွားဟန်နှင့် "အား . . . ဥတ . . . ဥတ . . . " ဟု အော်၏။

နီကောစံက ကျွန်တော့်ဘက်လှည့်ပြီး မေး၏။

"ဝှက် အင်စထရူမင့်တ် ဒူးယူပလေး . . . "

"ဗွိုင်အိုလင်း . . . "

www.burmeseclassic.com

www.burmeseclassic.com



ဖွိုင်အိုလင်းဟူသော စကားကိုတော့ ဂျပန်စစ်ဗိုလ်သည် နားလည်ဟန်တူသည်။ သူသည် လက်ဖြင့် တယောထိုးသကဲ့သို့ လုပ်ပြပြီး နီကောစံကို စကားပြောသည်။ သူ့စကား၌ "ဥတ . . . ဥတ . . . " ဟု ပါပြန်သည်။

နီကောစံက မြန်မာလိုပြော၏။

"မာစတာပြောတယ် . . . မြန်မာသီချင်း နားထောင်မယ် . . . ဖွိုင်အိုလင် တွားယူပါ . . . "

ကျွန်တော်က မလှုပ်။ ဒီဂျပန်ကောင်တွေနှင့် မတီးချင်။

မမက ဝင်ပြော၏။

"သွားယူလိုက်လေ . . . မာစတာက ခိုင်းရင် လုပ်ရတယ် . . . "

စိတ်မပါသော်လည်း ကျွန်တော်မငြင်းသာ။ တယောလေးကို ထယူရ၏။

ဂျပန်စစ်ဗိုလ်နှစ်ကောင်မှာ အတန်မူးနေဟန်ပေါ်သည်။

တစ်ကောင်က အော်ဆိုသည်။

"ကြူကြူမဝေ့တဲ့ ခဝါညိုဖရား . . . အေယူရာတိမ်း အိမ်းနဲ့ခါ . . . "

တစ်ကောင်က လက်ခုပ်တီးပေး၏။

ပထမကောင်က လက်ဟန်ခြေဟန်နှင့် ကျွန်တော့်ကို တယောထိုးခိုင်း၏။

ဘယ်ကတတ်ခဲ့ကြသည်မသိ။ ဂျပန်တိုင်းလိုလိုသည် "ကြူကြူမွှေးတဲ့ ခွာညိုလွှာ . . . " အစရှိသော "မြခွာညို" သီချင်းကို ရကြသည်။ ကြိုက်လည်းကြိုက်ပုံ ရကြ၏။

ယခုလည်း သည်သီချင်းကို ထိုးခိုင်းနေပြီ။

ကျွန်တော်က ထိုးပေးရ၏။ ပထမကောင်က ဆိုသည်။ ဒုတိယကောင်နှင့် နီကောစံက လက်ခုပ်တီးပေးကြ၏။ တော်တော်ကြာကျတော့ ပထမကောင်က ဆိုရင်းကသည်။ ကျန်နှစ်ကောင်က လက်ခုပ်တီးရင်း လိုက်ဆိုသည်။

တစ်ချီအပြီး၌ ပထမကောင်သည် ဖန်ခွက်တွင်း အရက်ငှဲ့ထည့်လိုက်ပြီး ရေရော၏။ ထို့နောက် ကျွန်တော့်ဆီ ဖန်ခွက်ထိုးပေး၏။

"တောက် . . . ပါး . . . "

သည်လောက်တော့ သူလည်း မြန်မာစကား တတ်ပုံရ၏။

ကျွန်တော်က ခေါင်းခါပြ၏။ ဂျပန်ကောင်ကလည်း ခေါင်းခါပြီး ဖန်ခွက်ကို အတင်းထိုးပေး၏။

"တောက် . . . ပါး . . . "

မမက ဝင်တား၏။

"မာစတာ . . . သူ ကလေး . . . မသောက်ရဘူး . . . မကောင်းဘူး . . . "

www.burmeseclassic.com

www.burmeseclassic.com



နီကောစံကလည်း သူ့ကောင်ကို တစ်စုံတစ်ခုပြော၏။ ဂျပန်စစ်ဗိုလ်ကောင်က နီကောစံကို ဘာပြန်ပြောသည်မသိ၊ နီကောစံသည် သဘောကျဟန်ရယ်သည်။

ဂျပန်စစ်ဗိုလ်သည် ကျွန်တော့်ဘက်လှည့်လိုက်ပြီး ဖန်ခွက်ကို ထိုးပေးပြန်၏။

"တောက် . . . ပါး . . . "

သူ့အသံက အမိန့်ပေးဟန် မာနေပြီ . . .။

မမက ဖန်ခွက်ကိုဆွဲယူရန် လက်လှမ်း၏။ သို့ရာတွင် မမ၏လက်ကို နီကောစံက ဖမ်းဆုပ်ကိုင်ထားလိုက်၏။

"သန်းလှစံ . . . မာစတာ တာနာကား ပျော်တယ် . . . တူတိုက်တယ်နော် . . . တောက်ပါ . . . မတောက်ဘူးနော် . . . တူစိတ်ဆိုးမယ် . . . တူစိတ်ဆိုးရင် မကောင်းဘူး . . . "

မာစတာ တာနာကားကား မျက်နှာကြီးထန်နေပြီ။

"တောက်ပါ . . . တောက်ပါ . . . "

သူက အော်၏။

ဂျပန်တက်စက ထုံးဘိုတွင် ကခိုင်း၍မကသဖြင့် ဂျပန်ရိုက်သည်ကို ကျွန်တော် သွားသတိရသည်။

ကျွန်တော်သည် မငြင်းတော့ပဲ အရက်ခွက်ကိုယူကာ အမြင်ကတ်ကတ်နှင့် အကုန်မော့ချလိုက်၏။ လည်ချောင်းနှင့် ရင်တွင်း၌ကား ပူလောင်စူးရှသွားသည်။

တာနာကားစံသည် သဘောကျဟန် အော်ရယ်၏။

"ကောင်းတယ်ကား . . . မကောင်းဘူးကား . . . "

ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။

တာနာကားက လက်ဖြင့် တယောထိုးသကဲ့သို့ လုပ်ပြသောကြောင့် ကျွန်တော် တယောထိုးရပြန်၏။

"ကြူကြူမငေ့တဲ့ ခဝါညိုဖရာ . . . အေယူရာတိမ်း . . . အိမ်းနဲ့ခါ . . . "

သည်တစ်ကြိမ်တွင် ဂျပန်စစ်ဗိုလ်နှစ်ကောင်သည် မိန်းမနှစ်ယောက်ကိုဆွဲကာ ကို့ယို့ကားရား တွဲကတော့၏ . . .။

တစ်ချီကပြီးတော့ အရက်သောက်ပြန်၏။

တာနာကားသည် ကျွန်တော့်ကို အရက်ဖွတ်ပေးပြန်သည်။

မထူးပြီ၊ ငြင်း၍လည်း ရမည်မဟုတ်တော့။

ကျွန်တော်သည် အရက်ခွက်ကို မော့လိုက်ပြန်၏ . . .။ ထို့နောက် တယောထိုးရပြန်၏။

ဘယ်နခါ ကြူကြူမွှေး၍ ဘယ်နခါယိမ်းနွဲ့ပြီး ဘယ်နခွက် ကျွန်တော်သောက်မိသည်မသိ . . .။

မျက်လုံးတို့က မှေးလာသည်၊ ခေါင်းကလည်း ဝိုက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နီကောစ်ပြောသံကို ကြားရသည်။

“သန်းလုစ် . . . တူအိပ်ချင်ပြီ . . . အိပ်တော့ . . . အား . . . အိပ်ပါစေ . . . ”

“မြတ်ဆွေ . . . အိပ်ချင် သွားအိပ်တော့ . . . ထပ်တိုက်လို့ ပိုမူးနေရင် မကောင်းဘူး . . . ”

ကျွန်တော် နေရာမှထလိုက်၏။ ခေါင်းမှာ ရီဝေနေသည်။

တာနာကားက ပါးစပ်ကြီးဖြဲပြီး ရယ်နေ၏။

ဒယီးဒယိုင်နှင့် ကျွန်တော်သည် အိမ်ပေါ်ထပ် တက်လာခဲ့၏။

အိပ်ရာထဲ၌ ကျွန်တော်လှဲအိပ်စဉ် တယောက်ကို တစ်စုံတစ်ယောက်က တကျွီကျွီနှင့် ဟိုထိုးသည်ထိုး လုပ်နေသည်။ တာနာကား၏ “ခဝါညီဖရာ” သံကလည်း ပေါ်နေ၏။

ကျွန်တော် မေ့ခနဲ အိပ်ပျော်သွားသည်။

ကျွန်တော် လန့်နိုးချိန်၌ နားထဲတွင် တဝီဝီအသံ ကြားရသည်။ ကျွန်တော်က အိပ်ရာထဲမှ လူးလဲထလိုက်၏။

တဝီဝီအသံသည် တစစကျယ်လာ၏ . . .။ လေယာဉ်ပျံသံများ . . .။

အောက်ထပ်စားပွဲပေါ်၌ မီးအိမ်ကြီးကလင်းနေဆဲ။ အရက်ပုလင်းများကလည်း ထောင်လျက် . . .။

ကျွန်တော်သည် အိမ်ပေါ်မှ တအားပြေးဆင်းလာသည်။

အောက်ထပ်တွင် ဘယ်သူမျှမရှိ။ ဘယ်ရောက်ကုန်ကြသနည်း . . .။

“ဟီခေါခိနား . . . ဟိခေါခိ . . . ”

အပြင်ဘက်မှ ဂျပန်အစောင့်ကောင်၏ အော်သံကိုကြားရသည်။

ကျွန်တော်တို့အိမ်တွင် အောက်ထပ်၌ အတွင်းခန်းနှစ်ခန်း၊ အပေါ်ထပ်၌ အိပ်ခန်းနှစ်ခန်းရှိသည်။

အစောင့်ဂျပန်၏ အော်သံနှင့်အတူ အပေါ်ထပ်မှ တာနာကားနှင့် မိန်းမတစ်ယောက် ပြေးဆင်းလာသည်။

အောက်ထပ် အခန်းနှစ်ခန်းတွင်းမှလည်း လှုပ်ရှားသံများကို ကြားရ၏။

တစ်ခန်းမှ ကျန်ဂျပန်စစ်ဗိုလ်နှင့် မိန်းမတစ်ဦးက ပြေးထွက်လာသည်။

အခြားတစ်ခန်းမှ မမက အရင်ထွက်လာသည်။

မမ၏ဆံပင်တွေက ပခုံးပေါ်သို့ အထုံးပြေကျနေသည်။ အပေါ်အင်္ကျီကြယ်သီးတွေက ပြုတ်နေပြီး ထဘီက ကပိုကရို . . . မသပ်မရပ် . . .။

မမနောက်က ကပ်ထွက်လာသူကား . . . နီကောစ် . . .။ ဂျပန်လူချော နီကောစ် . . .။

မမသည် မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို ကြောင်ကြည့်နေသည်။

ကျွန်တော်ကလည်း မမကို ပြန်စိုက်ကြည့်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း တုန်ယင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တုန်ယင်နေသည်မှာ လေယာဉ်ပျံတို့ကို ကြောက်၍မဟုတ် . . .။ မဟုတ် . . .။

မိန်းမတစ်ဦးက ကြောက်လန့်တကြားနှင့်အော်သည်။

"မီးခွက် . . . မီးခွက် . . . မီးခွက်မှုတ်ပါ . . . "

တစ်စုံတစ်ယောက်က မီးခွက်ကို မှုတ်လိုက်၏။

သို့ရာတွင် မထူးပါ။ ဝင်းခနဲ တစ်ချက်လက်သည်ကို တွေ့ရ၏။ ခဏတွင် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွား၏။

မီးကျည်တို့ ကျလာနေပြီတည်း . . .။

နီကောစ်ထံမှ ဤတစ်ကြိမ်တွင် မြန်မာလိုမဟုတ်။ ဂျပန်လို ရှူးရှူးရှားရှားအော်သံ ပေါ်လာ၏။

"ခူးရကား . . . ဘတ်ဂေးရိုး . . . ဟိခေါခိနား . . . "

သူက မမကို ခါးမှ ပွေ့ဖက်ဆွဲခေါ်ကာ အိမ်ပေါ်မှ ဆင်းပြေး၏။

သူတို့နောက်က ကျန်သူများလည်း လိုက်ဆင်းပြေးကုန်၏။

အိမ်ပေါ်တွင် ကျွန်တော်တစ်ယောက်တည်းသာ ကျန်ခဲ့၏။

မီးကျည်တို့၏ အရောင်ကြောင့် တစ်အိမ်လုံး လင်းထိန်နေ၏။

စားပွဲပေါ်တွင် ကျွန်တော့်တယောလေးကို တွေ့ရသည်။ မနီးမဝေးမှာက တယောသေတ္တာလေး။

ကျွန်တော်သည် တယောလေးကိုကောက်ယူပြီး သေတ္တာတွင်း အေးဆေးစွာထည့်သည်။ ပြီးတော့ . . . တယောသေတ္တာလေးကိုဆွဲပြီး အိမ်ပေါ်မှ အေးဆေးစွာပင် ဆင်းလာခဲ့သည်။

လမ်းပေါ်ရောက်သောအခါ တလောကလုံး ထိန်ထိန်သာနေသည်။ ဘာအတားအဆီး . . . ဘာအပိတ်အကာမှ မရှိပဲ ဟင်းလင်းပွင့်နေသည်။ ဘာမှ တွယ်ကပ်စရာ မှီခိုစရာလည်း မရှိ . . . မရှိ . . . ဘာမျှမရှိ . . .။

ခေါင်းပေါ်တွင် လေးပင်သော လေယာဉ်ပျံစက်သံတို့က တဝုန်းဝုန်းမြည်နေကြ၏။ တဝီဝီမဟုတ်။ တဝုန်းဝုန်း . . .။

တရှိန်ရှိန်နှင့် လေကိုခွင်းပြီး ဗုံးတွေက ကျနေ၏။ တဒိုင်းဒိုင်းနှင့်လည်း ပေါက်ကွဲနေသည်။ မြေကြီးကလည်း တသိမ့်သိမ့်ခါနေ၏ . . .။

ကျပါစေ . . .။ ကွဲပါစေ . . . ခါပါစေ . . .။

ရစရာမရှိအောင် ပျက်စီးချင်တိုင်း ပျက်စီးပြီးနေသည့် ပြည်မြို့ကြီးက ဘာကို ထပ်မှုရပါမည်နည်း။

ဩော် . . . ကျွန်တော်ကကော . . . ဘာကိုမှုရပါမည်နည်း . . .။ ဘဇာကို မှုရပါမည်နည်း . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၂)

မြစ်မင်းဇရာ ခွေကာဝန်းသည့် မြနန်းအမရ ရွှေအင်းဝကို စွန့်ခွာလက်မြှောက် ရန်သူနောက် ကောက်ကောက်ပါလေရရှာသူ ဟံသာဝတီရောက်မင်းတရားသည် ထားချန်ရစ်ရသည့် ဇာတိမြေ၏အလှကို ဤသို့လွမ်း၏။

"ရှိုးရှိုးရှိမ်းရှိမ်း၊ စိမ်းစိမ်းတင့်တင့်၊ မွှေးမျိုးကြွယ်သား၊ သွယ်သွယ်မြင်သစ်၊ မြစ်လည်းမြစ်လျောက်၊ မြူနောက်မတမ်း၊ ရေချမ်းရိပ်မြိုင်၊ အိုင်လည်းကျယ်ဝန်း၊ အင်းလဲသာမော၊ တောလည်းညိုညို၊ စိုစိုတင့်နှိုင်း၊ ကိုင်းလည်းသာခေါင်၊ တောင်လည်းမြင့်တုံ၊ မြင့်မိုရ်ဘုံသို့၊ ဝန်းရုံဇရာ၊ ဂန္ဓမာနှင့်၊ ဝေဘာဝေပူ၊ ရွှေဂူနှုန်းဆ၊ မြင့်မိုရ်ရသည်၊ ငြိမ့်မျှပြိုးပြောင်၊ လေးလုံးတောင်လည်း၊ လိုဏ်ချောင်မုတ်ယွန်း၊ တွေ့လည်းဆန်းသား၊ မျက်မှန်းထင်ထင်၊ သို့ကြောင်းအင်ကို၊ ဝမ်းတွင်စေ့စေ့၊ ကြံအောက်မေ့သော်၊ ဝိုက်ဝေ့သည့်နှယ်၊ လွမ်းမပြယ်တည့် . . . "

အသစ်တွေ့ရသော တစ်ပါးမြေ၏အရိုင်းကို ဤသို့ညည်း၏။

"ပြိုက်သွယ်ညွတ်ခေါက်၊ စုန်ခဲ့ရောက်လျှင်၊ တစ်လျှောက်မြစ်ခွင်၊ ကုန်းခင်ရိုက်ဆင်း၊ ခြေခင်းမသာ၊ ပယ်ညာလိမ်ရစ်၊ ကောက်တကျစ်နှင့်၊ ကျစ်လစ်မရှိ၊ အငြိငြိလျက်၊ မျက်စိသီထွေ၊ မိန်းမူးဝေမျှ၊ တောခြေမိုက်မည်း၊ ကြောက်ဖွယ်ချည်းတိ၊ ဆည်းဆည်းညည်းညည်း၊ လူသံတိတ်ဆိတ်၊ တိတ်တိတ်ပွေပွေ၊ လေတဟုန်းဟုန်း၊ တမှုန်းမှုန်းနှင့်၊ ခြုန်းခြုန်းသိမ့်သိမ့်၊ ငြိမ့်ငြိမ့်သံတင်၊ တွေ့ရမြင်သည်၊ ကြောင်းအင်ထွေတလာတည့်လေး။ ။ ဖြစ်မြဲမမှတာတည့်လေး . . . "

ခြောက်ပြားမတန်သူ ကျွန်တော်မျိုး . . . နာမည်သာမြတ်ပြီး အခြားဘာမျှမမြတ်သည့် ရန်ကုန်ရောက် မောင်မြတ်ဆွေအတွက်ကား ဇာတိမြေမှခွာရစဉ် ပညာလေးကလည်း ငါးမူးပဲတင်းမို့ ဘာတမ်းချင်းကိုမှ မဆိုမိပါ။

ကိုယ့်မျက်ရည်ကိုယ် တိတ်တိတ်လေးဝဲ၍ ကိုယ့်ရင်ထဲသာကိုယ် တီးတိုးငိုရသည်။

အကယ်၍ ဟံသာဝတီရောက်မင်းတရားကဲ့သို့ (မနှိုင်းကောင်းနှိုင်းကောင်း) ကျွန်တော်သာ စာဆိုတတ်၍ တမ်းချင်းဖွဲ့ရမည်ဆိုပါကလည်း ပြောင်းပြန်ဖွဲ့ရမည်ထင်ပါ၏။

ကျွန်တော့်ဇာတိမြေ ခေတ္တရာပြည်မြို့ပျက်ကြီးကား . . . မဟာမိတ်လေယာဉ်တို့၏ ဗုံးဒဏ်အောက်တွင် . . . "တောခြေမိုက်မည်း၊ ကြောက်ဖွယ်ချည်းတိ . . . "

ရန်ကုန် . . .။ ဂျပန်ခေတ် မြို့တော်ရန်ကုန်ကား ကျွန်တော့်မျက်စိထဲတွင် စည်လိုက်ပါသည့် အမျိုး . . .။

ကြည့်မြင်တိုင်ဈေးကလေးဆိုလျှင် အမည်ကသာဈေးကလေး။ အဟုတ်က ဈေးကြီး။ မူလ အုတ်တိုက်အဆောက်အဦးကလည်း မပျက်မစီး၊ ပကတိအတိုင်း ပတ်ပတ်လည်တွင်လည်း တဲတန်းဆိုင်ခန်းတို့က ဘုရားပွဲဈေးခင်းထက် ဟိန်းသည်။ စည်သည်။

ဈေးလေး၏ အနီးကပ်လျက်ရှိနေသော ကြိတ်တန်းမှ မြောက်ဖက် နတ်စင်လမ်းအထိ လမ်းတိုင်းတွင် ပွဲရုံတွေရှိသည်။ တဖန် ဈေးလေးမှ တောင်ဖက်လားသော် ဗားကရာလမ်းအထိ ပွဲရုံချည်း . . .။ ဈေးလေးမှ ဓာတ်ရထားလမ်းဟောင်းအတိုင်း အရှေ့ကိုသွား၊ တောင်ကိုကွေ့၊ ဗားကရာလမ်းအတိုင်း အရှေ့ပြန်ချိုး၊ တည့်တည့်ဆက်သွား . . . ရွှေတိဂုံစေတီ ခြေတော်ရင်းအထိ ဆက်သွား . . . တစ်လမ်းလုံး ပွဲရုံ၊ ဈေးဆိုင်၊ စားသောက်ဆိုင်၊ နို့အေးဆိုင်၊ ဖာလူဒါ . . . အိုက်စကလင်ဆိုင်၊ ဖိနပ်ဆိုင်၊ အရက်ဆိုင်၊ ဘိုင်စကယ်ပြင်ဆိုင်၊ ဟိုတယ်ဆိုင် . . . စုံလည်းစုံ၊ စည်လည်းစည်၊ မြိုင်လည်းမြိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင်ဘက် စည်သည်ကား ဗဟန်းဘက်က အိပ်နေသလောက် ရှိမည်။

လွင်လွင်၊ ကန်တော်မိတ်၊ မြိုင်စသော ပြဇာတ်ရုံကြီးများက ဗဟန်းတစ်ဝိုက်တွင်ရှိသည်။ ပြဇာတ်တွေကလည်း တစ်နေ့တစ်ပွဲ (ညပွဲမရှိ) နေ့တိုင်းရှိပြီး လတိုင်းလဲသည်။ ရေးယခင်က ပိတ်ကားပေါ်တွင် အပြားလိုက်သာမြင်ဖူးသော မေမေဝင်း၊ ခင်ခင်တင့်၊ ကျော်အေး . . . စသည်တို့ကို ပြဇာတ်ခုံပေါ်တွင် အကောင်လိုက် အရှင်လတ်လတ် မြင်နိုင်သည်။

ရွှေတိဂုံခြေတော်ရင်း၌ စည်ချင်တိုင်းစည်နေသည်ကို တွေ့ရသောအခါ ဆံတော်ရှင်ချင်းတူလျက် . . . မြို့ပျက်ကိုသာ အသုဘ ကမ္ဘဋ္ဌာန်းရှု စီးဖြန်းနေရသည့် မြသိတင်ဘွဲ့တော်ရှိ ပြည်ရွှေဆံတော်စေတီမြတ်ကို လွမ်းဆွတ်သတိရမိ၏။

ဩော် . . .။ ကိုယ့်ဒေသကိုယ် မြတ်နိုးတော့ . . . ကိုယ်ရှိခိုးနေကျ ကိုယ့်ဘုရားကိုလည်း . . . ကိုယ်သံယောဇဉ်အကြီးသား . . .။

ပြီးတော့ . . . ထားတစ်ယောက်အတွက် "လွမ်းဆွတ်ချစ်ပန်း၊ ညိုးမမြန်းသည်၊ ရုံဝန်းနေသာစွတကား . . . "ဟု ညည်းရရန် ကြုံလာသည့် လုကြေးမျှင် စိန်မှုန်နှစ်ကို ဘုန်းချစ်ရနည်းသည့် ဇာတ်လမ်း စရာမှာလည်း ပြည်ရွှေဆံတော်ရိပ် မြစ်မင်းဧရာ ရေနံ့သာဦး။

ဒီရေနောက်၌ ဒေါပုံလှိုင်းထန်သည့် ဒဂုံကျွန်းရောက်မှ နတ်သျှင်နောင်၏ ရတုကလေးများနှင့် ကျွန်တော်ခေတ္တဝေးရသည်။ အကြောင်းမှာ ဟိုတစ်ညက ထွက်လာပြီးနောက် အိမ်ကို တစ်ခေါက်ပင် မပြန်သောကြောင့် ကျွန်တော့်ကဗျာစာအုပ်လေးများ ပြည်မှာ ကျန်ရစ်သည်။ အဝတ်တစ်ထည် ကိုယ်တစ်ခု . . . တယောတစ်လက်။ ရန်ကုန်သို့ သည်မျှသာပါခဲ့သည်။

ကိုကံလှနှင့် ကျွန်တော်တို့သည် မူလအစီအစဉ်အတိုင်း မြင်းလှည်းမောင်းစားကြသည်။

ဂျပန်ငွေ တန်ဖိုးမရှိတော့သည်ကို အကွက်မြင်သော ကိုကံလှက ကြိုက်ဈေးပေး၍ ဝယ်နိုင်သောကြောင့် မြင်းကောင်းကောင်း နှစ်ကောင် ရသည်။ တစ်ကောင်က အထီး၊ မြင်းညို။ သူ့ကိုတော့ ညိုပြာပင် ရိုးရိုးတန်းတန်းခေါ်သည်။ တစ်ကောင်က အမ၊ အရောင် ကဖြူပြီး ကိုယ်လေးကကြော့နေ၏။ သူ့ကိုတော့ ကျွန်တော်က စိတ်ကူးတည့်ရာ ဓာတုကလျာဟု မှည့်ထားသည်။ အပ်မအပ်၊ ရာမရာ တော့ မစဉ်းစားတတ်သေး . . .။

မြင်းနှစ်ကောင်ကို နံနက်ပိုင်း၊ ညနေပိုင်းခွဲပြီး အလှည့်ကျဆွဲစေသည်။ ညိုကြ နံနက်ပိုင်း၊ ဓာတုကလျာက ညနေပိုင်း။ ပြေး ဆွဲသောခရီးက ကြည့်မြင်တိုင် ဈေးကလေးဂိတ်မှ ရွှေတိဂုံအရှေ့ဘက် ခြေတော်ရင်း ဗဟန်းဂိတ်အထိ . . .။

ကျွန်တော်တို့နေသော တဲကလေးကလည်း သပ်သပ်ရပ်ရပ်နှင့် လှပသည်။

သံတံတားလမ်းနှင့် တရုတ်ကျောင်းလမ်းကို ဖြတ်ကူးထားသည့် လမ်းတိုကလေးရှိသည်။ ယင်းလမ်းတိုကလေးနှင့် တရုတ် ကျောင်းလမ်းဆုံသည့်ထောင့်၌ ပေအစိတ် ပေလေးဆယ်ကျယ်သော ကွက်လပ်ကလေးရှိ၏။ မူလကတော့ အိမ်ရှိခဲ့ဖူးဟန်တူသည်။ ယခု တော့ ကွက်လပ်။ ယင်းကွက်လပ်တွင် ကိုကံလှက တဲဆောက်ထားခြင်း ဖြစ်၏။

လူနေရန် သုံးပင်နှစ်ခန်း၊ အဆောက်အဦးပိုင်းကမူ ဝါးထရံကာ၊ ဝါးခင်း။ တိုင်တို့ကမူ အင်းသားသုံး . . . နှစ်။ အနောက် ဖက်အဖီနှင့် မြောက်ဖက်(အိမ်မျက်နှာစာ)အဖီတို့ကတော့ ဝါးတိုင်ထောက်။ အားလုံး၏အမိုးကတော့ ကျွန်တော် ရေးဦးစွာမြင်ဖူးသော ဓနိဖက်မိုး၊ အနောက်ဖက်အဖီမှာတော့ မြင်းထားသည်။ အိမ်ရှေ့အဖီ၏တစ်ခြမ်းကတော့ ဝါးကွပ်ပျစ်။ ထမင်းစားရန်နှင့် အပန်းဖြေလှဲ လျောင်းရန်။ ကျန်တစ်ခြမ်းကတော့ မြေကြီးအတိုင်း။ အုတ်ခဲကို ခနောက်လုပ်သုံးထားသော မီးဖိုနှစ်ခုရှိသည်။

ကွက်လပ်နှင့်စာလျှင် တဲက သေးသောကြောင့် မြေနေရာကျယ်ကျယ်လွင့်လွင့် ရှိသေးသည်။ ခြံစည်းရိုးအဖြစ် ဗိုလ်ကတော် မျက်ခုံး ပန်းပင်တန်း မပျက်တပျက်ရှိသည်။ ခြံဝင်းအတွင်း၌ တရုတ်စကားပင် နှစ်ပင်နှင့် မာလကာပင်ပျိုတစ်ပင် ရှိ၏။

အနီးအပါးတွင် အိမ်များများမရှိ။ မီးရထားလမ်းနှင့်ကပ်နေ၍ ဖုံးရန်လည်း ကြောက်ရ၊ မီးရထားလမ်း၏ အရှေ့ဘက်ပိုင်းတွင် အရောင်းအဝယ်လည်း မရှိသောကြောင့် ကွက်လပ်တို့၌ မည်သူမျှ အိမ်ပြန်မဆောက်သေး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ အိမ်ကလေးတွင် ကိုကံလှနှင့် ကျွန်တော်အပြင် ကိုကံလှ၏အသိ ဦးသာမြိုင်ဆိုသူလည်း နေ၏။ ဦးသာမြိုင်က အင်္ဂလိပ်ခေတ်တွင် စာတိုက်စာရေး လုပ်သည်ဆို၏။ ယခုတော့ ကြိတ်တန်းမှ ဦးထွန်း၊ ဒေါ်အမာ ပွဲရုံတွင် ပွဲရုံစာရေးလည်း လုပ်သည်၊ ရှယ်ယာလည်း ပါသည်ဆို၏။ မိန်းမနှင့် သမီးပျိုကို လှိုင်မြစ်တစ်ဖက်ကမ်းရှိ ထိန်ကုန်းရွာတွင် ယောက္ခမများနှင့်ထားပြီး သူက တော့ ကျွန်တော်တို့နှင့် လာနေ၏။

ထိုခေတ်က သားဈေးငါးဈေးကြီးသဖြင့် ရန်ကုန်သူရန်ကုန်သားများမှာ အပေါဆုံး ဝက်သားကိုသာ ဟဲနေကြရသည်။ ဆီလည်းရှားသောကြောင့် ဝက်ဆီကိုသာ သုံးကြသည်။ အဝတ်ရှားသောကြောင့် သန်းကြီးမတွယ်သူတွေလည်း များ၏။ ထိုအကြောင်းတွေကြောင့် ဝဲစွဲသူပေါသည်။

ကျွန်တော့်၌ အဝတ်အစား ပါမလာသော်လည်း ပြည်ကအဆင်းတွင် ဖျဥ်ကြမ်းလုံချည်များ ပါလာသောကြောင့် မပူရ။ ဖျဥ်ကြမ်းပုဆိုး၊ ဖျဥ်ကြမ်းရှပ်အင်္ကျီ ထည်လဲဝတ်စရာရှိသည်။ ဦးသာမြိုင်ထံမှ ကိုကံလှက အိမ်လခမယူသောကြောင့် ဦးသာမြိုင်က ပွဲရုံမှ ပဲဆီ၊ ငံပြာရည်၊ ကြက်သွန်နီ၊ ငရုတ်သီး၊ လက်ဖက်ခြောက် စသည်တို့ ယူယူလာသည်။ တစ်ပတ်တစ်ခါမျှ သူ့မိန်းမကလည်း ထိန်ကုန်းမှ ငါး၊ ပုဇွန် စသည် ပို့ပေးသေး၏။ ထို့ကြောင့် ကျွန်တော်တို့ ဝဲမစွဲ။

နံနက်စောစောဆိုလျှင် ကျွန်တော်က ကြက်သွန်နီ အကွင်းလိုက် များများလှီးထည့်ပြီး နနွင်းဝါဝါနှင့် ထမင်းကြော်သည်။ ငံပြာရည်လေးလေး . . . လေးထည့်သည်။ ကွပ်ပျစ်ပေါ်တွင် ခြေတံတိုစားပွဲဝိုင်းခင်းပြီး လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် စားကြသောက်ကြ၏။ ပြီးလျှင် ဦးသာမြိုင်က ပွဲရုံသွားသည်။ ကိုကံလှက ညီဖိုကပြီး မြင်းလှည်းမောင်းကြ၏။ အိမ်တွင် ဓာတုကလျာနှင့် ကျွန်တော်သာ စပွယ်ကျန်ရစ်၏။

နံနက်စာချက်ပြုတ်၊ မြင်းစာနယ်၊ ရထားလမ်းဘေး မြက်ခင်းများတွင် ဓာတုကလျာကို လိုက်လှန်၊ မနီးမဝေးရေတိုင်မှ ရေသယ်။ ကျွန်တော့်အလုပ်မှာ ဤမျှသာရှိသည်။ နေ့လည်တစ်ခေါက် မြင်းသိမ်းပြန်လာလျှင် ကိုကံလှက မြက်၊ ရိုးပြတ်စင်း၊ ဖွဲနု၊ ပဲခြမ်းစသော မြင်းစာကို ဂုံနီအိတ်နှင့် ထည့်ဝယ်လာ၏။ နံနက်စာစားပြီး နေ့လည်ခေတ္တနား၍ ညနေပိုင်းတွင် ကိုကံလှသည် ဓာတုကလျာနှင့် တစ်ချီတွဲ၍ ထွက်ပြန်သည်။

ညနေပိုင်း ဦးသာမြိုင်ပြန်လာလျှင် ကျွန်တော်က အိမ်ကို ဦးသာမြိုင်နှင့် အပ်ခဲ့ပြီး စမ်းချောင်းလက်ပြတိုင်က သွားစောင့်သည်။ ကိုကံလှ မြင်းလှည်းမောင်းလာလျှင် တက်လိုက်၏။ နောက်ဆုံးအခေါက်တွင် ဈေးလေးမှ စမ်းချောင်းဂိတ်အထိသာ လူတင်၏။ ပြီးတော့ . . . ကိုကံလှက ကျွန်တော့်ကို မြင်းလှည်းမောင်းသင်ပေးသည်။

ညီဖိုက အကိုင်ရခက်၏။ ဓာတုကလျာကတော့ မနောကောင်းသည်။ သူ့ခမျာ အားနွဲ့သူ မြင်းမသားမို့ ကြာပွတ်အတို့ကို မခံချင်ရှာ။ 'ငှ့ံ' ခနဲ နှာသံပြုပြီး ပါးချပ်ကြိုးကိုသာ လှုပ်လိုက်။ ဓာတုကလျာသည် ဣန္ဒြေကိုမှ မငဲ့တော့ပဲ သွက်သွက်လေးပြေးသည်။

မြေနီကုန်းမှသည် ပြည်လမ်းကုန်းတက်ဆီ။ သည်ကမှ မဟာမြိုင်လမ်း . . .။ မဟာမြိုင်လမ်းက ကုန်းအဆင်းမို့ ဓာတုကလျာ မပင်ပန်း။ အိမ်အပြန်မို့ မျှော်နေရှာသူ နတ်သျှင်နောင် ညီဖိုကိုပင် စိတ်မှာတမ်းသလောမသိ . . .။ မဓာတု ခြေလှမ်းပိုသွက်တတ်သည်။

နေမဝင့်တဝင် သည်အချိန်မျိုးဝယ် . . . ဆောင်းလေလေးကလည်း မစို့မပို့တိုးတော့ ကျွန်တော့်မှာ စည်းစိမ်ကြီးပါဘိအမျိုး . . .။ စာ၌ဖတ်ဖူးသော ဆီဒင်ကားနှင့် ကန်တော်ကြီးပတ် လေညင်းခံရသည်နှယ်မျိုး . . .။

ကျွန်တော်တို့၏ တစ်နေ့တာဖိမ်ခံချိန်အစစ်မှာ ညချမ်းကာလ။ အထူးသဖြင့် လကလေးကသာမှဖြင့်လျှင် လက်ဖက်ရည်ကြမ်းနှင့် ပဲကြီးလှော်သုပ်လွေးကြရင်း ကျွန်တော်က တယောထိုးသည်။ ဦးသာမြိုင်က ဆေးပြင်းလိပ်ခဲလျက် . . . ကိုကံလှက ဖင်ထိအောင်ကောင်းသည်ဆိုသော မစိန်ညွန့်ဖွာလျက် . . . ဂီတ၌ မှိန်းသည်။ ညီဖိုနှင့် ဓာတုကလျာတို့၏ နှာမှုတ်သံနှင့် ခွာပေါက်သံတို့က တစ်ချီတစ်ချီတွင် စည်းလိုက်လေ၏သို့ . . .။

နိပါတ်တော်၌လာသော ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးကဲ့သို့ ကျွန်တော်တို့သုံးယောက်မှာ ချမ်းသာစွာနေကြပါ၏ . . .။

ပြန်လှန်တွေးလျှင် သည်အချိန်ကလေးသည် ကျွန်တော့်ဘဝတွင် အသာယာဆုံး။ စိတ်အချမ်းသာဆုံး . . .။

www.burmeseclassic.com

www.burmeseclassic.com



* * *

အများသိကြပြီးသည့်အတိုင်း ထိုနှစ်နွေဦး မတ်လအတွင်း၌ သမိုင်းပြောင်းမြောက်သော ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ဖြစ်ပွားသည်။

တချို့သူတွေလိုတော့ ဖြီးဖြန်းမကြွားလိုပါ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးအတွင်း ကျွန်တော် ဘာမျှ တိုင်းပြည်အတွက် မလုပ်ခဲ့ဖူးပါ။ အဲ . . . ကြံကြံဖန်ဖန် ဝင်အသားယူရမည်ဆိုလျှင်တော့ မြေနီကုန်းအချက်ပြဆက်သွယ်ရေးတပ်မှ အရာခံဗိုလ် ဗိုလ်ကျော်ညွန့်တို့ ဘာထည့်ထားမှန်းမသိသော သေတ္တာနှစ်လုံးကို ဝှက်ထားရန် ကြိတ်တန်းမှ ဦးထွန်း၊ ဒေါ်အမာ ပွဲရုံသို့ ပို့ပေးဖူးသည်။ လှိုင်မြစ်တစ်ဖက်ကမ်းရှိ ခလောက်ခြိုက်၊ မငေး၊ ထိန်ကုန်း၊ အလယ်ရွာတို့၌ တာဝန်ယူသည့် ကျွန်တော်တို့သိသော ဗိုလ်နှင့်ရဲဘော်များ ရုပ်ဖျက်၍ ရန်ကုန်ဘက်ကူးလာလျှင် အခကြေးငွေမယူပဲ သူတို့သွားလိုရာ မြင်းလှည်းနှင့် မောင်းပို့ပေးဖူးသည် . . .။ ဤမျှသာ . . .။

တကယ်တော့လည်း ရန်ကုန်မြို့၌ ဂျပန်တော်လှန်ရေး ဘာမျှ ကြီးကြီးကျယ်ကျယ်မဖြစ်၊ တိုက်ရ . . . ခိုက်ရ . . . သေရ . . . စွန့်ရကြသည်က နယ်တွေမှာသာ . . .။ ရန်ကုန်နှင့် မြစ်သာခြားသည့် နယ်တွေမှာသာ . . .။

ရန်ကုန်မြို့နှင့်တစ်ဝိုက်ကိုတော့ အင်္ဂလိပ်က ဗုံးဖိကြသည်။

နေ့ခင်းကြောင်တောင်၌ပင် လေယာဉ်ပျံတွေသည် အုပ်လိုက်လာကြသည်။ ငွေရောင်တလက်လက်နေသော တိုက်လေယာဉ်ပျံတွေသည် ဗျိုင်းများပမာ အုပ်စုဖွဲ့၍ နိမ့်နိမ့်လေးပျံသည်။

သူတို့ဗုံးကြသည်မှာ မင်္ဂလာဒုံ၊ ပြည်လမ်း၊ မြို့တွင်းကမ်းနားဆိပ်တို့အပေါ် ဖြစ်သည်။

ကျွန်တော်တို့နေရာနှင့် နီးနီးကပ်၍ တစ်ကြိမ်သာ အကြံခဲရသည်။

ကြည့်မြင်တိုင် ဌာဏာလမ်းနှင့် နတ်စင်လမ်းတစ်ဝိုက် ရပ်ကွက်။ နတ်စင်လမ်းနှင့် တည့်တည့်ရှိ မီးရထားလမ်း။

ဌာဏာလမ်း၊ နတ်စင်လမ်း စသည်တို့ မီးဟုန်းဟုန်းတောက်လောင်သည်။ အရပ်သားများ သေကြေဒဏ်ရာရသည်။ သံလမ်းပေါ်တွင် ပြေးလျက်ရှိသော မီးရထားတစ်စီးကိုမှန်၍ တွဲတို့ ချော်ကျကုန်၏။ မီးရထားခေါင်းတွဲကြီးသည် မြေပေါ်၌ တုံးလုံးကျသည်။ ဇရာမခေါင်းတွဲ မည်းမည်းကြီးတစ်ခု ရေနွေးငွေ့များ ပန်းထွက်လျက်သားနှင့် မဟာပထဝီမြေကြီးပေါ်တွင် လကျာ်နံတောင်းနှင့် စောင်းလျက်အိပ်နေသည်ကို သည်တစ်ခါသာ မြင်ဖူး၏။ဧပြီလကုန်ခါနီးတွင် ရန်ကုန်မြို့ကို မျိုးချစ်မြန်မာ့တပ်မတော်က သိမ်းပိုက်လိုက်သည်။

တော်လှန်ရေးတပ်မတော်သားအများသည် မြို့ပေါ်၌ ပြောင်ပြောင်တင်းတင်း သွားလာနေကြပြီ။

မေလ (၁) ရက်နေ့တွင် ရန်ကုန်မြစ် တစ်ဖက်တစ်ချက်ကို ဗုံးအကြီးအကျယ်ကြသည်။ ထို့နောက် သံလျက်စွန်းပေါ်သို့ လေထီးတပ်သားများ ဆင်းကြ၏

မေလ (၂) ရက်နေ့တွင် ပင်လယ်ဝမှ ဗြိတိသျှတပ်များ အလုံးအရင်းနှင့် ဝင်လာကြ၏။ နောင်မှ လေ့လာ၍ သိရသည်မှာ ဗိုလ်ချုပ်ချန်ဗားစ် ဦးစီးသော အမှတ် ၂၆ ဒီဗီဇံတပ်မကြီး ဖြစ်သည်ဆို၏။ ပင်လယ်ဝ၌လည်း ဗြိတိသျှနှင့် ပြင်သစ် ဇရာမ စစ်သင်္ဘောကြီးနှစ်စီး ခေါင်းဆောင်သည့် လေယာဉ်တင်သင်္ဘောများ၊ ကရူဇာတိုက်သင်္ဘောများ၊ ဒက်စထရွိုင်းရား ဖျက်သင်္ဘောများ အများအပြား ပါဝင်သည့် သင်္ဘောတပ်ကြီးသည် လိုအပ်ပါက ရန်ကုန်တစ်မြို့လုံးကို စိစိညက်ညက်ကြေသည်အထိ ဖျက်ဆီးနိုင်သော လက်နက်ကြီးများနှင့် ရောက်နေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ကြီးကို မျိုးချစ်မြန်မာ့တပ်မတော်က သိမ်းပြီးကြောင်း ရွှေတိဂုံကုန်းတော်ပေါ်မှ ကမ္ဘာသို့ အသံလွှင့်ချက်သည် ပေါ်ထွက်လာပြီးပြီ။

မေလ (၃) ရက်နေ့ ညနေပိုင်း၌ကား မြစ်ကိုကူးပြီး ဗြိတိသျှတပ်များ ရန်ကုန်ဝင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကိုသိမ်းသော အမှတ် (၂၆) ဒီဗီဇတပ်မကြီးမှတပ်များနှင့် မြန်မာပြည်မြောက်ပိုင်းမှ ဒရကြမ်းတိုက်ဆင်းလာသော ဗြိတိသျှ (၁၄) နံပါတ် တပ်မတော်ကြီး၏ အမှတ် (၁၇) ဒီဗီဇတပ်မကြီးမှတပ်တို့ ရန်ကုန်–မန္တလေးလမ်းပေါ်ရှိ လှည်းကူးချောင်း၌ မေလ (၄) ရက်နေ့တွင် ဆုံမိကြသည် ဆိုသတည်း။

မေလ (၄) ရက်နေ့ ညနေတွင် ကျွန်တော်နှင့် ကိုကံလှသည် ကြည့်မြင်တိုင် ကျောက်တံတားဆိပ်မှ ရပ်ကြည့်နေကြသည်။

အလွန် ခေတ်မီသွက်လက်ဟန်ရှိသော မီးခိုးပြာရောင် ဗြိတိသျှစစ်သင်္ဘောကလေးများသည် လှိုင်မြစ်ကိုဆန်တက်ပြီး ကျောက်ချနေရာယူနေကြ၏။

တစ်စီး . . .။ နှစ်စီး . . .။ သုံးစီး . . .။ ဆယ်စီး . . .။

ကိုကံလှက သက်ပြင်းရှိုက်ပြီးမှ မှတ်ချက်ချ၏။

"ဟိုကောင်တွေတော့ သွားပြီ . . . အင်း . . . ဒီကောင်တွေ ပြန်ရောက်လာပြီ . . . "

ကိုကံလှ၏အသံ၌ ဝမ်းသာမှုလည်းမပါ။ ဝမ်းနည်းမှုလည်း မပါ . . .။

ဟုတ်ကဲ့ . . .။ ဗြိတိသျှ (ဝါ) အင်္ဂလိပ်တွေ ပြန်ရောက်လာလို့ ကျွန်တော်တို့က ဘာဝမ်းသာရပါမည်နည်း . . .။ အရိုင်းဆုံး၊ အကြမ်းဆုံး ဖက်ဆစ်ကောင်တွေ မရှုမလှရှုံးပြီကို သိရပြန်တော့လည်း . . . ဝမ်းနည်းစရာက ဘာမျှမရှိ . . .။

ဝမ်းသာနေရှာမည့် တစ်ယောက်သူကိုတော့ ကျွန်တော် ကောင်းစွာ သတိရနေသည်။

အင်္ဂလိပ်တွေ စစ်နိုင်၍ ပြန်ရောက်လာတော့ ထား၏ဒယ်ဒီလည်း ပြန်ရောက်လာတော့မည်။

ပတ်ဝန်းကျင်မှာ မိုးတွေညို့နေ၏။ မိုးဖွဲဖွဲပင် ကျနေသေး၏။

လွန်ခဲ့သောသုံးနှစ် မိုးတွေညို့နေသည့် သည်လိုတစ်ညနေကို ပြန်အောက်မေ့မိသည်။ သည်တုန်းက ထားနှင့်ကျွန်တော်က ပြည်ရွှေဆံတော်ရင်ပြင်ထက်မှာ . . .။

အဲသည်တုန်းက ထား၏တောင်းဆုသည် ယခု ပြည့်ပါလေပြီ . . .။

"ဘုရားတပည့်တော် ထားနှင့် တစ်သက် မကွဲပါရစေနှင့်ဘုရား . . . "

ခြောက်ပြားမှမတန်သော ကျွန်တော်မောင်မြတ်ဆွေ၏ ဤဆုအကောင်းစားကကော . . .။ ပြည့်ပါမည်လော . . . ပြည့်ပါလိမ့်မည်လော . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

ဖြစ်ပြန် . . . ပျက်ပြန် . . . လောကခံ . . .။ သည်သံဝေဂတရားစကားကို ဗုဒ္ဓဘာသာမှန်သမျှ ကလေးဘဝတည်းက စကြားဖူးကြသည်။ ကျွန်တော်လည်း ကြားဖူးပါ၏။

များသောအားဖြင့် သာမန်လူတို့သည် သည်စကားကို ကြေကွဲမှုနှင့် ယှဉ်သုံးကြသည်။ ဆုံးရှုံးမှုကို အစိုးမရသည့်အခါ၊ သည်လိုအခါမျိုးမှာ အကယ်ပင် တရားရ၍ဖြစ်စေ၊ ယာယီစိတ်ကို ဖြေသိမ့်ရန် အလို့ငှာဖြစ်စေ သည်စကားကို သုံးတတ်ကြသည်။

ဖြစ်ပြန် . . . ပျက်ပြန် . . . လောကခံ . . .။

အမှန်က ပျက်ပြန် . . . ပျက်ပြန် . . . လောကခံဟု အပျက်ကိုသာ တစ်ဖက်သတ်ရှု၍ ညည်းကြခြင်းဖြစ်သည်။ အဖြစ်ကိုမူ နောင်တရကြခြင်းမဟုတ်။ အဖြစ်ကိုလည်း ပုထုဇဉ် သတ္တဝါသည် အဘယ်သို့လျှင် နောင်တရနိုင်ပါသနည်း။

ဖြစ်တာကိုမြင်သည်က ဉဒယ ဒဿနဉာဏ်၊ ပျက်တာကိုမြင်သည်က ဝယဒဿနဉာဏ်၊ အဖြစ်အပျက်တို့၏ ဆက်စပ်နေသော သန္တတိသဘောကို ပရမတ်အမြင်နှင့်မြင်သည်ကတော့ ဉဒယဗ္ဗယဉာဏ်။ အနုသာကိလေသာကို စတင်လက်ညှိုးထားပြနိုင်သည့် အရိယာ၏ဉာဏ် . . .။

ကြီးကျယ်လိုက်သည့် ဆင့်ဟဝှာ . . .။ ခွေးပါးစပ်က နတ်စကားထွက်ရက်လေဟု အပြစ်တင်မစောစေလိုပါ။ ဒါတွေက နောက်မှစာဖတ်၍ ကျွန်တော်မောင်မြတ်ဆွေ သိရခြင်းတွေပါ။

၁၉၄၅ ခုနှစ် မိုးဉတုဆီတုန်းကမူ ကျွန်တော့်မှာ သည်မျှ လူအထင်ကြီးအောင် (ဆိုပါတော့) ရွတ်ပြနိုင်လောက်သည့် ပညာဗဟုသုတ မရှိသေးပါ . . .။ ယုံပါ။

သို့ရာတွင် ဗြိတိသျှတွေ ပြန်ဝင်လာချိန် ရန်ကုန်မြို့ကြီးကိုကြည့်ပြီး ဖြစ်ပြန် ပျက်ပြန် လောကခံဟု ကျွန်တော် ရေရွတ်မိသည်မှာ အမှန်ပင်။

ကြည့်ပါ . . .။ မနေ့တစ်နေ့ကပင် ပိုက်ဆံအဖြစ် ရှာဟ၊ သိမ်းဟ၊ ရိုသေဟနှင့် အလေးပြုခြင်းခံရသော ဘုရားနီ၊ ဘေးဖြူထောင်မလဲ၊ သဲကော် နီပွန်ငွေစက္ကူတို့မှာ နေ့ချင်းညချင်းပင် အရှေ့မှ ငွေဟူသော နာမဝိသေသနပျောက်၍ ဒုံရင်းဘဝမှန် စက္ကူဘဝသို့ ချာန်လျှော၏။ သူတို့နေရာကိုတော့ ‘လီဂယ်တင်ဒါအင် ဘားမားအုန်းလီး’ဟု စာတန်းနီ သေးသေးလေးရိုက်ထားပြီး သရဖူဆောင်းလျက် ပြုံးမလိုတည်မလို ရွှေမျက်နှာတော်ရှိအပ်သည့် ဂျော့ဘုရင်မင်းမြတ်ပုံတော်ပါသော အင်္ဂလိပ်ငွေစက္ကူတို့က ယူလိုက်ပြီ . . ။

ကိုက်ကလှတို့ကဲ့သို့ ခေတ်ပျက်ကုန်သည်တို့ ဖုံးကြား စက်သေနတ်ကြားတွင် အညာမှ အဖိုးထိုက်အဖိုးတန်အဖြစ် သွားသယ်လာခဲ့ကြရသော ဖျဉ်ကြမ်းထည်တို့မှာ မျက်နှာငယ် ဝယ်သူမရှိပြီ။ သူတို့နေရာကို ဗြိတိသျှတပ်တို့နှင့်အတူပါလာသည့် ပလေကပ်တို့၊ ပေါ်ပလင်တို့၊ ဇင်တို့က ယူလေပြီ။

ဂျပန်ခေတ်တုန်းက ဂျပန်ဒေါ်လာတစ်ရာကြီးများပင် ပေးရသည့် ကူးဝါး . . . ကူးဝါးနှင့် တန်ခိုးထွားခဲ့သော စီးကရက် မှာလည်း ယခုကုလားမည်းတပ်က ဒရိုင်ဘာသာသောက်သော ကတ်ကြေးတံဆိပ် စီးကရက်လောက်မှ လူမလေးခွေးမခန့်တော့။ ဂွျန် ပလေးယား၊ ပလေးယားမုတ်ဆိတ်၊ ကပ်စတန်နေဗီကဘ်၊ ကရာဗင်အေဘလက်ကတ်၊ စတိတ်အိတ်စ်ပရက်စ်သရီးစ်သရီးစ်၊ သရီးဖိုက်စ်၊

www.burmeseclassic.com



သရီးနိုင်းစ်၊ ဂိုးဖလိတ်၊ ချက်ပ်မင်း၊ ချက်စတာဖီးလ်၊ ကင်းမဲလ်၊ လက်ကီးစထရိုက်စသော စီးကရက်အကောင်းစားတို့ကို ဘယ်လမ်းထောင့်မဆို ဝယ်သောက်၍ ရပြီ။

ဝက်ခေါက်ကိုက်ပြီး ဝက်ဆီသာဟဲနေကြရသည့်ဘဝမှ အမဲသားဖူး၊ သိုးသားဖူး၊ ဘေကွန်၊ ဟင်မ်၊ ထောပတ်၊ ချိစ်၊ လိမ္မော်ယို၊ စထရော်ဘယ်ရီယို၊ ပေါင်မုန့်၊ ဘီစကွတ်၊ လိုင်းမွှန်းခရင်းမ်၊ ခရင်းမ်ပတ်ဖ်၊ ဂိုးဒင်းပတ်ဖ် . . . ဤသည်တို့ကို အုပ်ကြ၊ စားကြ။

သန်းကြီးမ ကိုက်၍ ပြည်လေးတွေဝင်းဝင်းဝါဝါ၊ အသားနီလေးတွေမရဲတရဲနှင့် ဝဲစွဲနေသော ခန္ဓာကိုယ်အတ္တဘောတို့ကိုကား ကာဘိုလစ်၊ ပါမိုလစ်၊ လက်(စ်)၊ ဗင်နိုလီယာ၊ ပဲယားစ် စသော ဆပ်ပြာကောင်း၊ ဆပ်ပြာမွှေးတို့နှင့် တိုက်ချွတ်သုတ်သင် ရေချိုးသဘင် ဆင်ယင်ရ၏။

စစ်မဖြစ်မီခေတ်ကို ကလေးဘဝအဖြစ်နှင့် ဝိုးဝိုးဝါးဝါးသာမှတ်မိသော ကျွန်တော်တို့အရွယ်များမှာ ပစ္စည်းထူး၊ ပစ္စည်းဆန်း၊ အစားကောင်း၊ အသောက်ကောင်း၊ အဝတ်ကောင်း၊ အဆင်ကောင်းတို့ ပေါလာ၊ များလာ၊ ရောက်လာကြသည်ကို တအံ့တဩ ဖြစ်ကြရပါ၏။

ယင်းကဲ့သို့ နေ့ချင်းညချင်း အပြောင်းအလဲတွေမြန်လှသည့် ဖြစ်ပြန် . . . ပျက်ပြန် . . . လောကဓံ အခါကြီးတွင် အပျက်ဒဏ်ကို တောမှလူတို့က လိုမ့်ခံရပြီး အဖြစ်နှင့်ဟန်ပြီး စံကြသူများကတော့ ကမ္ဘာ့နိယာမ ထုံးတန်းစဉ်လာအတိုင်း မြို့မှလူတွေ . . .။ အထူးသဖြင့် ရန်ကုန်ရွှေမြို့တော်မှလူတွေ။

အစပထမတွင် အင်္ဂလိပ်ငွေတစ်ကျပ်ကို ဂျပန်ငွေတစ်ရာနှင့် အလဲအလှယ်ဖြစ်သည်။ နောက်မကြာမီ တစ်ကျပ်နှင့် တစ်ထောင်၊ နောက် ဘာမျှထပ်မကြာမီ တစ်ကျပ်နှင့် နှစ်ထောင်။ နောက်ဆုံးတော့ ဂျပန်ငွေကို ဘယ်သူမှ မြို့ပေါ်တွင် လက်မခံတော့။

မြို့ပေါ်မှ ကုန်သည်ပွဲစားတွေက ဂျပန်ငွေတွေကို ဂုံနီအိတ်နှင့်ထည့်ကာ တောတက်ပြီး ရရာကုန်ဝယ်သည်။ မသိနားမလည်သူ တောသားများက ဈေးကောင်းရသည်ထင်ကာ ရှိသမျှ အကုန်ထုတ်ရောင်းကြ၏။ ခံကြလေရော့ . . .။

ကြည့်မြင်တိုင်ဈေးလေးကဲ့သို့ အရောင်းအဝယ်ကောင်းသော နေရာမျိုးတို့တွင် "ရောင်းတယ် . . . ဝယ်တယ် . . . " ဆရာများ ပေါ်လာ၏။ ဂျပန်ငွေစက္ကူကို ဈေးမဆန့်ရင်ကန် နှိမ့်ပြီး ဝယ်သည်။ အင်္ဂလိပ်ငွေစက္ကူကို ဈေးမတန်တဆမြှင့်ပြီး ဂျပန်ငွေနှင့်ရောင်းသည်။ ငွေစက္ကူအရောင်းအဝယ်လုပ်စားသည်ကို တစ်သက်နှင့်တစ်ကိုယ် ဤအကြိမ်သာ မြင်ဖူး၏။ မြို့နေလူတန်းစားတို့လက်မှ ဂျပန်ငွေစက္ကူများသည် "ရောင်းတယ် . . . ဝယ်တယ် . . . " ဆရာများလက်မှတစ်ဆင့် ကုန်သည်ပွဲစား၊ ကုန်သည်ပွဲစားလက်မှတစ်ဆင့် တောနေလူတန်းစား။ ကျသမျှမစင် ပုဇွန်ဆိတ်ခေါင်းသို့ချည်း . . .။

အများမြို့နေလူတန်းစားများနည်းတူ ကိုကံလှနှင့် ကျွန်တော်တို့လည်း လောကဓံတရား၏ ငါးဆယ်ရာခိုင်နှုန်းအပိုင်း ဖြစ်ပြန် ဖြစ်ပြန်ကဏ္ဍ၌ ပွဲတော်ကြီးတိုးလိုက်ကြသေး၏။

ကိုကံလှ၌ စီးပွားရေးမျက်စိသည် မွေးကတည်းက ပါလာခဲ့ဟန်တူသည်။ အင်္ဂလိပ်မတက်မီကတည်းက ဂျပန်ငွေတန်ဖိုးမဲ့မည်ကို ကြိုတင်သိထားသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်တက်ချိန်တွင် လှည်းတစ်စီး၊ မြင်းနှစ်ကောင်နှင့် သူ့လက်ထဲတွင် ဂျပန်ငွေ များများစားစားမရှိတော့။

အင်္ဂလိပ်အတက်တွင် လှည်းတစ်စီး မြင်းနှစ်ကောင်ကိုရင်း၍ တစ်နည်းဆိုရလျှင် ကျွန်တော့်ကိုပါ ရင်း၍ အင်္ဂလိပ်ငွေရှာ၏။ မြင်းလှည်းမောင်းစားခြင်းဖြင့် မဟုတ်။ မြင်းလှည်းမောင်းစားပါက တစ်နေ့ လွန်စွကျွံစွ တစ်ဆယ်သာရနိုင်သည်။ ကိုကံလှ ဥာဏ် သွားပုံက ဤသို့ . . .။

ကြည့်မြင်တိုင်မြစ်အတွင်း ဆိုက်ထားသည့် စစ်သင်္ဘောကလေးများမှ စသည် . . .။

သင်္ဘောကလေးတွေဆီသို့ သမ္ဗန်နှင့် သွားရ၏။ ကြက်၊ ကြက်ဥ၊ နွားနို့စိမ်းသန့်သန့်ထည့်ပုလင်း၊ နှုတ်ခမ်းမွှေးလှုပ်နေသော ပုဇွန်ထုပ်အရှင်၊ အမဲသားရနိုင်လျှင် ပေါင်သားကောင်းကောင်း . . . ဒါတွေ ယူသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်မှ သင်္ဘောသားက ကြိုးဖြင့် ခြင်းချပေး၏။ ကျွန်တော်တို့က ကျွန်တော်တို့၌ ပါသော ကြက်၊ ကြက်ဥ စသည်တို့ကို ထည့်ပေးလိုက်ရ၏။ နောက်တစ်ကြိမ် ခြင်းပြန်ကျလာလျှင် ကျွန်တော်တို့အတွက် စီးကရက်ဗူး၊ ထောပတ်ဗူး၊ ယိုဗူး စသည် ပါလာ၏။

အစပထမတော့ . . . သူတို့ကလည်း ဘာရရ၊ ကျွန်တော်တို့ကလည်း ဘာရရ။ ဘယ်လောက်ကို ဘယ်လောက်နှုန်း သတ်မှတ်မှုမရှိ။ သို့ရာတွင် တဖြည်းဖြည်းနှင့် သူတို့လည်း လည်လာသည်။ ကျွန်တော်တို့လည်း လည်လာသည်။ သည်အခါ ကုန်စည်ဖလှယ်ရေးဝါဒ စည်းကမ်းကလေးများ၊ အပေးအယူ ဆွေးနွေးမှုကလေးများ ဝင်လာ၏။ ထိုအခါ အင်္ဂလိပ်စကား အသင့်အတင့်ပြောတတ်သော ကျွန်တော်လည်း အလွန်အသုံးဝင်လာ၏။

ကိုကံလှသည် ဦးသာမြိုင်၏အဆက်ဖြင့် ထိန်ကုန်း စသည်ဘက်မှလည်းကောင်း၊ မြင်းလှည်းနှင့် ပြေး၍ အင်းစိန် သို့မဟုတ် သဃ်န်းကျွန်းဘက်မှလည်းကောင်း ကြက်၊ ကြက်ဥ စသည်တို့ လိုသလောက်ရသည်။ ယင်းပစ္စည်းများနှင့် ကျွန်တော့်ကိုတင်ပြီး စစ်သင်္ဘောရှိရာသို့ မြင်းလှည်းနှင့်ပင် လိုက်ချပေး၏။ ကြည့်မြင်တိုင်တွင် မဟုတ်တော့။ သင်္ဘောကြီးကြီးတို့ရှိရာ ရန်ကုန်ဆိပ်ကမ်းအထိ။

ကုန်းတပ်သားများ၊ အထူးသဖြင့် ကုလားစစ်သားများကလည်း သူတို့ရာရှင်တွေ ထုတ်ရောင်းစားပါ၏။ သို့ရာတွင် ကျန်သောအကြံတုံး ဉာဏ်တုံးသမားတွေသာ သူတို့နှင့်ဆက်ဆံ။ ကိုကံလှကတော့ “အိတ်ချ်အင်မ် . . . ရစ်ပ် အုန်းလီး . . . ”

ဗြိတိသျှတို့သည် လူတန်းစားအခွဲ ဝါသနာပါ၏။ ကုန်းတပ်ချင်းတူလျက် ရာရှင်ချင်းမတူ။ ကုလားတွေအတွက်က တစ်စား။ မျက်နှာဖြူတွေအတွက်က တစ်စား။ မျက်နှာဖြူချင်းတူပေမင့် ကုန်းတပ်အတွက် တစ်စား။ ရေတပ်အတွက် တစ်စား။ ရေတပ်ဖြင့် နေမဝင်သော အင်ပါယာကြီး ထောင်ထားသူတွေပီပီ ရေတပ်ကို ပထမတန်း ဦးစားပေးသည်။

ပလေးယားမုတ်ဆိတ် စီးကရက်ဆိုပါစို့ . . .။ ကုန်းတပ်မှရသော စီးကရက်က ရိုးရိုးသာမန်သာ။ ရေတပ်မှရသော စီးကရက်ဆိုလျှင် စီးကရက်ပတ် စက္ကူဖြူပေါ်တွင် “အိတ်ချ်အင်မ် . . . ရစ်ပ် အုန်းလီး . . . ” ဟု စာတန်းပါသည်။ ပလေးယားမုတ်ဆိတ်မှ မဟုတ်။ စစ်သင်္ဘောမှရသော စီးကရက်တိုင်းသည် စာတန်းပါ၏။ သည်စာတန်းပါသော စီးကရက်သည် ပိုရောင်းကောင်းပြီး ပိုဈေးရ၏။

စီးကရက်သာမက အခြားပစ္စည်းများတွင်လည်း သင်္ဘောကရလျှင် ပိုကောင်း၏။ ချိစ်ချင်းလည်းမတူ၊ ထောပတ်ချင်းလည်းမတူ၊ ချောကလက်ချင်းလည်းမတူ၊ ငါးသေတ္တာချင်းပင် မတူ။ ကုန်းတပ်မှ လူတကာစားဖူးသော ဆော်လမွန်ငါးသေတ္တာမျိုးသာရသည်။ ရေတပ်မှမူ တစ်ဗူးလုံးတွင် အတုံးကြီးတစ်တုံးသာ ပါသည့် “တူနားဖစ်ရှ်” ခေါ် ပင်လယ်ငါးအကြီးစား ငါးသေတ္တာရသည်။ ထို့ကြောင့်လည်း ကိုကံလှက “အိတ်ချ်အင်မ် . . . ရစ်ပ် အုန်းလီး . . . ”

ဩဂုတ်လအတွင်း တစ်ညနေချမ်းတွင် အိမ်ရှိ ဝါးကွပ်ပျစ်ထက် ထုံးစံအတိုင်း ကျွန်တော်တို့ စည်းစိမ်ခံနေကြ၏။

သည်တစ်ကြိမ်တွင် အမြည်းက ပဲကြီးလှော်သုတ်မဟုတ်။ ငါးသေတ္တာသုတ်နှင့် ချိစ်ခေါ် ဒိန်ခဲ။ ကျွန်တော်သောက်သည်ကတော့ လက်ဖက်ရည်ကြမ်း။ ကျွန်တော်က အခု အဝယ်တော်အရောင်းတော်ဖြစ်နေသောကြောင့် အိမ်တွင် အိမ်စောင့် မြင်းစောင့်အဖြစ် ဦးသာမြိုင် တောမှခေါ်ခဲ့သော ထွန်းအေးဟုခေါ်သည့် လူငယ်လေးတစ်ယောက် ရှိနေသည်။ ထွန်းအေးကလည်း လက်ဖက်ရည်ကြမ်းပင်သောက်၏။

ဦးသာမြိုင်နှင့် ကိုကံလှကမူ ဘီယာသံဗူး ဖောက်စုပ်နေကြ၏။

ကျွန်တော်လည်း ဘီယာမြည်းကြည့်ဖူး၏။ ခါးသက်သက်အရသာကို ကျွန်တော်က ဘယ်လိုမှမကြိုက်။ ထို့ကြောင့် လက်ဖက်ရည်ကြမ်းသာ သောက်သည်။

ကိုကံလှ အလွန်ကြိုက်၍ မကြာခဏပွဲတောင်းသော ရှင်ရဲထွတ်ခေါ် ဘုရင့်နောင် ဆင်ဖြူရှင်ဘွဲ့ တေးထပ်ကို ကျွန်တော်က တယောနှင့် ဆိုတီးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရွှေထီးနမပျို . . . ရဲလို့ကြာခို . . . ဆင်ဖြူရှင့်စံနှုန်းဆိုလျှင် . . . ကံဘုန်းကို သိဘူးဖျာ့လေး . . . "

ကိုကံလှသည် ဘီယာဗူးကို ချလိုက်ပြီးဆို၏။

"မင်းရွှေထီးနမတော့ မရှိတော့ဘူး . . . ဂျော့ဘုရင့်သမီးအကြီး သွားကြာခိုမှပဲ . . . တောက် . . . အဟီး . . . "

"အမလေး ကိုကံလှရယ် . . . တန်ရာတန်ရာ ကြံစမ်းပါ . . . ကြာခိုချင်းခို နီးရာစပ်ရာ ဓာတုကလျာကိုပဲ ခိုပါတော့ . . . "

"ထွီ . . . ဖိုးမြတ်ဆွေ . . . မောင်ရင်က ကိုယ့်နိမ်လွန်းတယ် . . . ဘယ့်နှယ် ဓာတုကလျာကို ကြာခိုရမယ်တဲ့ . . . ညီကြငါ့ ခွာနဲ့ ပေါက်သတ်မှာပေါ့ . . . အဟဲ . . . ဟဲ . . . "

"နို့ . . . ဘာလို့ ခင်ဗျားက တန်ရာတန်ရာ မပြောလဲ . . . "

"အလကား ရယ်စရာပြောတာပါဗျာ . . . ကိုရင့်တေးထပ်က သိပ်အဓိပ္ပါယ်ရှိတာ . . . ဟုတ်တယ် . . . ယောကျာ်းတစ်ယောက်ရဲ့ ဘုန်းကံဆိုတာ မပြောနိုင်ဘူး . . . ဒီမှာ ဖိုးမြတ်ဆွေ . . . အခု ကိုယ်တို့ ရောင်းတာဝယ်တာ ဘယ်လောက်စုမိပြီ မှတ်သလဲ . . . "

"မသိဘူးလေ . . . "

"နှစ်ထောင်ရှိပြီမောင်ရေ . . . နှစ်ထောင် . . . ကိုရင့်ကို ကိုယ် ကတိပေးထားတယ် မဟုတ်လား . . . တစ်သက်လုံး မြင်းလှည်းမောင်းမစားဘူးလို့ . . . "

"မှန်ပါတယ် မြင်းဖြူမရှင်ရေ . . . "

ကိုကံလှသည် ဦးသာမြိုင်ဘက် လှည့်လိုက်၏။

"ခင်ဗျားကလဲ အလကားဗျာ . . . အစိုးရအလုပ် ပြန်လုပ်တယ်လို့ . . . "

"ဒါကတော့ ကိုကံလှ . . . စစ်ပြေးလစာလိုချင်တာကိုး . . . ခင်ဗျားတို့လဲ ခင်ဗျားတို့ဘာသာ တွက်သားကိုက် . . . ကျွန်တော်လဲ ပထမအရစ်တွက်တောင် ငွေတစ်ထောင်နီးပါး ရတယ် . . . "

ဦးသာမြိုင်သည် ပွဲရုံမှထွက်ပြီး စာတိုက်ဌာနသို့ ပြန်အလုပ်ဝင်နေပြီဖြစ်၏။

"အင်းလေ . . . ဒါတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ . . . "

"ဒါထက် ပြောရဦးမယ် . . . ဒီမြေရှင်တွေက ဒီမှာ အိမ်ပြန်လာဆောက်ချင်ကြပြီ . . . "

ကျွန်တော်တို့ အိမ်ဆောက်ထားသောကွက်လပ်၏ မူလပိုင်ရှင်မှာ ဦးသာမြိုင်၏အသိဖြစ်သည်။ စစ်ရှောင်နေကြရာ ယခု ပြန်လာချင်ကြပြီ။

"အင်းလေ . . . ဒါကတော့ ထုံးစံအတိုင်းပေါ့ ဦးသာမြိုင် . . . "

ဂျပန်ခေတ်တုန်းက ကွက်လပ်တွေအပေါ် သည်ကဲ့သို့ပင် ဝင်တဲထိုးနေကြ၏။ မူလပိုင်ရှင်တို့ ပြန်လာချင်လျှင် အပျောက်ပေးရ၏။ ကိုကံလှပြောသော ထုံးစံ၏အဓိပ္ပါယ်မှာ သည်ဟာပင်ဖြစ်၏။

"ထုံးစံအတိုင်း ဖြစ်ရစေမလေ . . . ဒါပေမယ့် ခင်ဗျားတို့ ဘယ်သွားနေကြမလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့လေ . . . ကျွန်တော် အကွက်မြင်ထားပါတယ် . . . ခရုမှာ အဆံနဲ့ . . . ကံလှမှာလဲ ဥဩနဲ့ . . . နာမည်ကိုက ကံလှတဲ့ခင်ဗျ . . . "

ကိုကံလှသည် ဘီယာသံဖူးအသစ်တစ်လုံးကို ထပ်ဖောက်လိုက်ပြီး ကျွန်တော့်ဘက် လှည့်ဆို၏။

"ဖိုးမြိတ်ဆွေ . . . ကိုရင့်တေးထပ် ထပ်လုပ်ပါဦး . . . "

"လာပြန်ပြီ . . . ခင်ဗျားမလဲ ဒီတေးထပ်ကြီးပဲ . . . "

ကိုကံလှသည် အလွန်သဘောကျဟန် အော်ရယ်၏။

"ကြိုက်လွန်းလို့ပါ ဖိုးမြိတ်ဆွေရာ . . . ဘာတဲ့ . . . ဆင်ဖြူရှင်စံနှန်းဆိုလျှင် . . . ကံဘုန်းကို သိဘူးဖျာလေး . . . အဟဲ . . . ဟဲ . . . လုပ်ကွာ . . . ဖိုးမြိတ်ဆွေ . . . လုပ် . . . "

* * *

ကျွန်တော်သည် အဝယ်တော်ဖြစ်သကဲ့သို့ အရောင်းတော်လည်းဖြစ်ကြောင်း ဆိုခဲ့ပြီ။

စားစရာဖူး စသည်တို့ကိုမူ ဆိုင်တို့၌ သွင်း၏။ စီးကရက်များကိုမူ ကျွန်တော်ကိုယ်တိုင် ရောင်း၏။

ကျွန်တော်ရောင်းသည့်နေရာမှာ လူအစည်ဆုံးဖြစ်သည့် ကြည့်မြင်တိုင်ဈေးကလေး ကျောက်တံတားဆိပ်လမ်းပေါ်မှာ ဖြစ်၏။

ကျွန်တော့်ပခုံးတစ်ဘက်တွင် လွယ်အိတ်တစ်လုံးလွယ်ထားသည်။ လွယ်အိတ်တွင်း၌ စီးကရက်ဗူးမျိုးစုံပါ၏။ လက်နှစ်ဖက်ကမူ နမူနာဗူးများ ကိုင်ထား၏။

ကျွန်တော်ကဲ့သို့ပင် ဘဝတူ ရွယ်တူ အရောင်းသမားကလေးများ အများရှိကြသေး၏။ သူတို့ရောင်းသော ပစ္စည်းများမှာမူ စီးကရက်မဟုတ်ကြ။

ကျွန်တော်တို့နှင့်အတူ ရောင်းဖော်ရောင်းဖက် လူကြီးနှစ်ဦး ရှိကြသေး၏။ သူတို့ရောင်းသော ပစ္စည်းများမှာလည်း စီးကရက် မဟုတ်။

ကတုံးဆံတောက်နှင့် ကိုအုန်းမြင့်က "ရောင်းတယ် . . . ဝယ်တယ် . . . " သမား။

အသားဖြူဖြူ၊ လူရည်သန့်၊ မျက်နှာရှည်ရှည်၊ ခေါင်ကောင်းကောင်းနှင့် အသက်လေးဆယ်ကျော်ခန့် ဦးအုန်းမောင်က "ပွေးဆရာကြီး . . . "။ သူက ပွေးဆေး၊ ဝဲဆေး၊ နှင်းခူဆေး ဖော်ရောင်း၏။

သူတို့နှစ်ဦး ရောင်းကြပုံမှာ သူ့နည်းသူ့ဟန် အဆိုနှင့် အပြောနှင့်။

ယနေ့နံနက်၌ ကိုအုန်းမြင့်က အော်နေပြီ။

"ဟီရိုရှီးမားနဲ့ နာဂါဆကီကို အနုမြူဗုံး ကြဲလိုက်ပြီ . . . အနုမြူဗုံးဆိုတာ ဘာလဲ . . . သိကြသလား . . . မသိဘူး . . . မသိလို့ ကိစ္စမရှိဘူး . . . မသိတာထက် မရှိတာခက် . . . မရှိရင် ပူမနေနဲ့ . . . ရောင်းတယ် . . . ဝယ်တယ် . . . "

လက်တစ်ဖက်က အင်္ဂလိပ်ငွေစက္ကူတွေ၊ တစ်ဖက်က ဂျပန်ငွေစက္ကူအုပ်တွေကိုင်ရင်း ကိုအုန်းမြင့်က ယင်းသို့အော်သည်ကို ဦးအုန်းမောင်ကလည်း အားကျမခံ လိုက်အော်၏။

"စစ်ကြီးပြီးတော့မလား . . . တွေးမနေနဲ့ . . . ငေးမနေနဲ့ . . . ကုတ်မနေနဲ့ . . . ဖဲ့မနေနဲ့ . . . ယားရင်ပြော . . . ပြောတာကြားလား . . . "

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းမောင်ကြီးသည် အလွန်ဆိုး၏။

သည်စဉ်က ပွေးကင်း . . . ဝဲကင်းသူရှား၏။ ပွေး၊ ဝဲဆိုသည်ကလည်း ယားလာလျှင် ခက်၏။ လူရှေ့မရှောင် သူရှေ့မရှောင် ကုတ်ရသည်ချည်း။ ကုတ်နေသူများ အနားကပ်ပြီး လက်တစ်ဖက်က ဝွမ်းစ၊ တစ်ဘက်က ဆေးပုလင်းကိုင်လျက် မျက်နှာရှုတည်တည်နှင့် အော်သော ဦးအုန်းမောင်ကြီး၏ "ပြောတာ ကြားလား . . . "ကြီးသည် အသည်းယားစရာ ကောင်း၏။ကာရံနသေတတ်သော ကျွန်တော်ကလည်း စီးကရက်အော်ရောင်းသည်။

"ပုလိပ်အသွင်စစ် . . . မနိပ်ရင်ပစ် . . . တံဆိပ်မြင်ချစ် . . . အိတ်ချ်အင်မ်ရှစ်ပ် . . . အိတ်ချ် အင်မ် ရှစ်ပ် အုန်းလီး . . . "

ကျွန်တော်တို့အနီးတွင် ကားကြီးကားငယ်တို့ ဖြတ်သွားနေကြ၏။

သည်တုံးက အင်္ဂလိပ်စစ်ဗိုလ်တွေမှစီးသော ဂျစ်ကားများသည် ခေတ်စားလှသည်။ ဂျပန်ခေတ်က စိန်ကြည်တွေရှိသလို ယခုလည်း "ဂျစ်လေဒီ" တွေရှိသည်။ အင်္ဂလိပ်စစ်ဗိုလ်နှင့် တွဲပြီး ဂျစ်ကားစီးသော မြန်မာမမှန်သမျှကို ကျွန်တော်တို့က "ဂျစ်လေဒီ"ဟု ခေါ်ကြသည်။

ဂျစ်ကားတစ်စီးဖြတ်သွား၏။ ဂျစ်လေဒီတစ်ဦး ပါသွား၏။

ကျွန်တော်တို့ ချာတိတ်ကောင်တွေက လိုက်ပြီးငေးကြ၏။

ဦးအုန်းမောင်ကြီးက အလစ်ဝင်အော်၏။

"တွေးမနေနဲ့ . . . ငေးမနေနဲ့ . . . ယားရင်ပြော . . . ပြောတာကြားလား . . . "

"ဟာ . . . ဒီလူကြီး . . . သိပ်ဆိုးတဲ့ လူကြီး . . . "

ဦးအုန်းမောင်ကြီးက ရှုတည်တည်ဆက်လုပ်နေ၏။ ကျွန်တော်တို့က ရယ်ကြ၏။

ထိုစဉ် ကျွန်တော်တို့အနီး၌ ကားတစ်စီး ထိုးဆိုက်လာသည်။

ကားမှာ စစ်သုံးခေါင်းရှည် စတေရှင်ဝက်ဂွန်ဖြစ်၏။ စတေရှင်ဝက်ဂွန်ကို ဗိုလ်မှူးအဆင့် အနည်းဆုံးရှိသူများသာ စီးကြောင်း ကျွန်တော်တို့သိပြီးပြီ။

ကားမောင်းသူက စစ်သားဖြစ်သော်လည်း ကုလားမဟုတ်၊ ကရင်တစ်ဦးနှင့် တူသည်။ သူ့ဘေးနားတွင်က ဥရောပအရပ်ဝတ်အရပ်စားနှင့် မန်ကျည်းသီးကုလားတစ်ကောင် . . .။

အချိန်က နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်။ လမ်းဘေး၌ နာနတ်သီးလုံးများကို အပုံလိုက်ရောင်းနေ၏။

မန်ကျည်းသီးကုလားက နာနတ်သီးဆင်းဝယ်သည်။ နာနတ်သီးတစ်လုံးကိုကိုင်ပြီး ကားနောက်ခန်း မှန်တံခါးနားရပ်၍ ပြနေ၏။

"အင်္ဂလိပ်စစ်ဗိုလ်က နာနတ်သီးဝယ်စားသလား . . . "

အပါလေးက မေးသည်။ ကိုစိန်လှိုင်က ဖြေ၏။

"သူလဲ လူပဲ . . . စားမှာပေါ့ . . . ပြီးတော့ မင်းမမြင်ဘူးလား . . . ဟိုမှာပါတယ် . . . "

"ဘယ်မလဲ . . . ဟယ် . . . လှလိုက်တာ . . . အမလေး . . ဖအေနဲ့ သမီးအရွယ်ဟ . . . "

www.burmeseclassic.com

www.burmeseclassic.com



အပါလေး၏ အာမေဋိတ်သံကြောင့် ကျွန်တော်လည်း လှမ်းကြည့်၏။

ကားနောက်ပိုင်း၌ အထက်တန်းကျလှသော စစ်ဝတ်စုံနှင့် အသားဖြူဖြူ အရာရှိကြီးတစ်ဦး။ သူ့ဘေးမှာတော့ လည်နှင့်ပခုံးဆီ ဖားဝေကျနေသည့် ဆံတောက်နှင့် မိန်းမပျိုလေးတစ်ဦး။ မိန်းမပျိုသည် မန်ကျည်းသီးကုလားကို တစ်စုံတစ်ခုပြောနေရာမှ သည် ဘက်ပြန်လှည့်လိုက်၏။

"အို . . . "

ကျွန်တော့်လက်တစ်ဖက်၌ ကိုင်ထားသော ကြောင်နက်တံဆိပ် စီးကရက်သံဗူးနီကလေးသည် ကျောက်လမ်းပေါ်သို့ လွတ်ကျ အသံမြည်သွား၏။

ကျွန်တော်က စီးကရက်သံဗူးလေးကို ကပျာအယာကောက်ပြီး မိန်းမပျိုလေးကို ပြန်ကြည့်၏။

မိန်းမပျိုကလေးကလည်း ကျွန်တော့်ကို တွေ့သွားပေပြီ။

ပထမတော့ မျက်လုံးဝန်းဝန်းကလေးများ ပြူးသွားသည်။ နောက် . . . နီရဲသော နှုတ်ခမ်းလေးများ ဟသွား၏။ ပြီးတော့ လက်ကလေးတစ်ဖက် မြှောက်လာ၏။

ကျွန်တော်က ကား၏အနီးသို့ ကပ်သွားသည်။

"ယူ . . . ယူ . . . မြတ်ဆွေ . . . "

"ဟုတ်ပါတယ် ထား . . . မြတ်ဆွေရယ်ပါ . . . "

ထား၏ဘေးမှ စစ်ဝတ်စုံနှင့် အရာရှိကြီးကလည်း ကျွန်တော့်ကို တစ်ချက်စူးစိုက်ကြည့်ပြီး ဆို၏။

"မြတ်ဆွေ . . . ဘယ်သူပါလိမ့် . . . ဩော် . . . မှတ်မိပြီ . . . မောင်ကြင်မောင် . . . အဲ . . . ညီ . . . ဟုတ်တယ်မဟုတ် လားကွဲ့ . . . "

"ဟုတ်ပါတယ် ဝန်မင်းခင်ဗျာ . . . "

ဟန်ဆောင်မှုတော့ မဖြစ်နိုင်ပါ။ ထား၏မျက်နှာလေးတွင် ဝမ်းသာမှုအတိုင်းသား ပေါ်နေ၏။

"မြတ်ဆွေ . . . ယူ ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ . . . ဟင် . . . "

"ကိုယ့်ဘဝက ခြေသလုံးအိမ်တိုင်ပါ ထား . . . "

"အို . . . ခြေသလုံးအိမ်တိုင် . . . ယူအခု ဘာလုပ်နေတာလဲ . . . "

"မြင်တဲ့အတိုင်းပါပဲ ထား . . . "

ကျွန်တော်က စီးကရက်သံဗူးလေးကို ပြပြီးပြော၏။ ကျွန်တော့်ပခုံးတစ်ဖက်မှာကလည်း လွယ်အိတ်တစ်လုံး လွယ်လျက်။

ထား၏မျက်နှာမှ အပြုံးလေး လျော့ကျသွား၏။ မျက်လုံးများ၌ ဂရုဏာရိပ်ငွေ့ငွေ့ကို တွေ့ရသည်။

"ယူ အခု ဘယ်မှာနေလဲ . . . "

"ဟိုဘက် . . . မီးရထားလမ်း ဟိုဘက် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ယူ့နေရာ ရှာလို့လွယ်လား . . . "

"သိပ်တော့မလွယ်ဘူး . . . အိမ်နံပါတ်မှ မရှိပဲ . . . "

"ယူ အခု အားသလား . . . ထားတို့နဲ့ လိုက်ခဲ့မလား . . . "

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။

ဝန်မင်း . . . အခုတော့ စစ်အရာရှိကြီး ဦးတင်လတ်က ဝင်ပြော၏။

"ကောင်းသားပဲ . . . အေးဟေ့ . . . လိုက်ခဲ့ . . . ငါလဲ မောင်ကြင်မောင့်အကြောင်း သိချင်တယ် . . . "

ကျွန်တော်က ကားနောက်ခန်းသို့ တက်လိုက်ရ၏။

ရှေ့ခန်းမှ မန်ကျည်းသီးကုလားက လှည့်ကြည့် သွားဖြဲပြပြီး ဆို၏။

"မြတ်ဆွေး . . . နာနော် . . . နှုတ်ယုက်မယ် . . . ပါးဂျပ်ပွင့်တယ် . . . နင်နော် . . . ထားကိုပဲ တတ်ခါးထဲ ပြောတယ် . . . နာ့ပါးဂျပ်ပိတ်ထားရတယ် . . . "

အခြားသူမဟုတ်ပါ . . .။ မိုးကျရွှေကိုယ် . . .။ ကျွန်တော်၏ ချစ်လှစွာသော မိုးကျရွှေကိုယ် . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

စတေရှင်ဝက်ဂွန်ကားသည် ဦးဝိစာရလမ်း ဝင်ဒါမီယာအနီးရှိ ခြံကြီးတစ်ခုတွင်းမှ နှစ်ထပ်တိုက်အိမ်တစ်လုံးရှေ့၌ ရပ်လိုက်၏။

စစ်တပ်တစ်ခုတွင်း မဟုတ်သောကြောင့် ကျွန်တော် အနည်းငယ် အံ့သြနေ၏။

"ယူ . . . ဆင်းလေ . . . ဒါ ထားတို့ဘွားဘွားဘက်က အိမ် . . . "

ထားကပြောမှ ကျွန်တော်သည် ကားပေါ်မှဆင်းလိုက်၏။

ညှော်ခန်း၌ ကျွန်တော့်ကို ထိုင်ခိုင်းပြီးနောက် "ခဏနေဦးနော် . . . " ဟု ဆိုကာ ထားသည် အပေါ်ထပ်တက်သွားသည်။ အဝတ်လဲရန် ဖြစ်လိမ့်မည်ထင်၏။ ဦးတင်လတ်လည်း လိုက်တက်သွား၏။

"မိုးကျရွှေကိုယ် . . . နင် မြန်မာလို မဝတ်တော့ဘူး . . . ဟုတ်လား . . . "

"နာ . . . ဗွတ်တားလို ဝတ်တာနော် . . . နင်မကြိုက်ဘူး . . . ဟုတ်တလား . . . "

ကျွန်တော်ကမဖြေ။ မိုးကျရွှေကိုယ်ကသာ ဆင်ခြေဆက်ပေး၏။

"ဝန်မင်းနော် . . . အခု ဗွတ်တပ်မှာ ကာနဲလ် . . . ကာနဲလ်နဲ့ နာတွားတယ်နော် . . . ဗွတ်တားလိုနာဝတ်တယ် . . . နင်တို့ ရှဂါးဗွန် ရှိတယ်မှတ်လား . . . "

"အင်း . . . လုပ်စမ်းပါဦး . . . ဒါမျိုးတွေ မကြားရတာ ကြာပြီ . . . "

"ရှဂါးဗွန်ရှိတယ် . . . မွေမွေးကြီးနော် . . . တတ်ခါးထဲ ခါနခါနပြောတယ် . . . ဒူးခမ်းနော် . . . ဒူးခမ်း နေရားမှာရှိတယ် . . . တောနော် . . . တောနေရားမှာရှိတယ် . . . "

"သြော် . . . ဒူးနေရာဒူး . . . တော်နေရာတော် . . . မှန်ပ့ါ . . . မှန်ပ့ါ . . . "

"နာပြောတာနော် . . . မှန်းတယ် . . . "

"မှန်ပါတယ်ခင်ဗျာ . . . မှန်လှပါတယ် . . . "

အိမ်ပေါ်ထပ်မှဆင်းလာသော ခြေသံများကို ကြားရ၏။

ထားနှင့် ဦးတင်လတ်သာမက မခင်အေး (ဝါ) ဝန်မင်းကတော်ပါ ပါလာ၏။

မခင်အေးကို ကျွန်တော် နောက်ဆုံးတွေ့လိုက်ရစဉ်အခါက ညှိုးနွမ်းကြုံလှီလှသည်။ ယခုတော့ ကြည်လင်သည်။ လှသည်။ စို ပြေဖြူဝင်းသည်။ နုပျိုသောကြောင့် ထားနှင့်ဆိုလျှင် ညီအစ်မ ထင်ရမည်။ ထားကလည်း ထွားလှသကိုး . . .။

www.burmeseclassic.com



မမနှင့် ကိုကြင်မောင့်အကြောင်းကို ပြောရသည်မှာ ခက်လှ၏။ ကျွန်တော်သည် မပြောအပ်သည်တို့ကို ချွင်းချန်ပြီး စကားပြန်လုပ်ကြောင်း၊ ဂျပန်တွေနှင့်ပေါင်းကြောင်း စသည်ကိုသာ ပြောပြရ၏။

ဦးတင်လတ်က သက်ပြင်းရှိုက်ပြီး ဆို၏။

"ဂျပန်စကားပြန်ဆိုရင်တော့ မကောင်းဘူးဟေ့ . . . မကောင်းဘူးဆိုတာက တို့လမ်းမှာ ကြုံခဲ့ရတာတော့ . . . အဲ . . . ရက်ရက်စက်စက် အသတ်ခံထားရတာတွေ များတယ် . . . "

မခင်အေးက မေး၏။

"မောင်မြတ်ဆွေ ပြည်ကို ပြန်မရောက်ဘူးပေါ့ . . . "

"မရောက်ပါဘူးခင်ဗျာ . . . "

"ပြန်ကောပြန်ဦးမှာလား . . . "

ကျွန်တော်က မချိပြုံးပြုံးမိသည်။

"အင်း . . . တစ်ခေါက်လောက်တော့ ပြန်ကြည့်မယ် စိတ်ကူးတာပဲ . . . "

ဦးတင်လတ်က တိုက်တွန်းသည်။

"ပြန်လိုက်ပါကွယ် . . . မောင်ကြင်မောင့်အကြောင်း ငါသိပ်သိချင်တယ် . . . သေသေရှင်ရှင်ပေါ့ကွာ . . . ဘာပဲဖြစ်ဖြစ် ငါ့အပေါ်တော့ သူသစ္စာရှိခဲ့တယ် . . . မောင်မြတ်ဆွေ သိခဲ့တာ ငါတို့ဆီ အကြောင်းကြားပေါ့ . . . ငါတို့ပြန်သွားပေမယ့် ဒီအိမ်မှာ စာပေးထားခဲ့ . . . ကြားလား . . . "

"ဟုတ်ကဲ့ခင်ဗျ . . . "

"ဩော် . . . အေးရေ . . . မောင် စစ်ဌာနချုပ်ပြန်သွားရဦးမယ် . . . ဘုရားတို့ ဘာတို့တော့ ညနေမှသွားကြမယ် . . . မောင်မြတ်ဆွေကိုလဲ လိုချင်တာ ပေးလိုက်ပါကွယ် . . . "

"စိတ်ချ . . . မောင် . . . "

မောင် . . . သည်အသံက ကျွန်တော့်နားမှာ ချိုလှသည်။ ကြည်နူးဖွယ်လည်း ရှိလှသည်။

ဦးတင်လတ်သည် ကားနှင့်ပြန်ထွက်သွားသောအခါ မိုးကျရွှေကိုယ်လည်း (သူပြောပုံအတိုင်း) ဗွတ်တားဟန်အပြည့်နှင့် ပါသွား၏။

မခင်အေးသည် ထုံးစံအတိုင်း မာနကင်းစွာ ပြုံးပြီးဆို၏။

"ကဲ . . . မောင်မြတ်ဆွေလဲ ထားနဲ့ စကားပြောဦး . . . ပြန်ခါနီးကျရင်တော့ ပြောဦးနော် . . . "

"ဟုတ်ကဲ့ပါ မမအေး . . . "

မခင်အေးသည် အိမ်တွင်းပိုင်းသို့ ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထားနှင့်ကျွန်တော် စတွေ့စဉ်က ထားက ကလေးသာသာအရွယ်။ ကျွန်တော့်မှာလည်း စိတ်က အသက်ထက်စောပြီး အရွယ်ရောက်နေလင့်ကစား အမြင်အားဖြင့်တော့မူ ကလေးသာသာပေတည်း။ ထိုစဉ်တုန်းက ထားနှင့်ကျွန်တော် လွတ်လွတ်လပ်လပ် ဆက်ဆံနေထိုင်ကြသည်ကို လူကြီးတွေက ခွင့်ပြုထားသည်မှာ မဆန်း။

ယခု ထား တစ်ဆယ့်ခြောက်နှစ်ကျော်ပြီ။ ကျွန်တော်လည်း ဆယ့်ခုနစ်နှစ်ပြည့်လုပြီ။ အပျိုပေါက်၊ လူပျိုပေါက်တွေ . . .။ မခင်အေးတို့က ဘာကြောင့် လွတ်လပ်စွာ စကားပြောခွင့်ပြုပါသနည်း။ မနောဖြူ သဘောရိုးသောကြောင့် မဟုတ်မဟတ်သည်ကို တွေးမပူတတ်သောကြောင့်လည်း ဖြစ်လိမ့်မည်။ အခြေအနေချင်းက မိုးနဲ့မြေ ကွာလှသည်မို့ ကောင်းကင်ကငှက်ကြယ်ကို သုဿန်နီမှ သုဘရာဇာက လောက်လေးနှင့်လှမ်းထုမည်ကို မစိုးရိမ်သည့်သဘောလည်း ပါလိမ့်မည် ထင်သည်။

"ဟေး . . . ယူ . . . "

"ဟင် . . . အယ် . . . ထား . . . "

ထားသည် ခစ်ခနဲ အသံထွက်အောင်ရယ်၏။

"ဘာရယ်တာလဲ ထား . . . "

"ယူ့ကိုပေါ့ . . . ယူငိုင်နေတာ အကြာကြီးပဲ . . . "

ကျွန်တော်သည် အဓိပ္ပါယ်မရှိ ရယ်လိုက်ပြီးမှ ထားကို ငေးကြည့်သည်။

ရယ်နေဆဲမို့ ထား၏ မျက်လုံးအလှ၊ မျက်နှာအလှ၊ နှုတ်ခမ်းအလှ၊ သွားအလှ။ အားလုံးကို ရှန်းရှန်းစက်စက် ကျွန်တော်မြင်ရသည်။

ထား၏အသားလေးတွေက ဖြူသည်ဆိုရမှာလည်း ရွှေရည်ပြေးနေသည်။ ဝါသည် ဆိုရမှာလည်း ကြည်လဲ့နုဆွတ်နေသည်။ အကြောစိမ်းကလေးတွေကလည်း ရှိသေးသည်။ ပြာသည်ဆိုရမည့် မွေးညှင်းကလေးတွေကလည်း လွှမ်းနေသေးသည်။

နတ်သျှင်နောင်၏စာတွေကို ကျွန်တော်မမေ့ဘူးဆိုလျှင် . . . ရူပကလျာဘွဲ့သည် ထိပ်ကနေလိမ့်မည်။ ရူပကလျာတစ်ဘွဲ့လုံးတွင် "ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရိမ်းမျှ၊ ခပ်သိမ်းကလျာ၊ ရှုဖွယ်သာလျှင် . . . " ဟူသော စာသားက စိတ်အာရုံဦးတွင် အစဉ် ဖူးသစ်၍နေလိမ့်မည်။ နတ်သျှင်နောင်တို့တော့ သည်စာကို သူ့ဓာတုဆွေအတွက် စပ်သည်ဟု ပြောလိမ့်မည်။ ရှိပါစေ . . .။ ကျွန်တော့်အဖို့တော့ သည်စာက ထားအတွက် . . .။ ဘယ်သူ့အတွက်မှ မဟုတ်။ ထားအတွက် . . .။ ကျွန်တော့်ထားအတွက် . . .။

"ယူရေ . . . ငိုင် . . . ငိုင် . . . စကားမပြောနဲ့ . . . သိလား . . . ငိုင် . . . "

ထားက မျက်စောင်းလေးထိုးပြီးပြောမှ ကျွန်တော် လှုပ်ရှားမိသည်။

"ကိုယ်ငိုင်နေတာ မဟုတ်ပါဘူး . . . ကြည့်နေမိတာ . . . "

"ကြည့်နေမိတာ . . . ဘာကိုကြည့်နေတာလဲ . . . "

"ထားကိုပေါ့ ထားရယ် . . . ထားကလှတယ် . . . သိပ်ကိုလှတယ် . . . သိပ်ကို လှတော့ လှတယ်လို့ ကိုယ်မပြောပဲမနေနိုင်ဘူး . . . "

"ပြောပြန်ပြီ . . . ထားကိုလှတယ်လို့ . . . "

"ထားကို ကိုယ်ဒီလိုပြောဖူးတာ မမေ့ဘူးနော် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ထားကို လှတယ်လို့ပြောရင် တစ်သက်မမေ့ဘူး . . . အရုပ်ဆိုးတယ်လို့ ပြောရင်တော့ မုန်းပစ်လိုက်တာပဲ . . . ယူ ယုံရဲ့လား . . . "

အခြားမိန်းမပျိုတစ်ဦးကို ယောကျာ်းပျိုတစ်ဦးက လှသည်ဟုပြောလျှင် ထိုမိန်းမပျိုသည် မည်သို့ရှိမည်နည်း။ ကျွန်တော်မသိ။ ထားကတော့ သက်သက်သာသာပင် လက်ခံသည်။ သက်သက်သာသာပင် စကားလွှဲလိုက်၏။

"ထား လှတာတို့ . . . သိပ်လှတာတို့ အသာဖယ်ထားဦး . . . ယူ အခုဘယ်သူနဲ့နေလဲ . . . "

"ကိုယ့်အသိတစ်ယောက်နဲ့ . . . "

"အသိတစ်ယောက်နဲ့ . . . ဆွေမျိုးမဟုတ်ဘူးလား . . . "

"ကိုယ့်မှာ ဆွေမျိုးမရှိပါဘူး ထား . . . "

ထားသည် သက်ပြင်းနှင့်ရယ်ခြင်းကို ရောပြု၍ဆို၏။

"သြော် . . . ယူ . . . ယူ . . . မြတ်ဆွေတဲ့ . . . ယူ့နာမည်ကြီးကတော့ ခန့်လိုက်တာ . . . ပြီးတော့ ဆွေမျိုးမရှိဘူးတဲ့ . . . နို့ . . . ယူ့ဘာရှိသေးလို့လဲ . . . "

"ရှိပါတယ် ထား . . . ကိုယ့်မှာ အများကြီးရှိတယ် . . . "

"ဘာတွေရှိတာလဲ . . . "

"မျှော်လင့်ချက်တွေ . . . "

"မျှော်လင့်ချက်တွေ . . . ယူ ဘာတွေမျှော်လင့်ထားသလဲ . . . "

"ဘာတွေရယ်လို့တော့ အတိအကျမဟုတ်ဘူး . . . ထားသိဖို့က မျှော်လင့်ချက်ဟာ ဈေးမကြီးဘူး . . . ဒီတော့ ချွေချွေတာတာ မျှော်လင့်ဖို့ မလိုဘူး . . . ကိုယ်တော့ ကောင်းတာတွေမှန်သမျှအတွက် မျှော်လင့်ထားတယ် . . . "

"မျှော်လင့်ထားတာတွေ ဖြစ်မလာတော့ကော . . . "

"အဲဒီတော့ ကိုယ် ငိုမှာပဲပေါ့ . . . ထား တစ်ခါက ပြောရစ်သလို ကိုယ်ငိုမှာပဲပေါ့ . . . မျှော်လင့်ရဲလို့ ငိုရမှာလဲ ကိုယ် မကြောက်ဘူး . . . "

ထားသည် မရယ်တော့။ ကျွန်တော့်မျက်လုံးများကို စူးစူးရဲရဲလေး စိုက်ကြည့်သည်။ မျက်လွှာချလိုက်ရသူက ကျွန်တော် . . .

ချက်ချင်းပင် ထားက ပြန်ပြုံး၏။

"ယူပြောတာ သိပ်နားထောင်လို့ ကောင်းတာပဲ . . . ယူ ကဗျာဆရာလုပ်ဖို့ ကောင်းတယ် . . . "

"ကိုယ်မျှော်လင့်ထားတဲ့အထဲမှာ အဲဒါလဲ ပါတယ် . . . "

"အဲဒါလဲပါရင် ယူ စာတတ်မှပေါ့ . . . ယူ ကျောင်းနေမှပေါ့ . . . ယူ ဒီလိုပဲ လမ်းဘေးမှာ စီးကရက်ရောင်းနေမလား . . . "

"ကိုယ် တစ်သက်လုံး စီးကရက်ရောင်းဖို့ စိတ်မကူးဘူး . . . ကိုယ်စာသင်မှာပဲ . . . ဘာပဲဖြစ်နေနေ . . . ကိုယ် စာတတ်အောင်တော့သင်မယ် . . . ထားပြောတာမှန်တယ် . . . ကိုယ့်မှာ ဘာမှမရှိဘူး . . . ဒါပေမယ့် ကိုယ့်မှာ ပညာတတ်ခွင့်တော့ ရှိနေတယ် . . . ဒီအခွင့်ကို ကိုယ်မလွှတ်ဘူး . . . "

www.burmeseclassic.com

www.burmeseclassic.com



"ယူတို့ ဒီမှာ ကျောင်းတွေဖွင့်ပြီလား . . . "

"မဖွင့်သေးဘူး . . . "

"မန္တလေးမှာတော့ ဖွင့်တော့မယ် . . . ထား အဲဒီက စိန့်ဂျိုးဇက်ဖ်ကွန်ဗင့်မှာ တက်မယ် . . . "

"ထားတို့ ဒီဘာလာလုပ်တာလဲ . . . "

"ဒယ်ဒီ့အလုပ်ကိစ္စနဲ့ . . . ကက်စ်ဘီဆိုတာလေ . . . ဟိုဒင်း . . . မြို့ပြ ဘာဆိုလဲ . . . အဲဒါလုပ်တော့မယ် . . . ဒယ်ဒီက အင်ဂျင်နီယာချုပ်ဆိုတာ လုပ်ရမယ် . . . မင်းကြီးလို့ ခေါ်တဲ့ရာထူးပေါ့ . . . မန္တလေးတိုင်းမှာ ရမလား . . . ရှမ်းပြည်နယ်ဘက်မှာ ရမလားတော့ မသိသေးဘူး . . . "

"မေမေကြီးကော . . . "

"မန္တလေးမှာပဲ . . . အန်တီတို့နဲ့ ခဏနေရစ်တယ် . . . ဘွားဘွားက အခု သိပ်နေမကောင်းဘူး . . . သြော် . . . ဘွားဘွားက ယူ့ကို ခဏခဏ သတိရတယ် . . . "

"ကိုယ့်ကို သတိရတယ် . . . ဘာပြုလို့ . . . "

"သိဘူးလေ . . . ယူ့ကို သဘောကျလို့ နေမှာပေါ့ . . . ဒီလောကကြီးမှာ ဘွားဘွားသဘောကျတဲ့လူ အရှားသား . . . "

မခင်အေးက ပြန်ထွက်လာသည်။

"ထားရေ . . . ထမင်းစားကြမယ် . . . ဒယ်ဒီက မက်စ်မှာ စားမှာ . . . မောင်မြတ်ဆွေလဲ စားသွားရမယ်နော် . . . "

"ကျွန်တော် စားခဲ့ပြီးပါပြီ မမအေး . . . "

"အို . . . ထပ်စားသွားဦး . . . တို့ စစ်ပြေးတုန်းက ဆွေမျိုးရင်းချာလို အတူတူတွေဟာကို . . . လာပါ မောင်မြတ်ဆွေ . . . "

ထားကပါ ဝင်ပြော၏။

"ကဲပါ . . . ထပါ . . . ယူ့လွယ်အိတ်ကြီးလဲ ချထားဦး . . . ပြီးတော့ ယူ့ကို ထား မေးစရာတွေ အများကြီးကျန်သေးတယ် . . . "

"ဘာတွေ ကျန်သေးလို့လဲ . . . "

"ယူ စောစောက ပြောတာတွေမှာ ချန်ထားတာ အများကြီးပဲ . . . ထားသိပါတယ် . . . ဥပမာ ထားတို့သွားတော့ ယူငိုသေးလား . . . အဲဒါမျိုး . . . "

"ဟဲ့ . . . သမီး . . . ဘာတွေ လျှောက်ပြောနေတာလဲ . . . "

"အို . . . မာမီ မသိပါဘူး . . . ကဲ . . . လာ . . . ထ . . . ကဗျာဆရာကြီး . . . "

* * *

ထိုနေ့က ညနေအတန်စောင်းမှ ဦးတင်လတ်ပြန်လာသောအခါ ကျွန်တော့်အိမ်ဆီ ကားဖြင့် ဒရိုင်ဘာကို လိုက်ပို့ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငြင်းသည့်ကြားက စီးကရက်သံဗူးများ၊ စီးကရက်ကာတွန်းများ ထည့်ပေးလိုက်သေးသည်။ ရောင်းစားလျှင် တစ်ရာကျော်ဖိုးရှိမည်။

ထိုနေ့ကား ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ . . .။ ကျွန်တော် မမေ့။

ညနေ နေဝင်ရီသရော အိမ်သို့ လူပြန်စုံချိန်၌ တစ်မြို့လုံး ဆူညံသွားသည်။

ဥဩသံများ။ စစ်သင်္ဘောများမှ ဥဩသံများ . . .။

နောက် . . . စက်ရုံများမှ ဥဩသံတွေ . . .။

အိမ်စေ့တက်စေ့မှ လူတွေ လမ်းမပေါ် ရောက်ကုန်ကြသည်။

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ . . . "

တစ်စုံတစ်ယောက်က ဝမ်းသာအားရ အော်ပြောသည်။

"ဂျပန်လက်နက်ချလိုက်ပြီ . . . ချွင်းချက်မရှိ ချလိုက်ပြီ . . . ကမ္ဘာစစ်ကြီးပြီးပြီ . . . "

ဥဩသံတို့ ဆူညံနေသည်။ လူတွေလည်း ဆူညံနေသည်။ ကကြ၊ ခုန်ကြ၊ ရွှင်မြူးကြ . . .။

ကြယ်တို့လက်စ မိုးကောင်းကင်ကို ငေးကြည့်ရင်း ကျွန်တော်သည် ဟိုရေးတစ်ညနေကို ပြန်သတိရမိသည်။

ထား၏ဆုတောင်း ပြည့်ခဲ့ပြီးပါပြီ။

သဗ္ဗေသတ္တာ သတ္တဝါတွေ ချမ်းသာပါစေဆိုသော မိုးကျရွှေကိုယ်၏ဆုတောင်းလည်း ပြည့်ပါပြီ . . .။

ကျွန်တော့်ဆုတောင်းကကော . . .။ ကျွန်တော်မောင်မြတ်ဆွေ၏ ဆုတောင်းကကော . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း – ၃

## မောင့်မိုးကြယ်ဖြူ – တစ်ပြည်သူ

“ဘုန်းမောင့်ချစ်သူ
မိုးကြယ်ဖြူ
လူဟူသမျှ
အလွမ်းစနှင့်
ဘဝမြေပြင်
အလွမ်းပင်နှင့်
လွမ်းအင်ကြီးသူ
မကြီးသူတည့်
သည်းအူမြွေသူ
မမြွေသူသာ
ပူဆာတနဲ
လူခပဲဝယ်
ဆင်းရဲသူ့ထက်
ကိုယ်ကခက်သည်
အသက်ကုန်ကုန် ပုံမိ၍ . . .။”

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

ကမ္ဘာကျော် "ဂွန်းဝစ်သ်သဝင်းဒ်" (ဝါ) "လေနှင့်အတူ လွှင့်ပျောတော့သည်" ဝတ္ထုကြီးတွင် အဓိကဇာတ်ဆောင် ဘတ္တလာက ဆိုခဲ့သည်။ သူဌေးဖြစ်နိုင်သည့် အချိန်နှစ်ချိန်ရှိသည်ဟူ၏။ တစ်ချိန်က တိုင်းပြည်ပျက်နေချိန်၊ တစ်ချိန်က တိုင်းပြည်ပြန်လည်ထူထောင်စအချိန်။ ဘတ္တလာသည် သူ့အပြောနှင့်အညီ သူကျင့်သုံးခဲ့၏။ အမေရိကန်ပြည်တွင်းစစ်ကြီး ဖြစ်နေချိန်တွင် စွန့်စားမှုနှင့် လူလည်ကျမှုနှစ်ခုပေါ် အရင်းတည်၍ ပွခဲ့သည်။ ပြည်တွင်းစစ်ကြီးအပြီး စစ်ကြောင့်ပျက်ခဲ့သော မြို့တွေရွာတွေ ပြန်လည်တည်ထောင်ချိန်၌လည်း လည်သလိုဝင်စား၍ သူဌေးဖြစ်ပြန်၏။ သူဌေးဖြစ်ပြန်တော့ သူနှင့် ရှားစောင်းစေးနှင့် မျက်ချေးဖြစ်သူ စကားလက်တ် ခေါ် အပျိုချောကို လက်ရအပိုင်ယူသည်။

ဒုတိယကမ္ဘာစစ်အတွင်းနှင့် ဒုတိယကမ္ဘာစစ်ပြီးစ မြန်မာပြည်တွင်လည်း ဘတ္တလာတွေ အများကြီးရှိခဲ့၏။ ယင်းတို့အနက် ကျွန်တော်၏မိတ်ဆွေကြီး ကိုကံလှလည်း တစ်ယောက်အပါအဝင် ဖြစ်၏။

အစပထမတွင် စီးကရက်ဗူး၊ အစားအသောက်ဗူးတွေကို အရောင်းအဝယ်လုပ်သည်။ တဖြည်းဖြည်းနှင့် အထည်လိပ်တွေ စောင်လိပ်တွေ ချသည်။ နောက် . . . ကားပစ္စည်းတွေ၊ တိုင်ယာတွေ၊ ကျွတ်တွေအထိ တက်လာသည်။ တရုတ်တန်းကကောင်တွေနှင့် ပေါင်းမိသောအခါ မော်တော်ကားအင်ဂျင်ဟက်ဒ် အတုံးလိုက်ဆိုသည်မှာ ကိုကံလှတို့အတွက် အသေးအဖွဲ့ပစ္စည်းသာ ဖြစ်တော့၏။

သည်တုန်းက စစ်ကလည်းအပြီး၊ ဗြိတိန်၌ လေဘာအစိုးရလည်းအတက် ဖြစ်သောကြောင့် အရှေ့ဖျားရှိ စစ်တပ်တွေကို အလျှင်အမြန် လျှော့ချနေသည်။ ပြည်တော်ပြန်မည့် စစ်ဗိုလ်စစ်သားများ၊ အထူးသဖြင့် ကုလားနှင့် ကပ္ပလီများသည် ပြည်တော်ပြန်လုရန် အပွကြဲကြ၏။

နားလည်မှုယူ၍ ဂိုထောင်အဖောက်ခံသည်က အသေးအဖွဲ့။ တရုတ်တန်းလို၊ ကြက်တန်းလို နေရာမျိုးတွင် စစ်သုံးလော်ရီကားကြီး ဝေါခနဲ ရုတ်တရက်ထိုးဆိုက်၍ ပစ္စည်းတွေချပေးသည်မျိုးကလည်း ဆန်းလှသည်မဟုတ်။

စွန့်စားမှုကလေးတွေ မပါသည်တော့လည်းမဟုတ်။ ဂိုထောင်ဖောက်သူများကို မျက်နှာဖြူ တပ်ထိန်းပတ္တာရောင်က ပစ်ခတ်ဖမ်းဆီးမှုလည်း ရှိသည်။ ပစ္စည်းခိုးထုတ်လာသော လော်ရီကားနောက် ဂျစ်ကားနှင့်လိုက်သော တပ်ထိန်းတို့တစ်ဖွဲ့လုံး ကိစ္စချောအောင် လော်ရီနောက်ပိုင်းမှ ဘရင်းဂန်းနှင့်ဆွဲသည်မျိုးလည်း ရှိသည်။

ဤလောကတွင် ငွေနှင့်ချည်း ရင်းနှီးစားသူရှိ၏။ သတ္တိနှင့်ချည်း လုပ်ကိုင်စားသူရှိသည်။ စစ်ပြီးခေတ် ဖြတ်လမ်းသူဌေးဖြစ်လုပ်ငန်းတွင် ငွေရော သတ္တိရော လိုသည်။

ကိုကံလှတွင် သတ္တိအပြည့်ရှိသည်။ ငွေလည်း အသင့်အတင့်ရှိသည်။ အကွက်မြင်သော ဉာဏ်လည်းရှိ၏။ အားလုံးပေါင်းလိုက်တော့ ခေတ်နှင့်အမီ သူဌေးဖြစ်ရန် သူ့အမေက အချိန်ကိုက်မွေးပေးပြီး ကံလှဟု နိမိတ်ညွှန်းနှင့် ကင်ပွန်းတပ်ပေးလိုက်သကဲ့သို့ရှိ၏။

တစ်ကောင်ကြွက်၊ ထောင်ထွက် ကိုကံလှအတွက် မလုပ်ရဲသည်မရှိ။ အကွက်မြင်လျှင် လုပ်သည်ချည်း။

"ကံလှကို စမ်းချင်စမ်းကြည့်ကြပေါ့ . . . များများမဟုတ်ပါဘူး . . . ဓားခုတ်မှုနဲ့ ထောင်နှစ်နှစ်လောက်တော့ ကျဖူးပါရဲ့ . . . အဟဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လျှင် သည်လိုမျိုးထောင်ကျဖူးသည်ကိုပင် ဖော်၍ အကွက်ကျကျသုံးတတ်သည်။ သူ့အပေါင်းအသင်း သူ့အသိုင်းအဝန်းမှာတော့ သည်ဟာကလည်း အရည်အချင်းပြည့် လက်မှတ်တစ်ခုဖြစ်၏။

ကိုကံလှ လုပ်နေကိုင်နေသည်တို့ကို ကျွန်တော် မကန့်ကွက်မိ။ သူ့ထက် ကျွန်တော်က အသက်ငယ်သည်။ ပြီးတော့ . . . ပြောသာပြောရသည် . . . သူ့ကို ကျွန်တော်က အမှန်မှာ မှီခိုနေရ၏။ အခြား မှီခိုတွယ်တာစရာလည်း မရှိပြီ။

ထားနှင့်ပြန်တွေ့စဉ် ဝန်မင်းဦးတင်လတ် မှာကြားခဲ့သည့် နောက်သီတင်းကျွတ်အပြီးတွင် ပြည်သို့တစ်ခေါက် ကျွန်တော်ပြန်ပါသေးသည်။ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ တစ်ဦးတည်းသောအစ်မမို့ မမကို ကျွန်တော် ပြန်တွေ့ချင်ပါသည်။

မီးရထားက တောက်လျှောက်မပေါက်သေး။ ရန်ကုန်မှ လက်ပံတန်းသို့ကတစ်တန်၊ လက်ပံတန်းမှ ပြည်အထိက အခြားတစ်တန်။ ရထားနှစ်တန်စီးရသော ကာလဖြစ်၏။

ပြည်ရောက်တော့ ဆရာလေးနှင့် မနန်းကြိုင်တို့ဆီမှာပင် တည်းရ၏။ မနန်းကြိုင်က စောင်းတန်း၌ ပန်းဆိုင်ပြန်ဖွင့်နေပြီ။ ဆရာလေးကလည်း သူ့မယ်ဒလင် ထုတ်လုပ်ရေးလုပ်ငန်းလေး ပြန်ကိုင်နေပြီ။

မမနှင့် ကိုကြင်မောင်တို့၏အကြောင်းကို ဘယ်မှာမှ စုံစမ်း၍မရ။ စစ်ဆုတ်သော ဂျပန်တပ်တွေနှင့် ပါသွားသည်ဟူသမျှသာ သိရ၏။

ဗြိတိသျှတပ်တွေက ရန်ကုန်ဆီ ဦးတည်ချီတက်နေချိန်တွင် ဧရာဝတီအနောက်ဘက်ကမ်း၌ ရခိုင်ဘက်မှဆုတ်လာသော အမှတ် (၅၄) ဒီဗီဇံတပ်မကြီးအပါအဝင် ဗိုလ်ချုပ်ကြီးဆာကူရိုင်း၏ (၂၈) နံပါတ် ဂျပန်တပ်မတော်ကြီး ကျန်နေသည်။ ဗြိတိသျှဗိုလ်ချုပ်စတော့ပ်ဖို့ဒ် ဦးစီးသည့် အမှတ် (၃၃) တပ်ပေါင်းစုကြီးနှင့် မျိုးချစ်ဗမာ့တပ်မတော်သားတို့၏လက်ချက်ကြောင့် လူပေါင်းထောင်နှင့်ချီကာ ကျဆုံးကုန်ကြသည်မှန်သော်လည်း ဆာကူရိုင်း၏ဂျပန်တပ်များသည် အရှေ့ဘက် ပဲခူးရိုးမအတွင်း ဝင်သွားခိုအောင်းနိုင်ကြသည်။

ပဲခူးရိုးမအတွင်းသို့ ဂျပန်တပ်များသည် အာလံနယ်မှလည်းကောင်း၊ ပြည်ခရိုင် ပေါက်ခေါင်းနယ်မှလည်းကောင်း၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်နယ်စပ် နတ္တလင်းနယ်မှလည်းကောင်း အုပ်စုအမျိုးမျိုးကွဲ၍ ဝင်သွားကြခြင်းဖြစ်သည်။ သူတို့နှင့်အတူ သူတို့နှင့်မကင်းကြသော စကားပြန်များအပါအဝင် မြန်မာများ လိုက်ပါသွားကြသည်။

ပဲခူးရိုးမမှထွက်၍ စစ်တောင်းမြစ်ကိုကူးကာ မော်လမြိုင်ဘက်ဆုတ်သော ဂျပန်တပ်အများမှာလည်း မရှုမလှခံကြရသည်။ မှတ်တမ်းများအရ ပဲခူးရိုးမအတွင်းဝင်သွားသော ဆာကူရိုင်း၏ လူတစ်သောင်းရှစ်ထောင်အနက် လူခြောက်ထောင်ခန့်သာ စစ်တောင်းမြစ်တစ်ဘက်ကမ်းသို့ ရောက်တော့သည်ဆို၏။ ရာသီဥတုဒဏ်၊ ရောဂါဒဏ်၊ အမြောက်ဒဏ်၊ ဗုံးဒဏ်တို့ကြောင့် တပ်လုံးမပြုတ်ရုံတမည်တည်း။ ဂျပန်တို့ပင်လျှင် ဤသို့ဖြစ်လျှင် ပါသွားသော မြန်မာလက်တဆုပ်စာ၏ ကံကြမ္မာကား . . . မတွေးဝံ့။

ဝမ်းနည်းပက်လက်ဖြင့် ပြည်မှ ရန်ကုန်သို့ ကျွန်တော် ပြန်လာခဲ့ရသည်။

ကမ္ဘာစစ် . . .။ ယဉ်ကျေးပါသည်ဆိုသော လူတို့၏ ဝိသမလောဘနှင့် အဝိဇ္ဇာမောဟတွင် အခြေခံသည့် ဤမဟာလူသတ်ပွဲကြီးအတွင်း ကျွန်တော်ကဲ့သို့ အထီးကျန်တစ်ကောင်ကြွက် ဖြစ်ရသူတွေ မည်မျှရှိလေမည်နည်း . . .။ သင်္ချာမဆုံးသော အနန္တမဟုတ်စေ နည်းတော့နည်းပေမည်မဟုတ်။

ချစ်ရလေသူ အဝေးမှ ထားတစ်ယောက်ကလည်း ကျွန်တော့်အတွက် မိုးမှကြယ်ဖြူ . . .။ ဘယ်ပုံချူ၍ ဆွတ်နိုင်အံ့ . . .။

မြေဝယ် နီးနီးစပ်စပ်အဖော်ဟူ၍ ကိုကံလှတစ်ဦးသာ ရှိတော့သည်။ သူပင် အဖော်၊ သူပင် အားကိုးရာ . . .။

သူဘာတွေလုပ်နေနေ ကိုကံလှကလည်း ကျွန်တော့်အပေါ်တော့ ကောင်းရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေပြန်ဖွင့်သောအခါ ကျွန်တော်နှင့် ရောင်းဖော်ရောင်းဖက်တွေဖြစ်ကြသည့် စိန်လှိုင်၊ အောင်သိန်း၊ အောင်မြင့်၊ အုန်းကျော် စသူတို့က ကျောင်းပြန်တက်ကြသည်။ အဖော်တွေနှင့် ဆိုပြန်တော့ ကျွန်တော်လည်း ကျောင်းပြန်တက်သည်။

ရှေးအခါက အထက်တန်းကျောင်းကို ဟိုက်စကူးဟုခေါ်သည်။ ယခုပြန်ဖွင့်သောကျောင်းက ပိုစ့်ပရိုင်မာရီဟု ခေါ်၏။

ကျောင်းကို ပုသိမ်လမ်းနှင့် ရှမ်းလမ်းဆုံရာထောင့်ရှိ တိုက်ခံတစ်ထပ်အိမ်ကြီး၌ ဖွင့်သည်။

ကျောင်းဝင်စက ဘယ်ကျောင်းသားတွင်မှ ကျောင်းထွက်လက်မှတ်ဖြစ်စေ၊ အတန်းအောင်လက်မှတ်ဖြစ်စေ မရှိကြ။ ထို့ကြောင့် စာမေးပွဲစစ်ပေးသည်။ ကျောင်းသားက မိမိဝင်လိုသောအတန်းအတွက် စစ်သောစာမေးပွဲကို ဖြေရ၏။ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် သင်္ချာ သုံးဘာသာသာ စစ်သည်။ ညှာညှာတာတာလည်း စစ်ကြပုံပေါ်ပါ၏။

ကျွန်တော်သည် စာမေးပွဲအောင်သောကြောင့် သတ္တမတန်း၌ စတင်သင်ခွင့်ရ၏။

ကျောင်းက နေ့တစ်ဝက်ကျောင်းဖြစ်၏။ နေ့လယ် တစ်နာရီမှ ညနေ ငါးနာရီအထိသာ တက်ရသောကြောင့် နံနက်ခင်းတွင် ဈေးရောင်းမပျက်။

ဈေးရောင်းမပျက်၍သာ ကိုကံလှက ကျွန်တော်ကျောင်းပြန်နေခြင်းကို သဘောတူသည်မဟုတ်၊ နောင် ကျွန်တော်လည်း အတန်းကြီး၍ ကျောင်းကိုလည်း အချိန်ပြည့်တက်ရသည်အထိ ကိုကံလှက ကြည်ကြည်ဖြူဖြူ ကျွန်တော့်ကို ကျောင်းတက်ခွင့်ပြုသည်။ ပြုနိုင်သည့် အခြေအနေ အဆင့်အတန်းကလည်း ရောက်လာခဲ့သကိုး။

၁၉၄၇ ခုနှစ်တွင် ကျွန်တော်တို့က စီးကရက်စသည် မရောင်းတော့၊ ဓာတုကလျာရော၊ ညီပြုရော၊ မြင်းလှည်းရောလည်း မရှိပြီ။

ဓာတုကလျာနှင့် ညီပြုနေရာတွင် "ရှင်ရဲထွတ်" နှင့် "ဘုရင့်နောင်" တို့က အစားထိုးလိုက်ပြီ။

ရှင်ရဲထွတ်မှာ ဂျစ်ကားအစိမ်းရင့်ကလေး ဖြစ်၏။ ရှေ့မှန်တစ်ချပ်ပေါ်တွင် ဗန္ဒုလဝတ်စုံနှင့် ဓားဝင့်မြင်းစီးနေပုံ ဆေးခြယ်ပန်းချီရုပ်ရှိ၏။ ပန်းချီရုပ်အောက်၌ ရှင်ရဲထွတ်ဟု ဆေးဖြူလက်ရေးလှလှနှင့် ရေးထားသည်။ ဘုရင့်နောင်ကား ရှာသရဲ ဘော်ဒီအလုံးတပ် ချက်ပလက်ခါင်းတိုကားကြီး ဖြစ်၏။ သူလည်း ကိုယ်ထည်က အစိမ်း၊ ခေါင်းထိပ်တွင် လက်ရုံးတံဆိပ်ဆွဲထားသည့် သံပြားဝိုင်းပါသည်။ သံပြားဝိုင်းထဲ၌ မြင်းသံခွာတံဆိပ်လည်း ပါသေး၏။ ရန်ကုန်မြို့လုံးဆိုင်ရာ မြင်းလှည်းအသင်းဝင်ဟူသော စာတန်းကလည်း ပါရသေး၏။

လက်ရုံးတံဆိပ်ကားအသင်းမှာ ယခင်က မြင်းလှည်းနှင့်မကင်းသူတို့က တည်ထောင်ဖွဲ့စည်းထားသော အသင်းဖြစ်၏။ ကြည့်မြင်တိုင် ပုဇွန်တောင်လိုင်း၌ ဆွဲ၏။

လက်ရုံးတံဆိပ်ကားများသည် ကြမ်းသည်၊ ရမ်းသည်။ လူတွေကလည်း မိုက်သည်၊ ရဲသည်။ သူတို့ခေါင်းဆောင်များကလည်း လောကကို ထီမထင်သူတွေ . . ။ ဥပမာ . . . ကျွန်တော်၏ ကိုကံလှ . . .။

ရှင်ရဲထွတ် (ဝါ) ဂျစ်ကားကလေးကမူ တက္ကစီဖြစ်၏။ သို့ရာတွင် ဂိတ်ထိုးသော တက္ကစီမဟုတ်။ ပျံကျလိုက်သည်။ အပေါင်းအသင်းကောင်းလျှင် ပျံကျလိုက်ရသည်က တွက်ခြေလည်းကိုက်သည်။ ကြားဖောက်မြိုးမြိုးမြက်မြက်လုပ်ငန်းမျိုးလေးများလည်း ရသည်။ ဣန္ဒြေလည်း ရပါ၏။

ဂျစ်ကားကို ကိုကံလှကိုယ်တိုင် မောင်းသည်။ ကျွန်တော့်အသက်ပြည့်ပြီး၍ လိုင်စင်ရသောအခါ ကျောင်းအားရက်များ၌ တစ်ခါတစ်ရံမောင်းသည်။

ကျွန်တော်တို့ ဆင်-မျောက်-ခါ သတ္တဝါသုံးဦးတို့ ချမ်းသာစွာနေခဲ့သည်ကို ဆိုခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးဦးတွင် အသက်လည်းအကြီးဆုံး၊ အဝလည်း အဝဆုံးဖြစ်၍ ဆင်မည်သော ဦးသာမြိုင်က ရှေးဦးစွာ အိမ်ခွဲထွက်သည်။ မထွက်၍လည်းမဖြစ်။ သူက အစိုးရအလုပ်အကိုင်နှင့်၊ ပြီးတော့ ကာလကောင်းပြီဖြစ်၍ သားမယားများလည်း လိုက်လာကြပြီ။

တရုတ်ကျောင်းလမ်းထောင့်ရှိအိမ်မှ အပျောက်ရသောအခါ ကျွန်တော်တို့ ဆင်းပေးကြသည်။

ခရစ်ယာန်ကရင်သချိုင်းကြီးနှင့် မျက်နှာချင်းဆိုင်ရှိ ဗားကရာလမ်းပေါ်မ ဝါးခနိဆိုင်ဟောင်းတစ်ခုကို အပျောက်ရသည့်ငွေနှင့် အိတ်တွင်းမှငွေပေါင်းကာ ကိုက်လုက ဝယ်ယူသည်။ ထိုအချိန်က ဘုရင့်နောင်ကို တည်ထောင်စ။

အိမ်ကြီးကြီးကျယ်ကျယ် မဆောက်ပဲ လူနေရုံနှင့် ကားထားရုံ တဲထိုးသည်။ သည်တဲထဲမှာပင် ကျွန်တော်တို့ မျောက်နှင့်ခါ နေကြသည်။

မကြာမီ မျောက်နှင့်ခါကြား ဒေါင်းမရောက်လာသည်။

ဒေါင်းမနာမည်က အမာညို . . .။

* * *

ရန်ကုန်၏ မြန်မာရပ်ကွက်တိုင်းတွင် ကြည့်ပါ . . .။ အမာညိုတစ်ယောက်ယောက်တော့ ရှိပါသည်။

အသားက ညိုစိမ့်စိမ့်၊ မျက်လုံးကြည်ကြည်က ယောကျာ်းတိုင်းကို ကစားသည်၊ မျက်နှာက ချောလှသည်မဟုတ်သော်လည်း ဖီးလိမ်းထားလျှင် နစ်ခါတော့ အနည်းဆုံးပြန်ကြည့်မိသည့် မျက်နှာမျိုး၊ ကိုယ်လုံးကိုယ်ပေါက်က တောင့်သည်၊ တောင့်သည်ဆိုသည့်စကားသည်ပင် မလုံလောက်၊ မနိုင်မနင်းကြီးဟု ဆိုရမည်လော . . . မပြောတတ်။

အမှန်ပင် အမာညို၏ ကိုယ်လုံးကိုယ်ပေါက်သည် မနိုင်မနင်းကြီး။ အပေါ်ပိုင်းကလည်း မနိုင်မနင်းကြီး။ ကြီးချင်သည်က ကြီးလေသမျှ သေးလှသော ခါး၏အောက်ပိုင်းတစ်ခုလုံးကလည်း တစ်ဖန် မနိုင်မနင်းကြီး။

သူ့မနိုင်မနင်းကြီးတွေကို ရှေ့ထိုးရော နောက်ပစ်ရောပြုကာ လမ်းပေါ်မှာ အမာညိုလျှောက်သည်။ တည့်တည်းလည်းလျှောက်သည်။ ကောက်ကောက်လည်းလျှောက်သည်။ လမ်းလယ်မှလည်းလျှောက်သည်။ လမ်းဘေးမှလည်းလျှောက်သည်။ ဈေးလာရန်လျှောက်သည်။ ဈေးပြန်ရန်လျှောက်သည်။ လက်ဖက်ရည်ဝယ်ရန်လျှောက်သည်။ ဆေးလိပ်ကွမ်းယာဝယ်ရန်လျှောက်သည်။ တစ်နေ့လျှင် လေးငါးဆယ်ခါ လျှောက်သည်။ အမာညို သည်မျှမလျှောက်ပဲ ဤမဟာပထဝီမြေပြင်မှ နေလုံးပျောက်ရိုးမရှိ။

အမာညိုလျှောက်လာပြီဆိုလျှင် လူတိုင်း အလိုလိုသိကြသည်။

လုတင်ကြည် လက်ဖက်ရည်ဆိုင်မှ ခေါင်းတွေအားလုံး လမ်းဖက်လှည့်ကုန်၏။ လုတင်ကြည် လက်ဖက်ရည်ဆိုင်ထောင့်ညောင်ပင်ပုကလေးအောက်တွင် ထိုးထားသော ဆိုက်ကားများထက်မှ ဆိုက်ကားဆရာတို့သည် ကြည့်လည်းကြည့်ကြကုန်၏။ ဘဲလ်လည်း နှိပ်ကြကုန်၏။

အမာညို ဤမျှ အရှိန်အဝါကြီးသည်။

အသက်က ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်။ ကျွန်တော့်ထက် အနည်းငယ်ကြီး၏။ နှုတ်ကလည်း သွက်သည်။ စွာကလည်း စွာသည်။ လူအစခံရန်လည်း လုပ်တတ်သည်။ စလျှင်လည်း ကတ်ကတ်လန်သည်။

အမာညို၌ အဖေမရှိ။ သူ့အမေက ရှမ်းလမ်းတွင် ဂျင်းသုတ်၊ လက်ဖက်သုတ်၊ ဆနွင်းမကင်း၊ အုန်းနို့ကျောက်ကျော စသည် ဆိုင်ဖွင့်ရောင်း၏။ အမာညိုက ကျောင်းမနေပဲ ဆိုင်ကူထွက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှင့် တစ်အိမ်ကျော်၌ ကျွန်တော်နှင့်တစ်ကျောင်းတည်းနေသော မတင်လှ၊ မတင်မြ ညီအစ်မရှိသည်။ ယင်းညီအစ်မကတစ်ဆင့် အမာညိုနှင့် ကျွန်တော် သိကျွမ်းသည်။ ကျွန်တော်မှတစ်ဆင့် ကိုကံလှနှင့်လည်း သိကျွမ်းသည်။

အမာညိုများ အိမ်ရှေ့မှဖြတ်လျှောက်သွားလျှင် ကိုကံလှသည် ဘုရင့်နောင်ကိုနှိုက်ရင်းမှ ပါးစပ်ကြီးဖြဲပြီး ငမ်းတတ်သည်။ အမာညိုက ကျွန်တော်တို့အိမ် တံစက်မြိတ်၌ရပ်ပြီး စကားပြောလာလျှင် ကိုကံလှက တစ်လုံးစနှစ်လုံးစ ထိကပါးရိကပါး (သူ့ကား သမားစကားအရ) ကတ်တောက်စမ်းတတ်သည်။

အမာညိုက သူ့ကိုပေးထားသော မေတ္တာဘွဲ့များကို ကြည့်ပါ။

သေချင်းဆိုးကြီး။ အညာသားကျောကုန်း။ ပွေးမျက်လုံး။

အညာသားကျောကုန်းဟူသည်မှာ ကိုကံလှ၏ မဲသောအသားအရောင်ကို ဂုဏ်ပြုသည်။ ပွေးမျက်လုံးဟူသည်ကတော့ မေးနေသော ကိုကံလှ၏ စက္ခုနှစ်သွယ်ကို ကျီစယ်သည်။

တစ်နေ့တွင် ကိုကံလှက ကျွန်တော့်ကို ဖွင့်ပြောသည်။

"ကိုရင် . . . အမာညို့ကို ဘယ်လိုသဘောရလဲ . . . "

"ဘယ်လိုမှ သဘောလဲ မရဘူး . . . မနောလဲ မရဘူး . . . "

"တကယ်နော် . . . "

"ဩော် . . . ခက်ရချည်ရဲ့ . . . ကိုယ့်ဘာသာ ဂဠုန်ချောင်း ချောင်းပါ . . . ကျွန်တော့် ဆွဲမထည့်ပါနဲ့ . . . "

"ဟာကွာ . . . ဖိုးမြတ်ဆွေ . . . ငါ့ကို ခွေးနဲ့နှိုင်းချင် နှိုင်းပါကွာ . . . ဂဠုန်နဲ့တော့ မနှိုင်းနဲ့ . . . "

"မနှိုင်းနဲ့သာဆိုတယ် . . . အခု ခင်ဗျားက သုတ်ချင်နေတယ် မဟုတ်လား . . . "

"ဘာရယ် . . . "

"အမာညိုမနိုင်မနင်းကြီးကို ခင်ဗျား သုတ်ချင်နေတယ် မဟုတ်လား . . . "

"အဟီး . . . ကိုရင်ပြောပုံက တကတဲ ကွက်ကွက်ကွင်းကွင်းကြီး . . . တကယ်ပဲ . . . အင်း . . . မနိုင်မနင်းကြီး . . . တောက် . . . "

"အို . . . ဘယ့်နှယ် ကတ်တောက်ကမပွင့်ပဲ အိတ်ဇောက ပေါက်နေတာလဲ . . . "

"အဟီး . . . အဟဲ . . . အစစ်ပဲ . . . အမာညိုမြင်ရတာ ကိုယ်တော့ ချာဂျင်သိပ်တက်တယ် . . . နေ့လယ်ကြီး မီးဖွင့်မောင်းရမလိုပဲ . . . "

"အင်း . . . ဒီတော့မှ ဟွန်းလေးပါ အသွားမယ် . . . ပန်ကာကြိုးသာ လျှော့လိုက်ပါ ဆရာ . . . "

"မရဘူးဆရာ . . . တင်းနေပြီ . . . တင်းနေပြီ . . . "

"ဘာတင်းနေတာလဲ . . . "

"နို့ . . . မောင်ရင်ပဲ ပန်ကာကြိုးအကြောင်း ပြောနေတယ်မဟုတ်လား . . . "

ကျွန်တော်က ရယ်ရ၏။ ကိုကံလှကမူ မျက်နှာကိုတည်လိုက်ပြီး ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"မချောက ကိုယ့်ကို အညာသားကျောကုန်းတဲ့ . . . ပွေးမျက်လုံးတဲ့ . . . အညာသားကျောကုန်း ဘယ်လောက်မိုလို့ကောင်းတယ်ဆိုတာ တစ်နေ့သိရမယ် . . . ဒီတော့ ပွေးမျက်လုံးနဲ့ မေးစက်ဦးမှာ မြင်ယောင်သေးတော့ . . . "

"ကြိမ်းလှချည်လား ဆရာ . . . "

"အို . . . တကယ် . . . ကြည့်နေ . . . "

ကျွန်တော်က ကိုကံလှကြိမ်းသည်ကို ပေါ့ပေါ့ပင်မှတ်သည်။ သို့ရာတွင် ကျွန်တော့်ကိုကံလှမှာ တစ်ခုခုလုပ်ပြီဆိုလျှင် နောက်မဆုတ်တတ်။

ကိုကံလှလက်ထဲတွင် ရှင်ရဲထွတ် အင်္ဂါစုံလာချိန်တွင် ဖြစ်၏။

သည်စကားကိုတော့ အနည်းငယ်ရှင်းပြရမည်။

ရှင်ရဲထွတ်အလောင်းအလျာ ဂျစ်စုတ်ကို ဘုရင့်နောင်ကြီးနှင့် ဆွဲယူလာရသည်။ ဘော်ဒီကလည်း ပိန်ချိုင့်၍ ဆေးကွာ သံချေးကိုက်စ၊ တိုင်ယာတွေက ခေါက်ရိုးကျိုး ပြားချပ်နေသည်။ စက်နှိုးလို့ရရန်ကား ဝေးစွ။

ကိုကံလှက ဆိုလိုက်သေး၏။

"အရတော်တယ်ကွ . . . ငါ တစ်ထောင်နဲ့ လေလံဆွဲလာတာ . . . "

"တစ်ထောင်တောင် . . . "

"တောင်ကြီးများ မထည့်ပါနဲ့ . . . ဒါတောင် ဝိုင်းကြီးချုပ်ဆွဲတဲ့ လတ္တာလမ်းက အငွန်တို့နဲ့ အချင်းချင်းမို့ နားလည်မှုယူ အုပ်လာရတာ . . . "

"ခင်ဗျားဟာက အိုနာကျိုးကန်းကြီးပဲဟာ . . . "

"အိုတာတော့ ဟုတ်တယ် . . . မကျိုးဘူး . . . မကန်းဘူး . . . အိတ်ဇယ်တွေ . . . ကရိုင်းတွေ . . . ရှပ်တွေ . . . ပင်နယံတွေ အကောင်းကြီးရှိသေးတယ် . . . အရေးကြီးဆုံးက ဟောဒါပဲ . . . "

ကိုကံလှက အင်ဂျင်တုံးမှ နံပါတ်ကို ပွတ်ပြသည်။

မှန်လည်းမှန်သည်။ ကိုကံလှ ဖောက်သယ်လုပ်ထားသော ကလီစာအသစ်တွေထည့်ပြီး ရသာရုံ၌ ထုလိုက်မှုန်းလိုက်သောအခါ အင်္ဂါစုံ၍ လူလုံးလှသော ရှင်ရဲထွတ်ဖြစ်လာပြီး (ကိုကံလှ စကားအတိုင်း) နောင်ရိုးတိုက်ပွဲဝင်ရန် အသင့်ရှိနေ၏။

ဘုရင့်နောင်ကြီးကိုတော့ လခနှင့် ဒရိုင်ဘာကမောင်းသည်။ ရှင်ရဲထွတ်ကိုတော့ ကိုကံလှကိုယ်တိုင် အမြဲသထား၏။ နီကယ်စိမ်ဘီးဖုံးများပင် တပ်ထားသေး၏။

၁၉၄၇ ခုနှစ် သင်္ကြန်တွင် ကျွန်တော်တို့ ရှင်ရဲထွတ်နှင့် ရေပက်ခံထွက်ကြ၏။ အမာညိုပါသည်။ ရှေ့ခန်း ကိုကံလှဘေးမှ စီး၏။

ထိုနှစ် သီတင်းကျွတ်ပြီး၍ တန်ဆောင်တိုင်ပွဲ၌ လည်ကြသောအခါ ရှင်ရဲထွတ်ကို ကျွန်တော်က မောင်းသည်။ ကိုကံလှက အလယ်က။ အမာညိုက အစွန်ဆုံးက။ အမာညိုလွင့်ကျမည်စိုးသောကြောင့် ကိုကံလှက နောက်မှီပေါ်လက်တင်၍ ပခုံးလေးကို ဆုပ်ထားရ၏။

မျောက်နှင့်ခါ နှစ်ကောင်သာစံသော ညောင်ကိုင်းထက် ဒေါင်းမရောက်လာပါပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရောက်လာသောနေ့ဦး၌ ကျွန်တော် မက်ထရစ်စာမေးပွဲ ဝင်ဖြေသည်။

ခါမှာလည်း အတောင်အလက်စုံပါပြီ။ ဤလောကဟိမဝန္တာကလည်း ကျယ်ပါဘိခြင်း . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၆)

တက္ကသိုလ်ကြီး ပြန်ဖွင့်ခါနီး မိုးသဲသော ဇွန်လ၏တစ်ညနေတွင် ရှင်ရဲထွတ်ကိုမောင်းပြီး ရန်ကုန်ဘူတာကြီးသို့ ကျွန်တော် ရောက်လာသည်။ မန္တလေးသို့ တန်ဆာလုပ်ပို့မည့် သေတ္တာတစ်လုံး လိုက်ပို့ခြင်းဖြစ်သည်။

အချိန်မှာ ညနေ ၅ နာရီခန့်။ ပျဉ်းမနားတွင် တစ်ညအိပ်ရသော ရန်ကုန်–မန္တလေး ရထားများက ဆိုက်ချိန်မမှန်။ ကျွန်တော်တို့ ဘူတာရောက်ချိန်၌ မန္တလေးရထားဆိုက်လာသည်။

ကျွန်တော့်ကားကို ငှားလာသူက ပစ္စည်းတန်ဆာလုပ်ပြီး၍ ပြန်ထွက်မည်အလုပ်၌ ရှေ့က ကားနှစ်စီး ပိတ်နေသည်။

တစ်စီးက ဗျူဝစ် အမေရိကန်ကားကြီး၊ နက်ပြာရောင်။ တစ်စီးက မြန်မာပြည်သို့သွင်းစ ဟမ်းဘားဘောက် ပုံစံသစ်၊ ချောက လက်နုရောင်။

လူတွေကျပ်နေသောကြောင့် ကျွန်တော်ကျော်မတက်နိုင်ပဲ ရှင်ရဲထွတ်ကို စက်နိုးလျက် ရပ်ထားရ၏။

ဗျူဝစ်ကားကြီးဘေး၌ ပထမဆုံး ကျွန်တော်မြင်မိသူက အပေါ်ဝတ်ကုတ်အင်္ကျီမပါသည်ကလွဲ၍ ဥရောပအဝတ်အစားကို အလွန်သပ်ရပ် အချိုးကျစွာဝတ်ထားသည့် ဥပဓိရုပ်ကောင်းလှသူ ယောကျာ်းကြီးတစ်ဦး . . .။

ဦးတင်လတ် . . .။ ကျွန်တော် မျက်စိမမှားပါ။ ဝန်မင်း ဦးတင်လတ် . . .။ ပြီးတော့ မခင်အေး . . .။ သြော် . . . မခင်လေး . . .။ ဦးတင်လေး . . .။ မိုးကျရွှေကိုယ် . . ။

မေမေကြီးက နောက်မှ လျှောက်လာနေသည်။ မေမေကြီး၏ပခုံးတစ်ဘက်မှာ စောင်းနေပြီး ခြေတစ်ဘက်က ဆွဲနေ၏။

မေမေကြီး၏အနီးကပ်လျက် စောင့်ပြီး ခပ်ဆိုင်းဆိုင်းလေး လျှောက်လာသူကတော့ . . .။

ပြာလက်မွတ်ညက် ရွှန်းရွှန်းစက်သော ဓာတုကလျာဆွေကို နတ်သျှင်နောင် စမြင်ရလေသည့်အခါက . . . "ရွှေဝါပိတ်ရှင်း၊ တစ်ထည်ချင်းနှင့်၊ ထုံးနေမကြော့၊ ပတ်လျော့ဆံကြာ၊ ကျတိုင်းသာနှင့် . . ."။

ယခုတော့ မိုးလေးအေး၍လားမသိ။ ပိုးအင်္ကျီဖြူပေါ်တွင် ရင်ကွဲဆွယ်တာစိမ်းပြာလေးနှင့် စိမ်းပြာရင့်ရောင် ကနုတ်ပန်းခက် ကလေးတွေ ဖော်ထားသည့် ပိုးပျော့ထဘီ နီလာနုနှင့် . . .။ ပတ်လျော့ဆံကြာ ကျတိုင်းသာဟုမူ မဆိုသာ။ သို့ရာတွင် ရထားမှဆင်းစ ခရီးသွားဆဲမို့ ထင်သည်။ ခွေသော . . . နွယ်သော . . . နက်သော . . . မှောင်သော . . . ဆံပင်တို့က အလှပိုရုံ ကပိုကရိုနှင့် . . .။

ထား . . .။ ရွှန်းသစ်စအရွယ်လွန်၍ ထွန်းပပန်းဝေ အလှမျိုးတွေကြွယ်၊ ကျော့သောအရပ် ရှည်သွယ်လာပေမင့် ကျွန်တော် ဘယ်လိုမှ မမှား မမေ့နိုင်သည့် ထား . . .။ လွမ်းရ . . . တမ်းရ . . . ချစ်လိုက်ရပါသည့် ထား . . .။ ကျွန်တော့် သက်ထား . . .။

ဖြူဝင်းလှသော နဖူးဆီ ဝဲကျနေသည့်ဆံနွယ်တို့ကို ခေါင်းလေးခါယမ်းဖယ်လိုက်ပြီး ထားက ကားတွေဆီ လှမ်းကြည့်သည်။ ထား၏မျက်လုံးများက ရှေ့ကားနှစ်စီးမှသည် နောက်၌ ကပ်ရပ်ထားသော ဂျစ်ကားဆီရောက်လာပြီး ကျွန်တော့်ကို မြင်သွား၏။

ပထမတော့ . . . စိမ်းမြမြမျက်မှောင်လေးများ တွန့်သွားသည်။ ထို့နောက် လှလှလေး ပြည့်ဖောင်းသည့် နှုတ်ခမ်းနီလေးများ ပွင့်သွား၏။ အံ့သြမှုကဲသော ပြုံးရိပ်သည် ထင်လာ၏။

www.burmeseclassic.com



ကားစက်ကို သော့ပိတ်ပြီး ကျွန်တော်လည်း ထားထံ ဆင်းသွားသည်။

"ထား . . . "

"အာ . . . ငှက်ပျောတုံးမင်းသားကြီး . . . "

ရုတ်တရက်မို့ ကျွန်တော် အံ့အားသင့်သွားသည်။ ထား ဘာဆိုလိုလိုက်သည်ကို မသိ။

"ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ် . . . ထား . . . "

ထားက အသံလေးထွက်အောင် တစ်ချက်ရယ်လိုက်သည်။

"ရုတ်တရက် စိတ်ထဲပေါ်လာတာ ခေါ်မိတာ . . . ဩော် . . . ဘွားဘွား . . . မှတ်မိလား . . . မြတ်ဆွေရယ် . . . "

မေမေကြီး၏ ငုံ့ထားသောမျက်နှာသည် မော့လာ၏။

"မြတ်ဆွေ . . . မောင်မြတ်ဆွေ . . . ဩော် . . . ထားမပြောရင် ဘယ်လိုလုပ်မှတ်မိမလဲ . . . နည်းတဲ့လူကြီးမှ မဟုတ်တော့တာ . . . "

ကိုယ်ကို ထိန်းချုပ်၍လော၊ ရင်းနှီးခင်မင်မှုကြောင့်လော မသိ။ မေမေကြီး၏ လက်တစ်ဖက်သည် ကျွန်တော့်လက်မောင်းဆီကို ဆုပ်လာ၏။

မေမေကြီး၏ရုပ် များစွာကျသွားပြီ။ ပါးရေတွဲစပြု၍ မျက်လုံးတစ်ဖက်က သိသိသာသာ မှေးနေ၏။ ခန္ဓာကိုယ်ကတော့ အဝ သိပ်မပျက်။

ကားများဘေးမှ ကျန်လူများကလည်း ကျွန်တော့်ကို မြင်သွားကြပြီ။

"ဟဲ့ . . . ဟိုမှာ မောင်မြတ်ဆွေ . . . "

ဤသည်က မခင်အေးအသံ။

"ဘယ်မလဲ . . . ဟုတ်ရဲ့လား . . . အဲ . . . ဟုတ်သားပဲ . . . "

ဤသည်ကတော့ မခင်လေးအသံ။

မခင်အေးကိုတော့ စစ်ပြီးစက တစ်ခါပြန်မြင်ဖူးပြီး မခင်လေးကိုတော့ ကွဲသွားပြီးမှ ယခု ပထမဆုံးအကြိမ် ပြန်တွေ့ရခြင်းဖြစ်၏။ သူတို့ ညီအစ်မနှစ်ဦးစလုံး ဆုတောင်းကောင်းကြသည်။ ရုပ်ရည်မပြောင်းလှ၊ နကြဆဲ၊ လှကြဆဲ။

ဝန်မင်းဦးတင်လတ်က ရင်အုပ်ကျယ်ကျယ်၊ ဗိုက်ရုပ်ရုပ်၊ ခါးသေးသေးပင် ဖြစ်သော်လည်း ဦးတင်လေးမှာမူ ဗိုက်ကြီးလဲ စူပြီ။ ခါးကြီးလဲ တုတ်ပြီ။ မေးလည်း နှစ်လုံးထွက်နေပြီ။

ဦးတင်လတ်ရော၊ ဦးတင်လေးရော ကျွန်တော့်ကို ပြုံးနှုတ်ဆက်ကြ၏။

ဦးတင်လေးကမူ ရင်းနှီးစွာပင် ဆိုလိုက်သေး၏။

"ဟေး . . . မှတ်မိသေးလား . . . တို့ မြစ်ထဲမှာ ရေကူးသင်ပေးကြတာလေ . . . ဟား . . . ဟား . . . "

မခင်လေးက ဘာသဘောပေါက်သည်မသိ။ သူ့လင်တော်မောင်ကို မျက်စောင်းထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဦးတင်လတ်ဘေး၌ ရပ်နေသော လူရွယ်တစ်ယောက်ကို ကျွန်တော် သတိပြုမိ၏။ အသက်အစိတ်ခန့် ရှိမည်။ ဥရောပအဝတ်ကိုပင်ဝတ်ထားပြီး ဂိုက်ဆိုက်ကောင်း၏။

ပစ္စည်းတွေရောက်လာ၍ စုံပြီဖြစ်၏။

မိုးကျရွှေကိုယ်နှင့် လူရွယ်က ကားနှစ်စီးပေါ် အလုပ်သမားများကို ကြီးကြပ်တင်ခိုင်းနေကြ၏။

ခြင်းတောင်းနှစ်တောင်းနှင့် သေတ္တာတစ်လုံး ကျန်နေ၏။

မခင်အေးကဆို၏။

"ရေ့ခန်းတွေ မျှတင်ပေါ့ . . . ဒီလိုပဲ နည်းနည်းတော့ ကျပ်ကျပ်တည်းတည်း ခဏဟာ . . . "

ကျွန်တော်က ဝင်ပြောသည်။

"ကိစ္စမရှိဘူး . . . ကျွန်တော့်ကား ပါပါတယ် . . . မိုးကျရွှေကိုယ်ရေ . . . အဲဒီဂျစ်ကားပေါ် တင်ခိုင်းဟေ့ . . . "

အစစအဆင်ပြေသွား၏။

ထားက ကျွန်တော့်နားကပ်လာပြီး ဆို၏။

"ဒါ ယူ့ကားလား . . . "

"ကိုယ့်အပိုင်တော့လဲ မဟုတ်ဘူး . . . "

"ဒါဖြင့် ယူ ကားမောင်းစားနေသလား . . . "

"ထမင်းစားဖို့ တစ်ခုခုတော့ လုပ်ရတာပေါ့ ထားရယ် . . . "

"ကားမောင်းစားတာဟာ လမ်းဘေးမှာ စီးကရက်ရောင်းစားတာထက်တော့ တော်တာပေါ့ . . . နော် . . . ယူ . . . "

"အင်းပေါ့ ထားရယ် . . . "

အားလုံး ကားပေါ်စတက်ကြပြီ။

ဗျူဝစ်ကြီးပေါ်သို့ ဦးတင်လတ်၊ ဦးတင်လေးနှင့် ဇနီးများ။ ကားမောင်းသူက ကုလားတစ်ဦး။

ဦးတင်လတ်က စောစောကလူရွယ်ကို ကြည့်ပြီးဆို၏။

"ဒီနေ့တော့ ကိုခင်မောင်ဝင်းလဲ ဒရိုင်ဘာဖြစ်နေပါပြီ . . . အားနာစရာ . . . "

"ကိစ္စမရှိပါဘူး အန်ကယ် . . . ကျွန်တော့်ဝတ္တရားပါ . . . ကဲ . . . ထား . . . ပလိစ် ဂက်အင် . . . "

ထား၏လက်တစ်ဖက်၌ လက်ပွေ့အိတ်ကိုင်ထားသည်။ အခြားတစ်ဖက်က ပန်းစည်းတစ်ခု . . .။

ကိုခင်မောင်ဝင်းသည် အင်္ဂလိပ်ရုပ်ရှင်မင်းသားတစ်ဦး၏ လူကြီးလူကောင်းဟန်အပြည့်ဖြင့် ဟန်းဘားကား၏ နောက်ခန်းတံခါးကို ဖွင့်ပေးနေသည်။

ထားက . . . "ဘွားဘွား အရင်တက် . . . " ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးက ခြေတစ်ဖက်ဆွဲကြီးနှင့် ကားပေါ်တက်ရန် ပြင်နေ၏။

ကျွန်တော်မနေသာ။ မေမေကြီးကို လက်မောင်းမှ ကိုင်တွဲကူပြီး ကားပေါ်တင်ပေးမိ၏။

"သာဓု လူကလေး . . . သာဓု . . . "

မေမေကြီးထံမှ လူကလေးဟု ပထမဆုံးခေါ်သံ ကျွန်တော် ကြားဖူးရသည်။ ရင်တွင်း၌ ဆို့သကဲ့သို့ ဖြစ်သွားမိ၏။

ထား ကားပေါ်တက်ပြီးသောအခါ ကိုခင်မောင်ဝင်းသည် ရှေ့ခန်းဝင်ထိုင်လိုက်၍ ကျွန်တော့်အနီးရပ်နေသော မိုးကျရွှေကိုယ်ကို လှမ်းခေါ်၏။

"ဟေး . . . ဖွိုင်း . . . တက်လေ . . . ကားပေါ် . . . "

"ဟရေး . . . ဘာ . . . ဖွိုင်း . . . နာ ဖွိုင်းမဟုတ်ဘူး . . . နာ မိုးကျရွှေကိုယ် . . . နာ နင်မောင်းတဲ့ကားနော် . . . မရီးဘူး . . . မြတ်ဆွေးကားနော် . . . ရီးမယ် . . . "

ကိုခင်မောင်ဝင်း ပါးစပ်ကြီးပြဲသွား၏။ ထားက အားနာဟန် ဝင်ပြောသည်။

"မိုးကျရွှေကိုယ် . . . သူမသိလို့ဥစ္စာကို . . . တကတဲ . . . "

"ဟမ်း . . . ဟမ်း . . . မသိဘူးနော် . . . မွေးပါ . . . . မမွေးပဲ ဖွိုင်းလို့ခေါ်တယ်နော် . . . ကမ်းဒလား . . . နာ တတ်ခါထဲ တိတ်ရိုတ်ရှိုးတယ် . . . "

"ကဲ . . . တော်ပါတော့ . . . သြော် . . . ယူရေ . . . အိမ် မှတ်မိတယ်နော် . . . "

"မှတ်မိပါတယ် . . . ကဲ . . . မိုးကျရွှေကိုယ် . . . လာ . . . "

ရှေ့ကားနှစ်စီးနောက်မှ ကျွန်တော့်ကားလည်း လိုက်ခဲ့၏။

မိုးကျရွှေကိုယ်က မကျေမချမ်းနှင့် ကုလားလိုရော မြန်မာလိုပါ ဆဲဆို၍လိုက်လာ၏။

"ဘာကမ်းဒလဲ . . . ခွေးမဒါး . . . ဖူးရကူးပတ်ကလား . . . နောက်ပိုးရှောက်ရူး . . . "

"အဲဒီလူက ဘယ်သူလဲ . . . "

"နာမတိဘူး . . . နာတိတာ နွာချီးထောက်မှာ အရိုးရှိတယ်နော် . . . ခွေးကြည့်တယ် . . . ဟမ်း . . . ထားကိုနော် . . . တူဒီလိုပဲ ခွေးကြည့်တယ် . . . "

တစ်လမ်းလုံးဒေါပွလာသော မိုးကျရွှေကိုယ်ကိုကြည့်ကာ သဘောကျလျက် ကျွန်တော်တို့သည် ဦးဝိစာရလမ်းရှိ အိမ်ကြီးဆီ ရောက်လာခဲ့၏။

သည်အိမ်ကြီးဆီ ပြည်မှတစ်ခေါက်အပြန်၌ အကျိုးအကြောင်း စာလာပေးရင်း ကျွန်တော် တစ်ခေါက်ရောက်သေးသည်။ နောက်ထပ်တော့ အကြောင်းမရှိ၍မရောက်တော့ . . .။

ယခုတစ်ဖန် မြင်ရသောအခါ အံ့အားသင့်သွားမိ၏။

နဂိုကတည်းက အတန်ခေတ်မီသော အိမ်ကြီးတစ်လုံးဖြစ်သည်။ အခု ပြန်လည်ပြုပြင်ထားရာ အသစ်ကျပ်ချွတ်ကဲ့သို့ ခမ်းနားတင့်တယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြီးကလည်း ကျယ်သည်။ ပန်းခင်း၊ ရေပန်းရဟတ်၊ တင်းနစ်ရိုက်ကွင်း၊ ကားဂိုထောင်၊ အစေခံအုတ်တိုက်ပု၊ ရေလှောင်တိုင်ကီစင် စသည်ဖြင့် ပြည့်ပြည့်စုံစုံ၊ ကုံကုံလုံလုံ။

ပစ္စည်းတွေချအပြီး၌ ထိုင်ဆိုဖာ၊ လျောင်းဆိုဖာများရှိသော ဧည့်ခန်းတွင် ခေတ္တထိုင်ကြ၏။

"ထားတို့ ဒီ တစ်ခါထဲ ပြောင်းလာကြတာလား . . . "

"ဟုတ်တယ် . . . ဒယ်ဒီက ပင်စင်ယူလိုက်ပြီလေ . . . "

ကျွန်တော် နားမလည်။ ဦးတင်လတ်၏အရွယ်မှာ ပင်စင်ယူသည့်အရွယ်မဟုတ်သေး။

ထားကသာ ဆက်ပြော၏။

"ဒယ်ဒီ ဒီဆင်းနင့်နေတာ ကြာပါပြီ . . . ထားက မန္တလေးစင်တာမှာ စာမေးပွဲဖြေနေရသေးလို့ . . . ခု ထား မက်ထရစ်အောင်ပြီ . . . တက္ကသိုလ်တက်မလို့ . . . "

ထိုစဉ် အိမ်ရှေ့မှ ကားဟွန်းသံ ထွက်လာသည်။ ကျွန်တော့် ဂျစ်ကားဟွန်းသံ . . .။

ကျွန်တော်သည် လက်ပတ်နာရီကို ငုံ့ကြည့်မိ၏ . . .။ ဟိုက် . . .။ ခြောက်နာရီကျော်ပြီ။

ကျွန်တော် နေရာမှ ကပျာကယာထ၏။

"ယူ ပြန်တော့မလို့လား . . . ဒယ်ဒီတို့နဲ့ စကားမပြောတော့ဘူးလား . . . "

"ကိုယ် ကိစ္စရှိသေးတယ် . . . နောက်မှလာခဲ့မယ် . . . "

ဤအခိုက်တွင်ပင် အိမ်ပေါ်ထပ်တက်လိုက်သွားရာမှ ကိုခင်မောင်ဝင်း ဆင်းလာသည်။

သူက ဘောင်းဘီအိတ်ဆီ လက်နှိုက်ရင်း မေး၏။

"ဩော် . . . ဘယ်လောက်ပေးရမလဲဟေ့ . . . "

လုပ်ပြန်ပြီ။ မိုးကျရွှေကိုယ် ဆဲသကဲ့သို့သာ ဆဲလိုက်ချင်သည်။ ကျွန်တော်က ထားကိုသာ လှမ်းကြည့်သည်။

ထားက ကျွန်တော့်ခံစားချက်ကို ရိပ်မိသွားဟန်ဖြင့် ကိုခင်မောင်ဝင်းဘက် လှည့်ပြောသည်။

"မလိုပါဘူး ဦးခင်မောင်ဝင်း . . . သူက ထားတို့ရဲ့ . . . အဲ . . . ကွဲနေတာကြာတဲ့ . . . ဟိုဒင်း . . . သားချင်းထဲကပါ . . . "

ကျွန်တော်သည် ထားကိုနှုတ်ဆက်ပြီး ဂျစ်ကားဆီ ပြေးလာခဲ့သည်။

ဘုတာရုံသို့ တန်ဆာလိုက်လုပ်သည့် မူလငှားသူက ဟွန်းထပ်နိုပ်မည်ပြုနေရာမှ ရပ်သွား၏။ သူက ကျွန်တော်တို့နှင့် အိမ်နီးချင်းဖြစ်၏။

"ခင်ဗျားမေ့နေမှာစိုးလို့ သတိပေးတာ . . . ထွက်ခါနီး အမာညို ဘာမှာလိုက်သလဲ . . . "

"အေးဗျာ . . . ဟုတ်ပါရဲ့ . . . "

ကျွန်တော်သည် ရှင်ရဲထွတ်ကို အမြန်မောင်းပြန်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ်က ပြင်ဆောက်ပြီးပြီ။

ကားထိုးဆိုက်ပြီး အိမ်ပေါ်တက်လိုက်သည်ဆိုလျှင်ပင် ခါးထောက်၍ရပ်နေသော အမာညိုနှင့် ရင်ဆိုင်ရသည်။

အမာညိုသည် ကျော့နေအောင် ဖီးလိမ်းဝတ်စားထားသည်။

"ရှင့်ကို ငါးနာရီခွဲအရောက်ပြန်ခဲ့ဖို့ မှာလိုက်တယ် မဟုတ်လား . . . "

"အေးဗျာ . . . ဘူတာရုံမှာ အသိတွေနဲ့ သွားတိုးနေလို့ . . . "

"တိုးတိုးတော် . . . ဒီလောက်တောင် ကြာရသလား . . . ခြောက်နာရီထိုးပြီးနေပြီ . . . ရုပ်ရှင်မီပါတော့မလား . . . "

စားပွဲတွင်ထိုင်နေသော ကိုကံလှက လေပျော့နှင့် ဝင်ပြော၏။

"ကွယ် . . . အမာကလဲ . . . ကားနဲ့သွားတာပဲ . . . မီပါတယ် . . . မမီလဲ နောက်ပွဲပေါ့ . . . "

"မိုးထဲလေထဲ ကိုးနာရီခွဲပွဲ မကြည့်ချင်လို့ပေါ့ . . . အစထဲက သေသေချာချာမှာလိုက်တာ . . . သက်သက်ဝွတိုက်သလိုပဲ . . . "

ဒေါင်းမက စခွပ်ပြီ။ ခါမှာလည်း အတက်နှင့်။ သို့ရာတွင် ကြား၌ မှိုင်နေသောမျောက်က ရှိနေသေးသည်။

"ကျွန်တော် တောင်းပန်ပါတယ် မအမာညို . . . ခုလဲ ဆယ့်ငါးမိနစ်လောက် အချိန်ရှိပါသေးတယ် . . . "

အမာညို တစ်စုံတစ်ရာထပ်မပြောမိ ကိုကံလှက ဝင်ပြော၏။

"ကဲ . . . အမာ . . . ပြောနေကြတာနဲ့ မမီပဲနေဦးမယ် . . . မြို့ထဲနဲ့ ဒီ ဆယ်မိနစ်ဆို ရောက်ပါတယ် . . . ကဲ . . . သွားမယ် . . . ဩော် . . . ဖိုးမြတ်ဆွေ . . . ကိုရင်ကော လိုက်ဦးမလား . . . "

"သွားကြတော့ဗျာ . . . ရော့ . . . ကားသော့ . . . "

အမာညိုက ဖိနပ်ခွာသံပြင်းပြင်းနှင့် ရှေ့မှဆင်းသွား၏။ ကိုကံလှက နောက်မှ ကုပ်ကုပ်လိုက်သွား၏။

ကျွန်တော် သက်ပြင်းချမိ၏။

ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် တစ်ဂူမှာ နှစ်ကောင်မအောင်း။

ခါနှင့်ဒေါင်းလည်း တစ်ကိုင်းတည်း နေ၍မဖြစ် . . . မဖြစ်။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

တက္ကသိုလ်ဖွင့်စရက်များ၌ ပျော်ရွှင်ဖွယ်ကောင်းပုံ၊ တက္ကသိုလ်မြေကို စတင်ခြေချလေသူတို့၏ ရွှင်ပုံလန်းပုံတို့ကို အများရေးသားကြ၏။ အများအတွက် မှန်ချင်လည်းမှန်ပေမည်။

ကျွန်တော့်အတွက်မူ တက္ကသိုလ်မြေကို စတင်ခြေချသောနေ့၌ ထူး၍လည်းမပျော်ပါ။ မပျော်ဘူးလည်း မဟုတ်ပါ။

ကျွန်တော့်ရင်မှ ခံစားချက်သည် ပျော်ခြင်းမပျော်ခြင်းနှင့် မသက်ဆိုင်လှ။ ခံစားချက်ဟုပင် ခေါ်နိုင်မည်မထင်။ သတိပြုဋ္ဌာန်းချက်တစ်ရပ်ဟုမူ ခေါ်ဆိုနိုင်မည်ထင်သည်။

ကျွန်တော်သည် ဘဝအတွက် တစ်စုံတစ်ရာကို ရွေးချယ်လိုက်ပြီဆိုသည်ကို သတိရှိနေသည်။ သည်ရွေးချယ်ချက်သည် စွန့်စားမှုတစ်ရပ်မဟုတ်သည့်တိုင် . . . စိန်ထားရသည့်သဘော၊ လောင်းထားရသည့်သဘောရှိမှန်းတော့ ကျွန်တော် ပြတ်ပြတ်သားသားနားလည်ထားသည်။

ကြီးမားသော တက္ကသိုလ်၏ အဆောက်အဦးကြီးများ၊ စိမ်းမှောင်နေသော ကုံကော်ပင်များ၊ မိုးရေနှင့်လက်၍ နက်ပြောင်နေသော ကတ္တရာလမ်းလေးများကိုကြည့်ရင်း လွန်ခဲ့သောခြောက်နှစ်ကျော်ကျော် နွေက ပြည်ဆိပ်ကမ်း၊ သဲသောင်ပေါ်မှ စစ်ပြေးကုလားများကို မြင်ယောင်မိသည်။

သောင်မှနေ မြစ်ကိုကူးကြရမည်။ တစ်ဖက်ကမ်း ပန်းတောင်းရောက်လျှင် ခြေလျှင်လမ်းကြမ်းဖြင့် ရခိုင်ရိုးမကို ကျော်ရဦးမည်။ ရိုးမကို ကျော်မိလျှင်မူ . . .။

သူတို့၌လည်း သတိပြုဋ္ဌာန်းမှု ရှိလိမ့်မည်ထင်သည်။ သတိပြုဋ္ဌာန်း၍ ရိုးမကို ကျော်ကြသည်ထင်သည်။

အင်း . . .။ ကျွန်တော်လည်း ရိုးမကို ကျော်ရပါမည်။ ရိုးမကို ကျော်မိလျှင်မူ . . .။

သင်တန်းပထမနေ့များ ထုံးစံအတိုင်း အတန်းများတွင် ဘာမျှ ရေရေရာရာမသင်၊ သင်မည့်ဘာသာရပ်၏ သဘောသဘာဝ မိတ်ဆက်အဖွင့်ပြောကြားပြီး ဆရာများက စာအုပ်စာရင်းပေး၍ အတန်းဖြုတ်လိုက်ကြသည်။

မြောက်ဖက်ဆုံးရှိ အဆောင်ကြီး၏အောက်ဆုံးထပ် စင်္ကြံအတိုင်း ကျွန်တော်က အနောက်မှ အရှေ့သို့ ဗလာစာအုပ်လေးများပိုက်ပြီး လျှောက်လာသည်။ ရူပဗေဒစင်္ကြံထောင့်ချိုးမှလည်း ကျောင်းသူကျောင်းသားတွေ တစ်တန်းကြီး လျှောက်လာနေသည်။

"အို . . . ဟေး . . . ယူ . . . "

ထား၏အသံမှန်း ကျွန်တော် ကောင်းကောင်းမှတ်မိပါ၏။

အဖော်ကျောင်းသူတစ်သိုက်ထံမှခွဲကာ ထားသည် ကျွန်တော့်ထံလျှောက်လာ၏။

ထားသည် ကျွန်တော့်ရှေ့၌ ခြေစုံလေးရပ်လိုက်ပြီး သူ့ထက် ခေါင်းတစ်လုံးပိုမြင့်သော ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူ . . . ယူ . . . ဒီဘာလာလုပ်တာလဲ . . . "

"ကိုယ် ပတ်ဆင်ဂျာ လိုက်ပို့တာ . . . "

ထားသည် ခေါင်းလေးကို ယမ်းခါလိုက်၏။

"ယူ ဘာလို့ ထားကို လိမ့်ချင်ရတာလဲ . . . ယူဝတ်ထားတာကိုလဲ ငုံ့ကြည့်စမ်း . . . ပြီးတော့ ယူ့လက်ထဲက ပိုက်ထားတာတွေကကော . . . "

ကျွန်တော်က စတစ်ကော်လံအင်္ကျီအောက်ခံနှင့် အပေါ်ဖုံးတိုက်ပုံအင်္ကျီဝတ်ထားသည်။ ဒရိုင်ဘာဟန်တော့ မပေါက်လှပါ . . .။

ကျွန်တော်က ပြုံးနေသောအခါ ထားသည် ရယ်၏။

"ယူ တော်တော် တတ်နိုင်တယ် . . . ဟွန်း . . . ဒါထက် ယူ အားသလား . . . "

"အားပါတယ် . . . "

"ဒါဖြင့် ထားလဲ အားတယ် . . . ထားနဲ့ လိုက်ခဲ့စမ်း . . . နော် . . . "

"လိုက်ရမှာပေါ့ . . . ထား ခိုင်းရင် ကိုယ် အမြဲလုပ်ခဲ့တာကို . . . "

"တော်စမ်းပါ . . . ပိုပြန်ပြီ . . . မုန်းလိုက်တာ . . . "

ထားနှင့်ကျွန်တော်သည် ယှဉ်တွဲပြီး တောင်ဘက်မျက်နှာစာ ကားများဆိုက်ရာဆီ လျှောက်ခဲ့ကြ၏။

တစ်နေ့က တွေ့ခဲ့ရသော ဟန်းဘားဘောက် ကားအနီးတွင် ထားကရပ်လိုက်၏။

"ယူ မောင်းကြည့်မလား . . . "

"ဘယ်သူမောင်းလာတာလဲ . . . "

"ထားပေါ့ . . . သိပ်ဆွဲတယ် . . . ထား ကောင်းကောင်းမနိုင်ဘူး . . . "

ထားဆီမှ ကားသော့ယူပြီး ကျွန်တော်က တံခါးဖွင့်၍ ဒရိုင်ဘာထိုင်ခုံ၌ ဝင်ထိုင်လိုက်၏ . . .။ ထားက ကျွန်တော့်ဘေး၌ပင် ဝင်ထိုင်သည်။

"ကဲ . . . ကိုဘတင့် . . . မောင်းတော့ . . . "

"ဘာပြောတယ် . . . "

"ကဲပါ . . . မောင်းပါဆို . . . "

"ဘယ်မောင်းရမလဲ . . . "

"သမဂ္ဂလက်ဖက်ရည်ဆိုင်ကို . . . ထား နည်းနည်းဆာလို့ . . . "

မကိုင်ဖူးသောကားဖြစ်သောကြောင့် ကျွန်တော် သတိနှင့် ထိန်းမောင်းထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သမဂ္ဂအဆောက်အဦးအောက်ထပ် မြောက်ဘက်ပိုင်း၌ ဖွင့်ထားသော စားသောက်ဆိုင်တွင်း ထားနှင့်ကျွန်တော် ဝင်ထိုင်ကြ၏။

မှာလိုက်သော လက်ဖက်ရည်နှင့်မုန့်များ ရောက်လာသောအခါ စားသောက်ရင်း စကားပြောကြ၏။

"စောစောက ထားက ကိုယ့်ကို ဘာလို့ ကိုဘတင့်လို့ ခေါ်တာလဲ . . . "

ထားက ဟက်ခနဲ တစ်ချက်ရယ်လိုက်၏။

"ခေါ်မှာပေါ့ . . . ယူ့လုပ်ပုံက ဆရာဇဝနဇာတ်လိုက်အတိုင်းပဲ . . . "

ထိုအခါကျမှ သဘောပေါက်ပြီး ကျွန်တော်လည်းပြုံးမိ၏။

ဆရာဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုကြီးတွင် ကျော်ဝင်းကို မသန်းမြင့်က ဒရိုင်ဘာဟု ထင်ဖူးသည်။ ရုပ်ချော ဂိုက်ကောင်းမို့ ထိုစဉ်က နာမည်ကျော်ရုပ်ရှင်မင်းသား ကိုဘတင့်၏ အမည်ဖြင့် တင်စားခေါ်သည်။

"ဝတ္ထုထဲမှာ ကျော်ဝင်းက ဟန်ဆောင်တဲ့ဒရိုင်ဘာပါ ထား . . . ကိုယ်က ဒရိုင်ဘာအစစ်ပါ . . . "

"ထား အဲဒါသိချင်တာပေါ့ . . . အခု ယူ ဘယ်လိုလုပ် ကျောင်းလာတက်နေသလဲ . . . "

"ကိုယ့်အုံနာက ကိုယ့်မိတ်ဆွေလေ . . . စနေ တနင်္ဂနွေတွေမှာ ကိုယ်က ကားမောင်းပေးမယ် . . . ဒီကြားထဲ အရေးကြီးရင်တော့ . . . အဲ . . . ကလပ်(စ်)က လစ်တန်လစ်ရမှာပေါ့ . . . "

"ယူ့ကို သူက လခဘယ်လောက်ပေးလဲ . . . "

"လခရယ် ကိုယ်မရပါဘူး . . . အိမ်နေ . . . ထမင်းစား . . . လိုတဲ့အခါ တောင်းသုံး . . . ဒီလိုပါ . . . "

ထားသည် ကျွန်တော့်ကို တွေတွေလေး တစ်ချက်စိုက်ကြည့်၏။

"ဖြစ်ပါ့မလား . . . "

"ဘာမေးတာလဲ ထား . . . "

"ယူ့ဟာက အရှည်မှာ ဖြစ်မလား . . . "

ထားမမြင်အောင် ကျွန်တော်သည် သက်ပြင်းခိုးရှိုက်၏ . . .။ အရှည်ထားတော့ . . .။ ယခုပင် အမာညို့နှင့်က အဆင်မပြေချင်လှတော့ . . .။

"ဟော . . . ယူ ဘာဖြစ်သွားပြန်တာလဲ . . . "

"ဩော် . . . ထားရဲ့စကားကို စဉ်းစားမိလို့ပါ . . . ကိုယ်လဲ စောစောက တွေးမိသေးတယ် . . . ရိုးမကိုတော့ ကိုယ်ကျော်ကြည့်ပြီလို့ . . . "

"အဲဒါ ဘာပြောတာလဲ . . . "

"မဖြစ်နိုင်တာကို ကြိုးစားကြည့်တဲ့အခါမှာ ရွှေမြင့်မိုရ်တစ်တောင်လုံးကို တုံးမှတ်လို့ခုန် လို့ ပြောကြတယ် . . . မြင့်မိုရ်တောင်ကို ကိုယ်မမြင်ဖူးဘူး . . . ကိုယ်မြင်ဖူးတာက ရိုးမ . . . အဲဒါပြောတာ . . . "

"မြတ်ဆွေ . . . ယူ အခု ဘာကွန်ဘိုင်နေးရှင်း ယူသလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကြိုက်မြန်မာစာ၊ ပါဠိ၊ လောကဂျစ် . . . "

"ဟင် . . . ယူ့ဟာက ဘုန်းကြီး ကွန်ဘိုင်နေးရှင်းကြီး . . . "

"ဘုန်းကြီးကွန်ဘိုင်နေးရှင်းဆိုလို့ . . . ကိုယ်စိတ်မဆိုးပဲ ဂုဏ်ယူပါတယ် . . . ကိုယ့်ဘဝ မှိုင်ပြမ်းပြုရုပ်ပုံကလည်း ဘုန်းကြီး တစ်ပါးကိုး . . . "

"အဲဒါကကော ဘာပြောတာလဲ . . . "

"အတုယူတဲ့ အင်းမိတ်ဂျ်ကို ပြောတာ . . . "

"ယူ့အင်းမိတ်ဂျ်က ဘုန်းကြီး . . . "

"ဟုတ်ပါတယ် ထား . . . သူ့ဘွဲ့တော်က ရှင်မဟာရဋ္ဌသာရတဲ့ . . . "

"ယူ့မှာ ဝဏ္ဏပဘာ ရှိပြီလား . . . "

ကျွန်တော်က နှစ်ခြိုက်စွာပြုံးမိ၏။ ထားသည် မြန်မာစာပေသမိုင်းတော့ သိထားပုံရသည်။

ထား၏မေးခွန်းကို ကျွန်တော်က သွယ်ဝိုက်၍သာဖြေရ၏။

"အသည်းနှလုံးဆိုတာ ခက်ပါတယ် ထားရယ် . . . သူက မရှိအပ်တာကိုမှ အရင် အပိုင်သိမ်း မြှုပ်နှံထားချင်ပါတယ် . . . ဒါပေမယ့် ရှင်မဟာရဋ္ဌသာရရဲ့ ဘဝမှာ ဦးနှောက်ကသာ ရှေ့ဆောင်ပါတယ် . . . "

ထားသည်ရယ်ပြီး ခေါင်းကလေးကို တမင်ကုတ်ပြ၏။

"ယူပြောတာတွေ ထား နားမလည်တော့ဘူး . . . နေဦး . . . ဘူတာမှာတွေ့တုန်းက ယူ့ကို ထားက ငှက်ပျောတုံးမင်းသား ကြီးလို့ ခေါ်တာ နားလည်လား . . . "

"ဟင့်အင်း . . . အဲဒါလဲ မေးမလို့ . . . "

"ဖြစ်ရလေ . . . ကိုယ်လုပ်ခဲ့တာ မမှတ်မိဘူးလား . . . ထုံးဘိုတုန်းက ထား ရေကူးသင်ဖို့ ယူ ငှက်ပျောတုံးကြီးတွေ ထမ်း ထမ်းယူလာတာလေ . . . ယူ့ မြင်မြင်ချင်း ဘာလို့လဲ မသိဘူး . . . အဲဒါ သွားသတိရလို့ . . . "

ကျွန်တော် ရယ်မိသည်။ ထားက ကြုံကြုံဖန်ဖန် သတိရသည်။

"ဒီတုန်းက ထား သိပ်ဆိုးတာပဲ . . . တွေးမိရင် ယူ့ကို သနားတယ် . . . ထား ရေနစ်တုန်းကလဲ ယူသာ မဆယ်ရင် ခုနေ ထား ဘယ်ရောက်နေမလဲ . . . ကောင်းကင်ဘုံမှာ ကြိုးလေးတန်းလန်းနဲ့ နေမှာပဲ . . . "

"အခုမှသာ ဒီလိုပြောတာ . . . အဲဒီတုန်းကတော့ ကိုယ့်ကို ထား စိတ်ကောက်သေးတယ် . . . "

"ဒါကြောင့် ထားဆိုးပါတယ်လို့ ပြောတာပေါ့ . . . အဲဒါနဲ့ . . . နေဦး . . . ထား ဘာပြောမလို့ပါလိမ့် . . . "

"အင် . . . ကိုယ်ပြောချင်တာကို ကိုယ်မေ့သလား . . . "

"မေ့တာပေါ့ . . . ယူက မြင့်မိုရ်တောင်တွေ . . . ရိုးမတွေ လျှောက်ပြောနေတာကိုး . . . နေဦး . . . အဲ . . . ပေါ်လာပြီ . . . ယူ့ကျေးဇူး ထားမှာရှိတယ် . . . ယူ့ကို ခုလိုမြင်ရတော့ ထား စဉ်းစားကြည့်တယ် . . . ယူ့အတွက် ထားမှာ တာဝန်ရှိတယ် . . . "

ကျွန်တော်က ထားကိုမော့ကြည့်သည်။ ထားကတော့ မင်သေသေ ဣန္ဒြေရရနှင့် ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူ မုန်မုန်ပြောစမ်း . . . ယူ တက္ကသိုလ်တက်ဖို့ အခက်အခဲရှိတယ် မဟုတ်လား . . . "

"ဩော် . . . ထားရယ် . . . ရိုးမကို ကိုယ် စကျော်နေပါတယ်လို့ ပြောခဲ့ပါရောလား . . . "

"လာပြန်ပြီ ဒီရိုးမက . . . ထား မေးမယ် . . . ယူ ထားတို့နဲ့ ပြန်လာနေမလား . . . "

မမျှော်လင့်သောစကားမို့ ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ၊ အံ့အားလည်းသင့်သွားသည်။

ထားကပြုံးလိုက်ပြီး ရှင်းပြ၏။

"ဒယ်ဒီပင်စင်ယူလာတာ ထားပြောပြီးပြီ . . . အိုင်စီအက်(စ်)တွေနဲ့ အဆင့်တူတဲ့လူဟာ အခု မြန်မာအစိုးရလက်အောက်မှာ ဆက်မလုပ်ချင်ရင် လျော်ကြေးယူပြီး ပင်စင်ယူလို့ရတယ် . . . ဒယ်ဒီက ဒီအက်စ်အင်မ်ရော၊ ဒီအက်စ်စီပါ ရထားတာ . . . ထားပါ တော့လေ . . . အဲဒီလိုပဲ ဒယ်ဒီလဲ ပင်စင်ယူလိုက်ပြီ . . . ပြီးတော့ အခု အင်တားနေရှင်နယ်လ် ဘော့လ်ဒါးအင် ကွန်စထရပ်ရှင်းနဲလ် ဆင်ဒီကိတ်မှာ အလုပ်ရတယ် . . . အင်ဂလိုအမေရိကန် ဖန်းတစ်ခုပဲ . . . အင်ဒီးယားမှာရော ယိုးဒယားမှာရော ဘရင့်ချ်တွေရှိတယ် . . . ဒယ်ဒီ့ရာထူးက ဘရင့်ချ်ဒါရိုက်တာ . . . "

"ထားဒယ်ဒီက ဘာလို့ မြန်မာအစိုးရလက်အောက်မှာ အလုပ်မလုပ်ချင်ရတာလဲ . . . "

ထားသည် နှာခေါင်းလေးရှုံ့ပြီး ဆို၏။

"အိုး . . . ဘာလို့လုပ်ရမှာလဲ . . . ဘာတတ်တဲ့ကောင်တွေမို့လဲ . . . "

ထားက ပေါ့ပေါ့ဆဆပင် မှတ်ချက်ချလိုက်သော်လည်း ကျွန်တော့်ရင်ထဲတွင်မူ နင့်သကဲ့သို့ ဖြစ်သွား၏။ သို့ရာတွင် ထားနှင့် ကျွန်တော် မငြင်းပါ။ ငြင်း၍လည်း အကျိုးရှိမည်မဟုတ်ဟု ထင်သည်။

"အင်း . . . ဆက်ပြောပါဦး . . . "

"ယူ့အတွက် ဒယ်ဒီ့ဆီမှာ အလုပ်တောင်းရင် တစ်ခုခုတော့ ရမှာပဲ . . . "

"ဒါပေမယ့် ကိုယ်က ကျောင်းတက်ချင်တာ . . . "

"အဲဒါပြောမလို့ပဲပေါ့ . . . အိမ်မှာ ကားနှစ်စီးရှိတယ် . . . တစ်စီးက ဒယ်ဒီအလုပ်သွားဖို့ . . . ဂေါက်ရိုက်ဖို့ . . . တစ်စီးက တော့ အိမ်သုံးဖို့ . . . အိမ်သုံးဖို့ထက် ထားသုံးဖို့ပါ . . . တကယ်လဲ ထားဖို့ဝယ်ပေးတဲ့ကား . . . "

"အဲဒီတော့ . . . "

"စိတ်တိုင်းကျမယ့် ဒရိုင်ဘာရှာမရသေးဘူး . . . တော်ရုံတန်ရုံဒရိုင်ဘာလဲ ထား စိတ်တိုင်းမကျဘူး . . . ဒီတော့ ယူလုပ်မ လား . . . "

ကျွန်တော် ငိုင်ကျသွားသည်။ ရင်မှာလည်း လှုပ်ရှားလာသည်။ မည်သို့ သဘောပေါက်သွားသည်မသိ . . .။ ထားက ပျာပျာ သလဲ ဝင်ရှင်း၏။

"ဒရိုင်ဘာဆိုလို့ ယူစိတ်မဆိုးနဲ့နော် . . . အမှန်က ဒရိုင်ဘာလဲ သိပ်မလိုပါဘူး . . . ထားလဲ ကားမောင်းတတ်သားပဲ . . . ထား လိုချင်တာက ဗွားလေးဒါရှမ်းဘား . . . ယူက ထားရဲ့ ဗွားလေးဒါရှမ်းဘား . . . "

"ဘာရယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ယူ နားမလည်ဘူး . . . ပြင်သစ်လိုပြောတာ . . . ဟိုဒင်း . . . ကိုယ့်အစ်ကိုလို . . . မောင်လို . . . မိတ်ဆွေလို ထားကို စောင့်ရှောက်ကူညီမယ့်လူယုံ . . . အတွင်းလူယုံ . . . ယူက ထားရဲ့ အသက်သခင်ဖြစ်ဖူးတယ် မဟုတ်လား . . . "

ကျွန်တော်က ငိုင်စဉ်းစားသည်။ ထား၏လူယုံ။ အတွင်းလူယုံ . . .။

"ယူ ဘာတွေ စဉ်းစားနေတာလဲ . . . မလုပ်ချင်လို့လား . . . "

"မဟုတ်ပါဘူးလေ . . . လူကြီးတွေက ဘာပြောမလဲ . . . "

ထားသည် ခေါင်းလေးမော့ပြီး မျက်နှာတင်းသွားသည်။ သည်လိုဆိုပြန်တော့ ထား၏မျက်နှာထားက ဘုရင်မတစ်ပါးနှင့် တူသည်။

"ယူ နားလည်ထားဖို့က အိမ်မှာ ထားလဲ လူကြီးတစ်ဦးပဲ . . . အခု အိမ်နဲ့ခြံဟာ ဘွားဘွားပစ္စည်း . . . ထားကို အကုန် အမွေလွှဲပေးပြီးပြီ . . . ငွေလဲ ထားမှာ ထားရဲ့ သီးသန့် ဘင့်ခ်အက်ကောင့်ထဲနဲ့ . . . "

ပြောပြောဆိုဆိုနှင့် ထားသည် လက်ပွေ့အိတ်ကိုဖွင့်ပြီး တစ်စုံတစ်ခုကို ထုတ်ယူ၏။

"ရော့ . . . ကြည့် . . . အဲဒါ ထားရဲ့ ချက်ခ်စာအုပ် . . . "

ရိုးသားစွာဝန်ခံရလျှင် ချက်ခ်စာအုပ်နှင့် ချက်ခ်လက်မှတ်ကို ယခု ပထမဆုံးအကြိမ် ကျွန်တော်မြင်ဖူးခြင်းဖြစ်၏။

ချက်ခ်စာအုပ်ကို ပြန်သိမ်းလိုက်ပြီး ထားကမေး၏။

"ကဲ . . . ဘယ်လိုလဲ . . . "

"ရေနစ်သူဟာ ကောက်ရိုးမျှင်တောင် ဆွဲတာပဲဟာ . . . ရိုးမကို ခြေလျှင်ကျော်နေတဲ့ကိုယ့်ကို ကားနဲ့လိုက်ခဲ့ပါလို့ ခေါ်နေတာ . . . ကိုယ်က ဘယ်လိုလုပ်ငြင်းနိုင်မှာလဲ . . . "

ထားသည် ချစ်စဖွယ် မျက်စောင်းလေးထိုးသည်။

"လာပြန်ပြီ ဒီရိုးမ . . . မုန်းတယ် . . . "

လက်ဖက်ရည်နှင့်မုန့်တို့အတွက် ငွေရှင်းပေးပြီး ကျွန်တော်တို့ထွက်လာကြသည်။

ကားဆီရောက်သောအခါ ကျွန်တော်က ရှေ့ခန်းတံခါးအစား နောက်ခန်းတံခါးကို ဖွင့်ပေးသည်။

"အဲဒါက ဘာလုပ်တာလဲ . . . "

"ထားက ကိုယ့်ကို အခု အလုပ်ခန့်လိုက်ပြီမဟုတ်လား . . . ကိုယ်က အခု ထားရဲ့ လူယုံအမှုထမ်းပေါ့ . . . ထားက ကိုယ့်ရဲ့ သခင်မလေး . . . အဲ . . . ကိုယ့်ရဲ့ ထားသခင် . . . ဒီတော့ ထားက နောက်ကနေစီး . . . ကိုယ်က ရှေ့ကနေ မောင်းမယ် . . . မိုးကျရွှေကိုယ်ပြောသလို ပြောမယ် . . . ဒူးဂမ်းက ဒူးဂမ်းနေရာနေးတယ် . . . တောက တောနေရာနေးပါ . . . "

ထားသည် အလွန်သဘောကျဟန်ရယ်လိုက်ပြီး နောက်ခန်း၌ တက်ထိုင်သည်။

"ဘယ်ကို မောင်းရမလဲ . . . "

"အိမ်ကို . . . "

"ကောင်းလှပါပြီခင်ဗျာ . . . "

www.burmeseclassic.com

www.burmeseclassic.com



ကားထွက်လာ၍ ပြည်လမ်းပေါ်အရောက်၌ နောက်မှ ခစ်ခနဲရယ်သံကြားလိုက်ရ၏။

"ထား . . . ဘာရယ်တာလဲ . . . "

"ဘာရယ်ရမလဲ . . . ယူ့ကို သဘောကျလို့ပေါ့ . . . စောစောက ယူ ထားကို ဘယ်လို ခေါ်လိုက်တယ် . . . "

"ထားသခင်လို့ . . . "

"ကောင်းပြီနော် . . . နောက်တော့မှ ထားကို မတော်လှန်ရဘူး . . . "

"စိတ်ချပါ ထားသခင် . . . ရွှေမျက်နှာတော်ညို့ အလိုမကျရင် နေထိတဲ့ပန်းလို နွမ်းရမယ့် ကျွန်တော်မျိုးပါ . . . "

ထား၏ အဆက်မပြတ်ရယ်မောသံလေးကို ကြားရသည်။

သြော် . . .။ သည်လိုဆိုပြန်တော့ ဘဝဟူသည်မှာ ပျော်စရာကြီး . . .။ အမှန်တကယ် ပျော်စရာကြီး . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၂၈)

လူတို့မည်သည် မိမိဘဝကို မိမိပြန်ကြည့် အခိုပ္ပါယ်ကောက်၍ မိမိအတ္တကို ဖောင်းစေသူကလည်း ဖောင်းစေသည်။ ပိန်စေသူကလည်း ပိန်စေသည်။ များသောအားဖြင့် ဖောင်းစေသူက များသည်။

ဟော့ . . .။ တစ်သက်လုံး လူများမျက်ခုံးပေါ် စကြိန်လျှောက်လာတာ . . .။ သည်လိုတစ်မျိုး။ ပေဖြစ်ရင်ခံတယ်ကွ၊ တူဖြစ်ရင် ထုတယ် . . .။ သည်လိုလည်း တစ်မျိုး။ ငါ့ခေါင်းဟာ သွေးချင်းချင်းနီပေမယ့် ဦးမည္တတ်ဘူး . . .။ သည်လိုကလည်း တစ်မျိုး။ ကိုယ့်ဘဝက ခယောင်းတောခရီးပါ၊ နှင်းဆီခင်းတဲ့လမ်း မဟုတ်ပါဘူး . . .။ အဲသည်လိုလေးကလည်း တစ်မျိုး။ ဘာပဲဖြစ်ဖြစ် . . . ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖောင်းကြခြင်း ဖြစ်သည်။

ကျွန်တော့်ဘဝကို ကျွန်တော် ပြန်ကြည့်တော့ ဖောင်းရမည်လော၊ ပိန်ရမည်လော မသိ။

ကျွန်တော့်ဘဝက ရွက်ကျပင်ပေါက်ဘဝ . . .။

ဩော် . . . ကျရာမှာ ပေါက်ရသည်။ သို့မဟုတ် ပေါက်ရန်ကြိုးစားရသည်။ ရေကိုလည်း မရွေးနိုင်ပါ။ မြေကိုလည်း မရွေးနိုင်ပါ။ ဘဝတဏှာအမျှင်လေးတန်းလန်းမို့ ဖြစ်သလိုပေါက်နိုင်စွမ်းသည်ကို ဝမ်းသာရသေးသည်။

ကိုယ်ချစ်ရသော . . . မြတ်နိုးရသော . . . စုံမက်ရသော ထားသခင်၏ ကိုယ်ရံတော် အမှုထမ်းဘဝဆိုသည်မှာလည်း အညတရ တာဝတိံသာနတ်ထက်စာလျှင် အာသာဝတီနွယ်နီပန်းကို သူ့လိုပင် မပန်ရစေ၊ ကိုယ့်မြေတွင်ရှိတုန်း ကိုယ်မမုန်းတမ်း ယုယစောင့်ရှောက်ခွင့်ရသောကြောင့် ကံကောင်းသည့် ကုမ္ဘာဏ်ပမာပါတည်း . . .။ ဤသို့မှတ်လို စိတ်ဖြေ့သိုရသည်။

ထားတို့အိမ်ကြီးက ကြီး၍ကျယ်သည်။

အပေါ်ထပ်တွင် မေမေကြီးက တစ်ခန်း။ ထားက တစ်ခန်း။ မခင်အေးက တစ်ခန်း။ ဦးတင်လတ်က တစ်ခန်း။ လင်နှင့်မယား တစ်ခန်းစီနေသည်ကို ဤတစ်ကြိမ်သာတွေ့ဖူး၏။ ခေတ်မီသူတို့ထုံးစံဟု ဆိုလေသည်။

အောက်ထပ်တွင် ကျွန်တော်နှင့် မိုးကျရွှေကိုယ်တို့လည်း တစ်ယောက်တစ်ခန်းစီရသည်။ မာလီ၊ ဘတ္တလာ၊ ဒရိုင်ဘာ၊ ဒရဝမ်တို့ကတော့ အိမ်အနောက်ဖက်ရှိ အစေခံတန်းလျားမှာ နေကြရသည်။

နံနက်တိုင်း ခြောက်နာရီထိုးပြီဆိုလျှင် ဘတ္တလာ လာပေးသော ဘလက်ကော်ဖီ၊ ပန်းသီး၊ သစ်တော်သီး စသည်တို့ကို မိုးကျရွှေကိုယ်က ဗန်းကလေးများနှင့်ထည့်ယူကာ အပေါ်ထပ်အိပ်ခန်းများဆီ ပို့ပေးသည်။ မေမေကြီးကလွဲ၍ သူတို့အားလုံး ဘဒ်ဆိုဒ်ခေါ် နိုးနိုးချင်း အိပ်ရာတွင်း ကော်ဖီသောက်လေ့ရှိကြသည်။

ကျွန်တော်ကတော့ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အနည်းငယ် ကိုယ်လက်လှုပ်ရှားကစားသည်။ ထို့နောက် ဗျူဝစ်ကားကြီးကိုမောင်းသော ဒရိုင်ဘာ ချက်ကရာဘာတီထက် စောစွာ ကျွန်တော် ကားရုံကိုဖွင့်သည်။ ဟမ်းဘားဘောက်ကားလေးကို ရေစစ်သည်၊ ဆီစစ်သည်၊ ဘီးလေစစ်သည်၊ ဘက်ထရီအခန်းစေ့ အချဉ်အပေ့ါစစ်သည်။ ဘရိတ်၊ ကလပ်ရှ်နှင့် ပန်ကာကြိုး အတင်းအလျော့ပါမကျန် စစ်ပြီးမှ စက်ကိုနှိုးသည်။ စက်ပူ၍ စကောင်းကောင်းရသောအခါကျမှ ဟွန်းနှင့် ရှေ့မီး၊ နောက်မီး၊ ဘရိတ်မီး၊ အချက်ပြမီးအားလုံးကို စစ်သည်။ မိုင်းလိတ်ချ်ကိုဖတ်၍ လက်စွဲအညွှန်းစာအုပ်နှင့် ညှိကာ လိုအပ်သော မိန်းတင်းနင်းစ် ဆားဗစ်ဇင်းကို တွက်ရ၏။ အားလုံးပြီးလျှင် ကားဘော်ဒီကို ကြက်မွေးနှင့် တစ်ထပ်လှဲသည်။ နောက် ပေါလစ်ရှင်းလယ်သာနှင့် အရောင်ဖိတ်ဖိတ်လက်လာအောင်

www.burmeseclassic.com



ကြက်မွှေးလိုက်ရင်း အပေါ်ထပ်သို့မော့ကြည့်လိုက်လျှင် သူ့အခန်းပြတင်းဝမှ ပြုံးပြုံးလေးရပ်ကြည့်နေသည့် မျက်နှာသစ်ပြီးစ ထားကို တွေ့ရမြဲ . . .။

နံနက်၌ နေထွက်သည်ဆို၏။ ကျွန်တော့်အတွက်တော့ လထွက်သည်။ နံနက်တိုင်း လထွက်သည်၊ လထွက်ပါ၏။

အင်္ဂလိပ်စာသင်တန်းရှိသော နေ့မှာလွဲလျှင် ထားရော ကျွန်တော်ရော နံနက်ကိုးနာရီမှ ကျောင်းသွားကြသည်။

နံနက်ခုနစ်နာရီခွဲတွင် အိမ်ပေါ်ထပ်သို့ ကျွန်တော် တက်ရသည်။ ခြေတစ်ဖက်ဆွံ့နေသော မေမေကြီးကိုတွဲပြီး အောက်ထပ်သို့ ပို့ပေးရသည်။ ဝဖိုင့်သော မေမေကြီး၏ ခန္ဓာကိုယ်အတ္တဘောကို မခင်အေးကော၊ ထားရော မနိုင်။ မိုးကျရွှေကိုယ်ကတော့ မေမေကြီး၏ ချဉ်ဖတ်မဟုတ်တော့သည့်တိုင်စေ ကြက်ဟင်းခါးရွက်မို့ မေမေကြီးက အတို့မခံ . . .။

သာမန်အားဖြင့်ရှစ်နာရီခန့်တွင် ထမင်းစားခန်းစားပွဲရှည်ကြီးတွင် ကျွန်တော်တို့အားလုံး ဝိုင်း၍ နံနက်စောစောစာ စားသောက်ကြသည်။ ထိုအခါမျိုးတွင် ဦးတင်လတ်က ထားကိုရော၊ ကျွန်တော့်ကိုရော သင်ခန်းစာအကြောင်း၊ ကျောင်းအကြောင်း စစ်တတ်သည်၊ မေးတတ်သည်။ ကျွန်တော်တို့နားမလည်သော . . . ဥပမာ . . . ထားက ရူပဗေဒနှင့်ဆိုင်ရာ၊ ကျွန်တော်က လောဂျစ်နှင့်ဆိုင်ရာ အချက်တို့ကို မေးနိုင်သည်။

ဦးတင်လတ်၌ သီးခြားဖြစ်သော နိုင်ငံရေးအယူအဆနှင့် စီးပွားရေးဝါဒရှိမည်။ သို့ရာတွင် အခြေခံမနေသောကောင်းမှုလည်း ရှိသည်။ နိုင်ငံရေးအယူအဆနှင့် စီးပွားရေးဝါဒဟူသည်က ပတ်ဝန်းကျင်နှင့် လူတန်းစားကိစ္စဖြစ်၏။ အခြေခံမနေသော ကောင်းမကောင်းမှာမူ ပဋိသန္ဓေစိတ်ပေါ် တည်သည်ထင်၏ . . .။ ထင်သည်သာ ဖြစ်ပါ၏။ ကေစိဝါဒီမဟာပဏ္ဍိတ မေခါဝိပညာရှိများနှင့် ခြောက်ပြားတန် ကျွန်တော်မျိုး မောင်မြတ်ဆွေ ပြိုင်မငြင်းရဲပါ . . .။

စားသောက်ပြီးကြလျှင် ထားရော ကျွန်တော်ရော ကျောင်းသွားဖို့ပြင်ကြသည်။ ဓမ္မတာအတိုင်း ကျွန်တော်ကတော့ မြန်သည်။ ထားကတော့ နည်းနည်းကြာချင်သည်။

အိမ်ရှေ့ဆင်ဝင်အောက်၌ ကားဆိုက်ပြီး မြေပြင်တွင်ဆင်း၍ ကျွန်တော်က ရပ်စောင့်နေသည်။ အားရအောင် ဖီးလိမ်းအလှပြင်ပြီးမှ ထားသည် အိမ်ပေါ်မှ သုတ်သုတ်ဆင်းလာတတ်၏။

ကျွန်တော်က နောက်ခန်းတံခါးကို ဖွင့်ပေးလျှင် ထားက အမြဲ . . . "သိုင်းခရု ဟန်နီ . . . " ဟု ဆိုတတ်သည်။

ဟန်နီဟူသည် ပျားရည်ဟုသာ အစက ကျွန်တော်နားလည်ထားသည်။ ထားတို့နှင့်တွေ့မှ ချစ်ခင်သူတို့အတွက် သုံးသော စကားတစ်ရပ်မှန်း သိရ၏။ ဦးတင်လတ်ကလည်း မခင်အေးကိုရော၊ ထားကိုပါ ဟန်နီဟုသုံးသည်ကို တွေ့ရသည်။

ထား၏ ဟန်နီ (ဝါ) ပျားရည် ကျွန်တော် မောင်မြတ်ဆွေသည် ရှေ့ခန်းမှကားမောင်းလာစဉ် နောက်ခန်းမှ ကျွန်တော့်သခင်မ မရွှေထားက ကျွန်တော့်ကို တစ်မျိုးအသုံးချသည်။

"ဟော့ . . . ယူ . . . ကတိုက်ကရိုက်ဆင်းလာရလို့ မှန်တောင် ဝအောင်မကြည့်ခဲ့ရဘူး . . . ကိုယ့်မှန်ကြီးပဲ ကိုယ်မေးရဦးမယ် . . . "

"မေးလေ . . . "

"ထား ဒီနေ့လှရဲ့လား . . . "

"လှ . . . သိပ်လှ . . . "

"ဘယ်လောက်သိပ်လှလဲ . . . "

ကျွန်တော်က မိုးကျရွှေကိုယ်၏လေကို အတုယူပြီး ဖြေရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တိတ်လှ . . . တစ်ခါထဲ တိတ်လှ . . . တဗွေတတ္တာ တတ်တွာတွေ ဒွတ်ခကြီးရောက်တွားအောင်လှ . . . "

ထိုအခါမျိုးတွင် ထားက ရယ်လိုက်ပါသည့်အမျိုး။

သြော် . . . ကျွန်တော့်အတွက်လည်း သာယာလိုက်ပါသည့် ငွေဆည်းလည်းသံတစ်မျိုး . . .။

* * *

နေ့တွေ . . . ရက်တွေ . . . လတွေပြောင်း၍ တစ်ဆောင်းသစ်လာခဲ့သည်။

ရဲဘော်ဖြူတွေပါ ကွန်မြူနစ်တွေနောက်လိုက်၍ တောခိုပြီးဖြစ်သည့်အပြင် ကေအင်ဒီအိုတွေကလည်း လှုပ်လှုပ်ရွရွ . . .။

မည်သို့ဖြစ်စေ . . . ဆောင်းသစ်သစ်၌ ရန်ကုန်မြို့တော်ကြီးကတော့ သာယာလှပနေသည်။

မိုးလေဝသကင်းစင်ချိန်မို့ ပွဲလမ်းသဘင်တွေကလည်း ယဉ်နေ၏။

တန်ဆောင်မုန်း၏ စနေနေ့တစ်ညနေတွင် ထားက ကားကို အဆင်သင့် ပြင်ခိုင်းထားသောကြောင့် ကျွန်တော် ပြင်ပြီးစောင့်နေသည်။

ခါတိုင်းတော့ မရွှေထားက ဘယ်သွားမည်ကို ကြိုတင်ပြောသည်။ ရုပ်ရှင်ဆို ရုပ်ရှင်၊ မွေးနေ့ပါတီဆို ပါတီ။ ယခုတော့ ဘယ်ဟူ၍မပြော။ ထမင်းသာ စောစောစားနှင့်ခိုင်းထား၏။

ညနေငါးနာရီခွဲခန့်၌ ခြံတွင်းသို့ စတူဒီဘေကာကားတစ်စီး ဝင်လာသည် . . .။ ကားမောင်းသူက ကိုခင်မောင်ဝင်း။

ကိုခင်မောင်ဝင်းက ရှတ်စကင်း အပေါ်ကုတ်အင်္ကျီဖြူ၊ ဘိုးတိုင်ခေါ် လိပ်ပြာပုံ ကြက်သွေးရောင်လည်စည်း၊ ဘေးတွင် အနီစင်းပါသော ဘောင်းဘီအနက်၊ ချွန်မြမြနေသော ရှူးဖိနပ်တို့ဖြင့် အင်္ဂလိပ်ဇာတ်လိုက်ရုံးအောင် ဝတ်ထားသည်။

ကားပေါ်မှဆင်းပြီး ကိုခင်မောင်ဝင်းသည် ကျွန်တော့်အနား ကပ်ရပ်လိုက်သောအခါ ရေမွှေးနံ့ သင်းသင်းကြိုင်နေ၏။

ကိုခင်မောင်ဝင်းသည် ဦးတင်လတ်အုပ်ချုပ်သော ဆင်ဒီကိတ်၌ လခတစ်ထောင်ထက်မနည်း ရသူ မန်နေဂျာတစ်ဦးမှန်း ကျွန်တော်သိပြီးပါပြီ။

"သြော် . . . ကိုမြတ်ဆွေ . . . ကားကို ဘာလို့ ထုတ်ထားတာလဲ . . . "

"ထားက ထုတ်ခိုင်းထားလို့ပါ . . . "

"သြော် . . . ဟဲ . . . ဟဲ . . . မလိုပါဘူးဗျာ . . . ပြန်သွင်းလိုက်ပါ . . . "

"ထားက ထုတ်စောင့်ခိုင်းထားသဗျ . . . "

"ကျွန်တော်ပြောနေပါရောလား . . . မလိုတော့ပါဘူးလို့ . . . "

"ဝမ်းနည်းပါတယ် ကိုခင်မောင်ဝင်း . . . ကျွန်တော် ထားရဲ့တစ်မိန့်ထဲကိုသာ နာခံပါတယ် . . . "

ကိုခင်မောင်ဝင်း အောင့်သွားပုံရသည်။

သူသည် ကားအတွင်းသို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး အိမ်တွင်းဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကားတွင်း၌လည်း နောက်ခန်းတွင် သူ့လိုပင်ဝတ်ထားသူ ယောကျာ်းတစ်ဦးနှင့် ကြော့နေ ဝင်းနေအောင် ဝတ်ထားသူ မိန်းမပျို တစ်ဦး ပါသည်။

မကြာမီ အိမ်တွင်းမှ ကိုခင်မောင်ဝင်းနှင့် ထား ထွက်လာကြ၏။

ကိုခင်မောင်ဝင်းက စတူဒီဘေကာအနီး ဦးအောင်လျှောက်သွားပြီး ရှေ့ခန်းတံခါးကို ဖွင့်ပေးသည်။

"လာလေ . . . ထား . . . "

"အိုး . . . ဒုက္ခရှာလို့ . . . ဦးခင်မောင်ဝင်းကလဲ . . . အလကား ကားယူလာတယ် . . . "

"ဒုက္ခမဟုတ်ပါဘူး . . . အတူတူသွားကြမှာပဲဥစ္စာ . . . "

"ဟုတ်တယ်လေ . . . ထားရဲ့ကားနဲ့ အတူတူလိုက်ခဲ့မှာပေါ့ . . . "

ကိုခင်မောင်ဝင်းက နဖူးရေများကိုတွန့်ပြီး ရောဘတ်တေလာ၏ဟန်နှင့် မေးသည်။

"ဝိုင်း . . . တဲလ်မီး . . . ဝိုင်း . . . "

ထားက ပြုံးပြုံးလေးဖြေ၏။

"တစ်စ်ဆဝေး . . . တားစ်ဝေး . . . "

ကိုခင်မောင်ဝင်းသည် ထားကို ခေတ္တစိုက်ကြည့်၏။ ထို့နောက် မချိပြုံးလေးပြုံးပြီး သူ့ကားပေါ် သူပြန်တက်၏။

"အိုင်တို့ သွားနှင့်မယ် ထား . . . "

"အိုကေး . . . ဆီးယူသဲရ် . . . "

ကိုခင်မောင်ဝင်းတို့ကား ထွက်သွား၍ အတန်လှမ်းသောအခါ ထားကရယ်သည်။ ဟက်ဟက်ပက်ပက်ကလေး ရယ်သည်။

"သိပ်နွားကျတာပဲ . . . အဟက် . . . ဟက် . . . ဟဲ . . . တချို့ယောကျာ်းတွေဟာ မိန်းကလေးတစ်ယောက်နဲ့ကျရင် တကယ်နွားကျတာပဲ . . . သိလား ယု . . . "

ထားက ကျွန်တော့်ဘက်လှည့်လိုက်ပြီး တဆက်တည်းမေးပြန်၏။

"ယုရော . . . ဒီလိုပဲ နွားကျမှာလား . . . ဟင် . . . ယု . . . "

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ . . .။

ပြာပြာလဲ့သော ဘရိုကိတ်ထဘီ။ အသွေးတူ ရွှေချည်ဖောက် ပိုးအင်္ကျီလေးနှင့် အိပ်မက်တွင်းမှ မင်းသမီးလေးတစ်ပါးကဲ့သို့ လှချင်တိုင်းလှနေသော ထားကိုသာ ငေးကြည့်နေမိသည်။

ကျွန်တော်က မည်သို့မျှ မဖြေသောအခါ ထားသည် သူ့ဘာသာသူ ဆက်ပြော၏။

"မကျနဲ့ ယု . . . သိလား . . . ဘယ်တော့မှ နွားမကျနဲ့ . . . ကျရင်တော့လေ . . . ထားနဲ့ အသိပဲ . . . ဟွန်း . . . မှတ်ထား . . . "

ထားသည် တစ်စုံတစ်ရာကို သတိရသည့်ဟန်ဖြင့် အိမ်နောက်ဘက်သို့ လက်ခုပ်ကလေးတီး၍ အော်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မာတီ . . . မာတီလင်ဘူး . . . "

"အတ်ချား . . . မာမာ . . . "

"ကတ်ကြေးယူပြီး လာစမ်း . . . "

"အတ်ချား . . . "

မာတီလင်ဘူးကား ဂေါ်ရခါးလူမျိုးမာလီ ဖြစ်သည်။ ဦးတင်လတ်ထံ စစ်တပ်မှအနားယူပြီး လိုက်နေသောတပည့်ဟောင်းကြီး ဖြစ်သည်။

ပန်းပင်တွေကို အလွန်စိတ်ဝင်စားစွာစိုက်ပြီး အလွန်လည်း ဂရုစိုက်ယုယသည်။ သူ့ပန်းတွေကို မည်သူမျှ မခူးရ။ သူလည်း မခူး။ ပန်းသည် ပန်းပင်မှာလှနေလျှင် ကျေနပ်နေသူဖြစ်၏။ သူ့ပန်းပင်မှ ပန်းလိုချင်လျှင် အိမ်ကြီးရှင်များကပင် သူ့ထံမှ ခွင့်တောင်းမှ ကြိုက်သည်။ ကတ်ကြေးကိုကိုင်လျက် မာလီတင်ဘူး အနီးသို့ရောက်လာသောအခါ ထားက ဆို၏။

"မာတီ . . . ထားကို နှင်းဆီပေးပါ . . . တစ်ပွင့်ထဲ . . . တစ်ပွင့်ထဲ . . . "

"အတ်ချား . . . မာမာ . . . "

ထားက လိုချင်သောနှင်းဆီဖြူတစ်ပွင့်ကို ပြပေး၏။ မာတီသည် လူ့ကိုယ်ခန္ဓာကို ဖြတ်တောက်သည့် ဆရာဝန်တစ်ဦးပမာ ဂရုတစိုက်နှင့် နှင်းဆီဖြူကို ကိုက်ဖြတ်ယူပေး၏။

"ဘုတ်သ . . . မာရဘာန်ဒီ . . . မာတီ . . . "

"အတ်ချား . . . အတ်ချား . . . "

မာတီပြန်ထွက်သွားသောအခါ ထားက နှင်းဆီပွင့်ကို ခေါင်း၌ထိုးစိုက်ပန်လိုက်ပြီး ကျွန်တော့်ဘက် လှည့်ဆို၏။

"မှန်တော့ တစ်ဝကြည့်ခဲ့ပြီးပါပြီ . . . ဒါပေမယ့် ကိုယ့်မှန်ကြီးတော့ ကိုယ်မေးရဦးမယ် . . . ထား လှရဲ့လား . . . "

သည်တစ်ကြိမ်တော့ ကျွန်တော်တစ်မျိုးဖြေရသည်။

"မှန်ကြီးကို နှင်းဆီပန်းကလေးကလဲ ပြောနေတယ် . . . "

"ဘယ်လိုပြောလဲ . . . "

"မှန်ကြီးရယ် . . . ငါ့ကိုလဲ မြင်လားတဲ့ . . . ဒီတော့ မှန်ကြီးက ဖြေရတယ် . . . မမြင်ပါဘူး နှင်းဆီပန်းကလေးရယ် . . . မင်းဘယ်မှာလဲလို့ . . . "

"အို . . . မှန်ကြီးက မမြင်ဘူး . . . "

"ဆုံးအောင် နားထောင်ဦးလေ . . . နှင်းဆီပန်းကလေးက မေးပြန်တယ် . . . ငါ့ကို ဘာဖြစ်လို့ မမြင်တာလဲ မှန်ကြီးရယ်တဲ့ . . . "

"အင်း . . . "

"မှန်ကြီးက ဖြေလိုက်ရတယ် . . . လမင်းကြီးနား ကပ်နေတာမို့ ကြယ်လေးတွေ မထင်ပါဘူးကွယ်လို့ . . . "

ထားသည် အလွန်ကျေနပ်ဟန် ရယ်မောလိုက်ပြီး ကား၏နောက်ခန်း၌ တက်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲ ထား . . . "

"ဂရင်းဘင့်ခ်ကို . . . ယူသိတယ် မဟုတ်လား . . . "

"ဟင့်အင်း . . . မသိဘူး . . . ဘယ်နားမှာလဲ . . . "

"ထားပြပေးမယ် . . . မောင်းသာမောင်း . . . "

ကျွန်တော်သည် ဦးဝိစာရလမ်းမှထွက်ကာ ပြည်လမ်းသို့ဝင်သည်။ အဝိုင်းကြီးကိုပတ်ပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဆက်မောင်းသည်။

ဂရင်းဘင့်ခ်ရောက်ခါနီး၌ ထားကမေး၏။

"ယူ အလုပ်စဝင်တဲ့နေ့က ထားကိုပြောခဲ့တာ မှတ်မိသေးလား . . . ဒီကားပေါ်မှာလေ . . . "

"မှတ်မိပါတယ် ထား . . . "

"ပြန်ပြောပါဦး . . . "

"အို . . . ဘာလုပ်မလို့လဲ . . . "

"ပြောပါ ဆိုမှ . . . "

"ထားသခင်ကို ကိုယ်မတော်လှန်ပါဘူးလို့ . . . ထား ရွှေစိတ်တော်ညို့းရင် ကိုယ့်ရင်ဟာလဲ နေထိတဲ့ပန်းလို နွမ်းရမှာပါလို့ . . . ကဲ . . . "

ထားက အသာအယာရယ်မောသည်။

"ကောင်းပြီနော် . . . ဒီစကားကို မြဲမြဲမှတ်ထား . . . အဲ . . . ရောက်ပြီ . . . ဘယ်ဘက်ကိုချိုး . . . ဟော ဟိုတံခါးဖြူနဲ့ ဂိတ်ကို . . . "

* * *

ညဆယ့်တစ်နာရီခန့် ကျွန်တော်တို့ပြန်လာချိန်၌ လလည်း သာနေပါ၏။ ကြယ်တို့လည်း လက်နေပါ၏။ နှင်းလည်း မှုန်နေပါ၏။

ကျွန်တော့်ရင်မှာ ပန်းလိုမနွမ်းပေမင့် နှင်းသို့မှု မှုန်နေပါ၏ . . .။ မှုန်နေပါ၏။

ကျွန်တော့်မျက်စိတွင်းမှာလည်း မပျောက်။

အင်းယားရေက ကန်စပ်ကို တဖျတ်ဖျတ်ပုတ်ခတ်နေသည်။ မီးပွင့်ရောင်တို့ကြောင့် ညီအောင်ညှိထားသည့် မြက်ခင်းတို့ကို စိမ်းစိမ်းပင် မြင်ရသည်။ ယမကာပုလင်းစုံနှင့် ဖန်ခွက်၊ ငွေလင်ပန်း စသည်တို့ကလည်း တောက်ပနေသည်။ တင်းနစ်စ်ကုတ်ပေါ်မှ မိန်းမပျို၊ မိန်းမလတ်၊ မိန်းမကြီး အသီးသီးတို့၏ ကိုယ်ဝတ်တန်ဆာ၊ ခါးဝတ်တန်ဆာတွေကလည်း တောက်ပနေသည်။ သူတို့ကို ရင်ခွင်တွင်းမှာ ပွေ့သွင်းထားသူ ယောကျာ်းတို့၏ မျက်လုံးများကကော ပို၍များ တောက်ပနေမည်လော။ ဥပမာ . . . ထား၏ ကိုယ်ကျော့ကျော့လေးကို ကော့ကော့လေးဖြစ်အောင် ပွေ့ထားသယ်ယူလှုပ်ရှားနေသည့် ကိုခင်မောင်ဝင်း၏ မျက်လုံးများက ပိုတောက်ပနေမည်လော . . .။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ ကျွန်တော်မသိပါ။ အတန်လှမ်းရာ ထင်းရှူးပင်ရိပ် ကားဘေးမှ ငေးကြည့်နေရသူ ကျွန်တော် မသိနိုင်ပါ။

နှုတ်ကိုဆိတ်ပြီး တိတ်တိတ်ကလေး ကျွန်တော်ကားမောင်းလာသည်။ ထားကမူ နောက်ခန်း၌ စိတ်လွတ်လပ်ပေါ့ပါးဟန် လေလေးပင် ရွှန်လိုက်သေး၏။

အိမ်နားရောက်ခါနီးမှ ထားက ဆို၏။

"ဟေး . . . ယူ . . . တိတ်လှချည်လား . . . "

"အင်း . . . "

"စကားပြောဦးလေ . . . ထားကို စကားပြောဦး . . . "

"ကိုယ် ဘာပြောရမလဲ . . . "

"ခါတိုင်း ယူ အများကြီးပြောတာပဲ . . . "

"ဒီညတော့ နှင်းငွေ့ရိုက်လို့ မှန်ကြီးမကြည်ပါဘူး ထားရယ် . . . "

ထားက ရယ်သည်။

"ဒီလိုဆိုရင် ကြည်လာအောင် ထားက အဝတ်နဲ့ပွတ်ပေးမယ် . . . "

ခြံတွင်း၌ ကားဆိုက်မိသောအခါ ထားကဆင်းပြီး ဆို၏။

"ကားသွင်းပြီးရင် ယူ စောင့်နေ . . . ထား ပြန်ဆင်းလာခဲ့မယ် . . . "

"ညနက်ပြီ . . . အိပ်ပါတော့လား ထားရယ် . . . "

"ထားမှ မအိပ်ချင်သေးပဲ . . . "

"ကိုယ်က အိပ်ချင်ပြီဆိုတော့ကော . . . "

"ထားက မအိပ်နဲ့ဦးဆိုတော့ကော . . . "

ထားက ပြုံးချိုချိုနှင့် ကျွန်တော့်ကိုကြည့်နေသည်။ သည်တော့ . . . ဘာများ တတ်နိုင်ပါသလဲ . . .။

"ကောင်းလှပါပြီ ထားသခင် . . . "

ကျွန်တော်သည် ကားကိုသွင်းပြီး ခြံတွင်း အိမ်ရှေ့ပန်းခင်းအနီး ထိုင်ခုံတွင် ထိုင်စောင့်နေ၏။

အဝတ်အစားလဲပြီး ထား ပြန်ဆင်းလာ၏။

ထားသည် မထိုင်ပဲ ကတ္တရာလမ်းလေးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

"ကိုယ့်ကို ဘာပြောမလို့လဲ ထား . . . "

သည်တော့မှ ထားသည် ကျွန်တော့်နားလာရပ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထား ဒီနေ့ ကတာကို ယူ မကြိုက်ဘူးမဟုတ်လား . . . "

ကျွန်တော်မဖြေ။

"ဖြေလေ . . . "

"ကိုယ့်မှာ ကန့်ကွက်ခွင့် မရှိပါဘူး ထား . . . "

"ရိုက်တ် . . . ယူးအာရ်ရိုက်တ် . . . ဘတ် . . . ဟန်နီ . . . ထားက နည်းနည်းရှင်းပြချင်တယ် . . . "

"ကိုယ် နားထောင်ပါမယ် . . . "

"ထား ငယ်ငယ်လေးထဲက ကျောင်းမှာ အကသင်ရတယ် . . . ကရတယ် . . . ဒီတုံးကတော့ မိန်းကလေးချင်းပဲပေါ့ . . . အသက်ဆယ့်ခြောက်နှစ်ပြည့်တော့ ဒယ်ဒီက ထားကို ယောကျာ်းလေးတွေနဲ့ ကခွင့်ပြုတယ် . . . ဒယ်ဒီလဲ ကတယ် . . . မာမီလဲ ကတယ် . . . ဗိုက်ကြီးပူ၊ ဖင်ကြီးကောက်ပြီး မန္တလေးမှာသာ နေတယ် . . . အန်ကယ်လ်တင်လေးလဲ ကတာပဲ . . . ထားတို့ ဆိုက်ယက်တီမှာ ဒါက အဆန်းမဟုတ်ဘူး . . . "

ဒါကိုတော့ ကျွန်တော်သိပါသည်။ သို့မဟုတ် . . . ရိပ်မိပါသည်။

"ယူ့အတွက်တော့ ဆန်းနေလိမ့်မယ် . . . ထားရဲ့ဆန္ဒက မဆန်းစေချင်ဘူး . . . မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေမှာ ထားတွေ့ဖူးပါတယ် . . . သူတို့က ဒါမျိုးကို ပွတ်သဘင်လို့ခေါ်တာ . . . အဲဒါ အတော်ကြောင်တာပဲ . . . ယောကျာ်းတိုင်းဟာလဲ မပွတ်ဘူး . . . မိန်းမတိုင်းဟာလဲ အပွတ်မခံဘူး . . . အခွင့်ကောင်းယူပြီး လူလည်လုပ်ချင်တဲ့ကောင်တွေတော့ ရှိသပေါ့လေ . . . အဲဒါမျိုးကျတော့ ထား ဘယ်လိုရှောင်တယ်ဆိုတာ ညနေက ယူအမြင်ပဲ . . . "

ဒါတော့လည်း ထား မှန်နေသည်။

"ဝါသနာဟာ ခက်တယ် ယူ . . . ဂီတကို ဘာကြောင့်ဝါသနာပါလဲ . . . ဖြေဖို့ မလွယ်ဘူး . . . ကတယ်ဆိုတာဟာလဲ အနုပညာတစ်ရပ်ပဲ . . . ရိုးသားပြီး အကကောင်းတဲ့ လူတစ်ယောက်နဲ့ ကလိုက်ရတာဟာ ဘာအရသာနဲ့မှ မတူဘူး . . . "

ကျွန်တော် ချောင်းဟန့် လည်ချောင်းရှင်း၏။

"ပြောလေ . . . ယူ ဘာပြောမလို့လဲ . . . "

"တွဲကတာဟာ အနုပညာတစ်ရပ် . . . အဲဒါကို ကိုယ်မငြင်းနိုင်ဘူး . . . ဒါပေမယ့် ဘယ်သူ့အနုပညာလဲ . . . ဘယ်သူ့ယဉ်ကျေးမှုလဲ . . . "

ထားသည် သဘောကျသွားဟန် ရယ်၏။

"ယူက မြန်မာ့ယဉ်ကျေးမှုဆိုတာကြီးနဲ့ ကိုင်ပေါက်မလို့လား . . . မပေါက်နဲ့ . . . မြန်မာ့ယဉ်ကျေးမှုဆိုတာကို ထားက အကုန်လုံးလက်မခံဘူး . . . "

"အယ် . . . "

"မအယ်နဲ့ . . . အထူးသဖြင့် မိန်းမတွေနဲ့ပတ်သတ်တဲ့ မြန်မာ့ယဉ်ကျေးမှု . . . လင်မရခင် ဖိုင်းကောင်းကျောက်ဖိနေ . . . လင်ရတော့ ကျွန်လိုကျင့် . . . မျက်ရည်ကို လက်နက်အဖြစ်သုံး . . . ဘဝကို လုံးလုံးအရှုံးပေးထား . . . အနိုင်ယူချင်ရင် နောက်ဘဝမှာ ယောကျာ်းဖြစ်အောင်ကျင့် . . . ကျင့်နည်းကလည်း လွယ်လွယ်လေး . . . ခုဘဝမှာ ယောကျာ်းတွေခိုင်းတာလုပ် . . . ယောကျာ်းပညာရှိတွေရေးထားတဲ့ နီတိဆိုတာတွေကို ထိပ်မှာပန် . . . ရပ်ဘစ်ရှ် . . . ဟန်နီ . . . အောလ်ရပ်ဘစ်ရှ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ . . . လက်တွေ့ပိုင်းပြောကြရအောင် . . . အဲဒါတွေကို မခံချင်လို့ရှဲ့ရင် ဘယ်သူနစ်မွန်းမလဲ . . . "

"ရိုက်တ် . . . ဟန်နီ . . . ယူးအာရ်ရိုက် . . . မိန်းမတွေပဲ နစ်မွန်းမှာပေါ့ . . . အဲဒီအန္တရာယ်တွေတော့ ထားသိတယ် . . . ရှောင်လဲရှောင်တတ်တယ် . . . နေဦး . . . အခု ထားလုပ်နေတာဟာ သုတေသနတစ်ခုပဲ . . . "

"ဘာရယ် . . . သုတေသန . . . "

"အဟက် . . . ဟက် . . . ဟဲ . . . ဟုတ်တယ် . . . ယောကျာ်းတို့အကြောင်း သိကောင်းစရာလေ . . . "

"လုပ်ပြီ ထားက . . . "

"တကယ်ပြောတာ . . . ဦးခင်မောင်ဝင်းဆိုတဲ့ သတ္တဝါကိုကြည့်လေ . . . ကြည့်တော့ လူကြီးလူကောင်း အကောင်းစားလေးလိုပဲ . . . မြက်မြင်တော့မှ ဘွတ်အဲလို့ တွန်တော့တာ . . . ငမ်းလိုက်တာများတော့ အရှက်ကို မရှိဘူး . . . ဒီမှာ . . . ယူ ဘဝင်မမြင့်နဲ့နော် . . . သူ့ဘာသူ ဘာကောင်ကြီးဖြစ်နေနေ . . . ယူ့ခြေဖျားကို မမီဘူး . . . "

ထား၏သည်စကားကြောင့် ကျွန်တော် ဝမ်းလည်းသာမိသည်။ ဝမ်းလည်းနည်းမိသည်။

ယောကျာ်းတို့အကြောင်း သုတေသနပြုနေသည်ဆိုသော ထားသည် သူ့အနီးဆုံးမှာရှိနေသည့် ယောကျာ်းတစ်ယောက်အကြောင်း ဘာသိပါသနည်း . . .။ ဘဇာသိပါသနည်း။

"ထား ဘာကြောင့် ကိုယ့်ကို ဒါတွေပြောနေတာလဲ . . . "

"အိုး . . . ဒီးယား ဟန်နီ . . . ပြောတာပေါ့ . . . ယူက ထားရဲ့လူယုံ . . . ထားရဲ့ အရင်းနှီးဆုံးမိတ်ဆွေ . . . ထား ဘာလုပ်နေသလဲ . . . ဘာကြောင့် လုပ်နေသလဲ . . . ယူ သိထားဖို့လိုတယ် . . . ကျေနပ်ပြီလား . . . "

"ကျေနပ်ပါပြီ . . . "

"မုန်ကြီးရော ကြည်သွားပလား . . . "

"ကြည်သွားပါပြီတဲ့ခင်ဗျာ . . . "

"ဒါဖြင့် ယူ တယောသွားယူ . . . "

"ဘာရယ် . . . "

"ယူ့တယော သွားယူလို့ . . . ထား ငြီးစီစီဖြစ်လာတယ် . . . အိပ်လဲ မအိပ်ချင်သေးဘူး . . . ထားကို သီချင်းကောင်းကောင်း တစ်ပုဒ် ဆိုတီးပြ . . . ပြီးတော့မှ ထားအိပ်မယ် . . . "

တတ်နိုင်ပါပေ့ မရွှေထား။ ကျွန်တော်ကလည်း ဘာများ . . .။

တယောလေးကို ကျွန်တော် သွားယူလာခဲ့သည်။

"ကိုယ် ဘာတီးပြရမလဲ . . . "

"ချစ်တာတွေ . . . ကြိုက်တာတွေ . . . လွမ်းတာတွေ . . . ငိုတာတွေ . . . လူတွေ . . . အဲဒါတွေ မပါတဲ့ဟာ . . . ကြယ်တွေ . . . လတွေ . . . တောတွေ . . . တောင်တွေ . . . အဲဒါတွေသာပါတဲ့ဟာ . . . "

"တစ်လွမ်း နှစ်လွမ်းလောက်ပါရင်ကော . . . "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလောက်ဆို ကိစ္စမရှိဘူး . . . "

ချစ်ရသူ မရွှေထား အငြိုးတော်ပြေစေဖို့ တေးတစ်ပုဒ်ကို ကျွန်တော်ဆိုတီးပြရသည်။

"လွမ်းခလေ့ . . . မျှော်၍ငယ်စေပင် . . . မိုးယံဝဝယ် . . . လကိုမြင် . . . ကြယ်စင်ဟုတ်ဘူး . . . လွမ်းသူ့နောင် . . . စောရှယ်လူး . . . စိုင်ရှူးငယ်တည့် တန်ဆောင် . . . ကြယ်မောင်မင်းနှင့် ဟသံ္ဂတောင် . . . "

ဝေးခဲ့သောတစ်ချိန်ဆီက ဆရာလေးနှင့်အတူ သီဆိုခဲ့သော ပတ်ပျိုးပါ . . .။

သို့ရာတွင် သည်တုန်းက ကိုယ်စပ်ခဲ့သည့် သဖြန်လေးကို ယခု ကျွန်တော် မဆိုရဲပါ။ မဆိုဝံ့ပါ။

သြော် . . .။ ထားအတွက် ကိုယ့်ရင်ထဲမှာသာ သိမ်းထားရမည့် ကဗျာပါ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကျွန်တော်၏ဆရာ (ဝါ) ဘဝမှီငြမ်းပြုရပ်ပုံရှင် . . . ရှင်မဟာရဋ္ဌသာရက အကျိုးမဲ့ အချည်းနှီးအမှုကို ပြုခြင်း၊ တစ်နည်း၊ မဖြစ်နိုင်သည်၌ မျှော်လင့်ခြင်းတို့နှင့်ပတ်သတ်၍ ကိုးခန်းပျို့ကြီးတွင် အောက်ပါအတိုင်း သတိပေးစပ်ဆိုတော်မူခဲ့၏။

"ပုံခတ်ဆိုဖွယ်၊ စကားဝယ်လည်း၊ သိလွင်ပြက်ပြက်၊ မလျှို့ဝှက်တည့်၊ လိုက်ဖက်သောကြောင့်၊ ပမာဖြောင့်ပိမ့်၊ ဖြစ်တောင့်ဖြစ်ခဲ၊ ကျောက်စစ်သဲကို၊ ရွှဲရွှဲဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကျည်အဝ၊ ပွတ်မှားကြသို့၊ ထိုမှတစ်ပါး၊ ယောကျာ်းမီးရှာ၊ ညဥ့်အခါဝယ်၊ ရောင်ဝါထွန်းမြူး၊ ပိုးစုန်းကြူးကို၊ မူးတူးမင်တင်၊ ကယ်ကောင်းထင်၍၊ တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်၊ မှုတ်ကြိုးသံပ၊ ဌက်မချသို့၊ ဗာလအစစ်၊ သူမိုက်ညစ်လျှင်၊ ဆန်ဖြစ်စေကြောင်း၊ ဖွဲကိုထောင်းသော်၊ ပန်းညှောင်းကာမျှ၊ ဆန်မရသို့၊ နွားမနို့ရည်၊ ချို၌တည်ဟု၊ ကြိုးရှည်များလျား၊ တိုင်ချည်ထား၍၊ ရိုရှားပန်းလျ၊ ညှစ်လှည့်ထသို့၊ မောဟထူထပ်၊ တောသွားသွပ်လျှင်၊ တံလှပ်ကိုရေ၊ မှတ်မှားချေ၍၊ လိုက်လေလိုက်လေ၊ ငတ်မပြေသည်၊ ပန်းခြေလက်ချ၊ သောက်ချင်တသို့ . . . "

ကမ္ဘာကုန်စေ၊ မြန်မာစာပေရှိသမျှ ဦးချနေရမည့်ပျို့။ လူတွေမိုက်မဲမှုရှိနေသမျှ သတိရနေသင့်သည့် အဆုံးအမ . . .။

တဖြည်းဖြည်းနှင့် ပြည်ရွှေဆံတော်ဘုရား၌ ကျွန်တော်ငယ်စဥ်က မဆင်မခြင် တောင်းခဲ့သောဆုပြည့်ရန် မျှော်လင့်ခြင်းသည် ပိုးစုန်းကြူးကို မီးတောက်ရန်မှုတ်နေခြင်းနှင့် တူမှန်း ကျွန်တော်သဘောပေါက်လာသည်။ သည်ထက် . . . ကျောက်စစ်သဲကို ဆီထွက်လေရန် ပွတ်ကြိတ်မိသလောဟု သံသယဝင်လာသည်။

သည်စကားတို့ကို ကျွန်တော်ရှင်းပါမည်။

ပြည်ထောင်စု သတို့သားကို ပုခက်တွင်း၌ပင် ကံကုန်စေလိုသော နယ်ချဲ့သမား၏ပယောဂ။ နယ်ချဲ့သမားနှင့် အကြံမတူသော်လည်း ကံတူသဖြင့် ဘဝတူပင်ဖြစ်သွားသော လက်ဝဲစွန်ဝါဒီတို့၏ မာန . . . အာဃာတ။ သည်နှစ်ပါးသော အကြောင်းရင်းကြောင့် ထတောက်လောင်သော ပြည်တွင်းသောင်းကျန်းမှုမီးကြီးသည် မြန်မာ့တပ်မတော်နှင့် ပြည်သူတို့၏ လုံ့လသမဂ္ဂကြောင့် တစစ ပြန်ငြိမ်းကျသွားသည်။

တိုင်းပြည်ကြီး ပြန်လည်စည်ပင်လာတော့ တည်ကြဆောက်ကြနှင့် . . .။ အစိုးရကလည်း အစိုးရအလျောက်၊ ပုဂ္ဂလိကကလည်း ပုဂ္ဂလိကအလျောက်။ ရန်ကုန်မြို့ကြီးပေါ်တွင်ပင် အဆောက်အဦးသစ်ကြီးများ၊ လုပ်ငန်းခွင်သစ်ကြီးများ အလျှိုလျှိုပေါ်လာကြသည်။

ဦးတင်လတ် ဦးစီးရသော အေဂျင်စီကြီးမှာလည်း လုပ်ငန်းကန်ထရိုက်ကြီးများရ၍ ကြီးပွားမြတ်စွန်းပုံရသည်။ အကြောင်းမှာ ဦးတင်လတ်၏အခြေအနေမှာ ပိုမြင့်မားလာသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ကျွန်တော် ဘုန်းကြီးကွန်ဘိုင်နေးရှင်းယူသည်ကိုသာ ပြောပြပြီးသည်။ ထား ဘာယူသည်ကို မပြောပြရသေး . . .။ ထားက ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ ဘာသာတွဲကို ယူသည်။

၁၉၅၀ တွင် ထား ဆေးကောလိပ်ရောက်သည်။ ဘီအေအောက်တန်းတွင် ကျွန်တော်က မြန်မာစာနှင့် ပါဠိကိုဖြုတ်ခဲ့ပြီး သိအပ်တတ်အပ်သေးသည်ထင်သော ခေတ်သစ်သမိုင်း၊ နိုင်ငံရေးသိပ္ပံနှင့် ဒဿနိကဗေဒတို့ကို ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဦးတင်လတ်စီးသည့်ကားကြီးမှာ ဗျူဝစ်မဟုတ်တော့။ ကားလ်ဒီလက်ဖြစ်နေပြီ။ ကျွန်တော်မောင်းရသော ထားစီးသည့်ကားမှာလည်း မလိုအပ်ပဲ အားကြီးပြီး ဆီစား၍ ကိုယ်ထည်ပုံမကျသော ဟန်းဘားဘောက်မဟုတ်တော့။ မြင်းလိမ္မာလေးတစ်ကောင်သဖွယ် အလွန် ကိုင်ရတွယ်ရလွယ်၍ အစစ စိတ်ချရသော ဖီးယက်ကားလေး ဖြစ်နေပြီ။

သတင်းစာပို့သော ကောင်ကလေး၊ ဆီထမင်းရောင်းသော ကောင်ကလေး၊ မြင်းလှည်းမောင်းသော ကောင်ကလေး၊ လမ်းဘေးစီးကရက်ရောင်းသော ကောင်ကလေး၊ ကိုကံလှ၏ ထမင်းစားအိမ်နေ တက္ကစီဒရိုင်ဘာဘဝ . . .။ သည်မြေနိမ့်စံဘဝများမှ ကန့်တ်၊ တေးဂဲလ်၊ ဘာထရန်ရပ်ဆဲလ်၊ အာနိုးတွိုင်းဘီး၊ မာ့စ်၊ အိန်းငဲလ်၊ လီနင်၊ ဝီလျံဂျိမ်းစ်၊ ပွန်ဒူးဝီ၊ ချာချီ၊ နေရူး၊ မော်စီတုံး၊ လူရှောက်ချီ၊ နာနာဆေးကား စသည်တို့၏ စာအုပ်ကြီးများကို ကိုင်နိုင်လာပြန်တော့ ကျွန်တော်ခြောက်ပြားတန် မောင်မြတ်ဆွေမှာ အနည်းဆုံး တစ်ကျပ်မူးတင်းလောက်တော့ ကြေးတက်လာပြီ ထင်ပါသည်။

ကျွန်တော့်အဓိကကျေးဇူးရှင်ကတော့ ကျွန်တော့်ထားသခင် . . .။ သို့ရာတွင် ဦးတင်လတ်နှင့် လူကြီးများ၏ကျေးဇူးကိုလည်း မေ့ထား၍မရ . . .။ ထားသည် ထားပင်ဖြစ်လင့်ကစား သူတို့မြေတွင် သူတို့မကျေနပ်ပဲ ကျွန်တော်ရွက်ကျပင်သည် ပေါက်ခွင့်ရှိမည်မဟုတ်။

ကျွန်တော့်ယောက်ဖ ကိုကြင်မောင်သည် ဦးတင်လတ်အပေါ်၌ တစ်စုံတစ်ရာ အသက်နှင့်ရင်း၍ ကောင်းခဲ့ဖူးဟန်တူသည်။ သည်ကျေးဇူးကိုထောက်၍ ဦးတင်လတ်သည် ကျွန်တော့်အပေါ် ပြန်ကောင်းသည်ထင်၏။ ဩော် . . . ကိုကြင်မောင် မကောင်းခဲ့သည်မှာ မကောင်းခဲ့သည်ပါ။ မကောင်းဆုံးလူတစ်ယောက်ပင်လျှင် ဘဝ၌ အနည်းဆုံး အကောင်းတစ်ခုတော့ လုပ်ဖူးမည်။ သည်တစ်ခုကပင် ကျွန်တော့်ကို ကောင်းကျိုးပေးလာပြီ။ ကြီးလာမှ သွားလေသူယောက်ဖ၏ကျေးဇူးကို အောက်မေ့မိသည်။ အစ်မကို သတိရမိသည်။ သည်အခါမျိုးတွင် မျက်ရည်ဝဲရုံမက ကျမိပါသည် . . .။ ကျမိပါသည်။

မခင်အေးနှင့် မေမေကြီးကတော့ နဂိုကတည်းက ကျွန်တော့်အပေါ် သံယောဇဉ်ရှိပြီးသား။ မခင်အေးဆိုသည်ကလည်း ဒေါသမာန်မာန အဆိပ်အတောက်ဟူ၍ လုံးဝမရှိသူ။ သည်အသက်အရွယ်အထိ မီးဖိုချောင်အကြောင်းကို ဘာမျှနားမလည်သကဲ့သို့ သည်လောက၏ ကောက်ကျစ်ရှုပ်ထွေးမှုအထွေထွေကိုလည်း ဘာမျှနားလည်ပုံမပေါ်။ နားမလည်ပဲနှင့်လည်း သည်လောကဝယ် ချမ်းသာစွာနေနိုင်သည့် ကံစွမ်းအဟုန် ပါလာပုံရသည်။

မေမေကြီးဆိုတာကတော့ ယခုအချိန်မှာ ဂီလာနပုဂ္ဂိုလ်။ နှလုံး၊ သွေးတိုး၊ ဆီးချို သည်ရောဂါသုံးရပ်ကို ခံစားနေရသည့် မမာသည်။ ဘဝ၏ ဟိုတစ်ဘက်ကိုပင် မျှော်ကြည့်၍ တတ်နိုင်သမျှ အဆင်သင့်ပြင်နေသူ။

သည်အိမ်ကြီးမှာ အကယ်စစ်စစ် လူကြီးဟူ၍ ဦးတင်လတ်နှင့် ထားသာ ရှိသည်။ ဦးတင်လတ်ကလည်း တစ်ဦးတည်းသော သမီး ထားကို သမီးအဖြစ်ထက် သားတစ်ယောက်ကဲ့သို့ အလေ့အကျင့်နှင့် အခွင့်အရေး ပေးထားပုံရသည်။ ကျွန်တော့်ထားကလည်း တစ်ခါတရံတော့ . . . အင်း . . . နှလုံးသားက ယောကျာ်းဆန်နေသည်လော မပြောတတ်။ မိမိကိုယ်ကို စိတ်ချယုံကြည်မှု၊ မိမိ၏ လွတ်လပ်မှုကို အပြည့်သုံးမှု၊ မိမိအစွမ်းအစကိုသာ အားကိုးမှု ဤသုံးမှုတွင် ထားသည် မာနကြီးသော မိန်းကလေးတစ်ယောက်မှု မဟုတ်ပါ။ သို့ရာတွင် "အားနဲ့သူပါရှင် . . ." ဆိုသော မိန်းကလေးမျိုးလည်း မဟုတ်ပါ။ ထားသည် . . . အင်း . . . ထားပင် ဖြစ်ပါ၏။

ငယ်စဉ်က ထားသည် ပီယာနိုတီးသည်။ ယခုမတီး။ အိမ်၌လည်း ပီယာနိုမရှိတော့ . . .။

တစ်ကြိမ်တွင် ထားကို ကျွန်တော်က မေးဖူးသည်။

"ထား ဘာလို့ ပီယာနိုမတီးတော့တာလဲ . . . "

ထားက မဖြေပဲ လဲ့လဲ့ပြုံးပြီး ပြန်သာမေး၏။

"ဘာလဲ . . . ယူက ထားကို ပီယာနို ပြန်တီးစေချင်လို့လား . . . "

"မဟုတ်ပါဘူး . . . မေးကြည့်တာပါ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဂီတဟာ လူ့စိတ်ကို ပျော့စေတယ် . . . ထားက စိတ်မပျော့ချင်ဘူး . . . ဘာတဲ့ . . . 'ဗျာပါရေးငယ်နဲ့၊ မကြံပါနိုင်၊ နွမ်းခွေလို့ယိုင်၊ နွဲ့ပင်တိုင် ကြည်ရောင်တိမ်းတယ်၊ စိမ်းသင့်မှစိမ်း . . . ' ဆိုတာ . . . မပြလေးလေ . . . နားထောင်လို့တော့ ကောင်းသား . . . ဒါပေမယ့် စဉ်းစားကြည့်စမ်း . . . ဘဝကြီးက စိတ်ပျက်စရာကြီး . . . ရှုံးလိုက်တာ ဝီခေါ်ရော . . . ဟွန်း . . . နိုး ဟန်နီ . . . အစ်တ်စ် နော့ မိုင် ဒရင်းမ် . . . "

"ထား ဂီတကို မုန်းသွားပြီလား . . . "

"အိုး မိုင်ဂွဒ်နက်စ် . . . နိုး . . . မမုန်းပါဘူး . . . ထား မမုန်းပါဘူး . . . ဂီတကို ထား မမုန်းတာ ယူအသိဆုံးပဲ . . . ထားပြောတာက ထား ဂီတကို မဖန်ဆင်းချင်ဘူး . . . တီးတယ်မှုတ်တယ်ဆိုတာက ဖန်ဆင်းတာပဲ . . . ဖန်ဆင်းနိုင်ဖို့က စိတ်ပျော့ရမယ် . . . ထားမှာ ပျော့စရာစိတ်မရှိဘူး . . . "

"နို့ . . . ဘာလို့တော့ ကိုယ့်ကို တယောထိုးပြခိုင်းနေတာလဲ . . . "

"အဲဒါက ထားစိတ်တွေ သိပ်တင်းတဲ့အခါမှာ ယူ့ကို ဖျော့ခိုင်းတာ . . . နားလည်ပြီလား ကိုအဖျော့တော်ရေ . . . ထားရဲ့ ကိုအဖျော့တော်ရေ . . . "

လုပ်ပေး၊ ကျိတ်ပေး။ နာမည်တစ်လုံးတော့ တိုးပြန်ပါပြီ။ အဖျော့တော် . . .။ ထား၏ အဖျော့တော် . . .။

ဒရိုင်ဘာပဲခေါ်ခေါ်၊ လူယုံပဲခေါ်ခေါ်၊ မှန်ကြီးပဲခေါ်ခေါ်၊ အဖျော့တော်ပဲခေါ်ခေါ် . . .။ ထားနှင့်ကျွန်တော်သည် သွေးသားမစပ်။ အရွယ်ချင်းကလည်း မတိမ်းမယိမ်း။ လက်ပွန်းတတီးနေလျှင် မှားယွင်းငြိစွန်းတတ်သည်ကို ဦးတင်လတ်ကဲ့သို့ လောကအကြောင်း ကောင်းကောင်းနားလည်သူသည် မသိမဟုတ်၊ သိပေမည်။ သိလျက်နှင့် ခွင့်ပြုထားသည်မှာ မိမိသမီးကို မိမိ စိတ်ချသောကြောင့်လည်း ဖြစ်မည်။ ကျွန်တော့်ပင်ကိုယ်စရိုက်ကို မှန်ကန်စွာ အကဲခတ်နိုင်၍လည်း ဖြစ်မည်။ ပြီးတော့ . . . ကျွန်တော် တစ်ကြိမ်က အစီရင်ခံခဲ့သကဲ့သို့ . . . မြေမှ သုဘရာဇာ၏ လောက်စာလုံးသည် မိုးကြယ်ဖြူဆီ မရောက်နိုင်ကြောင်း ယုံကြည်၍လည်းဖြစ်မည်။

အမှန်ဝန်ခံရလျှင် ငယ်စဉ်ကတည်းက ရှိသေလာရသူဖြစ်သောကြောင့် ဦးတင်လတ်ကို ကျွန်တော်ကြောက်ပါသည်။ ကျွန်တော့်အပေါ် မည်မျှတည်ငြိမ်ယဉ်ကျေးစွာ ဆက်ဆံသည်ဖြစ်စေ . . . ဦးတင်လတ်ကို အခါခပ်သိမ်း ကျွန်တော် မျက်လွှာလှန်၍ မကြည့်ရဲပါ။ ဤသည်ကိုလည်း ဦးတင်လတ် ရိပ်မိပုံရပါသည်။ သူက တပ်ရင်းကြီးတစ်ခုလုံးကို ကိုင်ခဲ့ဖူးသည့် ဒုဗိုလ်မှူးကြီးဟောင်းတစ်ဦး။ တိုင်းကြီးတစ်ခုလုံးကို ဆိုင်ရာအပိုင်းမှ စီမံခန့်ခွဲခဲ့ဖူးသော မင်းကြီးဟောင်းတစ်ဦး မဟုတ်လော . . .။

ကျွန်တော်ကိုယ်တိုင်မှာလည်း စိတ်ထားပြောင်းခဲ့ပါသည်။

ထားကို ချစ်သည်။

ထားကို ကျွန်တော် ဘယ်လောက်ချစ်သည်ဆိုခြင်းကို ကျွန်တော်သာလျှင် သိပါ၏။ ချစ်သည် . . .။ အင်း . . . ချစ်ပေမယ့်သည်အချစ်က ဝါးလုံးခေါင်းထဲကလရောင်လို ကွက်ကွက်ကလေး သာရမည့်အချစ်။ မလျှံရ၊ မဖြာရမည့်အချစ်။ အံမယ်မင်း . . .။ ကဗျာများပင် စပ်လိုက်ချင်သည်။ မောင့်အချစ်ဟာ ဝါးလုံးခေါင်းထဲက လပမာပါ . . . ဟု။

ကိုယ့်အချစ်ကို ကိုယ့်ရင် ဝါးလုံးခေါင်းတွင်းမှာသာ သိမ်းဆည်းထားပါတော့မည်။ ရင်ရဲထွတ် . . . ဆင်ဖြူရှင်ကဲ့သို့ မကျင့်လိုပါ။ အောင်ပယ်လယ် . . . ဆင်ဖြူရှင်လိုလည်း မဖြစ်လိုပါ။

ပိုးစုန်းကြူးကို မီးကူးရန်မမှတ်လိုသည်သာမက ဆီးဘန်နီဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် "ကိုယ်မိုရာကို၊ ကိုယ်သာဖျက်ဆီး၊ ဖိကာစီးသည့်၊ မှူးကြီးမတ်ငယ်၊ မာလောနွယ်တို့ . . . " ဆိုသည့်စာမှ မာလောနွယ်ပင်လို မကျင့်လိုပါ။ ရွက်ကျပင်ပေါက်ဘဝနှင့် တော်လောက်ပါပြီ။ ညောင်ပင်မဖြစ်ချင်တော့ပါ။ မဖြစ်အပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုသဘောထားလိုက်ပြန်တော့လည်း စိတ်ကချမ်းသာလာသည်။ အနည်းဆုံး မာတီလင်ဘူးလောက်တော့ စိတ်ချမ်းသာမည်ထင်သည် . . .။ ဟုတ်သည် . . .။ မာတီလင်ဘူးက ပန်းစိုက်သည်။ သူ့အဖို့တော့ မဟုတ်။ ဒါပေမယ့် သူ့ပန်းလေးတွေ သူချစ်ပြီး သူ ယုယစောင့်ရှောက်သည်။

ထားသည်လည်း ပန်းကလေးပါ။ ကျွန်တော်မောင်မြတ်ဆွေကမ္ဘာ စောင့်အပ်သည့် ပန်းကလေးပါ။

ထားကို ကျောင်းသွားကျောင်းပြန် ကြိုပို့ရင်းလည်း စောင့်ရှောက်ရသည်။ ညနေခင်း ခြံတွင်းရှိ တင်းနစ်ကွတ်တွင် ဂုဏ်တူ တန်းတူ အဆင့်တူတွေနှင့် တင်းနစ်ရိုက်နေစဉ်တွင်လည်း မလှမ်းမကမ်းမှ စာတစ်အုပ်ဖတ်ရင်း စောင့်ရှောက်ရသည်။ ပွတ်သဘင်ဟု ခေါ်ကြသည့် ကပွဲမှာ ထားဆင်နွှဲနေစဉ်တွင်လည်း သစ်ပင်ရိပ်အောက် ကားဘေးမှာရပ်ရင်း စောင့်ရှောက်ရသည်။

ကြုံဖန်များတော့လည်း ထား သည်လိုကသည်မှာ ဘောင်းဘီတိုလေးနှင့် ထား တင်းနစ်ရိုက်သကဲ့သို့ပင် ကျွန်တော့်အတွက် ရိုးသွားသည်။

တစ်ခါတရံ ကပွဲမှအပြန် ကားမောင်းလာသည့် ရှေ့ခန်းရှိ ကျွန်တော့်ထံ ထား၏နှုတ်ခမ်းလေးများဆီမှ လွင့်ပျံလာတတ်သည့် ရှန်ပိန်နံ့သင်းသင်း၊ ဒရမ်ဗျူလီနံ့မွှေးမွှေးတို့သည်လည်း ကျွန်တော့်အတွက် ရိုးသွားပါပြီ . . .။

* * *

နွေတစ်ညနေ စာမေးပွဲတွေစစ်ခါနီး ထားကို ဆေးကောလိပ်သို့ ကျွန်တော်သွားကြိုသည်။

ထားက လက်တွေ့ခွဲစိတ်ခြင်း မပြီးသေး။

ကျွန်တော်လည်း ခွဲစိပ်စမ်းသပ်ခန်းတွင်း ဝင်လိုက်သွားပြီး ဘေးမှ ကြည့်နေ၏။

မြင်ရသည်ကတော့ . . . အသုဘ။

အသုဘဟူသော ပါဠိစကားမှာ မတင့်တယ်သော . . . ဟု အဓိပ္ပါယ်ရသည်။ သူသေကောင်မှန်သမျှ အသုဘ၊ မတင့်တယ်။ ယခုတော့ ဆေးကလည်း စိမ်ထားသေးသည်။ ခွဲစိတ်ဖြတ်တောက်ထားကြသေးသည်။ ပြီးတော့လည်း ဝေါရင်ဂျီကုလားအလောင်း . . .။

ထားတို့ ခွဲစိတ်နေကြသည်က ကိုယ့်အဖွဲ့ ကိုယ့်အတွဲနှင့်ကိုယ်၊ တစ်လောင်းတည်းကို ကိုယ့်အတွဲနှင့် ကိုယ့်အပိုင်းနှင့်ကိုယ် ကျိတ်နေကြသည်။

ထား၏အတွဲ သူငယ်ချင်း မမိုးသာသည် အလွန် ရွှတ်တတ် နောက်တတ်သည်။ ကျွန်တော်နှင့်လည်း ခင်သည်။

ကျွန်တော်ဝင်လာပြီး ဘေးမှကြည့်နေမှန်းသိလေသော မမိုးသာသည် သက်သက် ရွှတ်ပြီး စ၏။

အသေကောင်၏ မဟုတ်သည့်နေရာကြီးကို ဇာဂနာနှင့် ညှပ်ကိုင်မကာ ထားနှင့် တည်တည်ဆွေးနွေးသည်။ ပြီးတော့ ကျွန်တော့်ဆီလှမ်းကြည့်၍ စပ်ဖြဲဖြဲလုပ်၏။

သူတို့ကတော့ ရိုးနေပြီ၊ ကျွန်တော်သာ မျက်နှာမထားတတ်။

ထားက ကျွန်တော့်ကိုလှမ်းကြည့်ပြီး ပြုံးပြ၏ . . .။ ထား ပြုံးပုံက လူကြီး အစခံရသော ကလေးတစ်ဦးကို မိခင်က စိတ်ဖြေသိမ့်ပေးသည့် အပြုံးမျိုး။

အိမ်ပြန်လာကြသောအခါ ကားပေါ်တွင် ကျွန်တော်က အနည်းငယ် အနေရအထိုင်ရခက်နေသော်လည်း ထားကတော့ ခါတိုင်းကဲ့သို့ပင် အမူအရာမပျက်။ သက်သက်သာသာ . . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကားသွင်းပြီးသည့်အထိ ထားသည် အိမ်ပေါ် မတက်သေးပဲ အိမ်ရှေ့တွင် ရပ်စောင့်နေသည်။

ဂေါက်ကွင်းလိုက်ရန် ရှိုးကျကျဝတ်ပြီး ဦးတင်လတ်ကို အဆင်သင့်စောင့်နေသော မိုးကျရွှေကိုယ်ကလည်း အနီးတွင် မာတီလင်ဘူးနှင့် ရပ်စကားပြောနေ၏။

ကျွန်တော် အနီးပြန်ရောက်သောအခါ ထားက ကျောင်းလွယ်အိတ်တွင်းမှ စက္ကူအိတ်တစ်ခုကို ထုတ်ပေး၏။

"ဩော် . . . ယူရေ . . . နေ့လည်က ခဏအားတာနဲ့ ဗိုလ်ချုပ်ဈေးဘက် လျှောက်သွားတယ် . . . ဟောဒါလေးတွေလို့ ယူနဲ့လိုက်တာနဲ့ ထား ဝယ်လာခဲ့တယ် . . . ရော့ . . . "

ကျွန်တော်လှမ်းယူစဉ် ထပ်ဆင့်ပြောသေးသည်။

"ယူမကြိုက်တဲ့ အစိမ်းရောင်မဟုတ်ပါဘူး . . . "

ထားသည် သမင်ကလေးကဲ့သို့ ပေါ့ပါးသွက်လက်စွာ အိမ်ပေါ်တက်သွား၏။

ဩော် . . . ထား . . .။ ထား . . .။ ဒါမျိုး ချစ်စရာလေးတွေ အားကြီးလုပ်တတ်သည်။

အမှန်တော့ ဒါသည် ကျွန်တော့်ကို လခပေးခြင်းဖြစ်၏။

လခကို လခအဖြစ် မပေးရက်၍ထင်သည်။ လခပေးချိန်ကျလျှင် သည်လိုပင် ပုဆိုးစဖြစ်စေ၊ အင်္ကျီစဖြစ်စေ တစ်ခုခုဝယ်လာပြီး လက်ဆောင်ပေးသည်။ လက်ဆောင်ကြားညှပ်လျက်ကတော့ ချက်လက်မှတ်တစ်စောင်။ ထား၏လက်ရေးလှလှလေးနှင့် ငွေတစ်ရာတိတိဟု ရေးထားသည့် ချက်လက်မှတ်တစ်စောင်။

ကျွန်တော်သည် စက္ကူအိတ်အတွင်းမှ ပန်းနုရောင်အကွက် ချည်ပုဆိုးစကို တစ်ဝက်ထုတ်ကြည့်၏။

"နင် ဖွန်းဗီရှဝဲခိုင်းပါလား . . . "

"ငါမှ ဘောင်းဘီမဝတ်တာ . . . ဘာလုပ်ဖို့လဲ . . . "

"နင် ဘာလို့ မဝတ်တာလဲ . . . နင်ဝတ်တယ်နော် . . . ခင်မောင်ဝင်းဆပ်ထက် ဗွတ်တားကျမယ် . . . "

"ငါ ဗိုလ်သားမှ မဟုတ်ပဲ . . . မဝတ်ချင်ပေါင် . . . ဒါထက် နင်ကော မြန်မာလို မဝတ်တော့ဘူးနော် . . . "

မိုးကျရွှေကိုယ်က ရယ်ပြီးဖြေ၏။

"ရှစ်ပြေးတုန်းက ထွန်းဘိုမှာ နာမြန်မာလိုဝတ်တယ်မို့လား . . . နာကြောက်လို့ . . . "

"နင် ဘာကြောက်တာလဲ . . . "

"နာ . . . မြန်မာတွေ တတ်မှားကြောက်တယ် . . . ဂျာပန်တွေ တတ်မှားကြောက်တယ် . . . ကြောက်တယ်နော် . . . နာ မြန်မာလိုဝတ်တယ် . . . "

"ဩော် . . . ဩော် . . . ဒီလိုကိုး . . . ဒါထက် နင် အခု ဘုရားရှိခိုးတာလဲ မတွေ့တော့ပါလား . . . "

"ရှုတမ်းစရာရှိတယ်မို့လား . . . ပါးယားရှစ်ခိုးတယ် . . . ရှုတမ်းစရာမရှိတော့ဘူးနော် . . . နာ ပါးယားမရှစ်ခိုးတော့ဘူး . . . "

ပထမတော့ ကျွန်တော်သည် မိုးကျရွှေကိုယ်၏စကားများကြောင့် ရယ်မိသည်။ ခဏမှာပင် အရယ်ရပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကျရွှေကိုယ်သည် သစ္စာစကားကို ဆိုနေ၏။ ကျွန်တော်တို့ အများမဆိုနိုင်သော သစ္စာစကားတို့ကို ဆိုနေပါ၏။

သူ့အနေနှင့်က ကြီးကြီးကျယ်ကျယ် ဘာမျှမှန်းထားဟန်မတူ။ သည်တော့လည်း သူ့ရင်မှာ ဘာမျှ လှို့ဝှက်စရာလည်း ရှိဟန်မတူ . . .။

ကျွန်တော် သက်ပြင်းချမိစဉ် အိမ်၏အနောက်ဖက်မှ ထား၏ခေါ်သံကို ကြားရ၏။

"ဟေး . . . ယူရေ . . . ထားကို လာကူပါဦး . . . "

ကျွန်တော်သည် ထားပေးခဲ့သောအိတ်ကို ကျွန်တော့်အခန်းတွင်း ဝင်ထားပြီး အနောက်ဖက်တံခါးပေါက်မှသည် ထားဆီ ထွက်လာခဲ့၏။

ထားသည် အမှိုက်ထည့်သော ကြိမ်ခြင်းကို ကိုင်ထား၏။ ခြင်းထဲမှ စက္ကူတို စက္ကူစ စက္ကူစုတ်တွေ ပြည့်နေ၏။

ထား၌ ဥဉ်တစ်ခုရှိသည်။ စာမေးပွဲနား နီးပြီဆိုလျှင် စားပွဲရော၊ အံဆွဲရော၊ ဖိုင်ဟောင်းတွေရော အကုန်ရှင်းတတ်သည်။

စားပွဲနှင့် အံဆွဲရှင်းမှ ဦးနှောက်ရှင်းသည်ဟု ဆိုတတ်၏။

ကျွန်တော်က ထား၏လက်မှ ခြင်းကိုယူလိုက်ပြီး မှောက်သွန်၍ မီးခြစ်ထုတ်ကာ စက္ကူပုံကို မီးရှို့ပေးမည်ပြင်သည်။

ထားသည် တစ်စုံတစ်ရာ သတိရဟန်ဖြင့် အိမ်ပေါ်ထပ် ပြန်တက်ပြေး၏။

ထားပြန်ရောက်လာချိန်၌ စက္ကူပုံတွင် မီးညွန့်ကလေးများ တက်နေပြီ။

ထား၏လက်တွင်း၌ စက္ကူဖြင့်ပင် ပတ်ထားသော အထုပ်လေးတစ်ထုပ် ပါလာ၏။

ထားက ယင်းအထုပ်ကို ကျွန်တော့်ကို လှမ်းပေး၏။

"ရော့ ယူ . . . အဲဒါတွေပါ မီးထဲထည့်လိုက်တော့ . . . "

ကျွန်တော်က အထုပ်ကလေးကို ဖြေကြည့်၏။ ခရော့စလေကင်းဘရိဂျ်ကဲ့သို့ အမျိုးကောင်း စာအိတ်ပြာလေးများနှင့် ထည့်ထားသော စာများဖြစ်နေ၏။

"ဘာတွေလဲ ထား . . . "

"အို . . . ထည့်မှာသာ ထည့်လိုက်စမ်းပါ . . . "

ကျွန်တော်သည် စာအိတ်ကလေးများကို မီးပုံထဲ ထည့်လိုက်၏။ စာအိတ်ကလေးတွေကို တော်တော်နှင့် မီးမစွဲချင် . . .။ ကျွန်တော်က တုတ်တစ်ချောင်းနှင့် မွှေပေးရ၏။

အနီးရှိ ခွေးခြေလေးတစ်လုံးပေါ်၌ ထိုင်ကြည့်နေရင်းက ထားက ရယ်သည်။

"အတော်လာတယ် . . . စာတွေကအစ ချက်ချင်းမီးမလောင်ချင်ဘူး . . . "

"ဘာစာတွေလဲ ထား . . . "

"ယူကလဲ . . . မသိဘူးလား . . . မိန်းကလေးတစ်ယောက်ဆီကို ဘာစာတွေ လာရမှာလဲ . . . "

"သြော် . . . "

www.burmeseclassic.com

www.burmeseclassic.com



ထားကသာ ဆက်မှတ်ချက်ချနေ၏။

"အလကားသက်သက် . . . ကိုယ့်ကိုယ်ကိုလဲ ဒုက္ခရှာကြတယ် . . . သူများကိုလဲ ဒုက္ခပေးတယ် . . . "

"ဒုက္ခပေးတယ်တော့ ဘယ်ဟုတ်မလဲ ထားရယ် . . . ငါ့ဝမ်းပူဆာ မနေသာဆိုတာလို နလုံးက ပူဆာနေတော့လဲ သူ့ခမျာများ . . . "

ထား၏ရယ်သံကြောင့် ကျွန်တော် စကားပြတ်သွား၏။

"ယူ ဘာလို့ နလုံးကို ဆွဲထည့်ရတာလဲ . . . နလုံးက အနေသာကြီးပါ . . . ရေပန့်ကြီးလို ဘာမှ မသိတဲ့သွေးပန့်ကြီးပါ . . . "

"သြော် . . . ထားရယ် . . . ဒါကတော့ ဒီလိုပဲ တင်စားပြောကြတာကို . . . "

"တင်စားပြောတာ . . . အဟက် . . . ဟက် . . . ဟဲ . . . ဒီလိုတော့ သူ့ဟာနဲ့သူ အကိုက်သား . . . "

"ဘာပြောတာလဲ ထား . . . "

"ဘာမှ အသိတရားမရှိတဲ့ နလုံးလို ကြွက်သား အခေါင်းပွကြီးကို အချစ်ရဲ့ တည်ရာ မွေးဖွားရာလို့ ဆိုကြတယ် . . . ဘာမှ မဟုတ်တဲ့ သွေးသားသောင်းကျန်းမှုကိုလဲ တကတဲ . . . ရှိခိုးဦးတင်ထားရမယ့်အချစ်လို့ အမွှန်းတင်ကြတယ် . . . "

"အချစ်ဆိုတာ သွေးသားသောင်းကျန်းမှု . . . "

"အင်းလေ . . . နို့ . . . ဘာလဲ . . . "

သည်တော့မှ ခက်ကပြီ။ စကားနိုင်လုပြောလျှင်မူ လွယ်သည်။ သိပ္ပံနည်းကျကျ ဒဿနဗေဒကျကျ ပြောရလျှင် ငြင်းရန်က မလွယ် . . .။ မလွယ်။

"ကိုယ် တစ်ခုပြောမယ် . . . ငြင်းတာတော့ မဟုတ်ဘူးနော် . . . "

"ပြောပါ . . . ပြောပါ . . . နှစ်ခု . . . နှစ်ခု . . . "

"ဟိုတစ်နေ့က မေမေကြီးနဲ့ကိုယ် တရားဆွေးနွေးကြတယ် . . . "

"အလဲ့ . . . "

"ပဋိစ္စသမုပါဒ် စက်ရဟတ်မှာ . . . အဝိဇ္ဇာ ပစ္စယာ သင်္ခါရလို့ အဝိဇ္ဇာကို ရှေ့ဆောင်အကြောင်းတရားအဖြစ်နဲ့ ထိပ်တင်ထားတယ် . . . မေမေကြီးက မေးတယ် . . . အဝိဇ္ဇာကရော ဘယ်က လာတာလဲ တဲ့ . . . "

"ဟုတ်သားပဲ . . . "

"စက်ဝန်းဆိုတာ အစမရှိတဲ့ သဘောပဲ . . . ကောက်ကိုင်လိုက်တဲ့နေရာကို အစလို့ အလုပ်ဖြစ်အောင်ပဲ ပြောလို့ရတယ် . . . ပဋိစ္စသမုပ္ပန္နတရားတွေမှာလဲ ဒီသဘောပဲ ရှိတယ် . . . အဝိဇ္ဇာကို ထပ်ကွန့်မေးလာရင်တော့ အဖြေကရှိတယ် . . . အဝိဇ္ဇာရဲ့ အစ . . . အဝိဇ္ဇာရဲ့အကြောင်းဟာ တခြားမဟုတ်ဘူး . . . အာသဝ ဆိုတာပဲ . . . "

"အာသဝ ဆိုတာက ဘာလဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



"အာသဝ ဆိုတာက ယိုစီးခြင်းလို့ အဓိပ္ပါယ်ရတယ် . . . ပါဠိစကားဆိုတာဟာ သိပ်နက်နဲတယ် . . . ရိုးရိုးစကားတွေလို အဘိဓာန် အဓိပ္ပါယ်နဲ့ချည်း သွားလို့မရဘူး . . . "

"အင်းပါ . . . လုပ်စမ်းပါဦး . . . ယူ့ အာသဝ ကို . . . "

"အိုင်းအနာမှာ ယိုစီးတတ်တဲ့သွေးပြည်ဟာ ရှိနေသလို ပုထုဇဉ်သတ္တဝါတွေရဲ့ သန္တာန်မှာလဲ ယိုစီးတတ်တဲ့ . . . မတားနိုင် မပိတ်နိုင် မရပ်နိုင်တဲ့ အာသဝ (ဝါ) အာသဝေါတရားတွေ ရှိနေတယ် . . . ကာမာသဝ၊ ဘဝါသဝ ဆိုတာတွေပေါ့ . . . ထား နားလည်ပါတယ်နော် . . . "

"အံမာ . . . လူကို အထင်သေးလိုက်တာ . . . စစ်အတွင်းတုန်းက ထားလဲ မန္တလေးမှာ ဖုံးကြောက်လို့ ဓမ္မစကြာ သင်ဖူးပါတယ် . . . အဟဲ . . . "

"အဲဒီလိုဆိုရင်တော့ ကိုယ်ရှင်းပြရတာ လွယ်တာပေါ့ . . . အာသဝ ဆိုတာဟာ ကိုယ်နားလည်သလောက် တဏှာအကြီးစားကြီးတွေပဲ . . . အင်းလေ . . . ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘတဏှာ ဒီလိုလဲ သုံးတာရှိတာပဲ . . . ခွဲလိုက်မယ် စိတ်လိုက်မယ်ဆိုရင်တော့ တဏှာအမျိုးပေါင်းက ၁၀၈ မျိုးတောင် ရှိတယ် . . . "

"အားပါးပါး . . . မနည်းပါလား . . . "

"ဒီတော့ သမီးရည်းစားချစ်၊ လင်ချစ် မယားချစ် မပြောနဲ့ . . . မိချစ် ဖချစ်ဆိုတာတွေတောင်မှ အဲဒီ ၁၀၈ မျိုးထဲက မလွတ်ဘူး . . . အာသဝနဲ့ မကင်းဘူး . . . တစ်နည်းအားဖြင့် ဖိုချစ် မချစ်မှန်ရင် တဏှာပါပဲ . . . ဒါက ဘုရားဟော . . . ဇီဝဗေဒပညာအရ ပြောရရင်တော့ သွေးသားသောင်းကျန်းတာ . . . စိတ်ပညာအရတော့ 'လစ်ဘီဒို' က ပွားလာတာ . . . လစ်ဘီဒို ဆိုတာကလဲ အခြေခံ ကာမတဏှာအားကြီးကို ပါမောက္ခ ဖရွိုက်က ခေါ်တာ . . . ဗုဒ္ဓဘုရားဟောတဲ့ အာသဝသဘော ဘောင်တွင်းကပါပဲ . . . "

"ဒါဖြင့် ယူ့ဟာက ငြင်းတာမှ မဟုတ်တော့ပဲ . . . "

"နားထောင်ပါဦးလေ . . . အရင်းအမြစ်ဟာ အရင်းအမြစ်ဖြစ်ပေမယ့် လမ်းခရီးမှာ ပြောင်းတာမျိုးလဲ ရှိတယ် . . . အနည်းဆုံး အသွင်အားဖြင့်ပြောင်းတယ် . . . တစ်ခါတရံတော့ အနှစ်သာရအပိုင်းမှာတောင် ပြောင်းမှုတွေရှိတယ် . . . စိတ်နဲ့စိတ်ဖွဲ့စည်းပုံဟာ ဆန်းလှပါတယ် ထား . . . ဥပမာ . . . မိချစ် ဖချစ်ဆိုတာဟာ အာသဝ ဘောင်ထဲက ဖြစ်ပေမယ့် ကိလေသ ဆိုတဲ့ ညစ်နွမ်းခြင်း အတန်ကို ကင်းတာမို့ မေတ္တာလို့ပဲ အသိအမှတ်ပြုထားရတယ် . . . "

"ဒီတော့ . . . "

"ဒီတော့ ဘဝါဘဝေ အဆက်ဆက်က နှစ်ဖြာရေစက်ကြောင့် ချစ်လာမိရင် . . . ထားရယ် . . . ဒီအချစ်မှာ မေတ္တာဆိုတာဟာ တွဲပါတတ်ပါတယ် . . . ပါပါတယ် . . . "

မသိစိတ်ဟူသည် အခက်သား . . .။ လစ်လျှင် ခိုးတွယ်တတ်သည်။

ကျွန်တော့်စကားအဆုံး၌ ကျွန်တော်ထိတ်လန့်သွားသည်။ ဝါးလုံးခေါင်းတွင်းမှလရောင်သည် ပိုးထိုးပေါက်မှ စိမ့်ထွက်လိုက်ပါပကော . . .။

တော်ပါသေး၏ . . .။ ထားက ရိပ်မိပုံမပေါ်ပဲ အော်ရယ်၏။

"ယူ့ဟာက အဖျားရှူးသွားပြီ . . . ထားပါတော့ . . . မေတ္တာမကင်းတာတွေ . . . ကင်းတာတွေ . . . ဒါပေမယ့် ယူပြောသလိုပဲ . . . အာသဝ ဟာတော့ အာသဝပဲ . . . အသဝက အဝိဇ္ဇာကို ဖြစ်စေတယ် . . . အဝိဇ္ဇာကနေ ဘာတွေ လျှောက်ဖြစ်သလဲ . . . ဖြတ်ပြော . . . အတိုပြော . . . "

"ဘဝနဲ့ ဇာတိပေါ့ ထားရယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ကော . . . "

ကျွန်တော်မဖြေ . . .။ ကျွန်တော် မဖြေသောအခါ ထားက သူ့ဘာသာသူ ဆက်သည်။

"ယူ မဆက်ချင်တော့ဘူး မဟုတ်လား . . . ထားကပဲ ပြောမယ် . . . ဇရာ၊ ဗျာဓိ၊ မရဏ . . . နေ့ခင်းက ထားတို့ခွဲ စိတ်နေတဲ့ဟာကြီးလို သေရဦးမယ်၊ ပုပ်ရဦးမယ်၊ ပျက်ရဦးမယ် . . . မသေခင်၊ မပုပ်ခင် ငိုရဦးမယ် . . . ပူရဦးမယ် . . . လောင်ရဦးမယ် . . . "

အစကတော့ ထားသည် ရယ်မောလျက် ပြောနေသည်။ ပြောရင်းက မျက်နှာရော၊ အသံရော တည်လာသည်။ ခဏၨမှု ဘာကြောင့်မသိ . . .။ မျက်နှာလေးသည် တင်းသကဲ့သို့ပင် ဖြစ်လာ၏။

"ထားတော့ ဘယ်တော့မှ မငိုဘူး . . . မပူဘူး . . . ငိုရ ပူရမယ့်အလုပ်လဲ မလုပ်ဘူး . . . ဟော့ . . . ယူ . . . ထားကို ကြည့်စမ်း . . . ထားနာမည်က ထား . . . တဲ့ . . . မခင်အေးမဟုတ်ဘူး . . . "

နောက်ဆုံးမှာတော့ ထားသည် ရယ်ပါသေး၏။ ရယ်ပြီး အိမ်ပေါ်ထပ် တက်သွားသည်။

ခြံတွင်းသို့ ကားဝင်လာသံ ကြားရ၏။

ကိုခင်မောင်ဝင်းနှင့်အဖော်များ တင်းနစ်ရိုက်ရန် ရောက်လာကြပြီ။

ပြာကျနေပြီဖြစ်သော မီးပုံကို ကျွန်တော်က အဓိပ္ပါယ်မရှိ တုတ်နှင့် မွှေနေမိ၏။

ထားက ဘာတွေ ပြောသွားပါသနည်း။ အင်းလေ . . . ဘာတွေ ဆိုလိုသွားပါသနည်း။

မီးပုံ၌ မီးလုံးဝသေသွားသောအခါ ကျွန်တော်က မာတီလင်ဘူးကို ခေါ်ပြီး ပြာတွေ ကျုံးပစ်ခိုင်း၏။

စာမဖတ်ချင်သောကြောင့် စာအုပ်မကိုင်ပဲ တစ်နေရာ ခပ်လှမ်းလှမ်းမှသာ ထားတို့တင်းနစ်ရိုက်သည်ကို ငေးကြည့်နေမိ၏။

ထားသည် အင်္ကျီလက်တိုအဖြူ၊ ဘောင်းဘီတိုအဖြူလေးနှင့် လိပ်ပြာမလေးသဖွယ် ကစားနေ၏။

ဘောင်းဘီတိုလေးနှင့်ဆိုတော့ သွယ်လျသောခါးမှသည် ပြည့်တင်းဝင်းဝါသော ထား၏ ခန္ဓာအောက်ပိုင်းအလှသည် ပေါ်ထင်နေ၏။

ကျွန်တော် သက်ပြင်းရှိုက်မိသည်။

ထားကို ကျွန်တော် ချစ်ပါ၏ . . .။ သည်အချစ်မှာ မေတ္တာက ဘယ်လောက် . . .၊ အာသဝက ဘယ်လောက် . . .။

ဩော် . . . ဘယ်လောက် . . .၊ ဘယ်လောက် . . .။

*********

www.burmeseclassic.com

## အခန်း (၃၀)

ကျောင်းတွေ ပြန်ဖွင့်ပြီးသောအခါ ထားရော ကျွန်တော်ရော ခါတိုင်းနှစ်တွေထက် ပိုကြိုးစားရသည်။ ကျွန်တော့်ထက် ထားက ပို၍ ကြိုးစားရပေမည်။

ကျွန်တော်က ဘီအေနောက်ဆုံးနှစ်ကို ဖြေရတော့မည်။ နောက်ဆုံးနှစ်၌ရသော စာမေးပွဲအဆင့်က ကျွန်တော့်ဘဝရှေ့ရေးတစ်ခုလုံးကို ဆုံးဖြတ်လေမည်။ ဘီအေဘွဲ့ဆိုသည်မှာ သူ့ချည်းသက်သက်က တန်ဖိုးမရှိလှ။ ဂုဏ်ထူးနှင့် ခရက်ဒစ်ကလေးတွေပါမှ၊ အောင်စာရင်းနာမည်ရှေ့တွင် ကြယ်ပွင့်ကလေးတွေပါမှ။ ထို့ကြောင့် ကျွန်တော်ကြိုးစားရသည်။

ထားအတွက်ကလည်း သေရေးရှင်ရေး။

သည်တုန်းက ဆရာဝန်ဖြစ်ရန် စုစုပေါင်း ခုနစ်နှစ်နေရသည့်အနက် နှစ်နှစ်ကို ပင်မတက္ကသိုလ်ကြီး၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒယူပြီး နေရသည်။ ဒုတိယနှစ် ဥပစာသိပ္ပံတန်းကို ရိုးရိုးအောင်ရုံလေးနှင့် မဖြစ်။ အယ်လစ်ဂျစ်ဘယ် ခေါ် တန်းမီဆင့်မီ အောင်ရသည်။ သည်လိုမီမှ ဆေးကောလိပ်သို့ ဆက်ခွင့်ရသည်။ ဆေးကောလိပ်၌နေ၍ နှစ်နှစ်အဆုံးတွင် အဓိကစာမေးပွဲကြီးတစ်ခုကို ဖြေရသည်။ ယင်းကို အောင်ပါမှ ရှေ့ဆက်သုံးနှစ်သင်ပြီး ဆရာဝန်ဘွဲ့ရနိုင်သည်။ ယင်းကို သုံးကြိမ်တိုင်တိုင်ဖြေ၍မှ မအောင်လျှင်တော့ ဆေးကောလိပ်မှထွက်လာပေတော့။ ဆက်ရန်မရှိပါ . . .။

ထို့ကြောင့် ယခုနှစ်တွင် ထားခမျာ တပင်တပန်း ကြိုးစားရရှာသည်။ အအိပ်အနေက နည်းသည်။ အားရှိသော အာဟာရဓာတ်ကိုသာ ပိုအားကိုးသည်။ သည်ကြားထဲက ယခင်က အင်မတန်မှကျန်းမာရေးကောင်းသော ထားမှာ ဆရာဝန်နှင့် နှစ်ကြိမ်ကုလိုက်ရသေးသည် . . .။

ထား၏မျက်နှာလေး ချောင်ကျသွားသည်ကို အရိပ်ကြည့်နေသူ ကျွန်တော်ကသိသည်။ မေးရိုးပါးရိုးလေးများပင် မသိမသာထင်လာသည်ကို မြင်ရ၏။ အရိုးနေ အရိုးကျ ပုံပန်းကျသည်မို့ တစ်မျိုးတော့လည်း ပိုလှသယောင် . . .။

"ထားရယ် . . . သိပ်ပင်ပန်းမခံပါနဲ့ . . . ထား ဥာဏ်က ကောင်းသားပဲဟာ . . . "

မကြာခဏ ကျွန်တော်က သတိပေးရသည်။

"မပူစမ်းပါနဲ့ ယူရယ် . . . ထားက မတော်တဆ ခြေချော်လက်ချော်ဖြစ်မှာ ကြောက်လို့ပါ . . . ထားက အရှုံးဆိုတာကို လက်မခံနိုင်ဘူး . . . တစ်သက်လုံးလဲ အရှုံးကို မတွေ့ဖူးဘူး . . . ထားလုပ်ရင် ဖြစ်ရမှ . . . ဖြစ်လဲ ဖြစ်ရမယ် . . . "

ထား၏စကား၌ တရားမပါပါ။ သို့မဟုတ် သည်ဟာသည်ပင် ထားကိုင်စွဲသော တရားပေလော . . .။

ထားသည် ပြုံးလိုက်ပြီး စကားလှီးလွှဲမေး၏။

"ယူကော . . . အောင်ရင် ဘာလုပ်မလဲ . . . "

"ထားရဲ့ကားကိုပဲ ဆက်မောင်းနေမှာပေါ့ . . . "

"အို . . . ယူ အဲဒီလို မပြောနဲ့ . . . ယူအောင်ရင် ထား တာဝန်ပြီးပြီ . . . ယူ့ကို တစ်သက်လုံး ထားက ဒီလိုမထားနိုင်ဘူး .

www.burmeseclassic.com

www.burmeseclassic.com



မရွှေထား၏ စေတနာမှန် . . .။ ရင်မှာ နင့်သွားမိပါ၏။

“ယူ . . . ကွန်ပီတီးတစ်ပ် တစ်ခုခုဝင်ပေါ့ . . . ဘီစီအက်စ်တော့ မလုပ်နဲ့ . . . ဘီရေအက်စ် ဖြေ . . . ”

“ဘာဖြစ်လို့ . . . ”

“ဘာဖြစ်လို့လဲ မသိဘူး . . . ထားက တရားသူကြီးတွေကို သိပ်သဘောကျတယ် . . . ဘာပဲဖြစ်ဖြစ် ယောကျာ်းတစ်ယောက် အနေနဲ့ အဲဒီအလုပ်က သိပ်ခန့်တာ . . . ”

ထားသည် ကိုယ်လေးကို နောက်သို့ အနည်းငယ်ဆုတ်လိုက်သည်။ ခေါင်းကလေးကို ဟိုဘက်စောင်း သည်ဘက်စောင်း လုပ်ပြီး ကျွန်တော့်ကို သေချာစွာကြည့်၏။

“ယူ့နဖူး ကျယ်တယ် . . . မျက်ခုံးက နက်ပြီးထူတယ် . . . နားရွက်ကားတယ် . . . မေးရိုးက ခိုင်တယ် . . . ခေါင်းပေါင်း ပေါင်းလိုက်၊ ကော်လာအဖြူလေးနှစ်ခု ရှေ့ချလိုက် . . . ပြီးတော့ အယ်လ်ပတ်ကားအနက် ဝတ်လိုက် . . . ရိုက်တ် . . . ဟာ . . . ဟ . . . ဟန်နီ . . . ယူ သိပ်ကြည့်ကောင်းမှာပဲ . . . တရားခွင်ပေါ်မှာ ယူ ခန့်ခန့်ကြီးထိုင်နေတာ ထားကြည့်ချင်လိုက်တာ . . . အဲဒီလို ဆိုရင် ထား သိပ်ပျော်မှာပဲ . . . ”

“တကယ်ပြောတာလား ထား . . . ”

“အို . . . တကယ် . . . ”

“စိတ်ချ . . . ကိုယ်ကြိုးစားမယ် . . . ”

ဟုတ်ကဲ့ . . . ကျွန်တော် ကြိုးစားပါသည်။ ကျွန်တော်တို့ ဘီအေနောက်ဆုံးနှစ် ကျောင်းသားကြီးများသည် စာကျက်ရင်း ကြိုး ဝါးတတ်ကြ၏။ “မမလေး ထဘီဖိုး . . . ကြိုးစားလိုက်ကွ . . . ”။ ကျွန်တော့်အတွက် ထဘီဖိုးမလိုပါ. အင်း . . .။ မလိုဘူးထင်သည်။

သည်ကဲ့သို့ ထားရော ကျွန်တော်ရော စာပိုကြိုးစားရ၍ ပင်ပန်းသည့်နှစ်တွင်မှ တာဝန်သစ်တစ်ရပ်က တိုးလာသည်။

မေမေကြီးအတွက် ဖြစ်သည်။

မေမေကြီး၏ရောဂါတို့မှာ သူဌေးနာဟု ခေါ်မည်ဆို ခေါ်ထိုက်ပါ၏။ ဆရာဝန်နှင့် ပြတ်ရသည်မရှိ။ အစားအစာကလည်း ရှောင်လိုက်ရသည်ဖြစ်ခြင်း . . .။ အနာလေးသေးသေး ဖြစ်လာလျှင် ဆီးချိုရှိသောကြောင့် အလွန်သတိထားရသည်။ သွေးတိုးကြောင့် ဆားရှောင်ရရာ မေမေကြီးက သည်းမခံနိုင်။ တစ်ချီလောက် အစားမဆင်ခြင်လိုက်လျှင် မျက်နှာကြီးအမ်းကာ ပရက်ရှာထိုးတက်လာ၏။

မေမေကြီး၏ ဆွဲနေသောခြေတစ်ဖက်မှာ တုတ်မပါပဲ မလှမ်းနိုင်သောအခါ မေမေကြီးကို အောက်ထပ် ရွှေ့ထားရတော့သည်။

မိုးကျရွှေကိုယ်ကို အစေခံတန်းလျားမှ လွတ်နေသေးသောအခန်းတစ်ခုကို ရွှေ့စေရသည်။ မေမေကြီးကို ကျွန်တော့်အခန်းနှင့် ကပ်နေသည့် မိုးကျရွှေကိုယ်နေခဲ့သောအခန်း၌ ထားရသည်။ ကျွန်တော်နှင့်ကပ်နေရသောကြောင့် မေမေကြီးကလည်း ကျေနပ်ပါသည်။ ယယ်စဉ်ကတည်းက မေမေကြီး၏အကြိုက်ကို လိုက်လုပ်ပေးနိုင်သောကျွန်တော်သည် ယခု ပိုလုပ်ပေးနိုင်၏။

သွေးချိန်ခြင်း၊ ကိုယ်ရိုန်ဒီဂရီတိုင်းခြင်း စသောကိစ္စများနှင့် အခြား ကိုယ်ဖိရင်ဖိ ပြုစုဖွယ်ရာများကို ထားက တာဝန်ယူသည်။ အညစ်အကြေးသိမ်းခြင်း၊ အကျီထဘီလဲခြင်း စသည်တို့အတွက်မူ ဘတ္တလာ သောမတ်စ်ခေါ် ကုလား၏မိန်းမ မဒါလီက ဆောင်ရွက် သည်။

မေမေကြီး အိမ်ထဲမှာဖြစ်စေ၊ ခြံတွင်းမှာဖြစ်စေ လမ်းလျှောက်ချင်လျှင်တော့ ကျွန်တော်က တွဲရသည်။ အဘွားအရွယ်ဖြစ်သော ကြောင့် စောင်ခြုံပေးခြင်း၊ ခြင်ထောင်ချပေးခြင်း စသည်လောက်ကိုလည်း လုပ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေမေကြီးကို အထူးကူညီပေးရသည်ကတော့ ဘာသာရေးကိစ္စ။

မည်သူမဆို သေခြင်းတရားက အနီးကပ်ခြောက်လှန့်လာပြီဆိုတော့ ရတနာသုံးပါးကို အားကိုးလာသည်မှာ ဓမ္မတာဖြစ်၏။

မေမေကြီးကို ကျွန်တော်က လားရာသုဂတိအတွက် သတ္တိရှိစေရန် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယ ဒီပနီ။ အာဏပါဏဒီပနီ၊ အနတ္တဒီပနီ စသော ကျမ်းများကို ရှာဖွေပေးပြီး ဖတ်စေရ၏။ မေမေကြီး ပါဠိမတတ်ပါ။ လယ်တီဆရာ တော်ဘုရားကြီး၏ ကျမ်းများကလည်း အလွန်ရှင်းလင်းသေသပ်သော မြန်မာစာဖြင့် ပြုစုထားသောကြောင့် နားလည်ရန် ပါဠိတတ်ဖို့ မလိုပါ။ ခဲရာခက်ဆစ် တစ်ခါတစ်ရံတွေ့မှ မေမေကြီးသည် ကျွန်တော်နှင့် ဆွေးနွေးတတ်၏။

သုတ္တ ခေါ် သုတ္တန်ဒေသနာတော်များကတော့ နှလုံးသွင်းရွတ်ဆိုလျှင်၊ နားထောင်အာရုံပြုလျှင် စိတ်ကိုကြည်စေသည်။ ကောင်းစွာ အိပ်ခြင်း၊ နိုးခြင်းတို့ကို ဖြစ်စေသည်။ ခက်သည်မှာ မေမေကြီးသည် ပါဠိမဖတ်တတ်။ သည်တော့ ကျွန်တော်က ပါဠိတော်ကိုရော၊ အနက်ကိုပါ ဖတ်ဖတ်ပြရသည်။ မေမေကြီးက ဓာရဏပရိတ်တော်နှင့် ရတနသုတ်တော်ကို အလွန်နှစ်ခြိုက်သည်။ ရင်ခုန်လွန်းသည့် အခါမျိုး၊ အိပ်မပျော်သည့်အခါမျိုးတို့တွင် ကျွန်တော့်ကို ခေါ်ပြီး ပါဠိအနက်ရွတ်စေ၏။

နိဂုံးချုပ်နှစ်၏ ရက်များ လများမှာ ကျွန်တော့်အတွက် တစ်နည်းအားဖြင့် ကြည်နူးဖွယ်အတိ ပြီးပါ၏။

* * *

မေလ . . .။

၁၉၅၂ ခုနှစ် မေလ။ သည်လကို ကျွန်တော့်တစ်သက်တွင် မေ့မရတော့ပါ။ ဘယ်ပုံမှ မေ့ဖျောက်၍ မရတော့ပါ။

အောင်စာရင်းတွေထွက်တော့ ကျွန်တော်က နိုင်ငံရေးသိပ္ပံနှင့် ဒဿနိကဗေဒတွင် ဂုဏ်ထူးရသည်။ ခရက်ဒစ်နှင့်လည်း အောင်သည် . . .။ ရိုးမကို ကျွန်တော် ကျော်မိပါပြီ။

ထားလည်း အောင်သည်။ ဆရာဝန်ဘွဲ့ရရန် ထားအတွက် ဘာအပိတ်အဆီးမျှ မရှိပြီ။

အောင်စာရင်းထွက်၍ ဘာမျှမကြာမီမှာပင် ခြံတွင်း၌ ဦးတင်လတ်က ပါတီအကြီးအကျယ်ပေးရန် ပြင်တော့၏။

သမီးဖြစ်သူကို ဂုဏ်ပြုခြင်းကတစ်ကြောင်း . . .။ အခြား အဓိကအကြောင်းကြီးတစ်ရပ်ကလည်း ရှိသေးသည်။

၁၉၄၂ ခုနှစ် မေလတစ်ဝက်မကျိုးမီကလေးတွင်ပင် သူနှင့် ဗြိတိသျှ မြန်မာပြည် တပ်ပေါင်းစုကြီးသည် ကလေးမြို့မှခွာ၍ အိန္ဒိယပြည်တွင်း ဝင်သွားကြသည်။ သူတို့အတွက်တော့ သေမင်းခံတွင်းမှ လွတ်ကြခြင်းဖြစ်၏။ သူတို့၏ တပ်မှူးချုပ်ကြီး ဖီးလ်မာရှယ် ဆာဝီလီယံဆလင်း၏ အာဘော်အတိုင်းဆိုရသော် အောင်ပွဲကြီးစမည့် ရှုံးပွဲကြီး၏ နိဂုံးဖြစ်သည် . . .။ တစ်နည်းအားဖြင့် မဟာနိဂုံး . . .။

ယခု ၁၀ နှစ်တင်းတင်းပြည့်ပြီ . . .။

တိုက်ဆိုင်၍လော တမင်ပင်လောမသိ။ ထိုစဉ်က ဗိုလ်ချုပ်တစ်ဦးကလည်း ယခု အရပ်သားအဖြစ် ရန်ကုန်မြို့သို့ ခေတ္တ ရောက်နေသည်။

ထိုနေ့ညက တစ်ခြံလုံး မီးရောင်စုံနှင့် လှပနေသည်မှာ သီတင်းကျွတ် တန်ဆောင်တိုင် ရှုံးမည်။ ယမကာနှင့် အစားအသောက်ကို စထရင်းဟိုတယ်မှ တာဝန်ယူထားသောကြောင့် အဆင်အပြင်မှာ သပ်ရပ်ခမ်းနားလှ၏။

ကပွဲကျင်းပမည့် တင်းနစ်ကွတ်ကိုတော့ အထူးအသားပေး ပြင်ဆင်ထားသည်။ အသွယ်သွယ်ဆင်ထားသော မီးဆိုင်းတို့မှာ အလင်းအမှောင်ကို ကြိုက်သလိုကစားနိုင်သည်။ ယမကာစားပွဲကို ဘားသဏ္ဍာန်ပြင်ထား၏။ ဘား၌ ပုလင်း၊ ဖန်ခွက် စသည်တို့ တောက်ပနေသကဲ့သို့ တီးဝိုင်း၌လည်း တူရိယာပစ္စည်းတို့က တောက်ပနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီခွဲကတည်းက ဧည့်သည်တို့ စရောက်လာကြသည်။

ကားတွေများသောကြောင့် ခြံတွင်း အကုန်မဝင်နိုင်။ ဦးဝိစာရလမ်းပေါ်တွင် ရပ်ထားကြရ၏။

မျက်နှာဖြူများလည်း လာကြသည်။ တိုင်းရင်းသားများလည်း လာကြသည်။ အများစုမှာ စစ်ပြန်ဟောင်းများ ဖြစ်ကြ၏။ မာတီလင်ဘူးပင်လျှင် ဦးတင်လတ်က အထူးချုပ်ပေးသော ဥရောပဝတ်စုံတွင် စစ်တံဆိပ်တွေချိတ်၍ တက်ရသည်။ မိုးကျရှေကိုယ်ကလည်း "ဗွတ်တား" လို အပြည့်ဝတ်၍ ဟိုစပ်စပ် သည်စပ်စပ် အလုပ်ရှုပ်နေ၏။

တစ်ခြံလုံး၏အလှကို ခြံကြီးနှင့် အိမ်ကြီး၏ ဧကရီ ထား၏အလှက သရဖူဆောင်းထားသည်။

ထဘီကတော့ ထား၏အသည်းစွဲ နုနုလွင်သော အပြာရောင်ပင်။ အင်္ကျီက နံ့သာရောင်ဖျော့ဖျော့လေး။ ဆွဲကြိုး၊ လက်ကောက်၊ ရင်ထိုး၊ ကြယ်သီး အားလုံးက စိန်နှင့် နီလာ . . .။

ထုံးစံအတိုင်း သူ့မှန်ကြီးကို မေးပါ၏။

"မှန်ကြီးရေ . . . ထား လှရဲ့လား . . . "

"မှန်ကြီးက ကဗျာစပ်နေတယ် . . . "

"ဘယ်လိုတဲ့လဲ . . . "

"တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့ . . . တဲ့ . . . "

"ဟွန်း . . . အဲဒါက နတ်သျှင်နောင်စပ်တာကို . . . "

"ဒါဖြင့်ရင် မှန်ကြီးလဲ ဓာတုကလျာနဲ့ လူမှားလို့ပေါ့ . . . "

"ပိုတာ . . . အဲဒါတော့ ယူ ပိုတာ . . . နည်းနည်း ပိုသွားပြီ . . . ဟွန်း . . . "

ထားသည် ကျွန်တော့်ကို မျက်စောင်းလေးထိုးပြီး ထွက်ခွာသွား၏။

ညစာ ဝင်စားရုံဝင်စားပြီး ကပွဲစချိန်မှာ အခန်းသို့ ကျွန်တော် ပြန်လာခဲ့သည်။

ကပွဲကို ကျွန်တော်မကြည့်ချင်ပါ။ အထူးသဖြင့် သူတစ်ပါးရင်ခွင်မှာ ထား ကနေသည်ကို ကျွန်တော် မကြည့်ချင်ပါ။ ယခင်အခါများက ကိုယ်က လိုက်စောင့်ရောက်ရသူဖြစ်သောကြောင့် မကြည့်ချင်လည်း ရှောင်၍မရ။ ယခုကတော့ ကိုယ့်ခြံတွင်းလည်းဖြစ်သည်။ ထား၏ ဖခင် မိခင်ကိုယ်တိုင်လည်း ရှိနေကြသည်။

အခန်း ပြန်ရောက်ပါမှ ပွဲခင်းဘက်သို့ တစ်ချက် စိုက်ကြည့်မိသည်။

မျက်နှာဖြူ အဖိုအမရော၊ မြန်မာ အဖိုအမရော ကနေကြသည်။ တီးလုံးတွေက ငြိမ်၍ နှေးသည့်အခါ နှေးလိုက်၊ မြူး၍ သွက်သည့်အခါ သွက်လိုက် . . .။

ဘားမှာကလည်း လူစည်သည်။ ထမင်းရည်ချောင်းစီးလှုသည်ဟု ကြားဖူး၏။ ယခုတော့ ဝီစကီချောင်းစီးမည်၊ ရှန်ပိန်ချောင်းစီးမည်။ သူတို့ ဘာပျော်နေကြပါသနည်း။

ကမ္ဘာစစ်မှာ ရှုံးသူရှုံး၍ နိုင်သူနိုင်ကြသည်။ ကြားက မြေဇာပင်တွေကတော့ အရှုံးချည်း . . .။

www.burmeseclassic.com

www.burmeseclassic.com



ကြေမွပျက်စီးရသော ကျွန်တော့်မြို့ကြီးကို မြင်ယောင်မိသည်။ ကြေပြုန်းလုနီးနီးဖြစ်သွားသော ကျွန်တော့်ဘဝကို သတိရမိသည်။

ကိုကြင်မောင် . . .။ စိန်မျက်ခုံး . . .။ တာနာကား . . .။ နီကောဆံ . . .။ မမ . . .။

ကျွန်တော်သည် အာရုံပြောင်းရန် စာအုပ်တစ်အုပ်ကို ယူဖတ်သည်။ ဖတ်မိသည်ကလည်း ဝွန်းဝစ်သဝင်းဒ်။ လေနှင့်အတူ လွှင့်ပျောတော့သည်။

အမေရိကန်ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများအကြောင်းတွင် ကျွန်တော့်စိတ် နစ်မြုပ်သွား၏။

ကျွန်တော့်အခန်းဝတွင် မဒါလီပေါ်လာမှ ကျွန်တော် မော့ကြည့်မိသည်။

"အာကိုး . . . မေမေးကြီးက လာပါးတဲ့ . . . ကျမား တွားအိပ်တော့မယ် . . . "

"အေး . . . အေး . . . မဒါလီ . . . "

ကျွန်တော်သည် ကျွန်တော့်အခန်းမီးကို ပိတ်ပြီး မေမေကြီးအခန်းဘက် ကူးလာခဲ့သည်။

မေမေကြီးက ကုတင်ပေါ်တွင် ပက်လက်လှဲနေသည်။

"ဘယ်နှနာရီရှိပြီလဲ မောင်မြတ်ဆွေ . . . "

"အဲ . . . ဟင် . . . ဆယ့်တစ်နာရီတောင် ထိုးတော့မယ် . . . မေမေကြီး မအိပ်သေးဘူးလား . . . "

"အသံတွေနဲ့ ဘယ်အိပ်လို့ရမလဲ . . . ဟောဒီပြတင်းပေါက် ပိတ်လိုက်ပါ . . . မဒါလီက မမီဘူး . . . "

ကျွန်တော်က ပြတင်းတံခါး ထပိတ်လိုက်၏။

"မေမေကြီး ဘုရားအာရုံပြုအိပ်ချင်တယ် . . . ပရိတ်ဖတ်ပါ လူကလေး . . . "

"ဓာရဏပရိတ် အရင်ဖတ်မယ် . . . နော် . . . "

"ကောင်းတယ် . . . သေဝေ . . . အသေဝေ . . . အနက်က ဘာတဲ့ . . . "

"သူတော်ကောင်းတို့နှင့် ပေါင်းဖက်ယှဉ်တွဲ မှီဝဲရသည်ဖြစ်၏။ သူတော်မဟုတ် သူယုတ်တို့နှင့် မပေါင်းဖော် မယှဉ်တွဲ မမှီဝဲရသည်ဖြစ်၏။ တဲ့ . . . "

"ကောင်းတယ် . . . ကောင်းတယ် . . . အစက ရွတ် . . . "

ပရိတ်တော်ကို အလွတ်ပင်ရသော်လည်း ကျွန်တော်က စားပွဲပေါ်မှစာအုပ်ကိုယူ၍ အသံထွက်ဖတ်၏။

"ဗုဒ္ဓါနံ ဇီဝိတသာန သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာမေ ဟောတု။ . . . "

ကျွန်တော်က ပရိတ်ပါဠိတော်ကစ၍ လေးလေးမှန်မှန်ဖတ်နေသည် . . .။ ပါဠိတော်ပြီးတော့ နိဿယဆီ . .။

အပြင်မှ ကားများထွက်သံသဲ့သဲ့ ကြားရသည် . . .။ ပြီးလောက်ပြီ ထင်၏။

အခန်းအပြင်ဘက်မှလည်း ခြေသံများကို ကြားရ၏ . . .။ ရှုးဖိနပ်သံတစ်ခုက ကျဲ၍လေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တံခါးမှ ခေါင်းပြူကြည့်သည်။ သို့ရာတွင် ချက်ချင်းပင် ဦးရုပ်လိုက်ရ၏။

ဦးတင်လတ်က ခေါင်းကျိုးလျက်။ သူ့ကို မခင်အေးနှင့် မိုးကျရွှေကိုယ်က တွဲလာသည်။

ကျွန်တော် မမြင်အပ်ထင်၍ ခေါင်းရုပ်လိုက်ခြင်းဖြစ်သည်။

လှေကားပေါ်တက်သွားကြစဉ် စကားသံများ ကြားရ၏။

"ဒါလင် . . . မောင် သိပ်မျှားတာပဲ . . . "

"အို . . . ဆယ်နှစ်မှတစ်ခါ . . . မောင့်ဘာ . . . အဲ . . . ရဲဘော်တွေ . . . အေး သိလား . . . မောင့်ရဲဘော်တွေ . . . ခွေးမသား ဂျပန်ကောင်တွေနဲ့ မောင်တို့က . . . မောင်တို့က . . . "

ဦးတင်လတ်၏ လျှာတွေ အာတွေက လေးနေသည်။ စကားတွေကလည်း အဆက်အစပ်မရှိ . . .။

တစ်အောင့်ခန့်အကြာ၌ အသံများ တိတ်သွားသည်။ ထို့နောက် ပြန်ဆင်းလာသော ခြေသံများ ပေါ်လာ၏။

မမကြီးက မျက်စိတစ်ချက် ဖွင့်ကြည့်သည်။

ဓာရဏပရိတ်တော်ပြီးသွားသောကြောင့် ရတနသုတ်တော်ကို ကျွန်တော် ဆက်ဖတ်၏။

ကျွန်တော့်စိတ်ထင် ပတ်ဝန်းကျင်သည် အထူးတိတ်ဆိတ်သွားပြီထင်၏။ ခပ်မှန်မှန်ရွတ်နေသော ကျွန်တော့်အသံသည် ကျယ်နေသည်ထင်၏။ ပြတင်းမှနေ၍ လျှပ်ရောင်လိုလိုကို မြင်ရသည်။ မိုးများ ရွာမလား။ ပရိတ်တော် ဆုံးသွားပြီ . . .။

ကျွန်တော်က မမကြီးကိုကြည့်၏။

မမကြီးကား အသက်ရှူမှန်မှန်နှင့် အိပ်ပျော်နေလေပြီ။

ကျွန်တော်က မမကြီးကိုယ်ပေါ်၌ စောင်တစ်ထည်ကို အသာလွှမ်းပေးသည်။ ပြီးတော့ မမကြီး၏ကိုယ်ကို မထိအောင် ဂရုစိုက်ပြီး ခြင်ထောင်ကို အသာချပေး၏။

ခြေဖျားထောက်၍ အခန်းတွင်းမှထွက်လာပြီး တံခါးကို ဖွဖွလေး စေ့ပိတ်လိုက်၏။

ခါးဆန့်ပြီး ကိုယ်ကို လှည့်လိုက်သည့်ခဏမှာပင် ထားကို တွေ့ရသည်။

ကျွန်တော်နှင့် မမကြီး၏အခန်းတို့က အိမ်ကြီး၏မြောက်ဘက်နံရံနှင့် ကပ်လျက်ဖြစ်သည်။ အပေါ်ထပ်သို့တက်သော လှေကားက အိမ်၏အလယ်တွင်ဖြစ်ပြီး ကျွန်တော်ရပ်နေရာမှ ပေနှစ်ဆယ်ခန့် ဝေးမည်။

လှေကားရင်းတွင် ထားကရပ်နေခြင်းဖြစ်၏။ ရပ်နေခြင်းဆိုသည်ထက် မှီ၍နားနေသည် ဆိုခြင်းက ပိုမှန်လိမ့်မည်။

ထား၏ခြေတစ်ဘက်က လှေကားထစ်ပေါ်မှာ။ အခြားတစ်ဘက်ကတော့ ကြမ်းပေါ်မှာတွင် . . .။ ကိုယ်လေးက ရှေ့သို့ စိုက်နေသည်။ လက်တစ်ဘက်ကဆန့်ပြီး လှေကားလက်တန်းပေါ် ထောက်ထား၏။

ကျွန်တော်က ထား၏အနီးသို့ သွက်သွက်လျှောက်သွားသည်။

"ထား . . . ထား . . . ဘာဖြစ်လို့လဲ . . . "

ထား၏ခေါင်းလေးက လေးပင်စွာမော့လာ၏။ မျက်တောင်ကော့ကြီးများကိုလည်း လေးပင်စွာ လှန်ပြီး ကျွန်တော့်ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထားက ကျွန်တော့်ကိုပြုံးပြသည်။ သည်အပြုံးလေးကလည်း လှ၏။

"ယူ ဘယ်သွားနေလဲ . . . ထားကို ပစ်ထားတယ် . . . ဟုတ်လား . . . "

ခက်ကပြီ . . .။ ထား၏စကားပြောဟန်ကလည်း လျှာလေး အာလေးနှင့်။

"ထား ဘာဖြစ်လဲ . . . ပင်ပန်းနေလား . . . ကိုယ် ဘာကူရမလဲ . . . "

ထားက ခေါင်းခါပြ၏။ အဓိပ္ပါယ်မရှိ ရယ်လိုက်ပြီးမှ ဆို၏။

"အိုင် အင်မ် အောရိုက်တ် . . . ဟန်နီ . . . ဝွဒ်နိုက် . . . "

ထားသည် ခြေတစ်ထစ် လှမ်းတက်သည်။ လှေကားထစ်ပေါ် နောက်ခြေရောက်သည့်အချိန်တွင် တစ်ကိုယ်လုံးယိုင်ပြီး လက်တန်းပေါ် ရင်ဖြင့် မှီကျသွား၏။

ကျွန်တော်က ဘာလုပ်မိသည်မသိ။ ထား၏ကိုယ်လေးကို ဆုပ်ကိုင်ထိန်းထားမိနေ၏။

"ထား မူးသွားသလား . . . "

"ဘာပြောတယ် . . . မူးသလား . . . အိုး . . . နိုး . . . ရပ်ဘစ်ရှ် . . . "

ကျွန်တော် ရယ်ချင်လာ၏။

"ဒါဖြင့် ထား ပင်ပန်းနေတယ် ထင်တယ် . . . ဟုတ်လား . . . "

"ရိုက်တ် . . . ယူ အာရ် ရိုက်တ် . . . "

"ကဲ . . . ဒါဖြင့် ကိုယ်တွဲပြီး ပို့ပေးမယ် . . . ကိုယ့်မှီလိုက်ခဲ့ . . . "

ထားကမငြင်း။ ကျွန်တော့်ကိုမှီပြီး လက်တစ်ဘက်က ကျောမှဖြတ်၍ ကျွန်တော့်ပခုံးကို သိုင်းဖက်သည် . . .။ သည်လက်ကလေးကို ကျွန်တော်က လက်တစ်ဘက်နှင့် လက်ပြန်လှန် ဆုပ်ထားရသည်။ အခြားလက်တစ်ဘက်ဖြင့် ထား၏ခါးလေးမှ ပွေ့ဖက်ပြီး တွဲခေါ်ယူရ၏။

လှေကားထိပ်အရောက်တွင် ထားကိုယ်မှ ရေမွှေးနံ့သင်းသင်းကို စတင်သတိပြုမိသည်။ ရေမွှေးနံ့သည် နှာခေါင်းမှသည် ရင်တွင်း၊ ရင်တွင်းမှသည် တစ်ကိုယ်လုံး အကြောအခြင်တွေဆီထိ ပျံ့နှံ့သွားသည်။

ထား၏လက်တစ်ဘက် ကျွန်တော့်ပခုံးနှင့် ထိနေသည်ကိုလည်း သိလာရသည်။ ကျွန်တော့်လက်တစ်ဘက်က ထား၏ခါးကလေးကို ပွေ့ထားရသည်ကိုလည်း သိလာရသည်။ ထား၏ ကိုယ်ရှေ့ပိုင်းတစ်ခြမ်းက ကျွန်တော်၏ ကိုယ်နောက်ပိုင်းတစ်ခြမ်းကို ထိနေမှန်းလည်း သိလာ၏ . . .။ သိလာ၏။

အပေါ်ထပ် တောင်ဘက်ပိုင်းမှာရှိသော ဦးတင်လတ်တို့၏ အခန်းတံခါးတွေကလည်း ပိတ်နေပြီ။

အိမ်အလယ်တည့်တည့် မျက်နှာကျက်မှ မီးတစ်လုံးတည်းသာ လင်းနေ၏။

ကြမ်းပြင်တွင်ကျနေသော ထားနှင့် ကျွန်တော်၏အရိပ်တွေက အတန်လေးရှည်နေ၏။

မြောက်ဘက်ပိုင်းမှာရှိသော ထား၏အခန်းမှ စေ့ထားသောတံခါးရွက်ကို ကိုယ်နှင့်အသာတွန်းပြီး ဝင်ခဲ့ရသည်။

ထားနှင့်ကျွန်တော် အခန်းတွင်းအရောက်မှာ တံခါးပြန်စေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထား၏အခန်းတွင်းမှာက မှောင်နေသည်။ အပြင်မှ နည်းနည်းသာဝင်လာနေသော အလင်းရောင်ကြောင့် ခြင်ထောင်ဖွေးဖွေးကိုတော့ မြင်ရသည်။

ကုတင်ခေါင်းရင်းမှာ မီးခလုတ်ရှိလေမလား။

ထားကို ကုတင်ဆီ တွဲခေါ်လာခဲ့သည်။

ကုတင်စောင်းနှင့် ထိမိကြသောအခါမှ ထား၏ကိုယ်ကလေးက လည်ပြီးကျသွား၏။ ထား၏ ကိုယ်အလေးချိန်ဒဏ်ကြောင့် ကျွန်တော်ပါ မှောက်ယိုင်ကျသွား၏။

ထား၏ဆံပင်များကလည်း မွှေးကြိုင်နေသည်။ ပါးလေးများကလည်း မွှေးကြိုင်နေသည်။ လည်ပင်းလေးကလည်း မွှေးကြိုင်နေသည်။ အို . . . တစ်ကိုယ်လုံးက မွှေးနေ . . . ကြိုင်နေသည် . . .။

တစ်ချီတစ်ချီ အပြင်က လျှပ်ရောင်ဝင်လာနေသည်ကိုတော့ သိသည်။ မိုးခြိမ်းနေသလားဟုမူ မသိ။ မိုးရွာလာသလောဟုလည်း မသိ . . .။ မသိပါ . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၁)

မုဒုလက္ခဏာဇာတ်ကို မြတ်စွာဘုရားက ဟောကြားတော်မူသည်။ ယင်းဇာတ်ကို တွင်းသင်းမင်းကြီးက ပျို့အဖြစ် ဖွဲ့ဆိုသည်။

ကောင်းကင်ခရီးမှ အလောင်းတော်ရသေ့ ရှာန်ဖြင့်ကြွလာခိုက် မုဒုလက္ခဏာဒေဝီ ဖြစ်ရပုံကို ဤသို့ စပ်၏။

"နန်းပြတင်းဝယ်၊ ရပ်တင်းစက်လျှောင်း၊ ရွှေညောင်စောင်းမှ၊ ရတ်ချည်းထသော်၊ အလှအင်စုံ၊ ကောတုမ္ဗရာဇ်၊ တိုင်းမှဖြစ်တိ၊ ပြေပြစ်သားသား၊ ညွှံ့ထွားလူလူ၊ စက္ကူအဟန်၊ သိန်းတန်လွလွ၊ ဝတ်တော်စလျှင်၊ ဆမတော်စွာ၊ လစ်ခဲ့ကွာသည်။ ။ လျှံဝါနန်းလုံးဝင်းဝင်းတည်း။"

ရင်ဝတ်လွှာ လျှောကွာလေသော မုဒုလက္ခဏာဒေဝီကို အမှတ်မထင် မြင်လိုက်ရှာသည့် ရှင်ရသေ့၏အဖြစ်ကို ဤသို့စပ်၏။

"နှစ်ဆူလဝန်း၊ ဝိဒေကျွန်းက၊ ပေါ်ထွန်းသောယောင်၊ ရွှေနန်းချောင်ဝယ်၊ အရောင်ပေါင်းစု၊ စောမုဒု၏၊ ဖွံ့နုပျို့ပျို့၊ ရွှေရင်စို့ကို၊ နှစ်လိုလေးမြတ်၊ ရှုမိလတ်သည်။ ။ ရိုးပြတ်ခြင်းဆီချင်းချင်းတည်း။"

သမုဒယချစ်ကြိုးလျှင် အနှောင်ခံလိုက်ရရှာသူ အလောင်းတော်ရှင်ရသေ့၏ဒုက္ခကို ဤသို့စပ်၏။

"စိုးရိမ်စိုးရိမ်၊ ကြိုးသို့လိမ်မျှ၊ အကြိမ်အကြိမ်၊ ချစ်ရည်စိမ်လျက်၊ ငြိမ်ဆိမ်ဆေးလေး၊ လှနတ်သွေးကို၊ စိတ်ပြေးခန့်ရှယ်၊ စေးခြံလယ်၌၊ စမွယ်ပန်းသီ၊ လှမ်းမမီသို့၊ သာညီပြည့်မွမ်း၊ ဥယျာဉ်ဝှမ်းက၊ မျှော်တမ်းငဲ့စောင်း၊ နွံ့ရကြောင်းကို . . . "

ကျွန်တော် မောင်မြတ်ဆွေကား အလောင်းတော်လည်း မဟုတ်ပါ။ ရှင်ရသေ့လည်း မဟုတ်ပါ။ ညက ကြုံလိုက်ရသည့်အဖြစ်ကလည်း . . . "နှစ်ဆူလဝန်း၊ ဝိဒေကျွန်းက၊ ပေါ်ထွန်းသယောင် . . . " မကပါ . . .။ မကခဲ့ပါ။

နောက်တစ်နေ့လုံး ထား အိမ်ပေါ်မှ ဆင်းမလာပါ။ နံနက်စာလည်း မစားလာပါ။

ယောကျာ်းကြိုက်တော့ စိုက်စိုက်လာ ဆိုပေမင့် ကျွန်တော့်ဘဝကတော့ မျှော်ရုံသာ မျှော်နိုင်သည့်ဘဝ။ အိမ်ကြီးပေါ် တက်လိုက်သွားဖို့ဆိုတာကတော့ . . . စေးခြံလယ်၌၊ စမွယ်ပန်းသီ၊ လှမ်းမမီသို့ . . .။

ညနေ၌ မဒါလီ ထမင်းတက်ပို့သည်ကို တွေ့ရသည်။ မဒါလီ ထမင်းပွဲပြန်သိမ်းလာသောအခါ ကျွန်တော်က စူးစမ်းကြည့်မိသည်။ ဘာမျှ အရာမယွင်း . . .။

"ညက အိပ်ပျက်တယ်နော် . . . မမထား နေမကောင်းဘူးဆင့် . . . "

မဒါလီက သူ့အမြင် သူပြောသည်။

"စိုးရိမ်စိုးရိမ် ကြိုးသို့လိမ်" ဖြင့် တစ်နေကုန်၍ တစ်မိုးသောက်လာပြန်ပါသည်။

နံနက်စောစော၌ ကားလေးကို ကြက်မွေးပွတ်ရင်း အပေါ်ထပ် ထား၏အခန်းမှပြတင်းဆီ မျှော်ကြည့်မိသည်။

သည်နံနက်မှာတော့ လမထွက်ပါ။ ဩော် . . . ကျွန်တော့်ငွေလ မထွက်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနဲ့ မပြီးပါဘူး ထားရယ် . . . ကိုယ့်ရင်လဲ ကွဲပါပြီ . . . ကိုယ်ဘာလုပ်ရမလဲ . . . မျက်နှာကို မကြည့်ချင်တော့ဘူးဆိုရင် နက်ဖြန်မနက် ကိုယ် ဒီက ထွက်သွားပါတော့မယ် . . . "

စာအိတ်ထဲထည့်ပိတ်ပြီး မဒါလီကိုပင် အပေးခိုင်းရသည်။

သည်တစ်ကြိမ်မှာ အဖြေပါလာသည်။

"အာကိုး . . . တုန်းနာရီမှာ ကားအတင့်လုပ်ထားပါတဲ့ . . . "

နှစ်ချက်ခွဲကတည်းက ကျွန်တော် အသင့်ဖြစ်နေသည်။

သုံးနာရီတိတိမှာ ထား ဆင်းလာသည်။

နောက်ခန်း၌ ထား ထိုင်ပြီးသောအခါ ကျွန်တော်က မေးသည်

"ဘယ်မောင်းရမလဲ ထား . . . "

"ယူဘီအေရုံးကို . . . "

"ထား ဘယ်သွားမလို့လဲ . . . "

"မမေးနဲ့ . . . ယူ့ကို စကားမပြောချင်သေးဘူး . . . ထား ခိုင်းတာကို လုပ်ပါ . . . "

အသံက မာပြီး စကားက ပြတ်သည်။ ထားအမိန့်ကို နာခံပြီး နှုတ်ဆိတ်လျက် ခိုင်းရာသာ မောင်းခဲ့ရသည်။

ယူဘီအေရုံးပေါ် ထားဘာသာ တစ်ယောက်တည်း တက်သွား၏။ တစ်အောင့်အကြာ၌ ပြန်ဆင်းလာသည်။

"ဗိုလ်ချုပ်ဈေးကို မောင်း . . . "

စေရာသို့ပဲ မောင်းခဲ့ရပါ၏။

ထား၌ ကချင်လွယ်အိတ်တစ်လုံး လွယ်ထားသည်။ လွယ်အိတ်လွယ်လျက် ဗိုလ်ချုပ်ဈေးအတွင်း ထား ဆင်းသွား၏။

ပြန်ရောက်လာသောအခါ သံပြတ်နှင့်ပင် အမိန့်ပေးသည်။

"ဘွဲ့နှင်းသဘင်နောက်က အင်းယားကန်ကိုမောင်း . . . "

* * *

မိုး၏လေက ကန်ရေပြင်ကို ဖြတ်တိုက်နေသည်။ ရေပြင်မှာတော့ ဂယက်လှိုင်းငယ်တွေ ဖုံဖုံနှင့် . . .။

ကားစက်ခေါင်းဘေးတွင် ထားကရပ်ပြီး ကန်ရေပြင်ကို အတန်ကြာငေးကြည့်နေ၏။

ထားကမပြောသေးတော့ ကျွန်တော် ဆိတ်ဆိတ်ပင် နေရသည်။

တည့်တည့်မဟုတ်ပဲ တစောင်းတစောင်းဖြင့်သာ ချစ်ရသူ၏ လှမျက်နှာကို ကျွန်တော် ခိုးကြည့်ရသည်။

လေဝေ့တော့ အင်မတန်လှသော ထား၏ဆံနွယ်တွေက လှုပ်ရှားနေကြသည်။ သည်ဆံနွယ်တွေက လှရုံမက မွှေးပျံ့လေမှန်း ကျွန်တော် သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုန်နံ့သာမခြယ်ထားပဲလျက်နှင့် ထား၏အသားလေးတွေက ရှိန်းမြဝင်းစိုနေသည်။ သည်အသားလေးတွေ၏ ကိုယ်သင်းနံ့ကိုလည်း ကျွန်တော် သိခဲ့ရပြီးပါပြီ။

ဩော် . . .။ မသိရ၊ မနမ်းရ၊ မလွမ်းရ၊ မမက်ရလျှင် ကောင်းပါလေသား ထားရယ်။ ကိုယ့်အတွက် ကောင်းပါလေသား . . .။

အရောင်မဲ့ အေးစက်လှသောမျက်လုံးများနှင့် ထားက ကျွန်တော့်ကို စိုက်ကြည့်ပြီး မေး၏။

"ယူ ထားကို ဘာပြောချင်သေးလဲ . . . "

မေးဟန်က တရားသူကြီးဆန်သည်။

"မထိုက်တော့တဲ့ဘဝမို့ သနားခွင့်ကိုတောင် ကိုယ် မတောင်းပါဘူး ထား . . . ဘာပြောချင်သေးလဲလို့ ထားကမေးတော့ ကိုယ့်မှာရှိတဲ့ ပြောစရာတစ်ခုကိုပဲ ကိုယ်ပြောပါမယ် . . . ထားကို ကိုယ်ချစ်တယ် . . . ငယ်စဉ်ကတည်းက ချစ်မိတယ် . . . အခုလဲ ချစ်တယ် . . . ကိုယ့်သေရွာအထိ ကိုယ့်အချစ်ကိုတော့ ကိုယ် လူလုမခံပဲ သိမ်းသွားမယ် . . . ဒါပါပဲ . . . "

ထား၏မျက်နှာ၌ သရော်ပြုံးပေါ်လာသည်။

"ယူ့ကို ဘယ်သူက ချစ်ခိုင်းသလဲ . . . "

"အချစ်ဓမ္မတာမှာ ဘယ်သူကမှ ချစ်ခိုင်းလို့လဲ မရပါဘူး ထားရယ် . . . မချစ်နဲ့လို့လဲ တားလို့ မရပါဘူး . . . "

"အချစ်ဆိုတာကို ထား မယုံဘူး . . . ထား အလိုမရှိဘူး . . . ယူ့ကို ထား မပြောခဲ့ဘူးလား . . . "

"အဲဒါက ထားရဲ့အမြင် . . . ထားရဲ့ယူဆချက်ပါ . . . "

"ရိုက်တ် . . . ထားရဲ့အမြင် . . . ထားရဲ့ယူဆချက် . . . အခု အဲဒါဟာ ပိုခိုင်မြဲသွားပြီ . . . သိလား . . . "

ထားသည်ရယ်၏။ လှိုက်လှဲစွာရယ်နေ၏။ ရယ်၍အားရမှ ဆိုသည်။

"ချစ် . . . ချစ် . . . ချစ်လိုက်ကြတာ . . . တိရစ္ဆာန်တွေလိုပဲ . . . ထားရဲ့အမှားတွေလဲ ပါတာမို့ ယူ့ကို ထား ခွင့်လွှတ်ပါတယ် . . . ကျေးဇူးလဲ တင်ပါတယ် . . . ထား ဘာကျေးဇူးတင်သလဲ . . . သိလား . . . "

ကျွန်တော်က ဘာဖြေနိုင်ပါမည်နည်း။

"တစ် . . . ထားဟာ အများကြီးလိုသေးတယ် . . . အထူးသဖြင့် ယူပြောတဲ့ အာသဝကိစ္စမှာ ဒီသင်ခန်းစာရလို့ ကျေးဇူးတင်တယ် . . . နှစ် . . . "

ထား၏မျက်နှာ၌ နာကျည်းလှသောအပြုံး ပေါ်လာသည်။

"နှစ်ကတော့ ယူက သက်သေထူလိုက်တယ် . . . ယောကျ်ားဆိုရင် ဘယ်ယောကျ်ားမှ မကောင်းဘူး . . . သုတေသနဆက်လုပ်ဖို့ မလိုတော့ဘူး . . . "

ထားသည် ချာခနဲလှည့်ကာ ကားတွင်းဝင်၍ ဒရိုင်ဘာနေရာတွင် ထိုင်၏။

သော့ကလည်း သော့ပေါက်မှာတပ်လျက် တန်းလန်း။

"ထား . . . အဲဒါ ဘာလုပ်တာလဲ . . . "

"ဩော် . . . ဆောရီး ဟန်နီ . . . ယူ့ကို မပြောရသေးဘူး . . . ထား နက်ဖြန် မန္တလေးသွားမယ် . . . လူကြီးတွေကို ကြည့်ပြောခဲ့မယ် . . . အေးအေးဆေးဆေးမှ ပစ္စည်းတွေ လာသိမ်း . . . ယူ့ကို ထားအလုပ်ဖြုတ်လိုက်ပြီ . . . ယူ လိုရာသွားနိုင်ပြီ . . . "

www.burmeseclassic.com

www.burmeseclassic.com



မရွှေထား ရက်စက်လွန်းသည်။ သစ်စိမ်းချိုး ချိုးပုံမြန်လှ၍ ကျွန်တော် ကြောင်နေသည်။

ထိုစဉ် ထားက လွယ်အိတ်တွင်းမှ စက္ကူအိတ်တစ်အိတ် ဆွဲထုတ်လိုက်ပြီး ကျွန်တော့်လက်ထဲ ဆတ်ခနဲ ထည့်လိုက်၏။

"ယူ့ဖို့ ထား နောက်ဆုံးပေးခဲ့တယ် . . . "

ကားကို ဝူးခနဲနှိုးကာ ထားသည် အပြင်းမောင်းထွက်သွား၏။

ထားပေးခဲ့သောအိတ်ကို ရည်ရွယ်ချက်မဲ့ ဖွင့်ကြည့်မိသည်။

ထုံးစံအတိုင်း ချက်လက်မှတ်ကတစ်စောင်။ ပုဆိုးစက တစ်စ . . .။

ပုဆိုးစအရောင်က အစိမ်း . . .။ ကျွန်တော်မုန်းသော အစိမ်းရောင်။

ပုဆိုးစိမ်းစကိုကိုင်ကာ လူသူဆိတ်သော ကန်ရေစပ်၌ရပ်ရင်း . . .

ကျွန်တော် သိလိုက်ပါပြီ။

မြတ်ဆွေ . . .။ ကျွန်တော့်နာမည် မောင်မြတ်ဆွေ။

ဒါပေမယ့် . . .။

လူမုန်းကောင်းကောင်းမသိခင်ကတည်းက မိဘမဲ့။ လူလားမြောက်ချိန်၌ တစ်ကောင်ကြွက်။ ယခုတော့ . . . အထီးကျန် . . .။ အထီးကျန် . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း – ၄

## “နှောင်းချစ်ပန်းနှင့် အလွမ်းနှင့်”

“သည်ဘဝတွင်
ကိုယ်ပင်လက်လျှော့
နေရစ်ပေါ့ဟု
ပတ်ကျော့ခိုင်တုံး
အချစ်ထုံးလျှင်
လုံးလုံးမပြေ
ရှိပါစေလည်း
ဖြေရဖျောက်ရ
လွမ်းနောင်တနှင့်
ဘဝခြားသူ
တပြည်သူကို
မြွက်ကြူမြခွန်း
နှောင်းချစ်ပန်းနှင့်
ပျံ့မွှန်းဆိုလျက်
ကိုယ်နှုတ်ဆက်မည်
မှားချက်သည်တွင်ဆုံးပါတော့”

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂)

အထီးကျန်ဘဝ . . .။

အထီးကျန်ဘဝနှင့် နေလာခဲ့သည်မှာလည်း နည်းနည်းနောနောမဟုတ်။

နှစ်ပေါင်းက ဆယ့်ရှစ်နှစ်ကျော် ဆယ့်ကိုးနှစ်နီးပါး။ ဩော် . . . သူတကာဆိုလျှင် သားကြီးပင် တက္ကသိုလ်ရောက်ရော့မည် . . .။ မလိမ္မာသည့်သားဆိုလျှင် ကြိုက်ကြိုက် မကြိုက်ကြိုက် မြေးဦးတစ်ယောက်တော့ ချီနေရရော့မည်။

အချို့သူတွေက ကြံကြံဖန်ဖန် မေးလာသေးသည်။ မငြိုးငွေ့ဘူးလား ဟု . . .။ ဖြစ်ရလေ . . .။ အကြောင်းနှင့်အကျိုး ရောထွေးပလေ။ ငြီးငွေ့၍ တစ်ကိုယ်တည်းနေရသူပါ။ အရသာကို ဘဝမှာ သေသေချာချာမတွေ့တော့၍ တစ်ကိုယ်တည်းနေရသူပါ။

ထားတစ်ယောက်ကို ချစ်ကဝေမကြီးရယ်လို့ နာမည်တပ်လျှင် ဆတ်ဆတ်ခါတော့ နာရှာလိမ့်မည်။ ကဝေဟူသည်က လိပ်ပြာ နှုတ်တတ်သည်ဆို၏။ ထားက ကျွန်တော့်ချစ်လိပ်ပြာကို နှုတ်ယူသွားသည်။ သည်တော့ ကျွန်တော့်နှလုံးသားမှာ ထားပြောသကဲ့သို့ ကြွက်သားခေါင်းပွကြီးမဟုတ်တောင် ဂူပျက်ပမာ ဖြစ်လာရသည်။ လူမနေသော ဂူပျက်ကြီး။ အတိတ်တစ္ဆေခြောက်သော ဂူပျက်ကြီး။ သည်ဂူပျက်ကြီးထဲမှာ လူသစ်တစ်ယောက်ကို ကျွန်တော်က ဘယ်မှာ အငှားချထားရက်ပါမည်နည်း . . .။

သည်လိုနှင့် အထီးကျန်။ တစ်ကိုယ်တည်း။ လူပျိုကြီး . . .။

ဘဝမှာ အရသာမတွေ့လင့်ကစား နေသာအောင်တော့ နေတတ်လာပါသည်။ နေသာအောင် နေတတ်ခြင်းသည်ပင်လျှင် သံသရာ၌ ခရီးသွားနည်းကောင်းတစ်ခုပေလော မပြောတတ်။

အနည်းဆုံး တရားသူကြီးတစ်ဦး၏ အလုပ်နှင့်တော့ ကိုက်ညီသော နေနည်းထိုင်နည်းတည်း . . .။ သည်စကားကိုတော့ နောက်မှ ကျွန်တော်ရှင်းပြပါမည်။

ထားဖြစ်စေချင်သော တရားသူကြီးတစ်ဦးတော့ ကျွန်တော် ဖြစ်လာခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်း စာမေးပွဲတစ်ခုခုကို ကြုံသလို ဝင်ဖြေမည်ဟု ယေဘုယျပြင်ဆင်ချိန်မျိုးမဟုတ်ပဲ တိတိပပ သတ်သတ်မှတ်မှတ် ပန်းတိုင်ဆီ အိမ်မြှောင်နှင့် ချိန်ကြိုးစားသောကြောင့် ဘီဂျေအက်စ် စာမေးပွဲကို အဆင့်ကောင်းကောင်းမှ ကျွန်တော် အောင်ခဲ့ပါသည်။

မြို့နယ်ရာဘက် တရားသူကြီးမှသည် နယ်ပိုင်ရာဘက်တရားသူကြီးအထိတော့ မမှားမယွင်းအောင် သတိထားလုပ်ကိုင်ရင်းဖြင့် မနှေးမမြန် တက်လာခဲ့ပါသည်။

တရားစောင့်သောသူကို တရားကပြန်စောင့်သည်ဆိုသော စကားမှာ ကျွန်တော်တို့ တရားသူကြီးတွေအတွက်တော့ တိုက်ရိုက် ကြီးမှန်နေပါသည်။

တရားစီရင်ရေး လွတ်လပ်ခွင့်ဟူသည် လူ့လွတ်လပ်ခွင့်တကာ၏ သော့ချက်ဖြစ်ပါ၏။ ဆိုလည်းမဏ္ဍိုင်လည်း မည်ပါ၏။

လွတ်လပ်စွာတရားစီရင်နိုင်ရေးအတွက် တရားသူကြီးများကို ကာကွယ်ပေးထားသော ဥပဒေတွေ ရှိပါ၏။ စကားလုံးဆိုရ လျှင် ရိုးသားစွာဖြင့် သေဒဏ်မှားပေးမိဦး၊ တရားသူကြီးတစ်ယောက်ကို မည်သူကမျှ တရားပြန်မစွဲနိုင်ရန် ဥပဒေက အကာအကွယ်ပေး ထားသည်။ တရားသူကြီးတစ်ဦးကို မည်သူကမျှ လာမကယ်နိုင်သော အန္တရာယ်တော့မူ လေးပါးရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလေးပါးကား ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ တည်းဟူသော မြတ်စွာဘုရား ဟောကြားတားမြစ်တော်မူခဲ့သော အဂတိတရားလေးပါးပင်တည်း . . .။

ကျွန်တော် တရားသူကြီးတစ်ဦးအနေနှင့် ဖြတ်သန်းလာခဲ့ရသောခေတ်ကြီးတွင် ကျန်သော အဂတိတရားတွေထက် ဘယာဂတိကိုမူ အလွန်ခက်ခဲစွာ ထိန်းသိမ်းခဲ့ရသည်။ အကြောင်းမှာ အခြားအဂတိတို့၏အကြောင်းသည် မိမိ၏သန္တာန်၌ ခံသည်။ ဘယာဂတိ၏အကြောင်းသည် အပြင်မှလာသည်။ တန်ခိုးရှိသောနေရာမှ လာတတ်သည်။

ဘယာဂတိမလိုက်စားမိအောင် ထိန်းသိမ်းရခြင်းမှာ အခါများစွာ တန်ခိုးရှင်ကို ကြံ့ကြံ့ခံရခြင်း ဖြစ်ပါသည်။ အကြောင်းသုံးပါး မရွေးသော တန်ခိုးရှင်၏မျက်စောင်းသည် တရားသူကြီးတို့ကို ကာကွယ်ပေးထားသော ဥပဒေမဏ္ဍာန်၏အစွမ်းကြောင့် ကျွန်တော့်ကို ပြာတော့မဖြစ်စေပါ။ သို့ရာတွင် လွင့်အောင်၊ မြောအောင်တော့ စွမ်းပါ၏ . . .။ စွမ်းပါလေ၏။

လွင့်လိုက် မြောလိုက်ရသည်မှာ မြန်မာပြည်မြောက်ဖျားမှ တောင်ဖျား။ အနောက်စွန်းမှ အရှေ့စွန်း . . .။

ပြန်တွေးမိတော့လည်း ပျော်စရာကြီး . . .။ ကျွန်တော့်ဘဝက . . . အဟင်း . . . ဘောလုံးပမာ ကန်သူကလည်း ကန်သည်။ လိမ့်သူကလည်း လိမ့်သည်။ ဘောလုံးဟူသည် အကန်ခံနိုင်ရန် လုပ်ထားသည်။ လေထဲမြောက်ရန်လည်း မကြောက်ပါ။ မြေပေါ်ကျရန်လည်း မမှုပါ။ နေဝင်လျှင် ကန်သူသာမောသည်။ နောက်တစ်နေ့ပြန်တွေ့ကြသည်အထိ ဘောလုံးကတော့ (ပန်းပန်လျက်ပဲ မဟုတ်ပါ) တင်းခံလျက်ပဲ . . .။ တင်းခံလျက်ပဲ။

သို့ရာတွင် ကျွန်တော် အစီရင်ခံခဲ့သည့်အတိုင်း တရားစောင့်သူကို တရားက ပြန်စောင့်ပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရ တက်လာသည်။

ထိုအချိန်၌ ကျွန်တော်သည် ပြင်ပမှဝင်ဖြေ၍ ဘီအယ်လ်ဘွဲ့ရပြီးသည်ပင် ငါးနှစ်ကျော်နေပြီ။

ပထမ၌ ရာဘက်စက်ရှင်တရားသူကြီးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံရသည်။ ထို့နောက် အသက်သုံးဆယ့်ငါးနှစ်ကျော်စလေးတွင်ပင် မင်းကြီးဘွဲ့သမုတ်အပ်သော ရာနှုန်းပြည့် စက်ရှင်တရားသူကြီး ဖြစ်လာခဲ့သည်။

ရုံးအခြေစိုက်ရာက တောင်ကြီးမြို့ . . .။

ဩော် . . . ထားတို့ငယ်ငယ်က နေဖူးသည်ဆိုသော နွေမှာပင် နှင်းမပျောက်သည့် ရှမ်းပြည်မြို့တော် . . . တောင်ကြီး။

* * *

နွေမှာ နှင်းပျောက်ရိုးဖြစ်၏။ နှင်းပျောက်သည့်နွေဟုပင် တေးဖွဲ့သူက ဖွဲ့သည်။

တောင်ကြီးမှာတော့ နွေ၌ပင် နှင်းမပျောက်ပါ။ ပန်းစုံများပင် ပွင့်လိုက်သေး၏။

သည်ရောက်မဆိုက်မီ ကျွန်တော့်ဘဝနွေမှာ နှင်းကြွင်းပြန်ဝေရမည့်အဖြစ်။ နှောင်းချစ်ပန်းလျှင် ပြန်ပွင့်ရမည့်အဖြစ်ကို ကြုံရသည်။

အစကတော့ အမှတ်မထင် . . .။

နိဒါန်းပြန်ပျိုးလေသည်ကတော့ ဆောင်းရက်များ၏နောက်ပိုင်း တစ်ချိန်မှာ . . .။

တစ်ဆယ့်ကိုးကြိမ်မြောက် ပြည်ထောင်စုပွဲတော်ကြီးကို ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလ၌ တောင်ကြီးမြို့တွင် အလည့်ကျ၍ ပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုသနေ့တည်ရာ၊ ပင်လုံကွန်ဖရင့်ကြီးကျင်းပခဲ့ရာ ရှမ်းပြည်၏မြေမှာဖြစ်သောကြောင့် ပွဲတော်ကြီးသည် ဝိသေသလည်းထူး၊ စည်လည်းစည်လှချေ၏။

ပွဲတော်ကြီးနှင့်ကြုံကြိုက်ခိုက် ရှမ်းပြည်ကိုလည်း ရောက်ဖူးအောင်ဟူ၍ ပြည်ထောင်စုတစ်ဝှမ်းလုံးမှ လူအများ တက်လာကြသည်။

ပွဲတော်ကြီး အောင်မြင်ဖြစ်မြောက်ရေးအတွက် ကော်မတီအသီးသီးဖွဲ့၍ ဆောင်ရွက်ကြလေရာ ကျွန်တော်ကတော့ အလုပ်နှင့်အညီ လုံခြုံရေးဆိုင်ရာ ကော်မတီတွင် လူကြီးတစ်ဦးအဖြစ် တာဝန်ယူရသည်။

တောင်ကြီးမှာက ကြီးကြီးကျယ်ကျယ်ပွဲလုပ်ရန် မြေပြန့်အလွန်ရှားသည်။ ထို့ကြောင့် ရရာ တောင်ကြီးဂေါက်ကွင်းကြီးမှာပင် ပွဲတော်ကြီးကို ကျင်းပရသည်။ ဂေါက်ကွင်းဆိုတော့ ဂရင်းခေါ် ကျင်းစိမ်ရာ ဗလီကွက် မြက်ခင်းကလေးတွေ ရှိသည်။ မြက်ခင်းတစ်ခင်းဖြစ်လာရန် ပိုးမွေးသကဲ့သို့ မွေးယူရသည်။ အရိပ်တကြည့်ကြည့်နှင့် နေ့စဉ် သထားရသည်။ ငွေကုန်ကြေးကျလည်း အလွန်ခံရသည်။ ပွဲတော်လာသူတွေ တက်နင်းမသွားရန် ဂရင်း (ဝါ) မြက်ခင်းလေးတွေကို သံဆူးကြိုးနှင့် ဝိုင်းကာထားသည်။ သံဆူးကြိုးတွင်းမဝင်ရန်၊ မြက်ခင်းပေါ် တက်မနင်းရန် ဆိုင်းဘုတ်ကလေးများ စိုက်ထောင် မေတ္တာရပ်ခံထားသည်။

မြေပြန့်သက်သက်ကြီးမဟုတ်သောကြောင့် ပွဲခင်းကြီးသည် ပိုလှ၏။

ဂေါက်ကွင်း၏ အရှေ့ပိုင်းမှ အနောက်ပိုင်းဆီ မြေသည် ကုန်းလျှောဖြစ်နေ၏။ အနောက်ဘက်အစပ်၌ လေဟာပြင်ဇာတ်ရုံကြီးကို ဆောက်ထားရာနေရာဝယ် ကြည့်သူတို့အပြင် ကျန်သူများလည်း အမြင့်မှ ကောင်းကောင်းကြည့်မြင်နိုင်သည် . . .။ ဂေါက်ကွင်း၏ အလယ်တစ်နေရာ၌ကား ဒယ်အိုးပမာ ချိုင့်ဝှမ်းကလေးတစ်ခုရှိသည်။ သည်ချိုင့်ဝှမ်းကလေးထဲတွင်လည်း လှပသောစင်တစ်ခုထိုးထားသည်။ သည်စင်မှာတော့ တိုင်းရင်းသားရိုးရာအကများ ကသည်။ ရန်ကုန်မှလာသော အဆိုကျော်များက တေးသီချင်းများနှင့် ဖျော်ဖြေကြသည်။

ဂေါက်ကွင်း၏ အရှေ့ဘက်အစပ်ရှိ ညောင်ပိန္နဲပင်ကြီးအနီးမှစကာ တောင်ဘက်ဆီတန်းလျက် အစိုးရပြခန်းတွေ ရှိသည်။ ဟိုး . . . တောင်ဘက်အစွန်ဆုံးမှာတော့ ဇာတ်သဘင်ပွဲများနှင့် ဈေးဆိုင်များ ရှိကြ၏။

တစ်ညတွင် လုံခြုံရေးအဖွဲ့သားအချို့နှင့်အတူ ပွဲခင်းကို ကျွန်တော်လှည့်ကြည့်သည်။ ချမ်းအေးသဖြင့် မိုးကျရွှေကိုယ် ပြောသော "ဗွတ်တား" လိုပင် ကျွန်တော် ဝတ်ထားရ၏။ အပေါ်မှ လောင်းကုတ်အင်္ကျီရှည်ကြီးကိုပင် တစ်ထပ်ဝတ်ထားသေး၏။

ပွဲခင်းကြီးတစ်ခုလုံးမှာ မီးရောင်စုံဖြင့် ထိန်ထိန်ပပ တင့်တယ်လှပေသည်။ အရှေ့ဘက်ရှိ ဘုရားတောင်ခေါ် တောင်တန်းကြီး၏ ဆင်ခြေလျှောနံရံတွင် ဧရာမကြယ်ကြီးတစ်ခု၏ပုံကို မီးလုံးများနှင့် ဖော်ထား၏။

ဆည်မြောင်းဌာန၏ ပြခန်းအနီးတွင် ကျွန်တော်တို့ ခေတ္တရပ်နားကြ၏။

သည်တွင် မမျှော်လင့်ပဲ ဦးတင်လေးနှင့် ဆုံမိကြသည်။

မတွေ့သည်မှာ ကြာလှပြီ။ ဦးတင်လေး၏အသက်မှာလည်း ငါးဆယ်ကျော်ပြီ။

ကျွန်တော်က အရင်မှတ်မိခြင်းဖြစ်၏။

"ဦးတင်လတ်ရဲ့ညီ . . . ဦးတင်လေး မဟုတ်ပါလား ခင်ဗျာ . . . "

"ဟုတ်ပါတယ် . . . နေဦး . . . ဟို . . . ဦးမြတ်ဆွေ မို့လား . . . "

"ဟုတ်ပါတယ် . . . ကျွန်တော် မောင်မြတ်ဆွေပါ . . . "

"အခု မင်းကြီးနော် . . . သတင်းစာထဲ ဘာထဲ တွေ့လို့ပါ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ကြတာပဲ . . . ဟုတ်ပါတယ် . . . "

"ဝတ္ထုတွေ ကဗျာတွေလဲ ရေးတယ်ကြားတယ် . . . "

"ဝါသနာကိုး ခင်ဗျာ . . . ဒါထက် မမလေးတို့ရော . . . "

"ပါတယ် . . . ဟိုထဲ ဝင်ကြည့်နေကြတယ် . . . "

ခေတ္တစကားပြတ်သွားပြီးမှ ဦးတင်လေးက ကောက်ကာငင်ကာ မေးသည်။

"ထားတို့အကြောင်းရော ကြားပြီးပြီလား . . . "

အနေဝေးပေမင့် သတင်းစကားကတော့ ကြားပါသည်။ ထားသည် ဆရာဝန်ဘွဲ့ရပြီးမှ ဘိလပ်သို့ ကိုယ့်စရိတ်နှင့်ကိုယ် သွားသည်။ ဘွဲ့ကြီးများယူ၍ပြန်လာပြီး ကိုယ်ပိုင်ဆေးတိုက်နှင့် ဆေးခန်းဖွင့်သည်။ သည်မျှတော့ ကျွန်တော်သိပြီးဖြစ်၏။ ယခု ဦးတင်လေးက ဘာဆိုသနည်း။

"ဘာအကြောင်းလဲ ခင်ဗျ . . . "

"ထားနဲ့ ကိုလတ်က အခု ဒီကထွက်သွားပြီ . . . ဟောင်ကောင်မှာ သွားနေကြတယ် . . . "

"ဩော် . . . ဖြစ်ရလေ . . . ဘာဖြစ်လို့လဲဗျာ . . . "

"ဒီမနေချင်တော့လို့ပေ့ါဗျာ . . . ခင်ဗျားတို့ . . . "

ဦးတင်လေးက စကားမဆက်ပဲ ရပ်ပစ်လိုက်၏။ ဦးတင်လေး ဘာကိုမဆက်သည်ကိုလည်း ကျွန်တော်ရိပ်မိပါ၏။

ဦးတင်လေးတို့ကဲ့သို့ လူတန်းစားမျိုးတွေသည် ကျွန်တော်တို့နှင့် စကားပြောလျှင် "ခင်ဗျားတို့ အစိုးရက . . . " ဟု သုံးတတ်သည်။ သူတို့အစိုးရမဟုတ်သယောင်၊ အင်းလေ . . . အလုပ်သမား လယ်သမားဘက်မှ ရပ်တည်သော အစိုးရသည် သူတို့၏ "အစိုးရ" မဟုတ်သည်မှာလည်း မဆန်းပါ။

ကျွန်တော်က စကားလွှဲမေးရ၏။

"ထားနဲ့ ဦးတင်လတ် နှစ်ယောက်ထဲလား . . . "

"သမီးနဲ့ ဖအေတွင်ပေါ့ . . . ထားကလည်း အိမ်ထောင်မှ မပြုတာ . . . မမအေးကလည်း ဆုံးသွားပြီ . . . "

"မမအေးဆုံးသွားပြီ . . . "

"ဟုတ်တယ် . . . နှလုံးရောဂါနဲ့ပဲ . . . မျိုးရှိသလား မသိပါဘူးဗျာ . . . "

စိတ်မကောင်းဖွယ်အကြောင်းမှ လွှဲချင်၍ ကျွန်တော်က အခြားမေးရသည်။

"ဦးတင်လေးတို့ရော သားသမီးဘယ်နှစ်ယောက် ရပြီလဲ . . . "

"အင်း . . . အဲ . . . တစ်ယောက်ထဲပါ . . . ကျွန်တော်တို့က ညံ့သဗျ . . . အဟဲ . . . ဒါထက် ဦးမြတ်ဆွေရော . . . ဘယ်နှစ်ယောက် . . . "

"ကျွန်တော်လည်း အိမ်ထောင်မရှိပါဘူး . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကား၌ "လည်း" ဟု ပါသွားမိသည်။ မလုံမလဲဖြစ်ပြီး စကားကို မြန်မြန်ဆက်ရ၏။

"အခု . . . အဲ . . . သားလား . . . သမီးလား . . . ပါခဲ့လား . . . "

"သားပါ . . . ပါခဲ့ပါတယ် . . . ဒါပေမယ့် သူက သူ့အဖော်နဲ့သူ . . . ကျွန်တော်တို့က ဒီမှာ လူကြီးတွေချည်းပဲ . . . "

ကျွန်တော်က မခင်လေးနှင့် တွေ့ချင်ပါသေးသည်။ သို့ရာတွင် လှည့်ကြည့်ရန်တာဝန်က ရှိသေးသည်။ ပြခန်းကြည့်သူများက လည်း ကြာတတ်သည်။

"နောက်မှ တွေ့ကြသေးတာပေါ့ . . . ကျွန်တော်တော့ လှည့်လိုက်ဦးမယ် . . . "

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . "

ကျွန်တော်သည် ဆက်၍ ပွဲခင်းကိုလှည့်သည်။

စိတ်တွင်းမှာတော့ မိခင်တိုင်းပြည်ကို စွန့်ခွာသွားရက်သော ထားတို့သားအဖအတွက် ဝမ်းနည်းနေမိသည်။ ဦးတင်လတ်သည် အဖက်ဖက်က ပြည့်စုံပါလျက်နှင့် တိုင်းချစ်ပြည်ချစ်စိတ်တော့ ဘာကြောင့် ခေါင်ပါးရပါသနည်းဟု အံ့သြမိသည်။ အင်းလေ . . . သည်မြေကိုမချစ်၍ ဒီမြေက သွားကြလျှင်တော့ ဒီမြေက ဝမ်းနည်းရန်မရှိပါ။ သည်မြေမှာ နေသူတွေ အများကြီးရှိပါသည်။

ကျွန်တော်တစ်ဦးတည်းအနေနှင့်ကတော့ ဝမ်းနည်းမိပါသည်။

အတွေးလွန်လာသောကျွန်တော်သည် ရေ့ကလုပ်နေပုံကို မြင်ရ၍ ရပ်လိုက်မိသည်။

ရေ့မှာက သံဆူးကြိုးကာထားသော ဂရင်း (ဝါ) မြက်ခင်းလေးတစ်ခုအနီးမှာက ဂျာကင်နှင့် ဘောင်းဘီဟိုဒင်းညှပ် ငနဲလေး သုံးကောင်၊ ဆွယ်တာဝတ်ပြီး ဘောင်းဘီကျပ်နှင့်ပင် ငနဲမလေးကလည်း သုံးကောင်။ အသက်အရွယ်တွေက ဆယ့်သုံးနှစ် ဆယ့်လေး နှစ်ခန့်သာ ရှိကြဦးမည်။

ပိန်ပိန်သွယ်သွယ် ငနဲလေးတစ်ကောင်က သံဆူးကြိုးကိုကျော်ဝင်ပြီး မြက်ခင်းပေါ်တက်၍ ဓာတ်ပုံအရိုက်ခံသူပမာ ရှိုးပြနေ၏ . . .။

ကျွန်တော်နှင့်ပါလာသော ရဲအုပ်ကိုမျိုးလွင်က ဆိုသည်။

"ကြည့် . . . မီးလဲထိန်နေတယ် . . . ဆိုင်းဘုတ်လဲ မြင်သား . . . တမင်လုပ်နေတာ . . . ဆွဲလိုက်ရမလား မင်းကြီး . . . "

"ကောင်းကောင်းပြောကြည့်ပါကွယ် . . . မနာခံရင်တော့ ဆွဲ . . . "

ကိုမျိုးလွင်က သူတို့ထံထွက်သွားပြီး တားမြစ်၏။ ငနဲမလေးတစ်ကောင်က တောင်းပန်သည်။ ငနဲသားလေးက ထွက်တော့လာ ပြီး ကိုမျိုးလွင်ကို တစ်စုံတရာ ပြောနေသေးသည်။

ကိုမျိုးလွင် ပြန်လှည့်လာ၏။

"တော်တော်လူပါးဝတဲ့ ကောင်လေးပဲ မင်းကြီး . . . သူကပဲ ပြောတယ် . . . ဂေါက်ရိုက်ရင် မြက်ခင်းပေါ် သံစူးဖိနပ်နဲ့တောင် နင်းသေးတာတဲ့ . . . "

"ဒီဟာစားလေးတွေဟာ လူအမြင်ကတ်အောင်တော့ ပြောတတ်တယ် . . . လုပ်တတ်တယ် . . . သည်းခံပါကွယ် . . . "

ကျွန်တော်တို့ ဆက်ထွက်လာခဲ့ကြသည်။ ငနဲလေးနှင့် သူ့ဟာမလေးကိုတော့ ကောင်းကောင်းမှတ်မိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရေစက်မကုန်တော့ . . . ဒါလေးတွေနှင့်ပင် နောက်တစ်ညမှာ ဆုံဖြစ်အောင် ဆုံရသေးသည်။

သည်ညမှာတော့ ကျွန်တော်တို့က သူတို့ကို တိုင်းရင်းသားရိုးရာကပြပွဲအနီးတွင် သွားတွေ့ခြင်း ဖြစ်၏။

အလွန်ရှုမငြီးသော ရခိုင်ဆီမီးခွက်အက ပြနေသည်။

မနေ့ညက ဆံရှည်ကိုယ်တော်လေးက ဦးဆောင်အော်သည်။

"ဝင်ပါတော့ဗျို့ . . . "

သူ့အဖော်ယောကျာ်းလေးများက သံယောင်လိုက်ပေး၏။

ကျွန်တော် သူတို့ထံ ချဉ်းကပ်သွား၏။

"ဒီမှာဟေ့ သူငယ် . . . မကြည့်ချင် ထွက်သွားပါလား . . . ဘာလို့ နှောင့်ယှက်ရတာလဲ . . . "

ငနဲလေးက ထီမထင်ဟန်ဖြင့် ပြန်ပြော၏။

"ပွဲပဲဗျ . . . မကြိုက်ရင် မကြိုက်ဘူး အော်မှာပေါ့ . . . "

ကျွန်တော် ဒေါသ ထောင်းခနဲ ထွက်သွား၏။

"ဒါက အလေလိုက်ကြည့်ရတဲ့ပွဲ မဟုတ်ဘူးကွဲ့ . . . ယဉ်ကျေးမှုကပွဲ . . . ယဉ်ကျေးမှုဆိုတာက အမွေကွဲ့ . . . အမွေ . . . အင်းလေ . . . မင်းဂိုက်ကြည့်ရတာ ဒါလည်း နားလည်မှာ မဟုတ်ပါဘူး . . . မင်းမိဘအစား ငါ အသည်းနာလိုက်တာ . . . မင်းက ငါ့သားအရွယ်ဆိုတော့ . . . အင်း . . . ငါသာ မင်းအဖေဆိုရင် ဒီနေရာတွင် လဲသေရဲ့ကွာ . . . "

ငနဲလေးက ဘာမျှပြန်မဆိုနိုင်မီ သူ့ဟာမလေးက ဝင်၍ဟောက်သည်။

"ဖရက်ဒီ . . . ယူ ဘာလို့ လူကြီးကို ခံပြောရတာလဲ . . . ဒါ မင်းကြီး . . . ထားတို့မြို့က စက်ရှင်မင်းကြီး . . . ယူ အချုပ်ထဲ သွားချင်လို့လား . . . "

ငနဲလေးနှင့်အဖော်တွေ ကုပ်သွားပါ၏။ ကျွန်တော့်ရင်တွင်းမှာမူ . . .။

ကလေးမလေးက ကျွန်တော့်ဘက်သို့ ပြုံးပြုံးလေး လှည့်လိုက်၏။

"အန်ကယ့်ကို ထား တောင်းပန်ပါတယ် . . . ဖရက်ဒီဟာလေ သိပ်ဆိုးတာပဲ . . . ဒါပေမယ့် သူက ညွှဲသည်ပါ . . . ထား တောင်းပန်ပါတယ်နော် အန်ကယ် . . . "

"အေး . . . အေး . . . သြော် သြော် . . . အင်း . . . မင့်နာမည် ထား တဲ့လား . . . "

"ဟုတ်ကဲ့ . . . ထား ပါ . . . ထားက တောင်ကြီးကပါပဲ . . . အန်ကယ့်ကို ထားသိတယ် . . . ပြီးတော့လဲလေ . . . အန်ကယ့်ဝတ္ထုတွေ ထားဖတ်တယ် . . . ထားသိပ်ကြိုက်တာပါပဲ . . . "

တောင်ကြီးသူလေးမို့ အသားလေးက ဖြူဝင်းလှသည်။ မွေးညင်းလေးတွေကလဲ စိမ်းစိမ်းမြမြ။ ရှိမ်းရှမ်းလှလှ။

သြော် . . . ထားနှင့်စတွေ့ကြစဉ်က . . . သည်အရွယ်၊ သည်လိုပါ . . . ရှန်းသစ်စအရွယ် . . .။

သူကလေးကိုနှုတ်ဆက်ပြီး ကျွန်တော် ထွက်လာခဲ့၏ . . .။ အိမ်သို့လည်း စောစောပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မအိပ်နိုင်တော့သဖြင့် တယောလေးကို ထုတ်ယူမိသည်။

ကျွန်တော့်နှလုံးသားမှ ဂူပျက်ကြီးပါ။ ဂူပျက်ကြီးကို တူးဆွလိုက်လျှင် ခံစားမှုရှေးဟောင်းပစ္စည်းတွေ ထွက်လာတတ်သည်။

ထားကိုလွမ်း၍ စပ်ထားသောသီချင်းကို တိုးတိုးညည်းမိ၏။

“တပြည်သူ . . . မရွှေထား . . . ရယ် . . . ပဲ့ပြားရွှေကျူလေယူတိမ်း . . . ယိမ်းတယ်လို့ဖြင့် မဆိုလိုပါ . . . စိမ်းသူထား အတွက် အသည်းက မနာ . . . ။

ကိုယ့်မေတ္တာနှုန်းဆွယ်နှိုင်းရ . . . သဘောဝတံတိုင်း ရံဝိုင်းကျဉ်းစွ . . . ဝေငွေ့မြခေါင်း . . . ပုန်းအောင်းကျသက် . . . တစ်ကွက်လရောင်ပမာပါ . . . ကိုယ့်ရင်ထဲ ကိုယ်ပဲယုယ . . . ဖြစ်သမျှ ချစ်ရသူမှာ . . . အလင်းရောင်မချဲ့သာ . . . အလွမ်းမှောင် ရိပ်လွှာ . . . တပြည်သူထားရဲ့ . . . ရွှေဂူအလားကွဲ့ . . . နှလုံးသား ထာဝရ ညကမ္ဘာ . . . ”

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၃)

ဂူပျက်ကြီးကိုလှန်၍ ခံစားမှုရေးဟောင်းပစ္စည်း တူးဖော်ယူခြင်းမည်သည်မှာ တရားနှင့်ရှုပြန်တော့ ကြောက်မက်ဖွယ်သဓာ အမှားကြီးသာ ဖြစ်၏။

မြင့်မိုရ်တောင်ဦး မကကျူးလှသော ကျေးဇူးရှင် လယ်တီဆရာတော်ရဟန္တာမြတ်ကြီးသည် အနတ္တဒီပနီကျမ်းကြီး၌ မိုက်ချက်နာ လှသော သက္ကာယဒိဋ္ဌိ၏အပြစ်ကို ဤသို့ပြဆိုခဲ့၏။

"သက္ကာယဒိဋ္ဌိတရားကား မိုက်မဲချက် နက်နဲလှ၏ . . .။ သတ္တဝါတို့သည် နာခြင်း၊ အိုခြင်း၊ သေခြင်းဘေးကို အလွန်ကြောက် လန့်ကုန်ကြ၏။ ထိုသို့ ကြောက်လန့်ကြပါလျက် ငါသည် ရှေးရှေးဘဝတို့၌လည်း နာလှလေပြီ။ အိုလှလေပြီ။ သေခဲ့လှလေပြီဟု အတိတ်ဖြစ်သော နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို ပြန်၍ စွဲလမ်းသိမ်းပိုက်ကြကုန်၏။ အလွန်ကြောက်ရသော တရားကိုပင်လွှတ်၍ မပစ်နိုင်ကြ . . .။ သက္ကာယဒိဋ္ဌိသည် ဤမျှလောက် နက်နက်နဲနဲ မိုက်မဲ၏"

သည်လိုမိုက်မဲသော သက္ကာယဒိဋ္ဌိစွဲကြီး တန်းလန်းနှင့်မို့ တစ်ကျပ်ပဲတင်း ကျွန်တော်မောင်မြတ်ဆွေမှာ အတိတ်တွေကို လုံးလုံး ကြီး မေ့ဖျောက်စွမ်းငှာ မတတ်နိုင်သေးပါ။ ထို့ကြောင့်လည်း ကျွန်တော့်ဘဝမိုင်ငြမ်းပြုရုပ်ပုံရှင် ရှင်မဟာရဋ္ဌသာရ၏ ခြေရာကို မြူတစ် မှုန် ဆံတစ်မျှင်မှ မီအောင်မလိုက်နိုင်သေးပါ။

သို့ရာတွင် စာဖတ်သောကြောင့် အနတ္တအမှု၌ သုတမယဉာဏ်တော့ ရှိလာပါသည်။ သုတမယဉာဏ်ကြောင့် သတိလေးထိန်း တတ်လာတော့ ဘဝမှာ နေသာအောင် နေတတ်လာပါသည်။ တောင်ကြီးမြို့မှာက အသက်ရှည်သော သူတော်ကောင်းတို့ ပေါလှသည်။ သူတော်ကောင်းပေါတော့ မြတ်စွာဘုရားသခင် ချီးမွမ်းတော်မူသော ကလျာဏမိတ္တတွေနှင့် ဆုံဆည်းရသည်။ ကလျာဏမိတ္တတွေနှင့် ဆုံဆည်းရတော့ ဘာဝနာမယဉာဉ်နှင့် ပစ္စက္ခဉာဉ်ကို ရရာရကြောင်း အလုပ်ကလေးများ ကျွန်တော် စလုပ်တတ်လာပါ၏။

ဝိပဿနာအလုပ်ဟူသည် ဖြစ်သည်ကို ဖြစ်ဆဲ။ ပျက်သည်ကို ပျက်ဆဲ။ သတိထိန်း၍ ပစ္စုပ္ပန်ကို တည့်တည့်ရှုရခြင်း ဖြစ်ပါ သည်။

ဝိပဿနာအလုပ်အပြင် သူ့နည်းနှင့်သူ ပစ္စုပ္ပန်ကို တည့်တည့်ရှုရသော အခြားအလုပ်တစ်ခုကိုလည်း ကျွန်တော် လုပ်ပါသေး ၏ . . .။ ဒါကတော့ ဂေါက်ရိုက်ခြင်းပါ။

အလုပ်အားလပ်ချိန်များတွင် စာရေးသည်။ စာဖတ်သည်။ ညနေမှာ ဂေါက်ရိုက်သည်။ တယ်လီဖုန်းမြည်သံစံတတ်သော ညဥ့် ဆယ့်တစ်နာရီကျော်လျှင် လယ်တီဆရာတော်ဘုရားကြီး၏ ဂဏနာနည်းမှ စကာ အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ် သည်။

သည်လိုနှင့် လေးနှစ်ဆိုသောအချိန်သည် ကုန်လာခဲ့ရသည်။

ပြည်ထောင်စုပွဲတော်ကြီးတွင် ဆုံဆည်းခဲ့ရသော ထားဆိုသည့် ကောင်မလေးကိုတော့ တစ်မြို့တည်းနေ၍ မကြာခဏ တွေ့ရ သည်။ တွေ့ရသည်ဆိုခြင်းမှာလည်း ဖြတ်သွားဖြတ်လာပါ။ ကလေးမက အခွင့်ကြုံလာလျှင် နှုတ်ဆက်တတ်သော်လည်း ကျွန်တော်က ရှုမတင်းစေ မျက်နှာသေနှင့်သာ တုန့်ပြန်ရ၏။ ဘုရားစူး . . . ယုံပါ။ မိန်းမဆိုလျှင် ဘယ်လောက်သေးသည့် ဟာစားလေးဖြစ်ဖြစ် ကျွန်တော် ကြောက်ပါသည်။ ထားဆိုသည့် အမည်က ပါလာတော့ ဟံမာလေး . . . တစ်သက်မှာ တစ်ခါပဲ ထားပါတော့ . . .။ ထား ပါတော့ . . .။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမ၏ဖခင်မှာ မိုးကုတ်ဇာတိသား ကျောက်ကုန်သည်တစ်ဦးဖြစ်သည်။ ကျောက်ကုန်သည်ဆိုတော့ ယခုခေတ်အထိပင် ချမ်းသာတုန်း။ ဝေါက်လည်းရိုက်လေရာ သူကိုင်သော မဂ္ဂရီကာတုတ်မျိုးမှာ အဖိုးက ခြောက်ထောင်ကျော်တန်သဖြင့် တိုင်းမှူးကြီးပင် မကိုင်နိုင်။ ခပ်တည်တည် ရှေ့ကမင်းကြီးဘွဲ့ကြီးတွေ တပ်ခံထားရသော ကျွန်တော်တို့၊ ဦးလုဌေးတို့ကား သူများကိုင်ပြီးသည့် တုတ်ဟောင်း . . . လက်ဟောင်း အစစ်ကြီးတွေနှင့် . . .။ အဟမ်း . . .။

သည်ကလေးမ . . . အဲ . . . ထား အသေးစားလေး၏ ဆံရှည်ကိုယ်တော်ကလေးကိုလည်း မကြာခဏ တွေ့ရပါသည်။ တစ်နှစ်ထက်တစ်နှစ် သူ့အရပ်က ထွက်လာသည်မှအပ အခြား ဘာမျှမပြောင်း။ အထက်ပိုင်းက ရှည်ရှည် အောက်ပိုင်းက ကျပ်ကျပ်။ အင်း . . . အရှည်ကျပ်သည့် သတ္တဝါမျိုးလေး . . .။

သည်ကောင်လေးသည် သူနှင့် မျိုးတူရိုးတူ ကျက်သရေတူ ကောင်လေးတွေနှင့် ကျောင်းပိတ်ချိန်များတွင် တောင်ကြီးမြို့ဆီ ပေါ်ပေါ်လာတတ်သည်။

ကားကို တဝီဝီ အရမ်းမောင်းကြသည်။ တောင်ကြီးတောင်တန်းပေါ်က ဆင်တဲစခန်းလို နေရာမျိုး၊ မုန်တဝဂူလို နေရာမျိုး၊ ဟိုပုံးရေထွက်လို နေရာမျိုးတွေမှာ ဂစ်တာကြီးတကားကားနှင့် ယုတ်သမျှ ကျက်သရေတွေ အစွမ်းကုန် ထုတ်ပြတတ်ကြသည်။ ဒုက္ခ . . .။ ဘဝက ဘယ်ဝဋ်ကြွေးကြောင့် သည် ဒွန္ဒရာကြီးမှာ သူတို့နှင့်အတူ လူလာဖြစ်ရသည်မသိ။

ကျွန်တော့် . . . အဲ . . . ထားကောင်မလေးနှင့် သည်ငတိလေးတွေသည် အားကြီးတွဲ၏။ ကားပေါ်မှာလည်းတွဲ၏။ တောင်ခြေက မီးတားလမ်းတွေကြားမှာလည်း တွဲသည်။ ဂေါက်ကွင်းအလယ်တည့်တည့်က ထင်းရှူးပင်တွေအောက်မှာလည်း တွဲသည်။ တစ်ခါတရံတော့ သူတို့ဆီမကြည့်ရဲသောကြောင့် ဂေါက်ရိုက်သော ကျွန်တော်တို့လူကြီးတွေသည် မျက်လွှာချပြီး ကိုယ့်ဂေါက်သီးကိုသာ ကိုယ် . . . ပစ္စုပ္ပန်ရှု . . . တည့်တည့်ရှုကြရကုန်၏။

၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တစ်ညနေ၌ ဂေါက်ကွင်းလေ့ကျင့်မြေ၌ ကျွန်တော် အပျက်ပြင်နေသည်။

တောင်ကြီးမှာ အခြေစိုက်ပေမင့် ကျွန်တော်က ခရီးထွက်ရသည်။

ကျွန်တော်တို့ငယ်ငယ်က စက်ရှင်မင်းကြီးဆိုသည်မှာ ကြိုးစက် (ဝါ) စက်တိုင်ကိုပိုင်၍ ခေါ်သည်ထင်၏ . . .။ အမှန်မှာ အင်္ဂလိပ်လက်ထက်က အာဏာမြင့်သော တရားသူကြီး များများမရှိ။ စက်ရှင်တရားသူကြီးတွေသည် ရက်ချိန်းပေးပြီး နယ်လှည့်သည်။ အမှုတွေကို အောက်ရုံး တရားသူကြီးတွေက အသေးစိတ်စစ်ထားပြီး ဖြစ်နှင့်ရသည်။ စက်ရှင်မင်းကြီး ရောက်လာသောအခါ ဂျူရီအဖွဲ့နှင့်ရုံးထိုင်ပြီး အရေးကြီးရာကို ကြားနာသည်။ ပြီးတော့ စီရင်ချက် ချသွားသည်။ စက်ရှင်ဆိုသောစကားမှာ အချိန်ကာလ အပိုင်းအခြားဟု အဓိပ္ပါယ်ရသည်။

ယခုတော့ အမှုများသော . . . ဥပမာ သာယာဝတီလို၊ ပဲခူးလို ခရိုင်များတွင် တစ်ခရိုင်မှာ စက်ရှင်မင်းကြီးတစ်ဦး ပုံသေရုံးထိုင်သည်။ ဂျူရီစနစ်လည်း မသုံးတော့ပါ။ အမှုအသေးစိတ်ကို မင်းကြီးကိုယ်တိုင် စစ်သည်။

ရှမ်းပြည်မှာတော့ ကျွန်တော်သည် ၇ ခရိုင်ပင် ကိုင်ရသည်။ ထို့ကြောင့် ခရီးထွက်ရသေးသည်။ ခရီးထွက်လျှင် ဂေါက်ရိုက်လက်ပျက်သည်။ ထို့ကြောင့် ယနေ့ညနေ လာ၍ လက်ကျင့်ပြင်နေခြင်း ဖြစ်၏။

ကျွန်တော့်နည်းတူပင် အပျက်ပြင်နေသူ သုံးလေးဦးရှိနေသည်။

မောလာသောကြောင့် ကလပ်တွင်းပြန်ကာ လက်ဖက်ရည်ကြမ်းသောက်မည်ဟု ကျွန်တော် ကြံသည် . . .။ သည်စဉ်မှာ တွေ့လိုက်ရသည်။

ထားကောင်မလေးက ငွေဝက်သစ်ချပင်ပျို တစ်ပင်အောက်၌ ရပ်နေ၏။ သူ့အဖေနှင့် ဂေါက်ကွင်းလိုက်လာဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင်မလေး စီးပွားရေးတက္ကသိုလ်ရောက်သွားသည်ကိုတော့ ကျွန်တော် သိပြီးပြီ။ တက္ကသိုလ်ရောက်ပြီးမှ မချောလေးသည် အဝတ်အစား အနေအထိုင် ဣန္ဒြေရှိလာသည်ကို ကျွန်တော် ကောင်းကောင်းသတိပြုမိ၏။ စနစ်သစ်အရ ဒီဇင်ဘာတွင် ကျောင်းတွေပိတ်၍ ပြန်ရောက်လာဟန်တူသည်။

အင်္ကျီဝါဝါ၊ ထဘီဝါဝါလေးနှင့် အသားဝါချော ကလေးမသည် ကျက်သရေရှိလှသည်။ အင်း . . .

ဘောက်စ်ဝက်ဂွန် လိပ်ခုံးကားလေးတစ်စီး ဆိုက်လာ၏။ ကားပေါ်မှ ဆံရှည်ကိုယ်တော်လေး ဆင်းလာပြီး ကောင်မလေးထံ လျှောက်သွား၏။

ကျွန်တော်သည် ကလပ်ဆီပြန်ခဲ့၏။

ကျွန်တော်တို့ကလပ်က လက်ဖက်ခြောက်လှော် သုံးသောကြောင့် လက်ဖက်ရည်ကြမ်း အလွန်ကောင်းသည်။

လက်ဖက်ရည်ကြမ်း ပူပူတစ်ခွက် အကုန်လောက်တွင် အပြင်မှ အော်သံပြေးသံများကို ကြားရသောကြောင့် ကျွန်တော်လည်း ထွက်လိုက်၏။

ငွေဝက်သစ်ချပင်ပျိုအောက်မှာ . . .။

ဝေါက်တုတ်ကိုင်ထားသော လူလေးဦးက ကောင်ကလေးကိုဝိုင်းထား၏။

မြေပြင်မှာတော့ ဖယောင်းရွှေဝါရုပ်လေးလို ကောင်မလေးက လဲကျနေသည်။ ရွှေစကားဝါငုံဖူးသော ရင်မှာတော့ သွေးနီနီက လွှမ်းခဲ့ပြီ . . .။ မြေမှာလည်း သွေးတို့အိုင်နေပြီ။

ကောင်ကလေးက ကျွန်တော့်ကိုကြည့်သည် . . .။ ပြီးတော့ သူ့လက်တွင်းမှ သွေးစွန်းနေသော ဓားမြှောင်တစ်လက်ကို ကျွန်တော့်ထံ လှမ်းပေးလိုက်လေသတည်း . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၄)

ရင်နာလှ၏ . . .။

ဒါမျိုးတွေကို ရိုးနေပြီဖြစ်သော တရားသူကြီးတစ်ဦးဖြစ်လျက်နှင့် ကျွန်တော့်ရင် နာလှ၏။

အမှုက ရှင်းနေသည်။ မျက်မြင်သက်သေတွေကလည်း ရှိသည်။ ကောင်ကလေးကလည်း ဝန်ခံသည်။

"ကျွန်တော်တို့ ချစ်သူတွေပါ . . . ကျွန်တော်က စာမေးပွဲကျပြီး သူက အောင်သွားတယ် . . . တက္ကသိုလ်ရောက်မှ သူစိတ်ပြောင်းပြီး ကျွန်တော့်ကို စိမ်းပါတယ် . . . ဟိုနေ့က ခေါ်ရာမလိုက်လို့ စိတ်နာနာနဲ့ သတ်လိုက်မိတယ် . . . ဒါပါပဲ . . . "

ဝန်ခံချက်ပေးစဉ်ကတော့ ငတိလေးသည် မျက်ရည်ပေါက်ပေါက်နှင့် . . .။

လူသတ်မှုကျူးလွန်သူတစ်ဦး ရင်ဆိုင်ရမည့် အဓိကပုဒ်မကတော့ သုံးခုတည်းသာ ရှိသည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)၊ ကြိုတင်ကြံစည်ပြီး သတ်မှုအတွက်။ ပုဒ်မ ၃၂၀(၁)(ဂ)၊ လုယက်ရင်း လူသတ်မှုအတွက်။ သည်ပုဒ်မတွေအရ အပြစ်ရှိကြောင်း ထင်ရှားလျှင် သေဒဏ်ကလွဲ၍ အခြားမရှိပြီ။ ပုဒ်မ ၃၀၂(၂) ကတော့ ရိုးရိုးလူသတ်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်းမရှိကြောင်း ထင်ရှားပါမှ အပြစ်ဒဏ်ကတော့ ထောင် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ။

၃၀၂(၁)(ခ) နှင့် ၃၀၂(၂) ကြားတွင် ခြားနားမှုက အလွန်သိမ်မွေ့သည်။ ကြိုတင်ပြင်ဆင်မှုဆိုသည်မှာ ဘာနည်း။ မရှိ . . . အရှိအတွက် သက်သေခံအချက်အလက်တွေက ဘာတွေနည်း။ ဒါကတော့ ပြည်သူ့ရှေ့နေတို့၏ အလုပ်။ ကျွန်တော့်အလုပ်ကတော့ အချက်အလက်တွေကို ဆင်ခြင်သုံးသပ်ပြီး စီရင်ဆုံးဖြတ်ရမည်။ စီရင်ဆုံးဖြတ်ရာမှာ ကျွန်တော့် ပုဂ္ဂလိကခံစားချက်တွေ၊ ဒဿနိကအမြင်တွေ၊ အဘိဓမ္မာတွေကို ကျွန်တော်က ဘေးဖယ်ထားရမည်။

သည်ကြားထဲက ရင်ကနာသည်။ မနာစဖူးနာသည်။

တရားခံက ဘယ်သူနည်း။ ဖရက်ဒီတင်လေးခေါ် တင်မောင်မျိုး။ အသက် ၁၈ နှစ်။ အဖ ဦးတင်လေး။ အမိ ဒေါ်ခင်လေး။ မန္တလေးမြို့။ သည်တရားခံကို ကျွန်တော်ပြောနေသည် မဟုတ် . . .။

သည်ကလေးတွေ သည်လိုဖြစ်လာရသည်မှာ ဘယ်သူ့အပြစ်နည်း . . .။ တင်မောင်မျိုးအတွက်တွင် မဟုတ်ပါ . . .။ စကားဝါပန်းလေးလို ကြွေသွားရရှာပြီဖြစ်သည့် ထားဆိုသည့် ကောင်မလေးအတွက်ပါ . . .။ ဘယ်သူ့အပြစ်နည်း . . . မိမိတို့အပြစ်ကိုကော . . . မိမိတို့ ရှာကြပါ၏လော . . .။

တရားသူကြီးကိုတော့ နည်းမျိုးစုံချည်းကပ်ကြသည်။ စည်းစိမ်ပြုတ်စေ . . . ဟူသော စကားကို သည်နေရာမျိုးမှာ သုံးကြသည်။ ချစ်သည်ကိုး . . . ချစ်လိုက်ကြသည်ကိုး . . .။ အံမယ်မင်း . . .။

ကျွန်တော့်အတွက် ခက်လှသည်။

နဂိုကတည်းက အမှုသည်ကို ကျွန်တော်က အိမ်အလာမခံ။ အမှုသည်နှင့် စကားမပြော။ ပြောချင်လျှင် ရုံးမှာပြော၊ ရှေ့နေမှ

www.burmeseclassic.com

www.burmeseclassic.com



စက်ရှင်မင်းကြီးဟူသည့်အဆင့်ကို အကြောင်းမဲ့ အကျင့်မဲ့ ရောက်လာနိုင်သည်မဟုတ်။

ဦးတင်လေးတို့ မခင်လေးတို့ကို ငြင်းပယ်ရသည်မှာ ပြောတော့လွယ်သည်။ အလုပ်ရက ခက်သည်။ ဘယာကတိကို ကျွန်တော် ကြံ့ကြံ့ခံနိုင်ခဲ့ပြီးပြီ။ ယခုတော့ ဆန္ဒကတိ။

မတတ်နိုင်ပါ၊ ရက်စက်သည်ဟု ပြောပါ၊ ကျေးဇူးမေ့သည် ပြောပါ၊ ပြောချင်သည် ပြောပါ။

ကျွန်တော်က ဆက်ဆံရေးတံခါးကို စေ့စွာ ပိတ်ထားလိုက်သည် . . .။

ကျွန်တော့်အိမ်ဝင်း ခြံဝင်းတံခါးကို လာဖွင့်ရန်မှာလည်း မလွယ်ပါ။

ကျွန်တော့်ဒရဝမ်၏အမည်က ဆွပ်ဗဟာဒူး၊ လူမျိုးက ဂေါ်ရခါး . . .။

* * *

ရာဇဝတ်ဘေးဟူသည် ပြေး၍မလွတ်ပါ . . .။ အမှုဟူသည်ကိုလည်း အကန့်အသတ်မရှိ ဆွဲထား၍မရပါ။

တရားခံ၏ရှေ့နေကြီးများက အမှုကို တတ်နိုင်သမျှဆွဲသည်။ အင်း . . . သူတို့လည်း သည်ဟာပဲ တတ်နိုင်ကြသည်ကိုး . . .။

ပရိသတ် စိတ်ဝင်စားမှုလည်း ပြယ်စေ၊ သွေးအေးလာတော့ လူသား၏ ဂရုဏာစေတသိတ်လည်း ပေါ်လာစေ။

သို့ရာတွင် စီရင်ချက်ချမည့်နေ့ကတော့ နောက်ဆုံးမှာ ဆိုက်ရောက်လာသည်။

ကျွန်တော် သုံးညခန့် အိပ်မပျော်။

အခိက ဆုံးဖြတ်လေရမှာက ကြိုတင်ပြင်ဆင်မှု မည်မျှပါသနည်း . . .။

တရားခံ၏ ပညာရှိရှေ့နေကြီးများကတော့ လူငယ်သဘာဝ ရုတ်တရက်ပေါက်ကွဲရသော ခံစားမှုကို ဖိကိုင် လျှောက်လဲကြသည်။

ပေါက်ကွဲမှု၊ ဟုတ်ပါသည် . . .။ သို့ရာတွင် ဓားယူလာခဲ့သည်။ ဒါမရ ဒါလုပ်မည်ဟု ကြံစည်လာသလော၊ ရှေ့နေကြီးများ၏ သွန်သင်ချက်ကြောင့်ထင်သည်။ သည်ကိစ္စမှာတော့ သူငယ်က ဘူးခံသည်။ သို့သော် . . . ဓားယူလာသည်။ သို့သော် . . . ဓားယူလာခြင်းသည် သတ်ရန် ကြံစည်ခြင်းကို သက်သေထူပါသလော။ သို့သော် . . . သတ်ရန် မကြံစည်ပဲနှင့် ဘာကြောင့် သေစေနိုင်သောလက်နက်ကို ယူလာပါသနည်း။ သို့သော် . . . သို့သော် . . . သို့သော်။

စီရင်ချက်ချရမည့်နေ့က ကျွန်တော် အစောကြီးနိုးသည်။ ဘုရားရှိခိုး မေတ္တာပို့၊ အမျှဝေပြီး အပြင်လောကကို ငေးကြည့်နေမိသည်။

ရှားရှားပါးပါး တစ်ပင်စ၊ နှစပင်စ ရွက်ဝါကြွေနေလေပြီ။ နွေ . . . သြော် . . . နွေဦးရယ်ပါ။

နှင်းတွေတော့ ရှိနေသည်။ ငုစပ်တွေကလည်း ချယ်ရီနှင့် ထင်ယိုးမှားဖွယ် ထိန်အောင်ပွင့်နေသည်။ မသိသူအတွက်တော့ ချယ်ရီပင် . . .။

သည်လိုနေ့မျိုးမှာ အနှောင့်အယှက်ရှိတတ်သည်။ ထို့ကြောင့် ကျွန်တော်က ရဲအုပ် ကိုမျိုးလွင်နှင့် ရဲသားနှစ်ဦးကို ခေါ်ယူထား၏ . . .။

ကျွန်တော် ရုံးသို့ မထွက်မီကလေးမှာပင် ခြံရှေ့၌ ကားတစ်စီးဆိုက်သံ ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အပေါ်ထပ်သို့ ကိုမျိုးလွင် တက်လာသည်။

"မင်းကြီး . . . ဟိုအမှုအတွက်ပဲ . . . ဧည့်သည် . . . "

"ဘယ်သူ့ကိုမှ တွေ့ခွင့်မပြုနိုင်ဘူးလို့ ပြောထားတယ်မဟုတ်လား ကိုမျိုးလွင် . . . "

"ဟုတ်ပါတယ် မင်းကြီး . . . ဒါပေမယ့် ဧည့်သည်က ဇွတ်ပဲ . . . ပြောသေးတယ် . . . တခြား ဘယ်သူ့ကိုမှ တွေ့ခွင့်မပြုပေမယ့် သူ့ကိုတော့ ပြုမှာပါတဲ့ . . . သူ့နာမည်လေးသာ ပြောပေးပါတဲ့ . . . "

"ဘယ်သူတဲ့လဲ . . . "

"ထားတဲ့ မင်းကြီး . . . ထားတဲ့ . . . "

"ထား . . . "

ထား . . .။

ကျွန်တော် သိမ့်သိမ့်ခါအောင် တုန်လှုပ်သွားသည်။

ထားတောင် လိုက်လာရသည်။ သြော် . . . မောင်ဝမ်းကွဲအတွက်။ ဦးတင်လေးတို့ကလည်း နိုင်မည်ထင်သည့်ချက်ကိုမှ ကိုင်ပလေ . . .။

မြတ်ဆွေ . . .။ မောင်မြတ်ဆွေ . . .။ ထား လိုက်လာပြီ။ ထား လိုက်လာပါပကော . . .။

ကျွန်တော်သည် ရှိသမျှအားတွေကို တင်းလိုက်ရသည်။

အကောင်းဆုံးထင်သည့် နှင်နည်းကို စဉ်းစားရသည်။

"ကိုမျိုးလွင် . . . "

"ခင်ဗျာ . . . မင်းကြီး . . . "

"အဲဒီ ထား ဆိုတာကို ပြောလိုက်စမ်းပါ . . . မင်းကြီး ဦးမြတ်ဆွေသိတဲ့ ထား ဆိုတဲ့ မိန်းမသားဟာ ဒီလောကမှာ မရှိတော့ဘူးလို့ . . . "

"ဟုတ်ကဲ့ . . . "

"ပြန်ဆိုစမ်းပါ . . . "

"မင်းကြီး ဦးမြတ်ဆွေသိတဲ့ . . . ထားဆိုတဲ့ မိန်းမသားဟာ . . . ဒီလောကမှာ မရှိတော့ဘူးလို့ . . . "

"ကောင်းပြီ . . . ပြောမရရင် ထုံးစံအတိုင်းလုပ် . . . "

"စိတ်ချပါ မင်းကြီး . . . "

ကိုမျိုးလွင် ထွက်သွားသောအခါ ကျွန်တော်သည် ရပ်နေရာမှ နံရံကို လက်ထောက် အားပြုလိုက်ရသည်။

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၅)

တရားခွင်ဆီမထွက်မီ ကျွန်တော့်စဉ်းစားခန်းထဲ၌ ကျွန်တော် အဝတ်လဲနေသည်။

ရုံးပေါ်မှလည်းကောင်း၊ ရုံးအောက်ထပ်မှလည်းကောင်း၊ လူသံတွေလာနေသည်။ လူစည်နေသည်။

လူစည်နေမည်။ မြို့က စိတ်ဝင်စားသော အမှုကိုး။

မှန်ရှေ့တွင်ရပ်ပြီး ဦးခေါင်းထက် ခေါင်းပေါင်းကို တင်မိစဉ် နားမှာ ကြားယောင်လာ၏။

"ယူ့နဖူးက ကျယ်တယ် . . . မျက်ခုံးက နက်ပြီး ထူတယ် . . . နားရွက်ကားတယ် . . . မေးရိုးက ခိုင်တယ် . . . ခေါင်းပေါင်းပေါင်းလိုက် . . . ကော်လံဖြူလေးနစ်ခု ရှေ့ချလိုက် . . . ပြီးတော့ အယ်လ်ပတ်ကားအနက် ဝတ်လိုက် . . . ရိုက်တ် . . . ဟာ . . . ဟ . . . ဟန်နီ . . . ယူ သိပ်ကြည့်ကောင်းမှာပဲ . . . "

ဂူပျက်အတွင်းမှ ပဲ့တင်သံများပါ။

"တရားခွင်ပေါ်မှာ ယူ ခန့်ခန့်ကြီးထိုင်နေတာ ထား ကြည့်ချင်လိုက်တာ . . . အဲဒီလိုဆိုရင် ထား သိပ်ပျော်မှာပဲ . . . "

ကျွန်တော်က အံကြိတ်ရွတ်မိ၏။

"ဟင် . . . သက္ကာယဒိဋ္ဌိ . . . "

တရားခွင်ပေါ် ကျွန်တော် တက်ခဲ့သည်။

ထုံးတမ်းစဉ်လာ လုပ်စရာလေးတွေက ရှိသေးသည်။ ဒါတွေပြီးမှ စီရင်ချက် စာရွက်ကို ကိုင်သည်။

အပေါ်ထပ်ရော အောက်ထပ်ရော တိတ်သွားသည်။ လူပြည့်နေသော ရုံးခန်းမှာ အပ်ကျသံကို ကြားနိုင်မည်။

ရှေးဦးစွာ ကျွန်တော်က တရားခံကို ကြည့်သည်။

ထူးထူးဆန်းဆန်း သူက သည်နေ့ ဆံပင်ညှပ်လာခဲ့သည်။

ခေါင်းပေါ်က ဘုတ်သိုက်ကြီးမရှိတော့ သူ့မျက်နှာလေးက ပေါ်လွင်လာ၏။

နုနယ်သေးသည်၊ ချောမောသည်၊ ပြီးတော့ . . .

ကျွန်တော့်ရင်တွင်း၌ တစ်စုံတစ်ရာ လှုပ်ရှားသွားသည်။

ကျွန်တော် မည်သူ့ကိုမျှ ဆက်မကြည့်တော့ပါ၊ ဆက်ကြည့်လျှင် မည်သူတွေကို မြင်ရမည်ကို ကျွန်တော် သိပါ၏၊ မမြင်ချင်သေးပါ။

ကျွန်တော်က စီရင်ချက်ကို စဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုအမှုမှာ သာမန်လူသတ်မှုမဟုတ်ပဲ လူငယ်တို့၏ရေးရာနှင့် ပတ်သတ်နေသည်။

ယနေ့ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင် လူငယ်အချို့၏ ပြဿနာများရှိနေ၏။ လူငယ်ပြဿနာဆို၍ လူကြီးများသည် ခေါင်းရှောင်၍မရပါ။ ကလေးနှင့် လူငယ် စိတ်ပညာရှင်တို့၏ အဆိုအမိန့်ကား . . . ပြဿနာရှိသော ကလေးဟုမရှိ။ ပြဿနာရှိသော မိဘတွေသာလျှင်ရှိ၏။ ယင်းအဆိုအမိန့်ကို . . . လက်ဦးဆရာ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိနှင့်ဖ . . . ဟူသော ရှိးရာပညာရှိစကားနှင့် ယှဉ်တွဲသုံးသပ်ရာသည်။

ခန္ဓာကိစ္စ ရောဂါမှန်သမျှသည် အခြေခံအစပျိုးမှု ရှိသကဲ့သို့ လူမှုရောဂါဆိုးတို့၌လည်း အခြေခံ အစပျိုးမှု ရှိသည်။ လူငယ်ပြဿနာ၏ အခြေခံ အစပျိုးမှုရှာလျှင် မိဘတို့ စီမံဖန်တီးပေးထားသော ပတ်ဝန်းကျင်ကို လက်ညှိုးတည့်တည့် ထိုးရပေမည်။ မလိုလားအပ်သော ယင်းပတ်ဝန်းကျင်မျိုးကို အကယ်၍ ဖန်တီးပေးမိပါက ယခုအမှုကဲ့သို့ ရင်ကွဲဖွယ်ရာ အဘက်ဘက်မှ ကိုယ်ကျိုးနည်းမှုတို့သည် မလွဲမရှောင်သာ ဖြစ်ပေါ်လေမည်"

တိတ်ဆိတ်သော ရုံးခန်းတွင်း၌ ရှိုက်သံတစ်ရပ် ပေါ်ထွက်လာသည် . . .။

တတ်နိုင်သမျှ ပုဂ္ဂလိကမကျအောင် ပြုရသော် တရားသူကြီး၏ ဝေဖန်ချက်ကို ကျွန်တော် ဤမျှနှင့်သာ ရပ်လိုက်သည်။ လိုရင်းကိုတော့ ပြောပြီးပြီ။

"မည်သို့ဖြစ်စေ . . . ရာဇဝတ်မှုတစ်ခုအထိဖြစ်လာလျှင် တည်ဆဲရှိဆဲ ရာဇသတ်ဥပဒေပုဒ်မကြီးများအရသာ ကြည့်ရမည် ဖြစ်လေရကား . . . "

ကျွန်တော်သည် စီရင်ချက်ကို ဆက်ဖတ်သည်။ အမှုသွား အမှုလာ သက်သေအထောက်အထား ဥပဒေရှုထောင့်မှ သုံးသပ်ချက်များပါသောကြောင့် အတန်ရှည်သည်။

နောက်ဆုံးမှာတော့ စီရင်ချက် . . .။

"ယင်းသို့ အပြစ်ရှိကြောင်း ထင်ရှားသဖြင့် မန္တလေးမြို့နေ ဦးတင်လေး၏သား ဖရက်ဒီတင်လေး ခေါ် မောင်တင်မောင်မျိုး နာခံရမည်မှာ သင့်အား ကျွန်ုပ်သည် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည် . . . "

"လဲကျသွားပြီ . . . လဲကျသွားပြီ . . . သူ့အမေ . . . သူ့အမေလား . . . "

*********

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၆)

ဆောင်းဆိုပါစို့ . . .။ ကောင်းကင်ကြီးကလည်း ကြည်လင်ပြာလွင်နေသည် ဆိုပါစို့ . . .။ အဲသည် ကောင်းကင်က မိုးကြိုး ပစ်ချလာသည်ကို ကြုံဖူးကြပါသလား။

ကျွန်တော်ကတော့ ကြုံဖူးရပါသည်။

နားစွင့်နေတုန်း တယ်လီဖုန်းက မြည်လာသည်။

"ဟဲလို . . . မြတ်ဆွေပါ . . . "

"သြော် . . . မင်းကြီး . . . ကျွန်တော်ပါ . . . ဘဖေသော် . . . စဝ်စံထွန်းက . . . "

"သြော် . . . ဟုတ်ကဲ့ ဆရာ . . . လူနာအခြေအနေ ဘယ့်နှယ့် . . . "

"အဲဒါပြောမလို့ . . . ဒါမျိုးက ကျွန်တော်တို့လဲ အတပ်မပြောနိုင်ဘူး . . . ကောင်းချင်လဲ ကောင်းသွားမှာပဲ . . . ဟိုဒင်း . . . အစိုးမရဘူးပေါ့ . . . "

"ဟုတ်ကဲ့ . . . "

"အခု စကားပြောနိုင်လာပါပြီ . . . မင်းကြီးနဲ့ တွေ့ပါရစေ ပြောနေတယ် . . . ဆန္ဒက သိပ်ပြင်းနေတော့ . . . "

"ဟုတ်ကဲ့ . . . ကျွန်တော် အခု လာပါပြီ . . . "

နေဝင်ရိုးရီ . . . နှင်းတွေက ဆိုင်းနေ၏။ စိန်ပန်းပြာရွက်တွေက ကြွေနေကြ၏။ နီလာပွင့်ဦးတို့ကလည်း တစ်လွှာစ နှစ်လွှာစ လိုက်ကြွေနေကြသည်။ ကြွေပုံမစောပါနှင့် နွေပန်းအလှရယ်။ မယ်ဒီကယ်ဝါဒ်ခေါ် အပေါ်ထပ်အခန်းတစ်ခု၏ရှေ့မှ ဒေါက်တာ ဘဖေသော်က ကျွန်တော့်ကို ဆီးကြိုသည်။

"ဆရာလည်း ကိုယ်တိုင်လာကြည့်တာကိုး . . . နော် . . . "

"သူက ဧည့်သည်လေ . . . ပြီးတော့ ကျွန်တော်တို့နဲ့က သူငယ်ချင်း . . . ကိုဖေလှမြင့်လဲ ဟိုရုံးခန်းထဲမှာ ရှိတယ် . . . "

မေ့ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီး ဦးဘဖေသော်က သည်မျှသာပြောပြီး တံခါးဆီ လက်ညွှန်ပြ၏။

"ဂွဒ်လတ်ခ် . . . "

အခန်းတွင်းဆီ ကျွန်တော်ရောက်ခဲ့သည်။

ကုတင်ပေါ်မှ စီးမိုးကြည့်ပြီး သူ့လက်ကလေးကို ကိုင်ကာ တိုးတိုးခေါ်ရသည်။

"ထား . . . "

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့များက ပွင့်ပုံလာသည်။

ဩော် . . . တည်မြဲသောအလုရှင်ရယ် . . . ဘာတွေပြောင်းလို့လဲ . . . ဘာတွေ ပြောင်းပါသေးလို့လဲ . . .

အသားလေးတွေက ဖြူလျော်တော့ နှုတ်ခမ်းနီလေးတွေကလည်း ဖျော့တော့နေသည်သာ ရှိသည်။

"ဟန်နီ . . . ယူ လာသေးတယ် . . . နော် . . . "

"လာပါတယ် ထားရယ် . . . ညကလဲ ထားအနားမှာ ကိုယ် တစ်ညလုံး ရှိနေပါတယ် . . . "

"ထားကို ယူ တကယ်မမုန်းဘူးပေါ့ . . . နော် . . . "

"ဟိုတစ်နေ့ နံနက်က တမင်ပြောရတဲ့စကားကို မေ့ပစ်လိုက်ပါ ထားရယ် . . . ကိုယ့်အချစ်ကို ကိုယ် ဘယ်အထိ ယူသွားမယ် ဆိုတာ ထားကို ကိုယ် မပြောခဲ့ဖူးဘူးလား . . . "

"ပြောခဲ့ပါတယ်လေ . . . မယုံတာက ထား . . . အခုမှ နောင်တတွေနဲ့ . . . ထား သေရတော့မယ် . . . "

"ထားကလဲ . . . မဦးမချွတ် . . . "

"ထားကိုယ်ထား သိပါတယ် . . . ယူ မသိသေးတာတွေကိုသာ ထား ပြောချင်လွန်းလို့ . . . "

"ပြောပါ ထားရယ် . . . ဒါပေမယ့် ထား မောနေဦးမယ် . . . "

"အဝေးကြီးကလာရတာမို့ မောလဲ မထူးတော့ပါဘူး . . . ယူရေ . . . ထား မှားခဲ့တယ် . . . သိပ်မှားခဲ့တယ် . . . ဟောဒီမြေက ထွက်သွားမိခဲ့တာကတော့ . . . အမှားဆုံးပဲ . . . ထားသာ . . . ဒီမှာရှိရင် . . . "

ထား၏အသံသည် အနည်းငယ် တိမ်ဝင်သွားသည်။ ပြီးတော့မှ အားယူပြောသည်။

"ဖရက်ဒီ . . . ဒီလို . . . ဖြစ် . . . ဖြစ်ချင်မှ . . . ဖြစ်မှာ . . . "

"ဒီသူငယ်အတွက် . . . ဘာလို့ ဒီလောက်တောင် စိတ်အထိခိုက်ခံရတာလဲဟင် . . . ထား . . . "

"မေးပြီ . . . ယူ မေးပြီ . . . ဟိုနေ့က တရားခွင်မှာ ဖြစ်နေရတာကို မြင်ရတော့ . . . အထူးသဖြင့် ယူ့စီရင်ချက် ကြားရတော့ . . . ထား ရင်မှမကွဲရင် ဘယ်သူ့ရင် ကွဲရမလဲ . . . ထား မပြောချင်ပါဘူး . . . ဒါပေမယ့် ထား ပြောရတော့မယ် . . . "

ထား၏မျက်နှာလေး၌ အလွန်နာကျည်းလှသော ခံစားမှု ပေါ်လာ၏။

"ထား . . . ထား ဘာပြောမလို့တုန်း . . . အို . . . ထား . . . ထား . . . ဘာဖြစ်သလဲ . . . "

"ယူ . . . နား . . . ထောင် . . . ဖရက်ဒီဟာ . . . ထား . . . ရဲ့ . . . သား . . . သူ့ . . . အ . . . ဖေ . . . က . . . တော့ . . . "

တစ်ကမ္ဘာလုံး ချာချာလည်သွားသည်။ အို . . . တစ်ကမ္ဘာလုံးမဟုတ် . . . ။ တစ်လောကလုံး . . .။ တစ်လောကလုံး . . .။

သတိပြန်ဝင်ဝင်လာချင်း မျက်ရည်ဝဲလျက် ထား၏မျက်နှာလေးကို ကျွန်တော် ငုံ့ကြည့်မိသည်။

"အို . . . "

www.burmeseclassic.com

www.burmeseclassic.com



အို . . . မြန်လှချည်လား။ အို . . . လောကရယ် . . . ရက်စက်လှချည်လား . . .။ အို . . . ကံကြမ္မာရယ် . . .။

*********

www.burmeseclassic.com

www.burmeseclassic.com

"သည်ဘဝတွင်
ကိုယ်ပင်လက်လျှော့
နေရစ်ပေါ့ဟု
ပတ်ကျော့ခိုင်တုံး
အချစ်ထုံးလျှင်
လုံးလုံးမပြေ
ရှိပါစေလည်း
ဖြေရဖျောက်ရ
လွမ်းနောင်တနှင့်
ဘဝခြားသူ
တပြည်သူကို
မြွက်ကြူမြခွန်း
နှောင်းချစ်ပန်းနှင့်
ပျံ့မွှန်းဆိုလျက်
ကိုယ်နှုတ်ဆက်မည်
မှားချက်သည်တွင်ဆုံးပါတော့ . . . "

ဩော် . . . ထားရယ် . . .။ သည်တွင် ဆုံးပါစေတော့။ ဆုံးပါစေတော့ . . .။

ပြီးပါပြီ။
တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com